www.burmeseclassic.com



BURMESE CLASSIC .com

ဗျာနှယ်ကျော်
ဦးချစ်မောင်



ဗျာနှယ်ကျော် ဦးချစ်မောင် နှစ် (၁၀၀)ပြည့် အထိမ်းအမှတ် အထူးထုတ်

[၁.၁.၁၉၁၂ - ၁.၁.၂၀၁၂]

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ၄၀၁၅၇၁၁၁၁၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ၄၀၁၃၉၆၁၁၁၁

■

ပုံနှိပ်ခြင်း
ပထမအကြိမ်၊ [၂၀၁၂၊ ဇန်နဝါရီလ]၊
အုပ်ရေ (၁၀၀၀)

■

ထုတ်ဝေသူ
ဦးသိမ်းစိုး (သီဟရတနာစာပေ)
မြို့ - ၀၃၉၈၂

■

ပုံနှိပ်သူ
ဒေါ်ကြည်ပြာသွယ်၊ ဝင်းတိုးအောင်အော့ဖ်ဆက် [၀၉၁၇၂]
၁၈၁၊ လမ်း ၅၀၊ ၁၀ ရပ်ကွက်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

■

ကွန်ပျူတာစာစီ
Dream City, 09 73052433

■

ပန်းချီ၊ ဒီဇိုင်း
လင်းဝဏ္ဏ၊ ဝဏ္ဏကိုလေး

■


တန်ဖိုး
၃၀၀၀ ကျပ်

၈၀၈.၈၄

ကလောင်စုံ
ဂျာနယ်ကျော် ဦးချစ်မောင်/ ကလောင်စုံ။ - ရန်ကုန်။
သီဟရတနာစာပေ၊ ၂၀၁၂။
၃၆၀ - စာ၊ ၁၃.၅ x ၂၁ စင်တီ။
(၁) ဂျာနယ်ကျော်ဦးချစ်မောင်

www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်ကော်ဦးချစ်မောင်

www.burmeseclassic.com

www.burmeseclassic.com



"ပြည့်အကျိုးကို ကျွန်အမျိုးသည်
သယ်ပိုးစာဖြင့် လက်ကမ်းဆင့်၍
တင့်စေ မြင့်စေ ဝင့်စေ သောဝ်"

(သီဟရတနာစာပေ)

www.burmeseclassic.com

www.burmeseclassic.com

မာတိကာ

၁။ ဂျာနယ်ကျော်ဦးချစ်မောင်၏ ဘဝဖြစ်စဉ်နေ့စွဲများ ၉

၂။ ဗိုလ်ချုပ်အောင်ဆန်း၏ BURMA'S CHALLENGE မှ
ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ပတ်သက်၍
ကောက်နုတ်ချက် ၁၃

၃။ သူကား သူရေးခဲ့သော သူထဲက သူမှ တကယ်သူ –
စောဦး ၁၅

၄။ လက်ဖက်ရည်ဆယ်ခွက် စိတ်ပုတီးဆရာ – **သခင်ဝ** ၂၇

၅။ ဂျာနယ်ကျော် ဦးချစ်မောင် – **ဒဂုန်ရွှေမျှား** ၄၁

၆။ ပြည်သူ့အာဏာ အယ်ဒီတာ – **သခင်သန်းမြိုင်** ၅၂

၇။ ဂျာနယ်ကျော် ဦးချစ်မောင်မသေ – **သုခ** ၅၉

၈။ ကျွန်ုပ်တို့၏ တင်းမာသော အဓိဋ္ဌာန် – **ရွှေပေါင်ထွန်း** ၆၂

၉။ သမိုင်းဝင်သူရိယ မြန်မာ့အလင်းနှင့် မြန်မာ့နိုင်ငံရေး –
ချစ်ကြည်ရေး ကြည်ညွှန့် ၆၅

၁၀။ သာသနာရေးနှင့် ဦးချစ်မောင် – **အညတရော–တိကွူ** ၈၃

၁၁။ ကျွန်တော်ချစ်သော မောင်များ – **ရန်အောင်** ၈၆

၁၂။ ဂျာနယ်ကျော် ဦးချစ်မောင် – **စံပြတင်ဦး** ၉၅

၁၃။ ဂျာနယ်ကျော်မိသားစု – **ပါရဂူ** ၉၈

၁၄။ ဆရာ ဂျာနယ်ကျော် ဦးချစ်မောင်သို့ –
ဗိုလ်ကလေးတင့်အောင် ၁၁၁

၁၅။ ကလောင်စစ်သားကြီး ဂျာနယ်ကျော် ဦးချစ်မောင် –
လူထုစိန်ဝင်း ၁၁၃

www.burmeseclassic.com

www.burmeseclassic.com

၁၆။ ကျွန်တော့်ရဲ့ စံနမူနာပုဂ္ဂိုလ် – **မောင်ဝံသ** ၁၁၇
၁၇။ သူ့ဝတ္ထုနှင့် သူ့ကျေးဇူး – **လယ်တွင်းသားစောချစ်** ၁၃၃
၁၈။ ဂျာနယ်ကျော်မမလေး၏ သူလိုလူ – **မောင်ခေတ်ထွန်း** ၁၃၈
၁၉။ ဂျာနယ်ကျော် ဦးချစ်မောင်၏ ကလောင်စွမ်း –
မြန်မာ့အလင်း ဦးသန်းညွှန့် ၁၆၁
၂၀။ ဂျာနယ်ကျော် – **ဦးခင်မောင်ထွန်း** ၁၇၁
၂၁။ တစ်နိုင်ငံလုံးချစ်တဲ့ ဦးချစ်မောင် – **သိန်းအေး** ၁၈၀
၂၂။ နှစ် (၁၀၀) ပြည့် ဂျာနယ်ကျော် ဦးချစ်မောင်၏
သမိုင်းစာမျက်နှာများ – **လေးကိုတင်** ၂၂၀
၂၃။ လေးစားကြည်ညိုဦးခိုက်မိပါသည် – **တင်နိုင်တိုး** ၂၂၇
၂၄။ မျိုးစေ့ – **ကျော်ဝင်း** ၂၃၃
၂၅။ နှစ်တစ်ရာမှသည် ... ကမ္ဘာတည်သရွေ့ – **ဇော်နောင်** ၂၄၀
၂၆။ ဆရာဂျာနယ်ကျော် ဦးချစ်မောင် ကျေးဇူးဂုဏ် –
ဟိန်းလတ် ၂၄၆
၂၇။ ဂျာနယ်ကျော် ဦးချစ်မောင်ထံမှ ရခဲ့သော
လက်ဆောင်မွန်များ – **မောင်ခင်မင် (ခနဲဖြူ)** ၂၅၃
၂၈။ မမီလိုက်သော ဂျာနယ်ကျော် ဦးချစ်မောင်ကို သိခြင်း –
ချစ်ဦးညို ၂၅၈
၂၉။ ဂျာနယ်ကျော်လိုလူ – **မင်းလူ** ၂၆၅
၃၀။ ပေးပို့သူက သိန်းဖေမြင့် ဘာသာပြန်သူက ဇဝန
တာဝန်ခံအယ်ဒီတာက မြန်မာ့အလင်းချစ်မောင် –
နေမင်းသိမ်း ၂၆၉
၃၁။ ဂျာနယ်ကျော်နှင့် တပေါင်းလ – **မောင်သင်းမွန် (သံတွဲ)** ၂၇၄

အပိုင်း (၂)

၃၂။ ဂျာနယ်ကျော် ဦးချစ်မောင် စာစုစာရင်း ၂၇၉
၃၃။ ဓာတ်ပုံများ ၃၂၅

www.burmeseclassic.com

www.burmeseclassic.com



ဂျာနယ်ကျော်ဦးချစ်မောင်၏ ဘဝဖြစ်စဉ်နေ့စွဲများ

၁၉၁၂။ ။ ဇန်နဝါရီ (၁) ရက်၊ တနလ်းနေ့ (မြန်မာသက္ကရာဇ် ၁၂၇၃ ခုနှစ်၊ ပြာသိုလဆန်း ၁၃ရက်)တွင် အဖ ဦးမြ၊ အမိ ဒေါ်စောယုတို့မှ သာယာဝတီခရိုင်၊ အုတ်ဖိုမြို့၌ မွေးဖွားခဲ့သည်။ မောင်နှစ်မ သားချင်း ခြောက်ယောက်ရှိသည်။

၁၉၂၀။ ။ အသက် (၈)နှစ်တွင် အုတ်ဖိုမြို့ကျောင်းတွင် စတင်ပညာသင်ကြားခဲ့သည်။

၁၉၂၄။ ။ အသက် (၁၂)နှစ်တွင် အင်္ဂလိပ်၊ မြန်မာ (၇) တန်းကို အုတ်ဖိုမြို့ကျောင်းတွင် အောင်မြင်ခဲ့သည်။

၁၉၂၅။ ။ မေလတွင် လက်ပံတန်းမြို့ ဟိုက်စကူးကျောင်း၌ ဆက်လက် ပညာသင်ကြားခဲ့ပါသည်။

၁၉၂၈။ ။ ၁၀ တန်း စာမေးပွဲကို လက်ပံတန်းမြို့ အစိုးရ ဟိုက်စကူးကျောင်းမှ မြန်မာစာ၊ အင်္ဂလိပ်စာ၊ သမိုင်းဘာသာရပ် ဂုဏ်ထူးများဖြင့် ထူးချွန်စွာ အောင်မြင်ခဲ့ပါသည်။ ၁၀ တန်းအောင်စဉ်က ဦးချစ်မောင်၏ အသက်မှာ တက္ကသိုလ်ဝင်နိုင်ရန် (၃)နှစ်ခန့် ငယ်နေခဲ့သည်။ ကျွန်ုပ်ညာရေးစနစ်အောက်မှ တက္ကသိုလ်ပညာနှင့် ဘွဲ့ကို အထင်မကြီးခဲ့၍ ပညာဆက်လက် မသင်တော့ဘဲ လက်ပံတန်းမြို့ အစိုးရ ဟိုက်စကူးကျောင်း၌ပင် ကျောင်းဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

၁၉၂၉။ ။ နွေရာသီ ကျောင်းပိတ်ရက်တွင် ကျောင်းသားများအတွက် စာအုပ်ဝယ်ရန် ရန်ကုန်သို့လာရင်း နော်ရထာ သတင်းစာတိုက်က အယ်ဒီတာလုပ်ရန် ခေါ်သဖြင့် လက်ထောက်အယ်ဒီတာ ဝင်လုပ်ရာမှ သတင်းစာလောကသို့ စတင်ဝင်ရောက်ခဲ့ပါသည်။ ထို့နောက် နော်ရထာသတင်းစာ ရပ်ဆိုင်းသွားသောအခါ နယူးဘားမားနှင့် ဗျူးန္နန်း သတင်းစာများတွင် ခေတ္တဝင်ရောက် လုပ်ကိုင်ခဲ့ပါသည်။

၁၉၃၄။ ။ မြန်မာ့အလင်းသတင်းစာတိုက်၌ ညအယ်ဒီတာအဖြစ် ဝင်ရောက် လုပ်ကိုင်ခဲ့သည်။

၁၉၃၆။ ။ မကြာမီ တာဝန်ခံ အယ်ဒီတာချုပ်ဦးတင် နှတ်ထွက်သွားသဖြင့် မြန်မာ့အလင်း တာဝန်ခံအယ်ဒီတာချုပ် ဖြစ်လာခဲ့သည်။ မြန်မာ့အလင်းသတင်းစာက တစ်စောင်လုံးအတွက် အဓိက တာဝန်ယူလုပ်ကိုင်နေရသော်လည်း လစာမှာ (၁၂၀) ကျပ်သာ ရခဲ့ပါသည်။

BURMESE CLASSIC .com

၁၉၃၈။ ။ အောက်တိုဘာ (၂၆) ရက်နေ့တွင် ဘိုကလေးမြို့သူ ဒေါ်တင်လှိုင်နှင့် လက်ထပ်ခဲ့ပါသည်။ အိမ်ထောင်ကျပြီးနောက် မြန်မာ့အလင်းသတင်းစာတိုက်တွင် ဦးချစ်မောင်၏လစာမှာ (၁၉၅) ကျပ်ထိ တိုး၍ ရခဲ့သည်။

၁၉၃၈။ ။ "ကမ္ဘာကြီး ပျက်စီးလုနီးပြီးလော" စာအုပ်ကို ထုတ်ဝေခဲ့သည်။

၁၉၃၉။ ။ ဦးချစ်မောင်မှာ မျိုးရိုးအလိုက် မျိုးချစ်စိတ်ဓာတ်ခံ အလွန်ထက်သန်သူများဖြစ်၍ "မြန်မာအလင်းသတင်းစာ အယ်ဒီတာချုပ်"အဖြစ်နှင့် နိုင်ငံအတွက် အကျိုးရှိမည့်ကိစ္စရပ်တို့ကို မထောက်မညာ ရဲဝံ့လွတ်လပ်စွာ ရေးသားဖော်ပြခဲ့၍ တိုက်ရှင်နှင့် စိတ်သဘောထားခြင်းမတိုက်ဆိုင်၍ မြန်မာ့အလင်းသတင်းစာတိုက်မှ နှတ်ထွက်ခဲ့သည်။ "ဂျာနယ်ကျော်" အမည်ဖြင့် ဂျာနယ် သတင်းစာတစ်စောင်ကို မေလ (၂၇) ရက်နေ့တွင် ဦးစီးထုတ်ဝေကာ နိုင်ငံရေးပြဿနာ၊ ဝေဖန်ချက်၊ အကြံပေးချက်များကို ပြတ်ပြတ်သားသား တင်ပြရေးသားခဲ့၍ "ဂျာနယ်ကျော် ဦးချစ်မောင်" ဟူ၍ အမည်ကျော်စောလာသည်။

ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီတွင် ဂျာနယ်ကျော်ကို ဦးစီးထုတ်ဝေရင်း "ရွှေလင်းယုန်" ကလောင်အမည်ဖြင့် နိုင်ငံရေးဆောင်းပါး

www.burmeseclassic.com

www.burmeseclassic.com

များနှင့် ရှာရှာဖွေဖွေ၊ သူ၊ နိုင်ငံတော်သစ်ဆီသို့၊ မှိုင်းမှိုင်းမှုန်မှုန် အစရှိသော ဝတ္ထုများကို ရေးသားခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားချိန် ဂျပန်များ ဝင်ရောက်လာချိန်တွင် ရှေးဦးစွာ ဘိုကလေးမြို့သို့ ရှောင်နေခဲ့သည်။ သို့သော် မိုးချစ်စိတ်၏ တိုက်တွန်းနှိုးဆော်မှုများကြောင့် မကြာမီ ရန်ကုန်မြို့သို့ ပြန်လာကာ တော်လှန်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်လေသည်။

အင်္ဂလိပ်စစ်တပ်များ ပြန်ဝင်လာချိန်တွင် ဦးချစ်မောင် ဖမ်းဆီးခံရလေသည်။

ထို့နောက် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလ ဗဟို ဦးစီးအဖွဲ့တွင် ပါဝင်ခဲ့သည်။ ဖဆပလ အစိုးရဖွဲ့စည်းရန် ဘုရင်ခံ ထံသို့ တင်ပြတောင်းဆိုသည့် စည်းကမ်းချက်များကို ရေးဆွဲရာတွင် ဦးချစ်မောင်သည် အရေးပါသော အချက်အလက်များကို အကြံပေး ခဲ့ရသည်။

BURMESE CLASSIC .com

မြန်မာနိုင်ငံ စာရေးဆရာအသင်းတွင် ဥက္ကဋ္ဌအဖြစ် တာဝန်ယူ ဆောင် ရွက်ခဲ့သည်။

၁၉၄၆။ ။ ထိုကဲ့သို့ တိုင်းပြည်တာဝန်ကို ကလောင်အမည်ဖြင့် စွမ်းစွမ်းတမံ ဆောင်ရွက်ရင်း မြန်မာပြည်လွတ်လပ်ရေးရရန် တတ်နိုင်သမျှ ကြိုး ပမ်းဆောင်ရွက်နေချိန်တွင် မမျှော်လင့်ဘဲ ဧပြီလ (၃) ရက်နေ့ နံနက်တွင် ဆီးရောဂါဖြင့် ကွယ်လွန်သွားခဲ့သည်။

ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်ပြီးနောက်တွင် ဇနီးဖြစ်သူ ဂျာနယ်ကျော်မမလေးက "ဂျာနယ်ကျော် ဦးချစ်မောင်၏ နေ့စဉ် မှတ်တမ်း" စာအုပ်ကို ၁၉၄၆ ခုနှစ် ထုတ်ဝေခဲ့သည်။

ဦးချစ်မောင် လက်စမသတ်ရသေးသော အစပျိုးနိဒါန်းသာ ရေးသား ရသေးသော စာတစ်ပုဒ်ကိုလည်း 'ရွှေလင်းယုန်' အမည်ဖြင့် ရှုမဝ မဂ္ဂဇင်းတွင် ဝတ္ထုဆောင်းပါးအနေဖြင့် ဖော်ပြခဲ့သည်။ လုံးချင်းအနေ ဖြင့်လည်း 'ရွှေလင်းယုန်' အမည်နှင့်ပင် သက်တန့်ရောင် စာပေရိပ် မြို့မှ ထုတ်ဝေခဲ့သည်။

ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်ပြီး ၁၅ နှစ်အကြာတွင် ဦးချစ် မောင် နောက်ဆုံးရေးသားခဲ့သည့် "ဂျာနယ်ကျော် တော်လှန်ရေးနေ့

www.burmeseclassic.com

www.burmeseclassic.com

အထိမ်းအမှတ်စာစောင်"ကို စာအုပ်အနေဖြင့် သီဟရတနာပုံနှိပ်တိုက်မှ ထုတ်ဝေခဲ့ပါသည်။ ထိုစာစောင်၏ ထူးခြားချက်မှာ ဦးချစ်မောင်သည် ဂျာနယ်ကျော် တစ်စောင်လုံးကို ကိုယ်တိုင်ရေးသားခဲ့ပြီး နောက်ဆုံးတွင် လက်မှတ်ရေးထိုးထားပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်အောင်ဆန်း၏

BURMA'S CHALLENGE

မှ ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ပတ်သက်၍ ကောက်နုတ်ချက်

I am not a cynical pessimist, but I must warn you all that reaction in the world is striving very hard to raise its head again. This, then, is the general picture of the world at this moment. What of the situation in our own country? Again I must tell you frankly that it is continuously worsening. Under the hammer blows of events, our people are reeling and suffering unprecedentedly. It is my purpose in this address to review the situation in our country at great length. Before I do so, I must ask you to join with me in mourning the death of a valued comrade of ours, U Chit Maung, who was, until a month and a half ago, alive and helping us actively with his wise counsels in the Executive Committee and Supreme Council of our national organisation. We greatly miss his presence in this conclave of ours. We send our heart-felt sympathies to his bereaved family.

www.burmeseclassic.com

www.burmeseclassic.com

ဗိုလ်ချုပ်အောင်ဆန်း၏
BURMA'S CHALLENGE
မှ ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ပတ်သက်၍
ကောက်နုတ်ချက်

BURMESE CLASSIC .com

ကျုပ်တို့ရဲ့ ပြည်တွင်း အခြေအနေကကော ဘယ်လိုလဲ။ ဆိုးလို့ ကောင်းတုန်းဘဲဆိုတာ ပွင့်ပွင့်လင်းလင်း ထပ်ပြောရဦးမှာပဲ။ အဖြစ်အပျက်တွေရဲ့ ရိုက်ပုတ်မှုဒဏ်ကို ခံနေရတဲ့ ပြည်သူတွေဟာ တစ်ခါမှ မကြုံဖူးအောင် ဂယိမ်းဂယိုင် ဖြစ်နေကြတယ်။ ဒုက္ခဝေဒနာ ခံစားနေကြရတယ်။ ကျုပ်တို့ တိုင်းပြည်ရဲ့ အခြေအနေကို ခပ်ရှည်ရှည်ကလေး သုံးသပ်ပြဖို့ကတော့ အခုပြောနေတဲ့ မိန့်ခွန်းရဲ့ ရည်ရွယ်ချက်ပါပဲ။ မပြောခင်မှာ ကျုပ်တို့ရဲ့ လူ့အဖိုးတန် ရဲဘော်တစ်ဦး ဖြစ်တဲ့ ဦးချစ်မောင် ကွယ်လွန်တဲ့ ကိစ္စနဲ့ပတ်သက်လို့ ကျုပ်တို့အားလုံး ကြေကွဲဝမ်းနည်းကြောင်း တစ်စုတစ်ဝေးတည်း ပြောဖို့ ပြောဆိုရပါလိမ့်မယ်။ ဦးချစ်မောင်ဟာ လွန်ခဲ့တဲ့ တစ်လခွဲလောက်အထိ ကျုပ်တို့ အမျိုးသားအဖွဲ့ အစည်းကြီးရဲ့ အလုပ်အမှုဆောင် ကော်မီတီနဲ့ ဗဟိုဦးစီးအဖွဲ့ထဲမှာ ကျုပ်တို့နဲ့ အတူရှိခဲ့ပြီး သူ့ရဲ့ အမြော်အမြင်ရှိတဲ့ အကြံဉာဏ်တွေနဲ့ ကျုပ်တို့ကို တက်တက်ကြွကြွ ကူညီခဲ့တယ်။ အခု ကျုပ်တို့ ကျင်းပတဲ့ အစည်းအဝေးမှာတော့ ကျုပ်တို့ဟာ သူ့ကို မတွေ့ကြရတော့ဘူး။ လွဲကြရပြီ။ ပူဆွေးသောကဖြစ်ကြရတဲ့ သူ့အိမ်သားတွေကို လှိုက်လှိုက်လဲလဲ ကြင်နာကရုဏာတရား ထားကြောင်း စာလွှာပါးရပါလိမ့်မယ်။

❐

www.burmeseclassic.com

www.burmeseclassic.com

သူကား သူရေးခဲ့သော သူထဲက သူမှ တကယ့်သူ

(၁)

ရုပ်... ရုပ်... ဟူသော ခြေသံကို ကြားရပြီးနောက် ကျောနောက်ဆီ၌ လူတစ်ယောက် လာ၍ ရပ်သလိုလို အောက်မေ့မိသော်လည်း ပထမ၌ ဂရုတစိုက် လှည့်၍ မကြည့်မိ။ ကလောင်တံကို မင်နီအိုးတွင် နှစ်ရင်း အလုပ်၌ စိတ်ဝင်စား၍သာ နေမိပေသည်။ မြန်မာ့အလင်း သတင်းစာတိုက်သည် ထိုအခါက ဆူးလေးဘုရားလမ်း၌ ဖွင့်ထား၏။ ထိုနေ့သည် ကျွန်တော်၏ အလုပ်သက် မြန်မာ့အလင်း၌ ၂ ရက်မြောက်သောနေ့ပင် ဖြစ်သတည်း။

နောက်သို့ လှည့်ကြည့်လိုစိတ် ပေါ်၍လာ၏။ မကြည့်ဘဲနေဦးမည်ဟု စိတ်ကူးမိ၏။ သို့သော် မကြည့်ဘဲ မနေနိုင်။ အညို့ခံရသလိုလို အောက်မေ့ရလေသည်။ ထို့ကြောင့် ခေါင်းကိုလှည့်၍ ကြည့်လိုက်မိ၏။ ကျွန်တော်၏ "အခြစ်–အဖျက်၊ အဖြတ်–အတောက်" များကို ပြုံး၍ ကြည့်နေသူတစ်ဦးနှင့် မျက်နှာချင်းဆိုင်၍ နေမိပေသည်။ အသားညိုညို၊ နှာတံပေါပေါ၊ နဖူးကျယ်ကျယ်၊ ပင်နီအပေါ်ထပ်၊ ဖျင်ကြမ်းရှပ်အင်္ကျီနှင့် ချည်လုံချည်ကို ဝတ်ထားသော အသက် ၂၅ နှစ်ကျော်ကျော် ရှိမည်ထင်ရသော လူတစ်ယောက် ဖြစ်၏။ အထူးခြားဆုံးသော အစိတ်အပိုင်းများကား ထူသောမျက်မှန်၏ နောက်၌ ကော့နေသော မျက်တောင်နှင့် ရွဲလုံး ၂ လုံးကို နှစ်ထားဘိသကဲ့သို့ အရောင်တလက်လက် ထွက်နေသည့် မျက်လုံးများပင် ဖြစ်ပေသည်။

"တော်တော်ပင်ပန်းသလား..." ဟု ကျွန်တော့်အား ပြုံး၍ မေးလေသည်။

"မပင်ပန်းပါဘူး" ဟု ကျွန်တော်က ဖြေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"သတင်းစာအလုပ်ကို တော်တော်ဝါသနာပါသလား"ဟု ထပ်၍ မေးပြန်သည်။

"ဟုတ်ကဲ့... "ဟု ကျွန်တော်က ဖြေလိုက်သည်။

"စာဖတ်ကော... " ဟု ထပ်ဆင့်လာပြန်သည်။

"ဟုတ်ကဲ့... "ဟု ဖြေရပြန်သည်။

"ထမင်း ဘယ်နှစ်ရက် မစားဘဲ နေနိုင်သလဲဟု... " မေးသောအခါ ၌ကား ကျွန်တော်သည် ရက်တရက် နှားမလည်နိုင်သောကြောင့် အဖြေမပေးနိုင်ဘဲ ငေး၍ ကြည့်နေမိရာ ထိုအခါ ထူးဆန်းသော ဤပုဂ္ဂိုလ်သည် ပြုံး၍ ဖြည်းညင်းစွာ လှည့်ထွက်သွားပေတော့သည်။

"ကိုအုန်း... အဲဒါဘယ်သူလဲဗျ... "ဟု ကျွန်တော်သည် ယခုဘိလပ်၌ ဗမာပြည် လူငယ်များ အစည်းအရုံး နိုင်ငံခြားကိုယ်စားလှယ်အဖြစ် ဆောင်ရွက်နေသူ ဦးအုန်းအား လှမ်း၍ မေးမိ၏။ ဦးအုန်းသည် ထိုစဉ်အခါက မြန်မာ့အလင်းတွင် ဘာသာပြန်အဖြစ် ဆောင်ရွက်နေခိုက် ဖြစ်ပေသည်။

"အဲဒါ ကျွန်တော်တို့တိုက်က ညအယ်ဒီတာ ဦးချစ်မောင်... ဆိုတာ ပေါ့ဗျ"ဟု ဦးအုန်းက ဖြေဆိုခြင်း ပြုလေသည်။

ထိုအချိန်သည် ၁၉၃၆ ခုနှစ်ပင် ဖြစ်ပေသည်။

(၂)

ဆရာဦးချစ်မောင်၏ အကြောင်းကို တစိမ့်စိမ့် ပြန်၍ တွေးလိုက်သည့် အခါ "ဆရာဝန် ကိုမြင့်မောင်"၏ အကြောင်း ပေါ်လာ၏။ "ဆရာဝန် ကိုမြင့်မောင်"အား ဇာတ်လိုက်အဖြစ် ဖန်တီး၍ သူရေးထားခဲ့သော "သူ" ဝတ္ထုကြီးကို အကြိမ်ကြိမ်ပြန်၍ ဖတ်မိတိုင်းလည်း ဆရာဦးချစ်မောင်၏ စိတ်နေစိတ်ထား၊ သဘောထားနှင့် ပြောပုံဆိုပုံ၊ ပြုမူလေ့ရှိပုံများကိုသာ မြင်ယောင်၍ လာမိပေသည်။ တက်ဘုန်းကြီး ကိုသိန်းဖေက "ကိုချစ်မောင်သည် လူ့လောကကို ကြည့်သောအခါ မဖြစ်နိုင်သည်ထက် ဖြစ်ထိုက်သည်ကို ပို၍ မြင်သည်။ ထို့ကြောင့်လည်း ကိုချစ်မောင်၏ "သူ" ဝတ္ထုကြီးကို ကျွန်တော်မကြိုက်။ သူ့ဇာတ်လိုက်လို ကောင်းသောလူ စိတ်ကူးထဲမှာသာ ရှိသည်"ဟု ပြည်သူ့အာဏာတွင် ရေးသည်ကို ဖတ်လိုက်ရ၏။ ကျွန်တော်ကား တစ်မျိုး ရေးရပေမည်။ "သူ" ဇာတ်လိုက်ဆရာဝန် ကိုမြင့်မောင်ကဲ့သို့သော ပုဂ္ဂိုလ်သည်

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးထဲ၌သာ ရှိသည်မဟုတ်။ လောကဥ်လည်း အမှန်ပင် ရှိပါပေသည်။ ထိုသူကား အခြားသူမဟုတ် "သူ" ဝတ္ထုကြီးကို ရွှေလင်းယုန်အမည်ဖြင့် ဖန်တီးရေးသားလိုက်သူ ဆရာဦးချစ်မောင်ကိုယ်တိုင်ပင် ဖြစ်ပေ၏။

သူကား သူဖန်တီးခဲ့သော "သူ"ထဲက သူမှ တကယ့်သူပင် ဖြစ်၏။ ဤအချက်ကို ဆရာဦးချစ်မောင်နှင့် နီးကပ်စွာ ပေါင်းသင်းဆက်ဆံခဲ့ဖူးသူတိုင်း ဝန်ခံကြရပေလိမ့်မည်။

(၃)

"နော်ရထာ သတင်းစာမှာ လုပ်တုန်းကများ တစ်ခါတစ်ခါ ထမင်းဝယ်စားစရာတောင် ပိုက်ဆံမရှိဘူး။ သိပ်ဆင်းရဲတယ်။ ဆံလော် ၂ ပြားဖိုး ဝယ်စားပြီး ရေအဝသောက်၊ ဒါနဲ့ပဲ တင်းတိမ်ခဲ့ရတာပဲ။ ဒီအထဲ နောက်တစ်နေ့ သတင်းစာထုတ်ဖို့ စက္ကူမရှိပြန်ဘူးဆိုရင် အိတ်ထဲရှိတာ ထုတ်ပေါင်၊ စက္ကူဝယ်။ နောက်တစ်နေ့ သတင်းစာဖြစ်အောင် ကြိုးစားရသေးတယ်ဗျ..." ဟု သတင်းစာဆရာဘဝ၏ ဆင်းရဲတွင်းနက်ပုံကို မိတ်ဆွေများအား အားရပါးရ အရသာရှိရှိ ပြောလေ့ရှိ၏။ ဤသို့ပြောရင်းက လက်ဖက်ရည်လည်း တိုက်၏။ နိုင်ငံရေး၊ ပညာရေး၊ စီးပွားရေး၊ သတင်းစာလုပ်ငန်း၊ ရုပ်ရှင်၊ အငြိမ့်ပွဲ၊ ဇာတ်၊ ကဗျာ၊ လက်ာ–ဆေးပညာ၊ မှော်ပညာ၊ စုန်း၊ တစ္ဆေ၊ ကဝေ၊ ဖုတ်၊ အတီးအမှုတ်မှအစ။ စကားစပ်မိသည့် အကြောင်းအရာကို။ အမြဲစကစ၍ ရေသွန်ဘိသကဲ့သို့ ရှင်းလင်းပြောပြ၊ ဗဟုသုတ ဖြည့်နိုင်၏။ ဖြည့်၏။ ဤစကားမျိုးကို ပြောရလျှင် ဘယ်သောအခါတွင်မျှ မမော။ ဤသို့ ပြောပြလို၍လည်း မိတ်ဆွေများကို သူကပင် လက်ဖက်ရည်ဆိုင်သို့ ခေါ်၍သွား၏။ သူကပင် လက်ဖက်ရည်တိုက်၏။ တစ်ဆိုင်မှ ယခုပင် ထွက်လာခဲ့စ ဖြစ်သော်လည်း လမ်း၌မိတ်ဆွေတွေ့ပြန်လျှင် နီးရာလက်ဖက်ရည်ဆိုင်သို့ ဆွဲသွင်းပြန်၏။ စကားပြော၏။ ပညာဆွေးနွေး၏။

ဤသို့ ပြောနိုင်ဆိုနိုင်ရန်လည်း စာမှန်သမျှ မလွတ်တမ်း ဖတ်၏။ မဖတ်ဖူးသော စာအုပ်ဟူ၍ မရှိသလောက် ဖြစ်၏။

"ကိုချစ်မောင် တစ်ယောက်တော့ ကြာရင် ဒုက္ခရောက်ပါလိမ့်မယ်ကွာ၊ တစ်ညလုံး သတင်းစာအလုပ်ကို လုပ်၊ အလုပ်တိုက်က ည ၃ နာရီလောက်ကို

www.burmeseclassic.com

www.burmeseclassic.com

အိမ်ပြန်၊ အဲဒါမအိပ်သေးဘူး။ မိုးစင်စင်လင်းအောင် စာထိုင်ဖတ်ပြန်တယ်။ တစ်နေ့လုံးလည်း စာအုပ်နဲ့ မပြတ်ဘူး။ ဘယ်တော့ ကျန်းမာရေး ထိခိုက်ပြီး ဘေးတွေ့မလည်း ပြောလို့လည်းမရ" ဟု ထိုစဉ်က မြန်မာ့အလင်း တာဝန်ခံ အယ်ဒီတာ ဖြစ်ခဲ့သူ။ ယောဂီဦးတင်သည် တဖွဖွ ညည်း၏။

စာအုပ်နှင့်မျက်နှာ ဘယ်အခါကမှ ခွာလေ့မရှိ။

"စာမကျေရင် အစာမကျေတာထက် ဆိုးတယ်" ဟူသော စကားကို အမြဲပြောလေ့ ရှိ၏။

"တစ်နေ့ စာနဲ့ အဆက်ပြတ်ရင် တစ်နေ့ အကန်းဖြစ်တာပဲ။ သတင်းစာ အလုပ်ကိုလုပ်ရင် စာဖတ်မှ စာမကျေတာဟာ အစာမကျေတာထက် ဆိုးတယ်" ဟူသော စကားမှာ ဆရာ ဦးချစ်မောင် မကြာခဏ ပြောလေ့ရှိသော စကားပင် ဖြစ်ပေသည်။

ယခု ကွယ်လွန်သွားသောအခါ၌ ဆရာ ဦးချစ်မောင်၏ ကိုယ်ပိုင် စာကြည့်တိုက်တွင် စာအုပ်ပေါင်း ၅၀၀၀ ကျော် ကျန်ရစ်ခဲ့လေသည်။ ထိုစာအုပ် များတွင် ဂျပန်ခေတ်က ပျောက်ပျက်ဆုံးရှုံးခဲ့ရသော စာအုပ် ၂၀၀၀ ကျော် မပါဝင်သေးပေ။

(၄)

လက်ပံတန်းမြို့ အစိုးရ ဟိုက်စကူးကျောင်းတွင် အထက်တန်း ပညာကို ယူခဲ့ပြီးနောက် ထိုကျောင်း၌ပင် ကျောင်းဆရာအဖြစ် ဆက်လက်ထမ်းရွက်ခဲ့၏။ ကျောင်းဆရာဘဝနှင့်ပင် သတင်းစာများ၌ ဆောင်းပါးများ၊ ကဗျာများ ရေး သားပေးပို့၏။ ထိုအခါကပင် ဆရာဦးချစ်မောင်၏ ဆောင်းပါးများသည် သူရိယ တိုက်ထုတ် ဘားမားအော့ဇာဘား အင်္ဂလိပ်သတင်းစာတွင် ဖော်ပြပါရှိခဲ့လေ သည်။ ၁၉၃၂ ခုနှစ်၌ သာယာဝတီ ဦးပု၏ နော်ရထာ သတင်းစာတွင် လက် ထောက် အယ်ဒီတာအဖြစ် စတင်ဆောင်ရွက်ခဲ့လေသည်။ ထို့နောက် နယူးဘား မားနှင့် ဈေးနှုန်းသတင်းစာများသို့ ကူးပြောင်းကာ မြန်မာ့အလင်းသို့ ၁၉၃၄ ခုနှစ်တွင် ဝင်ပြီး မကြာမီပင် တာဝန်ခံအယ်ဒီတာချုပ် ဦးတင် နုတ်ထွက်သဖြင့် မြန်မာ့အလင်း တာဝန်ခံ အယ်ဒီတာချုပ် ဖြစ်လာလေသည်။

"ရွှေလင်းယုန်"ဟူ၍ တစ်မျိုး၊ "ဖိုးခေါင်" ဟူ၍ တစ်မျိုး၊ နာမည်ရင်း ဖြင့် တစ်မျိုး၊ နာမည်အမျိုးမျိုးဖြင့် ကဗျာဆောင်းပါး ဝတ္ထုများကို ရေးခဲ့ရာ

www.burmeseclassic.com

www.burmeseclassic.com

"သေပန်းပွင့်ချိန်" "ရာရာဖွေဖွေ" "အိမ်ကြီးမယာ" "သူ" "မှိုင်းမှုံမှု" မင်းသားတန်မဲ့ လူပျိုလှည့်ရာတွင်" "ကမ္ဘာကြီး ပျက်စီးလုနီးပြီလော" "သည်းကျွေလှုဖွယ်" စသော ဝတ္ထုရှည်၊ ဝတ္ထုတို ဆောင်းပါးများအပြင် ကဗျာလက်ာအမျိုးမျိုးလည်း ပါရှိလေသည်။

"ကျောင်းတုန်းက ကျွန်တော့်ကို ဆရာကြီးက မင်းကြီးရင် ဘာလုပ်မယ် ရည်ရွယ်ချက် ရှိသလဲလို့ မေးတယ်။ ကျွန်တော်က "သတင်းစာဆရာ အယ်ဒီတာ" ဒါမှမဟုတ် "ဆရာဝန်" ဖြစ်ချင်တယ်လို့ ဖြေတယ်။ ဒီတော့ ဆရာကြီးက "ဒီလို ၂ မျိုး မပြောနဲ့၊ ကိုယ့်စိတ်ကို တစ်ခါတည်း ပိုင်းဖြတ်ပြီး ပြောနိုင်ရမယ်၊ ဒီ ၂ ခု ဘယ်ဒင်းကို ပိုသဘောကျသလဲလို့ ထပ်မေးတယ်။ ကျွန်တော့်စိတ်ထဲမှာ အသိဉာဏ် ပေါ်လာတယ်။ သတင်းစာဆရာ အလုပ်က တစ်ပြည်လုံးကို ပြုပြင်နိုင်တယ်။ ဆရာဝန်အလုပ်က ကိုယ်နေတဲ့ ဒေသပတ်ဝန်းကျင်မှာပဲ လူတွေရဲ့ အသက်ကို ကယ်တင်နိုင်မယ်။ အဲဒီလို စဉ်းစားဉာဏ် ဝင်လာပြီး "သတင်းစာဆရာ လုပ်မယ်" လို့ ဖြေလိုက်တယ်။ ဒီတော့ ဆရာကြီးက "စာများများဖတ်လို့" သတိပေးလိုက်တယ်။ ကျွန်တော် စာအတော်ဖတ်တာလည်း ဆရာကြီးသိတော့ အတန်းထဲမှာ ကျွန်တော်ဆုရရင် ဘယ်တော့မှ စာအုပ်ကို ဆုအဖြစ် မပေးဘူး "မင်း စာဖတ်တာ အတော်လွန်နေပြီ၊ ကျန်းမာရေးလည်း ဂရုစိုက်" ဆိုတဲ့ အဓိပ္ပာယ်နဲ့ အင်ဒီယင်းကလပ်(ဗ်)တို့ ကိုယ်လက်လှုပ်ရှားတဲ့ ကစားခုန်စား ကိရိယာတို့ကိုပဲ ပေးတယ်။ ကျွန်တော် ဆရာဝန်အလုပ်ကို တော်တော် နှစ်ခြိုက်တယ်၊ မွန်မြတ်တဲ့ အလုပ်မို့လို့ပဲ။ ဒီအတတ်နဲ့ လူတွေရဲ့ အသက်ကို ကယ်တင်နိုင်တယ်။ ဒါကြောင့် စာရေးဆရာ သတင်းစာဆရာ အလုပ်ကို ရွေးခဲ့ပေမဲ့ ဒီဆေးပညာ ဆရာဝန်တွေ အကြောင်းကို စာနဲ့ရေးပြီး တိုင်းပြည်ကို အသိဉာဏ် ဖြန့်ဦးမယ်။ "သူ" ဝတ္ထုလို ဆရာဝန်တွေအကြောင်းနဲ့ ဆိုင်တဲ့ ဝတ္ထုမျိုး ကျွန်တော် နောက်ထပ် အများကြီး ရေးဦးမယ်။ ဒီအတတ်ဟာ ဘယ်လောက်မွန်မြတ်ပြီး ဘယ်လောက်အရေးကြီးတယ် ဆိုတာ တိုင်းပြည်ကို ရေးပြမယ်..."ဟု ဆေးပညာ၏ မွန်မြတ်ခြင်းကိုလည်း အကြိမ်ကြိမ် ပြောလေ့ရှိပေသည်။

သို့သော် သူ အလွန် နှစ်ခြိုက်၍ သူ အလွန်မြတ်နိုးခဲ့သော ဆေးပညာသည် သူ့ ဝေဒနာအား မကယ်တင်နိုင်ခဲ့ပြီ။

သူ ပြောခဲ့သလိုပင် မြန်မာပြည်ရှိ ဆေးပညာအဆင့်အတန်းကား ခေတ်

www.burmeseclassic.com

www.burmeseclassic.com

နှင့်မလိုက်။ ခေတ်နောက်၌ အရှည်အဝေးကြီး ကျန်ရစ်လျက်ပင် ရှိနေသေးပေ တကား။

(၅)

မြန်မာ့အလင်းကို တာဝန်ခံ အယ်ဒီတာအဖြစ်ဖြင့် ဦးစီး၍ ထုတ်ဝေခဲ့သော အချိန်များကား အားရစရာကောင်းသည့် အချိန်များပင် ဖြစ်ပေသည်။ ဖြောင့်မတ်သော စိတ်ထားဖြင့် မည်သည့်ပါတီ မည်သည့်အဖွဲ့၏ သြဇာ အာဏာကိုမှ မခံ၊ မည်သည့် ပုဂ္ဂိုလ်တစ်ဦး တစ်ယောက်အတွက်ကိုမှ မငဲ့ကွက်။ တိုင်းပြည်၏ အကျိုးဖြစ်စေမည့် အရေးဖြစ်လျှင် ဟုတ်တိုင်းမှန်ရာ မညာမဆော်၊ ရဲရဲကြီး တွင်တွင်ကြီးရေး၏။ တည့်တည့်ကြီး ရှင်းရှင်းကြီး ရေး၏။

အင်္ဂပ်ဘုရင် နန်းစွန့်သောအခါ၌ ထိုသတင်း မြန်မာပြည် အစိုးရထံ မရောက်သေးမီပင် အခြားသတင်းစာများထက် ဦးအောင် ထည့်သွင်းခဲ့၏။ "ထည့်လို့ဖြစ်ပမလား" ဟု စိုးရိမ်သူတို့က လာမေးကြ၏။ "ကိစ္စဖြစ်ရင် တာဝန်ခံ အယ်ဒီတာ ကျွန်တော် တစ်ယောက်လုံး ရှိပါသေးတယ်" ဟု ပြန်ဖြေ၏။ နောက် တစ်နေ့ တစ်ပြည်လုံး အုတ်အုတ်ကျက်ကျက် ဖြစ်သွား၏။ မြန်မာပြည် အစိုးရ အဖွဲ့ကြီး တုန်လှုပ်ချောက်ချားသွား၏။ "ရုံးကို ခေတ္တလာခဲ့ပါ" ဟု မြန်မာပြည် အစိုးရအဖွဲ့ အတွင်းဝန်က တယ်လီဖုန်းဖြင့် လှမ်း၍ခေါ်၏။ "တယ်လီဖုန်းနဲ့ ခေါ်တာဟာ တရားမဝင်ဘူး။ တွေ့ချင်ရင် အလုပ်သဘောပဲပဲ စာနဲ့ရေးခေါ်ပါ... " ဟု တယ်လီဖုန်းနှင့်ပင် ပြန်ကြားလိုက်၏။ မကြာမီပင် အတွင်းဝန်ထံမှ စာရောက်၍ လာရလေသည်။

ကျောင်းသားနှင့် ပုလိပ်အရေးတော်ပုံတွင် စုံစမ်းရေး ကော်မီတီက ပုလိပ်အား အပြစ်ချ၍ ရေး၏။ လွတ်တော်က ဤအစီရင်ခံစာကို အမတ်များမှတစ်ပါး တိုင်းပြည်အား အသိမပေးရ..."ဟု သတိပေးပိတ်ပင်၏။ "ဒါ သက်သက် မတရားတာပဲ၊ ဒီအစီရင်ခံစာကို တိုင်းပြည်က သိသင့်တယ်၊ နားလည်သင့်တယ်၊ မထည့်ဘဲ နေလို့ ဘယ်ဖြစ်မလဲ၊ ပုလိပ်ဆိုးရင် ဆိုးတာပေါ့..."ဟု ဆိုပြီး အစီရင်ခံစာကို မရမက လိုက်ရှာ၏။ ထို့နောက် သတင်းစာတွင် အမြန်ဆုံး ထည့်၏။ တိုင်းပြည်ကား အမှန်ကို သိခွင့်ရကြလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

နောက်တစ်နေ့ လွတ်တော်သတင်းယူရန် သွားသော မြန်မာ့အလင်းသတင်းထောက်အား လွတ်တော်စောင့် အမှုထမ်းက မဝင်ရဟု တားဖ်။ ဥက္ကဋ္ဌကြီး အမိန့်ဟု ဆို၏။ သတင်းစာထဲတွင် ထည့်ခဲ့မိသည် ကိစ္စကို တောင်းပန်မှ ဝင်ခွင့်ပြုမည်ဟု ဆို၏။

ဆရာဦးချစ်မောင်ကား... ယနေ့အထိ မတောင်းပန်ခဲ့ပေ။

တိုင်းပြည်အတွက် လမ်းမှန်ကို ညွှန်ပြရမည့်နေရာတွင် မည်သူ့ကိုမှ မထောက်၊ မည်သူ့ကိုမှ အားမနာ၊ "အတော် ခေါင်းမာတဲ့သူ..."ဟု ဘွဲ့ထူးပေးခြင်း ခံရလောက်အောင် လမ်းမှန်ကို လိုက်ခဲ့သလောက် အပြင်တွင် ကိုယ်ရေးကိစ္စများ၌ "အတော်အားနာတတ်တဲ့လူ ကမ်းကုန်ရော..."ဟု ဆိုရသည် အထိ ညှာတာသော သဘောထား အနစ်နာခံသည့်စိတ်ဓာတ်ကို ကောင်းကောင်းကြီး မွေးဖ်။

ကိုယ်ရေးကိစ္စနှင့် ကြုံလျှင် မည်သူတစ်ဦးတစ်ယောက်ကိုမှ စိတ်မချမ်းသာအောင် မပြုခဲ့။ ကိုယ်သာလျှင် အနစ်နာခံဖ်။ ကိုယ်သာလျှင် စိတ်ဆင်းရဲခံဖ်။ သူ့စိတ်ဓာတ်ကို သူ့ဝတ္ထု "သူ"ထဲမှ ဇာတ်လိုက် ကိုမြင့်မောင်၏ သဏ္ဌာန်တွင် ထည့်သွင်းပေးထား၏။

ဆရာဦးချစ်မောင်၏ စိတ်ထားသဘောထားကို နားလည်လိုလျှင် သူရေးခဲ့သော "သူ" ဝတ္ထုကိုဖတ်၊ ဆရာဝန် ကိုမြင့်မောင်၏ စိတ်ဓာတ်သည် ဆရာဦးချစ်မောင်၏ စိတ်ဓာတ်ပင် ဖြစ်ချေသည်။

တစ်ခါ၌ မိတ်ဆွေတစ်ယောက်မှာ အတော်ပင် ငွေရေးကြေးရေးအတွက် အကျပ်တွေ့နေ၏။ ဆရာဦးချစ်မောင်သည် ၎င်းကိုယ်ရေးအတွက်ပင် မလောက်မငှ ဖြစ်နေသော လခမှ တစ်ဝက်ကိုခွဲ၍ လစဉ်ထောက်ပံ့ခဲ့လေသည်။

(၆)

မြန်မာ့အလင်း၌ တာဝန်ခံအယ်ဒီတာ အဖြစ်နှင့်ရှိစဉ် ဆရာဦးချစ်မောင်သည် ဘိုကလေးမြို့သူ။ ဒေါ်တင်လှိုင်နှင့် အိမ်ထောင်ပြုခဲ့သည်။ အိမ်ထောင်သည် ဘဝ၌ ယခင်က ဖြစ်သလိုဝတ်၍ ဖြစ်သလိုစားပြီး စာအုပ်ကို ခေါင်းအုံး၍ စာအုပ်ပုံကြား၌ အိပ်ခဲ့သော ဆရာဦးချစ်မောင်သည် အစားမှန်လာသည်။ အအိပ်မှန်လာသည်။ ပိန်ချုံးချည့်နဲ့၍ ခြောက်ကပ်နေသော အသားအရေများ စိုစိုပြည်ပြည် ဖြစ်လာသည်။ ပါးစုံကလေးများ ထွက်လာသည်။

www.burmeseclassic.com

www.burmeseclassic.com

ပင်နီချည်ကြမ်းများကိုကား မစွန့်လွှတ်ပေ။ အိမ်တော်ရာထီးကို ချိုင်းတွင်ညပ်၍ တစ်ဖက်သော ချိုင်းအောက်၌ စာအုပ်တစ်ပွဲ့တပိုက်ကြီး ဆောင်ယူကာ ခေါင်းကြီးကို အမြဲငုံ့ပြီး ရိုးရိုးကြီး လျှောက်တတ်သော ဝါသနာကိုလည်း မဖျောက်၊ မိန်းမခြင်လျှင် အလွန်ရှက်တတ်သည်ဖြစ်၍ အဝေးကြီးက ကွင်းပြီး ရှောင်တတ်သော အလေ့သည်လည်း မပျောက်။ လက်ဖက်ရည်ဆိုင်တွင် ဒကာခံ၍ နိုင်ငံရေးတရားဟောတတ်သော အကျင့်လည်း ရှေးရှေးကအတိုင်းပင်...။

"မိန်းမရရင် အားလုံးပြောင်းပြီး တစ်ဖြစ်လဲသွားတတ်ကြတာပဲ... " ဟူသော စကားကား။ ဆရာဦးချစ်မောင်အတွက် မည်သို့မျှမဆိုင် မည်သို့မျှ မပတ်သက်။

"စာရေးဆရာတွေ မိန်းမရရင် စာရေးပျက်ရော။ ရေးလို့ မရတော့ဘူး..."ဆိုသော စကားသည်လည်း ဆရာဦးချစ်မောင်နှင့် မည်သို့မျှမဆိုင်။ စာရေးမပျက်ရုံမျှမက လူပျိုဘဝထက်ပင် လက်ရာများ ပြောင်လာချေသေး၏။ ပို၍ လေးနက်သော စာများ ထွက်လာချေသေး၏။


"ကမ္ဘာကြီး ပျက်စီးလုနီးပြီလော..."ဟူသော စာအုပ်သည် အိမ်ထောင်ပြုပြီးမှ ထွက်လာသော စာအုပ်ဖြစ်၏။ ဒေါ်တင်လှိုင်သည် ဤစာအုပ်ကြီးဖြစ်မြောက်ရေးအတွက် အဘက်ဘက်က ကူညီစွမ်းဆောင်ပေးခဲ့၏။ ဝါသနာချင်း တူသော ဇနီးသည်ကို ရခဲ့သဖြင့် ဆရာဦးချစ်မောင်သည် စိတ်ချမ်းမြေ့လျက်ရှိ၏။ ပျော်၍နေ၏။

တိုင်းပြည်က မည်သည့်နည်းနှင့်မျှ မနှစ်သက်နိုင်သော ဂျာနယ်ဝန်းကျင်ရေးကြီး ရောက်လာသောအခါ၌ ဦးချစ်မောင်သည် ကလောင်ဖြင့် တိုက်ဖျက်ရသည်ကို အားမရ၍ မြန်မာပြည် သတင်းစာဆရာများအဖွဲ့ကို ဖွဲ့ပြီး၊ ဂျာနယ်ဝန်းကျင်ကို တိုက်ဖျက်ရန် ကြိုးစားခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်ကျော် ဦးချစ်မောင်၏ ဆွေစဉ်မျိုးဆက်



၉၁ ဌာန အုပ်ချုပ်ရေး ပျက်စီးစေလိုလျှင် မည်သူမျှ ရာထူးလက်မခံနှင့်၊ အလိုလိုပျက်လိမ့်မည် ဟူသော ကြေညာချက်ကို ထုတ်ပြန်ခဲ့သည်။

ရာထူး လက်မခံရေးကား အထမမြောက်ခဲ့။ ၉၁ ဌာန အုပ်ချုပ်ရေးကြီး သည်သာ အသက်ရှည်ခဲ့သတည်း။

www.burmeseclassic.com

www.burmeseclassic.com

(၈)

နိုင်ငံရေး နယ်နိမိတ်ထဲသို့ ဝင်စပြုလာသောအခါ၌ ဦးချစ်မောင်၏ မအားလပ်မှုသည် ရှေးကထက် ပိုလာခဲ့လေသည်။ ၁၉၃၉ ခုနှစ်၌ မြန်မာ့အလင်းမှ နှုတ်ထွက်ခဲ့ပြီးနောက် မြန်မာ့အလင်း အယ်ဒီတာဘဝနှင့်ပင် ထုတ်ဝေစပြုနေပြီ ဖြစ်သော ဂျာနယ်ကျော်ကို ကိုယ်ဖိရင်ဖိ ကိုယ်တိုင်ဦးစီး၍ ထုတ်ဝေခြင်း ပြုလေသည်။ စာအုပ်နှင့် မျက်နှာကား ခွာသည်ဟူ၍ မရှိတော့။ လက်ဖက်ရည်ဆိုင်သို့လည်း ယခင်ကလောက် အကြိမ်များများ မရောက်တော့။

ဆရာကြီး ပိမိုးနင်း ကွယ်လွန်ခဲ့သည်။ ဆရာကြီး ပိမိုးနင်း၏ အကြောင်းကို စာအုပ်ထုတ်၍ ဆရာကြီး ဂုဏ်ကို ချီးကျူး၏။ ကွယ်လွန်သည်မှ ဈာပနအခမ်းအနား ပြီးဆုံးသည်အထိ ကိုယ်ရောစိတ်ပါ မအားလပ်အောင် မောခဲ့၏။ ကြံတောသုသာန်၌ ဆရာကြီးပိမိုးနင်း၏ ရုပ်အလောင်းကို မီးသင်္ဂြိုဟ်လျက် ရှိစဉ် သုသာန်ဘေး၌ စု၍ ထိုင်ကြရင်း စာရေးဆရာ အသင်းကြီး ဖွဲ့စည်းရန် အကြံပေး၏။ ဖွဲ့စည်းအောင်မြင်သည်အထိ ငွေအားလူအားဖြင့် ကြိုးပမ်း၏။ ကွယ်လွန်သည်အထိ အဖက်ဖက်မှ ရိုင်းပင်းခဲ့၏။ စာရေးဆရာ အစည်းအရုံးကြီး၏ ဥက္ကဋ္ဌအဖြစ်ဖြင့် ယခု ကွယ်လွန်သွားရာ စာရေးဆရာတိုင်း ဆရာဦးချစ်မောင်အား မေ့နိုင်မည်မဟုတ်ပေ။

ဂျပန်ခေတ်၌ ဂျာနယ်ကျော်ကို မထုတ်ဝေတော့ပေ။ ထိုအချိန်တွင် ဆရာဦးချစ်မောင်မှာ ဖက်ဆစ်တိုက်ဖျက်ရေး လုပ်ငန်းကို လျှို့ဝှက်လုပ်ကိုင်လျက် ရှိချေပြီ။ ဂျပန်မလာမီ ဂျာနယ်ကျော်မှ ဂျပန်ဆိုး၍ အလာမခံသင့်ကြောင်း အကြိမ်ကြိမ် ရေးခဲ့သည့်အတိုင်း ဂျပန်ရောက်အလာတွင် ပြန်မောင်း၍ ထုတ်ရန် စိုင်းပြင်းခြင်း ဖြစ်၏။ တပ်မတော် ခေါင်းဆောင်များနှင့် တစ်ကျိတ်ကျိတ် ကြံစည်၏။

ရွှေဂုံတိုင်နှင့် ချာချီလမ်းထောင့်မှ သခင်ဘသောင်း၏ လက်ဖက်ရည်ဆိုင်သည် ဆရာဦးချစ်မောင်ကို နေ့စဉ်တွေ့နိုင်သောဌာန ဖြစ်လေသည်။

ထိုနေရာသို့ သိမ်ချောင်းရွာမှ ကုန်းကြောင်း လျှောက်၍လာ၏။ လက်ဖက်ရည်ဆိုင်တွင် ဖက်ဆစ်ဆန့်ကျင်ရေး လက်သိပ်ထိုး တရားဟောခြင်း၏။ ဖက်ဆစ်တော်လှန်ရေး စခြင်း၏။ ပြီး၏။ အင်္ဂလိပ်လာ၏။ ဆရာဦးချစ်မောင်အား အင်္ဂလိပ်စစ်ဘက်က ဖမ်းပြီး ၂ ရက် ၃ ရက် ထောင်ချထားလိုက်လေသည်။ နောက်မှ ပြန်၍လွှတ်၏။

www.burmeseclassic.com

www.burmeseclassic.com

ဖဆပလကြီး ဘွားကနဲပေါ်၍ လာသောအခါ ဆရာ ဦးချစ်မောင်မှာ ဦးစီးအဖွဲ့ဝင် ဖြစ်လာ၏။ ဂျပန်ခေတ် တစ်ခေတ်လုံးနှင့် ယခုကွယ်လွန်သည့် အချိန်အထိ ဆရာဦးချစ်မောင်သည် နိုင်ငံရေးကို ခြေစုံပစ်၍ ဝင်လေသတည်း။

(၉)

တစ်နေ့သ၌ ကိုယ်ခြစ်ခြစ်တောက်ပူလျက် ရန်ကုန်မြို့ထဲမှ ကဲ့ဘဲ့နေအိမ်သို့ ပြန်ရောက်လာ၏။ ခါတိုင်း မိမိ၌ မည်သည့်ဝေဒနာပင် ခံစားနေရစေမူ ဘယ်သောအခါကမျှ မည်သည်းညူခဲ့ဖူးသော်လည်း ယခုတစ်ကြိမ်၌ အမလေးတ၍ ညည်းညူ၏။ သူတစ်ပါးအား ဒုက္ခမပေးလိုသည်မှာ ကိုယ်၌ အလူးအလဲ ဝေဒနာခံစားနေရသည်အထိ ဖြစ်၏။ အနီး၌လူရှိလျှင် အပေါ့သွားလိုလျက်နှင့် မသွား၊ လေလည်လိုလျက်နှင့် မလည်။ ရှက်စိတ်၊ အားနာစိတ်သည် သူ့အားနှိပ်စက်လျက်ရှိ၏။ ညည်းရင်းညူရင်း တစ်ခါတစ်ခါ ဖဆပလ အလုပ် မိမိပျက်ကွက်ခဲ့ပြီဟု ညည်းသေး၏။ ဝေဒနာ အပြင်းဖမ်းလာ၏။ ၆ ရက် မြောက်သောနေ့၌ မျောမေ့သွားရာ မကွယ်လွန်မီ တစ်နေ့၌ သတိအနည်းငယ် ပြန်လည်လာသော်လည်း မတ်လ ၃ ရက်နေ့တွင် အသက်ပျောက်ရှာသတည်း။

(၁၀)

ဆရာဦးချစ်မောင်၏ အကြောင်းကို ပြန်ပြောင်း၍ တွေးလိုက်တိုင်း "သူ"ဇာတ်လိုက် ကိုမြင့်မောင်ကိုသာ မြင်ယောင်လာ၏။ "မွန်မြတ်တဲ့ အလုပ်ကိုသာ လုပ်ကြရမယ်၊ သေတဲ့အခါ သေသူရဲ့ ပြစ်မှု၊ လောကမှာ တင်မကျန်ရစ်အောင် မသေခင် မွန်မြတ်တဲ့ အလုပ်တွေသာ လုပ်ရမယ်... "ဟူ၍ ပြောသွားဖူးသော စကားများကို ကြားယောင်လာ၏။

သူ့အသုဘ ရထားနောက်၌ ရထားကိုကိုင်၍ လိုက်ရင်း မျက်ရည်မဆည်နိုင် ဖြစ်လာ၏။ ကျွန်တော် တစ်ယောက်သာလော၊ ကျွန်တော်၏ရှေ့၌ လက်ကလေးတစ်ဖက် ကျိုးနေ၍ ကျပ်စီးထားသော ၁၀ နှစ်ရွယ် ကလေးငယ် တစ်ယောက်လည်း ရထားကိုတွန်း၍ လိုက်လာ၏။ သူ့မျက်လုံးများသည် နီရဲလျက်ရှိ၏။ သူ့ချိုင်းအောက်၌ ထိုနေ့ထုတ် ဂျာနယ်ကျော် စာအုပ်များကို ပွေ့ထား၏။ သူကား ဂျာနယ်ကျော်ရောင်းသော ကလေးတစ်ယောက် ဖြစ်၏။ သူရောင်းသော ဂျာနယ်ကျော်ကို ဖန်တီးနေသူ သူတစ်ခါဖူးမျှ မမြင်ဖူးသော်

www.burmeseclassic.com

www.burmeseclassic.com

သူ့ကျေးဇူးရှင်ကြီး၏ အလောင်းနောက်မှ ငိုရှိုက်၍ လိုက်ပါလာ၏။ သူတစ်ယောက်သာလော မဟုတ်။ "သူ့"အသုဘကို လိုက်ပို့သူတိုင်း၏ မျက်နှာများ၌လည်း မျက်ရည်ဝိုင်းနေသော မျက်လုံးများကို တွေ့ရ၏။ မည်သူမျှ ဟန်မလုပ်နိုင်။ အဘယ်မှာလျှင် ဟန်လုပ်၍ နေနိုင်ကြမည်နည်း။

ဆုံးရှုံးကြရချေပြီ။ လူရည်ချွန် တိုင်းပြည် လက်ရုံးကြီးတစ်ဦးကို ကျွန်တော်တို့ ဆုံးရှုံးကြရချေပြီ။ ဆုံးရချေပြီ။ ဆုံးလေပြီ။

စာဦး

ဂျာနယ်ကျော် အတွဲ ၃၊ အမှတ် (၁)၊ ၁၃ ဖြို၊ ၁၉၄၆

❐

www.burmeseclassic.com

www.burmeseclassic.com

လက်ဖက်ရည်ဆယ်ခွက် စိတ်ပုတီးဆရာ

ကဝိတံခွန်တွင် (ဂျာနယ်ကျော်) ဦးချစ်မောင်နှင့် စတင်သိခဲ့ရပြီးနောက် ထို ကဝိတံခွန် သတို့သားလေးအား မိဘများဆင်းရဲ၍ ဆက်လက်မမွေးနိုင် မကျွေးနိုင် ဖြစ်ကာ မွေးစားမိဘ ပိုင်ရှင်သစ်တစ်ဦးလက်သို့ လွှဲပြောင်းပေးခဲ့ရကြောင်း၊ ထို့နောက် ကဝိတံခွန် တိုက်ခန်းကို ဖယ်ပေးကာ ၃၂ လမ်းသို့ ပြောင်းရွှေ့ခဲ့ရ ကြောင်းနှင့် ထိုတာဝန်ကို သူ (ဦးချစ်မောင်)နှင့် ပန်းချီ ကိုအုန်းလွင်တို့က တာဝန်ယူခဲ့ရကြောင်းများကို ရေးသားဖော်ပြပြီး ဖြစ်၏။

ထိုစဉ်က အခန်းရှင်ကုလားသည် စာရေးဆရာ ပန်းချီဆရာ အယ်ဒီတာ များအား (ပညာရှိ အနုပညာရှင်ကြီးများ ဖြစ်လေသောကြောင့်လား မသိ) လခမှန်မှန်မပေးဟု ဆိုကာ တိုက်ခန်းမှ မောင်းချနေသောကြောင့် ထိုတိုက်ခန်း ရှိရှိရန် ဆူးလေဘုရားမှ စာအုပ်သည်တစ်ဦးကို အာမခံရစေ၏။ အိမ်ခကို ထိုသူမှတစ်ဆင့် တစ်နေ့တစ်ကျပ် မှန်မှန်ပေးသွင်းခဲ့ရ၏။

သို့သော် ကြမ္မာခေလှသော ပညာရှိ သနားစရာ မိတ်ဆွေတစ်စုမှာ မကြာမီ ရေကျော် နှင်းပန်းလမ်းသို့ ပြောင်းရွှေ့လာခဲ့ကြရတော့သည်။ ထိုသို့ ပြောင်းလာခဲ့ရခြင်း အကြောင်းရင်းမှာလည်း ယခင်တိုက်ခန်းကို အာမခံပေးခဲ့ သူ စာအုပ်သည်မှာ မကြာမီက အဆုတ်ရောဂါဖြင့် ရုတ်တရက် ကွယ်လွန် သွားခဲ့ပေရာ အာမခံမည့်သူ မရှိတော့ပြီဖြစ်၍ အခန်းပိုင်ကုလားက တင်စီး စကား ပြောလာသဖြင့် မခံချင်ကြသောကြောင့် (ပညာရှိကြီးတို့၏ မာနဖြင့်) မိတ်ဆွေတစ်စု ပြောင်းရွှေ့လာခဲ့ခြင်း ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုအိမ်ခန်းခကိုလည်း ကိုချစ်မောင်နှင့် ကိုအုန်းလွင်ကပင် တာဝန်ယူကြရာ ဘိုဒါများကား လျော့နည်းကွဲကွာသွားသည်မရှိ အမြဲတမ်း တိုးပွားကာ နောက်ထပ်ပြောင်းရာ အခန်းသို့ တသီတတန်းကြီး ပါလာကြပြန်၏။ ထိုနှင်းပန်းလမ်း အိမ်သို့ရောက်လျှင် ဘိုဒါများ၏ စရိတ်စကကလေးမှ ခုမိကာမိ စေရန် 'တော်ဝင်' ဟူသော အမည်ဖြင့် စာအုပ်တိုက်တစ်တိုက်ကို ဦးချစ်မောင်နှင့် ကိုအုန်းလွင် နှစ်ယောက်ကပင် အရင်းထုတ်၍ တည်ထောင်ခဲ့ကြသည်။ သို့သော် 'တော်ဝင်' ဟူသော အမည်နှင့် လိုက်အောင် မကြာမီ အရင်းပျောက်၍ အရှုံးတွေ တော်တော်ဝင်သော အခြေသို့ ရောက်ကာ ပျက်သွားပြန်၏။ ထိုအိမ်တွင် နေကြရင်း ကျွန်ုပ်တို့ ပန်းချီဆရာ ပညာရှိ သွေးသောက်ကြီး ကိုအုန်းလွင်မှာ အိမ်ထောင်ကျသွားတော့၏။

အိမ်ထောင်ပြုလိုက်ခြင်းမှာလည်း ဘိုဒါတွေများလွန်း၍ မတတ်သာသဖြင့် လူစုခွဲလိုက်ရခြင်း တစ်နည်းပင် ဖြစ်၏။ သို့သော် ကျွန်ုပ်တို့တစ်တွေကား (အလျှော့ပေးရိုးလား) သူ့ (ကိုချစ်မောင်)ကို ဆရာတင် ခေါင်းဆောင်မြှောက်ကာ ၃၄ လမ်းသို့ ပြောင်းရွှေ့လာပြီးနောက် 'လူပျိုဂေဟာ' အဖြစ် ထူထောင်လိုက်ကြပြန်၏။ ထိုအိမ်တွင်လည်း လူစုလူဝေးက မသေးလှပေ။ ညအချိန် အလုပ်တိုက်မှ တာဝန်များ ပြီးစီး၍ အိမ်သို့ပြန်လာသော သူ့အဖို့ပင် ခြေချစရာ အိပ်စရာနေရာ မရှိအောင် တစ်ခါတရံ ဖြစ်ရပေသည်။

သို့သော် အမှန်အတိုင်း ရိုးရိုးဖြောင့်ဖြောင့် ထုတ်ဖော်ဂုဏ်ပြု ဝန်ခံရေးသားရလျှင် ကျွန်ုပ်တို့ ခေါင်းဆောင်ကြီးဖြစ်သော သူ့တွင် အိပ်ရာနေရာ တည်တည်ကျကျ မရှိ။ အိပ်ရာလိပ်လည်း မရှိပေ။ သူငယ်ချင်း အပေါင်းအသင်းနှင့် အလုပ်တွင်သာ စိတ်ဝင်စား စူးစိုက် သံယောဇဉ်ကြီးလှသော သူ့အဖို့ ဝတ်ကောင်းစားလှတစ်စုံ ကောင်းကောင်းရှိဖို့ ဝေးစွ၊ အဝတ်အစားထည့်ရန် အမည်တပ်စရာ သေတ္တာတစ်လုံးပင် မရှိခဲ့ပေ။ ထိုအခန်းတွင် အဝတ်တန်းကြီးတစ်တန်း ရှိ၏။ ထိုအဝတ်တန်းမှာ လူပျိုဂေဟာ၏ ဘုံပစ္စည်းလို ဖြစ်နေသည်။ မနက် အိပ်ရာထလျှင် ဦးရာလူက ဦးသလို ယူဝတ်သွားကြ၏။ ထိုအဝတ်ဟောင်း မျိုးစုံထဲမှ ယနေ့အဖို့ အကောင်းဆုံး အလတ်ဆုံး အဝတ်တစ်စုံကို အလုပ်သွားခါနီး ရေမိုးချိုးပြီး အလွယ်တကူ ဆွဲယူ၍ ဝတ်သွားခြင်းသည် ကိုချစ်မောင်အဖို့ နေ့စဉ် မငြိုမငြင်ပြုလုပ်မြဲ လမ်းစဉ်ကြီးပင် ဖြစ်၏။

ထိုအဖြစ်ကို သူ့တပည့်ရင်း မောင်အုန်းမြင့် (ယခု ကျော်လင်းစာပေ)က မကြည့်ရက်နိုင်ပေ။ ထို့ကြောင့် ယခင် အဝတ်ဟောင်းတွေထဲမှ အလတ်

www.burmeseclassic.com

www.burmeseclassic.com

ဆုံး အကောင်းဆုံးကို ရွေးကာ ဒိဘီပေး မီးပူထိုး၍ သူ အလုပ်သွားခါနီးမှ ထုတ်ပေးရ၏။ တစ်ခါတရံပင် ထို ထုတ်ပေးထားသော အဝတ်အစားမှာ သူ့ကိုယ်ပေါ်သို့ မရောက်မီလျှင် သူထက်ဦးသူက ယူ၍ ဝတ်သွားသည်ကို ကြုံရလေသည်။ ဤတွင် တပည့်လုပ်သူက မနေနိုင်၍ ဆူဆူပူပူ လုပ်သော်လည်း သူကား မည်သည်းမည်း၊ တွေ့သည့် အဝတ်အစားကို ယူဝတ်သွားတော့သည်။

သို့သော် မကြာမီ အပူတိုက် ဇာတ်လမ်းတစ်ခုသည် ပေါ်လာတော့၏။ တောမှ သူ့ဖခင်ကြီး ရောက်လာ၏။ ရောက်စဇာဠ်မူ ဘာမှ မပြောသော်လည်း ရက်ကြာလာသောအခါ မြန်မာ့အလင်း သတင်းစာတည်းဟူသော ရှေ့ဆောင် သတင်းစာကြီး တစ်စောင်တွင် တာဝန်ခံ အယ်ဒီတာကြီးတစ်ဦး (ထို အချိန်တွင် နေ့အယ်ဒီတာကြီးတစ်ဦး မားမားမတ်မတ် ဖြစ်နေရုံမက ဗျေးနှုန်း ဦးစံသိန်း၏ သတင်းစာကပင် အကူတောင်း၍ အချိန်ပိုသွား၍ လုပ်ပေးနေရချိန်) ဖြစ်သော သားပညာရှိကြီး အဖြစ်ကို တွေ့ရသော အဖိုးကြီးသည် ကရဏာဒေါသော ရင်ထုမနာ ဖြစ်သွားဟန်တူ၏။

"ဟေ့ မင်းတို့ သူငယ်ချင်းဖြစ်ပုံကို မင်းတို့ ဒီလိုပဲ ကြည့်နေတော့မှာလား၊ ဘယ့်နယ့်ဗျာ ကြည့်စမ်းပါဦး၊ အယ်ဒီတာကြီး တစ်ယောက် လုပ်နေပြီး အဝတ်ကောင်းကောင်းတစ်စုံ မရှိ၊ အိပ်ရာလိပ် မရှိ၊ သေတ္တာတစ်လုံး ကောင်းကောင်းမရှိဘူး၊ ရုက်စရာဗျာ။ ဒီကောင်ကိုတော့ ဒီအတိုင်းထားလို့ မဖြစ်ဘူး၊ မိန်းမပေးစားမှ၊ မင်းတို့သူငယ်ချင်းကို ပြောပါ၊ သူ့စိတ်ကြိုက် မိန်းမကို ယူမလား၊ သို့မဟုတ် ငါ ပေးစားရမလား"

အဖိုးကြီးသည် ပြောရင်းပင် ဒါပွလာဟန်ဖြင့် "သူ မိန်းမ မယူသမျှ ငါဒီအိမ်က မဆင်းဘူးကွာ၊ အဲဒါပဲ မင်းတို့ သူငယ်ချင်းကို ပြော"

စာရေးသူမှာ အားလုံးမိတ်ဆွေများထက် အဖိုးကြီးနှင့် ပို၍ ရင်းနှီးသော သူတစ်ယောက်ဖြစ်ရာ သား မိန်းမယူရန် ဖူးစာရေး ကိုနတ်ကြီးအဖြစ် တာဝန်လွှဲတော့သည်။ အိမ်ပေါ်တွင် လူကြီးမိဘတစ်ဦး ရောက်နေသဖြင့် သူငယ်ချင်းအပေါင်းအသင်းများလည်း အနေရကြပ်၏။ ထိုအကြောင်းကိုလည်း သူသိ၏။ သို၍လည်း သူ စိတ်မချမ်းမသာ၊ ရုံဖန်ရုံခါ အိမ်ကိုပင် တစ်ရက် နှစ်ရက် ပြန်မလာ။

"ကဲ ကိုချစ်မောင် ခင်ဗျား ဖားသားကြီးက ဒီလိုပဲ ပြောနေပြီ၊ မှန်တယ်၊ အဖိုးကြီးပြောတာလည်း မှန်တာပဲ။ ခင်ဗျား အသက်ရှည်ရှည် နေချင်

www.burmeseclassic.com

www.burmeseclassic.com

ရင် မိန်းမယူမှ ဖြစ်မယ်။ ဒါမှ အစားမှန်မှန်၊ အသောက်မှန်မှန်၊ အအိပ်မှန်မှန်နဲ့ ခင်ဗျားချစ်တဲ့ တိုင်းပြည်နဲ့ လူမျိုးအတွက် အသက်ရှည်ရှည် ဆောင်ရွက်နိုင်မယ်၊ ခင်ဗျား ဖားသားကြီးကလည်း ဒီအတိုင်း ပြောတယ်၊ သူ့စကားကိုလည်း ကျုပ်တို့ ထောက်ခံတယ်၊ အဲဒါ ခင်ဗျား စဉ်းစားပေါ့"

တစ်နေ့ လက်ဖက်ရည်ဆိုင်တွင် သူ့ဖခင်ကြီး၏ တာဝန်ပေးချက်အရ သူ့ကို ချောင်ကောင်းကောင်း တစ်နေရာသို့ ခေါ်ပြီး ထိုစကားကို ပြောရ၏။ ကျွန်ုပ် ပြောသောစကားများကို သူသည် မျက်မှန်ကြီး ဝင်းဝင်းအတွင်းမှ မျက်လုံးအပြူးသား နားထောင်ရင်း 'အွန်' ဟူသော အာခေါင်သံကြီးတစ်ချက် ပြုလိုက်၏။ သူသည် မိန်းမနှင့် ပတ်သက်လာလျှင် အလွန် ရှက်တတ်သူ ဖြစ်သည်။

ထိုအကြောင်းနှင့် ပတ်သက်၍ သူ့အဖို့ တသက်မမေ့နိုင်စရာ ရင်ကွဲဖွယ် အဖြစ်တစ်ခုပင် ကြုံခဲ့ရ၏။ ယခု သတင်းစာအလုပ်ကို ပထမက သူ စိတ်မကူးခဲ့ပေ။ သူ စိတ်ဝင်စားခဲ့သည့် အလုပ်ကား ဆရာဝန်အလုပ် ဖြစ်၏။ ထို ဆရာဝန်အလုပ်ကို စိတ်ဝင်စားခဲ့သည်မှာလည်း အကြောင်းက ရှိ၏။

သူ ငယ်စဉ်က သူငယ်ချင်းမတစ်ယောက် ရှိခဲ့သည်။ ထိုသူမမှာ သူ့အပေါ်တွင် အတွင်းကြိတ်၍ တဘီးလိမ့်မေတ္တာရှိနေရာ လူရိုးကြီးဖြစ်သော သူက အလျင်းမရိပ်မိပေ။ ကျန်ခြေရှင် ထိုသူမကလေးကလည်း မိန်းမသားဖြစ်၍ ဖွင့်ဟမပြောသာဘဲ နောက်ဆုံး သူ့အပေါ် ပြင်းပြသော မေတ္တာစိတ်ဒဏ်ကို ကြိတ်မှိတ်ခံစားရင်း စိတ္တဇဖြင့် သေဆုံးသွားခဲ့ရသည်။

သေခါနီးတွင် ထိုအကြောင်းများကို သူငယ်ချင်းဖြစ်သော သူ့အား နောက်ဆုံး တွေ့ဆုံခြင်းဖြင့် ခေါ်ယူတွေ့ဆုံပြီးနောက် ဖွင့်ဟပြောဆိုကာ အသက်ထွက်သွားခဲ့၏။ ထိုအခါတွင်မှ သူ့မှာ ရင်ထုမနာကြီးစွာ ဖြစ်ခဲ့ရတော့သည်။ ထိုမချိဖွယ် အချက်က သူ့အား ဆရာဝန်ဘဝသို့ မသိမသာ တွန်း၍ ပို့နေပေရာ (သူရေးသော ရွှေလင်းယုန်အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးခဲ့သည့် 'သူ' ဝတ္ထုမှ ဆရာဝန် ကိုမြင့်အောင်ပင် သူ့ကိုယ်စား ထည့်ထားလေသလားမသိ) နောက်ဆုံး သူ့ကျောင်းဆရာကြီးကြောင့် ဤစာရေးဆရာ အယ်ဒီတာဘဝသို့ ရောက်ခဲ့ရခြင်း ဖြစ်သည်။

"ဆရာဝန်အလုပ်ဟာ မွန်မြတ်တဲ့အလုပ်တော့ ဖြစ်တယ်။ ဒါပေမဲ့ တိုင်းပြည်အကျိုးကို ပြုရာမှာ နယ်ကျဉ်းတယ်၊ စာရေးဆရာ အယ်ဒီတာ အလုပ်

www.burmeseclassic.com

www.burmeseclassic.com

ကတော့ တစ်တိုင်းပြည်လုံးနဲ့ ဆိုင်လို့ မွန်မြတ်တဲ့ အလုပ်ချင်းအတူတူ ဆရာဝန် အလုပ်ထက် နယ်ကျယ်တယ်။ မင်း အယ်ဒီတာ လုပ်ချင်ရင် စာများများဖတ်"

ဆရာကြီး၏ ဩဝါဒကြောင့် နောက်ဆုံးယခုကဲ့သို့ အယ်ဒီတာ ဘဝသို့ ရောက်လာခဲ့ခြင်းဖြစ်ရာ ထိုအကြောင်းများကို ဤစာရေးသူအား သူကိုယ်တိုင် ပြောပြ၍ ကြားသိမှတ်ရဖူး၏။ ထိုအကြောင်းကလေးနှင့် ပတ်သက်၍ပင် ဇာတ်လမ်းဆင်ကာ သူ အယ်ဒီတာလုပ်သော မြန်မာ့အလင်း မဂ္ဂဇင်းတွင် တစ်ခါက 'သူ' ဟူသော အမည်ဖြင့် စာရေးသူကိုယ်တိုင် ဝတ္ထုတိုတစ်ပုဒ်ပင် ရေးခဲ့ဖူးသေးသည်။

"အဲဒါပဲတဲ့ဗျ၊ ခင်ဗျား မိန်းမ မယူရင် သူ အိမ်ပေါ်က မဆင်းဘူးတဲ့၊ အဲဒါ ခင်ဗျားကိုယ်တိုင် ကြိုက်တဲ့မိန်းမကို ယူရင်ယူ၊ မယူရင် သူက ပေးစားရလိမ့်မယ်တဲ့"

ဤစာရေးသူက ယခင်အကြောင်းများကို ဆက်၍ပြောပြရာ သူသည် ခေါင်းကြီး ငိုက်စိုက်ချ တွေဝေနေ၏။ သူတွေဝေနေပုံမှာလည်း ရင်ထုမနာဖြစ်စရာပင်တည်း။

သူသည် လူတစ်ယောက်၏အကြောင်း အကောင်းအဆိုးကို ဘယ်အခါမှ ပြောတတ်သူမဟုတ်၊ လောကရှိသမျှ လူတွေအားလုံးအား သူ့စိတ်နှင့် နှိုင်းကာ အားလုံး လူကောင်းချည်း ထင်မှတ်ယူဆထားသူ ဖြစ်၏။ စိတ်ထား မကောင်းသော လူအချို့နှင့် တွေ့ရသည့်တိုင် ထိုသူ၏အကြောင်း မကောင်း ဘယ်အခါမှ မပြော၊ ထိုသူ့အတွက်ပင် သူ့မှာ သနားမဆုံး ယူကျုံးမရ ဖြစ်နေတတ်ပေသည်။

ရေကျော် နှင်းပန်းလမ်းတွင် နေစဉ် တစ်ညနေ မိုးတွေက ရွာနေခိုက် လူတစ်ယောက်သည် သူ့ထီးအောက်သို့ ဝင်လာကာ 'မိုးခိုပါရစေ'ဟု ဆိုရင်း အတူလျှောက်လာကြ၏။ ထိုသူမှာ လူယုတ်မာတစ်ယောက်ဖြစ်ကာ မိုးခို လမ်းလျှောက်လာရင်း သူ့အိတ်တွင်းမှ ပိုက်ဆံအိတ်ကို ခါးပိုက်နှိုက် ယူနေသည်။

ထိုအကြောင်းကိုလည်း သူ မသိသည်မဟုတ်၊ သိပြီး မြင်ပြီး ဖြစ်၏။ သိလျက်နှင့်ပင် မသိဟန်ဆောင်နေလိုက်ရုံမက ထိုသူနှိုက်ယူရ လွယ်ကူအောင် ထီးကိုင်သောလက်နှင့် ဖိထားသော အင်္ကျီအိတ်ကိုပင် အသာကြွ၍ ပေးလိုက်၏။ ထိုအကြောင်းများကို သူ့မိတ်ဆွေ ကျွန်ုပ်တို့အား ပြန်၍ပြောပြရင်း...

www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်က မသိချင်ယောင်ဆောင်ပြီး ငြိမ်နေလိုက်တာကတော့ သိရင် ဒီလူ ရှက်သွားမှာ စိုးလို့ပါဗဲဗျာ" ဟု ရယ်မောနေရာ "ဖြစ်မှ ဖြစ်ရလေဗျာ၊ တကယ့် အံ့သြစရာ လူပါဗဲ"ဟု ကျွန်ုပ်တို့တစ်တွေ သူ့အဖြစ်ကို အံ့သြမဆုံး ဖြစ်ရတော့ သည်။

သူ့အပေါ်တွင် အတော်ကလေး ဆိုးကြသော သူငယ်ချင်း များစွာ ရှိ ကြ၏။ သူ့အဝတ်ကိုလည်း ယူဝတ်၊ သူ့အိတ်ကိုလည်း နှိုက်၊ သူ့ ပိုက်ဆံကို လည်း သုံး၊ သူ ကျွေးသော အစားအစာကိုလည်း စား၊ သူတိုက်သော လက် ဖက်ရည်ကိုလည်း သောက်ကာ "အလကား လူအ၊ လူငနွားကြီးပါဗျာ" ဟု သူ့အကြောင်းကို မကောင်းပြောသူများ ရှိကြ၏။

ထိုသူများကိုပင် သူကိုယ်တိုင် မကြာမကြာ လိုက်၍ရှာကာ ကိုယ်တိုင် ခေါ်လာပြီးနောက် ကျွေးမွေးကာ စရိတ်ပါ ပေးကမ်းလွှတ်လိုက်ရင်း ထိုသူ မပေါ်လာသည်မှာ ကြာသွားလျှင် "ဒီလူကို မတွေ့ဘူးလား ဗျို့၊ တွေ့ရင် ကျွန်တော့်ဆီ လာပါဦးလို့ တစ်ဆိတ် ပြောလိုက်စမ်းပါ၊ ကျွန်တော်က မေးနေ တယ်လို့၊ လက်ဖက်ရည်ကလေးများ လာသောက်စမ်းပါဦးလို့... "

ဤတွင် ကိုချစ်မောင်နှင့် လက်ဖက်ရည် ရာဇဝင်ကလေးကိုတော့ ညှပ် ၍ ရေးလိုသည်။ စာရေးဆရာများတွင် လက်ဖက်ရည် အသောက်ဆုံးသူ တစ် ယောက်ကို လက်ညှိုးညွှန်ပြပါဟုဆိုလျှင် ကျာနယ်ကျော် ဦးချစ်မောင်ကိုပင် ညွှန်ပြရပေလိမ့်မည်။

ကိုချစ်မောင်သည် မိတ်ဆွေတွေ့တိုင်း တွေ့သမျှ မိတ်ဆွေများကို လက် ဖက်ရည်ဆိုင်သို့ ခေါ်သွားတတ်ကာ ရံဖန်ရံခါလည်း လက်ဖက်ရည်ဆိုင် တစ် ဆိုင်မှ ထိုင်၍စောင့်ရင်း လာသမျှ မိတ်ဆွေများကို ခေါ်၍ လက်ဖက်ရည် တိုက်ပြီး စကားပြောတတ်၏။ ထိုအကြောင်းကို သူနှင့် ရင်းနှီးခင်မင်သော မိတ်ဆွေများအားလုံး အသိဖြစ်ပေလိမ့်မည်။

"ခုချိန်ထိ ကျွန်တော် လက်ဖက်ရည်သောက်တာ ၁၀ ခွက် ရှိပြီ" ဟူ၍လည်း ပြောတတ်၏။ ထို့ကြောင့် နောက်ဆုံး ကိုချစ်မောင် မကျန်းမာ၍ ကွယ်လွန်သည့်အခါ ထို လက်ဖက်ရည်ဒဏ်များပင် တစ်စိတ်တစ်ဒေသ ပါဝင် လေသလားဟု ကျွန်ုပ်တို့ သံသယဝင်မိ၏။ သို့သော် ယခုလို ဦးချစ်မောင်၏ လက်ဖက်ရည် ရာဇဝင်ကလေးကို ခင်းမိသဖြင့် အကြောင်းဆိုက်၍ အနောက်

www.burmeseclassic.com

www.burmeseclassic.com

နိုင်ငံ စာရေးဆရာကြီးများ ဖြစ်ကြသော ဂျွန်ဆင်နှင့် အပေါင်းပါ ရေးဖော်များ၏ လက်ဖက်ရည်ကြိုက်သော အကြောင်းများကို သွား၍ သတိရမိပေသည်။

လက်ဖက်ရည်နှင့် စာရေးဆရာများမှာ 'အောင်ပကုလား ဆွေသားတော်ရင်း'မိတ်ဖက် နံဖက်ချင်းပင် ဖြစ်လေရော့သလား မပြောတတ်ပေ။ ဒေါက်တာဂျွန်ဆင်ဆိုလျှင် တစ်ထိုင်တည်း လက်ဖက်ရည်ခွက် ၂၀ သောက်သည် ဆိုရာကျွန်ုပ်တို့ မိတ်ဆွေရေးဖော်ကြီး ဦးချစ်မောင်ကပင် လက်မြှောက်ရသူ ဖြစ်ပေသည်။ သို့သော် ထိုခေတ်က လက်ဖက်ရည်ခွက်များမှာ ယခုခေတ်ထက် သေးငယ်ကြောင်း သိရ၏။

မနက် လက်ဖက်ရည်၊ နေ့ခင်း လက်ဖက်ရည်၊ ည လက်ဖက်ရည် ဖြင့် ဂျွန်ဆင်အတွက် လက်ဖက်ရည်အိုးမှာ ဆေးရသည်မရှိဘဲ ရံဖန်ရံခါ နံနက် ၄ နာရီအထိပင် သူ့အား အိမ်ရှင်မက လက်ဖက်ရည်အိုးတည်၍ ပေးနေရသည်ဟု ဂျွန်ဆင်ကိုယ်တိုင်ရေး မှတ်တမ်းစာစောင်တွင် ဖတ်ရဖူးသည်။

ဂျွန်ဆင်ကဲ့သို့ပင် ဟေးဇလစ်၊ ဇင်မာပင်း စသော အခြားဆရာများလည်း ရှိကြသေး၏။ ထိုသူများလည်း တစ်နေ့လျှင် ၁၀ ခွက်ထက်မနည်း လက်ဖက်ရည် (အချို့ကာဖီ)များကို သောက်ကြသူများ ဖြစ်ကြရာ ဟေးဇလစ်၏ လက်ဖက်ရည်မှာ လူတိုင်း လက်ဖျားခါရသည်ဆို၏။

လက်ဖက်ရည်အိုးတွင် ရေနွေးတစ်ခွက်ခန့်ဖြင့် လက်ဖက်ခြောက် တစ်ဝက်ခန့်ကို နို့ဆီသကြားနှင့် လောက်အောင်ထည့်ကာ သူ့လက်ဖက်ရည်ကို သောက်လိုက်သူတိုင်း အီဆိမ့်၍သွားလေသည်၊ ဇင်းမာပင်းသည် လက်ဖက်ရည်တွင် အရသာပို၍လေးစေရန် ဆားခတ်၍ပင် သောက်သေးသည်ဆိုရာ ဆား၏သတ္တိမှာ သွေးသားကို တက်ကြွလှုပ်ရှားကာ အလုပ်ကိုတိုး၍ လုပ်ကိုင်နိုင်သည်ဟု ဆို၏။

သို့သော် ရေးဖော်ကြီး ဦးချစ်မောင်က သူတို့ထက် ထူးသော သာသော အချက်တစ်ခုမှာကား လခထုတ်သည့်နေ့များတွင် လက်ဖက်ရည်ဆိုင်မှ ထိုင်၍ စောင့်မျှော်ကာ အလှူဒါယကာကြီးလုပ်၍ လာသမျှ မိတ်ဆွေများအား မည်ရွေ့မည်မျှ ကုန်အောင်တိုက်မည် ဟူသော အဓိဋ္ဌာန်တစ်ချက်ပင် ထားသေးကြောင်း သူကိုယ်တိုင်က ပြောပြဖူးသည်။

ကိုချစ်မောင်၏ လက်ဖက်ရည်ရာဇဝင် ခင်းနေရ၍ စကားဆက် ပြတ်သွားဦးမည်။ သူ့၏ ဖူးစာရေး ကိုကြီးနတ်ဇာတ်လမ်းက မပြီးဆုံးသေးပေ။

www.burmeseclassic.com

www.burmeseclassic.com

သူမိန်းမ မယူသမျှ သူ့အဖိုးကြီးကလည်း ကျေနပ်ဦးမည်မဟုတ်၊ အိမ်ပေါ်မှ ဆင်းမည် မဟုတ်ပေ။ ထို့ကြောင့် သူ့အား မိန်းမယူရပါမည့် ဇာတ်လမ်းကို စာရေးသူကလည်း အဆင်းတွန်းသလို အမြဲတမ်း အပူတပြင်း တိုက်တွန်းနေရပေသည်။

သူ့အဖေ အဖိုးကြီးကလည်း စာရေးသူနှင့် တွေ့တိုင်း ခင်မင်ရင်းနှီးသူ ဖြစ်သည့်အတိုင်း သူ့သား မိန်းမယူရန် တိုက်တွန်းဖို့ချည်း ပြောနေ၏။ ပြောတိုင်းလည်း ထိုစကားများကို သူ့ထံသို့ နောက်ဆုံး "စက်ရပ်သတင်း" တစ်ခု အနေဖြင့် ပို့ရ၏။ ပို့တိုင်း သူ့တွင် စိတ်မချမ်းသာသော အရိပ်အယောင်များကို တွေ့ရ၏။

သူ စိတ်မချမ်းသာဆုံးကား မိတ်ဆွေသူငယ်ချင်းများအတွက် အလေးအကဲဆုံး ဖြစ်၏။ သူ့မိတ်ဆွေများအပေါ် သူချစ်၏။ ခင်၏။ လေးစား၏။ အလွန်ထောက်ထားညှာတာ အားနာတတ်သူလည်း ဖြစ်၏။ ထို့ကြောင့် သူငယ်ချင်းမိတ်ဆွေများအတွက် စိတ်မကောင်းပေ။

မှတ်မိသေးသည်ကား သူသည် အလုပ်တာဝန်ကို အလွန်ကျေသူဖြစ်ရာ ဘယ်အခါမှ (နေ့အလုပ် ညအလုပ် မခွဲခြား) စောစောပြန်လာရသည်နေ့ ဟူ၍ မရှိပေ။ တစ်ညတွင် ညဉ့်အလွန်နက်မှ ပြန်လာရာ သူ့မိတ်ဆွေများစားဖို့ မည်သည့်စိတ်ကူးနှင့်မသိ မုန့်လေပွေများကို တစ်ပွဲကြီး ဝယ်၍လာ၏။ သို့သော် ထိုအချိန်တွင် သူ့မိတ်ဆွေများကား အိပ်မောကျနေကုန်ကြပြီ ဖြစ်၍ မည်သူမျှ စားမည့်သူမရှိပေ။

သို့ဖြစ် သူ့မုန့်လေပွေများကို သူကိုယ်တိုင် ကုန်အောင် စားရတော့မည် ဖြစ်ရာ ဂျိုးဂျိုးဂျွတ်ဂျွတ် မြည်လှသော မုန့်လေပွေကို ကိုက်ဝါးလျှင် ထိုအသံကြောင့် အိပ်နေသော သူငယ်ချင်းများ နိုးမည်ကိုစိုးသည့်အတွက် အသံမကြားအောင် ဦးခေါင်းနှင့် မျက်နှာတစ်ပိုင်းကို ပြတင်းပေါက်အပြင်သို့ ထုတ်၍ ကိုက်ဝါးစားနေ၏။

ထိုအကြောင်းကို ထိုစဉ်က အိပ်မပျော်သေးသော သူငယ်ချင်း တစ်ယောက်က တွေ့သော်လည်း အိပ်ချင်ပြုကာ မြို၍ ထိုအကြောင်းစုံကို နံနက်လင်းမှ ပြောပြ၏။ သူကလည်း ထိုအကြောင်းကို ဝန်ခံပြောဆိုရာ မိတ်ဆွေတစ်စု တဝါးဝါး ရယ်မောရလေသည်။ ဤမျှအထိ မိတ်ဆွေများအပေါ် ညှာတာအားနာသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ သူတို့ပေးစားတဲ့ မိန်းမကိုတော့ ကျွန်တော် ဘယ်နည်းနဲ့မှ မယူနိုင်ဘူးဗျာ"ဟု သူက ပြန်ပြောသေး၏။

"အေးလေဗျာ၊ သူတို့ပေးစားတဲ့မိန်းမ မယူချင်လည်း ဘယ်မိန်းမယူ ယူပေါ့၊ အဘိုးကြီးက ခင်ဗျား မိန်းမယူရင်ယူ မယူရင်သာ သူက ပေးစားရ လိမ့်မယ် ပြောတာပါ။ ဒါထက် ကိုရင်က သူတို့ပေးစားတဲ့မိန်းမ မယူနိုင်ဘူး ဆိုတော့ ကိုယ်တိုင်များ တွေ့ထားတာ ရှိနေလို့လားဗျ"

"အား... အား... အား"

သူသည် ဘယ်အခါမဆို သူ သဘောတွေ့သော အကြောင်းတစ်ခုနှင့် ရင်ဆိုင်လာလျှင် ဤသို့ပင် ပြုံးပြုံးကြီး ပြန်လှန်ရယ်မော ပြောတတ်၏။ အမှန်ကား သူကိုယ်တိုင် သူ့ကိုယ်စွမ်းကိုယ်စနှင့် ဘယ်မိန်းမကိုမှ ရနိုင်မည့်သူ မဟုတ်၊ ရနိုင်သော်လည်း စဝံမည် မဟုတ်ကြောင်းကို သူ့သူငယ်ချင်းများအား လုံး သိပြီး ဖြစ်ကြသည်။

ဟုတ်တယ်၊ ကျွန်တော့် သဘောကတော့ ကိုချစ်မောင် ခင်ဗျား အသက် ရှည်ရှည်နေချင်ရင် မိန်းမယူရမယ်ဗျာ။ မိန်းမယူမှ ခင်ဗျားလူလည်း ကျန်းမာ မယ်၊ စိတ်လည်းချမ်းသာမယ်။ ခင်ဗျားချစ်တဲ့ တိုင်းပြည်နဲ့ သူငယ်ချင်း မိတ် ဆွေတွေရဲ့ အကျိုးကို ဒီထက်ပိုပြီး အကျိုးဆောင်နိုင်မယ်"

"မိန်းမယူတာနဲ့ ဘာဆိုင်လို့လဲဗျ၊ လင်းစမ်းပါဦး ကိုကြီးနတ်ရယ်" ဟူ၍ပင် သူက ပြန်၍ နောက်ပြောင်လိုက်သေးသည်။

"မိန်းမယူတော့ ခင်ဗျားမိန်းမကို ငဲ့တဲ့သဘောတွေလည်း ပါတာပေါ့ ဗျာ၊ နောက်ပြီး သားသမီးတွေအပေါ် ငဲ့တဲ့သဘောတွေလဲပေါ့၊ မရယ်နဲ့လေဗျာ။ ကျွန်တော်က အတည်ပြောနေတာ၊ ခင်ဗျား ရှိတ်စပီးယား စကားပုံ တစ်ခုကို ကြားဘူးတယ် မဟုတ်လား"

"အင်း ဆိုစမ်းပါဦးဗျာ"

"မိန်းမမရှိတဲ့ လူပျိုတစ်ယောက်ဟာ သစ္စာရှိတဲ့ တိုင်းသူပြည်သား ကောင်းတစ်ယောက် မဖြစ်နိုင်ဘူးဆိုတာ သိတယ် မဟုတ်လား၊ ဘာကြောင့် လဲဆိုရင် မိန်းမမရှိတော့ သူ့မှာ ဘာမှ ရှေ့နောက် ထောက်ထားစရာ သံယော ဇဉ် အတွယ်အတာ မရှိဘဲ ကိုယ်လွတ်ရုန်းနိုင်တာပေါ့ဗျာ၊ လောကီကို စွန့်ပြီး လောကုတ္တရာရေးရာကို လိုက်နေတဲ့ ဘုန်းကြီးတွေကိုပဲ ကြည့်ပါလား"

www.burmeseclassic.com

www.burmeseclassic.com

"ဒါပေမဲ့ ရှိတ်စပီးယားကတော့ ဒီဘုန်းကြီးတွေကို ဆိုလိုတာ ဟုတ်မယ် မထင်ပါဘူးဗျာ ဟား... ဟား"

"အေးပေါ့လေ၊ ဒါက ကျွန်တော်က လွယ်လွယ်ကူကူ ခိုင်းပြောတဲ့ဥပမာပါ။ ရှိတ်စပီးယားက တကယ် တိုင်းပြည်ကို သစ္စာဖောက်ပြီး ရာဇဝတ်မှု တစ်ခုခုကို ကျူးလွန်တာတောင် မိန်းမမရှိတဲ့လူတွေက ပိုပြီး ကိုယ်လွတ်ရုန်း လုပ်ကိုင်တတ်တယ်ဆို မဟုတ်လား၊ ဒါကြောင့် ဗမာဘုရင်တွေ လက်ထက်က ဆွေ ၇ ဆက်၊ မျိုး ၇ ဆက်ဆိုတဲ့ အမိန့်တွေတောင် ထုတ်ထားတာပဲ။ သားသမီး မိဘ သံယောဇဉ်ကို ငဲ့ကွက်ပြီး ဆိုးစရာသွမ်းစရာ ရှိရင်တောင် မဆိုးနိုင်အောင်လို့ပေါ့"

သူက ပြုံးပြုံးကြီး နားထောင်နေ၏။ ကျွန်ုပ်ကလည်း သူ့အဖေကြီး ပေးသောတာဝန် ကျေပွန်ပါရန်အလို့ငှာ အဆက်မပြတ် တွင်တွင်ကြီး ဟောပြောနေရတော့သည်။ ဤတွင် သူက ထိရောက်သော မေးခွန်းတစ်ခုကို ဒက်ခနဲ မေးလိုက်လေ၏။

"ဒါကြောင့် ခင်ဗျားလည်း မိန်းမယူလိုက်တာလား"

"အေးပေါ့ဗျ... ၊ အခု ကျုပ်ကိုကြည့်စမ်း၊ အရင်က ကျုပ်နဲ့ တူရဲ့လား၊ ဘယ်လောက် ဝလာသလဲ၊ လှလာသလဲ"

"အား... အား... အား"

မှန်သည်။ ကျွန်ုပ်ကား ထိုအချိန်က အိမ်ထောင်ကျခဲ့သည်မှာ လပိုင်းလောက်သာ ရှိသေး၏။ မိန်းမယူစဉ် ခေတ္တခဏမျှပင် ယခု ကိုချစ်မောင်တို့နေသော အိမ်ခန်းကလေးသို့ ခိုးပြေးလာကာ သုံးလေးရက်မျှ နေထိုင်ခဲ့ဖူးသေး၏။ ထိုကြောင့် မိန်းမယူပြီးသော သူတစ်ယောက်အား သူ့ဖခင်ကြီးက တမင်ပင်ရွေး၍ တာဝန်ပေးလေသလား မသိပေ။

"အဲဒါကလေးတွေ စာနဲ့ ရေးပေးစမ်းပါလားဗျာ၊ ကျွန်တော်က တနလ်ာသားဗျ၊ အင်မတန် မေ့တတ်တယ်။ ဘာမဆို ကျွန်တော့်ခေါင်းထဲမှာ တစ်နာရီနှစ်နာရီဆိုရင် မေ့သွားတာပဲ"

"ဒါဖြင့် ခင်ဗျားအလုပ်လုပ်တော့ကောဗျာ"

"ဒါကတော့ အလုပ်လုပ်ခါနီး စဉ်းစားလိုက်တဲ့အခါမှ ပေါ်ပေါ်လာတာကိုးဗျ"

www.burmeseclassic.com

www.burmeseclassic.com

"အင်း မစဉ်းစားတဲ့ကိစ္စ ဆိုရင်တော့ မပေါ်လာဘူး ဆိုမှာပေါ့လေ၊ အင်း ဒါလည်းဟုတ်နိုင်တာပဲ"

ထိုစကားလည်း မှန်သည်။ သူသည် နေ့စဉ် အလုပ်တာဝန်များမှ လွဲ၍ ဦးနှောက်အတွင်း၌ ဘာတစ်ခုမျှ ပူပန်သောက စိတ်ရှုပ်ထွေးစရာ တွေးစရာကို မထားတတ်ပေ။ အားလုံး မေ့ပျောက်ပစ်လိုက်သည်။ ထို့ကြောင့် သူသည် ဦးခေါင်းကို ချလိုက်သည်နှင့် မည်မျှပင်ပန်းကြီးလေးသော အလုပ်တာဝန်များကို ထမ်းဆောင်ခဲ့ရသည့် တိုင်အောင် နှစ်နှစ်ခြိုက်ခြိုက်ကြီး တခဏချင်း အိပ်ပျော်နိုင်ခဲ့သည်။ ထိုအချက်က သူ၏ ကျန်းမာရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုလျက် ရှိနေပေသည်။

"အေးလေ ကျွန်တော်လည်း တောပြန်မလို့၊ ခင်ဗျားကို ပြောတဲ့ ခုနက အကြောင်းတွေကို ကျုပ် တောရောက်တော့ ရေးပို့လိုက်မပေါ့၊ အဲဒါပဲဗျာ ကျွန်တော်တော့ ခင်ဗျား ဖားသားကြီးစကားကို ထောက်ခံတယ်၊ ခင်ဗျား မိန်းမယူမှ ဖြစ်မယ်"

သို့ဖြင့် ဤစာရေးသူလည်း မကြာမီ တောသို့ ခေတ္တပြန်ခဲ့သည်။ တောသို့ ရောက်သောအခါ ထိုအကြောင်းကို သူ့ထံသို့ ရေးပို့မိလေသလား မမှတ်မိတော့ပါ။ မကြာမီ ကိုချစ်မောင်တစ်ယောက် စာပေဝါသနာတူ မြစ်ဝကျွန်းပေါ် အရပ်မှ အမျိုးသမီးတစ်ယောက်နှင့် အိမ်ထောင်ပြုတော့မည် ဟူသော သတင်းကို ကြားလာရ၏။ ထိုသတင်းနှင့် မရှေးမနှောင်းပင် "လက်ထပ်ပြီးစီးပါကြောင်း၊ ဖိတ်စာများ သီးခြားမဝေပါ" ဟူသော မင်္ဂလာသတင်းကလေး တစ်ပိုဒ်သည်လည်း သတင်းစာများတွင် ပါလာသည်ကို ဖတ်ရ၏။ ထိုအမျိုးသမီးကား ယခုဇနီးသည် စာရေးဆရာမကြီး ဂျာနယ်ကျော်မမလေးပင် ဖြစ်သည်။

မကြာမီ မြန်မာ့အလင်းမှ တိုက်ရှင်နှင့် အယ်ဒီတာ ဝိဝါဒ ကွဲပြားသော အကြောင်းတစ်ခုကြောင့် သူထွက်ခဲ့ပြီး ကိုယ်ပိုင် 'ဂျာနယ်ကျော်'ကို တည်ထောင်ထုတ်ဝေခဲ့သည်။ ဂျာနယ်ကျော်ထွက်ပြီး မကြာမီပင် (၃)စစ်ကြီး ဖြစ်လာပြီး နောက် မြန်မာပြည်တွင်းသို့ ဂျပန်များ ဝင်ရောက်လာ၏။

စစ်ကြီးအတွင်း၌ကား တစ်ဦးနှင့်တစ်ဦး သွားရေးလာရေး အဆက်အသွယ် မလွယ်ကူ၍ သူတို့နေသောအိမ်သို့ မရောက်နိုင်သော်လည်း သူနှင့်ကား လက်ဖက်ရည်ဆိုင်များတွင် ထုံးစံအတိုင်း မကြာမကြာ တွေ့ရသည်။ ဂျပန်ခေတ်တွင် ကိုချစ်မောင်မှာ နေအိမ်အတွက် အတော် ကသီလင်တာ ဖြစ်ခဲ့ရ၏။

www.burmeseclassic.com

www.burmeseclassic.com

သူ ပြောင်းရွှေ့နေထိုင်မိသော အိမ်မှန်သမျှ ဂျပန် စစ်ဘက်ဆိုင်ရာများက မကြာမကြာ ရွှေ့ဆိုင်းဖယ်ခိုင်းခြင်းဖြင့် အိမ်အတွက် သူ့ခမျာ အတော်ပင် ဒုက္ခပွားခဲ့ရရှာသည်။

စစ်အတွင်း ဂျပန်ခေတ်၌ လူတိုင်း အလုပ်အကိုင် အတည်တကျ မရှိခဲ့ရာ စာရေးသူအပေါ် ကိုချစ်မောင် ပြုခဲ့သော ကျေးဇူးကား ကြီးလှသည်။ ထိုကျေးဇူးကို စာရေးသူသည် ဘယ်အခါမှ မမေ့နိုင်ပေ။ ထိုစဉ်က အလုပ်အကိုင်မရှိ (အလုပ်လက်မဲ့ ဖြစ်နေသော) စာရေးသူအား စာအုပ်ဆိုင်ကလေး တစ်ဆိုင် တည်ခင်းရောင်းချရန် အရင်းအနှီးအဖြစ် ဆိုင်ဆောက်ခငွေ ၅၀ ကျပ်နှင့် ရောင်းရန် စာအုပ်များကိုပင် ထုတ်ပေးခဲ့သည်။

ထိုဆိုင်ကလေးမှ စတင်၍ပင် အရောင်းအဝယ် လုပ်ရင်း ဂျပန်ခေတ် တစ်ခေတ်လုံး နေသာထိုင်သာ ရှိခဲ့ရာမှ စာရေးသူအဖို့ ယခုနေထိုင်သော အိမ်ကလေးကိုပင် စတင် ဆောက်နိုင်ခဲ့သည်။ သူ့ကျေးဇူးကား ကြီးလှ၏။ ယခင်ငွေ ၅၀ ကျပ်ကို ပေးစဉ်က "ရှုံးမှန်းမသိ မြတ်မှန်းမသိ ခင်ဗျားပိုက်ဆံကို ကျုပ်ပြန်မပေးနိုင်ဘူးနော်" ဟူ၍ပင် စာရေးသူက ပြောသေးရာ "ခင်ဗျားကို ပေးကတည်းက ပြန်ပေးဖို့ မဟုတ်ဘူး" ဟု သူက ပြန်ပြော၏။

ဂျပန်ခေတ် နောက်ပိုင်းတွင် ကျွန်ုပ်သည် ဒုလ္လဘရဟန်းဘောင်သို့ တက်ခဲ့သည်။ ထိုရဟန်းခံပွဲသို့ သူနှင့်တကွ မိတ်ဆွေများ ဝိုင်းဝန်းလာရောက်ကြကာ သူက မှတ်မှတ်ရရ ထူးမြတ်သော လက်ဆောင်အဖြစ် စိတ်ပုတီးတစ်ကုံး လှူဒါန်းသွားပေသည်။ ယခု ထိုစိတ်ပုတီး ရာဇဝင်ကလေးကို အကြောင်းဆိုက်၍ ခင်းရပေဦးမည်။

ထိုပုတီးကို မလှူမီ ကျွန်ုပ်တွင် ပုတီးတစ်ကုံး ရှိခဲ့၏။ ထိုပုတီးမှာ ကွယ်လွန်သူ ဆရာကြီး ပီမိုးနင်းကိုယ်တိုင် စိပ်ခဲ့သောပုတီးဖြစ်ရာ ဆရာကွယ်လွန်သည့်အခါ ထိုပုတီးကို ကျွန်ုပ်က အမွေရလိုက်ပေသည်။ ထိုပုတီးကို ဆရာ့အား ရည်မှန်း၍ ညစဉ်စိပ်ခဲ့ရာ ယခု သူလှူသော ပုတီးကိုရသည့် အချိန်တွင်ကား သူ့ဒါနကိုလည်း ဖြည့်ရာရောက်အောင် သူ့ပုတီးကို ကျွန်ုပ်ဇနီးက စိပ်ခဲ့၏။ ဆရာကြီး၏ ပုတီးကို ကျွန်ုပ်၏ဇနီးက စိပ်ခဲ့သည်။

မကြာမီ ဂျပန်များ စစ်ရှုံး၍ လက်နက်ချပြီးနောက် စစ်ကြီးလည်း ပြီးဆုံးသွားခဲ့သည်။ ထိုအချိန်တွင် ကိုချစ်မောင်သည် ဖဆပလ ဌာနချုပ်၌ အမှုဆောင်တစ်ဦးအဖြစ် ဝင်ရောက် လုပ်ကိုင်နေရာမှ တစ်နေ့တွင် မြန်မာ့အံ့လင်း

www.burmeseclassic.com

www.burmeseclassic.com

တိုက် (ယခုနေရာ) သို့ ရောက်သွားခဲ့ရာ 'ဦးချစ်မောင်တစ်ယောက် အတော် အသည်းအသန် မကျန်းမာ၍ ဆေးရုံကြီးသို့ ရောက်နေသည်' ဟု မိတ်ဆွေများက ပြောပြ၍ သိရသည်။

ထိုစဉ်က စာရေးဆရာအသင်းတွင် သူက ဥက္ကဋ္ဌ၊ ကျွန်ုပ်က အတွင်းရေးမှူး လုပ်နေသောနှစ် ဖြစ်သော်လည်း သူ့မှာ ဖဆပလ အလုပ်တွေက အလွန်များနေသဖြင့် ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးပင် မတွေ့ရသည်မှာ အတော်ကြာသွားခဲ့ပြီ။ ထိုနေ့ညနေတွင် ဆေးရုံကြီးသို့ သွားရောက်သည့်အခါ သူ့မှာ သတိ အလျင်းမရသော အဖြစ်နှင့် အတော်ကြီး စိုးရိမ်ရသော အခြေသို့ ရောက်နေသည်ကို တွေ့ရ၏။

ထိုညဥ့် အတော်ကြီး ညဉ့်နက်မှ အိမ်သို့ ပြန်ရောက်ပြီး ကျွန်ုပ်၏ ဇနီးအား သူ့အကြောင်းကို စိတ်မကောင်းစွာဖြင့် ပြောပြရသည်။ ထို့နောက် နေ့စဉ် ဝတ်မပျက် ပုတီးစိပ်ရန် စာအုပ်ဗီရိုအတွင်းမှ ပုတီးကို ဆွဲယူလိုက်သည်။ အံ့သြစရာ တိုက်ဆိုင်၍နေသည့် အဖြစ်တစ်ခုကား ထိုအချိန်မတိုင်မီ အတန်ကြာကာလက ဤစာရေးသူ အမြဲစိပ်နေသော သူ့ပုတီးမှာ ရှာမတွေ့ဘဲ ပျောက်နေ၏။

ထိုညတွင်မှ ပုတီးစိပ်ရန် ဆွဲယူလိုက်သည့်အခါ မည်သည့်နေရာက ရောက်လာသည်မသိ ကျွန်ုပ်လက်ထဲသို့ သူလှူထားသော သူ၏ပုတီးပင် ပါလာခဲ့သည်ကို တွေ့ရ၏။ "ဟင် ဒါ ကိုချစ်မောင် ပုတီးပါလား၊ ဘယ်က ရောက်လာသလဲ"

ကျွန်ုပ်က အံ့သြစွာပြောရင်း ဇနီးသည်အား မေး၏။ ဇနီးကလည်း အံ့သြစွာပင် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ရင်း ဘာမျှ ပြန်မပြောနိုင်ပေ။ ထိုပုတီးနှင့် ပတ်သက်၍ တောင်တွေးမြောက်တွေးဖြင့် အတော်ကလေး စိတ်မကောင်း ဖြစ်မိသည်။ တစ်ညလုံး သူ့အတွက် ဆုတောင်းမိသည်။ မိုးမြန်မြန်လင်းပါစေဟူ၍လည်း စိတ်စောနေမိလေသည်။

နောက်တစ်နေ့ လင်းအရုဏ်ကား ရောက်လာခဲ့ပြီ။ နံနက် အစောကြီးပင် ထကာ ဆေးရုံကြီးသို့ လျှောက်သွားရန်နှင့် သတင်းလည်းမေးရင်း မြန်မာ့အလင်းဘက်သို့ ထွက်လာခဲ့၏။ ထိုနေ့ကား (၂-၄-၄၆) နေ့ ဖြစ်၏။ ကျွန်ုပ်တို့အဖို့ မမေ့နိုင်သောနေ့ပင် ဖြစ်၏။ မြန်မာ့အလင်း သတင်းစာတိုက်ရှေ့သို့ ရောက်သောအခါ မိတ်ဆွေတစ်စုနှင့် တွေ့ရပြီးနောက် ထိုနေ့လင်းအား

www.burmeseclassic.com

www.burmeseclassic.com

ကြီး အရာထမ်မတက်မီ သူ (သဘောထား ပြည့်ဝကောင်းမွန်ကာ မြန်မာပြည်ကြီး၏ သားကောင်းတစ်ယောက် ဖြစ်သောသူ) ဦးချစ်မောင် ကွယ်လွန်သွားရှာပြီ ဖြစ်ကြောင်း ကြေကွဲဖွယ် ကြားရလေတော့သည်။

သခင်ဘ

ရန်ကုန်၊ စာပေဗိမာန်၊ ၁၉၇၆

www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်ကျော် ဦးချစ်မောင်

"လက်ဖက်ရည်ဖိုးကို ကျွန်တော်ပေးပါ့မယ်၊ ထုံးစံအတိုင်းပါပဲ"

သူသည် လက်ဖက်ရည်ဝိုင်းမှ လက်ဖက်ရည်ဆိုင်ရှင် ထိုင်နေသော စားပွဲဆီသို့ ခပ်သုတ်သုတ် လျှောက်သွားပြီးလျှင် လက်ဖက်ရည်ဖိုးကို သူ၏ အပေါ်ဖုံး ပင်နီအင်္ကျီအိတ်ထဲမှ ထုတ်၍ ပေးလိုက်လေသည်။ လူ ၅ ယောက် ၆ ယောက် လက်ဖက်ရည်သောက်ခြင်း ဖြစ်၍ ပိုက်ဆံ ၅ ပဲ ၆ ပဲသာ ကျသောကြောင့် ဆိုင်ရှင်က သူ့အား အကြွေများပြန်၍ အမ်းလိုက်၏။ ထို့နောက် နေရာသို့ ပြန်မလာသေးဘဲ...

"ဆေးလိပ် ယူကြအုံးမလား"

တစ်ယောက်။ ။ "တော်ပါပြီ"

စာရေးသူ။ ။"ကျွန်တော်တို့ မသောက်ပါဘူး"

ထိုလူအုပ်ထဲတွင် ဦးစောဦး၊ ကိုအုန်းမြင့်နှင့် စာရေးသူ အပါအဝင် နာမည် မမှတ်မိသော အခြားစာရေးဆရာ တစ်ဦးနှစ်ဦး ပါဝင်၏။

ဆိုင်ကလေးမှာ ရေကျော်ရပ်ရှိ မြန်မာလက်ဖက်ရည် ဆိုင်ကလေး တစ်ဆိုင်ဖြစ်၍ ပိုက်ဆံထုတ်ပေးသူမှာ အသားခပ်ညိုညို၊ အရပ်ခပ်သွက်သွက်နှင့် ခေါင်းကို သင့်လျော်ရုံမျှ ဖြီး၍ ပင်နီအပေါ်ဖုံးအင်္ကျီနှင့် ချည်လုံချည် တစ်ပတ်ရစ်တစ်ထည်ကို ဝတ်ထား၏။ သူသည်ကား ဂျာနယ်ကျော်တိုက်ကို တည်ထောင်

www.burmeseclassic.com

www.burmeseclassic.com

ပြီးလျှင် 'ဂျာနယ်ကျော်' ကို ကိုယ်တိုင် ဦးစီးထုတ်ဝေနေသူ အယ်ဒီတာချုပ် ဦးချစ်မောင် ဖြစ်၏။

ဦးချစ်မောင်၏ အလုပ်စားပွဲသို့ စာရေးဆရာများ တစ်နေ့လျှင် အနည်းဆုံး ၁၀ ယောက် ၁၅ ယောက်ခန့် ရောက်ရှိလာတတ်ရာ ဧည့်သည် ရောက်လာတိုင်း ဦးချစ်မောင်သည် ဧည့်သည်များအား လက်ဖက်ရည်မှာ၍ တိုက်၏။ သူကိုယ်တိုင်လည်း သောက်၏။ တစ်ခါတစ်ရံ စာရေးဆရာ ၃-၄ ဦး ဆုံမိလျှင် လက်ထောက်အယ်ဒီတာ ဦးစောဦးပါခေါ်၍ စိတ်ပြေလက်ပျောက်ဟူ၍ လည်းကောင်း၊ ခေါင်းရှင်းရအောင် ဟူ၍ အကြောင်းပြကာ မျက်နှာချင်းဆိုင်ဘက်ရှိ မြန်မာလက်ဖက်ရည်ဆိုင်သို့ သွား၍ထိုင်ကာ လက်ဖက်ရည်သောက်ရင်း ရောက်တတ်ရာရာ ပြောဆို ဆွေးနွေးတတ်ကြ၏။ စာပေအကြောင်းများ သာမက နိုင်ငံရေး၊ လူမှုရေးများလည်း ပါဝင်၏။ ဤကဲ့သို့ ပြုလုပ်ရသည်ကိုပင် ဦးချစ်မောင်နှင့်တကွ စာရေးသူ အပါအဝင် အခြား စာရေးဆရာများပါ အရသာတစ်ခုဟု မှတ်ထင်ကြ၏။ ထိုအချိန်က ဦးချစ်မောင်နှင့် ဦးစောဦးတို့မှာ တစ်နေ့အတွင်း လက်ဖက်ရည်အများဆုံး သောက်နိုင်သူများ အဖြစ် နာမည်ရခဲ့ကြ၏။ ဦးချစ်မောင် လက်ဖက်ရည်သောက်သည်မှာ တစ်နေ့တွင် ခွက် ၂၀ အောက် မနည်းကြောင်းဖြင့် ဦးစောဦးက စာရေးသူအား တစ်ကြိမ်က ပြောပြခဲ့ဖူး၏။ "ထမင်းမစားချင် နေပေစေ၊ ကျွန်တော်က လက်ဖက်ရည် မသောက်ရရင် မနေနိုင်ဘူး" ဟု ဦးချစ်မောင်က ပြောဘူး၏။

ကျွန်ုပ်၏ ဘဝခရီးတစ်လျှောက် တွေ့ခဲ့ရသမျှ လူရွယ်စာရေးဆရာများထဲတွင် လူတစ်ဖက်သား၏ အကျိုးကို အဆောင်တတ်ဆုံး၊ လူတစ်ဖက်သားကို အားအနာတတ်ဆုံး၊ လောကဝတ် အသိတတ်ဆုံး စာရေးဆရာမှာ ဂျာနယ်ကျော် ဦးချစ်မောင်ပင် ဖြစ်၏။ သူ၏ ဖော်ရွေမှု၊ သူ၏ အားနာတတ်မှုများ အားလုံး စာရေးဆရာများ၊ သတင်းစာဆရာများနှင့် တကွ စာပေလောက တစ်ခုလုံးကပါ အသိအမှတ်ပြုကြ၏။ လူငယ်စာရေးဆရာများနှင့် သူနှင့် သက်တူရွယ်တူ စာရေးဆရာများက သာမက သက်ကြီး စာရေးဆရာများကပင် သူ့အား ချစ်ခင်၍ ကြည်ညိုလေးစားကြ၏။

သူသည် အင်္ဂလိပ်မြန်မာ နှစ်ဘာသာစလုံးတွင် စွယ်စုံကျွမ်းကျင်သူ တစ်ယောက်ဖြစ်၍ မြန်မာစာပေ ကျမ်းကြီးခိုင်များကို လေ့လာသည်နှင့်အမျှ

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်စာဖတ်မှလည်း နိုင်ငံရေး၊ လူမှုရေး၊ ရှေးဟောင်းစာပေ၊ ယဉ်ကျေးမှု အနုပညာစာပေ၊ ရှေးဟောင်းပြဇာတ် ဝတ္ထုကြိုးများပါ မကျန် အဖက်ဖက်တွင် လေ့လာပြီးသူ တစ်ယောက် ဖြစ်၏။ ခေတ်ပညာတတ် သတင်းစာ အယ်ဒီတာ များနှင့် စာရေးဆရာများပင် မတွေ့ မမြင်ဘူးသေးသော စာအုပ်များကို သူဖတ်ပြီး လေ့လာပြီးဖြစ်၏။ သူ၏ အသက်အရွယ် ဤမျှလောက်နှင့် အင်္ဂလိပ်မြန်မာ နှစ်ဖက်စလုံး၌ ဗဟုသုတကြွယ်ဝသော စာရေးဆရာ ဟူ၍ ကျွန်ုပ် မတွေ့ခဲ့ဘူး ချေ။

စာပေလောကသို့ ဦးချစ်မောင် ဝင်ရောက်လာသည့် အချိန်၌ မြန်မာ့ အလင်း သတင်းစာမှာ တိုးတက်စပြုနေသော အချိန်ဖြစ်၍ ဦးစိန်းက အယ်ဒီတာ ချုပ်အဖြစ်ဖြင့် လည်းကောင်း၊ ဦးတင် (ဘဏ္ဍာရေး ဝန်ကြီးဟောင်း) က တိုက်အုပ်အဖြစ်ဖြင့် လည်းကောင်း အုပ်ချုပ်နေသည့် အချိန်ဖြစ်ရာ ဦးချစ်မောင် သည် တာဝန်ခံ အယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့၏။ ဤကဲ့သို့ လုပ်ကိုင် နေစဉ် သူ၏ ဖျတ်လတ်သွက်လက်သော အရေးအသားများ၊ နိုင်ငံရေး အတွေး အခေါ်များ၊ ဆွဲဆောင်သော ဝတ္ထုရှည်ကြိုးများဖြင့် မြန်မာ့အလင်းသည် တစ်ဟုန် ထိုး တက်၍လာပြန်၏။ သူသည် ရေးသားရာတွင် မည်သူ့မျက်နှာကိုမျှ မထောက်၊ မည်သည့်ဘက်ကိုမျှ မကြည့်၊ သူ၏ အတွေးအခေါ်အတိုင်း မှန်သည် ထင်ရာကို ပွင့်ပွင့်လင်းလင်း ပြတ်ပြတ်သားသား ရေးသားတတ်၏။

ဤကဲ့သို့ သတင်းစာတက်နေသည့် အချိန်တွင် ဘိုကလေးမြို့မှ မတင် တင်ဆိုသူ အမျိုးသမီး တစ်ယောက်က သူတို့မြို့ရှိ အမျိုးသမီးအသင်းအတွက် ဆောင်းပါးများကို မြန်မာ့အလင်း သတင်းစာတွင် ရေးသားရာမှ ဦးချစ်မောင် နှင့် ဆက်သွယ်မိကြ၏။ မတင်တင်မှာလည်း ငယ်စဉ်ကပင် စာပေဝါသနာပါသူ ဖြစ်သည့်အတိုင်း တစ်ယောက်နှင့်တစ်ယောက် ရိုးရိုး စာပေးစာယူ နယ်ပယ်မှ ကျော်လွန်ကာ နဖူးစာ၏ ခိုင်းစေချက်အရ တစ်ဖက်မှတစ်ဖက်သို့ မေတ္တာဓောတ် အငွေ့အသက်ပါသည့် စာများကို အပြန်အလှန် ပေးပို့လာကြလေသည်။ ရွှေဂုန် မှ လူရိုးကြီး ဦးချစ်မောင်၏ နဖူးစာကား ဘိုကလေးမြို့ဘက်သို့ ဦးလှည့်ခဲ့လေ ပြီ။ (ကျွန်ုပ်တို့ စာပေလောကတွင် လူချင်းမမြင်ဘူးဘဲ တစ်ယောက်နှင့် တစ် ယောက် ကဗျာစာပေ အရေးအသားတို့ဖြင့် ဆက်သွယ်၍ ဖူးစာဆုံခဲ့ရသည့် မောင်နှံစုံများ အတော်များခဲ့လေပြီ) စာရေးဆရာများထဲတွင် ချစ်သူထဲသို့ စာရေး

www.burmeseclassic.com

www.burmeseclassic.com

ရာဌ အတော် ခပ်ရှည်ရှည် ရေးတတ်ကြရာ ဦးချစ်မောင်က မတင်တင်ထံသို့ ပေးခဲ့ဖူးသော စာတစ်စောင်လောက် ရှည်မည်မထင်။ သူ၏စာမှာ လက်ရေးသေးသေးစိတ်စိတ် ဖူးစကက် စာမျက်နှာအပြည့် ၃၂ မျက်နှာ ရှိသည်ဆို၍ ယခုခေတ် မဂ္ဂဇင်းဝတ္ထုရှည် တစ်ပုဒ်လောက်ပင် ရှိပေလိမ့်မည်။

နောက်ဆုံးတွင် မိမိတို့၏ မေတ္တာကို နှစ်ဖက်စလုံး ဖွင့်ဟဝန်ခံကြ၍ မတင်တင်က သူ၏မိဘများအား အသိပေး၍ မိဘများ၏ သဘောတူချက်အရ ၁၉၃၈ ခု အောက်တိုဘာလ ၂၆ ရက်နေ့တွင် ဘိုကလေးမြို့၌ ဦးချစ်မောင်နှင့် ထိမ်းမြားလက်ထပ်ခဲ့၏။ ထို့နောက် မတင်တင်သည် မိဘများနှင့် ခွဲခွာ၍ ရန်ကုန်မြို့သို့ လိုက်လာကာ ဦးချစ်မောင်နှင့်အတူ တိုက်ခန်းကလေး တစ်ခန်း ငှားကာ နေထိုင်ခဲ့လေသည်။

ရုပ်လက္ခဏာ အသွင်အပြင်

သူ၏ဇနီးလောင်း မတင်တင်က ဦးချစ်မောင်အား ပထမဆုံးစ၍ တွေ့သည့်နေ့တွင် ဦးချစ်မောင်၏ ရုပ်လက္ခဏာကို အောက်ပါအတိုင်း ရေးသားဖော်ပြထား၏။

"ချုံးကျဟောက်ပက်နေသည့် မျက်နှာပေါ်၌ မျက်မှန်ထူထူကြီး တပ်လျက် ဟောင်းနွမ်း၍ ပုံအတိုင်းမကျသည့် ပင်နီထူအင်္ကျီကြမ်းကြီးကို ဝတ်ထားကာ အဆင်မပေါ်သည့် ပိုးလုံချည် တစ်ပတ်နွမ်းဖြင့် ကမ္ဘာန်းရုပ် ပေါက်နေသည့် လူတစ်ယောက် သူ့လက်ထဲတွင် အိမ်တော်ရာ ပုသိမ်ထီးကြီးကို ညှပ်၍ သူ့ခြေထောက်တွင် ဘုန်းကြီးစီးဖိနပ်ကြီး စွပ်ထားခြင်းကြောင့် ခေတ်ပညာတတ် လူတစ်ယောက်ပါဟု ဘုရားစူးကျမ်းစူး ကျိန်တွယ်ပြောရတော့မလောက် ဘုန်းကြီး လူထွက်ကြီးနှင့် အလွန်တရာ တူလှသည်"

(မှတ်ချက်။ ။ စာရေးသူ၏ မျက်စိခြမ်မှ ဦးချစ်မောင်သည် ပစ်စလက်ခတ် ဝတ်စားနေထိုင်တတ်သူ တစ်ယောက် ဖြစ်သော်လည်း သူ၏ ပင်ကိုယ်ရုပ်မှာ အတန်ငယ် အသားညိုသော်လည်း နဖူးကျယ်ကျယ်၊ နှာတံပေါပေါ်၊ မျက်လုံး မျက်ခုံးကောင်းကောင်းနှင့် ဥပဓိရုပ်ကောင်းသည့် လူရွယ်တစ်ယောက်ဟု အသိအမှတ်ပြုခဲ့၏။ စာရေးသူ)

www.burmeseclassic.com

www.burmeseclassic.com

သူ၏စိတ်ဓာတ်

ဦးချစ်မောင်သည် အလွန်အလွန် စိတ်ကောင်းရှိသူ တစ်ယောက်၊ အားနာတတ်သူ တစ်ယောက်၊ သနားညှာတာတတ်သူ တစ်ယောက် ဖြစ်ကြောင်း အောက်ပါသာဓကများကို ကြည့်၍ သိနိုင်၏။

တစ်နေ့တွင် သူ၏ရခါစဇနီး မတင်တင် (ဂျာနယ်ကျော်မမလေး) နှင့် အတူ ညနေဘက်တွင် ရေကျော်မှအပြန် လမ်းလျှောက်လာကြ၏။ ရန်ကုန် ဂေဇက်သတင်းစာတိုက်ရှေ့သို့ ရောက်၍ လန်ချား စောင့်ခေါ်နေစဉ် ဦးချစ်မောင်သည် သူ၏ အဖြစ်အပျက်ဟောင်းကလေး တစ်ခုကို ဇနီးဖြစ်သူအား ပြန်ပြောသဖြင့် အောက်ပါအတိုင်း သိရှိရ၏။

တစ်နေ့တွင် သူသည် သူ့အိမ်ရှိရာ ရေကျော် နှင်းပန်းလမ်းသို့ ပြန်လာစဉ် မိုးသည်းလာသဖြင့် လူတစ်ယောက်သည် သူ့ထီးအောက်သို့ ဝင်ရောက်ခိုလာရာ သူလည်း ထိုသူကို မိုးမစိုအောင် ထီးကို ထိုသူ့ဘက်သို့ ညွှတ်၍ပေးထား၏။ မိုးမှာ တဖြည်းဖြည်း သည်းလာသဖြင့် နှစ်ယောက်စလုံး စိုကုန်မည်စိုးသောကြောင့် ရန်ကုန်ဂေဇက် သတင်းစာတိုက်အောက်သို့ မိုးခိုရန် ဝင်ကြ၏။ ထိုအချိန်တွင် သူ့အိတ်ထဲမှ ပိုက်ဆံအိတ်ကို သူ့ထီးရိပ်ဝင်ခိုသူက တဖြည်းဖြည်းနှိုက်နေသည်ကို သူသိလိုက်၏။ သို့သော် သူသိသည်ကို ထိုသူမမြင်အောင် အခြားဘက်သို့ငေး၍နေဟန် ပြုလုပ်လိုက်ရကြောင်း၊ ပိုက်ဆံအိတ်ထဲတွင် ငွေတစ်ကျပ်နှင့် ငါးပဲ ပါသွားကြောင်း ဇနီးဖြစ်သူအား ပြောပြ၏။ ၎င်းမှတစ်ဆင့် အထက်ပါ အကြောင်းအရာများကို ကျွန်ုပ်တို့ သိရှိရ၏။

ဦးချစ်မောင်မှာ ဤမျှလောက် သူတစ်ပါးအပေါ်တွင် ညှာတာတတ်သော လူတစ်ယောက် ဖြစ်ရာ ထိုအကြောင်းကို စကားစပ်မိသည်တွင် သူနှင့်အတူ နေခဲ့ဖူးသူ ပန်းချီကျော်ဆရာကြီး ဦးအုန်းလွင်က ဦးချစ်မောင် မရှိခိုက်တွင် ဒေါ်မမလေးအား အောက်ပါအတိုင်း ပြောပြဖူး၏။

"ဒီလူ အားနာတတ်ပုံတော့ မပြောပါနဲ့တော့ဗျာ၊ တစ်ခါက ကျွန်တော် ဖြင့် လက်သီးနဲ့တောင် သူ့ကို ဆွဲထိုးချင်တဲ့စိတ် ဖြစ်လာမိတယ်။ ဒီလိုဗျ၊ ဒီတုန်းက သူတို့ နှင်းပန်းလမ်းထဲမှာ နေတယ်၊ သူ့အိမ်မှာ လူစုံပဲ၊ တချို့လည်း အလုပ်ရှိတယ်၊ တချို့လည်း အလုပ်မရှိကြဘူး၊ သူ့လခကိုမှီပြီး သူ့အိမ်မှာ လာစားနေတဲ့ လူတွေများတယ်၊ သူအလုပ်တိုက်က ပြန်တဲ့အချိန်က ည ၂ ချက် ၃ ချက်မှ ပြန်တယ်။ ကျွန်တော်လည်း သူ့အိမ်မှာပဲ နေတယ်။ တစ်ညတော့

www.burmeseclassic.com

www.burmeseclassic.com

သူပြန်လာတယ်၊ အိမ်တံခါးကို သူလာရင် တွန်းဝင်နိုင်အောင် စေ့ရုံစေ့ထားနေကျပဲ၊ သူဘာလုပ်သလဲ သိရဲ့လား၊ ဖြည်းဖြည်းလေးဗျ၊ တံခါးကို အသံမကြားအောင် အသာအယာတွန်းပြီး ဝင်လာတယ်။ ကျွန်တော်လည်း အိပ်ရာထဲကနေကြည့်နေတယ်။ သူ့လက်ထဲမှာလည်း မုန့်လေးပွေတွေ ပါလာတယ်။ ပုံပန်းတော့ အားလုံးစားဖို့ သူဝယ်ခဲ့တာပဲ။ နောက် ဒီလူ ဘယ်ဟောက်နေပါလိမ့်လို့ သိလည်း သိချင်တာနဲ့ အပြင်လည်း ထွက်ချင်တာနဲ့ ထတော့ လားလား ကိုယ်တော်ချောက နောက်ဖေးမှာ မုန့်လေးပွေတွေ ထိုင်စားနေတယ်။ "ခင်ဗျား ဘယ့်နယ် ဒီနောက်ဖေးဘက်မှာ လာစားနေသလဲ အိမ်ထဲမှာ ဘာလို့ မစားသလဲလို့ မေးတော့ အိမ်ထဲမှာ မုန့်လေးပွေစားရင် အိပ်နေတဲ့လူတွေ နိုးသွားမှာ စိုးလို့တဲ့" ကျုပ်ဗျာ မုန့်လေးပွေ အသံထွက်မှာ ဒါလောက်စိုးရသလား ဆိုပြီး ဆွဲထိုးချင်လိုက်တာ"

ဦးချစ်မောင်ကား ဆန်းလွန်းသော လူရိုးတစ်ယောက် ဖြစ်၏။ ရိုးလွန်းသော လူဆန်း တစ်ယောက်လည်း ဖြစ်သည်။ အားနာတတ်သည့် နေရာတွင် ပြိုင်ဖက်ရှားသူ တစ်ယောက် ဖြစ်၏။ ထို့ကြောင့် ဆရာဇဝနက ဆောင်းပါးတစ်စောင်တွင် စာရေးဆရာများထဲ၌ ဦးချစ်မောင်မှာ အားအနာတတ်ဆုံး ဖြစ်၍ အားမနာတတ်ဆုံး စာရေးဆရာမှာ 'ဂွေဥဒေါင်း' ဖြစ်သည်ဟု ရယ်စရာ ရေးထားသည်ကို ဖတ်ဖူး၏။

ဦးချစ်မောင်သည် မျိုးချစ်စိတ်အရင်းခံ ရှိသူတစ်ယောက် ဖြစ်သည့်အတိုင်း နိုင်ငံအတွက် အကျိုးရှိမည့် အရေးကိစ္စများတွင် ရဲရဲရင့်ရင့် ရေးသားဖော်ပြလေ့ရှိ၏။ ဤကဲ့သို့ ရေးသားရင်း လွတ်လပ်စွာ ရေးသားခွင့်အတွက် တိုက်ရှင်နှင့် စိတ်သဘောချင်း မတိုက်ဆိုင်သည့်အလျောက် ၁၃၀၁-ခုနှစ် (ခရစ် ၁၉၃၉-ခုနှစ်) တွင် အယ်ဒီတာ အဖြစ်မှ နှုတ်ထွက်လိုက်၏။

ဤသို့ နုတ်ထွက်ပြီးနောက် မိမိကိုယ်တိုင် ဦးစီး၍ "ဂျာနယ်ကျော်" အမည်ဖြင့် ဂျာနယ်တစ်စောင်ကို ထုတ်ဝေလေရာ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး မှစ၍ ပြတ်ပြတ်သားသား ဝေဖန်ရေးသားသဖြင့် အလွန်လူကြိုက်များခဲ့၏။ တိုင်းပြည်လူထုအားလည်း မျိုးချစ်စိတ် ထက်သန်စေရန်နှင့် လွတ်လပ်ရေးဆန္ဒ ပြင်းထန်လာစေရန် တိုက်တွန်းရေးသားလျက် ဆင်းရဲသားတို့၏ နစ်နာမှုများကို ကွက်ကွက်ကွင်းကွင်း တင်ပြကာ နယ်ချဲ့အစိုးရအား ပြင်းထန်စွာ ဝေဖန်ရေးသားလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ရွှေလင်းယုန်" ဟူသော ကလောင်အမည်ဖြင့် သူသည် 'ရှာရှာဖွေဖွေ' အမည်ရှိသော စာအုပ်နှင့် 'ကမ္ဘာကြီး ပျက်စီးလုနီးပြီလော' စသော နိုင်ငံရေး ကျမ်းများကို ရေးသားခဲ့၏။ ဦးချစ်မောင်ရေးသော 'သူ' ဝတ္ထုကြီးမှာ အလွန် ကျော်ကြားခဲ့၍ ဇာတ်လိုက်ဖြစ်သူ၏ စိတ်နေသဘောထား ဥပဓိရုပ်တို့မှာ လူနှင့် တစ်သွေမတိမ်း ကိုက်ညီလှ၏။ စိတ်နေစိတ်ထား ပြုပြင်ရေးအတွက် သင်ခန်းစာ ပေးသောဝတ္ထု ဖြစ်သဖြင့် အလွန် လူကြိုက်များခဲ့လေသည်။

အက်ဒွပ်ဘုရင် နန်းစွန့်သည့် အချိန်က ဦးချစ်မောင်သည် ထိုသတင်းကို မြန်မာ့အလင်း သတင်းစာ၌ ရေးသားခဲ့ရာ သူ မူလရရှိသော သတင်း၏ စကားအဓိပ္ပာယ်မှာ "နန်းစွန့်နေပြီ" ဟု အဓိပ္ပာယ်ရ၍ "နန်းစွန့်ပြီ" ဟုလည်း အဓိပ္ပာယ်ရ၏။ အဓိပ္ပာယ်နှစ်ခွ ဖြစ်နေ၏။ သို့သော် ဦးချစ်မောင်သည် မစွက်ဆင်ပဆင်၏ ဓာတ်ပုံကို ချက်ချင်းရှာဖွေပြီးလျှင် ယင်းဓာတ်ပုံနှင့်အတူ သတင်းတွင် အက်ဒွပ်ဘုရင် နန်းစွန့်ပြီ" ဟု နေ့ရက်ပင် မဆိုင်းဘဲ နောက်တစ်နေ့ နံနက်သတင်းစာတွင် ပါအောင် တစ်ခါတည်း ရေးထည့်လိုက်၏။ နံနက်မိုးလင်း၍ ထိုသတင်းသည် အင်္ဂလိပ် သတင်းစာများတွင် မည်သည့် သတင်းစာမျှ မပါဘဲ မြန်မာ့အလင်း သတင်းစာတစ်စောင်တည်း၌သာ ပါကြောင်း တွေ့ကြရသောအခါ ဌာနအသီးသီး လူမျိုးပေါင်းစုံတို့က ထိုနေ့တစ်နေ့လုံး မြန်မာ့အလင်းတိုက်သို့ တယ်လီဖုန်းဖြင့် မေးမြန်းကြ၏။ တိုင်းပြည်လူထုကြီးသည် အင်္ဂလိပ် သတင်းစာများထဲတွင် မပါဘဲ ဤမြန်မာ့အလင်း သတင်းစာ တစ်စောင်တည်း၌သာ ပါသဖြင့် မယုံရဇက် ယုံရဇက် ဖြစ်နေကြ၏။ အစိုးရပိုင်းကလည်း ဘိလပ်မှ သူတို့သတင်း မလာသေးခင် မြန်မာ့အလင်း သတင်းစာက ထည့်ရပါမည်လောဟု အတော်ပင် မျက်လုံးပြူး၍ သွား၏။ အတွင်းဝန်ချုပ် မစ္စတာကရောက ဦးချစ်မောင်အား အတွင်းဝန်ရုံးသို့ ချက်ခြင်း ဆင့်ခေါ်ပြီးလျှင် ဦးချစ်မောင်အား မေးမြန်းလေတော့၏။

သူကြီးဂေဇက် ဦးခင်မောင်က ဦးချစ်မောင်အား မစ္စတာကရောရှေ့သို့ ခေါ်ဆောင်သွားရာ ဦးချစ်မောင်သည် အခန်းတွင်းသို့ ခုံဖိနပ်စီး၍ ဝင်သွားသည်ဆို၏။ ဧည့်သည်အား ထိုင်ရန် နေရာပင် မပေးသဖြင့် ဦးချစ်မောင်သည် ကုလားထိုင်တစ်လုံးကို အသံမြည်အောင် ဆွဲ၍ ထိုင်လိုက်ရာ မစ္စတာကရောက "မင်း ဘယ်သူလဲ" ဟု မေးသည်တွင် "ချစ်မောင် မြန်မာ့အလင်း အယ်ဒီတာ ဘဝန်ခံ" ဟု ပြန်ပြောလိုက်၏။

သီဟရတနာစာပေ

www.burmeseclassic.com

www.burmeseclassic.com

မစ္စတာကရော။ ။ "ဒီနေ့ထည့်တဲ့ နန်းစွန့်သတင်းဟာ ဘယ်ကရလို့ ထည့်သလဲ"

ချစ်။ ။ "ကျွန်တော် ခင်ဗျားဆီ လာတာဟာ ဘယ်ကရလို့ ထည့်တာ ပါလို့ ခိုင်လုံကြောင်း အစစ်အဆေးခံဖို့ လာတာမဟုတ်ဘူး'

(နဖူးကြောကြီးများ ထောင်ထလာလျက်)

"ဒီသတင်းဟာ မမှန်ရင် မင်းဘယ်လိုဖြစ်မယ် ဆိုတာ မင်းမထည့်ခင်က မင်းတာဝန်ကို မင်းသတိရပြီး စဉ်းစားမိရဲ့လား"

ချစ်။ ။ "ခင်ဗျား ကျုပ်ကို မြန်မာ့အလင်း သတင်းစာတိုက်က တာဝန် ခံအယ်ဒီတာမှန်း သိတယ် မဟုတ်လား"

(စားပွဲကို လက်သီးဖြင့်ထုလျက်)

"ဒီသတင်းဟာ အခုမမှန်သေးဘူး၊ ဒီသတင်းနဲ့ ပတ်သက်လို့ ဘိလပ်က ဘာမှမရသေးဘူး၊ ဒါကြောင့် အတည် မဟုတ်သေးဘူး ဆိုတာ နက်ဖြန် သတင်းစာမှာ မင်း ပြန်ပြင်ပြီး ထည့်ပေးပါ။ မထည့်ရင် မင်းကို တရားစွဲရ လိမ့်မယ်။ အချိန်မီ အမြန်ဆုံးထည့်ပေးပါ"

ချစ်။ ။ "ဒီမှာ အတွင်းဝန်ချုပ်ကြီး ခင်ဗျာ၊ ဒီသတင်းကို ပြင်လိုက် ရအောင် ကျုပ်ဟာ ခင်ဗျားတို့ အစိုးရတစ်ဖွဲ့လုံးရဲ့ တာဝန်ခံ ပုဂ္ဂိုလ်တစ်ယောက် မဟုတ်ဘဲ ကျုပ်ဟာ မြန်မာ့အလင်းသတင်းစာရဲ့ တာဝန်ခံ ပုဂ္ဂိုလ်တစ်ယောက် ဆိုတာ ခင်ဗျားတို့ သိဖို့ကောင်းပါတယ်။ ခင်ဗျားတို့အစိုးရဟာ သတင်းအရ နောက်ကျနေတာကို ကျုပ်က တိုင်းသူပြည်သားတစ်ယောက် အနေနဲ့တော့ အများကြီး ဝမ်းနည်းပါတယ်။ ဒီသတင်းဟာ အမှန်သတင်း ဖြစ်နေလို့ ကျုပ် ပြင်ပြီး မထည့်နိုင်ပါဘူး။ အချိန်မကြာတော့ပါဘူး ဘိလပ်က ဒီသတင်းနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ဆီ အမြန်ရောက်လာတော့မှာမို့ ခင်ဗျားတို့ အစိုးရ အဖွဲ့ကြီး မကြာခင် လိမ္မာလာပါလိမ့်မယ်"

ဦးချစ်မောင်သည် အင်္ဂလိပ်ဘာသာဖြင့် အတွင်းဝန်ချုပ်အား ပြန်ပြော ခြင်းဖြစ်ရာ "မကြာခင် လိမ္မာလာပါလိမ့်မယ်" ဟူသောနေရာ၌ အင်္ဂလိပ် ဘာသာဖြင့် 'Wiser' ဟူသော စကားလုံးကို သုံးသဖြင့် အတွင်းဝန်ချုပ် မစ္စတာကရော်မှာ ဆတ်ဆတ်ခါနာ၍ ကျန်ရစ်ခဲ့ကြောင်းကို အိမ်ပြန်အရောက် တွင် ဦးချစ်မောင်က သူ၏ဇနီးသည်အား ပြောပြသဖြင့် ဒေါ်မမလေးက သူ ရေးသားသော 'သူ့လိုလူ' စာအုပ်တွင် ထည့်သွင်းရေးသား ဖော်ပြထား၏။

www.burmeseclassic.com

www.burmeseclassic.com

ဦးချစ်မောင်က သတင်းစာအလုပ်နှင့် ပတ်သက်၍ "သတင်းစာအလုပ်ဟာ အသိဉာဏ်ကြီးရုံတင် မပြီးသေးဘူး။ သတ္တိလည်း ရှိရတယ် တင်လေးရဲ့" ဟု သူ၏ဇနီးသည်အား ပြောပြဖူးလေသည်။ သို့ဖြစ်၍ ဦးချစ်မောင်မှာ အလွန်ရိုးသားသူ၊ အလွန်သိမ်မွေ့သူ၊ အလွန်အားနာတတ်သူ တစ်ယောက်ပင် ဖြစ်လင့်ကစား သူ၏အလုပ်ကို ထိခိုက်လာလျှင် အယ်ဒီတာတစ်ယောက် အနေဖြင့် မဟုတ်မခံ လျှမ်းလျှမ်းတောက် ပြောတတ်ကြောင်း ကျွန်ုပ်တို့ သိရှိရသဖြင့် ချီးကျူးထိုက်သူ တစ်ယောက် ဖြစ်လေသည်။

ဦးချစ်မောင်သည် အပတ်စဉ်ထုတ် 'ဂျာနယ်ကျော်' နှင့် ဝတ္ထုကြီးများကို ရေးသားလျက်ရှိရာမှပင် တိုင်းပြည်၌ အထူး လိုအပ်နေသည့်အတိုင်း ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော အဖွဲ့တွင်ပါဝင်ကာ လွတ်လပ်ရေးအတွက် အရေးဆိုရာတွင် ထိရောက်စွာ ပါဝင်ဆောင်ရွက်ခဲ့၏။ ဖဆပလ အစိုးရ ဖွဲ့စည်းရန်အတွက် ဘုရင်ခံထံ တင်ပြသော တောင်းဆိုချက် စည်းကမ်းများကို ရေးဆွဲရာတွင် ဦးချစ်မောင်၏ အကြံဉာဏ် အရေးအသားများ များစွာ ပါဝင်ခဲ့လေသည်။

ဤကဲ့သို့ တိုင်းပြည်လူထုအား မျိုးချစ်စိတ် ထက်သန်၍ လွတ်လပ်ရေး ရလိုသောဆန္ဒ ပြင်းပြလာစေရန် လှုံ့ဆော်ရေးသား နေရသည်က တစ်ဖက်၊ နိုင်ငံရေးတွင် အကြံဉာဏ်ပေးကာ ပါဝင်ဆောင်ရွက်နေရသည်က တစ်ဖက်နှင့် နေ့ရောညဉ့်ပါ မနားမနေ ဆောင်ရွက်နေခိုက် ကျန်းမာရေးကို ထိခိုက်လာပြီးလျှင် ရုတ်တရက် အပြင်းဖျားရာမှ သက်သာရာ မရတော့ဘဲ ၁၃၀၇-ခု နှောင်းတန်ခူးလဆန်း ၂ ရက် (၁၉၄၆-ခု ဧပြီလ ၂ ရက်) နေ့တွင် ရန်ကန်ဆေးရုံကြီး၌ အနိစ္စ ရောက်ခဲ့ရလေသည်။

အလောင်းကို ရွှေတိဂုံဘုရား ခြေတော်ရင်းရှိ စတုဒိသာ စရပ်ကြီးတွင် ၃ ရက် ထားပြီးနောက် တိုင်းပြည်အတွက် များစွာကျေးဇူးပြုခဲ့သူ တစ်ယောက် အနေဖြင့် သူ၏ အသုဘတွင် သင်္ဂြိုဟ်စရိတ်ကို ဖဆပလမှ အကုန်အကျခံ၍ သင်္ဂြိုဟ်လေသည်။

ဦးချစ်မောင်မှာ ထိုနှစ် မြန်မာနိုင်ငံ စာရေးဆရာ အသင်းတွင်လည်း ဥက္ကဋ္ဌ ဖြစ်သည့်အတိုင်း သူ၏အသုဘတွင် စာရေးဆရာများ၊ သတင်းစာဆရာများ၊ နိုင်ငံရေး သမားများနှင့်တကွ လုပ်သားပြည်သူများပါ နေ့ညမနဲ့

www.burmeseclassic.com

www.burmeseclassic.com

စည်ကားစွာ ရှိနေပြီးနောက် ဧပြီလ ၅ ရက် သောကြာနေ့တွင် စတုဒိသာ ဧရပ်ကြီးမှ ကြဲတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်လေသည်။

ဤသို့ဖြင့် ဆင်းရဲသား လူထုဘက်မှ လိုက်ကာ တိုင်းပြည်၏အကျိုးကို ထိထိရောက်ရောက် သည်ပိုးရွက်ဆောင်ခဲ့သော ဗမာပြည်၏ သားကောင်းရတနာ တစ်ဦးဖြစ်သူ ကျွန်ုပ်တို့ မိတ်ဆွေကြီး ဦးချစ်မောင်သည် ငယ်ရွယ်လှသေးသော အသက် ၃၂ နှစ် အရွယ်၌ပင် လူ့လောကကြီးနှင့်တကွ သူနှင့် ချစ်ခင်သူ ကျွန်ုပ်တို့ အားလုံးအား ခွဲခွာသွားရှာလေပြီ။

ဦးချစ်မောင်တွင် ချစ်ဇနီး ကျာနယ်ကျော် မမလေးနှင့် သမီး မခင်လေးမြင့်၊ သားလတ် မောင်သိန်းတန်၊ သားငယ် မောင်မိုးဟိန်းတို့ ကျန်ရစ်ခဲ့၏။

သူကွယ်လွန်ပြီးနောက် ကဗျာဆရာ ကျိုက်လတ် ဆရာချစ်က အောက်ပါ လေးချိုးကြီးဖြင့် ဦးချစ်မောင်အား ဂုဏ်ပြုပေသည်။

အတင်းသာ ဖက်မငြင်းနိုင်လို့
မင်းမရဏာ လက်အတွင်းကိုဖြင့်
သက်ဆင်းရှာပေါ့ ဦးချစ်မောင်။

သြော်... ဖြေမတင်းနိုင်ဘု
ကွေကွင်းကာ သွေဖယ်သူကြောင့်
နေဆယ်ဆူ ဘယ်မကပါဘု
သည်းအိမ်မှာ မီးရှိန်ခတယ်
ပြင်းပြပူလောင်။

ပြန့်ပြောကျယ် ပါရမီငယ်နှင့်
အုံသြဖွယ် သမ္ဘာရှိပါဘိ
ဗမာပြည့် မဟာအသရေဆောင်ငယ်
ခွာသွေရှောင်တာက အလွန်စော။

ရှင်နှင့်လူ
ရင်ပင့်ကာ တဆူဆူနဲ့
သူတမူ ငါတနည်းသာပ
သူ့ဂုဏ်ကို စုအုံလို့ ချီးကြရာမှ

www.burmeseclassic.com

www.burmeseclassic.com

ချုပ်တည်းကာ မျက်ရည်သုတ်ရာကြ
(အမယ်မင်း) တမုဟုတ် လတ်လတ်ဆတ်ဆတ်
ယခုလို မရဏာ လျှောရတာကြောင့်
(ပြည်သူတို့မှာဗျာ) စုတ်တသတ်သတ်နှင့်
သူ.ကိုသာ နှမြော။

ဒဂုန်ရွှေမျှား
[မွေတာရီ၊ မေလ ၁၉၆၇]

❐

www.burmeseclassic.com

www.burmeseclassic.com

ပြည်သူ့အာဏာ အယ်ဒီတာ

(၁)

စကားစပ်မိ၍ သတင်းစာ ဂျာနယ်ဆရာများ အကြောင်း ပြောမိကြလျှင် ဦချင်မောင်သည် ပရိသတ်အလယ်သို့ ဝင်လာတတ်ပေသည်။

လက်ဦးဆုံး တကယ်တမ်း ဦးချစ်မောင်ကို သိအောင် ထောင်ထဲတွင် မိတ်ဆက်ပေးခဲ့သူမှာ သခင်တင်ဖေ ဖြစ်သည်။

လွန်ခဲ့သော ၇ နှစ်ခန့်က ဖြစ်လေသည်။

အပြင်လူလောကနှင့် အဆက်ပြတ်နေသော အချိန်ပေတည်း။

ကျဉ်းမြောင်းလှသော ထောင်နံရံအတွင်း၌ သခင်တင်ဖေနှင့် ကျွန်တော်တို့ စကားလက်ဆုံကျတိုင်းလိုပင်၊ သခင်တင်ဖေသည် သူသိသော ဦးချစ်မောင် အကြောင်းကို ပြောပြတတ်ခဲ့လေသည်။

သခင်တင်ဖေက ပုံစံဆေးလိပ်ကို ဖွာနေရာမှ ဖြုံးပြီး ချစ်မောင်နှင့် စာရေးဆရာများ အခန်းတစ်ခုတွင် စုပြီးနေခဲ့ပုံကို ကလေးများအား ပုံဝတ္ထု ပြောပြသကဲ့သို့ ဇာတ်ကြောင်းပြန်လှ ရှိလေသည်။

ကျွန်တော်က ပုံစံဆေးလိပ်လိပ်ရန်၊ ဆေးပြင်းလိပ် တစ်လိပ်ကို မုတ်ဆိတ်ရိတ်သည့် ဓားဖြင့် ပါးပါးလှီးနေရာမှ နားထောင်နေလေသည်။

(၂)

အဲဒီတုန်းက သိပ်ပျော်တာပဲဗျာ၊ အကုန် စာရေးဆရာတွေချည်း စုနေကြတာကိုး။

တစ်ခါဟာ နယ်က ညီသည်တစ်ယောက်လာပြီး တည်းသွားတယ်။ ညီသည်က သူပြန်တဲ့အခါမှာ ကျန်နေတဲ့လူတွေ သောက်ချင်ရင် သောက်ရ

www.burmeseclassic.com

www.burmeseclassic.com

အောင် ဆိုပြီး ဝမ်းနှုတ်ဆေးပုလင်း တစ်လုံး ထားပစ်ခဲ့တယ်၊ အဲဒီပုလင်းမှာလည်း စက္ကူကပ်ပြီး ဝမ်းနှုတ်ဆေးဆိုပြီး စာရေးထားတယ်။

ဒါပေမဲ့ ဘယ်သူ လက်ကမြင်းတယ် မပြောတတ်ဘူး နောက်တစ်နေ့ကျတော့ "ဝမ်းနှုတ်ဆေးမဟုတ်" ဆိုပြီး ဖြစ်နေပါရော။

ဒါတွင် မကသေးဘူး၊ တစ်ယောက်က "အဆိပ်" လို့ ထပ်ပြီး ရေးပစ်ခဲ့ပြန်ရော။ စာရေးဆရာတွေချည့် စုနေတော့ တစ်ယောက်ပြီး တစ်ယောက် လက်စွမ်းပြကြတာပေါ့။

နောက်တစ်ခါ အဆိပ်နောက်ကဆက်ပြီး "ဟူ၍ မဆိုလို့" လို့ တစ်ယောက်က ရေးသွားတာပေါ့။

အဲဒီတော့ "ဝမ်းနှုတ်ဆေး မဟုတ်၊ အဆိပ်ဟူ၍ မဆိုလို" ဆိုပြီး စာက ရှုပ်လာရော။

ဒါနဲ့ မရပ်သေးဘူး၊ နောက်တစ်ယောက်က ဝင်ဖြည့်လိုက်သေးတယ်။

"သို့သော်" တဲ့

တစ်ခါ နောက်တစ်ယောက်က ဆက်လိုက်သေးတယ်။

"မသောက်ရ"

အဲဒါတောင် မဆုံးသေးဘူး။

နောက်ဆုံးမှာ "ဟုမမှတ်သင့်ပေ" လို့ ဆက်လိုက်သေးတယ်။

"ဝမ်းနှုတ်ဆေးမဟုတ်၊ အဆိပ်ဟူ၍ မဆိုလို၊ သို့သော် မသောက်ရဟု မမှတ်သင့်ပေ"

အဲဒါနဲ့ပဲ ဝမ်းနှုတ်ဆေးပုလင်းကို ဘယ်သူမှ မသောက်ဝံ့တော့ဘဲ၊ တစ်ခါထဲ လွှင့်ပစ်လိုက်ရတယ်။

ကိုချစ်မောင်နဲ့ စာရေးဆရာတွေ စုနေကြတုန်းကပေါ့။

ကျွန်တော်က ပြုံးလိုက်လေသည်။

(၃)

တစ်ခါဟာ ကိုချစ်မောင် ဘူတာရုံကိုသွားပြီး လူကြိုတာကို ရထားဆိုက်လာတဲ့အခါ ရပ်ပြီး ဟိုကြည့်သည်ကြည့် ကြည့်နေတုန်း၊ အမျိုးသမီးတစ်ဦးက ရထားပြတင်းပေါက်က ခေါင်းပြူထွက်တဲ့ပြီး ကူလီကူလီလို့ ခေါ်နေတာကိုး။

www.burmeseclassic.com

www.burmeseclassic.com

ကိုချစ်မောင်ကလည်း လုံချည်တိုတို ခုံဖိနပ်နဲ့ စွပ်ပြိအင်္ကျီကို ဝတ်လို့။

ကူလီ ကူလီလို့ ခေါ်သံကြားတော့ ကိုချစ်မောင်က ဘေးပတ်လည်ကို ကြည့်သတဲ့။

ကူလီလည်း တစ်ယောက်မှ မတွေ့ဘူး။

နောက်တော့မှ ကူလီခေါ်သူကို ကြည့်လိုက်တော့။ သူ့ကို ခေါ်နေကြောင်း သိရတယ်တဲ့။

ကိုချစ်မောင်ကလည်း ခေါ်တဲ့ဆီကို လျှောက်သွားတာပေါ့။

ကူလီခေါ်တဲ့ အမျိုးသမီးက ကိုချစ်မောင်လည်း အနားကို ရောက်လာရော၊ ဝမ်းသာအားရနဲ့ "ဒီလို တို့ဗမာ အမျိုးသားတွေ အခုလို ကူလီအလုပ်ကို ဝင်လုပ်လာတာ တွေ့ရတော့ ဝမ်းသာစရာပဲ၊ ကျွန်မက ဗမာအမျိုးသား အချင်းချင်းမှ ငှါးချင်တာ" လို့ ပြောပြောဆိုဆိုပဲ သားရေသေတ္တာတစ်လုံးကို လှမ်းပေးလိုက်တယ်တဲ့။

အဲဒီအချိန်တုန်းက ဗမာပြည်မှာ အမျိုးသားစိတ်တွေ တက်ကြွနေတဲ့ အချိန်ပေါ့။ အမျိုးသမီးမှာ မျိုးချစ်စိတ်တွေ တက်ကြွနေတာကို မဖျက်ဆီးချင်တာနဲ့ပဲ ကိုချစ်မောင်က သေတ္တာကြီးကိုယူပြီး ထမ်းလိုက်ရောတဲ့။

သေတ္တာကိုထမ်းပြီး အမျိုးသမီးနောက်က လိုက်သွားတဲ့အခါမယ် အမျိုးသမီးက သူ့ကိုကြည့်ပြီး ပြောသေးသတဲ့။

အမယ်လေး တို့ဗမာတွေကတော့ ကူလီလုပ်နေတာတောင်မှ မျက်မှန်ကြီးတပ်လို့။

အဲဒီတော့ ကိုချစ်မောင်က ကျွန်တော် မွေးကတည်းက မျက်စိမွဲလို့ တပ်တာပါ၊ ဟန်ထုတ်ချင်လို့ မဟုတ်ပါဘူးလို့ ပြန်ပြောလိုက်တယ်တဲ့။

ဒါနဲ့ သားရေသေတ္တာကို ထမ်းပြီး လိုက်ပို့လိုက်တာ၊ အမျိုးသမီးနေတဲ့ တိုက်ရောက်သွားလို့၊ ပေးတဲ့ ကူလီခကိုယူပြီး ပြန်ဆင်းလာတဲ့အခါ ခုံဖိနပ်ကြီးနဲ့ဆိုတော့ ချော်ပြီး ဒလိမ့်ခေါက်ကွေး ကျသွားပါလေရော။

အဲဒီတင် ကူလီအဖြစ် ငှားလာတဲ့ အမျိုးသမီးက၊ ကဗျာကယာ ဆင်းပြီးလာတာတဲ့။

ကိုချစ်မောင် မျက်မှန်လည်း ကွဲသွားတာပေါ့။

အမယ်လေး ဆင်းရဲရတဲ့အထဲ ဖြစ်မှဖြစ်ရလေ၊ မျက်မှန်က ဘယ်လောက် တန်သလဲလို့ အမျိုးသမီးက ကရုဏာနဲ့ မေးသတဲ့။

www.burmeseclassic.com

www.burmeseclassic.com

အစိပ်လောက် တန်ပါတယ် ခင်ဗျာ။

ဒါနဲ့ သူ့ကို မျက်မှန်ဖိုး ထုတ်ပေးလိုက်တယ်တဲ့။

ကျွန်တော်သည် ဦးချစ်မောင်၏ စိတ်သဘောထားကို တွေးကြည့်နေမိသည်။

(၄)

သို့နှင့်ပင် မမြင်ဘူး မတွေ့ဘူးဘဲ။ ဦးချစ်မောင်ကို စွဲလန်းလျက် ရှိသည်။

ကျွန်တော် အင်းစိန်ထောင်မှ လွတ်သောအခါ ရန်ကုန်ရေကျော်မှ ဂျာနယ်ကျော် အလုပ်တိုက်သို့ ဝင်မိတော့သည်၊ သိဟောင်းကျွမ်းဟောင်း တစ်ယောက်အိမ်တွင် ဝင်ရဘိသကဲ့သို့ပင် စိတ်ထဲ၌ ဖြစ်နေသည်။

ဦးချစ်မောင်ကို မတွေ့၊ ဘယ်သွားနေသည် မသိ။ သို့နှင့်ပင် တကျောင်းကျောင်း ဆင့်ရိုက်နှိပ်နေသော ဂျာနယ်ကျော် ပုံနှိပ်စက်ကိုသာ ငေးကြည့်ပြီး ထွက်ခဲ့ရသည်။

ထိုမှ နဂါးနီ အလုပ်တိုက်သို့ သွားပြီး နဂါးနီ အယ်ဒီတာ ဦးထွန်းရွှေနှင့်သာ တွေ့ရတော့သည်။ ထောင်တွင်းမှ သခင်စိုး၏ မှာကြားချက်အရ သွားရခြင်းပင် ဖြစ်သည်။ သခင်စိုး ရေးသော "လူ့လောကဖြစ်စဉ်" ဆိုသော စာအုပ်ကြီးကို ရိုက်နှိပ်ရေးကိစ္စပင် ဖြစ်သည်။

အဲဒီစာအုပ်ပဲဗျာဟု ဦးထွန်းရွှေက လူ့လောကဖြစ်စဉ် စာတွဲကြီးကို လှမ်း၍ ပေးလိုက်သည်။ ကျွန်တော်က ယူ၍ကြည့်သည် အလွန်ပင် ကြီးကျယ်သည့် ကျမ်းကြီးတစ်စောင်ပင် ဖြစ်သည်။

အဲဒါကို ပိုက်ဆံမရှိတာနဲ့ မရိုက်နိုင်သေးဘူးဗျာဟု ဦးထွန်းရွှေက ညည်းလေသည်။

ကျွန်တော်က ဘာမျှပြန်မပြော၊ ပုံမနှိပ်ရသေးသော စာအုပ်ကို အားပါးတရ သုတ်ခြေတင်ပြီး ဒုန်းစိုင်း၍ ဖတ်နေမိသည်။ ဦးဦးဖျားဖျား ပုံမနှိပ်ရသေးသည့် စာမူကို ဖတ်ရသည့် ကုသိုလ်ကံသည် နှယ်နှယ်မဟုတ်၊ ဧရာမ ကုသိုလ်ကံပင် ဖြစ်လေသည်။

ကျွန်တော် စာအုပ်ကြီးကို ဖတ်၍ပြီးသောအခါ၊ ဦးထွန်းရွှေကို မတွေ့ရတော့ ဘယ်အချိန်က ဘယ်ကိုထွက်သွားသည် မသိ၊ ထိုအချိန်မှစ၍ နောက်ကိုလည်း ဘယ်နံရောအခါမျှ မတွေ့ရတော့။

www.burmeseclassic.com

www.burmeseclassic.com

ဦးချစ်မောင်ကိုမူကား ဂျာပန်ခေတ် ရောက်တော့မှ တွေ့ရသည်။ ဤခေတ်မတိုင်မီအတွင်း မတွေ့ခြင်းသည် ချက်ချင်းလိုပင် ပြန်၍ ထောင်နန်းစံရသောကြောင့်တည်း။

(၅)

ဂျပန်ခေတ်တွင် ကျွန်တော် ရန်ကုန်သို့ လာရောက်နေထိုင်သည်။ ထို့နောက် ဦးချစ်မောင်နှင့် ခင်မင်ရင်းနှီးသူ တစ်ယောက် ဖြစ်လာသည်။

ဦးချစ်မောင်နှင့် စကားလက်ဆုံကျတိုင်း ကျွန်တော် မသိမမိခဲ့သော ရှည်ဝေးလှသည့် အတိတ်ကာလမှ အဖြစ်အပျက်ကလေးများကို ဖော်သည်ချလေ့ရှိသည်။ နိုင်ငံတွင် စတင်ကျော်ကြားခဲ့သော စာရေးဆရာကြီးများ အကြောင်းကို အထူးသဖြင့် ပြောသည်။

ဇေယျကြီးက စာရေးရာမှာ အတော်ကောင်းတာကိုး၊ ဆရာလွန်းကြီး (သခင်ကိုယ်တော်မှိုင်း) က သဘောကျတာနဲ့ သူ့သမီးနဲ့ ပေးစားလိုက်ရော ဟူသည်ကအစ ပိမိုးနင်းကြီးကို စက်ဘီးတိုက်သည်အထိ အားလုံးပြောနေတတ်သည်။

များသောအားဖြင့် ကျွန်တော်နှင့် ဦးချစ်မောင်သည် ဆိုက်ကားစီး၍ လည်ပတ်တတ်ကြသည်။ ဦးချစ်မောင်က ရှေ့မှထိုင်၍ ကျွန်တော်က နောက်မှ ထိုင်တတ်သည်။ ထို့နောက် ဗဟန်းမှ လက်ဖက်ရည်ဆိုင်များတွင် ကျက်စားကြလေသည်။

အသိများနှင့် တွေ့တိုင်း၊ ဦးချစ်မောင်က အတင်းခေါ်ပြီး လက်ဖက်ရည်တိုက်သည်။ သူရော ကျွန်တော်ပါ လက်ဖက်ရည်ကို သောက်ပြီးသော်လည်း၊ အသိနှင့်အတူ ထပ်သောက်ကြသည်။ သည်လိုနှင့် အသိတွေ့တိုင်း မရေမတွက်နိုင်အောင် လက်ဖက်ရည် သောက်ကြသည်။ ဦးချစ်မောင်မှာ အတော်ပင် လက်ဖက်ရည် သောက်နိုင်ပါပေသည်။ ကျွန်တော်လည်း ခေသူမဟုတ်၊ အကြိမ်ကြိမ် ဘယ်နှစ်ခွက်ပင် သောက်ရစေကာမူ သောက်နိုင်ကြသူများ ဖြစ်ကြသည်။ အင်မတိ အင်မတန် ဘက်ညီပါပေသည်။ ဤသို့ လက်ဖက်ရည်သောက်လိုက်မုန့်စားလိုက်နှင့် နံနက်စာ မစားရသည်က များလေသည်။

အချိန်ကုန်တော့မှပင် အိမ်သို့ ပြန်ကြလေသည်။

မှတ်မှတ်ရရ တစ်ခါက ဆိုက်ကားဖြင့် အိမ်သို့ပြန်ကြရာ ဘာစိတ်ကူး

www.burmeseclassic.com

www.burmeseclassic.com

နှင့်မသိ၊ ဦးချစ်မောင်က "ဗမာပြည်မှာ သိကြားမင်း ဆိုရင် ရိုစရာလို့ပဲ အောက်မေ့အောင် ပြောင်လှောင်ရေးတာ ဘယ်သူလဲ" ကျွန်တော့်အား မေးသည်။

ကျွန်တော်က ဇဝနပေါ့ဟု ပြန်ပြီးပြောလိုက်သည်။

ဦးချစ်မောင်က ဘာမှ မပြောတော့၊ ဘာကြောင့် မေးသည်ကိုလည်း ကျွန်တော် မသိ။

(၆)

တစ်ခါက ဗမာ စာတော်အောင် ဘယ်လိုလုပ်ရမလဲဟု ကျွန်တော်က မေးသည်။

ဗမာ စာတော်ချင်ရင် မဃဒေဝကိုဖတ်၊ မဃဒေဝဟာ ဗမာစာပေမှာ အကြွယ်ဝဆုံးပဲဟု သူက ပြန်ပြောလေသည်။

သို့နှင့် ကျွန်တော် မဃဒေဝကို ပြီးဆုံးအောင် ဖတ်ဖူးတော့သည်။ ဖတ်ရုံသာဖတ်ခြင်း ဖြစ်သည်။ ဦးချစ်မောင်လိုတော့ သေချာစွာ မှတ်ခြင်းများ မရှိခဲ့၊ ဦးချစ်မောင်မှာ မဃဒေဝ အတွင်းမှ စာညွှန့်ကလေးများကို အာဂုံဆောင်ထား၍ တစ်ခါတစ်ခါတွင် အလျဉ်းသင့်လျှင် ရွတ်၍ ပြတတ်သည်။

ဤမျှ ဦးချစ်မောင်ထံသို့ ကျွန်တော် ချဉ်းကပ်ခဲ့သည့် အကြောင်းရင်းတစ်ခုမှာ သတင်းစာဂျာနယ် လုပ်ငန်းကို ဝါသနာပါသောကြောင့်လည်း ဖြစ်လေသည်။

သတင်းစာ ဂျာနယ်ဆရာ လုပ်တယ်ဆိုရင် ကဗျာကိုလည်း ခေါက်မိရတယ်ဟု ဦးချစ်မောင်က ပြောသည်။

ကျွန်တော့်ကို သတင်းစာဆရာတစ်ဦး ဖြစ်လာစေချင်သူမှာ ဦးချစ်မောင်ပင် ဖြစ်သည်။

ကျွန်တော့်အား ကဗျာစပ်နည်းများကို သင်ကြားပေးသည်။ ဦးပုည(ပြာတ်များလည်း အဖတ်ခိုင်းသည် ဦးတိုးရေးသည့် ရာမရကန်ကို သူအတော် နှစ်သက်သည်။

ဤသို့ စာပေနှင့်ပတ်သက်၍ ဦးချစ်မောင်ထံမှ ဗဟုသုတများ ဆည်းပူးခြင်း ပြုခဲ့သော်လည်း နိုင်ငံရေး ယူဆချက်များနှင့် ပတ်သက်၍မူ ဦးချစ်မောင်အား ကျွန်တော် ဘာမျှမမေးပါ။ မေးလည်း မမေးချင်၊ နိုင်ငံရေးနှင့် ပတ်သက်၍မူ,

www.burmeseclassic.com

www.burmeseclassic.com

ကား ကျွန်တော်နှင့် သဘောချင်း တိုက်ဆိုင်ချင်မှ တိုက်ဆိုင်မည်။ ဤသို့ဖြစ်၍ စာပေနှင့် ပတ်သက်၍သာလျှင် မေးမြန်းခြင်း ဆွေးနွေးခြင်း ပြုခဲ့သည်။

(၇)

ဂျပန်တွေဝင်လာလို့ တောကိုပြောင်းပြီးနေတာ တစ်နှစ်လောက်ကြာတယ်။ အဲဒီတစ်နှစ်အတွင်းမှာ စာအုပ်ပေါင်း တစ်ထောင်ကျော် ဖတ်ပြီးခဲ့တယ်ဟု ဦးချစ်မောင်က ကျွန်တော့်အား ပြောခဲ့လေသည်။ ဦးချစ်မောင် စာဖတ်များကြောင်းကိုမူ ကျွန်တော်သိပါသည်။ သို့သော် တစ်နှစ်အတွင်း စာအုပ်ပေါင်း တစ်ထောင်ကျော် ဖတ်ပြီးသည် ဆိုခြင်းကိုမူ မယုံနိုင်လောက်အောင် ဖြစ်ခဲ့ရပေသည်။

မည်သို့ပင် ဆိုစေကာမူ ဦးချစ်မောင်သည် ဗဟုသုတ ဟင်းလင်းအိုးကြီးဖြစ်ကြောင်း သူ့စာကို ဖတ်ဖူးသူတိုင်း၊ သူ့ကိုတွေ့ဖူး သိဖူးသူတိုင်း ဝန်ခံရလေသည်။

ထို့ကြောင့်ပင် သတင်းစာ၊ ဂျာနယ်ဆရာတို့၏ အကြောင်းကို ပြောကြတိုင်း စကားလက်ဆုံကျတိုင်း ဦးချစ်မောင်သည် ပရိသတ်အလယ်သို့ ဝင်၍ လာတတ်ပေသည်။

သခင်သန်းမြိုင်
တာရာမဂ္ဂဇင်း
အတွဲ ၁၊ အမှတ် ၅၊ မေလ၊ ၁၉၄၇

❐

www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်ကျော် ဦးချစ်မောင်မသေ

လောကအကျိုး သည်ပိုးရွက်ဆောင်ရာ၌ ပင်ပန်းလှသော သူ့ဝိရိယကို မရွံရှာသည်ဖြစ်၍ မိမိက်ကြမ္မာ မိမိဖန်တီးခွင့်ကို ခပ်စောစော ပေးလိုက်ခြင်းသာ ဖြစ်သည်

လွန်လေပြီးသော ဘဝဘဝက အဘယ်သို့သောပုဂ္ဂိုလ် ဖြစ်ခဲ့သည်မသိ။ နောင်ဘဝ ဘဝတို့၌ အဘယ်သို့သောပုဂ္ဂိုလ် ဖြစ်လိမ့်ဦးမည်မသိ။ သို့ဖြစ်လင့်ကစား ယခုဘဝ ယခုခေတ်ဝယ် ဂျာနယ်ကျော် ဦးချစ်မောင်ဟု ထင်ရှားခဲ့သော အမည်ဖြင့် ဗမာအမျိုးသား တစ်ယောက် ပေါ်ပေါက်ခဲ့သည်ကား။ ဗမာစာ ဖတ်တတ် သူတိုင်းမျှမက နိုင်ငံရေးရာကို လေ့လာဆည်းပူးသော မျိုးခြားများပင် သိကြကြားကြလေသည်။

နိုင်ငံရေးဟု ဆိုရာ၌ ပြည်တွင်းနိုင်ငံရေး၊ ကမ္ဘာ့နိုင်ငံရေးဟူ၍ နှစ်မျိုးနှစ်စား ရှိလေရာ ထိုကမ္ဘာတစ်ဖန် လတ်တလော အရေးပေါ်နိုင်ငံရေး၊ အတိတ်ကာလက နိုင်ငံရေး ဖြစ်ပေါ်လတ္တံ့သော နိုင်ငံရေး စသည်ဖြင့် အတိတ်အနာဂတ် ပစ္စုပ္ပန်တို့ကို ကြဲဆဝေဖန်နိုင်သူများမှာ ရှာမှရှားတတ်လေရာ ထိုရှားမှရှားသူတို့အနက် မြန်မာပြည်မှ ကျွန်ုပ်တို့၏ ဦးချစ်မောင် တစ်ယောက် အပါအဝင် ဖြစ်ကြောင်းကိုကား ဥရောပစစ် မကြေငြာမီ ကာလကြီး ငြိမ်းချမ်းသာယာသည်ဟု အမှတ်တမဲ့ နေကြစဉ်ကတည်းက ဥရောပ ကမ္ဘာ့နိုင်ငံရေး အခြေအနေကို ကိုးကားငြမ်းပြု၍ ကမ္ဘာကြီး ပျက်စီးလုနီးပြီလော ဟူသော စာအုပ်ဖြင့် သက်သေတည်စရာ ရေးသားထုတ်ဝေခဲ့လေသည်။

ထိုမှတစ်ပါး ရှုရှားတည်းဟူသော ဝက်ဝံရေကို ဖိနပ်နှင့်နင်းရန် အကြံကြီး ကြံနေသော ဟစ်တလာကိုယ်တိုင်အား ငင်းဝက်ဝံကပင်လျှင် ကိုက်သတ်ခဲ့

www.burmeseclassic.com

www.burmeseclassic.com

လတ္တံ့လောဟု ကာတွန်းနှင့်တကွ ဂျာနယ်ကျော်တွင် ဖော်ပြခဲ့သည်မှာလည်း သူ၏ အရည်အချင်းကို ဒိုးယိုပေါက် သိမြင်နိုင်ကြစေသည်။

ဂျပန်ကို အထင်မသေးနှင့်၊ မြန်မာပြည်သို့ ဤလမ်းကြောင်းလေးခဖြင့် ချီတက်သိမ်းပိုက်လတ္တံ့ဟု သတိပေးခဲ့သည်မှာလည်း ဂျပန်များ ဦးစွာပထမ ဗုံးချ၍ နှုတ်မဆက်မီ စောစောကတည်းက ဖြစ်ပြန်ရာ တကယ့်တကယ် ဝင်လာကြသော အခါတွင် သူဆွဲပြသောလမ်းများမှ အလျှိုအလျှို တသွေမလွဲ ဝင်လာကြခြင်းကြောင့်။ သူ၏ အမှန်းအထား အထင်အမြင်မှာ ရှေ့တလဲလောက်သာ ကွာဝေးသော ခရီးကလေးကိုပြေး၍ ကြည့်လိုက်သကဲ့သို့ပင် ရှိချေ၏။ ထို့ကြောင့် မဟုတ်လော။ များစွာသော ရန်ကုန်သူရန်ကုန်သား စစ်ပြေးများကြသည့်အချိန်တွင် ကျွန်ုပ်တို့ ဦးချစ်မောင်ကား စစ်ကြောင်းလွတ်ရာ မြစ်ဝကျွန်းပေါ် ဘိုကလေးမြို့သို့ ခပ်အေးအေး သွားရောက်ခိုဝင်နေခဲ့လေသည်။

ၿငိမ်းပြင်တဝ မာစတာများ ဝင်ရောက်သိမ်းပိုက်ပြီး၍ ရုပ်သေးအစိုးရ၊ ရုပ်စုံသဘင် စင်တော်မင်္ဂလာကြီးတွင် အသီးသီး။ အသက အသက အမှုတော်ထမ်းကြရာ၌ ဦးချစ်မောင်မှာ အဘယ်ဓာတ်ကောင် အဖြစ်နှင့်မှဝင်၍ အသုံးတော်မခံခဲ့ဘဲ။ ခပ်မှန်မှန် ခပ်ကုပ်ကုပ် အပေါ်ယံသဏ္ဌာန် လုပ်ခဲ့လေသည်။

ဤသို့ လောကဓံရဟတ် လှည့်ပတ်မှုအရ (မာစတာများ တမွန်းတည့်) လွန်လာခဲ့သော ကာလ၌ ကမ္ဘာစစ်ကြီး ပြီးလေပြီဟု အသီးသီးထင်နေကြဆဲ (စစ်ပြီးပြီမပြီးသေး) ဟူသော ဆောင်းပါးဖြင့် ဂျာနယ်ကျော် ပြန်ပေါ်လာပြန်ရော။ စစ်ဒုက္ခကြောင့် လူတိုင်း ကသိကအောက် မျက်စိကွယ် နားကန်းနေကြရသော လေးနှစ်အတွင်း၌ပင်လျှင် ဦးချစ်မောင်အဖို့ မည်ရွေ့မည်မျှ အမြင်ကျယ်နေပြန်သည်ကို အကဲခတ်တတ်သူများအတွက် မျက်လုံးပြူးလာကြစေလေသည်။

ဤရွေ့ဤမျှ အရေး၊ အကြံ၊ အကျင့် ပြည့်စုံသော ကျွန်ုပ်တို့၏ဥက္ကဋ္ဌ ဦးချစ်မောင်အား ယခုခေတ်တွင် နှစ်ပေါင်း ၃၅ နှစ်မျှသာ လောကကြီးက လက်ခံခဲ့ခြင်းသည် လောကကြီး၏အကျိုးကို သယ်ပိုးထမ်းဆောင်ရာ၌ ပင်ပန်းကြိုးစားလှသော သူ၏ဝီရိယကို မရှုရက်ဟန်ဖြင့် မိမိ၏ ကံကြမ္မာကို မိမိဘာသာ ဖန်တီးခွင့် ခပ်စောစောပေးလိုက်သလို ရှိတော့၏။

ထို့ကြောင့် ကျွန်ုပ်တို့ကိုယ်တိုင် သင်္ကြိုဟ်လိုက်ကြသော ယခုဘဝ ဦးချစ်မောင်ဟု ခေါ်ဆိုပညတ်သည့် အတ္တဘောသည် မကြာမြင့်မီ ပထဝီဩဇာအဖြင့်

www.burmeseclassic.com

www.burmeseclassic.com

ကြေမြည့်ပျက်စီးသွားမည် ဒိဋ္ဌဖြစ်လင့်ကစား။ သူ၏နာမည်နှင့်တကွသော ပညာနည်းပြ လမ်းစလက်ငုတ်တို့မှာမူ ဗမာပြည်ကြီးနှင့် ဗမာလူမျိုး ပျောက်ကွယ်တိမ်မြုပ်သွားသည့်တိုင်အောင် ကြွင်းကျန်ရစ်ခဲ့တော့မည် ဖြစ်သဖြင့် ဂျာနယ်ကျော် ဦးချစ်မောင်ကား မသေ။ မည်သည့်အခါမှ သေတော့မည်လည်း မဟုတ်။

သရီရံ၊ ခဏဝိဒ္ဓံသိ။

ကပ္ပန္တာဒ္ဓာယိနော၊ ဂုဏာ။ ။

သရီရံ၊ ကိုယ်ကောင်သည်။ ခဏဝိဒ္ဓံသိ၊ မကြာမိအတွင်း၌ ပျက်စီးယွင်းချွပ် ပျောက်ပျက်တတ်လေ၏။ ဂုဏာ၊ ထိုကိုယ်ဖြင့် ဆောင်ရွက်အပ်သော ဂုဏ်ကျေးဇူးတို့သည်ကား။ ကပ္ပန္တာဒ္ဓာယိနော၊ ကမ္ဘာဆုံးသည့်တိုင်အောင် တည်တံ့ထွန်းကားရစ်ကုန်၏။

သုခီအတ္တာနံပရိဟ ရန္တု။

သုခ။

ဂျာနယ်ကျော် အတွဲ ၃၊ အမှတ် ၁၂ ဖြို ၂၀၊ ၁၉၄၆။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့၏ တင်းမာသော အဓိဋ္ဌာန်

(၃-၄-၄၆ နေ့တွင် ရေးသည်။)

ညအချိန် ဖြစ်သည်။

"ဟကောင်... မင်းမသွားဘူးလား... ဦးချစ်မောင် ဆုံးသွားပြီ... " ဟူသော စကားလုံးများကို ကြားလိုက်ရသည်။ ပြောသူ ဆရာတော် "ဦးဝိမလ" ကား မျက်နှာမကောင်းချေ။

ကျွန်ုပ်လည်း ဘာဖြစ်သည်မသိ။ ထိုသတင်းကြားပြီးသည်နှင့် တစ်ပြိုင်တည်း အသက်မရှိသလို ငြိမ်သွားသည်။

"ငါတော့ ဝမ်းနည်းလို့ မဆုံးနိုင်တော့"ဟု ဒုတိယအကြိမ် ဆရာတော် မြွက်ပြန်သည်။ ဆရာတော် ပြောပြသမျှ ကျွန်ုပ် နားလည်ခဲ့သည်။ ဦးချစ်မောင်၏ ဂုဏ်ထူးဝိသေသများကို အထူးဖော်ပြရန် မလိုတော့သည့်အလျောက် ထပ်မံ ချဲ့ထွင် မရေးသားလိုတော့ချေ။

သို့သော် စွယ်စုံပုဂ္ဂိုလ် ထက်မြက်သော ပုဂ္ဂိုလ်ဟု သမုတ်ခြင်းခံရပြီး စာပေလောကဓ၏ သူရဲကောင်းတစ်ဦးသည် ယနေ့ကွယ်လွန်သည်အထိ မြန်မာနယ်နိမိတ်၌ ဘာအကျိုးထူးတွေ ခံစားသွားရသနည်း။

လက်သီးဆုပ် စာပေလောကတွင် "ခါတော်မှီလျှောရေး" နယ်အတွင်းမှ ထွက်ခွာသွားရှာပြီးသော ကျွန်ုပ်တို့ ဥက္ကဋ္ဌသို့ ဘာပဋိဉာဉ်ပေးကြမည်နည်း။

ပီမိုးနင်းသည် ကြမ်းတမ်းသော စာပေလောကတွင် ကျဉ်းမြောင်းသော အသက်မွေးမှုဖြင့် တိုင်းပြည်ပြုသွားသည်။ ဥက္ကဋ္ဌသည်ကား ပီမိုးနင်းအတူ စာပေလောကကြီး၏ တကဲ့ညီမျှသော အကျိုးခံစားခွင့်ကို မရရှာမီ ကွယ်လွန်လေပြန်ပြီ။

www.burmeseclassic.com

www.burmeseclassic.com

ဗမာ့ရဲဘော် တစ်စုသည် တော်လှန်မှုကို အရင်းခံထားလျက် တိုင်းပြုပြည်ပြု လွတ်လပ်ရေးရရန် တင်းမာသော အဓိဋ္ဌာန်ကို ပြုကြသည်။ သူတို့၏ ကွယ်လွန်လေပြီးသော "ရဲဘော်ဟောင်း"များ၏ စွန့်စားမှုကို မှတ်တမ်းတင်ကြလေသည်။ လေးစားစွာ အရိုအသေပြုကြသည်။

ငါတို့စာပေဗိမာန်မှ "တကယ့် စာပေအရသာကို မသုံးစွဲရမီ ညှဉ်းဆောက်ကျလှသော ကျွန်တွင်း လွတ်ကင်းအောင် ထွက်ခွာသွားကြလေပြီးသော "စာပေရဲဘော်"တွေအဖို့ ငါတို့ ဘာလုပ်ကြမည်နည်း။

သူတို့၏ ငြိုငြင်စွာနှင့် ပျိုးထောင်ပြုစုပေးခဲ့သမျှ အမြတ်အစွန်းတို့ကို ကျွန်ုပ်တို့မည်သို့ ဆက်လက်တိုးပွားကြစေမည်နည်း။

"စာရေးဆရာ"သည် ယခုကဲ့သို့ အလိုပြည့်မကျသေးသော ဘဝမှ မလွတ်မြောက်လေသမျှ ကာလပတ်လုံး ထိုထိုသော ကွယ်လွန်လေပြီး "စာပေရဲဘော်"များ၏ ကြိုးပမ်းမှု အမြတ်အစွန်းတို့ကို အလွဲသုံးစားမပြုကုန်အံ့ဟု ကြွေးကြော်ကြစို့... အဓိဋ္ဌာန်ပြုကြစို့...

ထို... စာပေလောက... ။

ကျွန်ုပ်၌ စာပေလောကဌ် ဝါသနာ၏ တင်းတိမ်မှု တိုင်းပြည်၏ ကောင်းစေမှုသို့ ရှေ့ရှု၍ ငါတို့တတွေသည် ကျဉ်းမြောင်းသော ဘဝခရီးဖြင့် ရှေ့သို့တက်ကြအံ့။

ငါတို့၌ အစစသော ကမ္ဘာရာဇဝင် အဖြစ်အပျက်များကို ထောက်ရှု၍ ထူးမြတ်သော အာဏာ၊ မြင့်မြတ်သော ကလောင်တို့ကို လက်ကိုင်ပြု၍ လူထုနှင့်အတူ ခရီးသွားနိုင်၏။

ငါတို့သည် မြင့်မြတ်သော ကလောင်နှင့် ထူးမြတ်သော အာဏာတို့ကို အလွဲသုံးစား မပြုကြောင်း၊ ဤနေ့ဤအခါမှနေ၍ တင်းမာသော အဓိဋ္ဌာန်ကို ပြု၏။

ငါတို့စိတ်ကြိုက်၊ မှောင်မိုက်ပယ်ခွင်း ထိန်ထိန်လင်းစေတတ်သော ဦးနှောက်ဉာဏ်သည် လူတစ်ဦးအဖို့ မဖြစ်စေဘဲ တစ်တိုင်းတစ်ပြည်လုံးရှိ လူထုကြီးအဖို့ ဖြစ်ပါစေအံ့။

တိုင်းပြည်၌လည်းကောင်း၊ လူထု၌လည်းကောင်း၊ အကျိုးမရှိ အရာမထင်၊ ကျွန်ုပ်တာကို ထင်ရှားစေတတ် အမျိုးဂုဏ်ကို ယုတ်ညံ့စေတတ်သော

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကူးမျိုး၊ စာမျိုးကို ရာသက်ပန် မဇ္ဈရေးသားဟူ၍ ရှေးကွယ်လွန်သူ စာပေရဲဘော်များအား လေးနက်စွာ ဝန်ခံခြင်း ပြုပေအံ့။

လူထုနှင့်ဖက်၍ အသက်သေသော်လည်း မတုန်လှုပ်၊ ငါတို့၏ ဆုံးဖြတ်လေပြီးသော တင်းမာသည့် အဓိဋ္ဌာန်မှလွဲ၍ကား ငါတို့မပြု... ။

အဆုံးလောက တစ်နေရာမှစ၍ စာပေလောကကြီးသို့ စိစိကြည့်လျက် နေကြကုန်သော "ရဲဘော်ဟောင်း" ကြီးများသည် ငါတို့၏ ဤတင်းမာသော အဓိဋ္ဌာန်ကို ဝမ်းမြောက်ရွှင်ပြုးစွာနှင့် နှစ်သိမ့်ကြပါစေ... ဟု နောက်ဆုံး ဆုတောင်းလိုက်ပေသည်။

နှလုံးသွေးဖြင့် ပူဇော်အံ့။

ရွှေပေါင်ထွန်း–ဝါဒစာပေ

ဂျာနယ်ကျော် တွဲ ၃၊ အမှတ် ၁၂ ဧပြီ ၂၀၊ ၁၉၄၆။

www.burmeseclassic.com

www.burmeseclassic.com

သမိုင်းဝင်သူရိယ မြန်မာ့အလင်းနှင့် မြန်မာ့နိုင်ငံရေး

တာဝန်ခံ အယ်ဒီတာ ဦးတင် (ယောဂီ)၏ လက်ထက်တွင် နောင်သော အခါ၌ ဂျာနယ်ကျော် ဦးချစ်မောင်ဟူ၍ အမည်တွင်လာမည့် ဦးချစ်မောင် မြန်မာ့အလင်းသို့ ရောက်ရှိလာပုံမှာလည်း စိတ်ဝင်စားဖွယ်ရာ ကောင်းလှပေသည်။

ဦးချစ်မောင် ရည်ရွယ်ချက်

လက်ပံတန်းမြို့တွင် ကျောင်းဆရာ လုပ်ကိုင်လျက် ရှိနေသော ဦးချစ်မောင်သည် နွေရာသီကျောင်းပိတ်ရက်၌ ရန်ကုန်မြို့သို့ စာအုပ်လာဝယ်ရင်း အနော်ရထာ သတင်းစာတိုက်က အယ်ဒီတာ ဝင်လုပ်ဖို့ခေါ်၍ နေရပ်သို့ မပြန်တော့ဘဲ အနော်ရထာ သတင်းစာတိုက်တွင် လုပ်ကိုင်ခဲ့လေသည်။

သတင်းစာဆရာ အယ်ဒီတာအလုပ်မှာ ဦးချစ်မောင်ဘက်တွင် အဆုံးစွန်သော ရည်ရွယ်မျှော်မှန်းချက် ဖြစ်ပေသည်။ ကျောင်းသား ဘဝကတည်းက ဦးချစ်မောင်သည် အင်္ဂလိပ်ဘာသာပြန် ဆောင်းပါးများ ရေးသားပြီး သူရိယ သတင်းစာကြီးမှ ကြိုးကြပ်အုပ်ချုပ် ထုတ်ဝေခဲ့သော နယူးဘားမား အင်္ဂလိပ် သတင်းစာတိုက်သို့ ပေးပို့ခဲ့သည်။

ဤသို့ ကျောင်းသားဘဝကတည်းက ဝါသနာထက်သန် ပြင်းပြခဲ့သော ရည်ရွယ်ချက်ကို ဦးချစ်မောင်က နောင်သောအခါ ၎င်း၏ဇနီး ဖြစ်လာမည့်သူ ဒေါ်တင်လှိုင် (ဂျာနယ်ကျော်မမလေး)အား ပြောပြရာ သူ့လိုလူ စာအုပ်ထဲ၌ အောက်ပါအတိုင်း ရေးသားထားလေသည်။

"အယ်ဒီတာကတော့ အစကတည်းက ကျွန်တော့် ရည်ရွယ်ချက်ကြီးပါပဲ။ ကျောင်းသားဘဝကတည်းက အင်္ဂလိပ်လို ဆောင်းပါးလေး

www.burmeseclassic.com

www.burmeseclassic.com

ရေးပြီး နယူးဘားမား သတင်းစာတိုက်ကို ပို့ခဲ့ပါတယ်။ တစ်နေ့ သတင်းစာတစ်စောင်မှာ အုပ်စီးပြီး အယ်ဒီတာလုပ်မယ် ဆိုတဲ့ ရည်ရွယ်ချက်ကတော့ ကျောင်းသားအရွယ်ကတည်းက အပြီးအပြတ် ရည်မှန်းထားပြီးသားပါဘဲ"

တစ်ဆက်တည်းတွင် အနော်ရထာ သတင်းစာတိုက်မှ တစ်ဖန် မြန်မာ့အလင်း သတင်းစာတိုက်သို့ ရောက်ရှိလာခဲ့ပုံကို ဦးချစ်မောင်က ဒေါ်တင်လှိုင်အား ဤသို့ရှင်းလင်းပြောပြခဲ့ပြန်လေသည်။

"နော်ရထာ သတင်းစာက ပြုတ်သွားပါတယ်။ ကျွန်တော် လုပ်စဉ်တုန်းကက စက္ကူထုပ်တောင် ဝယ်စရာငွေမရှိလို့ အပေါ်အကျီကို ချွတ်ပေါင်ပြီး ဝယ်ယူလုပ်ကြရပါတယ်။ ညစာထမင်းကို ဘယ်တော့မှ ဝယ်မစားနိုင်ခဲ့ပါဘူး။ ပဂိုးဒါး ဘယာကြော် တစ်ပဲဖိုးနဲ့ ရေအဝသောက်ပြီး အဆင်းရဲအမျိုးမျိုးခံလုပ်ပေမယ့်လည်း နောက်ဆုံး တိုက်ပိတ်ရတာပဲ။ မြန်မာ့အလင်းကို ရောက်လာရတာကတော့ ကျွန်တော့်မိတ်ဆွေ ဂျာမနီပြန် ဦးတင်ကြီးကို မြန်မာ့အလင်း တာဝန်ခံ အယ်ဒီတာ ယောဂီဦးတင်က သူကောင်းကောင်း မမာလို့ တိုက်မှာ ဝင်လုပ်ဖို့ ခေါ်တယ်။ ဦးတင်ကြီးရဲ့ အိမ်က သဘောမတူကြတာနဲ့ ဦးတင်ကြီးက ကျွန်တော့်ကို လုပ်ရန် တိုက်တွန်းပြန်တော့ ကျွန်တော်လည်း မြန်မာ့အလင်းမှာ ညအယ်ဒီတာအဖြစ်နဲ့ ဝင်ရပြန်ပါတယ်"

ထိုအခါ ဒေါ်တင်လှိုင်က "အယ်ဒီတာချုပ် ဦးစိန် သတင်းစာ တစ်စောင်လုံးကို ဦးစီးပြီး လုပ်နေရမှာပေါ့နော်" မေးပြန်ရာ ဦးချစ်မောင်က "ဟုတ်ကဲ့"ဟု ပြန်ဖြေသည်။

ခေါင်းကြီးပိုင်း နှစ်ချိုက်သူ

သို့ကြောင့် ဒေါ်တင်လှိုင်က "ကျွန်မ မြန်မာ့အလင်း ခေါင်းကြီးပိုင်းတွေကို အင်မတန်ဘဲ နှစ်ခြိုက်ပါတယ်။ အသုံးအနှုန်းကလည်း အင်မတန်ခန့်ညားပြေပြစ်ပြီး လိုရင်းကို ထိရောက်အောင် ရေးနိုင်လွန်းလို့ ဆောင်းပါးရေးလိုတဲ့ လူတွေအတွက် အတော်ပဲ အထောက်အပံ့ ရပါပေတယ်။ မြန်မာ့အလင်း သတင်းစာ ဒီလောက် အဆင့်အတန်းမြင့်ပြီး စောင်ရေ ဒီလောက်တက်ရတာ ဦးစိန်းရဲ့ ကလောင်စွမ်းထက်လို့ သာမို့ ဦးစိန်းဟာ အတော့်ကို

www.burmeseclassic.com

www.burmeseclassic.com

အခြေခံရှိတဲ့ ပုဂ္ဂိုလ်ကြီးပဲ။ ဒီခေါင်းကြီးတွေကို ဖတ်ရတိုင်း ဦးစိန်းကို ဘယ်လို ကျေးဇူးတင်ရမှန်း မသိပါဘူး"ဟု ပြောလေရာ ဦးချစ်မောင်က "ဟုတ်ကဲ့"ဟု သာ ပြန်ပြောပြီး နေခဲ့လေသည်။

ဒယ်ဒီတာအလုပ်ဆိုတာ

ဒေါ်တင်လှိုင်က တစ်ဖန်ဆက်လက်ပြီး "တိုင်းပြည်အတွက် ကောင်းရာ ကောင်းကြောင်း လုပ်မယ်လို့ စေတနာထားတဲ့သူတွေ အမျိုးမျိုးထဲမှာ ကျွန်မ ဖြင့် အယ်ဒီတာ အလုပ်ဟာ ဘယ်လောက် မွန်မြတ်တယ် အပင်ပန်းခံပြီး လိုလေသေးမရှိအောင် ဆည်းပူးလေ့လာ ဖတ်ရှုပြီး တစ်ဆင့် ညွှန်ပြပေးနေရတာ တွေဟာ ကြည်ညိုစရာ ဘယ်လောက်ကောင်းတယ် ဆိုတာ စောစောက မသိလှဘူး။ ခုမှ ဦးချစ်မောင်နဲ့ ရင်းနှီးလို့ အယ်ဒီတာလုပ်ငန်းကို သိရတာပါပဲ။ ဦးချစ်မောင် အယ်ဒီတာ အလုပ်ဟာ ပင်ပန်းသလောက် တကယ် အရာရောက်ပြီး တကယ်မွန်မြတ်ပါပေတယ်" ဟု ပြောခဲ့လေသည်။

ထိုစဉ်က ဦးချစ်မောင်သည် မြန်မာ့အလင်း သတင်းစာ တစ်စောင် လုံးကို ၎င်းကိုယ်တိုင် ဦးစီးလုပ်ကိုင်နေပြီး ခေါင်းကြီးပိုင်းများကို ထက်ထက် မြက်မြက် ရေးသားခဲ့၍ လူကြိုက်များနေပါလျက် ၎င်းပင်ရေးသည်၊ ၎င်းပင် ဦးစီးနေသည် ဟူ၍ ရှင်းမပြခဲ့၊ ပြောမပြခဲ့ပေ။

ဦးစိန်း၏ ချီးကျူးမှု

သို့ရာတွင် ဘိုကလေးမြို့၌ ဦးချစ်မောင်နှင့် ဒေါ်တင်လှိုင်တို့ စေ့စပ် ကြောင်းလမ်းပွဲ လုပ်သောအခါ ဦးချစ်မောင်နှင့်အတူ လိုက်ပါလာခဲ့သော အယ်ဒီတာချုပ် ဦးစိန်းက ဦးချစ်မောင်၏ ဂုဏ်ပုဒ်များကို ထုတ်ဖော်ဖွင့်ဟ ချီးကျူးပြောဆိုခဲ့ရာ ဦးချစ်မောင်သည် ပြုံး၍ နားထောင်နေခဲ့ပြီးနောက် ဇနီး လောင်း ဒေါ်တင်လှိုင်အား အဖြစ်မှန်များကို ပြောပြခဲ့လေတော့၏။

အယ်ဒီတာချုပ် ဦးစိန်းနှင့် ဦးချစ်မောင်တို့သည် အလုပ်နှင့် ပတ်သက်၍ အယူအဆ မည်သည့်အခါမျှ မတူညီကြဘဲ သဘောချင်း ကွဲလွဲနေရမျှမက ဦးချစ်မောင်ကို ဦးစိန်းက လွန်စွာ မုန်းတီးနေခဲ့သည်။

ဒေါ်တင်လှိုင်နှင့် စေ့စပ်ကြောင်းလမ်းပွဲ၌ ဦးစိန်းက ဦးချစ်မောင်၏

www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်ပုဒ်များကို ပထမဦးဆုံးအကြိမ် ချီးကျူးပြောဆိုခဲ့၍ ဦးချစ်မောင်မှာ ပြုံးမိခဲ့ခြင်း ဖြစ်လေသည်။

ဦးစိန်းနှင့် ဦးချစ်မောင်တို့ အယူအဆမတူညီဘဲ သဘောကွဲလွဲခဲ့ခြင်းမှာလည်း အခြားကြောင့် မဟုတ်ပေ။ ဦးစိန်းသည် ဘကြီးဘဖေတို့ ၂၁ ဦး ဂျီစီဘီအောဘက်သို့ တိမ်းညွတ်နေခဲ့ပြီး ဦးစိန်း၏ နိုင်ငံရေး ခံယူချက်မှာ ရှေးကျကာ ကွန်ဆာဇေးတစ် ဆန်နေခဲ့သည်။ တိုးတက်သော (ပရိဂရက်စစ်) အယူအဆ ရှိနေသည့် ဦးချစ်မောင်နှင့် သဘောကွဲလွဲခဲ့ရခြင်း ဖြစ်၏။

သို့သော်လည်း ဦးချစ်မောင်သည် ဦးစိန်းအား လိမ္မာပါးနပ်စွာ လက်တွဲခေါ်ပြီး ၎င်းရည်မှန်းရာသို့ ရောက်အောင် လုပ်ကိုင်လာခဲ့လေသည်။ ဦးစိန်းကို သစ်စိမ်းချိုး ချိုးမပစ်ခဲ့ပေ။

ထို့ကြောင့် မြန်မာ့အလင်း သတင်းစာတိုက်တွင် ဦးစိန်းမှာ အယ်ဒီတာချုပ် ဟူသော နာမည်သာ ရှိခဲ့ပြီး တကယ်တမ်း ကြီးကြပ်ကွပ်ကဲ ဦးဆောင်လုပ်ကိုင်ခဲ့သူမှာ ဦးချစ်မောင်ပင် ဖြစ်ပေသည်။

အခါကြီး ရက်ကြီး နေ့လောက်တွင်ပင် ဦးစိန်းအား ခေါင်းကြီးပိုင်းရေးစေခဲ့ပြီး ကျန်ရက်များ၌ ဦးချစ်မောင်ကသာ ရေးခဲ့လေသည်။ အယ်ဒီတာချုပ် အမည်ကိုလည်း ဦးစိန်း ကွယ်လွန်သွားသည့် အခါကျမှသာလျှင် ပြောင်းလွဲလိုက ပြောင်းလွဲရန် ဦးချစ်မောင်က တိုက်အုပ် ဦးတင် (ဝန်ကြီးဟောင်း) အား တောင်းပန်ထားခဲ့လေသည်။

ဝန်ကြီးဟောင်း ဦးတင်သည် ဦးစိန်းနှင့် ဦးချစ်မောင်တို့ အယူအဆမတူညီမှုတွင် ပြဿနာ ကြီးကြီးကျယ်ကျယ် မဖြစ်ပေါ်ရလေအောင် ကြားဝင်ထိန်းသိမ်းနိုင်စွမ်းရှိခဲ့သူ ပုဂ္ဂိုလ်ကြီး ဖြစ်ပေသည်။

တစ်ခါတရံ၌ ဦးချစ်မောင်သည် ဦးစိန်း ရေးသားသော **'တောသားရဲဆွဲထုတ်'** ဆောင်းပါးခန်းနှင့် **'စကားတောင်းစား ဆောင်းပါးခန်း'** တို့ကို မနှစ်သက်၍ မသုံးဘဲ ချန်လှပ်ထားခဲ့ဖူးလေသည်။ ထိုအခါ ဦးစိန်းက တိုက်အုပ် ဦးတင်အား တိုင်ကြားခဲ့သည်ဟု ဆိုလေသည်။

အစဉ်အလာကို ထိန်း

ဦးချစ်မောင်သည် ဦးစိန်း ရေးသမျှ အကုန်ပယ်ပစ်ခြင်း၊ မထည့်သွင်း မဖော်ပြဘဲ နေခဲ့ခြင်း သဘောမျိုး မဟုတ်ခဲ့ပေ။ ၎င်းချမှတ် ခံယူထားသော

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့အလင်းပေါ်လစီနှင့် ကိုက်ညီအောင် ပြုပြင်၍ ရေးခဲ့သမျှ ရအောင် ထည့်သွင်းဖော်ပြ အသုံးပြုခဲ့ပေသည်။

သက်ကြီးဝါကြီး ဆရာကြီးများကို ဦးချစ်မောင်သည် အမြဲတစိုး ဂါရဝထားပြီး နောင်တော့် နောင်တော် တာဝန်ခံ အယ်ဒီတာများ၏ အစဉ်အလာများနှင့် ကျင့်စဉ်ကို ထိန်းသိမ်းလေးစားခဲ့သူ ဖြစ်သည်။

အယ်ဒီတာချုပ် ဦးစိန်းသည် မြန်မာ့အလင်းသတင်းစာတိုက်သို့ လာရောက်ခြင်း မရှိလင့်ကစား ဦးစိန်းထိုင်နေကျ ကုလားထိုင်နှင့် စားပွဲကို ဦးချစ်မောင်သည် ၎င်း၏အခန်းထဲမှ ဖယ်ရှားရှင်းလင်းမပစ်ဘဲ နဂိုအတိုင်းပင် ထားခဲ့၏။

၎င်း၏အခန်းထဲသို့ သက်ကြီးဝါကြီး စာရေးဆရာ၊ သတင်းစာဆရာကြီးများ ဝင်ရောက်လာလျှင် ဦးချစ်မောင်သည် ထိုင်နေရာမှထ၍ ခရီးဦးကြိုပြုပြီး ဆရာကြီးများက "ထိုင်ပါ... ထိုင်ပါ" ဆိုသော အခါကျမှ ၎င်းကုလားထိုင်တွင် ပြန်ထိုင်သူ ဖြစ်သည်။

မြန်မာ့အလင်းတွင် တာဝန်ခံ အယ်ဒီတာနှင့် ဦးစိန်း၏ အယ်ဒီတာချုပ် တာဝန်ကိုပါ ပူးတွဲထမ်းဆောင်ခဲ့ရစဉ်အချိန်က ဦးချစ်မောင်၏ အသက်မှာ (၂၄) နှစ်သာ ရှိသေးသည်။ အစ်မကြီး ဂျာနယ်ကျော် မမလေးနှင့် အသက် (၂၆) နှစ်အရွယ်တွင် အိမ်ထောင်ကျခဲ့လေသည်။

ယောဂီဦးတင် ထွက်သွား၍

တာဝန်ခံအယ်ဒီတာ တာဝန်ကို ဦးချစ်မောင် ယူခဲ့ရခြင်းမှာလည်း ယောဂီဦးတင် ထွက်သွား၍ ဖြစ်လေသည်။ ယောဂီဦးတင်သည် **"မအိုသေးတဲ့သူ အပျိုလေးနဲ့တူ"** ဆိုသည့် ယောဂီသွေးဆေးနှင့် ယောဂီတေဆေးများကို တစ်ဖက်မှ ဖော်စပ်ထုတ်လုပ် ရောင်းချခဲ့ရာ လူကြိုက်များပြီး ကြီးပွားလာခဲ့သည်။ ယောဂီသွေးဆေးထုပ်တွင် ဘီးဆံထုံးကြီးနှင့် အမျိုးသမီးအရုပ် ပါရှိ၍ ယောဂီတေဆေးထုပ်၌ ခေါင်းပေါင်းနှင့် နှုတ်ခမ်းမွေးကားကား အမျိုးသားရုပ် ပါရှိရာ သုံးဖူးသူများ သတိထားမိကြပေလိမ့်မည်။

ထို့ကြောင့် မြန်မာ့အလင်း သတင်းစာ တာဝန်ခံ အယ်ဒီတာအဖြစ်မှ ယောဂီဦးတင်က နှုတ်ထွက်ခွင့်တောင်းရာ ဝန်ကြီးဟောင်း တိုက်အုပ် ဦးတင်က

www.burmeseclassic.com

www.burmeseclassic.com

တားမြစ်ခဲ့၍ ယောဂီဦးတင်သည် သုံးကြိမ်သုံးခါတိတိ မေတ္တာရပ်ခံယူပြီး နှုတ်ထွက်ခဲ့ရသည်ဟု ဆိုလေသည်။

ဦးချစ်မောင်၏ အရည်အချင်းနှင့် နိုင်ငံရေး စိတ်ဓာတ်ကို စိတ်ချယုံကြည်သောကြောင့်လည်း ယောဂီဦးတင်သည် စိတ်ချလက်ချ မြန်မာ့အလင်းမှ ထွက်ခွာသွားခြင်း ဖြစ်သည်ဟု ဆိုပါသည်။

ယောဂီဦးတင် စိတ်ချယုံကြည်လောက်အောင်လည်း ဦးချစ်မောင်၏ အရည်အသွေးမှာ ထက်မြက်ပြောင်မြောက်လှပေသည်။ အထူးသဖြင့် သတင်းစာခေါင်းကြီးပိုင်း အရေးအသား၌ ကလောင်ထက်လှပြီး စကားလုံး အသုံးအနှုန်း ပြောင်မြောက်လှ၏။

ယင်းသို့ ထက်မြက်ပြောင်မြောက်သော စာများကို ရေးသားနိုင်ဖို့အတွက် တစ်ဖက်မှ စာပေဗဟုသုတ ရှာဖွေခြင်း ဖြစ်သော စာဖတ်ခြင်းကို တစ်နေ့လျှင် ၅ နာရီကျ အချိန်ယူဖတ်ရှုခဲ့၏။ စာများများဖတ်နိုင်မှ တန်ကာကျမည် ဟူ၍ သဘောထားခဲ့သူ ဖြစ်သည်။

တစ်နေ့ ၁၅ နာရီ အလုပ်လုပ်သူ

အလုပ်လုပ်ချိန်ကိုလည်း နေ့စဉ် ၁၅ နာရီကျ လုပ်ကိုင်ခဲ့သူ ဖြစ်သည်။ နံနက် ၈ နာရီအချိန်တွင် သတင်းစာတိုက်သို့ လာရောက်ပြီး မွန်းလွဲ ၁ နာရီအချိန်တွင် နေအိမ်သို့ ပြန်သွားသည်။ တစ်ဖန် ညနေ ၃ နာရီအချိန်တွင် သတင်းစာတိုက်သို့ ပြန်လာ၍ ည ၈ နာရီအချိန်တွင် အိမ်သို့ ခေတ္တ ပြန်သည်။ ည ၉ နာရီအချိန်တွင် သတင်းစာတိုက်သို့ ပြန်လာပြီး နောက်တစ်နေ့အကူး ည သန်းခေါင်ကျော် နာရီပြန် ၂ ချက်ကျမှ အိမ်သို့ ပြန်သည်။

ထို့ကြောင့် တစ်နေ့လုံးတွင် ၂၄ နာရီရှိသည်အနက် သတင်းစာတိုက်တွင် ၁၅ နာရီ အလုပ်လုပ်သည်။ စာကို ၅ နာရီကြာ ဖတ်ပြီး တစ်နေ့လျှင် ၄ နာရီလောက်သာအိပ်သူ ဖြစ်သည်။

အယ်ဒီတာချုပ်၏ လစာ

ယင်းသို့ တက်တက်ကြွကြွနှင့် ကြိုးကြိုးစားစား လုပ်ကိုင်ခဲ့သဖြင့် မြန်မာ့အလင်းစောင်ရေမှာ ၁၀၀၀၀ လောက်ရှိလာပြီး လူကြိုက်များနေပြီ ဖြစ်သည်။ သို့သော် အယ်ဒီတာချုပ် ဦးချစ်မောင်၏ လစာငွေမှာမူကား ၀၉၀လ

www.burmeseclassic.com

www.burmeseclassic.com

ငွေ ၁၂၀ (တစ်ရာ့နှစ်ဆယ်)သာ ရရှိခဲ့၏။ ဂျာနယ်ကျော် မမလေးနှင့် အိမ်ထောင်ကျသောအခါကျမှ တိုက်အုပ် ဦးတင်က ငွေ ၆၀ (ခြောက်ဆယ်) တိုးပေးပြီး တစ်လ ငွေ ၁၈၀ ရရှိခဲ့လေသည်။

ဂျာနယ်ကျော် မမလေးကမူကား မြန်မာ့အလင်း သတင်းစာတိုက်မှ အယ်ဒီတာချုပ်ဖြစ်သူ ဦးချစ်မောင်သည် လစာငွေ တစ်လ ၃၀၀ မှ ၃၅၀ လောက် ရရှိနေသူ ဖြစ်လိမ့်မည်ဟု ထင်မိခဲ့၏။ ဦးချစ်မောင်နှင့် အိမ်ထောင်ကျသော အခါကျမှ အမှန်သိရ၍ အံ့သြသွားခဲ့ရပေသည်ဟု ဆို၏။

အကြောင်းသော်ကား နေ့စဉ်စောင်ရေ တစ်သောင်း ကြော်ငြာအလျှပယ်ရကာ ထုတ်ဝေနေရသော မြန်မာ့အလင်း သတင်းစာတိုက်ကြီးမှ အယ်ဒီတာချုပ် တစ်ဦး၏ လစာငွေ ထိုမျှ နည်းပါးလိမ့်မည်ဟု မထင်မိခဲ့သောကြောင့်ပင် ဖြစ်လေသည်။

စည်းရုံးခဲ့သူ

တို့ဗမာ အစည်းအရုံးထဲသို့ ဦးနု၊ ဗိုလ်ချုပ်အောင်ဆန်း၊ သခင်သန်းထွန်း၊ သခင်လှဖေ (ဗိုလ်လက်ျာတို့ ဝင်လာအောင် စည်းရုံးလှုံ့ဆော် ပေးခဲ့သူမှာ မြန်မာ့အလင်း ဦးချစ်မောင်ပင် ဖြစ်ပေသည်။ ဦးချစ်မောင်နှင့်အတူ သခင်တင်မောင် [ပန်းတနော်] သည်လည်း ပါဝင်ခဲ့သည်ဟု ဆိုပါသည်။

မီးဒုတ်ကြီး သခင်သိန်းမောင်နှင့် သခင်ဗစိန်တို့အား ပြောဆိုမရ၍ ဆရာကြီး သခင်ကိုယ်တော်မှိုင်းသည် တို့ဗမာအစည်းအရုံးမှ ထွက်ထိုင်နေရန် နှုတ်ထွက်စာတစ်စောင် ရေးသားပြီး ထိုနှုတ်ထွက်စာကို မြန်မာ့အလင်း သတင်းစာထဲ၌ ထည့်သွင်းဖော်ပြပေးရန်အတွက် လူတစ်ဦးကိုလွှတ်၍ ပို့ခိုင်းလိုက်သည်။

ထိုစာမှာ ဦးချစ်မောင်ထံသို့ ရောက်လာရာ ယင်းကိစ္စနှင့် ပတ်သက်၍ ဦးချစ်မောင်က ၎င်း၏ဓနိုးဖြစ်သူ ဂျာနယ်ကျော် မမလေးကို ပြောပြခဲ့ပုံကို ဒေါ်မမလေးက သူလိုလူ စာအုပ်ထဲ၌ အောက်ပါအတိုင်း ဖော်ပြထားလေသည်။

ဆရာကြီး ထွက်လျှင်တော့

မဖြစ်ဘူး တင်လေး၊ ကားငှားပြီး ကြည့်မြင်တိုင်လိုက်မှပဲ ဆရာကြီးကို မထွက်ဖို့ရာ အမီသွားပြောရမယ်။ ထွက်မယ်ဆိုရင်တော့ ကိုကို့ အကြံအစည်တွေ ပျက်ကုန်တော့မှာပဲ"ဟု ပြောလေသည်။

www.burmeseclassic.com

www.burmeseclassic.com

"ဘာတွေများ ကြိစည်နေလို့လဲ ကိုကိုရဲ့"

"သခင် နှစ်ခြမ်းကွဲသွားရင် သခင်သိန်းမောင် အစည်းအရုံးမှာ လုပ်မဲ့လူမရှိဘူး၊ ကိုကို နောက်တုန်းက တင်လေးကို ပြောခဲ့ဖူးတယ် မဟုတ်လား။ ကျောင်းသားတွေ ဒီအသင်းထဲကို ဝင်အောင် အားထုတ်မယ်လို့ ပြောခဲ့တာလေ။ အခုအချိန်ဟာ အခွင့်အရေးကောင်းတစ်ခု ပေါ်လာတာပဲ။ ကျောင်းသားတွေနဲ့ နိုင်ငံရေးကို တိုက်မှုလည်း လိုရာခရီးကို အမြန်ရောက်လိမ့်မယ်လို့ ကိုကို ယုံကြည်တယ်။ ဗမာပြည် နိုင်ငံရေးမှာ ဗမာကျောင်းသားတွေ ပါသင့်ပြီ အင်္ဂလန်မှာ နန်းရင်းဝန် ချိန်ဘာလိန်ကို ဟစ်တလာအား အလျှော့ပေးခဲ့ရမလား လို့ ကန့်ကွက်ပွဲလုပ်ကြတဲ့ နေရာမှာတောင် ကျောင်းသားတွေ ရှေ့ဆုံးက ထွက်လာကြတယ်။ အိန္ဒိယမှာလည်း ဂန္ဒီအာဏာဖီဆန်ရေးမှာ ကျောင်းသားတွေ ရာလောက် ထောင်လောက်ချီပြီး ထောင်ထဲဝင်ကြတယ်။ အီဂျစ်ပြည်မှာလည်း ကျောင်းသားတွေ အမြောက်အများ အသေခံကုန်ကျပြီ။ ဗမာပြည်မှာ ကျောင်းသား ခေါင်းဆောင်တွေကို နိုင်ငံရေးထဲသွင်းပြီး ကျောင်းသားတွေက နိုင်ငံရေးမှာ စိတ်အားထက်သန်လာကြရင် လွတ်လပ်ရေးနဲ့ မြန်မြန်ကြီး နီးသွားမှာပဲ ဒီကိစ္စကို ဖြစ်မြောက်အောင် သခင်သန်းထွန်းနဲ့ ကိုကို တိုင်ပင်ရလိမ့်မယ်၊ ကျောင်းသားတွေကိုပါ မပါပါအောင် လုပ်ရလိမ့်မယ်"

ညဘက်တွင်

ညဘက်တွင် ဆရာကြီး၏အိမ်သို့ ကျွန်မတို့ သွားကြသည်။ ဆရာကြီးအား ဤအသင်းမှမထွက်ရန် သွားရောက်တောင်းပန်ခြင်း ဖြစ်သည်။ ထိုစဉ်က သတင်းစာကတစ်ဖက် နိုင်ငံရေးကတစ်ဖက် သူဖြစ်နေပုံမှာ စိတ်မောစရာ အလွန်ကောင်းလှသည်။

အိပ်ချိန်စားချိန်လည်း မမှန်ပေ၊ အိမ်တွင် ငြိမ်ငြိမ်မနေနိုင်အောင် နဂါးနီသွား တို့ဗမာအစည်းအရုံးသွားနှင့် အလုပ်ရှုပ်ပွနေလေသည်။

ဗိုလ်တထောင် တံတားဦ

"ဒီကနေ့ည ကိုကို ဗိုလ်တထောင်တံတားကြီးမှာ သခင်သန်းထွန်းနဲ့ ကိုနုကို စကားပြောဖို့ ချိန်းထားလိုက်တယ်။ ကိုနုက သခင်အသင်းထဲ ဝင်ဖို့ရာ သခင်နာမည်ကို သူမတတ်ချင်ဘူး၊ ကိုအောင်ဆန်းကိုလည်း ပါအောင် လုပ်ပေး

www.burmeseclassic.com

www.burmeseclassic.com

လိမ့်မယ်။ သူတို့မဝင်ဝင်အောင် ကိုကိုတော့ မရမက တိုက်တွန်းကြိုးစားရ တော့မှာပဲ သူတို့ပါရင် နိုင်ငံရေးဟာတစ်မျိုး ဖြစ်လာမယ်။ ကြည့်နေ တင်လေး"

ဗိုလ်တထောင် တံတားကြီးသို့ ထွက်သွားနေခိုက် သခင်အရေးတော် ပုံကြီးကို မှတ်တမ်းအကျယ်တဝင့် ရေး၍ အချောပြင်ကူးနေသည်။ သူတို့တံတား တွင် မည်သို့မည်ပုံ ပြောဆိုနေကြမည်ပုံကို သိချင်စိတ် ပြင်းထန်နေသည်မှာ လည်း တားဆီးမရအောင် ဖြစ်နေသည်။

သူပြန်လာလျှင် ပြန်လာချင်း နေရာကျပုံရရဲ့လားဟု ဆီး၍ မေးရာ ပြုံး၍ ခေါင်းညိတ်လိုက်သည်။ ထိုညတွင် အယ်ဒီတာနှင့် နိုင်ငံရေးသမား ယှဉ်ပြိုင်ဖြစ်နေသော သူ့ဘဝကို ကောင်းကောင်းကြီး သိမြင်သွားလေသည်။

သတင်းစာနယ်ပယ် အပြင်ဘက်ရှိ မိုးမှောင်ကျနေသည့် နိုင်ငံရေး နယ် ကြီးဆီသို့ လျှပ်တစ်ပြက် လက်ခနဲ ဝင်းသွားသည့် အခိုက်အတန့်၌ သူ့အား နိုင်ငံရေးသမားတစ်ယောက် အဖြစ်နှင့် ထင်းကနဲ မြင်လိုက်ရပေပြီ။

နိုင်ငံရေးစိတ်ဓာတ်ကြီးမား

သူသည် စာပေဝါသနာပါလွန်း၍ အယ်ဒီတာ လုပ်နေခြင်း မဟုတ်ပေ၊ စာရေးခြင်းအလုပ်ကို လိုရာခရီးတစ်ခုသို့ ရောက်အောင်သွားနေစဉ် အသုံးပြု သော ယာဉ်လောက်သာ သဘောထားလေသည်။ နိုင်ငံရေးစိတ်ဓာတ် ကြီးမား ထက်သန်လွန်းသောကြောင့်သာ အယ်ဒီတာလုပ်နေခြင်း ဖြစ်ကြောင်း အမှန်ကို မြင်ရပေပြီ။ နိုင်ငံရေးတွင် နိုင်ငံရေးသမား တစ်ယောက်အဖြစ်ဖြင့် ခြေစုံဝင်၍ ဝင်ရောက် မလုပ်နိုင်ရှာသေးပေ။ သူလိုလူ တစ်ယောက် သတင်းစာဘက်တွင် ယခုအခါရှိဖို့ လိုလေသည်ကို လက်မလွတ်နိုင်သေးမှန်း ကျွန်မအမြင်တွင် ရှင်း၍ နေသည်။

သို့သော် နိုင်ငံရေးတွင် သူကိုယ်တိုင် ဝင်ရောက်ဆောင်ရွက်လိုက်က ခရီးမည်မျှ ရောက်နိုင်သည်ကို ခန့်မှန်းကြည့်မိလေသည်။ မိမိနိုင်ငံနှင့်တကွ ကမ္ဘာတစ်ဝှမ်း နိုင်ငံများ၏ အတိတ်, ပစ္စုပ္ပန်, အနာဂတ်တွေကို ကောင်းစွာ သိနိုင်အောင် စာအုပ်လက်ကမချ ဆီးရေးပြီးလျှင် နေ့ရက်မပြတ် သတင်းစာမှ တစ်ဆင့် နိုင်ငံသူနိုင်ငံသားတို့အား အကြံပေး၍ လမ်းပြနေသည်။ တကယ့် အလုပ်ကြီးကို လုပ်နေခိုက် နိုင်ငံရေးသမားတစ်ယောက် ဖြစ်မသွားစေချင်သော် လည်း တစ်နေ့နေ့တွင် ဤလမ်းသို့ သူရောက်သွားအောင် တိုက်တွန်း၍ဖေး

www.burmeseclassic.com

www.burmeseclassic.com

မည်ဟု စွဲစွဲမြဲမြဲကြီး သန္နိဋ္ဌာန်ချထားလိုက်သည်ဟူ၍ ဂျာနယ်ကျော် မမလေးက ရေးသားဖော်ပြထားလေသည်။

ယင်းသို့ ဂျာနယ်ကျော် မမလေးက ဦးချစ်မောင်ကို မျှော်လင့်ထားသော်လည်း ဦးချစ်မောင်ကား သတင်းစာဆရာ အယ်ဒီတာအလုပ်ကို အမြတ်နိုး အတွယ်တာဆုံး ဖြစ်နေပေသည်။ ထိုအကြောင်းကို သူလိုလူ စာအုပ်ထဲ၌ပင် ဂျာနယ်ကျော် မမလေးက အောက်ပါအတိုင်း ဖော်ပြထားပြန်လေသည်။

"ကိုကို့ကို နိုင်ငံရေးခေါင်းဆောင် တစ်ယောက်အဖြစ်နဲ့ ဘယ်တော့မျှားမှ မြင်ရပါ့မလဲ"ဟု စလိုက်သည်။

"နိုင်ငံရေးခေါင်းဆောင် တစ်ယောက် အဖြစ်နဲ့တော့မျှား ဘယ်တော့မှ မမြင်ချင်ပါနဲ့"ဟု ပြန်ပြောသည်။

"ဘာဖြစ်လို့လဲ"

"ဒီနိုင်ငံမှာ နိုင်ငံရေးခေါင်းဆောင် ဖြစ်ချင်တဲ့လူတွေက များပြီး အယ်ဒီတာ လုပ်ချင်တဲ့လူတွေက နည်းတယ်။ နိုင်ငံရေး ခေါင်းဆောင် ဖြစ်ဖို့ရာ အလွယ်ကလေးရယ်၊ အယ်ဒီတာ တစ်ယောက် အောင်အောင်မြင်မြင် ဖြစ်ဖို့ရာက မလွယ်လှဘူး။ တိုင်းပြည်မှာ တကယ့်နိုင်ငံရေး ခေါင်းဆောင်ကောင်း တစ်ယောက်ရှိဖို့ လိုသလို အယ်ဒီတာကောင်း တစ်ယောက် ရှိဖို့ကလည်း အရေးကြီးတယ်။ အစိုးရကောင်းကောင်း လိုချင်ရင် အယ်ဒီတာကောင်းကောင်း ရှိရတယ်"

အယ်ဒီတာကောင်းကောင်း တိုင်းပြည်၌လိုနေ

"ကိုကို အယ်ဒီတာ လုပ်နေတာက စာပေဝါသနာကြီးလို့ရုံတင် မဟုတ်ဘဲ နိုင်ငံရေးစိတ်ဓာတ် ထက်သန်လွန်းလို့ လုပ်နေတာပဲ။ နိုင်ငံရေး လုပ်တာကတော့ မလွတ်လပ်မချင်း လုပ်ရမယ်။ ကိုကို နိုင်ငံရေး လုပ်နေတာက အာဏာလိုချင်တဲ့ နိုင်ငံရေးရာထူး ယူချင်တဲ့ နိုင်ငံရေးကို လုပ်တာမှ မဟုတ်ဘဲ၊ ကိုကိုက (Power Politics) ရအောင် လုပ်တာထက် (Social Reformer) ဖြစ်အောင် လုပ်တာကို ကြိုက်တယ်။ နိုင်ငံရေးလုပ်နေတဲ့ သူတွေရဲ့ နောက်မှာ အေးအေးဆေးဆေး တွေးဆချင့်ချိန်တဲ့ ခေါင်းကောင်းကောင်း ရှိမယ့်လူ ရှိဖို့လိုတယ်။ အဲဒီလူကို ပရိသတ်က သိဖို့ မလိုဘူး။ ဒီလူကို ပရိသတ်က ကြည်ညိုဖို့မလိုဘူး။ ဒီလူလုပ်နေတာကိုလည်း လူလည်း မသိရဘူး။ အစိုးရ

www.burmeseclassic.com

www.burmeseclassic.com

ကလည်း မသိရဘူး။ လူကြည်ညိုမယ့် ခေါင်းဆောင်ကောင်းကောင်း တစ်ယောက်ကို စင်ပေါ်တင်ပြီး နောက်ကွယ်ကနေ လမ်းပြ အကြံဉာဏ်ပေးပြီး ခေါင်းဆောင်လုပ်တဲ့လူ မားမားမတ်မတ် ဖြောင့်ဖြောင့်မှန်မှန် ဖြစ်ဖို့ရာအတွက် ထိန်းသိမ်းပေးမယ့်သူတစ်ဦး ဖြစ်ဖို့ရာသာ အဓိက သူ့အလုပ်ပဲ။ တခြားနိုင်ငံတွေမှာ လက်သီးလက်မောင်းတန်း အော်နေတဲ့ ထိတ်ထိတ်ကြဲ ခေါင်းဆောင်တွေ နောက်မှာ တကယ့် အသိဉာဏ်ကြီးတဲ့ အကြံပေးလမ်းပြ အလုပ်ကို လူမသိအောင် လုပ်နေတဲ့လူတွေ အများကြီးရှိလို့ ခရီးပိုတွင်ကျယ်တယ်။ ဒီတိုင်းပြည်မှာတော့ ဒီလိုနေရာမျိုးကို ဘယ်သူမှ စိတ်ကူးထဲတောင် မထည့်ဘူး၊ နိုင်ငံရေးလုပ်ရင် တစ်ခါတည်း စင်ပေါ်တက်ရတော့ ထင်ပေါ်ကျော်ကြားသွားရင်လည်း ပြည့်စုံလှပြီလို့ မှတ်သွားတယ်။ ကိုကို့ကို စင်ပေါ်မှာ ဘယ်တော့မှ တင်လေး မြင်ရမယ် မဟုတ်ဘူး" ဟူ၍ ဦးချစ်မောင်က ပြန်ပြောပုံကို ဂျာနယ်ကျော်မမလေးက ရေးထားလေသည်။

၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ

၁၉၃၈ ခုနှစ်သည် မြန်မာနိုင်ငံသမိုင်းတွင် အထူးခြားဆုံးသောနှစ် ဖြစ်လေသည်။ မြန်မာသက္ကရာဇ် ၁၃၀၀ ပြည့်နှစ်အတွင်း၌ နယ်ချဲ့အင်္ဂလိပ်ကို မြန်မာတစ်မျိုးသားလုံးက အပြင်းထန်ဆုံး အုံကြွတိုက်ခိုက်ခဲ့သော အရေးတော်ပုံကြီးများ ပေါ်ပေါက်ခဲ့သောကြောင့် **"၁၃၀၀ ပြည့်နှစ် အရေးတော်ပုံ"** ဟူ၍ သမိုင်းဆရာတို့က မော်ကွန်းတင်ခဲ့ကြလေသည်။

ထို ၁၃၀၀ ပြည့်နှစ်အတွင်းတွင် ရေနံမြေအလုပ်သမား သပိတ် အရေးတော်ပုံကြီး၊ ကုလား၊ မြန်မာ ဒုတိယအကြိမ် ရိုက်ပွဲကြီးနှင့် တတိယအကြိမ်မြောက် တက္ကသိုလ်ကျောင်းသား သပိတ်ကြီးတို့ ဖြစ်ပွားခဲ့ရသည်။

ဤအရေးတော်ပုံများနှင့် သူရိယ၊ မြန်မာ့အလင်းတို့မှာ ဆက်စပ်လျက်ရှိနေရာ ပထမဦးဆုံး၊ ကုလား၊ မြန်မာ ဒုတိယအကြိမ် ရိုက်ပွဲကြီး သို့မဟုတ် ဒုတိယအကြိမ် ကုလားမြန်မာ အဓိကရုဏ်းကြီး အကြောင်းကို တင်ပြလိုပေသည်။

www.burmeseclassic.com

www.burmeseclassic.com

မော်လဝီနှင့် ယောဂီစာအုပ်

ရွှေဘိုခရိုင် မြေဒူးမြို့မှ အစ္စလာမ် သာသနာဝင် ဦးရွှေဖီဆိုသူသည် **"မော်လဝီနှင့် ယောဂီ"** အမည်ရှိ စာအုပ်ကို ၁၉၃၁ ခုနှစ်အတွင်းက ပထမ အကြိမ် ပုံနှိပ်ထုတ်ဝေခဲ့သည်။ ထိုစဉ်က စာအုပ်ရောကလည်း နည်းပါးပြီး လူသိလည်း နည်းခဲ့၍ ပြဿနာ ကြီးကြီးကျယ်ကျယ် မဖြစ်ခဲ့ဟု ဆိုပါသည်။

သို့သော် ၁၉၃၇ ခုနှစ်တွင် ရန်ကုန်မြို့ သိမ်ကြီးဈေးရှိ ပဒုမ္မာပိတ် ရောင်းချသူ သူဌေး အစ္စလာမ် သာသနာဝင် ဖြစ်သူ ပတေးက ဒုတိယအကြိမ် အဖြစ် စာအုပ်ရေ မြောက်မြားစွာ ပုံနှိပ်ထုတ်ဝေပြီး မွတ်စလင် လူမျိုးများ နေထိုင်ရာ မြို့များသို့လည်း ဖြန့်ဝေပေးပို့ခဲ့လေသည်။

ဤစာအုပ်ထဲ၌ ဗုဒ္ဓဝါဒီ ရဟန်းတော်နှင့် အစ္စလာမ်တရား ဟောဆရာ မော်လဝီတို့ တရားပွဲဆွေးနွေးပွဲတွင် ဗုဒ္ဓဘာသာကို ထိခိုက်စော်ကားသော အရေးအသားများ ပါရှိသည်။ ထို့ပြင် လူမျိုးရေးအားဖြင့်လည်း မရှိနွမ်းပါးသူ မြန်မာအမျိုးသမီးများအား အစ္စလာမ်သာသနာဝင်များက လက်ထပ်ယူခြင်းသည် မွတ်စလင် လူဦးရေနှင့် အစ္စလာမ် သာသနာဝင် တိုးပွားလာမည်။ မြန်မာ အမျိုးသမီးတို့လည်း စီးပွားရေး ချောင်လည်စေမည်ဟု ပါရှိလေသည်။

ရမည်းသင်းမြို့ရှိ သူရိယ သတင်းထောက်က ဤစာအုပ်ထဲမှ ဖော်ပြ ပါ အပိုဒ်များကို ကောက်နုတ် သတင်းရေးသားပြီး သူရိယ သတင်းစာတိုက်သို့ ပို့လိုက်၏။

သူရိယသတင်းစာထဲတွင်

သူရိယ သတင်းစာကြီးက ရမည်းသင်း သတင်းထောက်၏ သတင်းကို အသားပေး၍ ဖော်ပြခဲ့သည့်အပြင် ခေါင်းကြီးပိုင်းနှင့် ဆောင်းပါးခန်းများမှ ရေးသားကန့်ကွက်လေတော့ရာ ရန်ကုန်မြို့ လူထုနှင့် ရဟန်းတော်များမှာ လူပ်လှုပ်ရွရွ ဖြစ်လာသည်။ အထူးသဖြင့် ရဟန်းတော်များမှာ ပိုမို၍ မခံမရပ်နိုင် ဖြစ်လာလေသည်။

ထို့ကြောင့် ၁၉၃၈ ခုနှစ်၊ ဇူလိုင်လ ၂၆ ရက်နေ့တွင် ရန်ကုန်မြို့ ရွှေတိဂုံ ကုန်းတော်ပေါ်၌ မြန်မာနိုင်ငံလုံးဆိုင်ရာ ရဟန်းပျိုများ အဖွဲ့ချုပ်က ဦးစီး၍ အစည်းအဝေးတစ်ရပ် ကျင်းပပြီး မော်လဝီနှင့် ယောဂီစာအုပ်ရေးသူ

www.burmeseclassic.com

www.burmeseclassic.com

ဦးရွှေဖိနှင့် စာအုပ်ထုတ်ဝေသူ ပတေးတို့အား ကန့်ကွက်ရုတ်ချကြောင်း ဆုံးဖြတ်ကြ၏။

ထို့နောက် ရန်ကုန်မြို့ထဲသို့ ရွှေတိဂုံဘုရားလမ်းအတိုင်း စီတန်းလှည့်လည်၍ ကန့်ကွက်ကြောင်း ကြွေးကြော်သံများ အော်ဟစ်ကြသည်။ သိမ်ကြီးစျေးအနီး အရောက်၌ ကုလားပုလိပ်များက ရဟန်းတော်များကို ကိုယ်ထိလက်ရောက် တားဆီးဆွဲဖယ်ကြရာ ဘေးမှကြည့်နေသူ မြန်မာများက မခံမရပ်နိုင်ဖြစ်ပြီး ကုလားပုလိပ်များကို ခဲများနှင့် ပိုင်းပစ်ကြသည်။

တစ်ပြည်လုံးပြန့်နှံ့

ယင်းကဲ့သို့ ခဲနှင့်ပစ်ရာမှအစ ရုန့်ရင်းဆန်ခတ်ဖြစ်ပြီး ရန်ကုန် တစ်မြို့လုံးသို့ ပြန့်နှံ့သွားကာ ကုလား–မြန်မာ ရိုက်ပွဲ အဓိကရုဏ်းကြီး ဖြစ်ခဲ့ရလေတော့သည်။ ဇူလိုင်လ ၂၆ ရက်နေ့မှ စတင်ဖြစ်ပွားခဲ့သော အဓိကရုဏ်းမှာ ရန်ကုန်မြို့၌ စက်တင်ဘာလ အလယ်လောက်ကျမှ ငြိမ်းအေးသွားသည်။ ထို ကုလား–မြန်မာ အဓိကရုဏ်းမှာ မန္တလေး၊ စစ်ကိုင်း၊ ရွှေဘို၊ ရေနံချောင်းနှင့် အခြားမြို့ကြီးများသို့ ကူးစက်သွားခဲ့သည်။

အဓိကရုဏ်းကြောင့် လူပေါင်း ၁၀၈၄ ယောက် သေဆုံးခဲ့ရပြီး ပုလိပ်တို့က သေနတ်နှင့် ပစ်ခတ်၍ သေဆုံးခဲ့ရသူ ၁၇၁ ယောက် ရှိသည့်အနက် မြန်မာ ၁၅၅ ဦး ပါဝင်ခဲ့သည်ဟု ဆိုလေသည်။

မြန်မာ့အလင်းအမြင်

ဤအရေးအခင်းတွင် ဦးချစ်မောင်နှင့် မြန်မာ့အလင်း အယ်ဒီတာအဖွဲ့သည် ကုလားမြန်မာ အဓိကရုဏ်းကြီးကို မနှစ်မြို့နိုင်ဘဲ ရှိသည်။ အကြောင်းမူကား ရေနံမြေအလုပ်သမားသပိတ် အရေးတော်ပုံကြီးကို မျက်ခြေပြတ်သွားမှာ စိုး၍ ဖြစ်သည်။

ချစ်စကို ရှည်စေ မုန်းစကို တိုစေ

ထိုပြင် မြန်မာ့အလင်း သတင်းစာတိုက်ရှိ ကာယဉာဏ အလုပ်သမားများမှာ မိမိတို့၏ ဇနီးသားသမီးများကို ပြန်မကြည့်နိုင်၊ ပြန်မစောင့်ရှောက်နိုင်ဘဲ သတင်းစာတိုက်မှာပင် စုပေါင်းစားသောက်နေထိုင်ခဲ့ကြရ၏။

www.burmeseclassic.com

www.burmeseclassic.com

အယ်ဒီတာချုပ် ဦးချစ်မောင်သည် မြန်မာ့အလင်း ခေါင်းကြီးပိုင်းမှ နေ၍ **"ချစ်စကိုရှည်စေ မုန်းစကိုတိုစေ"** ဟူသော ခေါင်းကြီးကို ရေးသားကာ ကုလား-မြန်မာ အဓိကရုဏ်း အေးချမ်းသွားစေရန် အားထုတ်လုံးပမ်းခဲ့သည်။ အမျိုးသားရေးစိတ်ဓာတ် ပြင်းထန်လွန်းလျက် ရှိနေသော မြန်မာတို့အား နယ်ချဲ့ အင်္ဂလိပ် လူမျိုးရေး ရန်တိုက်ပေးမှုကို ထောက်ပြခဲ့လေသည်။ ကုလား-မြန်မာ အဓိကရုဏ်း သတင်းများကိုလည်း ထိန်းထိန်းသိမ်းသိမ်း ဖော်ပြခဲ့သည်။

သူရိယ အပိတ်ခံရပြီ

သူရိယ သတင်းစာကြီးမှာမူကား မြန်မာ့အလင်းလို မဟုတ်မူ၍ မြန်မာများအား သွေးထိုး လှုံ့ဆော်ပေးသည်ဟု ဆိုကာ ဒေါက်တာဘမော်၏ ညွှန့်ပေါင်းအစိုးရက ဩဂုတ်လ ၂ ရက်နေ့မှစ၍ ရက်သတ္တပတ် နှစ်ပတ်တိတိ ပိတ်ပစ်ခဲ့လေသည်။ ထိုပိတ်ရက်မှ ကျော်လွန်လာ၍ ပြန်လည်ထုတ်ဝေလိုလျှင် အာမခံငွေ ၃၀၀၀ (သုံးထောင်) တင်ထားရမည်ဟုလည်း တောင်းဆိုခဲ့သည်။

ယင်းသို့ သူရိယ သတင်းစာကြီးကို ပိတ်လိုက်ခြင်းနှင့် ပတ်သက်၍ ညွှန့်ပေါင်းအစိုးရကို ကန့်ကွက်ဆန္ဒပြ အရေးဆိုရန်အတွက် အယ်ဒီတာချုပ် ဦးချစ်မောင်သည် ရန်ကုန်မြို့ရှိ သတင်းစာတိုက် ပေါင်းစုံမှ သတင်းစာဆရာများ၏ အရေးပေါ် အစည်းအဝေးတစ်ရပ်ကို ဖိတ်ခေါ်ပြီး မြန်မာ့အလင်း သတင်းစာတိုက် အပေါ်ထပ်၌ ကျင်းပခဲ့သည်။

သတင်းစာများ သပိတ်မှောက်

ထိုအစည်းအဝေးမှ သူရိယသတင်းစာကြီးကို ဒေါက်တာဘမော်၏ ညွှန့်ပေါင်းအစိုးရက ပြန်လည်ထုတ်ဝေခွင့်ပေးရန်နှင့် သူရိယကို ပိတ်လိုက်ခြင်းအတွက် ဝမ်းနည်းသည်ဟုဆိုကာ မြန်မာ့အလင်းနှင့်တကွ မြန်မာသတင်းစာများသည် ၃ ရက်တိတိ ပိတ်၍ ဆန္ဒပြကန့်ကွက်ခဲ့ကြလေသည်။

မြန်မာနိုင်ငံတွင် ပထမဦးဆုံး သတင်းစာကွန်ဖရင့်

ထို့ကြောင့် ညွှန့်ပေါင်း အစိုးရအဖွဲ့ နန်းရင်းဝန်ကြီး ဒေါက်တာဘမော်ခမျာ မနေသာတော့ဘဲ သတင်းစာများနှင့် တင်းမာမှုလည်း လျော့ပါးသွားစေကုလား-မြန်မာ အဓိကရုဏ်းနှင့် ပတ်သက်၍လည်း ညွှန့်ပေါင်းအစိုးရ၏ အရေးယူ

www.burmeseclassic.com

www.burmeseclassic.com

ဆောင်ရွက်မှုကို တိုင်းပြည်မှ သိရှိစေဟူသော သဘောဖြင့် သတင်းစာ ကွန်ဖရင့် ခေါ် သတင်းစာဆရာများနှင့် ရှင်းလင်းဆွေးနွေးပွဲတစ်ရပ်ကို အတွင်းဝန်ရုံးရှိ ဒေါက်တာဘမော်၏ ရုံးခန်းသို့ ဖိတ်ခေါ်ကျင်းပလေသည်။

ဤသတင်းစာ ကွန်ဖရင့် (Press Conference) မှာ မြန်မာနိုင်ငံတွင် ပထမဦးဆုံး ကျင်းပသော သတင်းစာရှင်းလင်းပွဲပင် ဖြစ်ပေသည်။ သတင်းစာနှင့် ဂျာနယ် မဂ္ဂဇင်းတိုက်ပေါင်းစုံမှ တာဝန်ခံအယ်ဒီတာများ တက်ရောက်ခဲ့ကြသည်။ ဒေါက်တာဘမော်က စတင်လိုက်သော သတင်းစာကွန်ဖရင့်မှာ မျက်မှောက်ခေတ်တိုင်အောင် တွင်ကျယ်ခေတ်စားနေဆဲ ရှိပေသည်။

ထိုစဉ်က သူရိယသတင်းစာတိုက်၏ အယ်ဒီတာချုပ်မှာ ဦးစော ဖြစ်နေရာ ဦးစောသည် ၎င်း၏ကိုယ်စား ညအယ်ဒီတာ တစ်ဦးဖြစ်သူ ဦးဘသန်း (ယူပိအိုင်)အား စေလွှတ်ခဲ့၏။

ဦးပုကို ဖြုတ်ချ

ဦးပု၏ အစိုးရအဖွဲ့တွင် ရာထူးယူခဲ့သော ဦးစောသည် ဦးပု အစိုးရအဖွဲ့ထဲမှထွက်ကာ ဦးပုအစိုးရအပေါ် အယုံအကြည်မရှိ အဆိုတင် အလဲထိုးခဲ့ပြန်ရာ ဦးပုမှာ ပြုတ်ကျသွားခဲ့ရလေသည်။ ဦးစောသည် နန်းရင်းဝန်ရာထူးကို ရယူပြီး အစိုးရဖွဲ့ခဲ့၏။

နန်းရင်းဝန် ဦးစော အစိုးရတက်လာသောအခါ တို့ဗမာအစည်းအရုံးဝင် သခင်များကို မဲ့၍ဖိနှိပ်လာသည်။

ထို့ကြောင့် မြန်မာ့အလင်းသတင်းစာသည် ၃၁-၅-၄၀ နေ့ထုတ် မြန်မာ့အလင်းခေါင်းကြီးပိုင်းမှနေပြီး တို့ဗမာအစည်းအရုံးဝင် သခင်တို့အား သတိပေးနှိုးဆော်ခဲ့လေသည်။

တို့ဗမာ သခင်ခေါင်းဆောင်တို့ စည်းရုံးနေရုံ၊ ဆန္ဒပြကန့်ကွက်နေရုံ၊ ဟောပြောနေရုံဖြင့် မပြီးသေးကြောင်းပင် ဖြစ်ပေသည်။

ထိုစဉ်က ကမ္ဘာ့အခြေအနေမှာ ပြောင်းလဲနေပြီ ဖြစ်သည်။ ၁၉၃၉ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် အင်္ဂလိပ်နှင့် ဂျာမနီတို့ စစ်ကျေညာပြီး ဥရောပတိုက်တွင် ဒုတိယကမ္ဘာစစ်မီးကြီး ပေါက်ကွဲ တောက်လောင်နေသော အချိန်သမယ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

အင်္ဂလိပ်အခက် ဗမာ့အချက်

မြန်မာနိုင်ငံတွင်လည်း စစ်ရိပ်စစ်ငွေ့များ သန်းလာသော ဗမာ့ထွက်ရပ်ဂိုဏ်းဝင် သခင်များသည် **"အင်္ဂလိပ်အခက် ဗမာ့အချက်"** ဟူသော ကြွေးကြော်သံဖြင့် လှုပ်ရှားအလုပ်များလာကြ၏။

ဗမာ့ထွက်ရပ်ဂိုဏ်းကို ၁၉၃၉ ခုနှစ်၊ အောက်တိုဘာလထဲတွင် ဖွဲ့စည်းခဲ့ကြသည်။ ဒေါက်တာဘမော်အား အာဏာရှင်ခေါ်၍ အဖွဲ့ခေါင်းဆောင်အဖြစ် တင်မြှောက်ခဲ့ကြပြီး အတွင်းရေးမှူးမှာ သခင်အောင်ဆန်း (ဗိုလ်ချုပ်အောင်ဆန်း) ဖြစ်သည်။

ထိုအဖွဲ့ထဲတွင် သခင်မြ၊ သခင်နု၊ သခင်သန်းထွန်း စသော တို့ဗမာသခင်များနှင့် အခြား နိုင်ငံရေးသမားများ ဖြစ်ကြသည့် ဒေါက်တာ သိန်းမောင်၊ ဦးထွန်းအောင်၊ စောဖေသာ၊ မန္တလေး ဦးဘရွှေ၊ ဦးဘဦး စသူတို့လည်း ပါဝင်ကြသည်။

မြန်မာ့အလင်း အကူအညီ

ဗမာ့ထွက်ရပ်ဂိုဏ်း အတွင်းရေးမှူး ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၀ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် မြန်မာနိုင်ငံမှ ပြည်ပသို့ ထွက်ခွာသွားခဲ့ပြီး စစ်ကူရှာဖွေခဲ့လေသည်။

ယင်းကိစ္စတွင် ဦးချစ်မောင်နှင့် တိုက်အုပ် ဦးတင်တို့သည် ငွေရေးကြေးရေးမှအစ အကူအညီ ထိထိရောက်ရောက် ပေးခဲ့ကြသည်။ ဦးချစ်မောင် အကူအညီပေးခဲ့ပုံမှာ ဗိုလ်ချုပ်အောင်ဆန်း နိုင်ငံခြားသို့ ထွက်ပေါက်ချောင်အောင် ဗိုလ်ချုပ်အောင်ဆန်း မြန်မာနိုင်ငံထဲ၌ပင် ရှိနေသယောင် ဦးချစ်မောင်က လုပ်ကြံပြီး မြန်မာ့အလင်းထဲ၌ သတင်းများ ရေးသားပေးခဲ့ခြင်း ဖြစ်သည်။

ဥပမာပြရလျှင် ဗမာ့ထွက်ရပ်ဂိုဏ်း အတွင်းရေးမှူး သခင်အောင်ဆန်း ညောင်လေးပင်သို့ ရောက်နေပြီး စာကြည့်တိုက်၌ တရားဟောပြောခြင်း၊ သခင်အောင်ဆန်း ညောင်လေးပင်မှ မိတ္ထီလာသို့ ရောက်သွားပြီ စသည်ဖြင့် နယ်ချဲ့အင်္ဂလိပ်အစိုးရ၏ စုံထောက်များကို မျက်စိလည်သွားအောင် လှည့်စားပေးခြင်း ဖြစ်၏။

အမှန်တော့ ထိုအချိန်တွင် ဗိုလ်ချုပ်အောင်ဆန်းမှာ မြန်မာနိုင်ငံတွင်

www.burmeseclassic.com

www.burmeseclassic.com

မရှိတော့ဘဲ တရုတ်ပြည်ဘက်သို့ ရောက်သွားပြီ ဖြစ်သည်။ တိုက်အုပ် ဦးတင်အကူအညီပေးခဲ့ပုံမှာ ဤသို့ ဖြစ်သည်။

သခင်မြနှင့် ဦးလှမောင် (ယခု သီဟိုဠ်သံအမတ်ကြီး)တို့သည် ယိုးဒယားဘက်သို့ ကူး၍ နိုင်ငံခြားအဆက်အသွယ်များ ရှာခဲ့ကြသည်။ မအောင်မြင်ဘဲ ရန်ကုန်သို့ ပြန်ရောက်လာရာ စုံထောက်များက လိုက်နေသည်။ ထို့ကြောင့် ဆရာဖြစ်သူ တက္ကသိုလ် ဥပဒေ ကထိက ဦးမြင့်ထံ အကြံဉာဏ်တောင်းခံသည်။

ဦးလှမောင်၏ ကိစ္စ

ဦးလှမောင် ယိုးဒယားနယ်စပ်သို့ ရောက်နေစဉ်အချိန်က ရန်ကုန် တက္ကသိုလ်ကျောင်းသားများ သမဂ္ဂ၌ ဦးလှမောင် ပါဝင်၍ အစည်းအဝေးကျင်းပနေဟန် လုပ်ကြံဖန်တီးပြီး သတင်းနှင့်ဓာတ်ပုံကို မြန်မာ့အလင်း သတင်းစာထဲ၌ တိုက်အုပ်ဦးတင်က ထည့်သွင်းဖော်ပြပေးခဲ့ခြင်းပင် ဖြစ်သည်။

ဤသို့ ဦးတင်က ကူညီပေးခဲ့၍ ဦးလှမောင် နယ်ခြားသို့ သွားရောက်ခဲ့သည် ဆိုသော သတင်းထောက်လှမ်းချက် မှားယွင်းနေကြောင်းကို မြန်မာ့အလင်းသတင်းစာ သက်သေထူ၍ ထုချေအောင်မြင်ခဲ့လေသည်။

အချက်ကောင်း ဦးစောက စောင့်

ဦးချစ်မောင်၏ လုပ်ရည်ကိုင်ရည်ကို သိနေသော နန်းရင်းဝန်ကြီး ဦးစောသည် ဦးချစ်မောင်နှင့် မြန်မာ့အလင်းသတင်းစာအပေါ် မနှစ်မြို့နိုင်အောင် ဖြစ်လာသည်။ ဦးစောကို ဒုက္ခများများပေးမည့် အယ်ဒီတာနှင့် သတင်းစာမှာ ဦးချစ်မောင်နှင့် မြန်မာ့အလင်း ဖြစ်သည်ကို ဦးစောသည် နားလည်ထား၏။ ထို့ကြောင့် ဦးစောသည် အချက်ကောင်း အကွက်ကောင်းကို စောင့်နေခဲ့၏။

ဦးစောအဖို့ စောင့်ရက္ခိုးနပ်အောင် အချက်ကောင်းနှစ်ချက် မိခဲ့ပေသည်။ ပထမအချက်မှာ မြန်မာ့အလင်းမှ ဦးချစ်မောင် နုတ်ထွက်သွားခဲ့ရခြင်း ဖြစ်သည်။ ဒုတိယအချက်မှာ မြန်မာ့အလင်း သတင်းစာကို ဦးစောက ၁၅ ရက်ကြာမျှ ပိတ်ပစ်နိုင်ခဲ့ခြင်း ဖြစ်၏။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့အလင်းမှ ဦးချစ်မောင် နုတ်ထွက်

မြန်မာ့အလင်းမှ ဦးချစ်မောင် နုတ်ထွက်သွားခဲ့ရခြင်းမှာ ဤသို့ ဖြစ်သည်။ ထားဝယ်သို့သွားသည့် ဆာဟာဗေးအဒမ်ဆင် သဘော်ကြီးအနီး၌ ဗုံးပေါက်ကွဲခဲ့သော သတင်းတစ်ပုဒ်ကို ဦးချစ်မောင်ကိုယ်တိုင် မြန်မာ့အလင်းတွင် ရေးသားဖော်ပြခဲ့လေသည်။

ထိုသတင်းကို ပေးသူမှာ ဦးချစ်မောင်၏ နေအိမ်၌ လာရောက် တည်းခိုသူ မြိတ်အမတ် ဦးမောင်မောင်ခင် ဖြစ်သည်။ ဦးစောအစိုးရက ထိုသတင်းကို မှားပါသည်ဟူ၍ ဖြေရှင်းချက် ပြန်ထည့်ပေးရန် တောင်းဆိုသည်။ မြန်မာ့အလင်း သတင်းစာတိုက်ပိုင်ရှင် ဖြစ်သူ မန်နေဂျင်း ဒါရိုက်တာ ဦးမောင်ကြီး (ကြို့ပင်ကောက်)ကိုလည်း အုတ်ဖိုသား ဦးစောက တစ်ဖက်လှည့်၍ အကျပ်ကိုင်ခဲ့သည်။ ထို့ကြောင့် အထက်ပါ သတင်းကို အမြန်ဆုံး ဖြေရှင်းချက် ထည့်ပေးလိုက်ရန် ဦးမောင်ကြီးက ဦးချစ်မောင်အား ညွှန်ကြားသည်။

ထိုအခါ ဦးချစ်မောင်က မြန်မာ့အလင်းတွင် တာဝန်ခံ အယ်ဒီတာ အဖြစ် သူ၏နာမည် ပါရှိနေသမျှ ကာလပတ်လုံး ဤသတင်းအမှန်ကို မှားပါသည်ဟူ၍ ဘယ်တော့မှ ဖြေရှင်းချက်ပြန်ထည့်မပေးနိုင်ဟု တင်းတင်းမာမာ ပြောဆိုသဖြင့် ဦးမောင်ကြီးက ဦးချစ်မောင်အား မြန်မာ့အလင်းမှ ထုတ်ပယ်လိုက်လေတော့သည်။

အင်္ဂလိပ် သတင်းစာများထဲတွင် မြန်မာ့အလင်း အယ်ဒီတာ ဦးချစ်မောင်အား အမိန့်မနာခံ၍ အလုပ်မှ ထုတ်ပယ်ပစ်လိုက်ကြောင်း ကြော်ငြာကို ဦးမောင်ကြီးက ထည့်ခဲ့လေသည်။

ဦးချစ်မောင် ထွက်သွားသောအခါ သူ၏ ညာလက်ရုံး လုပ်ဖော်ကိုင်ဖက်ဖြစ်သူ ဦးစောဦး (ယခု လမ်းစဉ်ပါတီဂျာနယ် အယ်ဒီတာချုပ်)ပါ တစ်ပါတည်း ထွက်သွားပြီး ဂျာနယ်ကျော်ကို ဖိဖိစီးစီး ထုတ်ဝေခဲ့ကြလေသည်။

ချစ်ကြည်ရေး ကြည်ညွှန့်
ရန်ကုန်၊ ချစ်ကြည်ရေး စာပေတိုက်၊ ၁၉၇၀။

❐

---

* သမိုင်းဝင် သူရိယ၊ မြန်မာ့အလင်းနှင့် မြန်မာ့နိုင်ငံရေး စာအုပ်မှ ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ပတ်သက်သည်များကို ကောက်နုတ်ဖော်ပြပါသည်။ (သီဟရတနာ)။

www.burmeseclassic.com

www.burmeseclassic.com

သာသနာရေးနှင့် ဦးချစ်မောင်

ဦးချစ်မောင်သည် သာသနာတော်အရေးဌ ဘယ်ကဲ့သို့ သဘောထားသည်ကို ပြောခြင်းအားဖြင့် ထိုပြည်သူရဲကောင်း ဖြစ်သော ဦးချစ်မောင်သည် သာသနာပြု "မင်းယောကျ်ားကောင်း" တစ်ယောက်ဖြစ်ကြောင်း ပေါ်လွင်လိမ့်မည် ထင်ပါသည်။

၁၃၀၃ ခုနှစ်ဦးက ကျေးဇူးရှင် ပန်းတောင်း ဆရာတော်ဘုရားကြီးသည် သာသနာရေး ကိစ္စတစ်ခုဖြင့် ရန်ကုန်သို့ ဖြတ်ကျော်လာသည်။ ဦးချစ်မောင် လာရောက် ဖူးမျှော်၍ သာသနာတော် ကြီးပွားစေဖို့ရာ ဆောင်းပါး စမ်းချီးမြှင့် ပါရန် ပြောထားသောကြောင့် လဖို့ ဝံသာနုရကန် အစစ်ဖြစ်တော်မူသော ဆရာ တော်ဘုရားကြီးသည် သာသနာတော် ကြီးပွားခြင်း အရင်းမူထတစ်ခု ဖြစ်သော "အလဖို့ ပရေး" ဆိုင်ရာ ဆောင်းပါးစာတမ်း ကမ်းလှမ်းချီးမြှင့်တော် မူခဲ့လေသည်။ (၎င်းစာတမ်းသည် ၎င်းနှစ်ပါးတော်ဝင် စာစောင်တွင် ပါရှိလေသည်။)

ဦးချစ်မောင်သည် ထိုစာတမ်းကို အထူးနှစ်သက်လျက် ထိုစာတမ်း အယူအဆကို ထောက်ခံကြောင်း သာသနာရေးဆိုင်ရာ၌ ထိုစာတမ်းအတိုင်း သဘောဝါဒထားကြောင်း ထင်ရှားသိသာစေဖွယ်မှာ ဂျာနယ်၌ ပါပြီဖြစ်သော ၎င်းစာတမ်းကို စာအုပ်ငယ်တစ်ခု ပြုလုပ်ဝေငှခြင်းပင် ဖြစ်လေသည်။

ကျွန်ုပ်တို့သည် ဦးချစ်မောင်နှင့် ၃-၄ ကြိမ်မျှသာ တွေ့ကြုံစကား ပြောဖူးသည်။ သူသည် စာပေဗဟုသုတများစွာ ရှိသည် ဆိုသည်မှာ မှန်သည်၊ မင်းတုန်းမင်း၏ ဓမ္မဝိနယ အမိန့်တော်ပြန်တမ်းကြီးကို တပိုင်းတစ ရွတ်ပြ လျက်၊ ထိုအတိုင်း ရဟန်းတော်များ လိုက်နာကျင့်ဆောင်ကြမည် ဆိုပါက

www.burmeseclassic.com

www.burmeseclassic.com

သာသနာတော်အတွက် မြန်မာများသည် များစွာ မျက်နှာပွင့်လန်းရမည့် အကြောင်းကို ပြောဆိုဖူးသည်။

သူ့ဂျာနယ်တိုက်သို့ အချို့ရဟန်းတော်များသည် မိန်းမအမည်ဖြင့် လည်းကောင်း၊ အမည်အမျိုးမျိုးဖြင့် လည်းကောင်း၊ အောက်တန်းစာဝတ္ထုများ၊ ဆောင်းပါးများ၊ ကဗျာများ၊ ပေးပို့ကြခြင်း အချို့တို့က ကိုယ်တိုင်လာရောက်၍ ဝတ္ထုစာအုပ်များ၊ ရဟန်းတို့နှင့် မစပ်ဆိုင်သော အသုံးအဆောင်များကို အလှူခံကြခြင်း၊ ရဟန်းကွန်ဒြေ မပီမသ၊ သင်္ကန်းတလွှားလွှားနှင့် စာစီခန်း ဝင်လိုဝင်၊ စာရေးခန်း ဝင်လိုဝင်၊ ပြုလုပ်ကြခြင်းများအတွက်လည်း ညည်းညူပြောဆိုဖူးလေသည်။

သူသည် ဗုဒ္ဓဘာသာဆိုင်ရာ ကျင့်ဝတ်အရေးကိုလည်း လေးလေးစားစား လိုက်စားလေသည်။ ဂျာနယ်တစ်ပတ်တွင် ၁၀ ပါးသီလ ရှိပြီးသူသည် ၈ ပါး၊ ၅ ပါးကို ခံယူပါက ရှေး ၁၀ ပါး သီလပျက်-မပျက်၊ ၈ ပါးသီလ ရှိပြီးသူသည် ၅ ပါးသီလကို ထပ်မံခံယူက ရှေး ၈ ပါးသီလ ပျက်-မပျက် ဟူသော ပြဿနာကို ဘကြီးတစ်ယောက်အား ရှင်းလင်းပြည့် အနေဖြင့် ရေးသားခဲ့သည်ကို ဖတ်ရဖူးသည်။ ထိုပြဿနာကို သူမရေးခင် သူသည် ပညာရှိအမျိုးမျိုးထံ ဆည်းကပ်မေးမြန်း လေ့လာသည်ကို သိရသည်။ စာအုပ်အမျိုးမျိုးကိုလည်း ကြည့်ရှုဖတ်ရှုသည်။

ထိုပြဿနာသည် သာသနာတော်၌ အဆင့်အတန်း မြင့်လှသည် မဟုတ်ဘဲလျက် အယူအဆ ကွဲပြားမှု ရှိခဲ့လေသည်။ အကြောင်းမူ တိုက်ရိုက်အားဖြင့် ဝေဖန်ပြဆိုအပ်သော ပါဠိအဋ္ဌကထာ ဋီကာ အဆိုမရှိသောကြောင့်လည်း ဦးချစ်မောင်သည် ထိုပြဿနာကို သဘောပေါက်အောင် မေးမြန်းကြည့်ရှု ကြိုဆလေသည်။ အဘယ့်ကြောင့်နည်း ဤသီလအရေးသည် ဗုဒ္ဓဘာသာ ဖြစ်သော သူ့အဖို့တွင် အရေးကြီးသော ကျင့်ဝတ်အရာပင် မဟုတ်ပါလော။

သူကား ယခုကဲ့သို့သော ဥပဒ္ဓေဒကမှု မရှိခဲ့ပါက လောကသူရဲကောင်းကြီးသာ မဟုတ်။ သာသနာရေး၊ သာသနာမှုတွင်း သာသနာပြု သူရဲကောင်းကြီး တစ်ယောက် ဖြစ်မြောက်ရမည် အမှန်ပင်တည်း။ သူ့ဂျာနယ်တွင် အလျဉ်းသင့်တိုင်း သာသနာရေး၊ လောကရေးတို့ကို ခွဲခြားဝေဖန်သော ဆောင်းပါးများကို ထည့်သွင်းခဲ့လေသည်။ အရေးအရာတစ်ခုကို သူသည် ပထမ၌ သေချာစွာ လေ့လာလေသည်။ လေ့လာပြီးမှ ပြောလေသည်၊ ရေးလေသည်။ ဘယ်သော

www.burmeseclassic.com

www.burmeseclassic.com

အခါမှ ယောင်ဝါးဝါး မပြောလေ၊ မရေးလေ။ သူ ယခု အစပြုထားသော သာသနာရေးကိုလည်း သူတကယ် လေ့လာပြီးသောအခါ တကယ်ထိရောက်အောင် ပြုစုလိမ့်မည်ကို ကျွန်ုပ်တို့ ယုံကြည်မိသည်။

ကျွန်ုပ်တို့နှင့် တွေ့ရှိဆက်ဆံရစဉ် လေးစားကိုင်းရှိုင်းလှသော သူ့အသွင်သည် နောင်အခါ၌ သာသနာတော်ဝန်ကို ကျိုးကျိုးနွံနွံ ပြုစုစောင့်ရှောက်ပါအံ့ဟု လျှောက်ထားဝန်ခံနေသကဲ့သို့ ယူဆဖွယ်ရာ ဖြစ်သည်ကို ထင်ယောင်မြင်ယောင် ရှိလှပါသတည်း။

အညတရော–ဘိက္ခု။

ဂျာနယ်ကျော် အတွဲ ၈၊ အမှတ် ၁၊ မတ် ၂၉၊ ၁၉၄၇။

❐

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ချစ်သော မောင်များ

ကျွန်တော် ငယ်စဉ်အခါက ဆင်ပေါင်ဝဲမြို့ ဘုန်းတော်ကြီး ဦးပဏ္ဍိ၏ ကျောင်းတွင်နေရရာ တစ်နေ့တွင် ဘုန်းတော်ကြီးတစ်ပါးနှင့် ကျောင်းသားကလေးနှစ်ယောက်သည် ကျွန်တော်တို့ကျောင်းသို့ ရောက်လာသည်။

ထိုအာဂန္တု ဘုန်းတော်ကြီးမှာ မိကျောင်းရဲမြို့အနီး ကြခတ်တောရွာမှ ဖြစ်လျက် တပည့်ကလေး နှစ်ယောက်အား ကျွန်တော်တို့ကျောင်းတွင် အပ်နှံရန် လာရောက်ခြင်း ဖြစ်သည်။

ကျောင်းသား တစ်ယောက်မှာ ကျွန်တော်နှင့် အတန်းတူ နေရ၏။ ထိုသူငယ်၏ အမည်မှာ ချစ်မောင်တည်း။

အတန်းထဲတွင် ကျွန်တော်နှစ်ဦး ချစ်မောင်မှာ အချစ်ဆုံးသူငယ်ချင်း နှစ်ယောက် ဖြစ်သည်။ နေအတူ၊ စားအတူ၊ စာသင်လည်းအတူ၊ ကစားလည်းအတူ ဖြစ်သည်။ ကျွန်တော်တို့သည် မခွဲနိုင်မခွာရက် ဖြစ်ကြသည်။

ချစ်မောင်နှင့်ကျွန်တော် တစ်နှစ်ခန့် အတူနေရပြီးနောက် သူ့ဇာတိကြခတ်တောရွာသို့ ပြန်သွားရတော့မည် ဖြစ်ရာ ကျွန်တော်တို့မှာ ခွဲခွာရမည့် အရေးအတွက် ခေါင်းချင်းဆိုင်ကာ ငိုကြသည်။

ချစ်မောင်ရွာသို့ ပြန်သွားပြီးနောက် ကျွန်တော့်မှာ ချစ်မောင်ကို သတိရလွန်းသဖြင့် မအိပ်နိုင် မစားနိုင် ဖြစ်ရသည်။ ယနေ့ထက်တိုင် ချစ်မောင်၏ အကြောင်းကို ပြန်လည်စဉ်းစားမိလျှင် လွမ်းဆွတ်တသ သတိရနေမိပေသေး၏။

ကျွန်တော် အသက်နှစ်ဆယ်ကျော် အရွယ်တွင် ဒလအနီး ၆ နံပါတ်ရွာကလေးမှာ ကျောင်းဆရာ လုပ်စဉ်တွင် ချစ်မောင်ကို တွေ့ရပြန်ချေသည်။

ထိုချစ်မောင်ကား ကျွန်တော့်တပည့် ချစ်မောင် ဖြစ်၏။ ချစ်မောင်သည် ကျွန်တော့်စကားကို နားထောင်သည်။ ကျွန်တော် သင်ပေးသည်ကို နှယ်ယူ

www.burmeseclassic.com

www.burmeseclassic.com

မှတ်သား ကြိုးစားသင်ယူသည်။ အတန်းထဲတွင် အတော်ဆုံးတပည့် ဖြစ်၏။ စကောလားရှစ် စာမေးပွဲကို အောင်မြင်သည်။ ကျောင်းချင်းပြိုင်သည့် စာစီစာကုံးပြိုင်ပွဲများတွင် ချစ်မောင်သည် ပထမချည်ရသည်။ ထို့ကြောင့် ကျောင်းသားထဲတွင် ချစ်မောင်ကို ကျွန်တော် အချစ်ဆုံး ဖြစ်၏။

ကျွန်တော်သည် ၆ နံပါတ်ရွာမှ ရန်ကုန်သို့ ပြောင်းရွှေ့ရမည် ဖြစ်သော အခါ ချစ်မောင်သည် ကြူကြူပါအောင် ငိုရှာသည်။ ကျွန်တော့်မှာလည်း မျက်ရည် ကျမိသည်။ ကျွန်တော့်တပည့် ချစ်မောင်ကို ဘယ်သောအခါမှ မမေ့။

ကျွန်တော် ရန်ကုန်မြို့တွင် နေရလျက် စာပေလောကသားတို့နှင့် ပိုမို ရင်းနှီးရသောအခါ ချစ်ခင်မြတ်နိုး လေးစားအပ်သော ဦးချစ်မောင်ကို တွေ့ရ ပြန်သည်။ ဂျာနယ်ကျော် ဦးချစ်မောင်ပင်တည်း။

ကျွန်တော်သည် ဦးချစ်မောင်၏ စာပေများကို အထူးဂရုစိုက်၍ ဖတ် သည်။ သူ့စာပေကို ကျွန်တော် အလွန်မြတ်နိုးသည်။ သူ့စိတ်နေစိတ်ထားကို လေးစားသည်။ သူ့ဆောင်ရွက်ချက်ကို ကြည်ညိုသည်။ စစ်ပြီးစခေတ်တွင် ဦးချစ်မောင် ကွယ်လွန်သွားသောအခါ ကျွန်တော် မျက်ရည်ကျရပြန်သည်။

၁၉၅၂ ခုနှစ် မြဝတီမဂ္ဂဇင်း စတင်ထုတ်ဝေရာတွင် မြဝတီတိုက်သို့ မကြာခဏ ရောက်လာတတ်သော သခင်ချစ်မောင်နှင့် သိကျွမ်းခင်မင်ရပြန်သည်။ ထိုစဉ်က သခင်ချစ်မောင်မှာ ဝန်ကြီးမဖြစ်သေး၊ ကာကွယ်ရေးဌာန ပါလီမန် အတွင်းဝန် ဖြစ်သည်။

သခင်ချစ်မောင်သည် ရိုးသားပွင့်လင်းသူ ဖြစ်သည်ဟု ကျွန်တော် မြင်သည်။ အထူးသဖြင့် တောသူတောင်သားများကို ချစ်ခင်လေးစားကာ တောင် သူလယ်သမားတို့ကို ဆွေရင်းမျိုးချာလို ခင်မင်ရာနှောတတ်သူ ဖြစ်ကြောင်း သိရသည့်အတွက် သခင်ချစ်မောင်ကို ကျွန်တော်ပို၍ ချစ်သည်။

သခင်ချစ်မောင်သည် ကျွန်တော့်ကိုလည်း ချစ်သနားကာ နားကျပ်တစ်ခု ပင် ဝယ်ပေး၏။ ထို့နောက် မကြာမီတွင်ပင် သခင်ချစ်မောင် ဝန်ကြီးဖြစ်လာ သည်။

ဗိုလ်ချုပ်အောင်ဆန်း၏ အစ်ကို ဦးအောင်သန်းက ပြည်သူ့ဂျာနယ် ထုတ်ဝေရာတွင် ပြည်သူ့ဂျာနယ်တိုက်၌ သခင်ချစ်မောင်ကို တွေ့ရပြန်ချေသည် ထိုသခင်ချစ်မောင်ကား ပမည်တ၊ ဆိုရှယ်နီသခင်ချစ်မောင် (သာယာဝတီ) ဖြစ်သတည်း။

www.burmeseclassic.com

www.burmeseclassic.com

သခင်ချစ်မောင်သည် ကျွန်တော်ကို ရှေးဦးစွာမြင်ဖူး တွေ့ဖူးသည်နှင့် တပြိုင်နက် ချစ်ခင်လေးစားသည့် ဟန်အမူအရာ အပြည့်ရှိသည်ကို တွေ့ရသည်။ အထူးသဖြင့်ကား သခင်ချစ်မောင်ရေးသည့် "ကမ္ဘာလှည့် သခင်ကိုယ်တော်မှိုင်း" စာအုပ် ၂ တွဲကို ကျွန်တော် ဖတ်ကြည့်ရသောအခါ သခင်ချစ်မောင်ကို ထူးချွန်သောစာရေးဆရာ တစ်ယောက် အဖြစ်ဖြင့် လေးစားကြည်ညိုလာသည်။

ကျွန်တော်ချစ်သော သခင်ချစ်မောင် နှစ်ယောက်သည် တစ်လုံးတစ်စည်း တည်း ဖြစ်စေချင်သည်။ ဝါဒချင်း မလုံးစည်းသည်တိုင်အောင် လူချင်း လုပ်ငန်း ချင်း လုံးစည်းစေချင်သည်။

အကြောင်းတိုက်ဆိုင်လာပုံမှာကား မြန်အောင် သခင်ချစ်မောင် ဝယ်ပေး သည့် နားကျပ်ပျက်နေရာ သာယာဝတီ သခင်ချစ်မောင်က ငွေကြေးအကုန်အကျ ခံကာ ပြင်ဆင်ပေးသည်။ ကျွန်တော့် နားကျပ်အတွက် သခင်ချစ်မောင် နှစ်ယောက်သည် လုပ်ငန်းတူတစ်ရပ်ကို အတူတကွ ဆောင်ရွက်ကြခြင်းပင် ဖြစ်သည်ဟု ကျွန်တော်အယူရှိကာ ဝမ်းသာမိပေတော့သည်။

ကျွန်တော်တို့ ဖွဲ့စည်းသည့် "မြန်မာနိုင်ငံစာပေ ပြန့်ပွားရေးအသင်း" တွင် သခင်ချစ်မောင် နှစ်ယောက်စလုံး ပါဝင်အောင် ကျွန်တော် တောင်းပန်သဖြင့် ပါဝင်ကြလေရာ၊ နိုင်ငံရေးတွင် စိတ်ဝမ်းကွဲကြသော်လည်း စာပေရေးတွင် စိတ် ဝမ်းမကွဲဘဲ တစ်သင်းသားတည်း ဖြစ်သွားကြသည်။

ယခု လောလောဆယ်တွင် ကျွန်တော်သည် "သူတို့မြင်သော ရန်အောင်" အမည်ဖြင့် စာတစ်အုပ် ရိုက်နှိပ်နေရာ အခြားစာရေးဆရာများ ပါဝင်ရေးသား ကြသလို သခင်ချစ်မောင် နှစ်ယောက်လည်း ဝင်ရောက်ရေးသားကြသည်။

သခင်ချစ်မောင်တို့သည် ကျွန်တော့်အိမ်တွင် အတူဆုံတွေ့သည်နှင့် တူစွာ ကျွန်တော့် စာအုပ်ထဲတွင် ဆုံတွေ့ရင်းနှီးကြရပြန်ချေပြီ။

တစ်နည်းဆိုသော် စာပေသမားဟူသည် အခြားကိစ္စ၊ အခြားဝါဒတွင် ကွဲပြားကြချင် ကွဲပြားကြမည် ဖြစ်သော်လည်း စာပေကိစ္စတွင် စိတ်ဝမ်းမကွဲပြားဘဲ တစ်သားတည်း ဖြစ်သည့် ပြရုပ်ပင်ဖြစ်သည်။

"စာပေဟူသည် အမျိုးသားချင်း ရင်းနှီးချစ်ကြည်မှုအတွက် အထက်မြက် ဆုံးသော ပေါင်းကူးတံတားကြီးသာ တကား"

ကျွန်တော့် အကြောင်းကို သခင်ချစ်မောင် (မြန်အောင်) က ဤသို့ ရေးသား ဖော်ပြထားသည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးရန်အောင်နှင့် ကျွန်တော်

ဦးရန်အောင်ကို လွန်ခဲ့သော နှစ်ပေါင်း ၂၀ ကျော်က၊ သူရေးသော "အညာသားကလေး" ဝတ္ထုကို ဖတ်ရကတည်းက စာရေးဆရာကောင်း တစ်ယောက် အဖြစ် အသိအမှတ်ပြုခဲ့ပါသည်။

လူချင်းတစ်ယောက်နှင့် တစ်ယောက် မသိကျွမ်းခဲ့သော်လည်း မြဝတီမဂ္ဂဇင်းတွင် ဦးရန်အောင် အမှုထမ်းသော မြဝတီခေတ်၌ တွေ့ဆုံမိကြသည်။

တွေ့ကြပြန်သော်လည်း တစ်ယောက်နှင့်တစ်ယောက် စကားပြော ဆက်ဆံရသည်မှာ အတော်ပင် အခက်အခဲနှင့် တွေ့ရပြန်သည်။ သူပြောသော စကားကို နားထောင်ရသူများက နားလည်သဘောပေါက်ကြသော်လည်း သူ့အား ပြန်ပြောသော စကားခုနှစ်သံတက်အောင် ပြောမှ သူ့နားက ကြားတော့သည်။

နားလေးနေသော ဆရာရန်အောင်၏ ဒုက္ခကို ကူညီသောအားဖြင့် ပါလီမန် အတွင်းဝန်ဘဝက ခံစားခွင့်ရရှိသော နေ့တွက်စရိတ် ၃၀၀ ကို နားကြားသော နားကျပ်တစ်စုံဝယ်၍ လှူဒါန်းခဲ့ဖူးသည်။

ဒါကိုပင် ဦးရန်အောင်သည် တွေ့သမျှ လူတိုင်းတို့အား "ဟစ် ဟစ် ဟစ်" သူ့ရယ်သံနှင့် ရောကာ ပြောရမကုန်၊ စာရေးတိုင်းလည်း ထည့်ရေးရသေးသည်။

ဤအချိန်မှစ၍ ဦးရန်အောင်နှင့် ရင်းနှီးခင်မင်မိပါသည်။

နောက်သူနှင့် အသက်အားဖြင့် ငယ်လှသော ဇနီးသည်က သားသမီး ငယ် ၅ ဦးကို လင်ကြီးဦးရန်အောင်နှင့် ထားခဲ့ပြီး နောက်လင်နောက် လိုက်သွားခြင်း ခံလိုက်ရသော ဒုက္ခသယ်ကြီး ဦးရန်အောင်မှာ သားသမီးတွေ တိုးလိုးတွဲလောင်းနှင့် ကသီလင်တ ဖြစ်နေသည်ကို တွေ့ရပြန်သည်။

ဒါကြောင့်လည်း ကြီးကောင်ကြီးမားနှင့် မယားဒုက္ခ သားသမီးဒုက္ခ တွေ့ရသော ဦးရန်အောင်အား နောက်ထပ် အိမ်ထောင်ပြုလိုက ငယ်ငယ်ရွယ်ရွယ် အမျိုးသမီးကို မရွေးချယ်ဘဲ အငယ်ဆုံး အသက် ၃၀ ကျော်၊ အကြီးဆုံး သွေးဆုံးမကိုင်သေးသည့် သဘောထားကြီးမည့် အရွယ်တော် အမျိုးသမီးကို ရွေးချယ်ပါ ဟူ၍ တိုက်တွန်းခဲ့ဖူးသည်။

ဤကဲ့သို့ တိုက်တွန်း၍မှ အချိန်မကြာခင် စိန်ခြယ်လက်စွပ် ဝတ်၍ သပ်ရပ်လှသော အဝတ်အစား၊ မျက်နှာတွင် ဆနိုးနုံသာ ဖွေးဖွေးလက်လက် လိမ်းကျံထားသော ဦးရန်အောင်နှင့် အမျိုးသမီးကြီး ဒေါ်စိန်စိန်ကို ကျွန်တော်

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တိုင် လူကြီးလုပ်၍ တရားလွှတ်တော် တရားသူကြီးတစ်ဦး ရှေ့မှောက်၌ လင်ခန်းမယားခန်း အတည်ပြု အသိအမှတ်ပေးပွဲကို ဆောင်ရွက်ပေးခဲ့ရပြန်သည်။

ယခုတစ်ဖန် လာပြန်ချေသည်။ အခြား စာရေးဆရာကြီးများသည် ကိုယ့်အတ္ထုပ္ပတ္တိကို ကိုယ်တိုင်ရေးသားထုတ်ဝေ ပုံနှိပ်ခြင်းနှင့် ခြားနားသော ဦးရန်အောင်၏ အခြင်းအရာ အတ္ထုပ္ပတ္တိများကို သူနှင့်ရင်းနှီးသူ ပုဂ္ဂိုလ်များက ရေးသားဝေဖန်ပေးချက်များ စာအုပ်ထုတ်လိုသဖြင့် ရေးသားပေးရန် အဆိုပြုလာပြန်သည်။

အရွယ်အားဖြင့် ၆၀ ကျော်ပြီဟု ခန့်မှန်းရသော ရှေးမီနောက်မီ စာရေးဆရာကြီး ဦးရန်အောင်အား ကျွန်တော်၏ ထင်မြင်ယူဆချက်များကို အထွေအထူး ရေးသားဖော်ပြရန် မရှိသော်လည်း ... ။

> လူတကာနှင့် သင့်တင့်မျှတအောင် ပေါင်းသင်း၍ လူတကာအလိုလိုက် လူတကာအကြိုက်ကို ပြောတတ် ဆက်ဆံတတ်သော ဦးရန်အောင်ကဲ့သို့သော စာရေးဆရာကြီးတစ်ဦးတွင် စာရေးဆရာတို့၌ ရှိစမြဲ တွယ်ကပ်စမြဲ ဖြစ်သော စာရေးဆရာ ပညာမာန ကင်းရှင်းစွာ ဆက်ဆံမှုကို အတုယူမိပါသည်။
>
> **သခင်ချစ်မောင်**
> **(မြန်အောင်)**
> **၁၃-၁၁-၆၂**

ယင်းသို့သော သခင်ချစ်မောင် (မြန်အောင်)က ရေးသကဲ့သို့ပင်၊ သခင်ချစ်မောင် (သာယာဝတီ) ကလည်း ဤသို့ ရေးသားလေသည်။

ကျွန်တော် သိသမျှ ဆရာရန်အောင်

ဝိဇ္ဇရ

လူလှတဲ့ သခင်ချစ်မောင်၊
"ငရန်အောင် သူတို့သိကြတဲ့"
မည်ရှိ ထိုစာအုပ်ကို
ဖြန့်ထုတ်ရန် ရိုက်နှိပ်မှု
ပြုလုပ်ကြဆောင်။

www.burmeseclassic.com

www.burmeseclassic.com

ထိုသည့်စာဘုတ်အုပ်ထဲမှာလ
ဝင်နွဲဖို့ တဖောင်ဖောင်
ရန်အောင်က ပန်တောင်း။
မြန်မကြာ
ကူညီညာဖေးကူမပါတော့
တောင့်တ ထပ်လောင်း။ ။

ဤသို့ ဆရာရန်အောင်က ကဗျာတန်ဆောင် ထူပြီး မေတ္တာရပ်ခံလာပါသည်။ 'ဝင်နွဲဖို့ တဖောင်ဖောင်' ဆိုသည်နှင့်အညီ ဆရာ့အကြောင်း ကျွန်တော်သိသလောက် 'တဖောင်စာမျှ' မတတ်နိုင်သည့် တိုင်အောင် တစ်ရွက်စာမျှ ရေးလိုက်ရဦးမည် ဖြစ်ပါသည်။

ဆရာရန်အောင်ကို ကျွန်တော့်အသက် ၁၇ နှစ် အရွယ်ရောက်၊ လူပျိုပေါက်ကစ၍ ကြားခဲ့ရဖူးပါသည်။ ကြားရဖူးသည့် အကြောင်းက လူပျိုပေါက်တို့၏ သဘာဝအရ ဆရာရေးခဲ့သည့် "အချစ်အဘိဓမ္မာကျမ်း"က စခဲ့ပါသည်။

တစ်နေ့သောအခါ သူငယ်ချင်းတစ်ဦးက ဆရာ၏ လက်ရာ ထိုကျမ်းကို ကျွန်တော့်ထံ ယူလာပြီး အာဘောင်အာရင်းသန်သန်နှင့် အဘယ်မျှ မှတ်စရာသားစရာတွေ ကောင်းကြောင်း တခမ်းတနား တစ်ပုံတစ်ပင်ကြီး ပြောဆိုဖောက်သည်ချပါတော့သည်။

သို့ဖြင့် ကျွန်တော် ငှားထားလိုက်ပြီး ဆရာရန်အောင်နှင့် ကျွန်တော် 'ညလုံးပေါက်' အချစ်အဘိဓမ္မာ ဆွေးနွေးခန်း ဖွင့်ခဲ့ဖူးပါသည်။ ထိုအကြိမ်သည် ဆရာ့နာမည်ကို ပထမဆုံးကြားဖူး၊ ဆရာ့အာဘော်များကို ပထမဆုံး နာယူဖူးသော အကြိမ် ဖြစ်ပါသည်။

ဒုတိယအကြိမ်မှာ တိုးတက်ရေး သတင်းစာတွင် ရက်စဉ်ပါရှိလာခဲ့ဖူးသော နာမည်ကျော် ဆရာ့လက်ရာတစ်ဆူဖြစ်သည့် 'အညာသားကလေး' ဝတ္ထုပင် ဖြစ်ပါသည်။ ကျွန်တော် စွဲလမ်းခဲ့ဖူးသော မြန်မာဝတ္ထု ၄ ပုဒ်တွင် ဆရာဝတ္ထုသည် တစ်ပုဒ်အပါအဝင် ဖြစ်ခဲ့ပါသည်။

ထိုကာလများမှာ စစ်မဖြစ်မီ ကျွန်တော်တို့ကျောင်းသား လူငယ်ဘဝက ကြားခဲ့ရဖူး နာခဲ့ဖူးသော ဆရာရန်အောင်ပင် ဖြစ်ပါသည်။ လူငယ်များ ကြည်ညိုလေးစားအပ်သော စာရေးဆရာကြီးတစ်ဦးဟု သိမှတ်ခဲ့ပါသည်။ ထိုအချိန်အထိ ဆရာရန်အောင်အား လူကိုယ်တိုင် မတွေ့ရဖူးသေးပါ။

www.burmeseclassic.com

www.burmeseclassic.com

သို့ဖြင့် စစ်ကြိုခေတ်ကုန်ဆုံး စစ်ကြီးလည်း ဖြစ်ခဲ့ပြီ၊ စစ်နောင်းခေတ် လွတ်လပ် အရေးတော်ပုံလည်း ဆိုက်ခဲ့၊ ပြည်တွင်းစစ်ဖြစ်ခဲ့ပြန်၊ နိုင်ငံရေး လှိုင်းလေတွေကလည်း ပြင်းထန်၊ အတန်တန်သော အခြေအနေများလည်း ပြောင်းခဲ့ပေပြီ။

ဆရာရန်အောင်ကိုကား ကျွန်တော် လူကိုယ်တိုင် မတွေ့ရဖူးသေးပါ။ ဤမျှ 'ရေစက်' ဝေးခဲ့ပါသည်။ သို့သော်လည်း ၁၉၅၄ ခုနှစ်တဝိုက်ခန့်တွင်မူ ဆရာရန်အောင်အား ပြည်သူ့ဂျာနယ်တိုက်တွင် စတင် တွေ့ရဖူးပါပြီ။

ဆရာ့ကို တွေ့ရလျှင် တွေ့ရချင်း ကျွန်တော့်စိတ်ဝယ် အကြောင်းအရာ နှစ်ခုသည် ချက်ချင်းပင် ဓာတ်ရိုက်ပေးလိုက်သကဲ့သို့ အထင်းသား အကွင်းသား ပေါ်ခဲ့ပါသည်။

ပထမ အကြောင်းအရာမှာ ဆရာ၏ အချစ်အဘိမမ္မာကျမ်းကို ငယ်စဉ်က သဘောတရားအဖြစ် ခံယူ၍ လက်တွေ့ကျင့်သုံး လိုက်နာခဲ့ကြပုံနှင့် ဒုတိယအကြောင်းအရာမှာ ငယ်စဉ် ကျောင်းသားဘဝက အတူအိပ် အတူစား နေခဲ့ဖူးသော "သူငယ်ချင်းမက၊ ဆရာမကျ" ပေါင်းသင်းခဲ့ရဖူးသည့် ဆရာဖြစ်သင် ကျောင်းသားကြီးများ၏ ရုပ်ရေဟန်ပန် အညာဆန် ဆရာဆန် အမူအရာ မျိုးပင် ဖြစ်သည်။

ထိုစဉ်က သာယာဝတီ သုံးဆယ်မြို့တွင် ကျွန်တော်တို့ ကလေးဘဝ ကျောင်းနေခဲ့ရသော စိန့်ဂျိုးဆက် အထက်တန်းကျောင်းနှင့်တွဲ၍ စက္ကထရီဆရာ ဖြစ်ခေါ် မြန်မာအထက်တန်းပြ ဆရာဖြစ်သင်ကျောင်း ဖွင့်ထားပါသည်။

ကျွန်တော်တို့ အင်္ဂလိပ် မြန်မာကျောင်းသား ကျောင်းအိပ်ကျောင်းစား များသည် အဆိုပါ မြန်မာဆရာဖြစ်သင် "ဧရာမ"ကျောင်းသားကြီးများနှင့် အတူ သူငယ်ချင်းမက ဆရာမကျ အတူအိပ်၊ အတူစား နေခဲ့ရပါသည်။ ထို မြန်မာ ကျောင်းသားများတွင် ကျွန်တော်က အငယ်ဆုံးဖြစ်၍ အများဆုံး ယုယ ခြင်းခံခဲ့ရပါသည်။

ထိုကျောင်းသားကြီးများသည် အချို့ရောင်ကြီးဖွေ၊ အချို့က ခေါင်းပေါင်း၊ အချို့က ဗိုလ်ဆံတောက်ကြီး စသည်ဖြင့် လူပျိုလူအို ဆရာတစ်ပိုင်း ကျောင်းသားကြီးတွေ ဖြစ်ပါသည်။ ၎င်းတို့၏ "ဂိုက်ဆိုက် ဟန်အမူအရာ" နှင့် ယခု ကျွန်တော်တွေ့ရသော ဆရာရန်အောင်မှာ တူလွန်းနေသဖြင့် ချက်ချင်းပင် ထိုကျောင်းသားကြီးများကို ပြေး၍ သတိရလိုက်မိခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် စကားဆက်၍ ပြောကြည့်သောအခါ ဟန်အမူအရာသာမက ပြောပုံဆိုပုံ၊ ပုံတိုပတ်စ၊ ရယ်စရာမောစရာ၊ ချိတ်ပုံစောင်းပုံ၊ ထေ့ကြောင်းခံစားတွေ့ရှိလာရပါသည်။

ကျွန်တော့်အဖို့ ယနေ့စာပေဗဟုသုတ၊ ပြောနည်းဆိုနည်း၊ အတိုအစ၊ အထောက်အထား၊ အတွေ့အကြုံကလေးများ ဆည်းပူးတန်သလောက် နည်းများမဆို ဆည်းပူးနိုင်ခဲ့ခြင်းမှာ "ဆရာရန်အောင်"လို ဗဟုသုတ ဟင်းလေးအိုးများကဲ့သို့သော ဧရာမ အညာဆန် ကျောင်းသားကြီးများနှင့် ကလေးဘဝကပင် အတူအိပ် အတူစား နေခဲ့ရသော အကြောင်းကြီးတစ်ကြောင်းလည်း ပါဝင်ခဲ့ပါသည်။

ထို့ကြောင့် ဆရာရန်အောင်ကို ထိုအချိန်မှစ၍ ယနေ့အထိ တွေ့ရတိုင်း ကြုံရတိုင်း ပြောဆိုဆွေးနွေးရတိုင်း ကျွန်တော့်အဖို့ "ကျောင်းသားဘဝကိုဘဲ" ပြန်တွေ့နေမိခြင်း ဖြစ်ပါသည်။

ငယ်စဉ်က ကျောင်းသား သူငယ်ချင်းကြီးတွေကို ကျွန်တော် ချစ်ခင်လေးစားမှု ကြီးမားသလို ဆရာရန်အောင်အားလည်း ကြည်ညိုလေးစားမှု အားကြီးမိပါသည်။

ဆရာ၏ ပျော်ရွှင်တတ်မှု၊ ချစ်ခင်ကြင်နာတတ်မှု၊ ရယ်မောဖွယ်ရာသောလုံးရွှင်လုံးများဖြင့် တပြုံးပြုံး ပြောဆိုတတ်မှု၊ ချစ်စရာ အညာခလေ့ဆန်မှု စသည်တွေကို ကျွန်တော်များစွာ သဘောကျ စိတ်ဝင်စားပါသည်။

ထပ်၍ ဇာတ်ပေါင်းရပြန်သည်ကား ဆရာ့ငယ်သူငယ်ချင်းကြီး ဆင်ပေါင်ဝဲ 'နွားဘခင်'နှင့် ကျွန်တော့်မှာ အင်မတန် ရင်းနှီးလှသော နိုင်ငံရေးရဲဘက်ကြီး မိတ်ဆွေကြီး ဖြစ်လာပြန်သောကြောင့် ဖြစ်ပေသည်။ အဆိုပါ ဦးဘခင်ဆိုသော ဝံသာနုလက်ဟောင်းကြီးမှာ လာသမျှ ရွေးကောက်ပွဲတိုင်း 'တောင်သူနှင့် နွားရုပ်ကြီး'ကို မဲပုံးတံဆိပ် လုပ်၍ အရွေးခံလေ့ ရှိသောကြောင့် သရက်-အာလံတစ်ဝိုက်တွင် 'နွားဘခင်'ဟု ကျော်ကြားနေခြင်း ဖြစ်ပါသည်။ တကယ် တောင်သူလယ်သမား နွားချစ်တဲ့ ခေါင်းဆောင်ကြီးပါပေ။ ထို 'နွားဘခင်' က တစ်ဖန် ဆရာရန်အောင်ကို သူရဲ့ငယ်သူချင်းအဖြစ်နှင့် မိတ်ဆက်ပေးပြန်သောကြောင့် ပို၍ ချစ်ခင်ရ အကျွမ်းဝင်ရပြန်လေသည်။

ထို့ကြောင့်လည်း ကျွန်တော့်မှာ ရွေးကောက်ပွဲအပြီး အသည်းအသန်

www.burmeseclassic.com

www.burmeseclassic.com

မမာနေစဉ်က ဆရာရန်အောင်မှာ ကျွန်တော့်အိပ်ရာနား လာပြီး တစ်မနက်ခင်းလုံး အားပေးစကား ပြောကြားလျက် အမျိုးမျိုး ဖြေဖျော်ပြုစုသွားပါသည်။

ဤကျေးဇူးကို မမေ့ကြောင်း ဤနေရာတွင် မှတ်တမ်းတင်ပါရစေ။

သို့သော်လည်း ဆရာ့အိမ်ထောင်ရေး သောကမှု တစ်ခုတွင် ကျွန်တော် လာ၍ မပြုစုလိုက်ရသည်ကိုတော့ ခွင့်ပြုပါဆရာဟု တောင်းပန်လိုပါသည်။

ဆရာရန်အောင်
ကဗျာတန်ဆောင်နဲ့မေး။
သူ့အကြောင်းစုပေါင်းကာ
ကျွန်တော်ရေးလို့ရယ် မေတ္တာနဲ့ပေး။ ။

သခင်ချစ်မောင် (သာယာဝတီ)

၂၀-၁၁-၆၂

စာပေဟူသည်၊ မေတ္တာရည်တည့်၊ လီလီကွဲပြား၊ ဝါဒခြားလည်၊ ရေးသားစာပေ၊ ပြောင်မြောက်ပေလျှင်၊ မိတ်ဆွေရန်သူ၊ မကွဲမူဘဲ၊ သင်းကြူမွှေးပျံ့၊ စာရနံ့ကို၊ အနံ့ဝန်းကျင်၊ မှီဝဲချင်၏၊ ချစ်ကြင်ဖို့ရေး၊ မေတ္တာဆေးသို့၊ တစ်သွေးတစ်သား၊ တံတားပေါင်းကူး၊ စာညွှန့်ဖူးကို၊ ဆွတ်ခူးစားသုံး၊ ပေါင်းစုရုံးသည်၊ ချစ်တုံးစာပေ မည်သတည်း။

ရန်အောင်
ရွှမဝမဂ္ဂင်း
၁၉၆၃၊ ဖေဖော်ဝါရမီ

❐

www.burmeseclassic.com

www.burmeseclassic.com

ကျာနယ်ကျော် ဦးချစ်မောင်

ဦးချစ်မောင်ကို အဖဦးမြ၊ အမိဒေါ်စောယုတို့မှ သက္ကရာဇ် ၁၂၇၄-ခုနှစ်၊ ပြာသို လဆန်း ၁၃ ရက်၊ တနလင်္ဂနေ့၊ ခရစ်နှစ် ၁၉၁၂-ခုနှစ်တွင် ဖွားမြင်သည်။ ဇာတိမှာ သာယာဝတီခရိုင် အုတ်ဖိုမြို့ ဖြစ်လေသည်။ အမိဖြစ်သူ ဒေါ်စောယု၏ ဖခင်ရွှေကျင်ဝန်ကြီး ဦးကျင်မှာ ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းယူစဉ်က ပြန်လည်၍ တော်လှန်တိုက်ခိုက်ရင်း ကျဆုံးသွားရရှာခြင်း ဖြစ်သည်။

ဦးချစ်မောင် ငယ်စဉ်က လက်ပံတန်းမြို့ အစိုးရ အထက်တန်းကျောင်းတွင် ကျောင်းအုပ်ကြီး မစ္စတာအိုအောင်ထွန်း၏ အကူအပံ့ဖြင့် ပညာစတင် သင်ကြားခွင့်ရခဲ့သည်။ ထိုကျောင်းမှ ဆယ်တန်းစာမေးပွဲကို အောင်မြင်ခဲ့၍ ထိုကျောင်းမှာပင် ကျောင်းဆရာ အဖြစ် ထမ်းဆောင်ခဲ့သည်။ သို့သော် ကြာရှည်စွာ ထမ်းဆောင်ခဲ့ခြင်း မဟုတ်ပေ။ ခေတ္တမျှသာ ဖြစ်သည်။ ထို့နောက် ဦးချစ်မောင် ရန်ကုန်ရောက်လာသည်။ ရောက်လာပုံမှာ ရန်ကုန်သို့ စာအုပ်ဝယ်ရန် ခေတ္တသွားရောက်ရာမှ တစ်ခါတည်း မပြန်ရတော့ဘဲ "နော်ရထာ သတင်းစာတိုက်" တွင် ဝင်ရောက် လုပ်ကိုင်နေလေသည်။

နောက်ပိုင်းတွင် "ဈေးနှုန်းသတင်းစာ"၊ "မြန်မာ့အလင်း သတင်းစာ" တို့တွင် ဝင်ရောက်လုပ်ကိုင်ပြန်သည်။

မြန်မာ့အလင်း သတင်းစာတိုက်၌ ဝင်ရောက်လုပ်ကိုင်စဉ် လုပ်ရည်ကိုင်ရည်နှင့်တကွ၊ ပင်ကိုယ်အရည်အသွေး ထက်မြက်မှုတို့ကြောင့် ထိုသတင်းစာတိုက်၏ ညအယ်ဒီတာချုပ်အထိ အဆင့်ဆင့်တိုးတက်၍ ခန့်အပ်ခြင်း ခံခဲ့ရသူ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးချစ်မောင်ကား သွေးက စကားပြောသူဟု ဆိုရပေမည်။ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ် အလွန်ပြင်းထန်သူတစ်ဦးပင်၊ ထို့ကြောင့်လည်း မြန်မာ့အလင်း အယ်ဒီတာချုပ် အဖြစ်ဖြင့် နိုင်ငံနှင့်လူမျိုး အကျိုးရှိမည် ဆိုလျှင် မည်သည့်အရာမျှ မထောက်မကွက် ရက်ရက်ရဲရဲပင် ရေးသားတင်ပြလေ့ ရှိသည်။ ဤသို့ ရေးသားချက်များကြောင့် အုပ်ချုပ်သူလူတန်းစား နယ်ချဲ့နဂါး၏ မျက်စောင်းထိုးခြင်းကို မကြာခဏ ခံခဲ့ရသည်။ ဤသို့ခံရခြင်းကို တိုက်ရှင်များက မလိုလားပေ။ ထို့ကြောင့် ထက်မြက်စွာ ထိုးနှက်ရေးသားနေသော ဦးချစ်မောင်၏ ကလောင်ဘက်သို့ ဦးလှည့်လာတော့သည်။ ဤမှစ၍ သဘောချင်း မတိုက်မဆိုင်ဖြစ်ကာ မြန်မာ့အလင်းနှင့် ဦးချစ်မောင်တို့ ပူးပေါင်းမှုမှာ အဆုံးသတ်သွားခဲ့သည်။ ဦးချစ်မောင် နုတ်ထွက်လိုက်သည့် နှစ်မှာ ခရစ်နှစ် ၁၉၃၉-ခုနှစ် ဖြစ်သည်။ ယင်းသို့ ကင်းကွာသွားခြင်းကြောင့် ဦးချစ်မောင်ကား စိတ်ဓာတ်ကျဆင်းသွားခြင်း အလျဉ်းမရှိပေ၊ ဇွဲကောင်းကောင်း ရည်မှန်းချက်ကြီးကြီးဖြင့် "ဂျာနယ်ကျော်" ဟူသော အမည်ဖြင့် ဂျာနယ်သတင်းစာ တစ်စောင်ကို ဦးစီး၍ ထုတ်ဝေခဲ့လေသည်။ ဂျာနယ်ကျော်မှာ တစ်မူဟုတ်ခြင်းပင် အောင်မြင်ကျော်ကြား လူကြိုက်များခဲ့လေသည်။ ဦးချစ်မောင်မှာလည်း ဂျာနယ်နှင့်တွဲ၍ ဂျာနယ်ကျော် ဦးချစ်မောင်ဟု တစ်ချိန်တည်းမှာပင် ကျော်ကြားခဲ့လေသည်။ စင်စစ် ဤသို့ အောင်မြင်ခဲ့သည်မှာ အဆန်းမဟုတ်ပေ။ ဦးချစ်မောင်၏ နိုင်ငံရေး၊ စီးပွားရေး ပြဿနာရပ်များကို ရေးသားတင်ပြချက်များ၊ ဝေဖန် အကြံပေးချက်များမှာ ပြတ်သားရဲရင့်ရုံမျှသာ မဟုတ်။ တိကျမှန်ကန်မှုလည်း ရှိခြင်းကြောင့်ပင်။ နိုင်ငံ၏ လက်ငင်း ဖြစ်ပေါ်နေသည့် အရေးအခင်းများနှင့် ထင်ဟပ်ကာ ထိုအချိန်က ပြည်သူတို့၏ ရုပ်ဘဝအမှန်ကို ဖွင့်အန်နိုင်ခဲ့ခြင်းမှာလည်း ဂျာနယ်သတင်းစာ၏ ကြန်အင်သိက္ခာနှင့် ပြည့်စုံနေ၍ ဖြစ်သည်။ ဦးချစ်မောင်မှာ ယခင်ကလည်း အစဉ်အလာရှိ ဂျာနယ်ကျော်၏ အရှိန်အဝါကလည်း ကြီးမားခြင်းကြောင့် မြန်မာသက္ကရာဇ် ၁၂၉၂-ခုနှစ်၊ ခရစ် ၁၉၃၀-ခုနှစ်တစ်ဝိုက်တွင် သူ့ကိုလိုက်မီသူဟူ၍ မရှိသလောက်ပင် ရှားခဲ့သည်။ "ဂျာနယ်ကျော်" ကို ထုတ်ဝေနေရင်းမှပင် "ရွှေလင်းယုံ" ဟူသော ကလောင်အမည်ဖြင့် နိုင်ငံရေးစာပေမှလွဲ၍၊ အခြားဝတ္ထုအပါအဝင် စာအုပ်စာတမ်းများ ရေးသားခဲ့သေးသည်။

ဒုတိယကမ္ဘာစစ်ကြီး ဖြစ်ပွားပြီး ဂျပန်များ ဝင်ရောက်လာချိန်တွင် ရှေးဦးစွာ ဘိုကလေးမြို့သို့ ပြောင်းရွှေ့၍ နေသည်။ သို့သော် မကြာမီမှာပင် ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com

သို့ပြန်လာပြီး ကလောင်ကို အသာထား၍ တော်လှန်ရေး လုပ်ငန်းများကို စတင်ဆောင်ရွက်တော့သည်။ အင်္ဂလိပ်များ ပြန်ဝင်လာချိန်တွင် ဦးချစ်မောင် ဖမ်းဆီးခြင်း ခံခဲ့ရသည်။ ထောင်မှ လွတ်လာသောအခါ၌ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သည့် ဖဆပလအစိုးရအဖွဲ့ကြီးတွင် ပါဝင်ကာ လွတ်လပ်ရေးအတွက် အရေးဆိုကြရာတွင် ထိထိရောက်ရောက် ဆောင်ရွက်ခဲ့သည်။

ဖဆပလအစိုးရ ဖွဲ့စည်းရန် ဘုရင်ခံထံသို့ တောင်းဆိုချက် စည်းကမ်းများ ရေးဆွဲကြရာတွင် ဦးချစ်မောင်ကား အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူ ဖြစ်သည်။ ထိုအချိန်မှာ "မြန်မာနိုင်ငံတော် စာရေးဆရာအသင်း" ကြီး၏ ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခြင်း ခံရလေသည်။ ၁၃၁၇-ခုနှစ်တွင် ဦးချစ်မောင်မှာ ဆီးရောဂါဖြင့် မကျန်းမမာဖြစ်ကာ နှောင်းတန်ခူးလဆန်း ၂ ရက်နေ့ (ခရစ်နှစ် ၁၉၄၅-ခုနှစ်) တွင် ကွယ်လွန် အနိစ္စရောက်ရရှာသည်။ ဦးချစ်မောင်၏ အသုဘကို ဖဆပလ အဖွဲ့ချုပ်ကြီးမှ ကြီးမှူး၍ ကြံတောသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပေးခဲ့သည်။

ကျာနယ်ကျော် ဦးချစ်မောင်တွင် ဇနီးဒေါ်တင်လှိုင်နှင့် သား ၂ ယောက်၊ သမီး ၁ ယောက် ကျန်ရစ်ခဲ့သည်။ ဇနီးဖြစ်သူမှာလည်း "ကျာနယ်ကျော် မမလေး" ဟူသောအမည်ဖြင့် ခင်ပွန်းဖြစ်သူ ဦးချစ်မောင်၏ အကြောင်းကို "သူလိုလူ" စာအုပ်ဖြင့် မှတ်တမ်းတစ်ပုဒ် ရေးခဲ့ဖူးသည်။

စံပြတင်ဦး

ရန်ကုန်၊ စံပြစာပေ၊ ၁၉၇၄။

❐

www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်ကျော်မိသားစု

ကြွရောက်လာကြတဲ့ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ပြင်သစ်သံရုံး၊ တရုတ်သံရုံးတို့မှ ကြွရောက်လာကြတဲ့ ကိုယ်စားလှယ်တော်များ၊ ဂျာနယ်ကျော် ဦးချစ်မောင်နဲ့ ဂျာနယ်ကျော်မမလေးတို့ရဲ့ မိသားစုများ၊ အထူးဖိတ်ကြားထားတဲ့အတွက် ကြွရောက်လာကြတဲ့ ဧည့်ပရိသတ်များကို ကျွန်တော့်အနေနဲ့ နှုတ်ခွန်းဆက်သပါတယ်။ ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ဂျာနယ်ကျော်မမလေးဟာ အသက်မသေခင် မကွယ်လွန်ခင် အကြင်လင်မယားအဖြစ် နေကြစဉ်အခါတုန်းက အတူတွဲပြီး စိတ်တူသဘောတူ စာပေလုပ်ငန်း၊ သတင်းစာလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြတယ်။ ကွယ်လွန်သွားပြီးတဲ့ နောက်ကျတော့လည်း သူတို့နှစ်ဦးရဲ့ အုတ်ဂူနှစ်ခုဟာ ရေဝေးသုသာန်မှာ ယှဉ်တွဲပြီး ရှိနေကြတယ်။ အဲဒီအုတ်ဂူနှစ်ခုကို နှစ်တိုင်းသွားပြီး ကန်တော့တဲ့ ပုဂ္ဂိုလ်ကတော့ သားဂျာနယ်ကျော် ဖြစ်ပါတယ်။ အခု သူ့မိဘအကြောင်းကို ကဗျာဖွဲ့ပြီးတော့ အင်္ဂလိပ်ကဗျာနဲ့ မြန်မာပြန်ဆို ရွတ်ဆိုသွားခဲ့တဲ့ ဦးမိုးဟိန်းခေါ် သားဂျာနယ်ကျော် ဖြစ်ပါတယ်။ တစ်နှစ်ကျတော့ လုပ်နေကျအတိုင်း အဲဒီ သူ့မိဘနှစ်ပါးရဲ့ အုတ်ဂူနှစ်ခုကို သွားကန်တော့တယ်။ အဲဒီအချိန်မှာ သူ အတွေးတစ်ခု ပေါ်လာတယ်။ ငါတို့ မိဘနှစ်ပါးရဲ့ သားသမီးတွေ စုပြီးတော့ တစ်နေ့နေ့ မိဘနှစ်ပါးအတွက် အထိမ်းအမှတ် အခမ်းအနားတစ်ခု လုပ်မယ်ဆိုတဲ့အကြံ ဖြစ်ပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

အဲဒီအကြောအရ အကောင်အထည် ဖော်တဲ့အနေနဲ့ ဒီကနေ့ ဂျာနယ်ကျော် ဦးချစ်မောင် နှစ် ၉၀ မွေးနှစ်၊ ဂျာနယ်ကျော် ဒေါ်မမလေး ကွယ်လွန် နှစ် ၂၅ မြောက် အထိမ်းအမှတ်ပွဲ ကျင်းပတာ ဖြစ်ပါတယ်။ အခု အခမ်းအနားမှာ အခုလို စကားပြောခွင့် ရတဲ့အတွက် ဂျာနယ်ကျော် မိသားစုကို ကျွန်တော့်အနေနဲ့ အများကြီး ကျေးဇူးတင်ပါတယ်။

ဂျာနယ်ကျော် ဦးချစ်မောင်နဲ့ ဂျာနယ်ကျော်မမလေး အကြောင်း မပြောခင် မိဘနဲ့ သားသမီးများရဲ့ ဆက်သွယ်ရေးအကြောင်း အနည်းငယ် ပြောချင်ပါတယ်။ မိဘနှစ်ပါး ရှိတဲ့အနက် သားသမီးအပေါ်မှာ ဘယ်သူက မေတ္တာပိုသလဲ။ အဲဒီလို အမေးရှိလာနိုင်ပါတယ်။ အဲဒီအမေးကို ပြောရမယ်ဆိုလို့ရှိရင် မိဘနှစ်ပါးအနက် သားသမီးအပေါ် ပိုပြီးတော့ မေတ္တာကြီးတာက မိခင် ဖြစ်ပါတယ်။ မေတ္တသုတ်မှာလည်း 'မာတာယထာ နိယံပုတ္တ မာယုသာဧက ပုတ္တမနုရက္ခေ'ဆိုပြီးတော့ သတ္တဝါတွေအပေါ်မှာ မေတ္တာထားတဲ့ မိခင်ရဲ့ စံနမူနာကို ပြောပြထားပါတယ်။ တစ်ဦးတည်းသာ သားအပေါ်မှာ မိခင်က မေတ္တာထားသလို သတ္တဝါတွေ အပေါ်မှာ မေတ္တာထားရမယ်လို့ ဟောပြထားတာ ရှိတယ်။ သားသမီးအပေါ်မှာ မေတ္တာထားတာ မိခင်က ပိုပါတယ်။ ဒါပေမယ့် သားသမီးတွေ အနေနဲ့ မိဘနှစ်ပါးအပေါ်မှာ ပြန်ပြီး တုံ့ပြန်မှုကျတဲ့ ကိစ္စကျတော့ မိဘနှစ်ပါးအပေါ် ညီတူညီမျှ သဘောထားပြီးတော့ ပြုလုပ်ရပါတယ်။ မိဘနှစ်ပါးထဲက အမိကို ပိုပြီးတော့ ပြုစုရမယ်၊ ကျေးဇူးပြုရမယ် အဲဒီလို မရှိဘူးခင်ဗျ။ အဲဒါကလည်း မင်္ဂလသုတ်မှာ 'မာတာပိတု ဥပဋ္ဌာန်' ဆိုပြီးတော့ ဘုရားဟောထားတာ ရှိတယ်။ မိဘအပေါ်မှာ သားသမီးတို့အနေနဲ့ ကျေးဇူးတုံ့ပြန်တဲ့ နေရာမှာ အမိကို ပိုရမယ်၊ အဖကို ပိုရမယ် ဒီလို မရှိဘူး။ ညီတူညီမျှ ကျေးဇူးတုံ့ပြန်ရမယ်။

အဲဒီသဘောထားအရ ဒီကနေ့ သူတို့ မိဘနှစ်ပါးအပေါ်မှာ ကျန်တဲ့ သားသမီးတွေ၊ မြေးတွေ၊ မြစ်တွေ၊ မျိုးဆက်တွေက ဂျာနယ်ကျော်မျိုးဆက်၊ စာပေမျိုးဆက်က ပြန်လည်ကျေးဇူးဆပ်တဲ့၊ ကျေးဇူးပြုတဲ့ အထိမ်းအမှတ်ပွဲ ကျင်းပနေပါတယ်။ ဒီပွဲမှာ ဒီအခမ်းအနားမှာ အပူဇော်ခံ ဂုဏ်ပြုခံ ကန်တော့ခံ ဂျာနယ်ကျော် ဦးချစ်မောင်နဲ့ ဂျာနယ်ကျော်မမလေး အကြောင်း ကျွန်တော် သိသမျှ ကျွန်တော်နဲ့ ထိတွေ့မှုရှိသမျှကို အခြေခံပြီးတော့ အနည်းအကျဉ်း ပြောသွားပါ့မယ်။ ဒီလို ပြောတဲ့နေရာမှာ ဂျာနယ်ကျော် ဦးချစ်မောင်ကို စပြီး

www.burmeseclassic.com

www.burmeseclassic.com

ပြောပါ့မယ်။ ဂျာနယ်ကျော် ဦးချစ်မောင်ကို လေ့လာသုံးသပ်တဲ့ နေရာမှာ ဒါ ကျွန်တော့်အမြင်နော်၊ ဘာသွားတွေ့ရသလဲ ဆိုတော့ ကျွန်တော်တို့ Unity of opposite (ဆန့်ကျင်ဘက်နှစ်ခု) ပေါင်းစပ်တယ်၊ ပေါင်းဆုံတယ်ဆိုတဲ့ သဘော တရားတစ်ခု ရှိတယ်။ ဂျာနယ်ကျော်ဦးချစ်မောင် ဘဝကို လေ့လာတဲ့အခါမှာ ဂျာနယ်ကျော် ဦးချစ်မောင်မှာ ဆန့်ကျင်ဘက် ခြေလှမ်းနှစ်ခု ပေါင်းဆုံနေတာ သွားတွေ့ရတယ်။ အဲဒီလို မတူတာတွေ ပေါင်းစပ်နေတာကို ကျွန်တော် ပြော ပြပါမယ်။ ပထမဆုံးအချက်က ဂျာနယ်ကျော် ဦးချစ်မောင်မှာ ဘာသွားတွေ့ သလဲဆိုတော့ လူရိုးနဲ့လူဆန်း၊ ဂျာနယ်ကျော် ဦးချစ်မောင်ကို လေ့လာကြည့် လိုက်ရင် အင်မတန်ရိုးသားတဲ့ အရည်အချင်းကို တွေ့ရမယ်။ နောက်တစ်ခုက ရိုးသားခြင်းရဲ့ ဆန့်ကျင်ဘက် ဖြစ်တယ်။ ဘယ်လိုပြောရမလဲဆိုတော့ ရိုးသား မှုရဲ့ ဆန့်ကျင်ဘက် ရိုးသားခြင်းရဲ့ ဆန့်ကျင်ဘက်လို့ ပြောရင် ပေါ်ပါလိမ့် မယ်။ ဂျာနယ်ကျော် ဦးချစ်မောင်အကြောင်း ရေးထားတဲ့ story တွေမှာလည်း အတော်များများ ပါပါတယ်။ သူနဲ့ ထိတွေ့ရသမျှ အလွန် ရိုးသားတယ်ဆိုတာ ကျွန်တော်တို့လည်း သိပါတယ်။ အလွန်ရိုးသားတယ် ဆိုတာ ဘယ်လို သရုပ် ဖော်မလဲဆိုတော့ ဝါတော်ခြောက်ဆယ်ရ ဘုန်းကြီးတစ်ပါးလို ရိုးသားတယ်။ အဲဒါလောက် ရိုးသားတဲ့အတွက် အမျိုးသမီး မိန်းကလေးတွေ တွေ့ရင် မနေ တတ် မထိုင်တတ် ဖြစ်နေတယ်။ ရိုးတယ်။ ရှက်လည်းရှက်တယ်။ မိန်းကလေး တစ်ယောက်ယောက်ရှေ့ ရောက်သွားရှိရင် သူ့ရှေ့ရောက်လာလို့ရှိရင် ခေါင်းငုံ့ နေတယ်။ ဒါပေမယ့် နောက်ပိုင်းတစ်ချိန်ကျတော့ လူရိုးကြီး ဦးချစ်မောင်ဟာ လူဆန်းကြီး ဦးချစ်မောင် ဖြစ်လာတယ်။ မရိုးသားမှုဆိုတာ ကျွန်တော် ခုနက ပြောတဲ့ ရိုးသားမှုရဲ့ ဆန့်ကျင်ဘက်နော်။ ဒီပြင်ဟာတွေ လျှောက်မတွေးနဲ့။ 'သူလိုလူ'စာအုပ် ဖတ်ကြည့်လိုက်ရင် ဂျာနယ်ကျော်ဦးချစ်မောင် လူရိုးဘဝက လူဆန်းဘဝ ရောက်လာတဲ့အကြောင်း သိကြပါလိမ့်မယ်။ 'သူလိုလူ' နိဒါန်းမှာ ပါတဲ့ စာပိုဒ်ကို ဖတ်ပြလိုက်ရင် ကျွန်တော်ပြောတာ သဘောပေါက်သွားပါလိမ့် မယ်။ အမှာစာ ရေးတဲ့သူက ဂုဏ်ရောင်၊ ဂုဏ်ရောင်ဆိုတာ ဂျာနယ်ကျော် ဦးချစ်မောင်တပည့် သတင်းစာဆရာ၊ စာရေးဆရာ၊ ဦးစောဦးရဲ့ ကလောင် အမည် 'သူလိုလူ' ထွက်တော့ အမှာစာ ရေးတယ်။ အမှာစာကို ကျွန်တော် ဖတ်ပြရင် လူရိုးကြီး ဂျာနယ်ကျော် ဦးချစ်မောင် စွာန်လျှောကျသွားပုံ သိလိမ့် မယ်။ အမှာစာမှာ ဒီလိုရေးထားတယ်။ အရှက်အကြောက် ကြီးလွန်း၍ 'မိန်းမ

www.burmeseclassic.com

www.burmeseclassic.com

မြင်လျှင် ခေါင်းမဖော်ဝံ့လောက်အောင် စက္ခုန္ဓြေချ၍ နေတတ်သော သူ၏ သိက္ခာကြီးမားမှုကြောင့် ရင်းနှီးသူများက ဘုန်းကြီးဟု အမည်မှည့်ထားသော ကွယ်လွန်သူ ဂျာနယ်ကျော် ဦးချစ်မောင်မှာ ဖူးစာကံပွင့်၍ သိက္ခာချရတော့မည့် အချိန်သို့ ရောက်သည့်ကာလ၌ သူ့ကိုယ်သူ 'ကျွန်တော်တော့ စျန်လျှောပြီ'ဟု ဖွင့်၍ ပြောရသည်အထိ ထူးထူးဆန်းဆန်း သွက်လက်လှပ်ရှားပုံတို့သည်လည်း ဤဝတ္ထုတွင် မဖုံးနိုင်မဖိနိုင်၊ ခရေစေ့တွင်းကျ ဖော်ပြထား၏။ 'သူလိုလူ' ဝတ္ထုကား ရိုး၏။ သို့သော် ဆန်း၏။ ဤဝတ္ထုသည် ဆန်းလွန်းသော လူရိုးတစ်ယောက်အကြောင်း ဖြစ်ပြီး ရိုးလွန်းသော လူဆန်းတစ်ယောက်၏ အကြောင်းလည်း ဖြစ်၏။ သို့ဖြစ်၍ ဤဝတ္ထုသည် ဆန်းဆန်းနှင့် ရိုး၍ ရိုးရိုးနှင့်ပင် ဆန်းနေ၏။ အဲဒါကတော့ ဦးချစ်မောင်နဲ့ ပတ်သက်တဲ့ ကျွန်တော့်နံပါတ် ၁ အမြင်ကို ထောက်ခံထားတဲ့ ဂုဏ်ရောင်နဲ့ အမှာစာထဲက အပိုဒ် ဖြစ်တယ်။

ဒုတိယ ဆန့်ကျင်ဘက်နှစ်ခု ပေါင်းဆုံမှုအကြောင်းကို ဆက်ပြောပြပါမယ်။ ဂျာနယ်ကျော် ဦးချစ်မောင်ကို တွေ့ဖူးတဲ့လူတွေ သိကြပါလိမ့်မယ်။ သူ့အကြောင်း စာတွေလည်း ရေးထားပါတယ်။

မျက်မှန်အထူကြီး တပ်ထားတယ်။ လည်ကတုံး ရှပ်အင်္ကျီ၊ ပင်နီအပေါ်အင်္ကျီ ဝတ်တယ်။ အပြင်သွားတဲ့အခါ ဖဲထီးတွေ ဘာတွေ မဆောင်းဘူး၊ အိမ်တော်ရာထီးဆိုတာ ရှိတယ်။ အဲဒီထီးကို ဆောင်းတယ်။ တကယ့် မျိုးချစ်ပုဂ္ဂိုလ်တစ်ဦးပီပီ နေတယ်။ သူ့ပင်ကိုဘဝကလည်း အင်မတန် ရိုးသားတဲ့အတွက် နေတဲ့နေရာမှာ အလွန်ရိုးသားတယ်။ အလွန် ရှေးဆန်တယ်လို့လည်း ပြောချင် ပြောနိုင်တယ်။ ဒါပေမဲ့ တစ်ဖက်က ရှေးဆန်နေပေမယ့် ကျန်တဲ့တစ်ဖက်မှာ ရှေးဆန်မှုရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ခေတ်မီတယ်ဆိုတဲ့ အချက်တွေလည်း သူ့မှာ အပြည့်အစုံ ရှိပါတယ်။ စာပေနဲ့ ပတ်သက်ပြီးတော့ ပထမ ပြောမယ်။ ဂျာနယ်ကျော် ဦးချစ်မောင်ရဲ့ စာပေနော်။ ဂျာနယ်ကျော် ဦးချစ်မောင်ဟာ စာပေနဲ့ပတ်သက်ရင် ရှေးဆန်တယ်။ ခုခေတ်ကာလ အပြောနဲ့ ပြောရရင် မော်ဒန်မဟုတ်ဘူး။ ဘယ်လို ရှေးဆန်သလဲဆိုရင် ကျွန်တော် ၁၆ နှစ်အရွယ်လောက် ရှိလိမ့်မယ်။ တစ်နေ့ကျတော့ အခု လူတွေ သိနေကြတဲ့ ဦးဆန်းထွန်း။ အဲဒီတုန်းက သူက ရဟန်းဝတ် ရှင်ဉာဏ်သရ ဘွဲ့အမည်နဲ့ ဂျာနယ်ကျော်မှာ ရတုတွေရေးတယ်။ ရှင်ဉာဏ်သရ ရေးတဲ့ ရတုကဗျာတွေကို ဂျာနယ်ကျော် ဦးချစ်မောင်က သူ့ဂျာနယ်မှာ ဦးစားပေးပြီးတော့ ထည့်

www.burmeseclassic.com

www.burmeseclassic.com

ပေးတယ်။ အဲဒီအချိန်မှာ ဦးဉာဏ်သရက ဂျာနယ်ကျော် ဦးချစ်မောင်ဆီကို သွားလေ့ရှိတယ်။ တစ်နေ့ကျတော့ ကျွန်တော်ကလည်း ဂျာနယ်ကျော် ဦးချစ်မောင်ကို တွေ့ဖူးချင်တယ်ဆိုပြီး လိုက်သွားတယ်။ ဂျာနယ်ကျော်တိုက်မှာ စကားပြောကြတာကတော့ ဂျာနယ်ကျော် ဦးချစ်မောင်နဲ့ ဦးဉာဏ်သရ ဖြစ်တယ်။ စာပေကို စိတ်ဝင်စားပေမယ့် သူတို့စကားဝိုင်းမှာ ဘာမှ ဝင်မစွက်ဖက်ဘဲ သူတို့နှစ်ယောက် ပြောနေတာကို ကျွန်တော် နားထောင်နေတယ်။ အရှင်ဉာဏ်သရက မြန်မာစာ ပျို့ကဗျာ ပုံနှိပ်ထားတာတွေ အကုန်ဖတ်ပြီးပြီလို့ ပြောတယ်။ ရှင်ဉာဏ်သရက သူဖတ်ထားတဲ့ ပျို့ကဗျာစာရင်း ပြောပြတော့ ဂျာနယ်ကျော်ဦးချစ်မောင်ကလည်း အဲဒါတွေ အကုန်ဖတ်ပြီးပြီ။ ရှင်ဉာဏ်သရက ပေစာနဲ့ရေးထားတဲ့ ပျို့ကဗျာ လက်ကမ်းတွေလည်း ရှိသေးတယ်ဆိုတဲ့အကြောင်း ပြောတော့ အဲဒါတွေကိုတော့ ဂျာနယ်ကျော်ဦးချစ်မောင်က မဖတ်ရသေးဘူးလို့ ပြောတယ်။ ဖတ်လို့ မရဘူးလေ သူ သိပ်အလုပ်များနေတယ်။ မျက်စိကလည်း မကောင်းဘူး။ သတင်းစာ အလုပ်ကလည်း ရှိသေး။ ဒီလောက် ကဗျာတွေကို ဖတ်ထားတာ ချီးကျူးဖို့ ဘယ်လောက်ကောင်းသလဲ။

နောက် ကဗျာနဲ့ ပတ်သက်လို့ ရှေ့ဆန်တာတစ်ခု ရှိသေးတယ်။ ဂျာနယ်ကျော်ထဲမှာ ထည့်တဲ့ ကဗျာတွေဟာ မော်ဒန်ကဗျာတွေက နည်းပြီး ရှေးရိုးကဗျာတွေက များတယ်။ ဂျာနယ်ကျော် အထူးထုတ်ပြီ ဆိုလို့ရှိရင် ကဗျာတွေကို သရုပ်ဖော်ပုံတွေနဲ့ ထည့်တယ်။ ကျိုက်လတ်ဆရာချစ် ရေးတဲ့ ကဗျာတွေကို ထည့်တယ်။ ကျိုက်လတ်ဆရာချစ် ဆိုတာ ဆရာဦးမောင်ကြီး သွားအခေါ်ခိုင်းလို့ လယ်တောထဲမှာ လယ်လုပ်နေရင်းတန်းလန်း ရန်ကုန်တက်လာတဲ့ လယ်သမား ကဗျာဆရာ။

ဆရာ ဦးမောင်ကြီးက သူ့ကဗျာ ကြည့်ပြီးတော့ ဒီလူ သွားခေါ်ခေါ်ခေါ်ခေါ်လို့ ရန်ကုန်ကို ရောက်လာတော့ ခြေထောက်မှာ ရွှံ့မစင်သေးဘူး။ ကျိုက်လတ်ဆရာချစ်ကို ဂျာနယ်ကျော် ဦးချစ်မောင်က သိပ်သဘောကျတယ်။ သူ့ကဗျာကို ထည့်ပေးတယ်။ ဂျာနယ်ကျော် အထူးထုတ်စာစောင် တစ်ခုမှာပါတဲ့ 'ရွှစမ်းပါခင်ခင်ရဲ့ နေမဝင့်တဝင့်... ' အစချီတဲ့ ကျိုက်လတ်ဆရာချစ်ရဲ့ တိမ်ဖွဲ့တေးထပ်က ရှင်ဥတ္တမကျော်တို့လို တိမ်ကို အရောင်နှင့် မဖွဲ့တော့ဘဲ 'မင်းကုသနှင့် ပပဝတီ'တို့ကို ခြယ်မှုန်းထားတဲ့ တိမ်ပန်းချီ ဖြစ်နေတယ်။ ဂျာနယ်ကျော် ဦးချစ်မောင်ဟာ ကဗျာနဲ့ ပတ်သက်လာရင် ဂန္ဓဝင်ကို အလေးထားတယ်။

www.burmeseclassic.com

www.burmeseclassic.com

ရှင်ဉာဏသိရရဲ့ ရတုတွေဆိုရင်လည်း ဂန္ထဝင် ဆရာကြီးကိုး။ သို့သော်လည်း ဂျာနယ်ကျော် ဦးချစ်မောင်က သိပ်သဘောကျတယ်။ အထူးထုတ်တိုင်းမှာ ပါအောင်ထည့်တယ်။ အခု ပြောပြတာတွေက တစ်ဖက်မှာ စာပေနဲ့ ပတ်သက်ပြီးတော့ ဦးချစ်မောင် ဂန္ထဝင်ကို ဦးစားပေးတဲ့အကြောင်း ပြောတာ။ နောက်တစ်ဖက်ကျတော့ သူက သတင်းစာဆရာနော်။ သတင်းစာဆရာ အနေနဲ့ စာအုပ်တွေ ဖတ်ထားတာ ဘယ်နည်းမလဲ။ ခေတ်ပေါ် နိုင်ငံတကာရေးရာ ကမ္ဘာ့လစ်ထရေချာ အင်္ဂလိပ်စာအုပ်တွေ အကုန်ဖတ်တယ်။ အကုန်နီးနီးလောက် ဖတ်တယ်ဆိုတာ ကျွန်တော်တို့ သိရသည်။ 'ကမ္ဘာကြီး ပျက်စီးလုနီးပြီလော' ဆိုတဲ့ ဆောင်းပါးမျိုးကို ရေးတာ ကမ္ဘာ့ရေးရာ နိုင်ငံတကာ ရေးရာတွေကို သုံးသပ်ပြီး ရေးရတဲ့ ဆောင်းပါးတွေကို ရေးတာဟာ ခေတ်သစ်စာအုပ်တွေကို မဖတ်ဘဲနဲ့ ရေးလို့ဖြစ်ပါ့မလား။ သူ ခန့်မှန်းတဲ့အတိုင်း ဖြစ်လာတယ်။ အဲဒါက တစ်ဖက်မှာ ရှေးဆန်တဲ့အပိုင်းဖြစ်ပြီး နောက်တစ်ဖက်မှာကျတော့ ခေတ်မီတဲ့ အပိုင်း၊ ခေတ်ကို သုံးသပ်တဲ့အပိုင်းကို ခွဲခြားပြီးပြောပြတာ ဖြစ်တယ်။

နောက် ဒီခေါင်းစဉ်ထဲမှာပဲ အကျုံးဝင်တာကို ပြောပြရဦးမယ်။ ဂျာနယ်ကျော် ဦးချစ်မောင်ဟာ နေတာထိုင်ရာ အင်မတန်ရိုးတယ်။ စကား ပြောချင်မှ ပြောတာ။ နေတာထိုင်တာလည်း ခပ်တည်တည်။ အပြင်ပန်းက ကြည့်လို့ရှိရင် အင်မတန် မာနကြီးတယ်လို့ ထင်ရတယ်။ ဒါပေမယ့် တစ်ဖက်သားအပေါ်မှာ အင်မတန် စိတ်ဝင်စားတဲ့ ပုဂ္ဂိုလ်တစ်ဦး ဖြစ်တယ်။ ကိုယ့်ကိုဘဲ စိတ်ဝင်စားတဲ့လူ။ တစ်ဖက်သားကို စိတ်ဝင်စားတဲ့ လူရယ်လို့ နှစ်မျိုးရှိတယ်။ တစ်ဖက်သားကို စိတ်ဝင်စားတဲ့လူ ပေါများတဲ့နိုင်ငံမှ တိုးတက်မှု ရှိတယ်။ ကိုယ့်အိမ်နီးနားချင်းက လူတွေ ရှိတယ်။ ကိုယ့်အပေါင်းအသင်းတွေ ရှိတယ်။ ကိုယ့်ရပ်ရွာက လူတွေ ရှိတယ်။ ကိုယ့်မြို့နယ်က ကိုယ့်တိုင်းပြည်ကလူတွေ ရှိတယ်။ အဲဒီလူတွေကိုလည်း ထည့်တွက်ရမယ်။ အဲလို ထည့်တွက်မှသာ လူဖြစ်ရကျိုးနပ်လိမ့်မယ်။ ဂျာနယ်ကျော် ဦးချစ်မောင်ကို ကြည့်လိုက်ရင် သူများတကာကို သိပ်စိတ်ဝင်စားတာ တွေ့ရလိမ့်မယ်။ အဲဒီလို စိတ်ဝင်စားတဲ့ သာဓကတွေ ရှိတယ်။ တစ်နေ့ကျတော့ ဦးချစ်မောင် ဘူတာကြီး သွားပြီးတော့ လူတွေ လူပ်ရှားသွားလာနေတာကို ထိုင်ကြည့်နေတယ်။ အဲဒီလိုကြည့်နေတုန်း ရထားတစ်စီး ဆိုက်လာတယ်။ ခရီးသည်တွေ ရထားက ဆင်းလာကြတယ်။ ခရီး

www.burmeseclassic.com

www.burmeseclassic.com

သည်တွေထဲက မိန်းမကြီးတစ်ယောက် ပစ္စည်းတွေ မနိုင်မနင်းနဲ့ အဖော်လည်း မပါဘူး။ ပစ္စည်းတွေ မနိုင်မနင်းနဲ့ ဆင်းလာတော့ ဂျာနယ်ကျော် ဦးချစ်မောင်က ကြည့်ပြီး မနေနိုင်တော့ဘူး။ မိန်းမကြီးကို အထုပ်အပိုးတွေ ကူသယ်ပေးတယ်။ မိန်းမကြီးက သူ့ကို ကူလီလို့ အောက်မေ့တယ်။

ဝတ်တာစားတာကလည်း လူအထင်ကြီးစရာ မဟုတ်ဘူး။ အရေးထဲမှာ ပစ္စည်းသယ်ပေးရင်း မျက်မှန်ကျွတ်ကျပြီး မှန်ကွဲသွားတယ်။ 'ကူလီသုံးယောက်' ဆိုပြီး ကျွန်တော် ဆောင်းပါးရေးဖူးတယ်။ ဒုတိယကူလီ ရှိသေးတယ်။ ဒုတိယကူလီက ဘယ်သူလဲဆိုတော့ ပညာဝန်ဦးဖိုးကျား၊ အမျိုးသား ပညာဝန်ဆိုတော့ နယ်လှည့်တယ်။ နယ်လှည့်ရင်း တွေ့တဲ့ အတွေ့အကြုံကို ကိုယ်တွေ့ဝတ္ထု ရေးတယ်။ အင်မတန် ကျော်ကြားတယ်။ ကောင်းတယ်။ ကျောင်းသုံးတွေ ဘာတွေတောင် ဖြစ်တယ်။ အဲဒီ ကိုယ်တွေ့ဝတ္ထုထဲမှာ 'အခမဲ့ကူလီထမ်းခြင်းအကျိုး' ဆိုတဲ့ဝတ္ထု ပါတယ်။ နယ်လှည့်ပြီး အမျိုးသားကျောင်းတွေ စစ်တဲ့အခါ ရန်ကုန်ကနေပြီး ရထားနဲ့သွားတယ်။ အဲဒီအခါ ရထားပေါ်မှာ တက္ကသိုလ်ကျောင်းသား၊ ကောလိပ်ကျောင်းသားပေါ့လေ။ သူဌေးသား တစ်ယောက်လည်း ပါသွားတယ်။ ရထား တစ်စီးတည်း။ ဘူတာ တစ်ဘူတာမှာ ရထားဆိုက်တော့ အဲဒီ တက္ကသိုလ်ကျောင်းသားက သူ့သားရေအိတ် သယ်ဖို့ ကူလီကြည့်တယ်။ ကူလီ ကြည့်မမြင်တော့ ဒေါပွသွားတယ်။ ငါလို တက္ကသိုလ်ကျောင်းသား၊ ကောလိပ်ကျောင်းသား ဒီနေ့ဒီအချိန် ဒီရထားမှာ ပါလာမယ် ဆိုတာ မသိကြဘူးလား။ အဲဒီလို ဒေါပွနေတုန်း ဦးဖိုးကျားက ပြောတယ်။ မောင် ဘာများ အခက်အခဲ ရှိနေလဲ။ ဒီမှာ ကူလီမရှိလို့ ခက်နေတယ်။ ဒီလက်ဆွဲသေတ္တာ သယ်သွားပါလား။ ဦးဖိုးကျားက ကောလိပ်ကျောင်းသားရဲ့ လက်ဆွဲသေတ္တာကို သယ်သွားတယ်။ အိမ်ရောက်သွားတော့ ကောလိပ်ကျောင်းသား မိဘတွေက 'ဟာ သားမှားပြီ၊ အမျိုးသား ပညာဝန် ဦးဖိုးကျားကို သားက ကူလီမှတ်လို့လား၊ ကန်တော့လိုက်'လို့ ပြောတယ်။ ကောလိပ်ကျောင်းသားလည်း အဲဒီနေ့ကစပြီးတော့ အကျွတ်တရား ရသွားတယ်။ ဒုတိယကူလီကလည်း ပထမကူလီလိုပဲ အမျိုးသား ပညာဝန် ကောလိပ် ပထမသပိတ်ခေါင်းဆောင် မျိုးချစ်ပုဂ္ဂိုလ်ကြီး။ စာရေးဆရာ ဂျာနယ်ကျော် ဦးချစ်မောင်လည်း ကူလီထမ်းမယ် ဆိုပေမယ့် သတင်းစာ အယ်ဒီတာ မျိုးချစ်ပုဂ္ဂိုလ်ကြီး ဝေလမင်းသား နန်းစွန့်တဲ့အခါတုန်းက အဖြစ်အပျက်တစ်ခု ပြောချင်းမယ်။

www.burmeseclassic.com

www.burmeseclassic.com

တစ်နေ့ မြန်မာ့အလင်း သတင်းစာမှာ ဝေလမင်းသား နန်းစွန့်ပြီဆိုတဲ့ သတင်း ပါလာတယ်။ မြန်မာပြည် ဘုရင်ခံ မျက်လုံးပြူးသွားပြီး သူတို့တောင် မသိ ရသေးတဲ့သတင်း မြန်မာ့အလင်းမှာ ဘာဖြစ်လို့ ပါလာရသလဲဆိုပြီး မြန်မာ့ အလင်းတာဝန်ခံ အယ်ဒီတာကို ဆင့်ခေါ်တယ်။ အဲဒီတုန်းက မြန်မာ့အလင်း အယ်ဒီတာက ဦးချစ်မောင်။ ဦးချစ်မောင်က ဘုရင်ခံရုံးခန်းထဲ ခုံဖိနပ်စီးပြီး ဝင်သွားတယ်။ ထိုင်စရာ ကုလားထိုင်မပေးလို့ သူ့ဘာသာသူ ကုလားထိုင် ဆွဲပြီး ထိုင်တယ်။ ဘုရင်ခံက သတင်းမှား ထည့်ရမလားဆိုပြီး ထောင်နဲ့ ခြိမ်းခြောက်တဲ့အတွက် ဘုတ်ပြီး ပြန်လာတယ်။

အဲဒီတုန်းက ဦးချစ်မောင်မှာ ဘုရင်ခံကို အန်တုစရာ အထောက်အထား ရှိနေတယ်။ ကာလကတ္တားရောက်နေတဲ့ ကိုသိန်းဖေက မြန်မာ့အလင်း သတင်း ထောက် တာဝန်လည်း ယူနေရတဲ့အတွက် အဲဒီနေ့က ကာလကတ္တားမှာ ထုတ် ဝေတဲ့ စတိတ်စမင်းသတင်းစာ ဖြတ်ပိုင်းကို မြန်မာ့အလင်းသတင်းစာတိုက် နေ့ချင်းရောက်အောင် ပို့လိုက်တယ်။ ဝေလမင်းသား နန်းစွန့်တဲ့ သတင်းပါတဲ့ ဖြတ်ပိုင်းပြစ်တယ်။ အဲဒီ ဖြတ်ပိုင်းထဲမှာပါတဲ့ ဝေလမင်းသား သတင်းကို ဦးချစ်မောင်က အချိန်မီ မြန်မာ့အလင်းမှာ ထည့်ပေးလိုက်ခြင်း ဖြစ်တယ်။ ကျွန်တော် ပြောချင်တာက ဦးချစ်မောင်ဟာ ကုလီထမ်းချင် ထမ်းပေမယ့် ဗြိတိသျှအစိုးရကိုတော့ နည်းနည်းကလေးမှ အလျှော့ပေးချင်တဲ့လူ မဟုတ် ဘူး။

တတိယ ကုလီအကြောင်း ပြောရဦးမယ်။ သူက အိန္ဒိယက ကုလီ။ ကာလကတ္တားက လောလိပ်စကွဲယားမှာ တတိယကုလီရဲ့ ကျောက်ရုပ်ထုလုပ် ထားတယ်။ ဗိဒျာဆာဂရဆိုတဲ့ မျိုးချစ်ပုဂ္ဂိုလ်ကြီးရဲ့ ကျောက်ရုပ်။ လွန်ခဲ့တဲ့ နှစ်တစ်ရာခန့်က ဗြိတိသျှအစိုးရကို အန်တုခဲ့တဲ့ အဲဒီပညာရှင် မျိုးချစ်ပုဂ္ဂိုလ် ကြီးလည်း ဦးဖိုးကျားလိုပဲ။ ဘဝင်မြင့်နေတဲ့ ကောလိပ်ကျောင်းသားရဲ့ သေတ္တာ ကို ကုလီထမ်းဖူးတယ်။ ဂျာနယ်ကျော် ဦးချစ်မောင်၊ အမျိုးသား ပညာဝန် ဦးဖိုးကျား၊ အိန္ဒိယက မျိုးချစ်ပညာရှင် ပုဂ္ဂိုလ်ကြီး ဗိဒျာဆာဂရ အဲဒီပုဂ္ဂိုလ် ကြီး သုံးဦးဟာ သူတစ်ပါးကျိုး ဆောင်ရွက်လိုတဲ့စိတ် ပြင်းပြတဲ့အတွက် မိမိတို့ ဂုဏ်သိက္ခာကို ပဓာနမထားဘဲ စွန့်လွှတ်ကြခြင်း ဖြစ်တယ်။ ကုလီထမ်းကြခြင်း ဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com

သုံးယောက်က ကူလီသာထမ်းတာ ဗြိတိသျှအစိုးရကိုတော့ နည်းနည်းလေးမှ အကျောမပေးကြဘူး။ ဦးချစ်မောင်လည်း အဲဒီအတိုင်းပဲ။ အခွင့်ရတိုင်း ရေးတယ်၊ ပြောတယ်။ အနေအေးပေမယ့် သူ့ရဲ့လုပ်ရပ်တွေက နိုင်ငံနဲ့ ပတ်သက်ပတ်သက်၊ အမျိုးနဲ့ ပတ်သက်ပတ်သက် နည်းနည်းလေးမှ ခေါင်းငုံ့ဖို့ စိတ်မကူးဘူး။ သူ နိုင်ငံရေးဆောင်ရွက်တာ သတင်းစာအယ်ဒီတာလုပ်တာ သူ့အတွက် လုပ်တာမှ မဟုတ်ဘဲ။

နောက်ပိုင်းကျတော့ နိုင်ငံရေးလောကထဲ ခြေစုံပစ်ဝင်လိုက်တယ်။ အဲဒါက ကျွန်တော်တို့ အင်္ဂလိပ်အစိုးရ တစ်ပတ်ပြန်ကျော့လာတဲ့အခါ မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ဖဆပလ အဖွဲ့အစည်းကြီး တည်ထောင်လိုက်တဲ့ အချိန်။ အဲဒီ အဖွဲ့အစည်းကြီးမှာ ဦးချစ်မောင် တကယ် ခေါင်းဆောင် တစ်ယောက် အဖြစ် ပါလာတယ်။ အဲဒီအချိန်မှာ ဖဆပလ ပြည်လုံးကျွတ် ညီလာခံကြီး ရွှေတိဂုံတောင်ဘက်မုခ် ကုန်းပေါ်မှာ ရက်ဆက်ကျင်းပတယ်။ လူတွေက ပွဲတော်ကြီး တစ်ခုလိုပဲ။ အကြီးအကျယ် အရေအတွက်လည်း များတယ်။ စိတ်လည်း တက်ကြွနေကြတယ်။ မိလိုက်တဲ့လူများ သိပါတယ်။ နောက်တစ်နှစ်လောက် ကြာတော့ ဦးချစ်မောင် ကွယ်လွန်သွားတယ်။ ဦးချစ်မောင် ကွယ်လွန်သွားတော့ ဗိုလ်ချုပ်အောင်ဆန်းက "ကျုပ်လက်ရုံးတစ်ဖက် ပြုတ်သွားပြီ" လို့ ဝမ်းနည်းပက်လက် ပြောရှာတယ်။ ဦးချစ်အောင် မရှိတော့ ဂျာနယ်ကျော်မမလေးက ဦးချစ်မောင် ပဲ့ကိုင်သွားတဲ့ ဂျာနယ်ကျော်နှင့် ပြည်သူ့ဟစ်တိုင်း သတင်းစာ လှေနှစ်ဖက်ကို ပဲ့ကိုင်လုပ်ပြီး တစ်ဖက်ကမ်းရောက်အောင် လှော်ခတ်နေတယ်။ ဒါပေမဲ့ လေပြင်းမုန်တိုင်း တိုက်လာလို့ လှေနာဝါကြီး ပင်လယ်ထဲမှာ စုန်းစုန်းမြုပ်သွားခဲ့ရတယ်။

ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်ပြီးနောက် ၁၉၄၇ ခုနှစ်လောက်မှာ ကျွန်တော် အိန္ဒိယ သွားတယ်။ အိန္ဒိယ မသွားခင် ဂျာနယ်ကျော်တိုက် သွားနှုတ်ဆက်တော့ ဂျာနယ်ကျော်တိုက်မှာ ဂျာနယ်ကျော်မမလေးကို မတွေ့ခဲ့ရဘူး။ ဘယ်သူတွေကို တွေ့လာသလဲဆိုတော့ ဦးစောဦးနဲ့ ဦးလှကြည်၊ အယ်ဒီတာတွေ။ အိန္ဒိယရောက်တဲ့ အခါကျတော့ ဂျာနယ်ကျော်ကို ဆက်သွယ်ပြီး ဆောင်းပါးတွေရေးတယ်။ ကျွန်တော့်ဆောင်းပါးတွေကို တော်တော်များများ ထည့်ပေးတယ်။ ဂျာနယ်ကျော်မမလေးနဲ့လည်း စာပေးစာယူ ရှိလာတယ်။

www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယမှာ ကျွန်တော် ရှိနေစဉ်အတွင်း ဂျာနယ်ကျော်ကို အပတ်စဉ် မှန်မှန် ပို့ပေးနေတယ်။ ကျွန်တော် အိန္ဒိယမှာ ရှိနေတဲ့ အချိန်အတွင်း ဂျာနယ်ကျော်မှာ ဇဝန အယ်ဒီတာ ဝင်လုပ်သေးတယ်။ အဲဒီအချိန်မှာလည်း ကျွန်တော့်ဆီ ဂျာနယ်ကျော် မှန်မှန်ရောက်နေတယ်။ အိန္ဒိယမှာ လေးငါးနှစ်နေပြီး မြန်မာ နိုင်ငံ ပြန်ရောက်လာမှ ဂျာနယ်ကျော်မမလေးနဲ့ ဆုံရတယ်။

၁၉၅၆ ခုနှစ်က ဒေလီမြို့မှာ အာရှစာရေးဆရာများ ညီလာခံကို ကျင်းပ တယ်။ ညီလာခံမကျင်းပမီ တစ်လလောက် ကြိုတင်ပြီးတော့ ညီလာခံ အတွင်း ရေးမှူး အဖွဲ့ဝင် ကိုယ်စားလှယ်အဖြစ်နဲ့ ဒေလီသွားပြီး နေရတယ်။ အဲဒီ တုန်းက အဖြစ်အပျက်လေးကို ပြောလိုက်ရဦးမယ်။ ကျွန်တော်က အရင်စော ပြီး ရောက်သွားတော့ မြန်မာနိုင်ငံက ညီလာခံတက်လာမယ့် ကိုယ်စားလှယ် စာရင်း ပေးရတယ်။ ကိုယ်စားလှယ် စာရင်းထဲမှာ ဂျာနယ်ကျော်မမလေးလည်း ပါတဲ့အတွက် စာရင်းထဲမှာ သူ့နာမည် ရေးပေးလိုက်တယ်။ ဒါပေမဲ့ ညီလာခံ မှာ ကိုယ်စားလှယ်စာရင်း ဖတ်ပြလိမ့်မယ်လို့လည်း မထင်တဲ့အတွက် ခပ်တို တို ရေးမယ်ဆိုပြီး ဂျာနယ်ကျော်မမလေးလို့ ရေးမပေးဘဲ ဒေါ်မမလေးလို့ ရေးပေးလိုက်တယ်။ ကျွန်တော် ရေးပေးလိုက်တဲ့ စာရင်းအတိုင်း ညီလာခံမှာ တစ်ယောက်က ထဖတ်ပြတယ်။ DAW မှာပါတဲ့ W ကို လက်နှိပ်စက် ရိုက်တဲ့လူက ပြောင်းပြန်ရိုက်လိုက်တော့ DAW ကနေ DAM ဖြစ်သွားတယ်။ စာဖတ်တဲ့ ပုဂ္ဂိုလ်ကလည်း မြန်မာနာမည် ဘယ်သိမလဲ။ ဂျာနယ်ကျော်မမလေး အချိန်ရောက်တော့ DAM MA MA LAY လို့ ဖတ်တယ်။ ဂျာနယ်ကျော် မမလေးကို လှမ်းကြည့်လိုက်တော့ မျက်နှာမည်းနေတယ်။ ကျွန်တော်လည်း မျက်နှာထားတတ်ဘူး။ ငါတော့ ဒီအခမ်းအနားမှာ သူ့နာမည်ဖျက်တဲ့လူ ဖြစ်သွားပြီ။ တစ်နည်းနည်းနဲ့ သူ့နာမည် အမှန်သိသွားအောင် လုပ်မှဖြစ်မယ် လို့ ဆုံးဖြတ်လိုက်တယ်။ ကံအားလျော်စွာပဲ အဲဒီအချိန်မှာ 'မုန်း၍မဟူ' ဝတ္ထု အမျိုးသားစာပေဆုရတဲ့ ကြေးနန်းစာ ရောက်လာတယ်။ ကျွန်တော်က အတွင်း ရေးမှူး အဖွဲ့ဝင် ဖြစ်နေတော့ ဂျာနယ်ကျော်မမလေး ကြေးနန်းစာ ကျွန်တော့် ကို လာပေးတယ်။ ကျွန်တော်ကတစ်ဆင့် ဒေါ်မမလေးကို ကြေးနန်းစာ ပေးရ တယ်။ ဒါပေမဲ့ လုပ်စရာတစ်ခုရှိလို့ဆိုပြီး ကျွန်တော် ကြေးနန်းစာ ပြန်ယူလာ တယ်။ ညီလာခံကြီးကို ဦးဆောင်ကျင်းပတဲ့ ဒေါက်တာအာနန်ဆိုတဲ့ အိန္ဒိယ ဝတ္ထုရေးဆရာကြီး ရှိတယ်။ ခုတောင် သက်ရှိထင်ရှား ရှိသေးတယ်။ အသက်

www.burmeseclassic.com

www.burmeseclassic.com

၉၀ ကျော်ပြီ။ သူအင်္ဂလိပ်လိုရေးတဲ့ ဝတ္ထုတွေဆိုလို့ရှိရင် ရုရှားဘာသာ၊ တရုတ်ဘာသာတွေနဲ့ အများကြီး ပြန်ထားတယ်။ အစည်းအဝေး လုပ်နေတဲ့အချိန်မှာ ဒေါက်တာ မုလက်အာနန်ကို ကြေးနန်းပေးပြီး အစည်းအဝေးမှာ ထဖတ်ပြပါလို့ ကျွန်တော်က ပြောလိုက်တယ်။ ဒါ ကျွန်တော်တို့ ညီလာခံရဲ့ ဂုဏ်ပဲတဲ့။ ထဖတ်ပြမယ်တဲ့။ ဒေါက်တာအာနန်က အစည်းအဝေး လုပ်နေတဲ့အချိန် ကြေးနန်း ထဖတ်ပြတယ်။ 'မုန်း၍မဟူ' ဝတ္ထုနဲ့ တစ်နှစ်အတွင်း အကောင်းဆုံး ဝတ္ထုဆု ချီးမြှင့်ခံရတဲ့ ပန်ချာပီအမျိုးသမီးလို ချောတဲ့ မြန်မာအမျိုးသမီး စာရေးဆရာမ မတ်တတ်ရပ်ပြပါလို့လည်း ပြောလိုက်တယ်။ ဂျာနယ်ကျော်မမလေး မတ်တတ်ရပ်ပြတော့ ညီလာခံ ခန်းမကြီးတစ်ခုလုံး ပွက်လောညံသွားအောင် သြဘာပေးကြတယ်။ ကျွန်တော် နည်းနည်း မျက်နှာကောင်း ရသွားတယ်။ ငါ နာမည်ဖျက်ထားတဲ့ ဂျာနယ်ကျော်မမလေးကို ငါ နာမည်တက်အောင် လုပ်လိုက်ရတယ်ဆိုပြီး ကျေနပ်သွားတယ်။ အဲဒီအရင်က ပန်ချာပီအမျိုးသား နာမည်ကျော် စာရေးဆရာ ဒေါက်တာအာနန်က ကျွန်တော့်ကိုတစ်ခါ၊ နှစ်ခါ ပြောဖူးတယ်။ ခင်ဗျားတို့ စာရေးဆရာ ကိုယ်စားလှယ်အဖွဲ့မှာ ပါလာတဲ့ အမျိုးသမီးဟာ ပန်ချာပီ အမျိုးသမီးလှလှ တစ်ယောက်လို တကယ် ရုပ်ဖြောင့်တယ်။ အဲဒီ အခမ်းအနားမှာ မတ်တတ်ရပ်ပြခိုင်းတော့လည်း ပန်ချာပီ အမျိုးသမီးနဲ့ တူတဲ့ မြန်မာအမျိုးသမီး စာရေးဆရာလို့လည်း ပြောတယ်။ ညီလာခံတက်လာတဲ့ ကိုယ်စားလှယ်တွေထဲမှာ အမျိုးသမီး ကိုယ်စားလှယ်ဆိုလို့ ဂျာနယ်ကျော်မမလေး တစ်ယောက်တည်းလိုလို ဖြစ်နေတယ်။ သူ့ Personality ကလည်း သိကြတဲ့အတိုင်း တကယ့်ကို ထင်ရှားနေတယ်။ အဲဒီတော့ လူတွေက သူ့ကို ဂရုစိုက်ကြတယ်။ အတွင်းရေးမှူး အဖွဲ့ဝင် ဂျပန်ပြည်က မစ္စတာ ဟောတကလည်း ပြောတယ်။ ခင်ဗျားတို့ စာရေးဆရာမက တယ်လှပါကလားတဲ့၊ Very Beautiful တဲ့။ သူ့တို့ပြောမှ ကျွန်တော်က ပြန်ပြီး သတိရတယ်။ ဒါကြောင့် ရသေ့ကြီး ဈာန်လျှောသွားတာကိုးလို့။

'မုန်း၍မဟူ' ဝတ္ထုအကြောင်း ဆက်ပြောရဦးမယ်။ ဂျာနယ်ကျော် မမလေးရဲ့ ဝတ္ထုတွေထဲမှာ 'မုန်း၍မဟူ' ဝတ္ထုဟာ အောင်လည်း အောင်မြင်တယ်။ ကောင်းလည်း ကောင်းတယ်။ Masterpiece လို့တောင် ဆိုလို့ရတယ်။ ယင်ကျေးမှုဆိုတာ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ စီးဆင်းသွားလာနေတယ်။ အဲဒီလို စီးဆင်းသွားလာနေတဲ့ နေရာမှာ အဆင်မချောလို့ရှိရင် ယဉ်ကျေးမှုနှစ်ခု ထိပ်တိုက်တွေ့

www.burmeseclassic.com

www.burmeseclassic.com

တတ်တယ်။ တွေ့တဲ့အခါမှာ ပေါက်ကွဲတာမျိုးတို့ မငြိမ်မိုးချုပ်းတာတို့ ဖြစ်တယ်။ 'မုန်း၍မဟူ'မှာ အနောက် ယဉ်ကျေးမှုနဲ့ မြန်မာ့ယဉ်ကျေးမှု တွေ့တဲ့အခါ အဆင်မပြေ ဖြစ်တာမျိုးကို ရေးပြထားတယ်။ တင်ပြပုံ ပိုင်တဲ့အတွက် 'မုန်း၍မဟူ'ကို အင်္ဂလိပ်လိုလည်း ဘာသာပြန်တယ်။ တရုတ်လိုလည်း ဘာသာပြန်တယ်။ ပြင်သစ်လိုလည်း ဘာသာပြန်တယ်။ ရုရှားလိုလည်း ဘာသာပြန်တယ်။ ဥဇဘက်ဘာသာနှင့်လည်း ပြန်တယ်။ အင်္ဂလိပ်လို ဘာသာပြန်တဲ့ 'Margeret Aung Thwin က ဝတ္ထုရေးဆရာနှင့် 'မုန်း၍မဟူ' ဝတ္ထုကို MA MA Lay (1917-1982) was modern Myanmar's foremost female author as well as tireless journalist with a vigorous intellect. She was a major participant in the creation of modern Myanmar's Literature. Her works were realistic treatments of serious cultural and social themes. Not Out of Hate should be of interest to Myanmar's specialist and to anyone in the fields of comprative literatre' လို့ ချီးကျူးထားတယ်။

ဂျာနယ်ကျော်မမလေးနဲ့ ဂျာနယ်ကျော် ဦးချစ်မောင် နှစ်ဦးစလုံး ဝတ္ထုရေးဆရာ ဖြစ်တယ်။ ဦးချစ်မောင်လည်း ဝတ္ထုတွေ ရေးသွားတယ်။ လူအများအကျိုးကို အာရုံစိုက်တဲ့ သူ့သဘောထား သူ့ဝတ္ထုတွေမှာ ပေါ်လွင်နေတယ်။ 'သူ' ဝတ္ထုထဲက အဓိကဇာတ်ဆောင်ဖြစ်တဲ့ ဒေါက်တာမြင့်မောင် ဆိုလို့ရှိရင် ဆရာဝန်အနေနဲ့ အများတကာအကျိုး သယ်ပိုးတယ်။ ဦးချစ်မောင် ကိုယ်တိုင်က ပရဟိတ အများတကာအကျိုး ဆောင်ရွက်ချင်တဲ့စိတ် ရှိတယ်။ ဝတ္ထုတိုတွေလည်း ရေးတယ်။ ဒါပေမဲ့ ဝတ္ထုကို ရှေးဟောင်းနဲ့ ခေတ်သစ် နယ်ခြားထားမယ်ဆိုရင် ဂျာနယ်ကျော်မမလေးက ဂျာနယ်ကျော် ဦးချစ်မောင်ကို ရှေးဟောင်းနယ်စပ်မှာ ထားခဲ့ပြီး ခေတ်သစ်နယ်ထဲ ဝင်လာတယ်လို့ ဆိုရလိမ့်မယ်။

ဂျာနယ်ကျော် ဦးချစ်မောင်ရဲ့ ဘဝမှာ စာပေဘဝနဲ့ သတင်းစာဘဝ နှစ်မျိုးရှိတဲ့အနက် သတင်းစာဘဝက ပိုပြီး တောက်ပြောင်တယ်။ သူ့သတင်းစာဘဝက လနှင့်တူတယ်ဆိုရင် သူ့စာပေဘဝက လမှာရံနေတဲ့ ကြယ်တာရာနဲ့ တူတယ်။ အဲဒါကြောင့် မြန်မာနိုင်ငံ သတင်းစာသမိုင်း သတင်းစာဆရာသမိုင်းမှာ မော်ကွန်းထိုးထားထိုက်တဲ့ပုဂ္ဂိုလ် ဖြစ်နေတယ်။

၁၉၈၀ ခုနှစ် ကျွန်တော် တတိယအကြိမ် အိန္ဒိယ ရောက်သွားတော့ အိန္ဒိယနိုင်ငံ ဗာရာဏသီမြို့ 'ပရက်စ်ကလပ်'ခေါ်တဲ့ သတင်းစာဆရာအသင်းမှာ

www.burmeseclassic.com

www.burmeseclassic.com

အိန္ဒိယသတင်းစာ ဆရာကြီး ပရာဒ်ကာ အထိမ်းအမှတ် ခန်းမဆောင်မှာ ကျွန်တော့်အတွက် ဂုဏ်ပြုနှည့်ခံပွဲ ကျင်းပပြုလုပ်တယ်။ အသင်းတိုက် အဝင်ဝမှာ ဗြိတိသျှအစိုးရကို အနိုင်မခံ အရှုံးမပေးခဲ့တဲ့ သတင်းစာဆရာကြီးရဲ့ ရုပ်တု ထုလုပ်ထားတာ တွေ့ခဲ့ရတယ်။

ပါရဂူ

မာနဝပုံရိပ်၊ ရန်ကုန်၊ စိတ်ကူးချီချီစာအုပ်၊ ၂၀၀၈ ခုနှစ်၊ ဒီဇင်ဘာလ။

www.burmeseclassic.com

ဆရာ ဂျာနယ်ကျော် ဦးချစ်မောင်သို့

ဆရာ–ခင်ဗျား...

လွန်ခဲ့တဲ့ နှစ်ပေါင်း ၇၀ ကျော်လောက်က ဂျာနယ်ကျော်မှာ ဆရာက မေးခွန်းတစ်ခု ထုတ်ခဲ့ပါတယ်။ အဲဒီ မေးခွန်းကတော့ ကမ္ဘာကြီး ပျက်စီးလုနီးပြီလော ဆိုတဲ့ မေးခွန်းပါ ခင်ဗျာ။

ကျွန်တော် အသက် ၁၉ နှစ်လောက်မှာ အဲဒီမေးခွန်းပါတဲ့ ဂျာနယ်ကျော်ကို ဖတ်ပြီး တကယ့်ကို တုန်လှုပ်သွားခဲ့ပါတယ်။ ကမ္ဘာပေါ်မှာ ရှိကြတဲ့ လက်နက်နိုင်ငံကြီးတွေရဲ့ သူပိုင်ဝါနိုင် အပြိုင်လုပြီး လူသတ်လက်နက်ကြီးတွေ ထုတ်လုပ်နေကြလေတော့ တစ်နေ့နေ့ ကြောက်မက်ဖွယ်ကောင်းတဲ့ လက်နက်တွေ ကိုင်စွဲပြီး စစ်ပွဲကြီးတွေ ဖြစ်လာရင် ကမ္ဘာကြီး ပျက်စီးသွားတော့မှာပါလား ဆိုတဲ့ အတွေးတွေ ဝင်လာမိခဲ့ပါတယ်။

သုံးလေးနှစ်အကြာမှာ ဒုတိယ ကမ္ဘာစစ်ကြီး ဖြစ်ပွားလို့ တိုက်ကြခိုက်ကြ သတ်ကြသေကြနဲ့ သန်းပေါင်းများစွာသော အသက်တွေ၊ စည်းစိမ်ဥစ္စာတွေ အများအပြား ဆုံးရှုံးပျက်စီးကုန်ပါတယ်။ ကမ္ဘာကြီးကတော့ ပျက်စီးမသွားသေးပါဘူး။ ဒါပေမဲ့ ကမ္ဘာကြီးကို ပျက်စီးသွားအောင် ဖျက်ဆီးနိုင်တဲ့ လက်နက်အဆန်း တစ်ခုတော့ ပေါ်လာခဲ့ပါတယ်။ အဲဒါက အဏုမြူဗုံး ဖြစ်ပါတယ်။

နှစ်ပေါင်း ၇၀ ကျော် ကြာမြင့်ခဲ့တဲ့ ယခုအချိန်မှာတော့ အဲဒီ အဏုမြူဗုံးတွေ နိုင်ငံတကာမှာ ရှိနေပါပြီ။ အဏုမြူဒုံးပျံ ဆိုတာတွေလည်း ကမ္ဘာမှာ ပလူပျံနေပါပြီ။ အဲဒီလက်နက်တွေ ကိုင်ပြီး တစ်ယောက်နဲ့တစ်ယောက် ကြိမ်းမောင်းဆူပူ ဒေါသအမျက်တွေ ထွက်နေကြတာကလည်း နားမဆန့်အောင်

www.burmeseclassic.com

www.burmeseclassic.com

ပါဘဲ။ တိုက်ကြခိုက်ကြ၊ ကိုယ့်ကိုယ်ကိုယ်လည်း သတ်၊ သူတကာတွေကိုလည်း အစုအပြုံလိုက် သေကျေပျက်စီးအောင် လုပ်နေကြတဲ့ အကြောင်းတွေကလည်း မကြားချင်မှအဆုံး ဖြစ်နေပါပြီ။ ကမ္ဘာပေါ်မှာ ရှိကြတဲ့ နိုင်ငံတော်တော်များများဟာ အဲဒီ လက်နက်မျိုးတွေ ထပ်တလဲလဲ ထုတ်ကြ၊ ဖြန့်ချိကြ၊ ရောင်းဝယ်ကြနဲ့ လောဘဒေါသတွေက တစ်ဆင့် သောကအပူမီးတွေ ဝေငှနေပါပြီ။ ဆရာခင်ဗျာ... လက်နက်မဲ့ နိုင်ငံငယ်လေးတွေကတော့ သူတို့သူတို့တစ်တွေ လုပ်ပုံကိုင်ပုံ၊ ပြောဆိုကြိမ်းမောင်းနေကြပုံတွေကို ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာ၊ ဂျာနယ်တွေထဲ ကြည့်ရင်း နားထောင်ရင်း စိုးရိမ်တကြီး ဖြစ်နေကြရတဲ့အတွက် ဆရာမေးထားတဲ့ ကမ္ဘာကြီး ပျက်စီးလုနီးပြီလော ဆိုတဲ့ မေးခွန်းကို ဒီအခြေအနေအတိုင်း ဆိုရင်တော့ နီးနေပါပြီ။ အတော့်ကို နီးကပ်နေပါပြီလို့ အဖြေပေးရတော့မှာပါ ဆရာခင်ဗျား။

တပည့် ဗိုလ်ကလေးတင့်အောင်

၇-၉-၂၀၁၁

❐

www.burmeseclassic.com

www.burmeseclassic.com

ကလောင်စစ်သားကြီး ဂျာနယ်ကျော် ဦးချစ်မောင်

စာရေးဆရာနဲ့ သတင်းစာဆရာ နှစ်ဦးစလုံးဟာ စာရေးခြင်း အတတ်ပညာနဲ့ အသက်မွေးကြသူများ ဖြစ်ကြတယ်။ စာရေးဆရာက လူသားများရဲ့ နှလုံးသားလိုအပ်ချက်ကို ဖြည့်ဆည်းဖို့ ရသစာပေတွေ ဖန်တီးရေးသားတယ်။

နှလုံးသားအတွက် ရေးသူ

သတင်းစာဆရာက လူတွေရဲ့ ဦးနှောက်လိုအပ်ချက်အတွက် လူသားတွေနဲ့ ပတ်သက်တဲ့ သတင်းတွေနဲ့ ရှင်းလင်းချက်တွေ သုံးသပ်ဝေဖန်ချက်တွေ ရေးသားတယ်။ စာရေးဆရာက တစ်နှစ်မှာ စာအုပ်နှစ်အုပ် သုံးအုပ် ရေးထုတ်နိုင်တဲ့အခါ ရှိသလို တစ်နှစ်လုံးနေလို့ စာတစ်ပုဒ်တောင် မရေးနိုင်တဲ့အခါတွေလည်း ရှိတယ်။ သတင်းစာဆရာကတော့ နေ့စဉ်မရေးမဖြစ် ရေးရတယ်။ လက်ထဲက ကလောင်ကို ချရတယ်လို့ မရှိအောင် ရေးနေရတယ်။ ဒါပေမယ့် သတင်းစာဆရာတွေကို သိပ်ရေးအားကောင်းတယ်၊ သိပ်ပြီး ကလောင်သွက်တယ်လို့ ပြောလေ့ပြောထ မရှိကြဘူး။

ခြားနားချက်

စာရေးဆရာ တစ်ယောက် တစ်နှစ်အတွင်း စာအုပ်နှစ်အုပ် သုံးအုပ် လောက် ရေးနိုင်ရင်တော့ ကလောင်သွက် (prolific) ဖြစ်တယ်။ ရေးအား သိပ်ကောင်း (productive) ဖြစ်တယ်လို့ ပြောဆိုသတ်မှတ်ကြတယ်။ စာရေးဆရာက ရေးနိုင်စွမ်း ရှိသလောက် ပိုက်ဆံရပေမယ့် သတင်းစာဆရာကတော့ ပုံသေလစာဝင်ငွေကလွဲပြီး ဘာမှ မရဘူး။ စာရေးဆရာက အရေးကောင်းရင် ကောင်းသလောက် ထင်ပေါ်ကျော်ကြားနိုင်တယ်။ နိုင်ငံနယ်နမိတ်ကို ကျော်လွှန်ပြီးတောင် ဂုဏ်သတင်း ပျံ့နှံ့သွားနိုင်တယ်။ သတင်းစာဆရာကတော့ ခေါင်လွန်

www.burmeseclassic.com

www.burmeseclassic.com

အလွန် ထူးချွန်သူ အနည်းငယ်လောက်ကလွဲရင် လူမသိသူမသိနဲ့ ခါးချည့်နေကြရသူတွေသာ များတယ်။

တစ်ရာတောင် ရှိပုံမလား

မြန်မာနိုင်ငံမှာ သတင်းစာစတင်ပေါ်ထွန်းခဲ့တာ နှစ်တစ်ရာကျော်ခဲ့ပြီဖြစ်တယ်။ ဒီနှစ်တစ်ရာကျော် အတွင်းမှာ တိုင်းသိပြည်သိ ထင်ရှားကျော်ကြားခဲ့သူ သတင်းစာဆရာ တစ်ရာပြည့်အောင် ရှိပုံမလားတောင် မဆိုနိုင်ဘူး။ တော်သူတတ်သူတွေတော့ မနည်းလှပါဘူး။ ဒါပေမယ့် အလုပ်ရဲ့ သဘာဝအလျောက် တော်တိုင်းတတ်တိုင်း တိုင်းကျော်ပြည်ကျော် ဖြစ်တာမဟုတ်ဘူး။ သတင်းသမားဆိုတာ သတင်းတွေရဲ့ နောက်ကွယ်က နေကြရတယ်။ လူတွေက သတင်းနဲ့ သတင်းဖန်တီးသူ (News Makers) တွေကိုသာ စောင့်ကြည့်ဖို့ စိတ်ဝင်စားတာ။ သတင်းကို စုစည်းတင်ပြပေးတဲ့ နောက်ကွယ်က သတင်းသမားတွေကို စိတ်ဝင်စားကြတာ မဟုတ်ဘူး။ စိတ်ဝင်စားဖို့လည်း လိုမှ မလို အပ်တာပဲ။

သြဇာညောင်းသူ

တိုင်းကျော်ပြည်ကျော်ဖြစ်ဖို့ ခက်ခဲပေမယ့် အလွန်အလွန် ထူးချွန်တဲ့ သတင်းစာဆရာကြီးတွေတော့ သာမန်ထင်ပေါ် ကျော်ကြားမှုမျိုးထက် ကျော်လွန်ပြီး တိုင်းပြည်အပေါ်မှာ အလွန်သြဇာညောင်းတဲ့ အဆင့်မျိုးထိ ရောက်သွားသူတွေလည်း ရှိပါတယ်။ အဲဒီလို ပုဂ္ဂိုလ်ထူးတွေထဲမှာ ဆရာဂျာနယ်ကျော် ဦးချစ်မောင် တစ်ယောက်လည်း ပါဝင်ပါတယ်။ ဆရာကလောင်၊ ဆရာအာဘော်ကို တိုင်းပြည်တစ်ခုလုံးက အလေးထားပြီး စောင့်ဖတ်ကြရတယ်။ နိုင်ငံရေးသမားတွေလည်း ကိစ္စတစ်ခု ပေါ်ပေါက်လာတဲ့ အခါတိုင်း ဆရာအမြင် ဆရာသဘောထားက ဘာလဲဆိုတာကို စောင့်ဖတ်ပြီးမှ သူတို့သဘောထားကို ထုတ်ဖော်ပြောကြားတဲ့အထိ ကလောင်သြဇာ ကြီးမားခဲ့တယ်။

အူကြောင်ကြောင် ပါမောက္ခကြီး

ဆရာအကြောင်း ရေးတဲ့ အမှတ်တရစာတွေ အများကြီးရှိတယ်။ ဆရာ့ကလောင်သြဇာ ဒါလောက်အထိ ကြီးမားတာ ဘာကြောင့်လဲ ဆိုတဲ့ အချက်

www.burmeseclassic.com

www.burmeseclassic.com

ကို ထင်ရှားအောင် မီးမောင်းထိုးပြနိုင်တဲ့စာ သိပ်မတွေ့ရဘူး။ ဆရာ့အကြောင်း ရေးတဲ့ စာတွေ အများစုက ဆရာသိပ်ရိုးတာ၊ သိပ်အားနာတတ်တာ၊ သိပ်သဘောကောင်းတာ စတဲ့ အချက်တွေပဲ ထောက်ပြနေကြတာများတယ်။ ဒီလိုရေးရာမှာတောင် တချို့က ကောက်ချက်တွေ အလွဲလွဲ အချော်ချော် ချတတ်ကြလို့ ဂျာနယ်ကျော် ဦးချစ်မောင်ဆိုတာ စိတ်ဝင်စားတဲ့အရာ တစ်ခုကလွဲပြီး တခြားဘာမှ မသိတဲ့ ခပ်အာ၊ ခပ်နံ့နံ့၊ ရယ်စရာကောင်းတဲ့ (absent-minded professor) ဆိုတာမျိုးလို အူကြောင်ကြောင် ပါမောက္ခကြီးတစ်ယောက် အဖြစ် မြင်သွားနိုင်ကြတယ်။

အလိုတော်ရိတွေကို ဆော်ချင်လို့

ဆရာဦးချစ်မောင်ဟာ အင်မတန် သိမ်မွေ့သူ၊ အလွန့်အလွန် အားနာတတ်သူ ဖြစ်တာ မှန်ပေမယ့် အားမနာရမယ့် နေရာတွေမှာတော့ အားမနာဘဲ ပြတ်ပြတ်သားသား ရေးသားဝေဖန်တတ်သူ ဖြစ်ပါတယ်။ နယ်ချဲ့သမားအပြင် သူတို့လက်သပ် မွေးထားတဲ့ အလိုတော်ရိ ဗျူရိုကရက်တွေကို မထောက်မညှာ ဝေဖန်ပါတယ်။ အားမနာပါဘူး။ နယ်ချဲ့သမားများရဲ့ အဓိက အုပ်ချုပ်ရေး ယန္တရားကြီးကို ဦးစီးနေတဲ့ ဘိလပ်ပြန်တွေနဲ့ ဗျူရိုကရက်တွေကို "ဆော်" ချင်လို့ သူ့ကိုယ်ပိုင် ဂျာနယ်ကျော်ကို တည်ထောင်ခဲ့တာလို့ သူ့တပည့်ရင်း ဖြစ်တဲ့ တိုးတက်ရေး ဦးအုန်းမြင့်က ပြောခဲ့ဖူးပါတယ်။

လူငယ်တွေ ဦးဆောင်လိမ့်မယ်

သူဟာ ဘာမှမသိတဲ့ အူကြောင်ကြောင် ပါမောက္ခမျိုး မဟုတ်ပါဘူး။ မြန်မာ့နိုင်ငံရေးကို သာမက ကမ္ဘာ့နိုင်ငံရေးကိုပါ ဇီးဖြူသီးကို လက်ဖဝါးပေါ်တင်ကြည့်သလို ရှင်းလင်းပြတ်သားစွာ သိသူဖြစ်ပါတယ်။ အနာဂတ် မြန်မာ့နိုင်ငံရေးမှာ လူငယ်တွေသာ ဦးဆောင်နေရာကနေပြီး လွတ်လပ်ရေးရအောင် ယူပေးနိုင်လိမ့်မယ်လို့ သဘောပေါက် နားလည်ခဲ့တယ်။ နားလည်တဲ့အလျောက် တက္ကသိုလ် ကျောင်းသားလူငယ်တွေကို မြန်မာ့အလင်း သတင်းစာတိုက်မှာ အယ်ဒီတာတွေ သတင်းထောက်တွေအဖြစ် ခေါ်ယူခန့်ထားပြီး ကူညီခဲ့တယ်။ သခင်သိန်းဖေ (သိန်းဖေမြင့်) သခင်လှဖေ (ဗိုလ်လက်ဝှာ) သခင်ဗဟိန်း၊ သခင်

www.burmeseclassic.com

www.burmeseclassic.com

စိုး၊ သခင်သန်းထွန်း၊ သခင်အောင်ဆန်း စတဲ့ လူငယ်တွေအားလုံးကို အားတက်သရော ထောက်ခံအားပေးခဲ့တယ်။

ကလောင်စစ်သား

နိုင်ငံ့အရေး ဆောင်ရွက်နေတဲ့ လူငယ်တွေကို ထောက်ခံအားပေးသလို သူကိုတ်တိုင်လည်း နိုင်ငံ့အရေးအတွက် ကလောင်လက်နက်နဲ့ မနားတမ်း တိုက်ပွဲဝင်ခဲ့တယ်။ ဒီလို တိုက်ပွဲဝင်တဲ့ နေရာမှာတော့ သူဟာ အားမနာပါဘူး။ တိုင်းပြည်မျက်နှာတစ်ခုက လွဲပြီး ဘယ်သူ့မျက်နှာမှ မကြည့်ပါဘူး။ တိုင်းပြည်အတွက် အရေးကြီးတဲ့ ကိစ္စရပ်တွေ ဖြစ်လာတဲ့ အချိန်မျိုးဆိုရင် သူဟာ မအိပ်မနေ အလုပ်တွေကို ဒလစပ် လုပ်နေလေ့ရှိတယ်။ ထမင်းစားဖို့တောင် မေ့တဲ့အခါ မေ့နေတတ်တယ်။ သူဟာ စာနယ်ဇင်းသမား လူငယ်တွေ အတူယူထိုက်တဲ့ 'ကလောင်စစ်သား' ကောင်းတစ်ယောက် ဖြစ်တယ်။

မှုန်ဝါးဝါးပုံရိပ်

ဆရာအကြောင်း ရေးတဲ့ စာတွေအများစုက ဆရာ့ကို လူရိုးကြီး ဂျာနယ်ကျော် ဦးချစ်မောင် အဖြစ်သာ အမှန်းတင်ကြတာ များတယ်။ တိုင်းပြည်အတွက် လိုအပ်လာတဲ့အခါတိုင်း အားမနာတမ်း ရဲရဲတောက် ကလောင်နဲ့ တိုက်ခိုက်ခဲ့တဲ့ 'ကလောင်စစ်သားကောင်းကြီး' ဦးချစ်မောင်ဆိုတဲ့ ပုံရိပ်က မှုန်ဝါးဝါး ဖြစ်နေတယ်။ သူ့ခေတ်သူ့အခါက သူရေးခဲ့သမျှ စာတွေကို ရှာဖွေဖော်ထုတ်ပြီး ခေတ်နောက်ခံ ကားချပ်နဲ့ ယှဉ်တွဲလေ့လာပြတဲ့ သုတေသနစာတမ်းတွေ ရေးသားနိုင်အောင် ကြိုးစားအားထုတ်ကြဖို့ ဒီခေတ်လူငယ် စာပေသုတေသီတွေကို တိုက်တွန်းနှိုးဆော်ရမှာပါပဲ။ သုတေသနအလုပ် ဆိုတာက အချိန်အား၊ လူအား၊ အများကြီး စိုက်ထုတ်ရတဲ့ အလုပ်မျိုးမို့ ငယ်ရွယ်သူများသာ လုပ်နိုင်ကြမှာ ဖြစ်ပါတယ်။

လူထုစိန်ဝင်း
1.10.201[illegible]

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်ရဲ့စံနမူနာပုဂ္ဂိုလ်

ပြီးခဲ့တဲ့ သြဂုတ်လထဲမှာ အမျိုးသားသတင်းဆု ကော်မတီ ဆိုတာကို ကျွန်တော်တို့ ဖွဲ့စည်းတည်ထောင်ခဲ့ကြပါတယ်။ ၂၀၁၁ ခုနှစ်အတွင်း အကောင်းဆုံးသတင်းဆုများကို ၂၀၁၂ ခုနှစ်ဆန်းပိုင်းမှာ ရွေးချယ်ချီးမြှင့်မယ်ဆိုတော့ သတင်းဆုများ ချီးမြှင့်မည့်အချိန်ဟာ မြန်မာနိုင်ငံရဲ့ အထင်ရှားဆုံး သတင်းစာဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင် (၁၉၁၂–၁၉၄၆) ရဲ့ မွေးနှစ် နှစ် ၁၀၀ ပြည့်ချိန်နဲ့ တိုက်ဆိုင်နေတာကို သတိထားမိပါတယ်။ အမျိုးသား သတင်းဆုကော်မတီမှာ ကျွန်တော်က သည်အကြောင်း ပြောပြတော့ အဖွဲ့ဝင်အားလုံး ဝမ်းမြောက်ဝမ်းသာ အသိအမှတ်ပြုကြပါတယ်။

ဂျာနယ်ကျော်မျိုးဆက်မှ မြေးဖြစ်သူ သီဟရတနာ ကိုသိမ်းစိုးက ဂျာနယ်ကျော် ဦးချစ်မောင် နှစ် ၁၀၀ ပြည့် အထိမ်းအမှတ်အဖြစ် ၎ အုပ်ထုတ်ဖို့ စီစဉ်နေပါတယ်။ စာအုပ်ထုတ်မယ်၊ ဂျာနယ်ကျော် စီးဆင်းမှုပြပွဲလည်း လုပ်ဦးမယ်ဆိုရင် ယနေ့ခေတ် စာနယ်ဇင်း မျိုးဆက်သစ်တွေအတွက် စိတ်ဝင်စားစရာ လေ့လာစရာတွေ အများကြီး တွေ့ရမှာပါ။

ကျွန်တော်ကတော့ ဂျာနယ်ကျော် ရာပြည့်အထိမ်းအမှတ် ပြဇာတ် တင်ဆက်ဖို့ အဆိုပြုထားပါတယ်။ ဂျာနယ်ကျော်မမလေးရဲ့ သူလိုလူစာအုပ်ကို ဖတ်ရင် ဂျာနယ်ကျော်ဦးချစ်မောင်ရဲ့ ဘဝအစိတ်အပိုင်းတွေထဲက အထူးခြားဆုံး ဖြစ်ရပ်နဲ့ လုပ်ဆောင်ချက်တွေကို ဇာတ်ညွှန်းခွဲပြီး ပြဇာတ်ရှည်ကြီး တစ်ခု

www.burmeseclassic.com

www.burmeseclassic.com

တင်ဆက်လို့ ရနိုင်တဲ့အကွက်တွေ အများကြီးတွေ့ရတယ်။ ကျွန်တော်က အမျိုးသား သတင်းဆုကော်မတီ အစည်းအဝေးမှာ အဲသလို ပြဇာတ်တင်ဆက်ဖို့ အဆိုပြုခဲ့ခြင်း ဖြစ်တယ်။ သို့ပေမယ့် အဲ့မျိုးက လက်တွေ့အကောင်အထည်ဖော်ဖို့ အခက်အခဲတွေ ရှိမယ်။ ကျွန်တော်တို့ ရေ့မျိုးဆက်တစ်ခုက စာရေးဆရာ သတင်းစာဆရာတွေ သူတို့ကိုယ်တိုင် ပါဝင်သရုပ်ဆောင်ပြီး နက်ရှင်နောင် ပြဇာတ်ကခဲ့ကြသလို တင်ဆက်ဖို့ ဒီနေ့ခေတ်မှာ မလွယ်တော့ဘူးလို့ ဆွေးနွေးသူတွေလည်း ရှိခဲ့ပါတယ်။ ရှင်းရှင်းပြောရင်ဖြင့် စာရေးဆရာ သတင်းစာဆရာတွေကိုယ်တိုင် သရုပ်ဆောင်ပြီး ကပြတာထက် ရုပ်ရှင်ဂီတ သဘင်ဘက်က အနုပညာသည်တွေကို အကူအညီတောင်းပြီး လုပ်မှ ဖြစ်မြောက်နိုင်မယ် ဆိုတာပါပဲ။

အရေးကြီးတာက ဂျာနယ်ကျော် ဦးချစ်မောင်ရဲ့ တိုင်းပြည်အတွက် ကျေးဇူးပြုခဲ့ပုံတွေကို ဇာတ်ညွှန်းခဲ့ပြီး ပြဇာတ်အဖြစ် တင်ဆက်နိုင်ဖို့ပါ။ ကျွန်တော်ကတော့ ခုထိ စိတ်ကူးယဉ်နေဆဲ ဖြစ်ပါတယ်။ တတ်နိုင်သူများ ပါဝင်ကူညီကြရင် ဖြစ်မြောက်သွားမှာပါ။

(၂)

ကျွန်တော် သတင်းစာဆရာဘဝကို အစွဲကြီးခဲ့တာဟာ ဂျာနယ်ကျော် ဦးချစ်မောင်ကို စံနမူနာပုဂ္ဂိုလ် (Role model) တစ်ယောက်အဖြစ် အတုယူခဲ့တာက စခဲ့တာ ဖြစ်ပါတယ်။ ကျွန်တော်တို့ခေတ်က အခြားသော လူငယ်များနည်းတူ ဆရာမကြီး ဂျာနယ်ကျော်မမလေးရဲ့ "သူလိုလူ"ကို လက်စွဲဖတ်စာစာအုပ်သဖွယ် ဖတ်ရှုရင်း အားကျစိတ်နဲ့ သတင်းစာဆရာ ဖြစ်ရမယ်လို့ ဘဝရည်မှန်းချက် သန္ဓိဋ္ဌာန် ချမှတ်ခဲ့ပါတယ်။

ကျွန်တော် အားကြိုးမာန်တက် ရေးသားပြုစုခဲ့တဲ့ "သတင်းစာပညာ၊ သဘောတရားနဲ့ လက်တွေ့"စာအုပ် (၂၀၀၅) ရဲ့ ကျမ်းပြီးနိဂုံးမှာ အောက်ပါအတိုင်း ရေးသားခဲ့ပါတယ်။

> ကျွန်တော် အသက် ၁၈ နှစ်သားလောက်မှာ တက္ကသိုလ် သတင်းထောက် စဖြစ်ခဲ့ပြီး အသက် ၂၀ အရွယ်မှာ အစိုးရလခစား သတင်းထောက် ဖြစ်ခဲ့ပါတယ်။ အသက် ၂၅ နှစ်မှာ အယ်ဒီတာဖြစ်ပြီး အသက် ၄၄ နှစ်မှာ အစိုးရလခစား သတင်းစာဆရာဘဝက အနားယူစား

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ခဲ့ပါတယ်။ ကျွန်တော် လူတစ်လုံး သူတစ်လုံး ဖြစ်လာခဲ့တာဟာ သတင်းစာ ကျေးဇူးကြောင့်ပါ။ မောင်ဝံသဆိုတဲ့ နာမည်တစ်လုံး ရခဲ့တာလည်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းတွေရဲ့ ကျေးဇူးကြောင့်လို့ စွဲမြဲခံယူထားပါတယ်။

ကျွန်တော် သတင်းစာသမား လုပ်ခဲ့တာဟာ တိုင်းပြည်နှင့် လူမျိုးအကျိုးစီးပွားကို သတင်းစာပညာနှင့် ထိထိရောက်ရောက် ဆောင်ရွက်နိုင်ကောင်းတယ် ဆိုတဲ့ ယုံကြည်ချက်နဲ့ လုပ်ခဲ့တာ ဖြစ်ပါတယ်။

ကျွန်တော်တို့က 'ဂျာနယ်ကျော် ဦးချစ်မောင်လေးတွေ' ဖြစ်ချင်ခဲ့တာ။ ဂျာနယ်ကျော် ဦးချစ်မောင်ကဲ့သို့ ထက်မြက်ထူးချွန်သူ ဖြစ်အောင် ကြိုးစားအားထုတ်မယ်၊ မိမိ သိထား တတ်ထား လေ့လာထားတဲ့ အသိပညာ ဗဟုသုတတွေကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ဖြန့်ဖြူးမယ်၊ အများနဲ့သက်ဆိုင်တဲ့ အကြောင်းကိစ္စတွေ ပေါ်ပေါက်လာရင် သတင်းသက်သက် ပေးရုံမျှမက ဘယ်ဟာကအမှား ဘယ်ဟာအမှန် ဆိုတာကို ဝေဖန်ထောက်ပြမယ်၊ သို့ဖြင့် ပြည်သူအများ နားမျက်စိပွင့်အောင် သတင်းစာပညာနှင့် စွမ်းဆောင်နိုင်ရမယ်လို့ ကြိုးဝါးပြီး သတင်းစာလောကထဲ ဝင်ခဲ့တာ ဖြစ်ပါတယ်။

ယခုထိလည်း ကျွန်တော်ရဲ့ သတင်းစာသမားအဖြစ် ခံယူချက်ဟာ ဂျာနယ်ကျော် ဦးချစ်မောင် ခံယူချက်အတိုင်းပဲ ဖြစ်ပါတယ်လို့ ထပ်မံ အတည်ပြုပါတယ်။

ဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်ရဲ့ အားကျလောက်တဲ့ ဂုဏ်ပုဒ်များကို စာရေးဆရာ မောင်ဇေယျာရေးတဲ့ "တိုင်းပြည်ပြု စာရေးဆရာ သတင်းစာဆရာ ဂျာနယ်ကျော် ဦးချစ်မောင်" ဆောင်းပါး (ပြည်သူ့ခေတ်ဂျာနယ်၊ တွဲ ၂ မှတ် ၆၅၊ ၂၀ အောက်တိုဘာ ၂၀၁၁) မှာ အောက်ပါအတိုင်း တွေ့ရပါတယ်။

ဂျပန်ခေတ် ဖက်ဆစ်တော်လှန်ရေးအတွက် ပြည်တွင်းပြည်ပ သတင်းစုဆောင်းရေး တာဝန်ခံ၊ စစ်ပြီး ဖဆပလ ဗဟိုဦးစီးအဖွဲ့ဝင်၊ လူပုဂ္ဂိုလ်အားဖြင့် အလွန်အားနာ၍ အမြဲအနစ်နာခံ ဆောင်ရွက်တတ်သူ၊ တိုင်းပြည်အကျိုးနှင့် ပတ်သက်လာလျှင်မူ အားနာမှု ကင်း၍ တင်းတင်းမာမာ ဆောင်ရွက်တတ်သူ၊ စာရိတ္တအရာတွင် သူလိုလားကို

www.burmeseclassic.com

www.burmeseclassic.com

မှတ်တမ်းတင်ခံရသူ၊ စာရေးဆရာ သတင်းစာဆရာတစ်ဦး အနေဖြင့် နိုင်ငံတော်၏ ဒုက္ခဝေဒနာများကို မိမိ အသိဉာဏ်ဖြင့် ကုစားသက် သာစေမည် ရည်ရွယ်၍ တစ်နေ့မပြတ် စာဖတ်ကာ နိုင်ငံရေး စီးပွား ရေး၊ လူမှုရေး၊ ပညာရေး၊ စာပေအနုပညာ၊ ရာဇဝင် ပညာအရပ်ရပ်ကို အင်္ဂလိပ် မြန်မာနှစ်ဘာသာဖြင့် ကျယ်ကျယ်ပြန့်ပြန့် နက်နက်ရှိုင်းရှိုင်း လေ့လာခဲ့သူ။

ဂျာနယ်ကျော် တင့်ဆွေရဲ့ ကလောင်စစ်သား

ဂျာနယ်ကျော် မမလေးရဲ့ သူလိုလူကို ဖတ်ပြီး ဂျာနယ်ကျော် ဦးချစ်မောင် အစွဲအလမ်းဟာ ကျွန်တော့်အသိစိတ်ထဲမှာ ရင့်သန်လာခဲ့ပါတယ်။ နောက် ဆရာ ဂျာနယ်ကျော် တင့်ဆွေရဲ့ "ကလောင်စစ်သား"ကို ဖတ်မိပြန်တော့ ပိုပြီး ခိုင်မာလာခဲ့ပါတယ်။ စာပေဗိမာန်က ထုတ်ဝေခဲ့တဲ့ "ကလောင်စစ်သား" စာအုပ်မှာ ဂျာနယ်ကျော် ဦးချစ်မောင်ရဲ့ သတင်းစာပညာဆိုင်ရာ ခံယူချက်နဲ့ အလုပ်လမ်းညွှန်တွေကို လေ့လာမှတ်သားနိုင်ပါတယ်။ သတင်းစာပညာ ဝါသနာ ကြီးသူများ ရှာဖွေဖတ်ရှုဖို့ ညွှန်းလိုက်ပါရစေ။

ဂျာနယ်ကျော် ဦးစောဦး

ကျွန်တော် သတင်းစာလောကကို စတင်ဝင်ရောက်တဲ့ ၁၉၆၄ ခုနှစ် လုပ်သားပြည်သူ့ နေ့စဉ်သတင်းစာမှာ စာရေးဆရာ ဂုဏ်ရောင်ခေါ် ဂျာနယ် ကျော် စောဦးခေါ် ဆရာ ဦးစောဦးကို စတင်တွေ့ရှိ သိကျွမ်းခဲ့ရပါတယ်။ ဆရာဦးစောဦး ဂုဏ်ရောင် ကလောင်နာမည်နဲ့ ရေးတဲ့စာတွေ အားလုံးနီးပါး ဖတ်ဖူးတယ်။ စောဦးကလောင်နဲ့ ရေးတဲ့ တစ်မိုးသောက်သော် ဝတ္ထုရှည်ကို လည်း ဖတ်ဖူးတယ်။ စာအရေးကောင်းတဲ့ စာရေးဆရာအဖြစ် သိခဲ့ရာက သတင်းစာတိုက်မှာ ကျွန်တော်တို့ဆီက ခေါင်ကြီးရေးတဲ့ အယ်ဒီတာ ဦးထိန်လင်း (အလံနီ ဒေါ်စောမြခင်ပွန်း)ရေးတဲ့ ခေါင်းကြီးတွေကို ဆရာဦးစောဦး တည်းဖြတ်သုတ်သင်တာကို မျက်ဝါးထင်ထင် တွေ့ရပါတယ်။ ဆရာဦးစောဦး က ထိုစဉ်က ပြန်ကြားရေးဝန်ကြီးဌာနရဲ့ ပေါ်လစီ ညွှန်ကြားရေးဝန် ဖြစ်ပါ တယ်။ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ တိုင်ပင်ဖော်တိုင်ပင်ဖက် ဖြစ်တယ်လို့လည်း သိရပါတယ်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးစောဦး မင်နီရဲနေအောင် တည်းဖြတ်ထားတဲ့ စာမူတွေကို ဦးထိန်လင်းက ကျွန်တော့်ကိုပြပြီး သူ ခေါင်းကြီးတွေကို ကောင်းကောင်း ရေးတတ်လာအောင် ဆရာဦးစောဦးက လက်တွေ့တည်းဖြတ်ပြီး သင်ပေးတာလို့ ရှင်းပြဖူးတယ်။ ကျွန်တော်က စာမူတွေကို သေချာဖတ်ကြည့်ပြီး "တော်လိုက်တာနော်၊ ဝါကျအရှည်ကြီးတွေကို ချုံ့ပစ်တာ၊ စာပိုဒ်တစ်ပိုဒ်လုံးကို ဝါကျတစ်ကြောင်းတည်းနဲ့ ပြင်ရေးလိုက်တာ၊ ထိမိတဲ့ စကားလုံးတွေ ပြင်ထည့်ပေးတာတွေဟာ လက်ဖျားခါလောက်ပါတယ်" လို့ ထုတ်ဖော်ချီးကျူးမိတော့ ဦးထိန်လင်းက "ဆရာ ဦးစောဦး တော်တာမဆန်းပါဘူး ကိုယ့်လူရယ်၊ ဂျာနယ်ကျော် ဦးချစ်မောင် တပည့်ရင်းလေ။ ဦးချစ်မောင် လက်ကျကို အနီးဆုံး လိုက်နိုင်တဲ့ တပည့်လို့တောင် ပြောကြတာ ကြားဖူးပါတယ်"လို့ ပြောပြပါတယ်။

တပည့်ရင်း သခင်အုန်းမြင့်

နောက်တစ်ယောက်ကတော့ တိုးတက်ရေး သခင်အုန်းမြင့်ခေါ် ကျော်လင်း ဦးအုန်းမြင့်။ သူလည်း ဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်ရဲ့ တပည့်ရင်း ခံပါပဲ။ ၂၇ မေ ၁၉၃၉ စနေနေ့မှာ မြန်မာလို ဂျာနယ်ကျော်၊ အင်္ဂလိပ်လို (The Weekly Thunderer) အတွဲ ၁ အမှတ် ၁ စတင်ထုတ်ဝေတော့ ထုတ်ဝေသူ အမည်က သခင်အုန်းမြင့်ပါ။ "ပိုင်ရှင် မတင်လှိုင်အတွက် မောင်အုန်းမြင့်က ထုတ်ဝေသည်"လို့ ဖော်ပြခဲ့ပါတယ်။ မတင်လှိုင်က ဂျာနယ်ကျော် မမလေးရဲ့ နာမည်ရင်း။ ဆရာကြီး ဦးချစ်မောင်က အဲဒီအချိန်မှာ မြန်မာ့အလင်းသတင်းစာကြီးရဲ့ တာဝန်ခံအယ်ဒီတာအဖြစ် တာဝန်ယူနေဆဲ ဖြစ်လို့မို့ တပည့်မောင်အုန်းမြင့်ကို နာမည်ခံခိုင်းတာပါ။

သခင်အုန်းမြင့်နဲ့ ကျွန်တော်ဟာ အပြင်မှာလည်း ခင်မင်ရင်းနှီး၊ နရသိန်မှာလည်း ဘဝတူတွေအဖြစ် ကာလအတန်ကြာ နေခဲ့ကြဖူးပါတယ်။ သူ့ဆီက ဆရာကြီး ဦးချစ်မောင် အကြောင်းတွေ အများကြီး နားထောင်ခဲ့ဖူးတယ်။ ဂျာနယ်ကျော် ဦးချစ်မောင်ရဲ့ ထူးခြားချက်က သူ့အကြောင်းကို များများသိလေ၊ ကြည်ညိုစရာတွေ များလာလေ ဖြစ်ပါတယ်။ သခင်အုန်းမြင့်က ဂျာနယ်ကျော် ဦးချစ်မောင်ကို ကြည်ညိုလိုက်ပုံများ သူ့ဆရာထက် တော်သူခေတ်ပြိုင်ထဲမှာ ဘယ်သူမှ မရှိဘူးလို့ ပြောတဲ့အထိပါ။ သတင်းစာပညာ တော်ရုံမက ရသစာပေ

www.burmeseclassic.com

www.burmeseclassic.com

ကိုလည်း ကောင်းကောင်းရေးနိုင်တယ်။ အကျင့်စာရိတ္တကလည်း ပြိုင်ဘက်ကင်း၊ တိုင်းပြည်ကို ချစ်တဲ့စိတ်ကတော့ သူ့ဆရာဟာ ရှေ့ဆုံးကပဲ၊ တိုင်းပြည်အရေးကလွဲလို့ တစ်ခြား ဘာမှမစဉ်းစားဘူးလို့ ပြောပါတယ်။ သခင်အုန်းမြင့် ပြောပြတာတွေကို နားထောင်ကောင်းကောင်းနဲ့ နားထောင်ထားလေကော့ ကျွန်တော်ဟာ ဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်အကြောင်းကို အတော်ကြီး စုံစုံလင်လင် သိနေခဲ့ပါတယ်။ သိလာတဲ့ အလျောက်လည်း အလွန်မှလေးစားကြည်ညိုခဲ့ပါတယ်။

ခြေရာနောက်ကလိုက်ခဲ့

ပုဂ္ဂိုလ်အရ ကြည်ညိုလေးစားလာတာနဲ့အတူ ကျွန်တော်ဟာ ဂျာနယ်ကျော် ဦးချစ်မောင်ရဲ့ ခြေရာနောက်က လိုက်ပါနိုင်အောင် ကြိုးစားဖို့ ခိုင်မာတဲ့ သန္နိဋ္ဌာန် ချခဲ့ပါတယ်။ ခြေရာနင်းနိုင်အောင် ကြိုးစားချင်ပေမယ့် ပါရမီပိုင်းဆိုင်ရာမှာ ဆရာကြီးကိုတော့ ကျွန်တော်တို့က လိုက်မမီနိုင်ဘူး ဆိုတာ သိထားပါတယ်။ မည်သို့ရှိစေ၊ အထက်မှာ ကျွန်တော် တင်ပြခဲ့သလိုပဲ 'ဂျာနယ်ကျော် ဦးချစ်မောင်လေးတွေ' ဖြစ်ချင်စိတ်နဲ့ ဂျာနယ်ကျော် ဦးချစ်မောင်ကဲ့သို့ ထက်မြက်ထူးချွန်သူ ဖြစ်အောင် ကြိုးစားအားထုတ်ခဲ့တာကတော့ အမှန်ပါ။ အဲသလို ဆရာကြီးကို ပန်းတိုင်ထားပြီး ကြိုးစားခဲ့တဲ့အတွက်လည်း ကျွန်တော့် သတင်းစာသမားဘဝမှာ အထိုက်အလျောက် အောင်မြင်ခဲ့တာလို့ ယူဆပါတယ်။

သတင်းစာသမားကောင်း တစ်ယောက်ဟာ ဖြစ်ရပ်တွေကို မှတ်တမ်းတင်တဲ့ အဆင့်နဲ့တင် ကျေနပ်မနေဘဲ အမှားအမှန် အဆိုးအကောင်းကို ပိုင်းခြားဝေဖန်ပြီး ပြည်သူတွေကို နှိုးပေးရမယ်ဆိုတဲ့ ဂျာနယ်ကျော် ခံယူချက်ကို ကျွန်တော်တို့ စွဲပိုက်နှလုံးသွင်းခဲ့ပါတယ်။

လိုက်၍ မမီနိုင်

သတင်းစာသမားဟာ အယ်ဒီတာကောင်း တစ်ယောက်အဖြစ် တာဝန်ကျေရုံမက စာအုပ်တွေပါ ရေးပြီး ပြည်သူတွေကို မျက်စိဖွင့်ပေးရမယ် ဆိုတာကိုလည်း ဂျာနယ်ကျော် ဦးချစ်မောင်ထံမှ ကျွန်တော် အတုယူခဲ့ပါတယ်။ "ကမ္ဘာကြီး ပျက်စီးလုနီးပြီလော" လို့၊ "နိုင်ငံတော်သစ်ဆီသို့" လို့၊ "ဂျာနယ်ကျော် ဦးချစ်မောင်၏ နေ့စဉ်မှတ်တမ်း" လို စာအုပ်မျိုးတွေကို ဆရာကြီး

www.burmeseclassic.com

www.burmeseclassic.com

ဦးချစ်မောင် ရေးခဲ့တာ ကျွန်တော် အလွန်အားကျပါတယ်။ ကျွန်တော် လုံးချင်း နိုင်ငံရေးစာအုပ်တွေ ရေးဖို့ ကြိုးစားခဲ့ခြင်းဟာ ဆရာကြီးရဲ့ လက်ရာများကို စံနမူနာထားပြီး ကြိုးစားခဲ့ခြင်းရဲ့ ရလာဒ်များပဲ ဖြစ်ပါတယ်။ နောက်ပိုင်းမှာ ကျွန်တော် လုံးချင်းစာအုပ်တွေ ရေးဖို့ စိတ်ပါလက်ပါ တိုက်တွန်းသူတစ်ဦးကတော့ ဟံသာဝတီ ဦးဝင်းတင် ဖြစ်ပါတယ်။ သူကလည်း အယ်ဒီတာဆိုတာ စာအုပ်တွေရေးနိုင်မှ နာမည်ကျန်မယ်၊ စာမရေးတဲ့ သတင်းစာသမားဟာ သတင်းစာအလုပ် မလုပ်တော့တာနဲ့ ပျောက်ကွယ်သွားတာပဲလို့ ပြောလေ့ရှိပြီး ကျွန်တော် စာအုပ်တွေ ဖြစ်အောင် ကြိုးစားအားထုတ်တာကို အမြဲအားပေးခဲ့ပါတယ်။

ကျွန်တော် စာအုပ်တွေ ဘယ်လောက်ပဲ ရေးရေး၊ ဂျာနယ်ကျော် ဦးချစ်မောင်ကို ကျွန်တော် လိုက်တုလို့ မရတာကတော့ 'သူ'လို ဝတ္ထုကြိုးမျိုးကို မရေးနိုင်ခဲ့တာပဲ ဖြစ်ပါတယ်။ ရွှေလင်းယုန် ကလောင်အမည်နဲ့ ဆရာကြီး ဦးချစ်မောင် ရေးခဲ့တဲ့ 'သူ'ဟာ ဂန္ဓဝင်မြောက် ရသဝတ္ထုရှည်ကြီး ဖြစ်ပါတယ်။ 'သူ' (၁၉၄၁) ထဲက အဓိကဇာတ်ကောင် ဆရာဝန် ကိုမြင့်မောင်ရဲ့ မြင့်မြတ်တဲ့ စိတ်နေစိတ်ထားဟာ လူငယ်တွေအတွက် ကာလမရွေး စံနမူနာကောင်း ဖြစ်နေပါတယ်။ စာရေးဆရာ ကိုယ်တိုင်ဟာ သူ့ဇာတ်ကောင် ကိုမြင့်မောင်လိုပဲ သူတစ်ပါးအကျိုးအတွက် မိမိဘဝကို အနစ်နာခံခဲ့တဲ့ ဖြစ်ရပ်တွေ အများကြီး ရှိခဲ့တယ်ဆိုတာ ဂျာနယ်ကျော်ဦးချစ်မောင်ကို သိမီခဲ့သူတိုင်းက တသသ ပြောကြပါတယ်။

သားဂျာနယ်ကျော်နှင့် ကျွန်တော်

ဂျာနယ်ကျော် ဦးချစ်မောင်ကို စံပြပုဂ္ဂိုလ်အဖြစ် အားကျကြည်ညိုခဲ့တဲ့ ကျွန်တော်ဟာ ရန်ကုန်တက္ကသိုလ်မှာ သားဂျာနယ်ကျော် ကိုမိုးဟိန်းနဲ့ လုပ်ဖော်ကိုင်ဖက် ရဲဘော်ရဲဘက် ဖြစ်လာခဲ့ပါတယ်။ ၁၉၆၂ ခု ဇူလိုင် ၇ ရက် အရေးအခင်း နောက်ပိုင်း ကျွန်တော်တို့တွေ လက်တွဲမိခဲ့ကြတယ်။ ကျွန်တော်က သဟာယနှင့် စာဖတ်အသင်းများ အဖွဲ့ချုပ် ကိုယ်စားလှယ်၊ ကိုမိုးဟိန်းနှင့် ခရမ်း ကိုတင်မောင်ဝင်းတို့က နေ့ကျောင်းသားများ အသင်းရဲ့ ကိုယ်စားလှယ်များအဖြစ် ရန်ကုန်တက္ကသိုလ် ကျောင်းသားအခွင့်အရေး ကာကွယ်မှု ကော်မတီကို ဖွဲ့စည်းလှုပ်ရှားခဲ့ကြတယ်။ တကသကို ချုပ်ချယ်ထားချိန်မှာ ကျွန်တော်တို့က ကျောင်းသားအခွင့်အရေး အရေးဆိုဖို့ စင်မြင့်တစ်ခု ထူထောင်ခဲ့ကြတာ

www.burmeseclassic.com

www.burmeseclassic.com

ပါ။ အဲဒီအချိန်ကာလကတည်းက ခင်မင် သံယောဇဉ်တွယ်ခဲ့ကြတဲ့ ကျွန်တော်တို့ဟာ မနှစ်က ကိုမိုးဟိန်း ကွယ်လွန်သွားချိန်အထိ အဆက်အဆံမပျက် နေထိုင်ခဲ့ကြပါတယ်။ ကြည်နူးစရာကောင်းတာက ကျွန်တော်တို့ နှစ်ယောက်ရဲ့ အပြန်အလှန် လေးစားမှုပါပဲ။ ကျွန်တော်က ကိုမိုးဟိန်းကို ကောင်းကွက်ချည်းပဲ မြင်သလို သူကလည်း ကျွန်တော့်ကို တစ်ခါမှ ဆိုးကွက် မမြင်ခဲ့ပါဘူး။ တစ်ယောက်ရေးတဲ့ စာကို တစ်ယောက်က မလွတ်တမ်းဖတ်သလို ဖတ်သမျှကိုလည်း အပြန်အလှန် ချီးကျူးကြပါတယ်။ သူကွယ်လွန်ခါနီး ရက်ပိုင်းအတွင်း နောက်ဆုံးအချိန်မှာ ကျွန်တော့်ဆီကို ဖုန်းဆက်ပြီး လည်ချောင်းကင်ဆာ ဝေဒနာကို သူရင်ဆိုင်တိုက်ပွဲဝင်နေတဲ့ အကြောင်း ရေးနေတဲ့ ဆောင်းပါးတွေထဲက နောက်ဆုံးဆောင်းပါးကို အတွေးအမြင် စာစောင်မှာ ထည့်ပေးဖို့ မေတ္တာရပ်ခံပါတယ်။ ကျွန်တော်က ထည့်ပေးပေမယ့် သူ မမြင်သွားရရှာပါဘူး။

၂၀၀၅ မှာ ကျွန်တော်ဂုဏ်ယူပြီး ရေးသားပြုစုခဲ့တဲ့ "သတင်းစာပညာ၊ သဘောတရားနှင့် လက်တွေ့" စာအုပ်မှာ အမှာစာရေးပေးဖို့ ကျွန်တော်က ကိုမိုးဟိန်းကို အပူကပ်တယ်။ ရှောင်ဖယ် ငြင်းဆန်နေပြီးမှ နောက်ဆုံး သူ ရေးပေးခဲ့ပါတယ်။ ကျွန်တော် အလွန်တန်ဖိုးထားတဲ့ သားကျာနယ်ကျော်ရဲ့ အဓိပ္ပာယ်ပြည့်ဝလှတဲ့ အမှာစာကို အလွမ်းပြေအဖြစ် ဖော်ပြပါရစေ။

ကျာနယ်လစ်ဇင်နှင့် ကျေသုံးကျေ

မိုးဟိန်း–သားကျာနယ်ကျော်

–၁–

"အမှာစာ ရေးပေးပါ"

ပတ်မကြီး တီးလိုက်လေရော့သလား။ စောစောက ချိုလေတဲ့ ချိုလေစကားရည်များသည်။ သတင်းစာပညာနှင့် ပတ်သက်ပြီး သူ ရေးသားစုဆောင်းခဲ့သမျှကို စာတစ်စောင် ပေတစ်ဖွဲ့ ထုတ်ဝေတော့မည် ဖြစ်ကြောင်း၊ သူ့ဘဝ ဖြတ်သန်းမှု၊ လေ့လာမှု၊ ဆန္ဒ၊ အာသီသတွေကို ယခုမှပဲ တလုံးတစည်း ဖော်ပြနိုင်ပြီ ဖြစ်ကြောင်း စသဖြင့် နိဒါန်း၊ စာကိုယ်တွေ ရှေ့ပြေးကာ နိဂုံးအနေဖြင့် အမှာစာ ရေးပေးဖို့ ကျွန်တော့်ကို ပြောပါတော့သည်။ ပြောမယ့် ပြောတော့ ကျွန်တော် ပြန်ခါနီးကျမှ ပြောလိုက်သည့်စကား။

www.burmeseclassic.com

"ဟာဗျာ၊ မရေးပါရစေနဲ့"လို့ ချက်ချင်း ကျွန်တော် ပြန်ပြောလိုက်ပါသည်။

သူ အသက် ၁၈ နှစ်သားလောက်မှာ တက္ကသိုလ်သတင်းထောက် စဖြစ်ခဲ့ပြီး ၂၀ မှာ အစိုးရလခစား သတင်းထောက်၊ ဒီနောက် ၂၅ မှာ အယ်ဒီတာ၊ ၄၄ မှာ သတင်းစာဆရာဘဝက အငြိမ်းစားဖြစ်ခဲ့၏။ တစ်နည်းပြောရလျှင် နှစ်ပေါင်းအစိတ်လောက် သူ သတင်းကမ္ဘာ၊ သတင်းကန္တာရကို ဖြတ်သန်းခဲ့ပေါ့။ သိမြင်သမျှ၊ တွေ့ကြုံသမျှတွေကို "သတင်းစာပညာ၊ သဘောတရားနှင့် လက်တွေ့" အမည်တပ်ပြီး သတင်းစာပူရဏ်ကျမ်းကြီး ထုတ်ဝေတော့မည်။ ကောင်းလေစွ။ သို့ပေမယ့် ဘာသတင်းထောက်၊ ဘာအယ်ဒီတာမှ မလုပ်ခဲ့ဖူးသည့် ကျွန်တော့်လို သာမန်စာဖတ်သူ၊ စာရေးသူတစ်ယောက်ကို အမှာ ရေးခိုင်းခြင်းကိစ္စမှာ နားမလည်နိုင်စရာ ဖြစ်နေသည်မို့ ကျွန်တော် ငြင်းလိုက်ပါသည်။ အင်တင်တင် ဖြစ်သွားသော ကျွန်တော့်ကို ကြည့်၍ သူက–

"ခင်ဗျားကို ရည်းစားထားတာမို့ ခင်ဗျားရေးပေးပါ။ နောက်ပြီး ကျွန်တော့် စာထဲမှာ 'ကျွန်တော်တို့က ဂျာနယ်ကျော် ဦးချစ်မောင်လေးတွေ ဖြစ်ချင်ခဲ့တာ၊ ဂျာနယ်ကျော် ဦးချစ်မောင်လို ထက်မြက်ထူးချွန်သူ ဖြစ်အောင် ကြိုးစားအားထုတ်မယ်၊ ကိုယ်သိထား၊ တတ်ထား၊ လေ့လာထားတဲ့ အသိပညာ ဗဟုသုတတွေကို ကျယ်ကျယ်ပြန့်ပြန့် ပြန်လည်ဖြန့်ဖြူးမယ်၊ အများနဲ့ သက်ဆိုင်တဲ့ အကြောင်းကိစ္စတွေ ပေါ်ပေါက်လာရင် သတင်းသက်သက် ပေးရုံမျှသာမက ဘယ်ဟာအမှား၊ ဘယ်ဟာအမှန် ဆိုတာကို ဝေဖန်ထောက်ပြမယ်။ ပြည်သူအများ နားမျက်စိပွင့်အောင် သတင်းစာပညာနှင့် စွမ်းဆောင်နိုင်ရမယ်လို့ ကြုံးဝါးပြီး သတင်းစာလောကထဲ ဝင်ခဲ့တာ ဖြစ်ပါတယ်'လို့ ထည့်ရေးထားတယ်ဗျာ"။

အလို၊ အဖေကို အလံထူပြီး သားဖြစ်သူကို တောင်းဆိုနေပါသကော။ ဘယ့်နယ်ရှိစ။ ခေါင်းထဲတွင် အကြံတစ်ခု ပေါ်လာသည်မို့ ပြောကြည့်မိသည်။

"ဒီလိုလုပ်ပါဗျာ၊ ကိုစိုး ဆန္ဒပြည့်အောင်၊ ပိုလည်းကောင်းအောင်၊ တစ်ယောက် နှစ်ယောက်ကို ရှေ့ကရေးပါစေ၊ ကျွန်တော်က နောက်က ရေးမယ်လေ"။ မရ။ သူက ခေါင်းခါပြီး "ခင်ဗျားပဲ ရေးစေချင်တယ်"တဲ့။ ယတိပြတ်ကြီးပါလား။ သည်လောက်ရိုမှတော့ ကျွန်တော့်စိတ်ထဲတွင်–

www.burmeseclassic.com

"ကိုင်း ရွာစားရေ၊ လွန်ခဲ့တဲ့ ၄၃ နှစ်တုန်းက သူနဲ့အတူ တက္ကသိလာမြက်ခင်းပြင်မှာ အတူ ခွဲခဲ့ဖူးပါကွယ်။ ခုလည်းပဲ ပြည့်မျက်လုံး၊ ပြည့်နှား၊ မယိမ်းမယိုင် စတုတ္ထမဏ္ဍိုင်လို့ ခေါ်ဝေါ်တင်စား သဘောထားကြတဲ့ ဂျာနယ်လစ်ဇင်း ကမ္ဘာကို သွားကြစို့လား"။

-၂-

သူ့အိမ်က ကျွန်တော် ဆင်းလာတော့ မီးပြတိုက်ကြီးတစ်ခု အာရုံမှာ ထင်းထင်းကြီး ပေါ်နေလေရဲ့။ လျှောက်နေသော လမ်းက ရေပြင်ဖြစ်သွား၊ ဘေးက တိုက်တာတွေက ကျွန်းဆွယ် ကျောက်ဆောင်၊ မောင်းနှင်နေသော ယာဉ်မှန်သမျှ သင်္ဘောကြီးငယ်၊ သွားသူလာသူအားလုံး အဏ္ဏဝါခရီးသည်၊ သမုဒ္ဒရာ ပင်လယ်ကြီး ဖြစ်သွားပါရော့လား။ ကျောက်ဆောင်တစ်ခုပေါ်မှာတော့ မီးပြတိုက်။

မောင်ချင်သမျှမောင်၊ အလင်းဆောင်မယ့် မီးပြတိုက်ကြီးရှိလျှင်၊ လွဲချင်သလောက်လွဲ၊ လမ်းတည့်ပေးမယ့် မီးပြတိုက်ကြီးရှိလျှင် မုန်တိုင်းကို ကျော်လွှား၊ လမ်းမှားကို ရှောင်လွှဲနိုင်သပေါ့။ မားမားမတ်မတ် ရပ်တည်နေမယ့် မီးပြတိုက်ကြီးသာ ရှိပါစေ။

ကျွန်တော့်အာရုံထဲမှ မီးပြတိုက်ကြီး၏ နေရာတွင် တစ်ခုသောအရာက အစားထိုးလိုက်သည်။ မီးပြတိုက်မှူး၏ နေရာတွင် တစ်ယောက်သောသူက နေရာယူလိုက်ပြီ။ ဆူဆူညံညံ စက်သံများနှင့် မင်လုံးများကြားမှ အဆက်မပြတ် ကျလာသော စာရွက်လွှာများ၊ ကလောင်ကိုင်ပြီး တကုပ်ကုပ် အလုပ်ရှုပ်နေသူ။ ဩော်... သတင်းစာနှင့် အယ်ဒီတာပါလား။ သတင်းစာက အမှောင်ခွင်ပြီး အလင်းဆောင်ပေးသည့် မီးပြတိုက်ကြီး။ အယ်ဒီတာက လမ်းပျောက်၊ လမ်းမှား၊ လမ်းလွဲနေသူတွေကို လမ်းမှန်ထည့်ပေးသူ။ မနုဿမီးပြတိုက်သို့ ဆိုထိုက်ပေစွ။

ကျွန်တော်၏ အတွေးနယ်ပယ်ထဲတွင် သတင်းစာနှင့် ပတ်သက်သည့် ဖတ်ဖူးမှတ်ဖူး၊ စွဲစွဲသသ ရှိခဲ့ဖူးသည့် အကြောင်းအရာများ ပေါ်လာပါသည်။ အကြောင်းအရာအချို့ကို တင်ပြရပါက အမှာအတွက် အထောက်အကူ ပြုတန်ရာ၏။ သတင်းစာ၏ အာနိသင်၊ သတင်းစာသမားတို့၏ ဘဝအနေအထားကို တခြားလူများ၏ သုံးသပ်ချက်ထက် ယင်းလောကတွင် ကျင်လည်ခဲ့သူတို့၏ သုံးသပ်ချက်က ပိုပြီး ထိထိမိမိ ရှိနိုင်ဘို့။ သို့ဆိုလျှင် မောင်ဝံသ အားကျမိ

www.burmeseclassic.com

သည့် သတင်းစာဆရာ ဂျာနယ်ကျော် ဦးချစ်မောင်၏ အမြင်နှင့်ပင် စလိုက်ချင်ပါရဲ့။

"သတင်းစာအလုပ်ဟာ အသိဉာဏ်ကြီးရုံတင် မပြီးသေးဘူး။ သတ္တိလည်း ရှိရတယ်" ဆိုသောစကား။ "အယ်ဒီတာဆိုတာ အကုန်နှံ့စပ်ရတယ်။ တိုင်းပြည် ကောင်းရာကောင်းကြောင်း ဖြစ်အောင် တိုင်းပြည်ပေါ်မှာ တိုင်းပြည်ဘက်ကနေပြီး အမှားအမှန် လမ်းမှန်ညွှန်ပြနေရတဲ့ အယ်ဒီတာဟာ အရည်အချင်းညံ့လို့ မဖြစ်နိုင်ဘူး"ဟု ရှင်းပြခဲ့သော ဂျာနယ်ကျော် ဦးချစ်မောင်၏ စကားတို့မှာလည်း သတင်းစာဆရာ အယ်ဒီတာတို့ ရှိရမည့် အရည်အချင်းများပင် မဟုတ်ပါလား။

သတင်းစာ၏ သဘောသဘာဝနှင့် အယ်ဒီတာတို့၏ အရည်အချင်းကို ထောက်ပြရုံမက သတင်းစာဖတ်သူတို့၏ ထင်မြင်ယူဆချက်ကိုပါ ဂျာနယ်ကျော် ဦးချစ်မောင်က ဖော်ပြခဲ့ပါသေးသည်။ အိမ်ထောင်မကျခင်၊ ဂျာနယ်ကျော် မမလေးထံ အင်္ဂလိပ်ဘာသာဖြင့် ရေးသားပေးပို့သော စာများအနက် ဂျာနယ်ကျော် ဦးချစ်မောင်၏ ကောက်နှုတ်ချက်တစ်ခုတွင် သတင်းစာဖတ်သူများ၏ အမြင်ကို ကွက်ကွက်ကွင်းကွင်း ရေးထားလေပါ့။ (သူလိုလူ၊ အခန်း ၂၁၊ မြန်မာဘာသာပြန်)

"သတင်းစာဖတ်သူများ၏ စိတ်တွင် သတင်းစာအလုပ်ကို ၎င်းတို့သာဝင်ရောက်လုပ်ကိုင်ရပါက ယခုလက်ရှိ လက်တွေ့လုပ်ကိုင်နေကြသူများထက် အဆရာထောင်မက သာလွန်ကောင်းမွန်အောင် လုပ်နိုင်လိမ့်မည်ဟု ထင်တတ်ကြမြဲဖြစ်၍ ဤအထင်မှာ ရိုးရိုးပင် နေချေပြီ။ ထိုသူများမှာ ၎င်းတို့၏ အထင်အမြင် ထင်မြင်ချက်ကို မျိုသိပ်၍ ထားနိုင်သည်အထိ နှိမ့်ချတတ်သူများလည်း မဟုတ်ကြပေ။ နေ့စဉ် သတင်းစာတစ်စောင်ကို ပိုက်ဆံတစ်ပြားမျှ ဖြစ်စေပေး၍ ဝယ်ရသူတိုင်း၏ စိတ်တွင် ထိုသတင်းစာကို ပြစ်တင်ဆဲရေးရန်ပါပေးလိုက်သည်ဟု ယူဆရုံမျှမက ပြစ်တင်ဆဲရေးမှကိုလည်း ပြုကြလေသည်။ သတင်းစာဖတ်သူများထဲမှ သတင်းစာနှင့် ပတ်သက်၍ မည်သည့်ထင်မြင်ချက်ကိုမှ မကြားရခြင်းသည်ပင်လျှင် ထိုသတင်းစာကို အထူးခြားဆုံး အမြတ်ဆုံးသော (၀၀) ထူးထူးခြားခြားကြီး ချီးကျူးသမှုကို ပြုကြခြင်းပင် ဖြစ်တော့သည်ဟု အယ်ဒီတာတိုင်းက ယူဆကြသည်။ သတင်းစာဖတ်သူသည် သတင်းစာတွင်ပါသော အယ်ဒီတာ့ မှတ်ချက်နှင့် အရေးအသားများကို နှစ်ခြိုက်သဘောကျ

www.burmeseclassic.com

www.burmeseclassic.com

သည်ဖြစ်အံ့။ ထိုသူသည် တစ်စုံတစ်ခုသော ထင်မြင်ချက်ကိုမှ မပြုဘဲ ဆိတ်ဆိတ်နေသည်သာလျှင် ဖြစ်တော့၏။ သို့သော် အယ်ဒီတာ၏ အချိန်မီ အပူတပြင်း ထင်မြင်ရေးသားချက်များနှင့် ပတ်သက်၍ အနည်းငယ်မျှကလေးကို ဖြစ်စေ၊ တစ်ကြောင်း တစ်စက်ကလေးကို ဖြစ်စေ ၎င်းတို့၏ စိတ်ကြိုက်နှင့် မတွေ့သည်ဖြစ်အံ့။ ထိုအယ်ဒီတာမှာ (မင်များဖြင့် အပက်ခံရသကဲ့သို့) မင်အိုးနှင့် ဝိုင်းပေါက်ကြမည့်ဆဲစာ၊ အပြစ်တင်စာများဖြင့် ချက်ချင်း လက်ငင်း ကြုံတွေ့ရတော့မည်သာ ဖြစ်သည်ကို အသင့်ပြင်နေကြရပေမည်။"

ဗွေဆော်ဦးအနေဖြင့် ဂျာနယ်ကျော် ဦးချစ်မောင်၏ သတင်းစာဆိုင်ရာ အမြင်နှင့် သုံးသပ်ချက်တို့ကို ရှည်ရှည်ဝေးဝေး ရေးပြနေရသည်မှာ ဂျာနယ်ကျော် ဦးချစ်မောင်ကို အားကျပြီး သတင်းစာလောက၊ စာပေလောကထဲ ခြေစုံပစ်ဝင်လာသူများ၏ ဖွင့်ဟသံများကို ကြားမိသည်က တစ်ကြောင်း၊ သားတစ်ယောက်အနေဖြင့် မိမိကိုယ်တိုင်က ထပ်ဆင့်မှတ်တမ်းတင်ထားလို၍ တစ်ကြောင်း ဖော်ပြနေခြင်း ဖြစ်ပါသည်။ နောက်တစ်ယောက်၏ အမြင်ကို ဆက်ပါဦးမည်။ သူကတော့ နိုင်ငံခြားသား၊ ကမ္ဘာကျော် အင်္ဂလိပ်စာရေးဆရာ တစ်ယောက်ပါ။

-၃-

"The Fourth Estate"၊ မှတ်မှတ်သားသား စာအုပ်တစ်အုပ်ဟု ဆိုရပါမည်။

အထင်ကရ သတင်းစာတိုက်ကြီးနှစ်ခု၏ မီးကုန်ယမ်းကုန်ပြိုင်ပွဲ၊ ထိုးနှက်ပွဲကို အခြေခံထားကာ သတင်းစာ ယန္တရားနှင့် သတင်းသမားတို့၏ ဘဝကို ထောင့်စုံ ဖော်ပြထားသည့် Jeffery Archer ၏ ၁၉၇၇ ခုနှစ်ထုတ် နံပါတ်တစ် အရောင်းရဆုံး စာအုပ်။ ဇာတ်လမ်းမစမီ ရှေ့ပြေးစာမျက်နှာအဖြစ် သီးသီးသန့်သန့် ထူးထူးခြားခြား ရေးသားထားသော စာရေးဆရာ၏ မှတ်စုတိုတစ်ခု။ ဤသည်ပင်လျှင် သူဝတ္ထုကြီး၏ ပန္နက်၊ သတင်းစာ၏ အခရာကျမှုပါလား။

၁၇၈၉ ခု မေလတွင် ဘုရင်မင်းမြတ် လူဝီ (၁၄)က ဗာလေးလ်မြို့မှာ ညီလာခံကြီး တစ်ခု ကျင်းပဖို့ နယ်မြေစုံမှ တက်ခရောက်ရန်

www.burmeseclassic.com

www.burmeseclassic.com

ဆင့်ခေါ်လိုက်ပါသည်။ ညီလာခံတွင် ပါဝင်တက်ရောက်သော အလွှာသုံးခုအနက် ပထမတန်း အလွှာတွင် မှူးမတ် ၃၀၀၊ ဒုတိယတန်း အလွှာတွင် ခရစ်ယာန် ဘုန်းတော်ကြီး ၃၀၀၊ တတိယတန်း အလွှာတွင် သာမန်ပြည်သူ ၆၀၀။

နှစ်အနည်းငယ်ကြာ ပြင်သစ်တော်လှန်ရေး ဖြစ်ပွားပြီးနောက် အင်္ဂလန်ပြည် အောက်လွတ်တော်ရှိ သတင်းစာသမားများအတွက် သတ်မှတ်ပေးထားသည့် အပေါ်ထပ် စင်ကို မော့ကြည့်ရင်း ပြောလိုက်သော စကားက–

"ဟောဟိုမှာ ထိုင်နေတာ၊ စတုတ္ထအလွှာပဲ။ အလွှာအားလုံးထက် ပိုအရေးပါတဲ့ လူတွေပေါ့"

–၄–

သတင်းစာနှင့် ပတ်သက်ပြီး ကြုံဝါးသွားခဲ့ဖူးသော တစ်ယောက်သော သူ၏ စကားကိုလည်း ကျွန်တော် စွဲစွဲသသ အမှတ်ရနေပါသည်။ သူကတော့ အမေရိကန်သမ္မတ ဖြစ်ခဲ့သူ Thomas Jefferson ပါ။ သူ့ရဲ့ ဆန္ဒကို ဟစ်ကြွေးလိုက်ပုံက–

"Let me make the newspaper of a country. I don't care who makes its laws" (ပြည်ဥပဒေ ဘယ်သူပြုပြု ကျွန်ုပ်မမှု၊ သတင်းစာတစ်ခုကိုသာ လုပ်လိုပါ၏) "တယ်ဆိုတဲ့ စာပါလား"လို့ ပြောစရာပါ။ ဆန္ဒကို (သတင်းစာကို) အဓိက ထားနေခြင်းမှာ သတင်းစာ၏ အာနိသင်၊ တန်ဖိုးကို မြင့်တင်ထုတ်ဖော်သလို ဖြစ်နေပါသည်။ အပြောကောင်းသလောက် အနည်းငယ် စောင်းသွားလေသလားလို့။ ကျွန်တော့်အမြင်ကို တင်ပြပါရစေ။

နိုင်ငံတစ်ခုတွင် အခြေခံဥပဒေ မရှိပါက ဟဒယကင်းမဲ့သော ခန္ဓာကိုယ်နှင့် သွားတူပါမည်။ ခန္ဓာကိုယ်ကြီး ရှင်သန်ရပ်တည်ဖို့အတွက် မှန်ကန်စွာ သွေးလည်ပတ်မှု ရှိရန် ဟဒယ၏ ကဏ္ဍက လွန်စွာ အရေးကြီးသလို နိုင်ငံတော်ကြီး ကောင်းမွန်စွာ အဓွန့်ရှည်တည်တံ့ရန် အခြေခံဥပဒေကောင်း ရှိဖို့ ထပ်တူ အရေးကြီးပါ၏။

အလားတူစွာ နိုင်ငံတစ်ခုတွင် သတင်းစာမရှိပါက စက္ခုမြင်ကွင်း ကင်းနေသော ခန္ဓာကိုယ်နှင့် တူသွားပါမည်။ အရာရာကို မြင်နိုင်ပါမှ သွားနိုင်လာနိုင်၊

www.burmeseclassic.com

www.burmeseclassic.com

လုပ်နိုင်ကိုင်နိုင်၊ သုံးသပ်နိုင်မည်။ နိုင်ငံတော်၏ အရေးမှန်သမျှကို မှန်ကန်စွာ ရှုမြင်သုံးသပ်နိုင်အောင် ညွှန်ပြနိုင်သည့် 'ပြည့်မျက်လုံး'ခေါ် သတင်းစာကောင်း တစ်ခု ရှိဖို့ လွန်စွာ လိုအပ်လှပါ၏။ သို့မှသာ နိုင်ငံတော်သည် မတိမ်းမစောင်း လမ်းကောင်းပေါ်တွင် ရှိနေမည်။

ဥပဒေနှင့် သတင်းစာတို့၏ မရှိမဖြစ် အနေအထားကို သဘောပေါက်မိကြသလို ဥပဒေနှင့် သတင်းစာတို့ ဟန်ချက်ညီညီ အကျိုးပြုနိုင်မှုကိုပါ ရှေ့ရှုရပါမည်။ အများပြည်သူ၏ ဆန္ဒနှင့်အညီ နိုင်ငံတော်ကြီးကို တရားမျှတ လွတ်လပ်ခြင်းနှင့်မသွေ တိုးပြည်ဖြစ်နေအောင် ဥပဒေများ ချမှတ်ပြီး တစ်ဖက်မှ ဆောင်ရွက်ပေးရန် လိုသလို၊ လောကပါလ တရားများဟု ဆိုရမည့် တရား၊ မျှတ၊ လွတ်လပ်ခြင်းများ ရှိ၊ မရှိကို သတင်းစာက အစဉ်ဆန်းစစ်နေဖို့ လိုအပ်ပေစွ။ မျက်လုံးနှစ်စုံ၊ နားနှစ်ဖက်၊ လက်နှစ်ဖက်၊ ခြေနှစ်ဖက်တို့ကို အားပြုပြီး ရပ်တည်လှုပ်ရှားနေရသလို၊ နိုင်ငံတော်ကြီးသည် ဥပဒေနှင့် သတင်းစာတို့၏ ဟန်ချက်ညီစွာ ပံ့ပိုးမှုကို ရရှိနေပါက သြော် အလွန်ကောင်းလေစွ။

မစ္စတာဂျက်ဖာဆင်၏ သတင်းစာနှင့် ပတ်သက်သော ဆန္ဒပြင်းပြမှုကို သဘောကျရင်း လိုအပ်သည့်အပိုင်းကိုပါ ဖြည့်စွက်လိုက်ပါသည်။

-၅-

Journalism... ဂျာနယ်ဇင်းခေါ် သတင်းပညာ၊ သတင်းစာနှင့် ပတ်သက်ပြီး Journal Kyaw U Chit Maung, Jeffery Archer, Thomas Jefferson (ကျော်သုံးကျေ)တို့၏ သုံးသပ်ချက်နှင့် အာဘော်တို့ကို တစေ့တစောင်း ထပ်လောင်း၍ တင်ပြလိုက်ပါပြီ။ အလွန်ကျယ်ပြန့် နက်ရှိုင်းသော ဘာသာရပ်တစ်ခုကို ဆရာမောင်ဝံသစာအုပ် အမှာစာအတွက် အကျဉ်းချုံးပြီး တင်ပြရသည်ကို ခွင့်လွှတ်ရန် တောင်းပန်ပါသည်။ မိတ်ဆွေကြီး မောင်ဝံသကို ပြောလိုသည်က-

ရောင်းရင်းရဲ့စာမှာ "ကျွန်တော့်အပေါ် ကျေးဇူးကြီးမားခဲ့တဲ့ သတင်းစာလောကကို ကျွန်တော် တတ်စွမ်းသလောက် ကျေးဇူးတုံ့ပြန်ချင်တဲ့စိတ် ဖြစ်ပေါ်နေခဲ့တာ အတော်ကြာပါပြီ။ ဘယ်လို ကျေးဇူးတုံ့ပြန်ချင်သလဲ ဆိုတော့ အနာဂတ် သတင်းစာလောကမှာ ကျွန်တော်တို့ထက် သာလွန်ထူးချွန်တဲ့ သတင်းစာဆရာ မျိုးဆက်သစ်တွေ ပေါ်ပေါက်လာဖို့ အထောက်အကူ ပြုနိုင်မယ့်

www.burmeseclassic.com

သတင်းစာပညာ အဖွင့်စာအုပ်တစ်အုပ် ရေးသားခြင်းဖြင့် ကျေးဇူးတုံ့ပြန်ချင်တာ ဖြစ်ပါတယ်"လို့ ရေးထားပါသည်။

ထို့အပြင် ရောင်းရင်းက "ဤစာစု ရေးသားပြီးမြောက်ခဲ့တာကို ကုသိုလ်ကောင်းမှု တစ်ခု ပြုပြီးသွားသကဲ့သို့ ကျွန်တော်က ယူဆပါတယ်" ဟု ရေးထားသေး။ ကောင်းလိုက်လေဗျာ။ ရောင်းရင်း၏ ဆုတောင်း ပြည့်ဝပါစေ။ ရှေးအခါသမယ၊ ဘိုးဝဇီရာကစပြီး မြန်မာ့သတင်းစာ သမိုင်းမှာ သစ္စာ၊ သိက္ခာ၊ သဘာ၊ သတ္တိနှင့် ရပ်တည်ခဲ့ကြသည့် သတင်းစာဆရာများ ပေါ်ပေါက်ခဲ့သလို နောက်နောင်မှာလည်း သစ္စာ၊ သိက္ခာ၊ သဘာ၊ သတ္တိတို့နှင့် ရပ်တည်နိုင်မည့် သတင်းစာဆရာများ ဆက်ပေါ်လာပါစေ။

အမှာ၏ အရှေ့ပိုင်းတွင် မီးပြတိုက်ကြီးအကြောင်း ကျွန်တော် ရေးခဲ့ပါ၏။ သတင်းစာ ဆိုသည်မှာလည်း မီးပြတိုက်နှင့် တူကြောင်း ပြောခဲ့ပါသည်၊ အမှာ၏ အဆုံးကိုလည်း မီးပြတိုက်နှင့်ပင် အဆုံးသတ်ချင်ပါ၏။ မီးပြတိုက်ကိုပင် အခြေခံကာ ကျွန်တော် Service of Head and Heart ခေါင်းစဉ်ဖြင့် ကဗျာတစ်ပုဒ် စပ်ခဲ့ပါ့။ အသိ၊ ပညာ၊ ဉာဏ်၊ အလိမ္မာ၊ ဝိဇ္ဇာ၊ အမောဟတွေကို ဖြန့်ဖြူးပေးနေရသူတို့သည် အမှန်တကယ် မီးပြတိုက်နှင့် တူလှပါဘိ။ အင်နှင့်အားနှင့် နိစ္စဓူဝမပြတ် ဖြန့်ဖြူးပေးနိုင်သည်မှာ သတင်းစာ မဟုတ်ပါလား။ နေ၊ လ၊ ကြယ်တာရာတို့က အချိန်အခါ ပိုင်း၍သာ သဘာဝ အလင်းကို ပေးရကြပါသည်။ နေ့စဉ်၊ ညစဉ် သတင်းမီးပြတိုက်က ပေးနေသည်မှာ ဉာဏ်အလင်း၊ သစ္စာအလင်းလား။

မိုးဟိန်း၊ သား ဂျာနယ်ကျော်
မောင်ဝံသအတွက် မွေးနေ့လက်ဆောင်
၁၇-၄-၂၀၀၅၊ ၁၄၆၇ မြန်မာနှစ်ဆန်း (၁)ရက်

ကျွန်တော့်အသက် ၆၀ ပြည့် မွေးနေ့လက်ဆောင်အဖြစ် ရေးပေးခဲ့တဲ့ သားဂျာနယ်ကျော်ရဲ့ အမှာစာကို ပြန်ဖတ်ရင်း သူနဲ့ ကျွန်တော်ရဲ့ တက္ကသိုလ်ကျောင်းသားဘဝ ရှေးဟောင်းနောင်းဖြစ်တွေ ရုပ်ရှင် နောက်ကြောင်းပြန် ပြကွက်တွေလို ပေါ်လာပါတယ်။ လွမ်းဆွတ်တသမိသလို ကျေနပ်အားရမှုလည်း ဖြစ်ပေါ်ခံစားရပါတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော့်ရဲ့ သတင်းစာသမားဘဝနဲ့ တတ်အားသမျှ ကြိုးစားအားထုတ်ခဲ့တာတွေကို ကျွန်တော် အင်မတန်မှ ကြည်ညိုလေးစားတဲ့ ဂျာနယ်ကျော် ဦးချစ်မောင်ရဲ့ ရင်သွေး သား ဂျာနယ်

www.burmeseclassic.com

www.burmeseclassic.com

ကျော် ကိုယ်တိုင်က လှိုက်လှိုက်လဲ့လဲ့ အားပေးအသိအမှတ် ပြုခဲ့သည် မဟုတ်ပါလား။ မှန်ပါတယ်။ ဒါတွေဟာ ကျွန်တော် အသက်ရှင်သန်နေသရွေ့ သတင်းစာဆရာ တာဝန် ကျေပွန်သည်ထက် ကျေပွန်အောင် ဆက်လက် ထမ်းဆောင်သွားဖို့ တွန်းအားများပဲ ဖြစ်ပါတော့တယ်။

မောင်ဝံသ

၁၅-၁၀-၂၀၁၁

❐

www.burmeseclassic.com

www.burmeseclassic.com

သူဝတ္ထုနှင့် သူ့ကျေးဇူး

ဂျာနယ်ကျော် ဦးချစ်မောင်ကို မတွေ့ဖူးပါ။ မမြင်ဖူးပါ။ သို့သော် ရင်းနှီးစွာ သိပါသည်။ "သူ" ဝတ္ထုကိုဖတ်ပြီး ရွှေလင်းယုန်၊ ဂျာနယ်ကျော် ဦးချစ်မောင်ကို လေးစားသဘောကျခဲ့သည်။ ဂျာနယ်ကျော်မမလး ရေးသည့် 'သူလိုလူ' စာအုပ်ကို ဖတ်ရသောအခါ ဆရာ့ကို ရင်းနှီးစွာသိရခြင်း ဖြစ်သည်။

အလွန်အားနာတတ်သူ၊ သိမ်မွေ့နူးညံ့သူ၊ စိတ်သဘောထား ကောင်းမွန်သူ ဖြစ်ကြောင်း သိရသည်။ နယ်ချဲ့ဆန့်ကျင်ရေးမှာလည်း ထက်မြက်တက်ကြွစွာ ပါဝင်ခဲ့သော မြန်မာပညာရှင်တစ်ဦး ဖြစ်ကြောင်း သိရသည်။

အုတ်ဖိုမြို့သို့ စာပေဟောပြောပွဲ သွားသောအခါ ဆရာဂျာနယ်ကျော် ဦးချစ်မောင်၏ သားဖြစ်သူ ကိုမိုးဟိန်းနှင့် အတူဖြစ်သည်။ ထိုအချိန်က သူ့အသက်ကို မေးကြည့်တော့ (၆၀) ကျန်တော်က (၆၁) နှစ်။

"ကိုမိုးဟိန်း အသက်ခြောက်ဆယ်က တစ်ခေါင်းလုံးကို ဖြူဖွေးလို့...။ ကျန်တော်က တစ်နှစ် ပိုကြီးတယ်...။ ခြောက်ဆယ့်တစ်နှစ်၊ ဆံပင်တစ်ချောင်းမှ မဖြူသေးဘူး... "

သူက ကျန်တော့်ခေါင်းကို ကြည့်ပြီး

"ဟုတ်တယ်နော်... "ဟု ပြောပါသည်။

"ကျန်တော် မနေ့ကမှ ဆေးဆိုးထားလို့ပါ... "

သူ ပြုံးပါတယ်။

အတူသွား၊ အတူလာ၊ ရင်းနှီးခင်မင်စွာ ပေါင်းသင်းဆက်ဆံသောအခါ အုံသြစရာ ဂျာနယ်ကျော် ဦးချစ်မောင်သား ပီသပါပေသည်ဟု လေးစားစိတ်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရသည်။ သူလည်း အားနာတတ်သည်။ အနစ်နာခံသည်။ သူ့ဘက်မှ မတွေး။ တခြားသူဘက်မှ တွေးသည်။

ဟောပြောပွဲအတွက် လူစဉ်သောအခါ ဆရာရွှေစွန်ညိုက-

"ကိုမိုးဟိန်းက ကျွန်တော့်ကို ပြောထားတယ်၊ သူ နောက်ဆုံး နေပါရစေတဲ့။ ကျန်တာကတော့ ကြိုက်သလိုစဉ်ပါ"ဟု ပြောသည်။

ကိုမိုးဟိန်းကို နောက်ဆုံးထားလိုက်ပါသည်။ နောက်မှ စာရေးဆရာမ ရွှေသဥ္ဇာပြော၍ သိရပါသည်။ ကိုမိုးဟိန်း နောက်ဆုံးနေသည်မှာ အပြောအကောင်းဆုံးမို့ နောက်ဆုံးနေခြင်း မဟုတ်။ သူအပြောမကောင်း၍ လူများပြန်ကုန်လျှင် အတူပြောမည့်သူများကို အားနာ၍ ဖြစ်သည်ဆို၏။ သို့သော် ထိုညက သူ နောက်ဆုံးမနေ၍ အကောင်းဆုံး ပြောနိုင်ပါသည်။ အကောင်းဆုံး ဖြစ်ရသည်ကလည်း အရိုးသားဆုံး ပြောခြင်းကြောင့် ဖြစ်သည်။

ကျွန်တော်တို့က ဟောပြောနေကျ ထုံးစံအတိုင်း ရယ်စရာစသည့် ရသများ အနုပညာ အတတ်ပညာများကို သုံး၍ ပြောကြသည်။ သူကတော့ အုတ်ဖိုမြို့မှာ သူ့အဖေ ဦးချစ်မောင်၏ မြို့ဖြစ်၍ လိုက်လာပြီး ဟောပြောခြင်း ဖြစ်ပါကြောင်း၊ နှိမ့်ကျသောလေသံ၊ အမှုအရာဟန်ပန်တို့နှင့် ပြောပါသည်။ အလွန်ရိုးသားသော ပြောဆိုပုံ ဖြစ်ပါသည်။ ထိုသို့ ရိုးသားအောင် ပြောဖို့ အလွန်ခက်ခဲပါလိမ့်မည်။ ထိုသို့ ရိုးသားလွန်းစွာ လေသံအေးအေးလေးနှင့် ပြောဆိုခြင်းကြောင့်ပင် နားထောင်သူအားလုံး သူ့ကို ချစ်ခင်လေးစားစွာနှင့် စိတ်ပါဝင်စားစွာ နားထောင်ခဲ့ကြပါသည်။

ရိုးသားခြင်း၊ နှိမ့်ချခြင်း၊ စိတ်ကောင်းရှိခြင်း၊ မိမိအတ္တထက် သူတစ်ပါးဘက်မှ စဉ်းစားခြင်းတို့သည် လေးစားနှစ်သက်စရာ လူကောင်းသူကောင်း၏ အရည်အချင်းကောင်းများ ဖြစ်ပါ၏။

ဆရာဂျာနယ်ကျော် ဦးချစ်မောင်၏ 'သူ'ဝတ္ထုကို နှစ်သက်မိသည်မှာ အထက်ပါ အရည်အချင်းများနှင့် ဖွဲ့စည်းထားသည့် ဆရာဝန်တစ်ယောက် အကြောင်း ရေးဖွဲ့ထား၍ ဖြစ်သည်။

သူဝတ္ထုမှ ဒေါက်တာမြင့်မောင်သည် ကျေးရွာတစ်ရွာတွင် လေငန်းရောဂါကြောင့် အိပ်ရာထဲမှာလဲနေသူ ဦးလေးကြီးကို မီးလောင်နေသော အိမ်ထဲမှ စွန့်စွန့်စားစား ကယ်တင်ခဲ့သည်။

www.burmeseclassic.com

မီးလောင်ရာမှ ပြုတ်ကျလာသော သွတ်ပြားက ပါးပြင်ကို ခုတ်ဆင်းသွား၍ ပါးဟက်တက်ကွဲခဲ့သည်။ မီးလောင်ထုတ်တန်း ပြုတ်ကျ၍ ပေါင်ရိုးကျိုးခဲ့ရသည်။ ဦးလေးကြီးကို မီးအန္တရာယ်မှ လွတ်အောင် ကယ်နိုင်ခဲ့သော်လည်း ကိုယ်တိုင်ကတော့ ဒဏ်ရာများ ပြင်းထန်စွာ ရရှိခဲ့သည်။ ချစ်သူထံသို့ သွားရောက်၍ ပျက်ကွက်ခဲ့သည်များကြောင့် ချစ်သူကို ဆုံးရှုံးခဲ့ရသည်။

သို့သော် ဆရာဝန်ကိုမြင့်မောင်သည် ကျေးလက်တောရွာများမှာ ဆင်းရဲသားများကို စေတနာကောင်းထားသော ဆရာဝန်အဖြစ် ဆက်လက်၍ ကူညီစောင့်ရှောက်ခဲ့သည်။ မိမိပုဂ္ဂိုလ်ရေးအရ ဆုံးရှုံးနစ်နာမှုများကို ကြုံတွေ့ရသည်။ လေးစားစရာကောင်းသော စေတနာဆရာဝန်၊ ပရဟိတ မြင့်မြတ်သောပုဂ္ဂိုလ် ဖြစ်သည်။

ထိုဝတ္ထုကို ဖတ်ပြီး ဆရာဝန် ကိုမြင့်မောင်ကို ချစ်ခင်လေးစား အားကျမိသည်။ သူလိုလူ ဖြစ်ချင်ခဲ့မိသည်။

ရုပ်ရှင်ရိုက်ကူးသောအခါမှာလည်း ဆရာဝန်ကိုမြင့်မောင် အဖြစ် ဆရာဝန်မင်းသား မောင်သင်က သရုပ်ဆောင်သည်။ ဇာတ်သိမ်းပိုင်းတွင် ဆရာဝန်ကိုမြင့်မောင် ပါးမှာ အမာရွတ်ကြီးနှင့် ချိုင်းထောက်ကို အားပြုပြီး တာဘောင်ရိုးပေါ်မှာ လျှောက်လှမ်းလျက် ရွာကလေးဆီသို့ သွားနေသည်။ မမေ့နိုင်သောမြင်ကွင်း ဖြစ်ပါ၏။

"သူ" ဝတ္ထုကြောင့် ကျွန်တော့်မှာ ဆန္ဒနှစ်ခု ဖြစ်ခဲ့သည်။ ဆန္ဒတစ်ခုမှာ ကိုမြင့်မောင်ကဲ့သို့ စိတ်ကောင်းနှလုံးကောင်းရှိသူ ဖြစ်ချင်သည်။ နောက်ဆန္ဒတစ်ခုမှာ ကိုယ်တိုင် စာရေးဆရာဖြစ်လျှင် (ထိုအချိန်မှာ စာရေးဆရာ ဖြစ်ချင်စိတ်ဖြင့် စတင်ကြိုးပမ်းနေချိန် ဖြစ်သည်။) ဂျာနယ်ကျော် ဦးချစ်မောင် ရေးသည့် 'သူ'ကဲ့သို့သော ဝတ္ထုမျိုးတစ်ပုဒ် ရေးနိုင်ချင်မိသည်။

နောင်တွင် တက္ကသိုလ်မှ ဘွဲ့ရသောအခါ မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ်ထဲမှ ကျောက်မီးရှာလေးမှာ အလယ်တန်းပြဆရာ ခန့်အပ်ခြင်း ခံရသည်။ ကျောင်းကလေးမှာ ဘာမျှပြည့်စုံခြင်း မရှိပါ။ အလယ်တန်းကျောင်းဆိုသော်လည်း အလယ်တန်းကျောင်းအုပ် မရှိသေးပါ။ မူလတန်း ကျောင်းအုပ်လည်း မရှိတော့ပါ။ မူလတန်းပြ ဆရာလေး တစ်ယောက်နှင့် မူလတန်းပြဆရာမလေး နှစ်ယောက်သာ ရှိပါသည်။ မူလတန်း ကျောင်းသားကျောင်းသူ

www.burmeseclassic.com

www.burmeseclassic.com

များ ရှိပါသည်။ အလယ်တန်း ကျောင်းသားကျောင်းသူ တစ်ယောက်မျှ မရှိပါ။

ကျွန်တော် ရောက်သွားသောအခါ ကျွန်တော်က တာဝန်ခံ ကျောင်းအုပ်အဖြစ် တာဝန်ယူဆောင်ရွက်ရသည်။ သူဝတ္ထုကို မြတ်နိုးနှစ်သက်ခဲ့သူမို့ ဆရာဝန်ဖြစ်မှ အများအကျိုး ဆောင်ရွက်နိုင်မှာလား။ ကျောင်းဆရာကရော မဆောင်ရွက်နိုင်ဘူးလား။ သူဝတ္ထုမှ ဆရာဝန်လောင်း ကိုမြင့်မောင်ကို အားကျစိတ်ဖြင့် ကျောင်းဆရာကောင်းဖြစ်အောင် ကြိုးစားခဲ့သည်။

မပြည့်စုံသော ကျောင်းကလေးကို ပြည့်စုံအောင် ဆောင်ရွက်ရသည်။ အလယ်တန်းကျောင်းသား ကျောင်းသူ မရှိရာမှ ရှိလာအောင် စည်းရုံးရသည်။ စည်းကမ်းစနစ်တကျ မရှိရာမှ ရှိလာအောင် လုပ်ရသည်။ လုပ်အားပေး ဆရာဆရာမများ၏ အကူအညီရသည်။ ကျောင်းပရိဘောဂ မပြည့်စုံသည်ကို စေတနာရှင်မိဘများက ကူညီကြသည်။

အခက်အခဲများစွာ ရှိသော်လည်း စေတနာကောင်း စိတ်ထားကောင်းများ ပေါင်းစည်းမိသောအခါ အောင်မြင်မှု ရပါ၏။ တပည့်များရှိရာ ရွာတိုင်းသို့ ရောက်အောင် သွားခဲ့ပါ၏။ တပည့်များနှင့်သာမက မိဘများနှင့်ပါ ချစ်ခင်ရင်းနှီးရသည်။ မူလက ရှိနေသော ဆရာဆရာမလေးများကလည်း စိတ်ကောင်းထားသူများမို့ အားကိုးရပါ၏။ ရုပ်ဝတ္ထုပစ္စည်းပိုင်း၊ စည်းကမ်းပိုင်း၊ သင်ကြားမှုပိုင်းပါ တိုးတက်သော ကျောင်းလေး ဖြစ်လာ၏။ ကလေးများ ကျောင်းမှာ ပျော်၍ ဆရာဆရာမများလည်း ကြည်နူးစရာ ပျော်စရာကောင်းပါသည်။ မိဘများကလည်း ကျောင်းကို အစစအရာရာ ကူညီကြပါသည်။

ထိုအချိန်မှာ ကျောင်းအုပ်ဆရာကြီး ရောက်လာသည်။ လူကြီးပီသသော စိတ်ထားကောင်းသော အတွေ့အကြုံများသော ဆရာကြီး ဖြစ်သည်။ ကျောင်းကလေးမှာ ပို၍ ပြည့်စုံစွာ တိုးတက်ကောင်းမွန်လာပြန်သည်။

ထိုအချိန်တွင် ကျွန်တော် ကျောင်းကလေးမှ ရန်ကုန်သို့ ပြောင်းရသော အခါ တပည့်များနှင့် ခွဲခွာနှုတ်ဆက်ရာတွင် ဝမ်းနည်းကြေကွဲကြရသည်။ ထို အကြောင်းများကို ဖြစ်ရပ်မှန်အတိုင်း ဝတ္ထုတစ်ပုဒ် ရေးသောအခါ 'ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး' စာအုပ် ဖြစ်လာသည်။

ဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်ရေးသည့် သူဝတ္ထုကို ဖတ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

စိတ်ကောင်းရှိသော ဆရာဝန်ကောင်း ကိုမြင့်မောင်ကို အားကျအတုယူခြင်းဖြင့် ကျောင်းဆရာကောင်း တစ်ယောက် ဖြစ်ခဲ့ရသည်။

'ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး' ဝတ္ထုကို 'ဆူ' ဇာတ်ကြီးနှင့် နှိုင်းယှဉ်လိုသည် မဟုတ်ပါ။ သို့သော် ဂျာနယ်ကျော် ဦးချစ်မောင်၏ 'သူ' ဝတ္ထုကို မြတ်နိုးစွာ နှစ်သက်အားကျမိရာမှ 'ပန်းမြိုင်လယ်မှ ဥယျာဉ်မှူး' ဖြစ်ပေါ်လာရကြောင်းကို ဝန်ခံလိုခြင်းသာ ပြစ်ပါ၏။ ဂျာနယ်ကျော် ဦးချစ်မောင်၏ စာပေကျေးဇူးကို လေးစားစွာ မှတ်တမ်းတင်အပ်ပါ၏။

လယ်တွင်းသားစောချစ်

၆-၁၀-၂၀၁၁

❐

www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်ကျော်မမလေး၏ သူလိုလူ

(၁)

စစ်ပြီးခေတ်တွင် ရေးသားသည့် အတ္ထုပ္ပတ္တိများအနက် ထင်ရှားအောင်မြင်သော အတ္ထုပ္ပတ္တိတစ်ခုမှာ ဂျာနယ်ကျော်မမလေး၏ 'သူလိုလူ' ဖြစ်ပေသည်။ 'သူလိုလူ'ကို ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်သွားပြီးနောက် ၁၉၄၇ ခုနှစ်တွင် ထုတ်ဝေခဲ့လေသည်။ ထိုနှစ်၌ပင် ဒုတိယအကြိမ်နှင့် တတိယအကြိမ်တို့ ထပ်မံထုတ်ဝေခဲ့ရပြန်သည်။ ၁၉၅၃ ခုနှစ်တွင် စာဖတ်ပရိသတ်၏ တောင်းဆို ချက်ကြောင့် စတုတ္ထအကြိမ် ပြန်လည်ရိုက်နှိပ် ထုတ်ဝေခဲ့ရပြန်သည်။

စတုတ္ထအကြိမ်မြောက် ထုတ်ဝေရာတွင် ဂျာနယ်ကျော် ဦးချစ်မောင် မကွယ်လွန်မီက ရေးခဲ့သည့် 'နိုင်ငံတော် ရာဇဝင်နှင့် စပ်လျဉ်း၍ စိစစ် ဝေဖန်ချက်များ' ဟူသော အပြီးမသတ်ရသေးသည့် စာမူတစ်ခုကိုပါ ဖြည့်စွက်၍ ပုံနှိပ်ထုတ်ဝေခဲ့သည်။

ထို့နောက် 'သူလိုလူ'ကို ပုဂံစာအုပ်တိုက်မှ ပဉ္စမအကြိမ်မြောက် ရိုက်နှိပ်သည့်အခါ စတုတ္ထနှိပ်ခြင်း၌ ပါရှိသော 'နိုင်ငံတော် ရာဇဝင်နှင့် စပ်လျဉ်း၍ စိစစ်ဝေဖန်ချက်များ' စာမူကို ဖြုတ်လျက် ဂျာနယ်ကျော် ဦးချစ်မောင် မကွယ်လွန်မီကက ရေးသားခဲ့သည့် 'နေ့စဉ်မှတ်တမ်း'ကို ဖြည့်စွက် ထုတ်ဝေခဲ့လေသည်။ ဂျာနယ်ကျော် မမလေး စာပေမှ ဆင္ဌမအကြိမ် ရိုက်နှိပ်သည့် 'သူလိုလူ'တွင်လည်း နောက်ဆက်တွဲအဖြစ် 'ဂျာနယ်ကျော် ဦးချစ်မောင်၏ နေ့စဉ်မှတ်တမ်း' ကိုပါ ပူးတွဲပုံနှိပ် ထုတ်ဝေခဲ့သည်ကို တွေ့ရသည်။ ဝါမိုးအောင် စာပေမှ

www.burmeseclassic.com

www.burmeseclassic.com

အဋ္ဌမအကြိမ်အဖြစ် ရိုက်နှိပ်ထုတ်ဝေသော 'သူလိုလူ'တွင်လည်း 'နေ့စဉ်မှတ်တမ်း' ကိုပါ ပူးတွဲပုံနှိပ်ထားလေသည်။

ဂျာနယ်ကျော် မမလေးသည် 'သူလိုလူ'တွင် သူ့ခင်ပွန်း ဂျာနယ်ကျော် ဦးချစ်မောင်၏ သတင်းစာဆရာဘဝ၊ စာရေးဆရာဘဝ၊ နိုင်ငံရေးသမားဘဝ၊ အိမ်ထောင်သည် ဘဝတို့ကို စိတ်ဝင်စားဖွယ် ရေးသား ဖော်ပြထားသည်ကို တွေ့ရသည်။ 'သူလိုလူ'သည် ဝတ္ထုကောင်း တစ်ပုဒ်ကဲ့သို့ စိတ်ဝင်စားစရာ ကောင်းသော အတ္ထုပ္ပတ္တိတစ်ခု ဖြစ်သည်။

ဆရာကြီး ဒဂုန်တာရာက 'သူလိုလူ' စာအုပ်နှင့် ပတ်သက်၍-

'ဂျာနယ်ကျော် မမလေး၏ သူလိုလူကား စာပေလောကတွင် ရှားပါးသော အတ္ထုပ္ပတ္တိ နယ်ပယ်အတွင်းသို့ ဝင်ရောက်သော ဝတ္ထုတစ်ပုဒ် ဖြစ်ပေသည်။ စာနယ်ဇင်း ပညာကို လိုက်စားသူတိုင်း သိသင့်သိအပ်သော သတင်းစာဆရာ ဦးချစ်မောင်၏ ဘဝတစ်စိတ်တစ်ဒေသ ဖြစ်သဖြင့် စိတ်ဝင်စားဖွယ်ကောင်းလှသည်။ ထို့ထက် သူ၏ဇနီးသည် ဝတ္ထုရေးဆရာက ဖွင့်ဟရေးသားခြင်းသည်ကား စာပေလောကဝယ် ဆန်းကြယ်သော အခြင်းအရာတစ်ရပ် ဖြစ်ပေသည်။ ဂျာနယ်ကျော်မမလေးက မိမိခင်ပွန်းသည် သူလိုလူအား တိုင်းပြည်သို့ ဖွင့်ဟပြောပြခြင်းမှာ ရဲရင့်ပေစွ။ အတ္ထုပ္ပတ္တိဝတ္ထု ဖြစ်သဖြင့် စာပေအပြင် အယ်ဒီတာ ဦးချစ်မောင်၏ ရုပ်ပုံလွှာနှင့် သူ့ကို ခင်ပွန်းသည်အဖြစ် ချစ်ခင်ဆုံးစည်းသော အမျိုးသမီး ဝတ္ထုရေးဆရာကိုပါ မြင်တွေ့ရပေသည်' ဟူ၍ သုံးသပ် ဖော်ပြထားသည်။

စာရေးဆရာ၊ သတင်းစာဆရာကြီး ဦးဝင်းတင်ကလည်း-

'ကျွန်တော်တို့သည် ဂျာနယ်ကျော်မမလေး၏ 'သူလိုလူ' ကို ဖတ်ပြီး သတင်းစာသမား ဖြစ်ချင်ခဲ့ပါသည်။ ဖြစ်အောင် အားထုတ်ခဲ့ပါသည်။ ကျွန်တော်တို့လိုပင် 'သူလိုလူ'က လက်သည်လုပ်၍ မွေးဖွားပေးခဲ့သည့် လူငယ်သတင်းစာသမားပေါင်းများစွာ ရှိပါလိမ့်မည်'ဟူ၍ ဖော်ညွှန်းခဲ့သည်။

(၂)

'သူလိုလူ'သည် ဂျာနယ်ကျော် ဦးချစ်မောင်၏ စိတ်နေစိတ်ထား မြင့်မြတ်မှု၊ ရိုးသားဖြောင့်စင်းမှု၊ တိုင်းပြည်နှင့် လူမျိုးအတွက် ကိုယ်ကျိုးမဲ့

www.burmeseclassic.com

နိုင်မှု၊ အနစ်နာခံနိုင်မှု၊ စာနာညှာတာမှုနှင့် သူ့ယုံကြည်ချက်၊ ခံယူချက်အတိုင်း သတင်းစာသမားကောင်း ပီသစွာ သေသည်အထိ ရပ်တည်သွားသည့် ဂျာနယ်ကျော် ဦးချစ်မောင်၏ ရုပ်ပုံလွှာပင် ဖြစ်သည်။ သို့သော် ဂျာနယ်ကျော် ဦးချစ်မောင်၏ ရုပ်ပုံလွှာထဲတွင် ဦးချစ်မောင်ကို ပုဂ္ဂိုလ်စွဲ အလွန်ကြည်ညိုသော ဂျာနယ်ကျော် မမလေး၏ လင်သားကို ပြုစုပုံ၊ လင်သား၏ စိတ်နေစိတ်ထားနှင့် မယားသည်၏ စိတ်နေစိတ်ထား ကွဲပြားခြားနားသော်လည်း အံကျ ပေါင်းသင်းပုံတို့ကို အထင်အရှား တွေ့မြင်ရသည်။ ဂျာနယ်ကျော် မမလေးမှာ ဦးချစ်မောင်၏ စာပေဂုဏ်သတင်းကို ပြောပြရာ၌ မည်သည့်အခါမျှ အားကုန်မောပန်းလိမ့်မည် မဟုတ်ပေ။

ဂျာနယ်ကျော် ဦးချစ်မောင်နှင့် မတင်တင် (ဂျာနယ်ကျော် မမလေး)တို့ ဆုံစည်းပုံမှာလည်း အလွန်ဆန်းသည်။ အမှန်မှာ ဂျာနယ်ကျော် ဦးချစ်မောင်နှင့် မတင်တင်တို့၏ ဘဝသည် အရှေ့နှင့် အနောက်ကဲ့သို့ ကွာလှမ်းလှသည်။

မတင်တင်သည် အင်္ဂလိပ်စာတတ် ခေတ်ဆန်သူ လူကုံထံ မျိုးရိုးထဲမှ ဖြစ်သည်။ သုံးထပ်တိုက်နှင့် နေပြီး အိမ်တွင် အစေခံများ၊ ချာပရာစီများ ထားရှိသည်။ ကိုယ်ပိုင် မော်တော်ဘုတ် ရှိသည်။ မိဘများမှာ မျက်နှာဖြူတို့နှင့် အလုပ်လုပ်သည်။ မိဘများက သမီးအား လိုလေသေးမရှိအောင် ထားသည်။ အိမ်အလုပ်ဆိုလျှင်လည်း လိုလေသေးမရှိအောင် အိမ်ဖော်များ ထားရှိပေးသဖြင့် အိမ်အလုပ်ကို လုံးဝ မလုပ်ရပေ။ အဖိုးထိုက် အဖိုးတန် ကောင်းပေ့ဆိုသည့် အဝတ်အစားမျိုးမှ ကြိုက်နှစ်သက်တတ်သည်။ အဝတ်အထည်ကို ဗီရိုပြည့် ထား၍ သန့်သန့်ရှင်းရှင်း ကြော့ကြော့လွင်လွင် ထည်လဲဝတ်ဆင်နိုင်သည်။ ရှူးဖိနပ်ဖြူ စီးသည်။ ဘဏ်တွင် တစ်လလျှင် အသက်အာမခံကြေး ၁၇၅ ကျပ် ပေးသွင်းသည်။

မတင်တင်ကား ထိုသို့ လူကုံထံ အထက်တန်းစား ခေတ်ဆန်သူ ဖြစ်ပေသည်။

ဦးချစ်မောင်ကား မတင်တင်နှင့် တခြားစီ ဖြစ်သည်။ စာကြမ်းပိုး ခွကျကျလူမျိုး ဖြစ်သည်။ ဖျင်ကြမ်း ပင်နီအင်္ကျီ၊ ပိုးလုံချည် တစ်ပတ်နွမ်းကို ဝတ်ကာ အိမ်တော်ရာ ပုသိမ်ထီးကို ချိုင်းကြားတွင် ညပ်၍ ဘုန်းကြီးစီဖိနပ်နှင့် တကယ်သခင်ဂိုက်မျိုးရိုးသူ ဖြစ်သည်။ ရင့်ကျက်သော ကွန်ဖြေနှင့် ကြည်ကြည်

www.burmeseclassic.com

လေးနက်သော အသွင်က ထပ်ဆင့်ထားပြန်ရာ တကယ့်ဘုန်းကြီး လူထွက်ကြီးနှင့် အလွန်တူနေပြန်လေသည်။

အသက် ၂၆ နှစ်အရွယ်၌ပင် အသက် ၄၀ ထင်ရအောင် ဆံပင်များ ဖြူကာ အိုစာရုပ် ပေါက်နေလေသည်။

သူသည် ကိုးနှစ်သားအရွယ်မှစ၍ မျိုးချစ်စိတ်ကြီးမားရန် သန္ဓေတည်ခဲ့သူ ဖြစ်သည်။ သူသည် ရွှေကျင်ဝန် ဦးကြင်၏မြစ် ဖြစ်သည်။ ရွှေကျင်ဝန်ကြီး ဦးကြင် တိုက်ပွဲ၌ ကျဆုံးသွားသောအခါ ဝန်ကြီးဦးကြင်၏ မိသားစု ဟင်္သာတသို့ ထွက်အပြေး အင်္ဂလိပ်မျက်နှာဖြူ လက်ပါးစေဖြစ်သော စုရတီလူမျိုး ဟင်္သာတဆိပ်ကမ်း အကောက်ဝန်က သူ့အဘွားကို အတင်းအဓမ္မ သိမ်းပိုက်၍ သူသည် မွတ်စလင် အနွယ်ထဲ၌ ပေါက်ဖွားလာခဲ့ရသည်။

အသက် ၉ နှစ်အရွယ်၌ သူ့ဖခင်က သူ့အား ဗလီတက်၍ မွတ်စလင်ဘာသာ သွင်းပြီး ရှင်ပြုရန် ကြိုးစားသော်လည်း မိခင်သည် မှူးမတ်မျိုးနွယ်ဗမာ့သွေးပါ၍ ဗုဒ္ဓဘာသာ ဖြစ်ခြင်းကြောင့် သားအမိနှစ်ယောက် ဘာသာသွင်းမခံရအောင် ကြိတ်၍ ကြိစည်ကြသည်။ ဖခင်၏ မွတ်စလင်ဘာသာသွင်းကို မခံဘဲ အသက် ၉ နှစ်အရွယ်တွင် မိခင် ခွင့်ပြုချက်ဖြင့် စစ်ကိုင်းတောင်ရိုး၌ ရှိသော အဘွား မယ်သီလရှင်ထံသို့ ထွက်ပြေးလာခဲ့သည်။ အသက် ၉ နှစ်သား အရွယ်မှ လူလားမြောက်လာသည်အထိ စာအုပ်များဖြင့်သာ အဖော်ပြုကာ တစ်ကိုယ်တည်း နေထိုင်လာခဲ့သည်။ စာအုပ်များနှင့် မျက်လုံးမခွာ။ စာအုပ်များသာ သူ့ဘဝ ဖြစ်ခဲ့သည်။

သတင်းစာတိုက်သို့ ခြေမချမီ အသက် ၁၈ နှစ်၌ လက်ပံတန်း အစိုးရ ဟိုက်စကူးကျောင်း ၁၀ တန်း၌ အင်္ဂလိပ်စာပြ လုပ်လျက် အသက် ၁၈ နှစ် အရွယ်ကပင် အင်္ဂလိပ် သတင်းစာများတွင် အင်္ဂလိပ်လို ဆောင်းပါးများ ရေးသားနေပြီ ဖြစ်သည်။ ကလေးဘဝက စ၍ သူ့ကိုယ်သူ တာဝန်ယူကာ သူ့စာသူသင်၊ သူ့ဘဝ သူကျောင်း၊ သူ့ထူး သူ့ချန်ခဲ့ရသူ ဖြစ်သည်။

ရန်ကုန်သို့ ရောက်သော် 'နော်ရထာ' သတင်းစာတွင် ဝင်ရောက် လုပ်ကိုင်ရာမှ သတင်းစာလောကသို့ ဝင်ရောက်ခဲ့သည်။ ထို့နောက် 'စျေးနှုန်း သတင်းစာ'၊ 'မြန်မာ့အလင်း သတင်းစာ'တို့တွင် အယ်ဒီတာ၊ အယ်ဒီတာချုပ် စသည်ဖြင့် ဆောင်ရွက်သည်။ ထိုစဉ်က စောင်ရေ အများဆုံး ထိပ်ဆုံး

www.burmeseclassic.com

www.burmeseclassic.com

သတင်းစာကြီးတွင် အယ်ဒီတာ လုပ်နေသော်လည်း သူနေထိုင်သည့် အိမ်ခန်းကား စုတ်ချာလှသည်။ သူသည် အလွန်ညစ်ပတ် ပေကျဲနေသော ၃၄ လမ်းရှိ အခန်းတွင် ဂေါရင်ဂျီကုလားများနှင့် စုပေါင်းနေထိုင်သည်။

သို့သော် ဘဝပေး ဖူးစာကံကြောင့် သူတို့ဘဝ အလွန်ပင် ကွာခြားလှသော်လည်း ဆုံစည်းဖူးစာဖက်ကြသည်။ 'သူလိုလူ' အတ္ထုပ္ပတ္တိ အစတွင် 'မြန်မာ့အလင်းမှ ပြန်စာ' အခန်းမှ စတင်ကာ ဦးချစ်မောင်နှင့် မတင်တင် (ဂျာနယ်ကျော် မမလေး)တို့ ဆုံစည်းကြပုံကို ဖော်ပြထားရာ စိတ်ဝင်စားစရာ ကောင်းလှပေသည်။

မတင်တင်တို့ မြို့မှ အမျိုးသမီး ၁၅ ဦး အဖွဲ့နှင့် ပတ်သက်၍ မကျေမနပ် ဖြစ်သည်နှင့် ရှင်းလင်းဝေဖန်ချက် ဆောင်းပါးတစ်စောင်ကို မြန်မာ့အလင်းသတင်းစာတိုက်သို့ ရေးသားပေးပို့ခဲ့ရာမှ ငါးလခန့် ကြာပြီးနောက် အဆိုပါ ဆောင်းပါးသည် ဦးချစ်မောင်လက်ထဲ ရောက်ရှိသွားကာ ပြန်ကြားစာ ပေးပို့ခဲ့သည်မှ အစပြုပြီး ဆောင်းပါးတောင်းပုံ၊ အပြန်အလှန် စာချင်း ဆက်သွယ်ကြပုံတို့ကို ရေးသားထားသည်။ ဦးချစ်မောင်၏ ပညာဉာဏ်ကြီးမားပုံ၊ ရှေးဟောင်းဂန္ထဝင် စာကြီးပေကြီးများကို နှံ့စပ်ပုံ၊ ရေးကဗျာတို့၏ မူသဘောအတိုင်း ကဗျာ၊ တေးထပ်များ စပ်ဆိုနိုင်ပုံတို့ကို တွေ့ရသည်။ တောင်သမန်လယ်စား ဦးဖေငယ်၏ တေးတပ်သွားအတိုင်း ရေးစပ်ထားပုံကို ဖော်ပြထားရာ ဦးချစ်မောင်၏ ကဗျာဉာဏ် မည်မျှ ကြီးမားကြောင်းကို သိရှိနိုင်သည်။ ကြည့်ပါ။

တောတစ်ခွင် မြိုင်အကွေ့၊ ကြိုင်သ၍ ဂေါသဇင်၊ လှိုင်ရဓေ့ တော်ဝင်သည်၊ သြော် အယဉ်အလှ၊ ဘယ်ပန်းမှ မယှဉ်နိုင်၊ သဇင်ခိုင်ဘုန်းတင့်ပေစွ။ လူ့ထက်လူ ဘုန်းခေါင် သုံးဆောင်တော်မူကြ။ ထုံးသျှောင်ပေါ် မယူသခင်က ဘယ်သူမှဝံ့ပေါင်။ ပန်ဆင်ရန် သဇင်ခက်၊ မြင်လျက်နှင့် ဝေးကသာ ရှောင်။ ရဝေခန်း ရွှေနန်းဆောင်မှာ၊ ခွေမြန်းအောင် သူယှဉ်လှတတ်ကဲ့၊ ချူစဉ်က ရိုးပေ့သာမန်၊ တိုး၍သာ တန်။ ကြိုးသရွေ့ ဘဏ္ဍာမှန်သည်၊ ခါတစ်ရံ ဟုတ်ဖူးဗျလေး။

ထို့ပြင် မတင်တင် မေးမြန်းသော 'ကိုးခန်းပို့' အဓိပ္ပာယ် အခက်အခဲကို ဦးချစ်မောင် ရှင်းလင်းသွားသည်မှာ ရှေးဟောင်းစာပေ မည်မျှ ကျွမ်းကျင်နှံ့စပ်ကြောင်း သိသာပေသည်။

www.burmeseclassic.com

'တုကင်းစည်ကို တီးမည်ကျဲကျဲ' ဟူရာ၌ 'ကျဲကျဲ' ဆိုသည်ကား 'ကျဉ်ကျဉ်' 'ကျာကျာ'ဆိုသော စကားကဲ့သို့ ဟစ်အော်သံကိုပင် ဆိုလိုသော ပေါရာဏစကား ဖြစ်ပါသည်။

'သွေးသီတသုန်' ဆိုရာ၌ 'သွေးသီ'ဆိုသည်မှာ ပြောဆိုခြင်း၊ 'ကသုန်' မှာ အထူးဖြစ်၍ အထူးပြောဆိုခြင်း၊ ချီးမွမ်းခြင်းကို ဆိုလိုပါသည်။

'သုံးလူ့ဘော်လည်း၊ လာတော်မူပြီ၊ စသည်မေးရှောင်' ဟူသော အပိုဒ်ကို ကြံဆပုံလည်း မလွဲပါ။ လူသုံးပါးတို့၏ အာဘော် သုံးလူ့ဘ ဟူ၍ ဤနေရာ၌ မဆိုပါ။ 'ဖြစ်တော်မူသော မြတ်စွာဘုရားလည်း ကြွလာတော်မူပြီးလျှင် အလျှံထိန်ထိန် ထွန်းသော ရှားမီးကျီးကဲ့သို့ သမ္မာညုတဉာဏ်၏ တည်ရာ ရွှေနှလုံးတော်က ရင့်ပြီးသော ပညာဆီမီးနှင့် ပြည့်စုံသည့် ဟတ္ထိပါလဇာတ်ကို ထင်ရှားစွာ ဟောတော်မူလို၍ ကာယနုတ္ထ အစချီသော ဂါထာဖြင့် အဘယ်မည်သော စကားဖြင့် စည်းဝေးကြသနည်း။ ငါ လာတော်မူခြင်းကြောင့် သင်တို့စကား အပြီးသို့ မရောက်သတည်းဟု မေးတော်မူ၏' ဤသို့ ပြန်ဆို ရပါမည် (ထင်သည်။)

'သဒ္ဓါလျူလျူ' ဆိုသည်မှာ 'စေတနာ သဒ္ဓါဗရပ္ပဖြင့်'ဟု ဆိုလိုပါသည်။ 'ရင်းနှစ်ပညာ'မှာ 'ရင့်နှစ်ပညာ'ဟု ဆိုမှ မှန်ပါမည်။ 'ဘုရားဖြစ်ရာဖြစ်ကြောင်း ပညာအရင့်အနှစ်ကို ရှာဖွေစဉ်ကပင်'ဟု ဆိုလိုပါသည်။ 'လျာဏထားမှ'ဟု ဆိုသော စကားမှာ အစပြောထားခြင်းကို ဆိုလိုပါသည်။

ဦးချစ်မောင်သည် နေ့စဉ် သတင်းစာလုပ်ငန်းဖြင့် မအားလပ်သည့်ကြားမှပင် ထိုသို့ မတင်တင် မေးမြန်းသော ပျို့ကဗျာများကို ညှာန်ကြား သင်ကြားပို့ချပေးသည့် စာများ၊ အင်္ဂလိပ်-မြန်မာ စာညှာန့်ပေါင်းစုံဖြင့် ဗဟုသုတ ဟင်းလေးအိုးကြီးသဖွယ် ဖတ်၍ မငြီးအောင် ရေးသားထားသည့် စာများကို အဆက်မပြတ် ပေးပို့နိုင်ခဲ့သည်ကို ကြည့်လျှင် စာပေဗဟုသုတ မည်မျှ ကုံလုံကြွယ်ဝနေကြောင်း သိသာ ထင်ရှားပေသည်။

ဂျာနယ်ကျော် မမလေးက ဦးချစ်မောင်၏ ပညာဉာဏ် ကြီးမားပုံကို-

'မြန်မာစာပေဘက်တွင် အတိမ်အနက် ကျွန်မဉာဏ်နှင့် မှန်းကြည့်သည်။ အဘက်ဘက်က ဆည်းပူးနှံ့စပ်လာသူဟု ထင်မှတ်လိုက်သည်။ ဗေဒင်၊ ဆေးကျမ်း၊ ပျို့၊ ကဗျာ၊ တရားမမှတ်နှာ၊ ပိဋကတ်တွေနှံ့ကျွန်မ၌ မရှင်းလင်းဘဲ သံသယဖြစ်နေသည်ကို ဆိုင်ရာ အဘက်ဘက်က

www.burmeseclassic.com

www.burmeseclassic.com

ကိုးကားလျက် လေးလေးနက်နက် အကျယ်တဝင့် ရှင်းလင်းပြောကြား ပြသပေးသည်။ ဤအခါတွင် သူ့အား ရဟန်းဝါကော် ရခဲ့ရော့သလား ဟု အောက်မေ့ရတော့မလောက် ဖြစ်သည်။ ရာဇဝင်၊ ဘောဂဗေဒ၊ လက်ာ၊ ဝတ္ထု၊ ကမ္ဘာနိုင်ငံရေးများနှင့် စပ်ဆိုင်နေလျှင် အနောက်နိုင်ငံ စာရေးဆရာကြီးများနှင့် အနောက်တိုင်း နိုင်ငံပေါင်းစုံတို့၏ အနေအခင်း၊ အယူအဆ၊ အမူခလေ့၊ အဖြစ်အပျက်တွေကို တိုက်ဆိုင်တိုင်း အင်္ဂလိပ်လို ကိုးကားသုံးနှုန်း ပြောဆိုပုံများသည် စကားလုံး ခက်ခဲလွန်း၍ အချို့ကို နားမလည်ပေ။ ဝေဝေဆာဆာ ပြောဆိုနိုင်ပုံတို့ကြောင့် အင်္ဂလန်၊ အိုင်းရစ်၊ ပြင်သစ် စသည့် အနောက်နိုင်ငံတွေကို ရောက်ဖူးပေါက်ဖူးသလို အောက်မေ့ ထင်မှတ်လောက်အောင် ပြောနိုင်ပေသည်' ဟူ၍ ရေးဖွဲ့ထားသည်ကို တွေ့ရသည်။

(၃)

အင်ဒိုဘားမား ဆေးဆိုင်တွင် ဦးချစ်မောင်နှင့် မတင်တင်တို့ တွေ့ဆုံခန်းကား ဦးချစ်မောင်၏ စရိုက်သဘာဝကို ထင်းခနဲ မြင်အောင် ကွင်းကွင်းကွက်ကွက် ဖော်ပြထားသည်ဟု ဆိုချင်သည်။ ဆရာကြီး ဒဂုန်တာရာက ထိုအခန်းသည် ဝတ္ထုတစ်ပုဒ်လုံး၏ အချက်အချာ ဖြစ်သည်ဟု ဆိုခဲ့သည်။ ဂျာနယ်ကျော် မမလေးက သူ စတွေ့မြင်ရသော ဦးချစ်မောင်၏ ရုပ်ပုံလွှာကို ဖော်ပြထားသည်ကို သရုပ်ပီသလှသည်။ ဦးချစ်မောင်သည် မည်သို့သော လူဖြစ်သည်ဆိုသည်ကို ထိုတွေ့ဆုံခန်းကို ဖတ်၍ ချက်ချင်း သိရှိနိုင်သည်။ ကြည့်ပါ။

ဤခန်းတွင် လူရှင်း၍နေသည်။ ဆရာဝန်မလည်း နှုတ်ဆက်၍ အပေါ်သို့ တက်သွားလေပြီ။ ကျွန်မလည်း တစ်ဦးတည်းရှိ၍ ခုံပေါ်က ရန်ကုန်ဂေဇက်သတင်းစာကို ဖြန့်ဖတ်ရင်း အယ်ဒီတာ အလာကို စောင့်နေသည်။

ခဏကျ ဟောက်ပက်နေသည့် မျက်နှာပေါ်၌ မျက်မှန်ထူထူကြီး တပ်လျက် ဟောင်းနွမ်း၍ ပုံတိုင်းမကျသည့် ပင်နီအင်္ကျီ ထူကြမ်းကြီးကို ဝတ်ထားကာ အဆင်မပေါ်သည့် ပိုးလုံချည် တစ်ပတ်နွမ်းဖြင့် ကမ္ဘာ့ဥာန်ရုပ် ပေါက်နေသည့် လူတစ်ယောက် ကျွန်မဘေးတွင် ရပ်နေသည်ကို ကျွန်မ မမြင်သေး။ ဆေးဝယ်သည့် ကုလားက ဆေးစပ်ရာမှ မေးထိုးပြလိုက်သည်ကို ကြည့်မိ၍သာ သူ့ကို ကြည့်မိတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

"မတင်တင်ဟာ ခင်ဗျားပဲနော်"ဟု မေးမေးချင်း သူ့အားလည်း အယ်ဒီတာ ဦးချစ်မောင်မှန်း သိလိုက်သည်။

သူ၏ ဟောက်ပက်ပက် ဖြစ်နေသော မျက်နှာနှင့် ဖြူဆွတ်နေသော ဆံပင်တို့ကို ကြည့်ကာ မုချဇကန် အသက် ၃၀ ကျော် ၄၀ ဆီသို့ လျင်မြန်သော အဟုန်ဖြင့် ချဉ်းကပ်နေသူ တစ်ဦးဟု ထင်မှတ်လိုက်သည်။ တည်ကြည်ခန့်ညား၍ လေးစားကြည်ညိုလောက်သော ရင့်ကျက်သည့် ဣန္ဒြေကြောင့် ခန့်မှန်းသည့် အသက်ထက်ပို၍ ကြီးချင်ကြီးနေဦးမည်ဟုလည်း အောက်မေ့လိုက်သည်။ မျက်မှန်ထူထူကြီးအောက်မှ စူးရှထက်မြက် တောက်ပနေသော မျက်လုံးနှင့် လက်ဝါးတစ်ဝါးမက ကျယ်သည့် နဖူးပြင်ကျယ်ကြီးကသာ ပညာဉာဏ်ရင့်သန်ထက်မြက်မည့်သူ တစ်ဦးဟု ကမ္မဋ္ဌာန်းရုပ် အသရေကို ဆယ်ပေးနေသကဲ့သို့ ရှိသည်။ သူ့မျက်နှာသည် ကြည်ကြည်လင်လင် ရှိနေသည့် မျက်နှာမျိုးကဲ့သို့ မဟုတ်ဘဲ သူ့မျက်နှာတစ်ပြင်လုံး ထူးထူးခြားခြား မှောင်နေသည့် အခြင်းအရာကြောင့် ပျိုနုသည့် အရိပ်အယောင်ကို မမြင်ရပေ။

ဆင်ယင်ဝတ်စားပုံတွေမှာ သူနှင့် ဂိုက်မကျ ဆိုက်မကျနှင့် ကိုးရိုးကားရား ရှိသော်လည်း သပ်သပ်ရပ်ရပ် ဝတ်ထားသည်။ အဝတ်အထည်များကား ပင်နီကြမ်း တစ်ပတ်နွမ်း၊ ပိုးလုံချည် အဆင်မရှိ အထည်နှင့် ဖြစ်၍ ကိုယ့်ကိုယ် ကိုယ် ပစ်စလတ်ခတ်ထားသူ၊ ကြွားကြွားဝင့်ဝင့် မရှိသူ တစ်ယောက်မှန်း သိရသည်။ အဝတ်အထည်ကို ကြည့်၍ လူတစ်ယောက်ကို ဆုံးဖြတ်ကြစတမ်း ဆိုလျှင် အိတ်ထဲတွင် ၅ ကျပ်မျိုး၊ ၁၀ ကျပ်မျိုးမှ ထည့်မှ ထည့်နိုင်မည့် လူစားမျိုး မဟုတ်သကဲ့သို့ တွေ့ရသည်။

သူ့လက်ထဲတွင် အိမ်တော်ရာ ပုသိမ်ထီးကြီးညပ်၍ ခြေထောက်တွင် ဘုန်းကြီးစီး ဖိနပ်ကြီး စွပ်ထားခြင်းကြောင့် ခေတ်ပညာတတ် လူတစ်ယောက်ပါဟု ဘုရားစူးကျမ်းစူး ကျိန်တွယ်ပြောရတော့မလောက် ဘုန်းကြီးလူထွက်ကြီးနှင့် အလွန်တရာ တူလှသည်။

ဦးချစ်မောင်သည် ပညာဉာဏ် ကြီးမားသလောက် အလွန်ရိုးသောသူ ဖြစ်သည်။ လူမှုဆက်ဆံရေး မကျွမ်းကျင်။ တစ်ဖက်သားကိုလည်း အလွန်အားနာသူ ဖြစ်သည်။

* * *

www.burmeseclassic.com

အင်ဒိုဘားမား ဆေးတိုက်တွင် ဦးချစ်မောင်သည် တစ်နာရီကျော်ကျော် မျှ တုတ်တုတ်မျှ မလှုပ်ဘဲ အလိုက်မသိစွာ ထိုင်နေ၍ မတင်တင် (ဂျာနယ် ကျော် မမလေး)က လူချင်းခွဲရန် အရိပ်လက္ခဏာ ပြသော်လည်း အရိပ်လက္ခ ဏာကို ဘိတ်သိတ်သား နားမလည်သကဲ့သို့ စိုက်မိထားရာကိုသာ စိုက်မြဲ စိုက်ကြည့်နေပုံ၊ မတင်တင်ခမျာ ဆေးတိုက်မှာ ကိုယ့်အိမ်ကိုယ့်ရာ မဟုတ်၍ မိမိက ထပြန်သွားချင်သော်လည်း ဦးချစ်မောင်က သူ့ဆီ လာရောက် တွေ့ ဆုံခြင်းဖြစ်၍ ပြန်ရန် ခက်ပုံ၊ တစ်မိနစ်ထက်တစ်မိနစ် အနေကျပ်ကာ စိတ်ကသိ ကအောက် ဖြစ်ရပုံ၊ နောက်ဆုံး ဦးချစ်မောင်၊ နက်ဖြန်မှ တွေ့ကြသေးတာပေါ့၊ ကျွန်မ တည်းတဲ့အိမ်က ထမင်းစားစောင့်နေကြမှာမို့ ကျွန်မ ပြန်ဖို့ရာ ခွင့်ပြုပါ' ဟု ပြောဆိုလိုက်မှ 'ကောင်းပါပြီ'ဟုဆိုကာ သွက်သွက်လက်လက်ကြီး ထလျှောက် ထွက်သွားပုံတို့ကို ရေးဖွဲ့ထားသည်မှာ ဦးချစ်မောင်အား ပထမတွင် အလိုက်မသိသောသူဟု ထင်မှတ်စရာ ရှိသည်။ သို့သော် တစ်နေ့တွင် မတင်တင် ထံ လာလည်သော ဦးချစ်မောင်အား ညဉ့်နက်လှပြီ ဖြစ်၍ ပြန်စေလိုသောကြောင့် မသိတတ်သည်ကို သိတတ်အောင် လုပ်လွှတ်လိုက်မည် ဟူသော ရည်ရွယ်ချက် ဖြင့် စကားရှာကာ–

"ဦးချစ်မောင်နဲ့ ဆေးတိုက်မှာ ပထမဆုံး တွေ့ကြတုန်းက ကျွန်မ ပြန်ဖို့ရာ အရင်လိုလို့မို့ ဦးချစ်မောင်ကို အတင်းခွင့်တောင်း နှုတ်ဆက်ပြီး လူချင်းခွဲရတာ ဘယ်လိုများ အားနာမိမှန်း မသိဘူး၊ ရိုင်းတယ်လို့ ထင်ရင်လည်း ခံရမှာပဲ၊ ကျွန်မမှာ ကိုယ့်အိမ်ကိုယ့်ရာ မဟုတ်လို့"ဟု ပြောဆိုလိုက်သော စကားအား ဦးချစ်မောင် ပြန်ဖြေလိုက်ပုံကို ကြည့်လျှင် ဦးချစ်မောင်သည် အလိုက်မသိသူဟု ထင်မှတ်ချက်သည် လုံးဝမှားသွားပြီး ဦးချစ်မောင်အား တစ် ဖက်သားကို အလွန်အားနာသူ၊ အလွန် ရိုးသားသောသူ တစ်ယောက်မှန်း သိသာလောက်ပေသည်။

"မထင်ပါဘူး၊ မထင်ပါဘူး၊ ဒီတုန်းက ကျွန်တော်လည်း ထပြန်ချင်ပါ တယ်၊ တိုက်မှာ အလုပ်တွေက အများကြီးရှိလို့ မတင်တင်ကို ပြန်ပါရစေလို့ ခွင့်တောင်းရမှာ အားနာလွန်းလို့ အောင့်ထိုင်နေရပါတယ်"

"အို–အို၊ အခုရော"

"တိုက်ကတော့ ကျွန်တော့်ကို စောင့်နေကြမှာပဲ"

www.burmeseclassic.com

ပြန်ရောပေါ့၊ ဘယ့်နယ် အိမ်ရှင်က အခွင့်ပြုမှ ပြန်ရတယ်ဆိုရင် အိမ်ရှင်အဖို့ ပြန်ပါ ပြောရတာ ရိုင်းနေတာပေါ့"

"ကျွန်တော် အိမ်မလည်တတ်လို့ ဒီလို မထင်မိပါဘူး၊ ထပြန်တဲ့လူက ရိုင်းတယ်လို့ချည်း မှတ်နေပါတယ်၊ ဒါဖြင့်ရင် အခု ကျွန်တော် သွားနိုင်တယ်ပေါ့နော်"

ဤသည်ကို ကြည့်ခြင်းအားဖြင့် ဦးချစ်မောင်သည် အလွန်ရိုးသော လူတစ်ယောက်ဖြစ်မှန်း သိသာသည်။ အိမ်လည်ရာတွင် ပြန်မည်ဟု ပြောရမှာ အားနာသဖြင့် အကြာကြီး နေပုံမှာ သူအားနာသဖြင့် တစ်ဖက်သားမှာ ညဉ့်နက်ခံရသည်က ပို၍ အားနာစရာ ကောင်းလှသည်ကို မသိရှာပေ။ ထို့ကြောင့်ပင် ဂျာနယ်ကျော် မမလေးက ဦးချစ်မောင်အား–

"သူသည် ဆန်းလွန်းသော လူရိုးတစ်ယောက်၊ သူသည် ရိုးလွန်းသော လူဆန်းတစ်ယောက်၊ သူမှ သူ" ဟု အံ့သြစွာ မှတ်ချက်ချခဲ့လေသည်။

ထို့ပြင် ဦးချစ်မောင်က မတင်တင်အား စာအုပ်ဆိုင်သို့ လိုက်ပို့ပါရစေဟု ပြောပြီးမှ တမင် လိုက်မပို့နိုင်ကြောင်း၊ သူလိုက်ပို့လျှင် သူသည် မိန်းမနှင့် အလွန်ကင်းသူမို့ သူများ မြင်သွားကာ သူ့သိက္ခာ ကျတော့မည် ဖြစ်ကြောင်း ရိုးရိုးစင်းစင်းကြီး ဖွင့်ပြောခဲ့သည့် အခန်းဆိုလျှင် ဦးချစ်မောင်၏ ကိုယ်ကျင့်တရားကို သိမြင်ရပေသည်။

"ထိုအချိန်က ကျွန်မ လွန်စွာ ခံပြင်းခဲ့သည်။ ခံပြင်းလွန်း၍ သူနှင့် မတွေ့ဘဲ ရှောင်နေလိုက်သည်။ ဤတွင် သူ့အမှားကို သူဝန်ချ၍ တောင်းပန်ပုံကား သူ့ကို ခွင့်လွှတ်ပါ၊ သူ့ကို ခွင့်လွှတ်သည် ဆိုလျှင် သူနှင့်အတူ ရပ်ရှင်လိုက်ကြည့်ပါ၊ သူ့ကိုယ်သူ ဤနည်းဖြင့် အပြစ်မပေးရလျှင် မနေနိုင်လို့ လက်ခံပါ" ဟူ၏။ ခွင့်လွှတ်ရန် ဤနည်းဖြင့် တောင်းပန်ပုံမှာ နင်ပေါ်ဟယ်ဆင့်ပို၍ ဆိုးသေးသည်။

"ဗိုလ်ပုံ ပရိသတ်ရှေ့မှာ ကျွန်မကို ခေါ်သွားပြီး ရှင့်သိက္ခာ ရှင်ချပြဖို့ ရှင့်ကိုယ်ရှင် အပြစ်ပေးချင်တယ်ဆိုတာ ကျွန်မ ပရိသတ်ကကော ရှင်နဲ့အတူတွေ့လို့ ကောင်းချီးဩဘာ ပေးကြမှာတဲ့လား၊ ရှင်လုပ်ပုံက ကျွန်မကို ဗန်းပြပြီး ရှင်က အနာခံမယ်ဆိုတာ တွေးများတွေးကြည့်စမ်းပါဦး၊ ရယ်စရာကြီး၊ ရှုံ့ချင်ကိုယ်ရှင် လူရယ်စရာကြီး ဖြစ်နေတာ သိရဲ့လား"

www.burmeseclassic.com

www.burmeseclassic.com

ဤစကားလုံးများဖြင့် သူ့ကို 'အုပ်'ထည့်ချင်သည်မှာ ပါးစပ်ကို ယားနေ၏။ သူ့ကို ဤသို့ ပစ်ပစ်ခါခါ ပြောလိုက်ချင်သော်လည်း ကျွန်မစိတ်ကို ကျွန်မပြန်၍ ချုပ်ခဲ့ရ၏။ တစ်ဖက်၌ အာရုံစူးစိုက်မှုများ ကြီးမားသလောက် လူမှုရေးနှင့် မိန်းမဆက်ဆံရေးတို့၌ သူ့တွင် ချွတ်ယွင်းချက်တွေ မြောက်မြားစွာဖြင့် လူရယ်စရာ ကောင်းလောက်အောင် ဖြောင့်စင်းသည့် လူရိုးကြီးပါလားဟု ဆင်ခြင်မိသည်။ ဤဆင်ခြင်မှုကြောင့် သူ့အပေါ်၌ ကရုဏာစိတ်တွေ သီးခဲသွားကာ ကျွန်မစိတ်ကို ကျွန်မ ပြန်ချုပ်လိုက်နိုင်ပြီးလျှင် သူနှင့်အတူ ရုပ်ရှင်လိုက်ကြည့်ရန် ရဲရဲကြီး ဆုံးဖြတ်လိုက်ရသည် ဟူ၍ ရေးသားခဲ့လေသည်။

တစ်ခါကလည်း ဦးချစ်မောင်နှင့် မတင်တင်သည် စာအုပ်ဆိုင်မှ မြင်းလှည်းစီး၍ ပြန်လာရာ မြင်းလှည်းပေါ်တွင် မတင်တင်အား လက်ဖဝါးကို ဖြန့်စေပြီး သူ့လက်ညိုးနှင့် လက်ဖဝါးအလယ်ကို ထောက်ကာ စိတ်ဝင်စားစွာ စိုက်ကြည့်နေလေသည်။ မတင်တင်က ဦးချစ်မောင်အား လက္ခဏာ ကြည့်နေသည် ထင်မှတ်၍-

"ဘယ်လိုမြင်သလဲ၊ ဟောစမ်းပါ"ဟု မေးရာ သူသည် လက္ခဏာ ကြည့်နေသည် မဟုတ်ကြောင်း၊ ရွေပိန်သောင်းက "ဒီလိုပဲ မိန်းမလက်ကို ကိုင်ရတယ်" ပြောလို့ ကိုင်ကြည့်ခြင်းဖြစ်ကြောင်း ပြောဆိုခဲ့လေသည်။ ဤသည်ကို ထောက်ရှုလျှင် ဦးချစ်မောင်သည် မည်မျှ ရိုးသားသူဖြစ်ကြောင်း သိသာနိုင်ပေသည်။

ဦးချစ်မောင်သည် ထင်ပေါ်ကျော်ကြားမှုကို အလျဉ်းအလိုမရှိသူ ဖြစ်သည်။ မတင်တင်က မြန်မာ့အလင်းသတင်းစာ တစ်စောင်လုံးကို ဦးစိန်းတာဝန်ခံ၍ စိမ်ထုတ်ဝေနေသည်ဟု အထင်နှင့် ဦးစိန်းကို ထပ်တလဲလဲ ချီးကျူးစကား ပြောစဉ်က သူလုပ်နေကြောင်း၊ ဦးစိန်း မဟုတ်ကြောင်းကို လုံးဝမပြောဘဲ နေနိုင်လိုက်သည့် စိတ်ဓာတ်မှာ ချီးကျူးဖွယ် ဖြစ်သည်။ အမှန်မှာ ဦးစိန်းမှာ အယ်ဒီတာချုပ် ဟူသော အမည်သာရှိကာ တိုက်သို့ မလာတော့ဘဲ သူသာလျှင် သတင်းစာ တစ်စောင်လုံးကို တာဝန်ခံ၍ အယ်ဒီတာချုပ် အလုပ်ကို လုပ်နေရသူ ဖြစ်သည်။ တိုက်အုပ်က အယ်ဒီတာချုပ် ဦးချစ်မောင်ဟု သူ့အား နာမည်ပြောင်းလွဲပေးလိုသော်လည်း သူက မပြောင်းလွဲပေးရန်နှင့် ဦးစိန်း မသေမချင်း ဦးစိန်း နာမည်ကိုသာ တပ်ထားဖို့ တောင်းပန်ခဲ့သည်ဟု ဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com

အထူးသဖြင့် ဦးချစ်မောင်သည် တစ်ဖက်သားကို အလွန်အားနာတတ်သည်။ ညာတာတတ်သည်ကို တွေ့ရသည်။ တစ်နေ့တွင် သူသည် ရေကျော်ရပ်၊ နှင်းပန်းလမ်းရှိ သူ့အိမ်သို့ ပြန်လာစဉ် မိုးသည်းနေ၍ လူတစ်ယောက် သူ့ထီးအောက်သို့ ခိုဝင်လာခဲ့သည်။ ဦးချစ်မောင်သည် မိုးခိုလာသူ မိုးမစိုရအောင် ထိုသူဘက်သို့ ထီးကို ညွှတ်၍ မိုးပေးခဲ့သည်။ မိုးပိုသည်းလာ၍ သူတို့နှစ်ယောက် ရန်ကုန်ဂေဇက် သတင်းစာတိုက်အောက်သို့ ဝင်ကာ မိုးခိုခဲ့သည်။ ထိုအချိန်တွင် မိုးခိုသူက သူ့အိတ်ထဲမှ ပိုက်ဆံအိတ်ကို တဖြည်းဖြည်း ဆွဲထုတ်ယူနေသည်ကို သိလိုက်ရသည်။ သို့သော် သူသည် သူသိသည်ကို ထိုသူ မမြင်အောင် တစ်ဖက်သို့ ငေးပေးလိုက်ရသည်။ သူ့ပိုက်ဆံ ၁ ကျပ်နှင့် ၅-ပဲ ပါရှိသွားလေသည်။ ဦးချစ်မောင်၏ တစ်ဖက်သားအပေါ် ထားရှိသည့် မေတ္တာတရားကို တွေ့မြင်လိုက်ရသည်။

ဦးချစ်မောင်နှင့် အလွန်ရင်းနှီးသော ပန်းချီဆရာကြီး ဦးအုန်းလွင်ကလည်း ဦးချစ်မောင်၏ တစ်ဖက်သားအပေါ်တွင် အလွန်တရာ အားနာတတ်မှုနှင့် ပတ်သက်၍ ဂျာနယ်ကျော် မမလေးအား ဤသို့ ပြန်လည်ပြောပြခဲ့သည်ကို ဖတ်ရှုရသည်။

"ဒီလူတော့ ကျွန်တော် တစ်ခါတည်း ဆွဲတောင်ထိုးချင်တဲ့စိတ် ဖြစ်မိတယ်။ ဒီတုန်းက သူတို့ နှင်းပန်းလမ်းမှာ နေပါတယ်။ သူ့အိမ်မှာ လူစုံပဲ၊ တချို့လည်း အလုပ်ရှိတယ်၊ တချို့လည်း အလုပ်မရှိကြဘူး။ သူ့လခကို မှီပြီး သူ့အိမ်မှာ လာစားနေတဲ့လူတွေ များတယ်။ သူ အလုပ်တိုက်က ပြန်တဲ့အချိန်က ည ၂ ချက်၊ ၃ ချက်မှ ပြန်တယ်။ ကျွန်တော်လည်း သူ့အိမ်မှာပဲ နေတယ်။ တစ်ညတော့ သူပြန်လာတယ်။ အိမ်တံခါးကို သူလာရင် တွန်းဝင်နိုင်အောင် စေ့ရုံ စေ့ထားနေကျပဲ။ သူဘာလုပ်သလဲ သိရဲ့လား၊ ဖြည်းဖြည်းလေးဗျ၊ တံခါးကို အသာတွန်းပြီး အသံမကြားအောင် သူဝင်လာတယ်။ ကျွန်တော်လည်း အိပ်ရာကနေ ကြည့်နေတယ်၊ သူ့လက်ထဲမှာ မုန့်လေးပွေတွေ ပါလာတယ်။ ပုံပန်းကတော့ အားလုံးစားဖို့ သူဝယ်ခဲ့တာပဲ။ နောက် ဒီလူ ဘယ်ပျောက်နေပါလိမ့်လို့ သိလည်း သိချင်တာနဲ့ အပြင်လည်း ထွက်ချင်တာနဲ့ ထတော့ လားလား သူက နောက်ဖေးဘက်မှာ မုန့်လေပွေ ထိုင်စားနေတယ်၊ ကျုပ်က 'ခင်ဗျား ဘယ့်နယ် ဒီနောက်ဖေးမှာ လာစားနေသလဲ၊ အိမ်ထဲမှာ ဘာဖြစ်လို့ မစားသလဲ'

www.burmeseclassic.com

လို့ မေးတော့ 'မုန့်လေပွေဝါးရင် အိပ်နေတဲ့လူတွေ နိုးမှာ စိုးလို့တဲ့'၊ ကျုပ်ဗျာ မုန့်လေပွေ အသံထွက်မှာ ဒီလောက် စိုးရသလားလို့ ဆွဲကို ထိုးချင်တာပဲ"

(၄)

အိမ်ထောင်သည် ဘဝတွင် တစ်နေ့၌ မတင်တင်လက်ထဲ ပိုက်ဆံတစ်မတ်သာ ကျန်တော့၍ ထမင်းဟင်း မချက်နိုင်ဖြစ်ကာ လင်သား ဦးချစ်မောင်အား မသိစေဘဲ နေမကောင်း၍ ထမင်းမချက်နိုင်သောကြောင့် အပြင်တွင် ထမင်းလက်သုပ် စားရအောင် ခေါ်ပုံ၊ ပိုက်ဆံတစ်မတ်ဖြင့် နှစ်ယောက်စား၍ မဖြစ်နိုင်သောကြောင့် 'ရင်ပြည့်နေလို့' ဟု ဆိုကာ မိမိ အငတ်ခံကာ လင်ယောက်ျားကိုသာ ဝယ်ကျွေးပုံတို့ကို ဖတ်ရသည်မှာ ရင်နင့်ဖွယ် ဖြစ်သည်။ ဂျာနယ်ကျော်မမလေး၏ ဦးချစ်မောင်အပေါ် မေတ္တာတရား ကြီးမားပုံကိုလည်း လှမ်းမြင်လိုက်ရသည်။

'သူလိုလူ'တွင် သတင်းစာသမားကောင်း ပီသသော ဦးချစ်မောင်၏ ရုပ်ပုံလွှာကို ထင်ထင်ရှားရှား တွေ့မြင်ရသည်။ နေ့ဘက်၌ ရှိသမျှ အချိန်မှာ သူအလုပ်လုပ်သော မြန်မာ့အလင်း သတင်းစာတိုက်တွင် လာသမျှ ည့ဲသည် ပရိသတ်ကို ည့ဲခံ၍ တိုင်းရေး၊ ပြည်ရေး၊ မြို့ရေး၊ ရွာရေးများကို ဆွေးနွေးရခြင်း၊ နောက်တစ်နေ့ထွက်မည့် သတင်းစာတွင် ပါရမည့် ခေါင်းကြီး၊ ခေါင်းကလေးမှစ၍ အကျိုးဆောင် သတင်းထောက်များ၊ ဆောင်းပါးရှင်များက ရေးသားပေးပို့သည့် စာအစောင် ၁၀၀ ကျော်ကို ဖောက်ဖွင့် ဖတ်ရှု၍ နေသားတကျ ပြုလုပ်ရခြင်း စသည့် အလုပ်တို့ဖြင့် အချိန်ကုန်စေလျက် ညဘက် ရှိသမျှ အချိန်မှာလည်း ကမ္ဘာအရပ်ရပ်ထုတ် သတင်းစာကြီးများမှ စပြီး နောက်ဆုံး ပေါ် စာအုပ်ကြီးငယ်များအထိ တိုင်းသူပြည်သားများအား တစ်ဆင့် ဖောက်သည် ချနိုင်လေအောင် မပြတ်မလပ် လက်က မချဖတ်ရှုရခြင်း၊ ဝင်ငွေ သုံးလောက် စေရန် တစ်ဖက်တစ်လမ်းမှ ဝတ္ထု၊ ဆောင်းပါး၊ ခေါင်းကြီးများကို အင်္ဂလိပ်လို တစ်မျိုး၊ မြန်မာလို တစ်ဖုံ ရေးသားရခြင်း စသည်တို့ဖြင့် နေ့စဉ်နေ့တိုင်း တစ်နေ့ ၂၄ နာရီတွင် တစ်နေ့နေ့ အိပ်စက်ရန် သူ့အတွက် နံနက် ၄ နာရီမှ ၆ နာရီအထိ ၂ နာရီသာ အနားရသူ ဖြစ်သည်။

နေ့စဉ်နေ့တိုင်း တိုင်းပြည်၏ စီးပွားရေး၊ ကြီးပွားရေး၊ သာသနာရေး၊ နိုင်ငံရေး၊ လူမျိုးရေးတို့ကို ဝေဖန်နည်းညွှန် ရေးသား၍ အစိုးရအပေါ် ကွင်းလည်း

www.burmeseclassic.com

www.burmeseclassic.com

ပြစ်တင်ရှုတ်ချစရာရှိက မထောက်မညှာ ပြစ်တင်ရှုတ်ချကာ မှန်ရာမှန်ကြောင်း သို့ လမ်းကောင်းညွှန်ပြပေးလေရာ ထိုစဉ်က မြန်မာ့အလင်းသတင်းစာ၏ ဘုန်းတန်ခိုးမှာ ဖိန့်ဖိန့်တုန်အောင် အာဏာရှိနေသော အစိုးရအဖွဲ့နှင့် စင်ပြိုင်တန်ခိုးအာဏာ ရှိခဲ့လေသည်။

မြန်မာ့အလင်းက ယနေ့ ရေးလိုက်လျှင် နောက်တစ်နေ့တွင် မည်သည့် အစိုးရမှ ပေါ့ပေါ့ဆဆ အမှတ်မထားဝံ့ဘဲ ဆိုင်ရာ ဌာနတို့မှ လေးလေးစားစား လိုက်နာလုပ်ကိုင်ပေးရသည်အထိ ခရီးရောက်နေသောကြောင့် 'သတင်းစာဟာ စင်စစ် ကလောင်နဲ့ အုပ်ချုပ်နေတဲ့ Government ပဲ'ဟု ဦးချစ်မောင်က ပြောခဲ့ခြင်း ဖြစ်သည်။

ဦးချစ်မောင်သည် သတင်းစာ ကြီးပွားရာက ကြီးပွားကြောင်းအတွက် သူ့တစ်ကိုယ်လုံးကို တစ်ချိန်လုံး ပေးအပ်ထားရုံသာမက သူ ဆည်းပူးလေ့လာမှတ်သားသမျှ ပညာအရပ်ရပ်မျှားကိုလည်း သတင်းစာ ကြီးပွားရာ ကြီးပွားကြောင်းအတွက်သာ အစွမ်းကုန် အသုံးချနေသူ ဖြစ်သည်။

ဦးချစ်မောင်သည် သတင်းစာဆရာ အယ်ဒီတာဘဝ၌ သတင်းစာအတွက်သာ ကြိုးပမ်းအားထုတ်နေရုံတွင် မဟုတ်ဘဲ တိုင်းရေးပြည်ရာ အုပ်ချုပ်နည်း လုပ်ငန်းစဉ် အရပ်ရပ်တို့ကိုလည်း နေ့ညမပြတ် ဆည်းပူးမှတ်သားရှာဖွေစုဆောင်းနေသူ ဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံနှင့်တကွ နိုင်ငံအသီးသီးမှ ဘဏ္ဍာရေးကို လေ့လာစူးစမ်း ဆည်းပူးသည်။ ထို့ကြောင့် သူ့အား ဇနီးဖြစ်သူ မတင်တင်က "ဘဏ္ဍာရေးဝန်ကြီး လုပ်မလို့လား"ဟု မေးရာ "ဒီလို မဟုတ်ပါဘူး တင်လေးရဲ့၊ အယ်ဒီတာဆိုတာ အကုန်နဲ့စပ်ရတယ်၊ လွတ်တော်ထဲမှာ ရှိနေတဲ့ ဝန်ကြီးတွေထက် အုပ်ချုပ်မှုကို နားလည်ရင် ပိုကောင်းတယ်၊ တိုင်းပြည်ကောင်းရာ ကောင်းကြောင်း ဖြစ်အောင် တိုင်းပြည်ပေါ်မှာ တိုင်းပြည်ဘက်ကနေပြီး အမှားအမှန် လမ်းမှန်ညွှန်ပြနေရတဲ့ အယ်ဒီတာဟာ သူတို့ထက် အရည်အချင်း ညံ့လို့ မဖြစ်ဘူး"ဟု ပြန်လည် ပြောကြားခဲ့သည်။ ဦးချစ်မောင်၏ စေတနာကို သိသာစေသည်။

စောင်ရေ တစ်သောင်းကျော် နေ့စဉ် ထုတ်ဝေနေရသည့် မြန်မာ့အလင်း သတင်းစာတိုက်ကြီးက နေ့မအား ညမအား စားပွဲခုံပေါ် အိပ်ပြီး ကျုံးလုပ်ပေးသော အယ်ဒီတာချုပ် ဦးချစ်မောင်ကို တစ်လ ၁၂၀ ကျပ်ပဲ ပေး၍

www.burmeseclassic.com

www.burmeseclassic.com

မတင်တင်က မကျေမနပ်ဖြစ်ကာ ဦးချစ်မောင်အား "ဒီလောက်ပဲ ပေးရသလား" ဟု မေးရာ "ကိုကိုလုပ်မှ စောင်ရေ သိပ်တက်ပြီး မျက်နှာဖုံးသတင်းစာကြီး ဖြစ်လာတာပဲ၊ ကိုကို့မှာတော့ ဘယ်ရွေ့ဘယ်မျှ ပေးပေး နည်းတယ်လို့ တစ်ခါမှ မတွေးမိဘူး၊ တိုင်းပြည်အတွက် ကိုယ့်စိတ်တိုင်းကျ သဘောရှိ လုပ်ရတာကိုပဲ ကျေးဇူးတင်လို့ ပြန်အမ်းနိုင်ပါသေးတယ်"ဟု ဦးချစ်မောင် ပြန်ဖြေပုံမှာ ဦးချစ်မောင်၏ သတင်းစာအပေါ် မည်မျှ သံယောဇဉ် ကြီးမားကြောင်း သိသာပေသည်။

ဦးချစ်မောင်သည် သတင်းစာသမားကောင်း ပီသစွာ မှန်သည့်ဘက်မှ ရပ်တည်သွားသူ ဖြစ်သည်။ မိမိကိုယ်ကို နှိမ့်ချသော်လည်း နယ်ချဲ့နှင့် ဆက်ဆံရာတွင် မာမာတင်းတင်း ဆက်ဆံသူ ဖြစ်သည်။

ထိုအချက်နှင့် ပတ်သက်၍ ဆရာကြီး သခင်က ၁၉၉၄ ခုနှစ်၊ ဧပြီလ ထုတ် မြဝတီမဂ္ဂဇင်းတွင် 'တစ်သက်တာ ပြည်တော်ပြန် မှာတမ်း' ဆောင်းပါး၌ ဤသို့ ရေးသားခဲ့သည်ကို တွေ့ရသည်။

တစ်ခါက မိတ်ဆွေ ရေးဖော်ကြီး ကိုချစ်မောင် မြန်မာ့အလင်း တာဝန်ခံ အယ်ဒီတာချုပ်အား ရန်ကုန်ပုလိပ်မင်းကြီး၏ အမိန့်ဖြင့် သူ့ရုံးခန်းသို့ မနက်ဖြန် အယ်ဒီတာချုပ်ကိုယ်တိုင် လာတွေ့ရန် အမိန့်စာတစ်စောင် ရောက်လာ၏။ ကိုချစ်မောင်ကား စာရေးဆရာ ပီသကာ စာပေမာနစိတ်လည်း အလွန်ကြီးသူ ဖြစ်သည်။ စာပေသတ္တိနှင့်လည်း ပြည့်စုံသူ ဖြစ်သည်။ နယ်ချဲ့ကိုလည်း အလွန်မုန်းတီးသူ ဖြစ်သည်။

ယင်းပုလိပ်မင်းကြီး၏ အမိန့်စာအရ နောက်တစ်နေ့တွင် ကိုချစ်မောင်က သတင်းစာ အယ်ဒီတာချုပ်အစား သတင်းထောက် တစ်ယောက်ကို လွှတ်လိုက်လေသည်။ သတင်းထောက်လည်း အယ်ဒီတာချုပ်၏ စေလွှတ်ချက်အရ ပုလိပ်မင်းကြီးရုံးသို့ ရောက်သွားသည့်အခါ ထိုင်စရာ ကုလားထိုင် နေရာတို့ကိုပင် မပေးဘဲ "မောင်မင်း ဘယ်သူလဲ"ဟု သတင်းထောက်၏ ပုံပန်းသဏ္ဌာန်၊ မျက်နှာနှင့် လူကဲကိုခတ်၍ ဆီးမေးလေသည်။ "ကျွန်တော် မြန်မာ့အလင်း သတင်းစာ သတင်းထောက်ပါ" ခပ်တည်တည်ပင် ပြန်ပြောလိုက်သည်နှင့် ပုလိပ်မင်းကြီးမှာ မျက်နှာများ နီမြန်းကာ "သတင်းထောက်၊ မောင်မင်း အခု ထွက်သွားပါ၊ ကျွန်ုပ် သတင်းထောက်ကို အလိုမရှိဘူး၊ ကျွန်ုပ် အယ်ဒီတာချုပ်

www.burmeseclassic.com

www.burmeseclassic.com

ကိုသာ အလိုရှိတယ်၊ သူ့ကို လွှတ်လိုက်ပါ"ဟု ကြိမ်းမောင်းပြောဆိုလိုက်၏။ သတင်းထောက်ကလည်း ခပ်တည်တည်ပင် နှုတ်မဆက်၊ အရိုအသေ မပြုဘဲ "ဟုတ်ကဲ့၊ ကောင်းပါပြီ"ဟု ခပ်တည်တည်ပင် ပြောဆို၍ လှည့်ထွက်လာခဲ့သည်။

နောက်တစ်နေ့ ပုလိပ်မင်းကြီး၏ မှာထားချက်အရ အယ်ဒီတာကိုချစ်မောင် ကိုယ်တိုင် ပုလိပ်မင်းကြီး၏ ရုံးခန်းသို့ သွားလေသည်။ သွားပုံကိုလည်း ကြည့်ဦး။ ကိုချစ်မောင်ကား ပင်နီအင်္ကျီကို အမြဲဝတ်သူ ဖြစ်သည်။ မျက်စိအားနည်းသူလည်း ဖြစ်၍ မျက်မှန်ထူထူကြီးကို တပ်ရသူ ဖြစ်သည်။ အရပ်မှာ ထောင်ထောင်မောင်းမောင်းနှင့် အသားအရောင် အနည်းငယ် ညိုသူ ဖြစ်ရာ ရခိုင်ကုလားတစ်ယောက်နှင့် တူနေသည်။

ခြေထောက်တွင်လည်း ခုံဖိနပ်ကို စီး၍ ထားသည်။ ထိုစဉ်က ဗြိတိသျှနယ်ချဲ့အရာရှိကြီးများ အခန်းသို့ဝင်လျှင် မည်သူမဆို အဝတွင် ဖိနပ်ကို ချွတ်၍ ဝင်ရသည်။ ကိုချစ်မောင်ကား သူစီးလာသော ခုံဖိနပ်ကြီးကို မချွတ်သည့်အပြင် ယင်းဖိနပ်သံကြောင့် ဂေါက်ဂက်ဂေါက်ဂက် မြည်နေသည်။ ယင်းဖိနပ်ကြီးကို စီး၍ မင်းကြီး၏ အခန်းတွင်းသို့ ရင်ကော့ကာ ကိုယ်ကို မတ်မတ်ထား၍ ဝင်သွားရာ ပုလိပ်မင်းကြီးနှင့် မျက်နှာချင်းဆိုင် တွေ့နေရတော့သည်။ ကိုချစ်မောင်ကို တွေ့လျှင် တွေ့ချင်း ပုလိပ်မင်းကြီးမျက်နှာ နီမြန်းသွား၏။ ကိုချစ်မောင်၏ မျက်နှာနှင့် တစ်ကိုယ်လုံးကို စေ့စေ့ကြည့်ကာ အလွန်ဒေါသထွက်သော အမူအရာ ပေါ်၍ လာတော့သည်။

"မောင်မင်း ဘယ်သူလဲ"ဟု အသံမာမာဖြင့် ခပ်ငေါက်ငေါက် မေးလိုက်၏။ ထိုင်စရာနေရာ ကုလားထိုင်များကိုပင် မပေးပါ။ သို့သော် ကိုချစ်မောင်ကား မပြောမဆိုဘဲ ကုလားထိုင် တစ်လုံးပေါ်သို့ အခန့်သား ဝင်၍ ထိုင်လိုက်သည်။ ထို့နောက် မြန်မာ့အလင်း သတင်းစာ တာဝန်ခံ အယ်ဒီတာချုပ် ဖြစ်ကြောင်း အင်္ဂလိပ်စကားဖြင့် ပြောလိုက်သည်။

ပုလိပ်မင်းကြီးသည် မျက်နှာများ နီမြန်းဒေါသထွက်နေကာ ယခင် သတင်းထောက်ကဲ့သို့ ကြိမ်းမောင်းဖို့လည်း ခက်၊ အော်ငေါက်လွှတ်ဖို့လည်း အခက်ဖြင့် မကျေမနပ်သော အမူအရာဖြင့် သူ့စားပွဲပေါ် စာခြင်းထဲမှ အမိန့်စာတစ်စောင်ကို ဒေါနှင့်မောနှင့် ဆွဲထုတ်ယူကာ သတင်းစာတွင် ထည့်ရန် ပြောဆိုကာ ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

"မောင်မင်း ပြန်နိုင်ပြီ"ဟု တစ်ခွန်းပြောလေသည်။ ကိုချစ်မောင်က လည်း-

"ကောင်းပါပြီ၊ ကျေးဇူးတင်ပါတယ်"ဟု အင်္ဂလိပ်စကားဖြင့် ပြန်ပြော ကာ ယခင်အတိုင်း ခုံဖိနပ်ကြီး တဂေါက်ဂေါက်ဖြင့် ပြန်ထွက်၍ လာခဲ့လေ သည်။ ယင်းအမိန့်စာမှာ မည်သည့်အကြောင်းနှင့် ပတ်သက်သည်ကို မသိရ သော်လည်း နောက်တစ်နေ့ သတင်းစာတွင် အမိန့်စာ မပါရှိပေ။ မြန်မာ့အလင်း သတင်းစာအပေါ် အာမခံငွေ နှစ်ထောင်၊ သို့မဟုတ် သုံးထောင် အာမခံငွေ တင်၍ ဒဏ်ဆောင်ရခြင်းကိုမူ မှတ်မိခဲ့သည်။

အစိုးရပိုင်းနှင့် မျက်နှာဖြူပိုင်း၍ လွဲ၍ အခြားမဲ့၌ကား သူ၏ စိတ်နလုံး ခက်ထန် မာကျောပုံများကို မတွေ့ရပေ။ အဆိပ်မရှိသော မြွေကဲ့သို့ ပုခွေ၍ နေလေသည်။

မြန်မာ့အလင်းမှ ဦးချစ်မောင်အား ထုတ်ပယ်လိုက်ပုံကို ကြည့်လျှင် လည်း ဦးချစ်မောင်၏ သတင်းစာသမားကောင်း ပီသစွာ အမှန်ဘက်က ရဲရဲ ဝံ့ဝံ့ ရပ်တည်ခဲ့ပုံကို တွေ့ရသည်။

မြန်မာ့အလင်းတွင် ဖော်ပြလိုက်သော ထားဝယ်သွားသည့် အဒမ်ဆင် သင်္ဘောကြီးအနီး ဗုံးပေါက်ကွဲသည် သတင်းနှင့် ပတ်သက်၍ ထိုသတင်းကို အစိုးရက မှားယွင်းကြောင်း ဖြေရှင်းချက် သတင်းအား သတင်းစာတွင် ထည့် ရန်ပြောရာ ဦးချစ်မောင်က သတင်းမှာ ခိုင်လုံ၍ ယုံကြည်စိတ်ချရသော သတင်း ဖြစ်ကြောင်း၊ သတင်းစာတွင် ဖြေရှင်းချက် ထည့်ရခြင်းသည် သတင်းစာ အနာဆုံးဖြစ်ကြောင်း ပြောပြီး ဖြေရှင်းချက်ကို သတင်းစာတွင် မထည့်ဘဲ ထားသည်။

ထိုကိစ္စနှင့် ပတ်သက်၍ ညတွင်းချင်းပင် ပြဿနာ ပေါ်လာတော့သည်။ သတင်းစာတိုက် မန်နေဂျင်းဒါရိုက်တာက ဦးချစ်မောင်အား ဖြေရှင်းချက်ကို သတင်းစာတွင် အမြန်ဆုံးထည့်ရန် ညွှန်ကြားလေတော့သည်။ ထိုအခါ ဦးချစ်မောင်က သတင်းစာကို တိုက်ရှင်များက ပိုင်သော်လည်း တိုင်းပြည်ကသာ ဆိုင်သဖြင့် ဤကဲ့သို့ ဟုတ်မှန်သော သတင်းများကို မြန်မာ့အလင်းသည် ဘယ်အခါကမျှ ဖုံးကွယ်ဖျောက်ဖျက်ခြင်း မရှိဟုဆိုကာ ဖြေရှင်းချက်ကို မထည့်သွင်း ဘဲ အတိုက်အခံလုပ်ပြီး အိမ်သို့ ပြန်လာခဲ့လေသည်။ ထိုညတွင်းပင် ဦးချစ်မောင်

www.burmeseclassic.com

ထံသို့ ဒါရိုက်တာ၏ လက်မှတ်ကြီးဖြင့် 'အမိန့်မနာခံ၍ ချစ်မောင်ကို အလုပ်မှ ယခုညပင် ထုတ်လိုက်ကြောင်း' ဒရဝမ်ကုလားကြီးက စာလွှာကြီး လာပို့သွားလေသည်။

မြန်မာ့အလင်းမှ ဦးချစ်မောင်အား ထုတ်ပယ်လိုက်ပြီးနောက် ဂျာနယ်ကျော်ကို စတင် ထူထောင်ပုံမှာလည်း စိတ်ဝင်စားဖွယ် ကောင်းလှသည်။

ဂျာနယ်ကျော်ကို ထုတ်ဝေနေစဉ် မြန်မာ့အလင်း တိုက်ကြီးအား အစိုးရက 'အိုင်စီအက်များ'ဟု ရေးလိုက်သော ခေါင်းကြီနှင့် ပတ်သက်၍ တစ်ချက်လွှတ် အမိန့်နှင့် ရုတ်တရက် ပိတ်ပစ်လိုက်ရာ ဦးချစ်မောင်သည် အစိုးရအပေါ်တွင် ဆတ်ဆတ်တုန် နာကြည်းပြီးလျှင် ဂျာနယ်ကျော်၌ မြန်မာ့အလင်းတိုက်အတွက် ပြင်းထန်လှသော ခေါင်းကြီးကို ရေးသားကာ မြန်မာ့အလင်းမှ အမိန့်မနာခံ၍ သူ့အား ထုတ်ပစ်လိုက်သည်ကို အမှတ်မထားဘဲ မြန်မာ့အလင်းတိုက်ကို မဖွင့်ဖွင့်အောင် ကြိုးစားအားထုတ်ခဲ့သည်။

ဦးချစ်မောင်သည် စာပေဝါသနာ ပါလွန်း၍ အယ်ဒီတာ လုပ်နေခြင်း မဟုတ်။ စာရေးခြင်း အလုပ်ကို လိုရာခရီးသို့ ရောက်အောင် သွားနေစဉ် အသုံးပြုသော ယာဉ်လောက်သာ သဘောထားသည်။ နိုင်ငံရေးစိတ်ဓာတ် ကြီးမားထက်သန်လွန်းသောကြောင့်သာ အယ်ဒီတာ လုပ်နေခြင်း ဖြစ်သည်။ သူလို လူမျိုး သတင်းစာလောကတွင် ရှိဖို့ လိုသေးသည်ဟု ဆိုကာ နိုင်ငံရေးကို မလုပ်သေးဘဲ နေခြင်း ဖြစ်သည်။ သို့သော် ဂျပန်တော်လှန်ရေး ကာလတွင် တော်လှန်ရေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလ ဗဟိုဦးစီးအဖွဲ့ဝင် တစ်ဦးအဖြစ်လည်း တာဝန် ယူခဲ့သည်ကို တွေ့ရသည်။

(၅)

ဦးချစ်မောင်၏ ဘဝနိဂုံးကား ရင်နင့်ဖွယ်ပင် ဖြစ်သည်။ ဦးချစ်မောင် သည် မတင်တင်နှင့် အိမ်ထောင်မကျမီကပင် အလွန်အရှက်ကြီးသော မကောင်း သည့်စရိုက် ရှိခဲ့သည်။ ဘေးနားတွင် လူရှိလျှင် အိမ်သာသို့ မဝင်ပေ။ ရေချိုး ရန်၊ ထမင်းစားရန်၊ နောက်ဖေးသွားရန် အမြဲသတိပေးရသည်။ အတင်း နားပူ နားဆာ လုပ်ရသည်။ မတင်တင်သည် ဦးချစ်မောင်၏ အပြုမူအကျင့်ကို အမြဲ ပြုပြင်ပေးနေရသည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးချစ်မောင်ကား လူတစ်ဖက်သားကို သူ့ကိုယ်သူ ဘေးသင့်အောင် အားနာတတ်သူ ဖြစ်သည်။ အများအကျိုး၊ အများအတွက် သက်ညှာလေသလောက် ကိုယ့်ကိုယ်ကိုယ် ရက်စက်သူ ဖြစ်သည်။ ကျန်းမာရေးကို လုံးလုံး ဂရုမစိုက်သူ ဖြစ်သည်။

ဤမကောင်းသော အကျင့်စရိုက်များ၊ ဆိုးကျိုးတရားများက နောက်ဆုံးတွင် စုပြုံကာ ဦးချစ်မောင်အား ဇီဝိန်ချုပ်သွားခဲ့လေသည်။

"ကျွန်တော် မှားခဲ့ပြီ၊ ကျွန်တော်ဟာ ငယ်ငယ်ရွယ်ရွယ် ကလေးဘဝကတည်းက အရှက်အကြောက် အလွန်ကြီးခဲ့တယ်၊ ကျွန်တော် ဆီးသွားနေတုန်းများ မနီးမဝေးက လူသံကြားရင် ဆီးသွားလို့ မရတော့ဘူး၊ ဆီးချုပ်အလွန်ခံခဲ့မိတယ်၊ ထိုင်စာရေးနေရင်း၊ စကားထိုင်ပြောနေရင်း ကျွန်တော် ဆီးသွားဖို့ရာ လုံးလုံးပဲ မေ့နေတယ်၊ အခုတော့ ဒုက္ခဖြစ်ပြီ၊ ကျွန်တော် ဆီးသွားလို့ မရတော့ဘူး"

ဦးချစ်မောင်၏ နောင်မှရသော နောင်တဖြစ်သည်။ သို့သော် နှောင်းခဲ့လေပြီ။

ဖဆပလ အဖွဲ့ကြီးက ကမကထ ပြုကာ ဦးချစ်မောင်၏ ဈာပနကို ကျင်းပသည်။ ကလေးသူငယ်မှ အစ လူထုကြီးကား ဘုရားခြေတော်ရင်း စတုဒိသာ ဧရပ်ကြီးမှ ကြံတောသို့အရောက် ခြေလျင်ပို့ကြသည်။ သူ့၌ မေတ္တာစိတ်ဓာတ် အလွန်ကြီးမားသည်နှင့်အမျှ တစ်ပြည်လုံးက မေတ္တာဓာတ် တုံ့ပြန်ချစ်ခင်ကြသည်မှာ ထင်ရှားသည်။

ဧရပ်ထဲ၌ သူ့ခေါင်းကို ရှေ့တွင် ချ၍ ဗိုလ်ချုပ်အောင်ဆန်းက–

"သူများနိုင်ငံတွေလို မလွတ်လပ်လို့ ဆေးဘက်မှာ အဆင့်အတန်းမမီဘဲ မတိုးတက် မထွန်းကားရတာကြောင့် ဒီပုဂ္ဂိုလ်ကြီး သေရတယ်"ဟု တရားဟောသည်။

"သူသည် လူနှင့်မတူဘဲ အရှိန်မပြတ် မရပ်မနား လည်လျက်ရှိသော စက်ကြီးနှင့်သာ တူသည်။ တစ်နိုင်ငံလုံးအား အလင်းရောင်ပေးရန်အတွက် ဖြစ်သော အတုမရှိသည့် လုပ်ငန်းကြီးကို ပုံသွင်းပြုလုပ်လျက် ရှိသည့် စက်ကြီးဖြစ်သည်။ နိုင်ငံတွင် အစားမကူနိုင်သော စက်ကြီးတစ်စက် ဖြစ်သည်။ ကျာနယ်ကျော် ဦးချစ်မောင် အမည်သည် အဘက်ဘက်တွင် အသိဉာဏ်ပြည့်သည့်၊

www.burmeseclassic.com

www.burmeseclassic.com

အသိဉာဏ်ကြီးသည့် ပုဂ္ဂိုလ်တစ်ဦးဟု လူအများ အဓိပ္ပာယ်ရှိအောင် ခံယူသွားသောအမည် ဖြစ်သည်။ အသိဉာဏ်၊ မေတ္တာ၊ သမာဓိတို့ကို တစ်မည်စီ ဖျော်စပ်ရေးထားသော ဂျာနယ်ကျော် ဦးချစ်မောင် ဖြစ်သည်" ဟူ၍ ဂျာနယ်ကျော် မမလေးက 'သူလိုလူ' စာအုပ်တွင် နိဂုံးကမ္မတ် အဆုံးသတ် ရေးသားဖော်ပြထားလေသည်။

(၆)

'သူလိုလူ' စာအုပ်တွင် ဖနောက်ဆက်တွဲအဖြစ် ဂျာနယ်ကျော် ဦးချစ်မောင်၏ 'နေ့စဉ်မှတ်တမ်း'ကို ဖော်ပြထားရာ လွန်စွာ တန်ဖိုးရှိလှပေသည်။ ၁၃၀၅ ခုနှစ်၊ တန်ဆောင်မုန်းလဆုတ် ၁၂-ရက်၊ ၁၉၄၃-ခုနှစ်၊ နိဝင်ဘာ ၂၃-ရက်မှ ၁၃၀၆-ခုနှစ်၊ ဝါခေါင်လဆုတ် ၁၄-ရက်၊ ၁၉၄၄-ခုနှစ်၊ ဩဂုတ်လ ၁၇-ရက်နေ့အထိ တစ်နှစ်နီးပါးအတွင်း ဂျာနယ်ကျော် ဦးချစ်မောင် ရေးခဲ့သည့် နေ့စဉ်မှတ်တမ်း ဖြစ်သည်။

ထိုနေ့စဉ်မှတ်တမ်းတွင် ထိုကာလ စာရေးသူ၏ နိုင်ငံရေးနှင့် စာပေဆိုင်ရာ အမြင်များ၊ သမိုင်းအမြင်များ၊ စာရေးသူ၏ အပေါင်းအသင်း စာရေးဆရာများ၊ နိုင်ငံရေးသမားများနှင့် စာရေးဆရာအသင်းများ အကြောင်း စသည်တို့ ပါဝင်သည်။

ဂျာနယ်ကျော် ဦးချစ်မောင်၏ နေ့စဉ်မှတ်တမ်းကို ဦးချစ်မောင် ကွယ်လွန်သည့်နှစ် ၁၉၄၆-ခုနှစ်က စာအုပ်အဖြစ် ရိုက်နှိပ်၍ အရေအတွက် ကန့်သတ်ချက်ဖြင့် အုပ်ရေ တစ်ထောင်အထိသာ ရိုက်နှိပ်လျက် သီးခြားထုတ်ဝေခဲ့ခြင်း ဖြစ်သည်။ ထိုစဉ်က နေ့စဉ်မှတ်တမ်း အဖွင့်၌ "မြန်မာနိုင်ငံတွင် လူဦးရေ အဘယ်မျှပင် တိုးတက်များပြားလာစေကာမူ ဤစာအုပ်၏ ဦးရေကား မည်သည့်အခါမျှ တိုးတက်များပြားလာမည် မဟုတ်" ဟု ရေးသားဖော်ပြထားသည်။

ဂျာနယ်ကျော် ဦးချစ်မောင်၏ နေ့စဉ်မှတ်တမ်း စာအုပ်တစ်ထောင် ထုတ်ဝေပြီးနောက် ၁၀-နှစ်ခန့် ကြာရှိလာသောအခါ၌ နေ့စဉ်မှတ်တမ်း စာအုပ်ကို မဖတ်ရှုရသေးဖူးသော ပုဂ္ဂိုလ်များက ပြန်လည် ထုတ်ဝေပေးပါရန် ဂျာနယ်ကျော် မမလေးအား အတန်တန် တိုက်တွန်းတောင်းပန်ကြသည်။ ဤစာအုပ်ကို ပြန်၍ ထုတ်လျှင် အကျိုးစီးပွားရှိမည် ဟူ၍လည်း ပြောဆိုအကြံပေးခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

ပုဂံစာအုပ်တိုက်က 'သူလိုလူ'ကို ထုတ်ဝေခွင့်ပြုရန် ပြောသောအခါ စာပေဗဟုသုတ လိုက်စားကြသော မျိုးဆက်သစ် လူရွယ်လူငယ်များအတွက် ဖတ်ရှုနိုင်ကြစေရန် စေတနာ ဖြစ်ပေါ်လာမိသည့်အလျောက် နေ့စဉ်မှတ်တမ်းကို 'သူလိုလူ'နှင့်ပေါင်း၍ ရိုက်နှိပ်ခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

ကျပန်ခေတ် တစ်ခေတ်လုံးတွင် ကျာနယ်ကျော်ကို မထုတ်ဝေဘဲ ခေတ္တ ရပ်ထားရာ ကျာနယ်ကျော် ဦးချစ်မောင်မှာ စာရေးခြင်းထက် 'စာဖတ်နှင့်စာအုံ' ခြင်း အလုပ်ဖြင့်သာ အချိန်ကို ကုန်လွန်စေခဲ့သည်။ ရန်သူ လေယာဉ်ပျံများ၏ ဘေးရန်ကြောင့် ညဘက်တွင် တစ်မြို့လုံး မှောင်ချထား၍ အိမ်များတွင်လည်း တံခါးအလုံပိတ်ကာ မီးရောင်ကို အပြင်မထွက်စေရန် အလွန်မှေးမှိန်သော အလင်းရောင်ကလေးမျှကိုသာ ထွန်းညှိထားရသည်။ ထိုညများတွင် ကျာနယ်ကျော် ဦးချစ်မောင်သည် အိမ်သူအိမ်သားများနှင့် ဝိုင်းဖွဲ့ထိုင်ကာ မိမိ ဖတ်ခဲ့ရဖူးသော စာအုပ်ပေါင်း ထောင်သောင်းတို့အနက်မှ ကောင်းနိုးရာရာ ဟူသမျှတို့ကို မနားတမ်း အန်ထုတ်၍ ပိဋကတ်တံခါးကို ဖွင့်လှစ်ရှိသည်မှာ ညစဉ်လိုလိုပင်။

ကျပန်ခေတ် တစ်လျှောက်လုံးတွင် ဦးချစ်မောင်မှာ ကျာနယ်ထုတ်ဝေရသည့် အလုပ် မရှိတော့သဖြင့် ကလောင်ကို လုံးဝ စွန့်ပစ်ထားလေတော့ရာ နေ့စဉ်မှတ်တမ်း စာအုပ်ကြီးတစ်အုပ်၊ မြန်မာပြည် ရာဇဝင်သစ် တစ်ပိုင်းတစ်စ၊ ဝတ္ထုရှည်ကြီး တစ်ပိုင်းတစ်စနှင့် အခြားစာတိုစာစ အနည်းငယ်တို့မှတစ်ပါး စာအုပ်တစ်အုပ်အဖြစ်ဖြင့် ထုတ်ဝေနိုင်ရန် အပြီးသတ် နိဂုံးချုပ်အထိ ရေးသားခဲ့သော စာမူများဟူ၍ မကျန်ရှိခဲ့သလောက် ဖြစ်ခဲ့လေသည်။

'နေ့စဉ်မှတ်တမ်းကြီး'ဟု ဆိုရာ၌လည်း ထိုမှတ်တမ်းကြီးကို ရေးစဉ်က ဦးချစ်မောင်၌ စာအုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေမည် ဟူသော ရည်ရွယ်ချက် မရှိခဲ့ပေ။ မိမိ၏ အိမ်သားများနှင့်ဖြစ်စေ၊ မိတ်ဆွေသင်္ဂဟများနှင့် ဖြစ်စေ၊ နိုင်ငံရေးခေါင်းဆောင်များနှင့် ဖြစ်စေ အချင်းချင်းတွေ့ဆုံ ဆွေးနွေးမိကြသည့် အခိုက် ပေါ်ပေါက်လာသော ပြဿနာရပ်များ၊ နိုင်ငံတော် အရေးအရာများ၊ မိမိတို့အချင်းချင်း ဆိုပြော ဆွေးနွေးခဲ့သော အကြောင်းအချက်များ၊ မိမိ၏ အယူအဆ အကြံအဆများ၊ တစ်ပါးသူ၏ အယူအဆ အကြံအဆများကို အမှတ်တရ ဖြစ်နိုင်စေရန် အချိန်ရတုန်းရခိုက်၊ အားတုန်းအားခိုက် နေ့စဉ်မှတ်တမ်းအဖြစ် ပြန်လည်ရေးသား မှတ်တမ်းတင်ထားခြင်းသာ ဖြစ်သည်။

www.burmeseclassic.com

ဦးချစ်မောင် ကွယ်လွန် အနိစ္စရောက်ပြီးနောက် ဦးချစ်မောင်၏ စာမူများကို ပြန်လည်စစ်ဆေး ရှာဖွေသည့်အခါ ဦးချစ်မောင်၏ နေ့စဉ်မှတ်တမ်းကြီးမှာ ပညာဗဟုသုတ၊ နိုင်ငံရေးဗဟုသုတ၊ ရာဇဝင်ဗဟုသုတ၊ ပထဝီဝင်ဗဟုသုတမှအစ ဗဟုသုတပေါင်းစုံ ဟင်းလေးအိုးကြီးတစ်ခု ဖြစ်နေသည်ကို တွေ့ရှိရသည်။ မူလက စာအုပ်တစ်အုပ်အဖြစ် ရိုက်နှိပ်ထုတ်ဝေမည် ဟူသော ရည်ရွယ်ချက်ဖြင့် ရေးသားထားသော မှတ်တမ်းကြီး မဟုတ်စေကာမူ ကွယ်လွန်သူ ဦးချစ်မောင်၏ နောက်ဆုံးလက်ရာ အဖြစ်ဖြင့် တိုင်းပြည်သို့ ထုတ်ဝေဖြန့်ချိသင့်သည်ဟု ယူဆမိ၍ ယခုကဲ့သို့ ရိုက်နှိပ်ထုတ်ဝေရခြင်း ဖြစ်ကြောင်း ပထမဆုံး ထုတ်ဝေသည့် အကြိမ်တွင် အမှာစကား ရေးသားထားသည်ကို တွေ့ရှိရသည်။

ဦးချစ်မောင်၏ နေ့စဉ်မှတ်တမ်းကြီးမှာ သူတစ်သက်လုံး လေ့လာ မှတ်သားထားခဲ့သည်များကို ပြန်အန်ထားသည်ဖြစ်ရာ အမှန်ပင် ဗဟုသုတ ဟင်းလေးအိုးကြီး ဖြစ်ပေသည်။

မှိုငြမ်းပြု စာအုပ်စာတမ်းများ

၁။ ဂျာနယ်ကျော် မမလေး။ **သူလိုလူ**၊ ဆဋ္ဌမအကြိမ်၊ သီဟရတနာပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၆၈-ခု။

၂။ ဒဂုန်တာရာ။ **ဒယ်ဒီတာစားပွဲ၊ စာပေအနုပညာ ဆေဖန်ရေးနှင့် ပန်းနုရောင်အို**၊ ပထမအကြိမ်၊ ရွှေပြည်စိုး ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၇၁-ခု၊ အောက်တိုဘာလ။

၃။ မလိခ။ **မြန်မာစာပေ အဘိဓာန်**-၁၊ ပထမအကြိမ်၊ သဇင်ပုံနှိပ်တိုက်၊ ရန်ကုန်၊ ၁၉၇၄-ခု၊ ဧပြီလ။

၄။ မောင်ခေတ်ထွန်း။ 'သူလိုလူ၊ သို့မဟုတ် ဂျာနယ်ကျော် ဦးချစ်မောင်၏ ရုပ်ပုံလွှာ'၊ **ကလျာမင်္ဂဇင်း**၊ ဇူလိုင်လ၊ ၁၉၉၅။

www.burmeseclassic.com

www.burmeseclassic.com

၅။ ဝင်းတင်။ **ကို** (မြန်မာပြည်)၊ ဒုတိယအကြိမ်၊ အသက်မွေးဝမ်းကျောင်း စာပေ၊ ၁၄၆၊ ၃၃-လမ်း၊ ရန်ကုန်၊ ၁၉၇၇-ခု၊ နိဝင်ဘာလ။

၆။ –။ **အတ္ထုပ္ပတ္တိစာပေ** (အတ္ထုပ္ပတ္တိစာပေနိုးနှောဖလှယ်ပွဲတွင် တင်သွင်းခဲ့သောစာတမ်းများ၊ ဆွေးနွေးချက်များနှင့် အစီရင်ခံစာ)၊ ပထမအကြိမ်၊ စာပေဗိမာန်ပုံနှိပ်တိုက်၊ ၃၆၁၊ ပြည်လမ်း၊ ရန်ကုန်၊ ၁၉၇၁-ခု။

၇။ သခ်ၤါ။ **'တစ်သက်တာ ပြည်တော်ပြန် မှာတမ်း၊** မြဝတီမဂ္ဂဇင်း၊ ၁၉၉၃-ခု၊ ဧပြီလ။

မောင်ခေတ်ထွန်း

ဒွေတာရီမဂ္ဂဇင်း၊ အမှတ် ၄၃၈၊ ဇန်နဝါရီလနှင့် အမှတ် ၄၃၉၊ ဖေဖော်ဝါရီလ ၁၉၉၇ ခုနှစ်။

❐

www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်ကျော် ဦးချစ်မောင်၏ ကလောင်စွမ်း

ဂျာနယ်ကျော်ကို ဦးစီးထုတ်ဝေသော ဆရာဦးချစ်မောင်က ပြည်သူတို့ အားကိုး အားထားပြုရာ ပြည်သူ့အသံ ပြည်သူ့အာဘော် အဖြစ် ပြည်သူ့ဟစ်တိုင် ဂျာနယ်ကြီးဟု ကြွေးကြော်ပြီး အမြဲတမ်း ပြည်သူ့ဘက်မှ ရပ်တည်ခဲ့လေသည်။

ဂျာနယ်ကျော် ဦးချစ်မောင်သည် သတင်းစာဆရာ စာရေးဆရာ ဖြစ်၍ ရသစာပေ အဖြစ် ဝတ္ထုရှည်၊ ဝတ္ထုတိုများ အရေးကောင်းသကဲ့သို့ ကမ္ဘာ့အရေး၊ မြန်မာ့အရေးများကို သတင်းစာဂျာနယ် မဂ္ဂဇင်းများနှင့် လုံးချင်းဆောင်းပါးများ၊ အာဘော်များ ရေးသားရာ၌လည်း ပြောင်မြောက်လှသည်။ သူ့စာများသည် ပြည်သူ့ဘက်မှ အမြဲရပ်တည်ခဲ့သော စာများဖြစ်၍ မျိုးချစ်သတင်းစာ ဆရာကြီး၊ ကလောင်ရှင်ကြီးဟု အများက အသိအမှတ်ပြုခဲ့ကြသည်။

ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်ပြီး ၁၅ နှစ်ကြာမှ ပြန်လည် ထုတ်ဝေသော ဂျာနယ်ကျော် တော်လှန်ရေးနေ့ အထူးထုတ်တွင် သူ နောက်ဆုံး ရေးသားခဲ့သည့် ဆောင်းပါးများစာအုပ်၌ ထင်ရှားသော ခေါင်းဆောင်ကြီး ကွယ်လွန်သူ ရဲဘော်သုံးကျိပ်ဝင် စစ်ပြီးစ ကန့်စာချုပ်အရ ပြန်လည်ဖွဲ့စည်းခဲ့သော ဗမာ့တပ်မတော်၏ ဦးစီးမှူးကြီး ဗိုလ်လက်ျာက ဤသို့ အမှာစာရေးသား ဖော်ပြခဲ့သည်။

ဗိုလ်လက်ျာ၏ အမှာ

ဦးချစ်မောင် ဆုံးခဲ့သည်မှာ ၁၅ နှစ် ရှိသွားပြီ။ 'ဒီလူဟာ လူရိုးလူတော်၊ တစ်ယောက်ဗျ၊ ကျုပ်တို့ ရှင်းလင်းစရာတွေ ဦးချစ်မောင်ရဲ့ ဆောင်းပါးနဲ့ပဲ

www.burmeseclassic.com

www.burmeseclassic.com

အတော်ကြီး ရှင်းသွားပြီ' ဟု တော်လှန်ရေးနေ့ ဂျာနယ်ကျော် အထူးထုတ်တွင် ဦးချစ်မောင်ရေးသည့် ဆောင်းပါးနှင့် ပတ်သက်ပြီး ဗိုလ်ချုပ်အောင်ဆန်း ပြောသော စကားကို အမှာရေးပေးပါဟု ဒေါ်မမလေး ပြောလာစဉ်ကပင် ပြေး၍ သတိရလိုက်သည်။ အမှန်ပင် ဦးချစ်မောင်သည် ရိုးရိုးအေးအေး ခတ်ကုပ် ကုပ်နေပြီး တိုင်းပြည်အတွက် အလုပ်လုပ်ခဲ့သည်။ သူ့အား ရိုးရိုးမျိုးချစ် သတင်းစာဆရာတစ်ဦး အနေနှင့်သာ လူသိများသည်။ ထိုထက် ကျော်လွန်၍ သိသူ အတော်ရှားသည်။ တိုင်းပြည်အတွက် အလုပ်လုပ်ခဲ့သမျှ သူသည် ရှေ့တန်းသို့ ဘယ်သောအခါမှ မထွက်လို၊ မထွက်ခဲ့။ နောက်ပိုင်းမှ လိုလေသေးမရှိ၊ ငွေအား၊ လူအား၊ အကြံဉာဏ်အားများသော တတ်နိုင်သမျှ ပေးလိုသည်။ ပေးခဲ့သည်။ ဝန်ကြီး ရာထူးဂုဏ်ထူးများကိုလည်း မမျှော်မှန်း၊ အမတ်ဖြစ်ဖို့ စိတ်မကူး၊ တိုင်းကျိုးပြည်ကျိုးကို တတ်နိုင်သည်ဘက်မှ ဆောင်ရွက်ရလျှင် ကျေနပ်တတ်သော ပုဂ္ဂိုလ်ပင် ဖြစ်သည်။ မှန်သည်ထင်လျှင် စကားပြောချိုသလောက် တင်းတင်းမာမာ ပြုလုပ်တတ်သည်။ တိကျမှုရှိသည်။ မယိမ်းမယိုင်တတ်ပေ။ သူသည် ဂျပန်ခေတ်မှစ၍ လူမသိအောင် နိုင်ငံရေးကို ဇောက်ချလုပ်လာသည်။ တိုင်းပြည်အတွက် ကျွန်တော်တို့က တိတ်တိတ်ကျိတ်၍ မည်သည့် တာဝန်ပေးပေး ရိုးရိုးသားသား တာဝန်ယူသည်။ ကုန်စရာရှိလျှင် အိတ်ထဲမှစိုက်၍ အကုန်အကျခံသည်။ တစ်ခါတစ်ရံ ၎င်း၏ ဇနီးပင် သိမည်မထင်။

[မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်သည်။ စာရေးသူ]

ဂျာနယ်ကျော်တွင် ကဏ္ဍအမျိုးမျိုးဖြင့် ဆရာဦးချစ်မောင်၏ လက်စွမ်းများ အများဆုံးပါဝင်သည်။ သို့သော် တစ်ကိုယ်တော် လူစွမ်းကောင်း မလုပ်။ စာနယ်ဇင်းတို့သည် ကလောင်စုံပါဝင်သော ပြည်သူ့အာဘော် ဖြစ်ရန် လိုပေသည်။ ထို့ကြောင့် ဂျာနယ်ကျော်တွင် အခြား ကလောင်ရှင်များကိုလည်း နေရာပေးသည်။ အထူးသဖြင့် ဂျာနယ်ကျော်သည် ပြည်သူ့ဘက်မှ ရပ်တည်သော အရေးအသားများကို စုံလင်အောင် ဖော်ပြပေးရာတွင် အခြား စာနယ်ဇင်းများ၏ ပြည်သူ့ဘက်မှ ရပ်တည်သော အရေးအသားများကိုလည်း ကောက်နုတ်ဖော်ပြလေ့ရှိသည်။

ဒုတိယကမ္ဘာစစ်ကြီး ပြီးစ အင်္ဂလိပ်က မြန်မာနိုင်ငံကို ဘုရင်ခံတစ်ဦးတည်း၏ အလိုကျ အာဏာရှင်ဆန်ဆန် အုပ်ချုပ်ရန် စက္ကူဖြူစာတမ်း ဂိုဏ်ဆောင်လာသော စစ်မဖြစ်မီက ဘုရင်ခံဟောင်း ဆာရယ်ဂျိုနယ် ဟယ်ဒေါ်မန်

www.burmeseclassic.com

www.burmeseclassic.com

စမစ်သည် မြန်မာနိုင်ငံသို့ ခရီးရောက်မဆိုက်ပင် စက္ကူဖြူစာတမ်းအရ မြန်မာနိုင်ငံ အုပ်ချုပ်ရေးကို ရှင်းလင်းပြောပြသည်။ ထိုစက္ကူဖြူစာတမ်းအရ အုပ်ချုပ်ရေးကို မြန်မာတို့က လက်မခံနိုင်ကြောင်း၊ သီဘာထင်ရှားစေရန် ၂၇-၁၀-၄၅ နေ့ထုတ် ဂျာနယ်ကျော်တွင် တိုက်ရိုက်ပေးစာကဏ္ဍမှ ဘုရင်ခံထံသို့ ဂျာနယ်ကျော်အာဘော်ကို ရေးသားတင်ပြလိုက်သည်။ ဤသည်မှာ ဂျာနယ်ကျော် ဦးချစ်မောင်၏ ကလောင်စွမ်းတစ်ခု ဖြစ်၍ မူရင်းအတိုင်း ပြန်လည် တင်ပြလိုက်ပါသည်။

*

သံစုံမြည်သော ဘုရင်ခံ မိန့်ခွန်းနာရီ

မြန်မာပြည်အာဏာရှင်ဘုရင်ခံ
ဆာရယ်ဂျီနယ်ဟယူး ဒေါ်မန်စမစ်ထံသို့
မိတ်ဆွေကြီးဗျား

မိတ်ဆွေကြီးသည် မြန်မာပြည်သို့ ယခု ပြန်လည်ရောက်ရှိလာရာတွင် ဝမ်းသာခြင်း၊ ဝမ်းနည်းခြင်း၊ ကျေးဇူးတင်ခြင်း၊ ချီးမွမ်းခြင်း စိတ်များဖြင့် ပြီးပြွမ်းလျက် ရှိတော့သည်ဟု ဆိုခြင်းကို ကျွန်ုပ်တို့ ယုံကြည်နိုင်ပါသည်။ "သို့သော် အခြား စိတ်တစ်စိတ် ရှိပါသေးသည်။ ထိုစိတ်မှာ ကျွန်ုပ် ပြန်လည် ဆိုက်ရောက်လာခဲ့သော မြန်မာပြည်သစ်အား အသုံးတဝင် အမှုတော်ထမ်းရန် ရွှေနေသောစိတ်ပင် ဖြစ်ပါသည်" ဟူ၍ မိတ်ဆွေကြီးသည် အတော်ပင် အလုပ်လုပ်၍ ပြယူရလိမ့်မည်ဟု ထင်ပါသည်။ မြန်မာပြည်သစ်သည် မြန်မာပြည်ဟောင်း မဟုတ်တော့ရာ မြန်မာပြည်ဟောင်း အတွင်း၌ လူနည်းစုတို့သာ တကယ့် နေရာတွင် အရေးပါအရာရောက်ပြီး မြန်မာတိုင်းရင်းဖွား အမျိုးသား လူမျိုးစုကြီးမှာကား ချုချာမွတ်ငတ်၊ ပြတ်လပ်ရှားပါးခဲ့သော အဖြစ်မျိုးကို ပြန်လည် မရောက်စေရအောင်၊ လူများစု လူထုကြီးအား အသုံးတဝင် အမှုတော်ထမ်းမှသာလျှင် မိတ်ဆွေကြီး၏ တာဝန်သည် ကျေပွန်ခြင်းသို့ ရောက်ရှိမည် ဖြစ်ကြောင်း မိတ်ဆွေကြီး အမြဲတစေ သတိရနေဖို့ လိုလိမ့်မည် ထင်ပါသည်။

မိတ်ဆွေကြီး ပြန်လည်ဆိုက်ရောက်ပြီးသည့်နောက် နောက်တစ်နေ့ ရန်ကုန်မြို့တော် ခန်းမကြီးတွင် ပြောဆိုမြွက်ကြားသွားသော စကားရပ်များကို ထောက်ချင့်၍ မိတ်ဆွေကြီးသည် စကားအရာများစွာ လိမ္မာတတ်သိသော နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com

ရေးသမား လူနပ်ကြီးတစ်ယောက် ဖြစ်ကြောင်း၊ ရှေ့ကထက် ထပ်လောင်း၍သာ ထင်ရှားလာပါသည်။ မိတ်ဆွေကြီး၏ မိန့်ခွန်းသည် ချော့လုံး၊ ခြောက်လုံး၊ ဆွယ်လုံး၊ မက်လုံးတို့ဖြင့် တစ်ခဲနက် ပြည့်နှက်နေရာ၊ ဤမျှလောက် သံစုံမြည်သော မိန့်ခွန်းနာရီကို မြန်မာပြည်တွင် မမြင်ဘူး၊ မကြားဘူးကြသေးဟု ကျွန်ုပ်တို့ ဆိုချင်ပါတော့သည်။ သို့သော် မိတ်ဆွေကြီး၏ မိန့်ခွန်းနာရီသည် ချိန်သီးမကိုက်၍ ဒဏ္ဍတ်တိုက်နေသည်ဟု သတိပေးရန် လိုသည်ဟု ထင်ပါသည်။

မိတ်ဆွေကြီးသည် မြန်မာပြည်မှ ထွက်ခွာသွားစဉ်က လွတ်လပ်ရေးနာရီကြီးတွင် မြန်မာပြည်လက်တံမှာ ၁၀ နာရီ ၁၁ မိနစ်အကွက်တွင် ရောက်၍နေရာ ယခု မိတ်ဆွေကြီး ပြန်လည်ရောက်ရှိလာသောအခါ နာရီက သံစုံသာယာ၊ တစ်ဆယ့်နှစ်ချက်တိတိပင် ကျူးမြည်ပါသော်လည်း လက်တံမှာမူ ၁၀ နာရီအောက် ပြန်ဆုတ်၍ ရောက်နေသဖြင့် အနည်းငယ် ကမောက်ကမ နိုင်လွန်းသည်ဟု ကျွန်ုပ်တို့ ထင်မြင်မိပါသည်။ မိတ်ဆွေကြီးက မြန်မာပြည် လွတ်လပ်ရေး လုံးပန်းပွဲကြီး ပြီးပြီဟု ဆိုသော်လည်း မြန်မာများကား လွတ်လပ်ရေး စခန်းသို့ မရောက်ကြသေးဘဲ ရှိနေသဖြင့် ထိုစကားကို နားလည်လက်ခံနိုင်ရန် အတန်ပင် ခက်ခဲလိမ့်မည် ထင်ပါသည်။

လွတ်လပ်ရေး ဆိုသည်မှာ မြန်မာပြည်အတွင်း၌ တိုင်းပြည်ရေးရာ အဖြာဖြာကို မြန်မာတိုင်းဘွား အမျိုးသားတို့အားသာ လွှဲအပ်၍ မြန်မာတို့သာလျှင် စီစဉ်ဝေခွဲ ဖန်တီးခြင်းကို ဆိုလိုပါသည်။ ထိုသို့ ဆိုမှသာလျှင်လည်း အဓိပ္ပာယ် ရှိပါလိမ့်မည်။ အဓိပ္ပာယ်လည်း မှန်ကန်ပါလိမ့်မည်။ ယခု မိတ်ဆွေကြီး မိန့်ခွန်းအလာမှာမူ မြန်မာပြည်အား ပြာပုံထဲမှ ထူထောင်ရမည့်အရေးတွင် အင်္ဂလိပ်ကပြားများ၊ ဥရောပတိုက်သားများနှင့် ကုလားများလည်း ဆိုရေးဆိုခွင့် ရှိ၍ "ယခုအချိန် လိုအပ်သောအလုပ်မှာ အမြန်ဆုံး အချိန်အတွင်း အချင်းချင်း အများဆုံး သဘောညီညွတ်ချက်ရအောင် လုပ်ဖို့" ဟူ၍ ဖြစ်နေပါသည်။ လမ်းရိုးမှာ ထိုလူနည်းစုတို့သည် လူများစုနှင့် ရောနှောခြင်းဖြင့် လူများစု၏ အကျိုးနှင့် ထပ်တူထပ်မျှ ခွဲဝေစားသုံးကြဖို့သာ ရှိပါလျက်၊ ကွင်းကွက်ခွဲခြား လူနည်းအားကို လူများစုအားနှင့် ချိန်ခွင်လျှာ မထွက်အောင် တင်ဆက်မည်။ မိတ်ဆွေကြီး ပြုခြင်းမှာ မြန်မာများစိတ်ကြိုက် တရားသည့်သဘော အလိုက်အထိုက် ဖြစ်နိုင်ပါမည်လောဟု စောကြောစေချင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com

မိတ်ဆွေကြီးက နိုင်ငံရေးအယူအဆ အစားစားကို လူမျိုးအစားစား အားလုံး လုံးဝတရားလမ်းကျစွာနှင့် အကြောက်အရွံ့မရှိ မိမိတို့၏ ဆန္ဒကို ထုတ်ဖော်ပြသနိုင်သည့် ရွေးကောက်ပွဲကို အမြန်ဆုံး ကျင်းပပေးနိုင်ရန်အတွက် လိုအပ်သော အချက် ၃ ချက်ရှိသည့်အကြောင်း ပြောဆိုသွားရာတွင် ပထမဆုံး အချက်မှာ အပိုစကားပင် ဖြစ်ပါသည်။ တိုင်းပြည်ဆန္ဒမှာ အရာရှိများ၊ အုပ်ချုပ်စီမံခြင်းပင် ကင်းသော မဲပေးပွဲကို လိုချင်ကြပါသည်။ ကိုယ် မဲမပေးလိုသော အဖွဲ့ကို ကြောက်ရမည့်အခြေမျိုး မြန်မာပြည်တွင် မရှိခဲ့ဘူးပါ။ ရှေ့ကိုလည်း ရှိလိမ့်မည် မဟုတ်ပါ။ မဲဆန္ဒရှင်သည် မဲပေးပွဲ ကြီးမှူးသော အရာရှိများကိုသာ ကြောက်တတ်ကြရလောက်အောင် ဖြစ်ခဲ့ဖူးပါသည်။ သို့ဖြစ်၍ ဖက်ဆစ်စနစ်ကို မဲပေးပွဲတွင် နိုင်ငံရေးပါတီ တစ်ခုခုက သုံးစွဲမည်ဟူသော စကားလုံးကို မိတ်ဆွေကြီး သုံးဖို့ရန် မလိုပါ။

ဒုတိယအချက်မှာ အရွယ်ရောက်သူတိုင်း မဲပေးထည့်နိုင်မည်ဟု ဆိုရာ၌ ကမ္ဘာပေါ်တွင် မဲပေးရန်အလို့ငှာဆိုက အချို့သော တိုင်းပြည်တို့တွင် အသက် ၁၈ နှစ်ကို အရွယ်ရောက်ပြီဟု ယူဆကြပါသည်။ အချို့သော တိုင်းပြည်တို့တွင် မူ ၂၁ နှစ်ကို အရွယ်ရောက်သော အသက်ဟု သတ်မှတ်ကြပါသည်။ ကျွန်ုပ်တို့ တိုင်းပြည်၏ သက်တမ်းမှာ လွန်စွာ တိုတောင်းသဖြင့် ၁၈ နှစ်ဆိုလျှင် မဲပေးရန် ကောင်းစွာ ချိန်ဆနိုင်သော အရွယ်နှင့် မဲပေးခွင့်ရထိုက်သော အချိန်သို့ ရောက်ပြီဟု ယူဆရပါလိမ့်မည်။

တတိယအချက် အဖြစ် မဲစာရင်းများ ပြုလုပ်ရန် လိုသည့်အကြောင်း ပြောသွားပါသည်။ မဲစာရင်းများကို ပြုလုပ်ရန်မှာ ၆ လထက်ပို၍ ကြာရန် မရှိပါ။ ၆ လထက်ပို၍ ကြာကြာလုပ်ရမှ မဲစာရင်းရနိုင်မည်ဆိုက အလွန်ညံ့ဖျင်းရာ ကျပါလိမ့်မည်။ သို့ပါ၍ အမြန်ဆုံးရအောင် လုပ်စေချင်ပါသည်။

မိတ်ဆွေကြီးသည် ဘီလပ်ပါလီမန်သို့ ရွေးကောက်ပွဲ မဲပေးနိုင်ခွင့် ဥပဒေ ပြင်ဆင်ရေးအတွက် ထောက်ခံချက် ရေးသားရာ၌ မိတ်ဆွေကြီး အထပ်ထပ် ပြောဆိုကြေညာသကဲ့သို့ မြန်မာပြည်အပေါ်တွင် စိတ်ကောင်း စေတနာကောင်း ထားရှိမှန်လျှင် ရွေးကောက်ပွဲကို ယခင် ၉၁ ဌာန အုပ်ချုပ်ရေး စည်းမျဉ်းအရ ရွေးကောက်ပွဲမျိုး မပြုလုပ်ဘဲ၊ တစ်ခါတည်း တိုင်းပြုပြည်ပြု လွှတ်တော်ကြီး အဖြစ် ရွေးကောက်ခွင့်ပေးဖို့ကို ထောက်ခံရပါလိမ့်မည်။ သို့မှသာ မိတ်ဆွေကြီး၏ စကားနှင့်လည်းကောင်း၊ မြန်မာများ၏ စိတ်ဆန္ဒနှင့် လည်းကောင်း ညီညွတ်

www.burmeseclassic.com

www.burmeseclassic.com

ပါလိမ့်မည်။ မြန်မာပြည်အပေါ်၌ စိတ်ကောင်း စေတနာကောင်း ထားရိုးမှန်ကြောင်း ဤအချက်အားဖြင့် မိတ်ဆွေကြီးသည် အထင်အရှား ပြရပါလိမ့်မည်။

ငြိမ်ဝပ်ပိပြားမှုရှိဖို့လိုသည့် အကြောင်း မိတ်ဆွေကြီး ပြောသွားပါသည်။ ငြိမ်ဝပ်ပိပြာမှုသည် ယခု ဖြစ်ရှိနေသော အခြေအနေများကြောင့် မလွယ်သော်လည်း၊ အာဏာနှင့် အခွင့်အရေး အပြည့်အစုံပေးလျှင် ခက်စရာ အကြောင်း မရှိပါ။ ငြိမ်ဝပ်ပိပြားရေးကို မြန်မာများ ကိုးစားရသော ခေါင်းဆောင်ကြီး တစ်ဦးဦးက ကိုင်၍ သူ့သဘောကျ မြန်မာမျိုးချစ်တပ်၏ အကူအညီဖြင့် စီမံခန့်ခွဲထိန်းသိမ်းက အလွယ်နှင့် ပြီးငြိမ်းနိုင်ပါသည်။ ထို့နောက်တွင် ငြိမ်ဝပ်ပိပြားဖို့မှာကား ပြည်သူ့ဆန္ဒ ပြည့်ဝအောင် မိတ်ဆွေကြီးတို့က ဖန်တီးပေးမှ အဟုတ်တကယ် ဖြစ်နိုင်ပါလိမ့်မည်။ အစားအဝတ်၊ အနေအထိုင် စသည်တို့တွင် ကသီလေလေ၊ အစားအဝတ်၊ အနေအထိုင် စသည်တို့အတွက် အနားမနေ လုပ်ရလေလေ၊ ထိုသို့အနားမနေ လုပ်ရလေလေ မငြိမ်နိုင်လေလေ ဖြစ်တတ်ပါသည်။ အကောင်းဆုံးမှာ ပြည်သူ့ဆန္ဒကို ဖြည့်ပေးပါ။ မြန်မာတိုင်းပင်တရားသဖြင့် ရသင့်ရထိုက်သော အခွင့်အရေးများကို ရရှိခံစားရသောအခါ နိုင်ငံရေးငြိမ်းချမ်းမှုကို တစ်ခဲနက် ရရှိနိုင်ပါလိမ့်မည်။ အစာအိမ်တွင် အစာဘာမျှမရှိသောသူသည် ဆာလောင်မွတ်သိပ်နေသဖြင့် အစာရရာရကြောင်း၊ အငြိမ်မနေဘဲ ရှာဖွေရပါသည်။ အစာရသည့်အခါ ငြိမ်သွားပါသည်။ ဤသဘာဝတရားကို ကောင်းစွာ နှလုံးပိုက်စေချင်ပါသည်။ ငြိမ်းချမ်းမှုအစစ်ကို မြန်မာများသည် မိတ်ဆွေကြီးတို့ ယခုတစ်ဘဝသာ မဟုတ်၊ ဘဝဆက်ခါ သံသရာမှလွတ်မြောက်ကာ နိဗ္ဗာန်ချမ်းသာတည်း ဟူသော ငြိမ်းချမ်းမှုရရှိရေးကို ဘာသာတရားအားဖြင့် ရှာမှီးနေကြသည့်အကြောင်း မိတ်ဆွေကြီး သိရှိနားလည်စေချင်ပါသည်။

စစ်ဒဏ်ကြောင့် အတန်တန် ထိခိုက်နစ်နာသော မြန်မာပြည်အတွက် သုံးကုန်ဝတ္ထုပစ္စည်းများ များများရဖို့ မမျှော်လင့်ရန် သဘောဖြင့် မိတ်ဆွေကြီးက ပြောကြားပါသည်။ ထိုကုန်မျိုး ကမ္ဘာတစ်ဝန်းလုံးမှာ ရှားပါးပြတ်လပ်နေ၍ မြန်မာပြည်မှာ ကိုယ့်အချိုးကျလောက်ဖို့ကိုသာ မျှော်လင့်ရပါတော့သည်ဟု မိတ်ဆွေကြီးဆိုရာမှာ အချိုးကျကို ဘယ်လိုတွက်သည်ကို ရှင်းလင်းပြနိုင်လျှင် ကောင်းပါလိမ့်မည်။ စစ်ဒဏ်ကို ဘယ်ကဲ့သို့ အပြန်ပြန်ခံရသော တိုင်းပြည် တစ်ပြည်ဖြစ်သည့် အကြောင်းကို အခြေထား၍ စဉ်းစားသလော၊ သို့တည်းမဟုတ်

www.burmeseclassic.com

နယ်ပယ် အကျယ်အဝန်းကို အခြေထား၍ စဉ်းစားသလော၊ သို့တည်းမဟုတ် လူဦးရေကိုလိုက်၍လော၊ သို့မဟုတ် အခြားဘယ်မူကိုထား၍ စဉ်းစားသနည်း၊ သိချင်ပါသည်။ ဤအကြောင်းနှင့် ပတ်သက်၍ မိတ်ဆွေကြီးသည် အကျယ်တဝင့် စုံစုံလင်လင် ဘယ်ကုန်မျိုး ဘယ်မျှလောက် ရနိုင်မည်ကို ကြေငြာသင့်သေးသည်ဟု ကျွန်ုပ်တို့ ထင်မြင်ယူဆပါသည်။

မိတ်ဆွေကြီး၏ မြွက်ကြားချက် တစ်ခုလုံးတွင် အတိုင်ပင်ခံ ဝန်ကြီးအဖွဲ့ ဖွဲ့စည်းဖို့ရာသာလျှင် အရေးတကြီး မျက်စပစ်၍ ထားပါသည်။ မိတ်ဆွေကြီး၏ အလုပ်အောင်မြင်မှုတွင် အတိုင်ပင်ခံ ဝန်ကြီးအဖွဲ့ကို မကြာမတင် မဖွဲ့စည်းနိုင်က ထိခိုက်မည်ဖြစ်၍ မိတ်ဆွေကြီးသည် ထိုအဖွဲ့ ဖွဲ့စည်းနိုင်ဖို့ မျက်စပစ်ခြင်း ဖြစ်သောကြောင့် ကျွန်ုပ်တို့ မအံ့သြပါ။ သို့သော် မိတ်ဆွေကြီးသည် စစ်ပြေးပြီး ယခုကဲ့သို့ နှစ်အတန်ကြာမှ ပြန်လာခဲ့ရာတွင် မြန်မာပြည် တစ်ပြည်လုံးက သိချင်နေသော ပြဿနာကြီးများ၊ ကိစ္စကြီးများကို မကြေငြာနိုင်ဘဲ ရှိခြင်းမှာ ကျေနပ်ဖွယ်ရာ မဟုတ်ခြင်းသာ ကျွန်ုပ်တို့ ပြောလိုပါသည်။

မိတ်ဆွေကြီးသည် မျက်လှည့်ဆရာကြီးနှင့် တူပါသည်။ မိတ်ဆွေကြီးမှာ အိတ်ကြီး ပါလာပါသည်။ ထိုအိတ်ကြီးထဲတွင် ဘာယူဆောင်လာခဲ့သည်ကို တိုင်းပြည်က သိချင်ပါသည်။ ယခုမူကား ရေနံဆီဖြင့် ဆေးကြောသုတ်သင်လာသော ခွေးတံဆိပ် ဓာတ်ပြားဟောင်းတစ်ချပ်သာ မိတ်ဆွေကြီးထုတ်၍ ပြနိုင်ပါသေးသည်။ မိတ်ဆွေကြီး ဘယ်ကဲ့သို့ပင် လူရည်တတ် တစ်ယောက်ပီပီ လှည့်ပတ်ပြစေကာမူ ဓာတ်ပြားဟောင်းကား ဓာတ်ပြားသစ် မဖြစ်နိုင်ပါ။ သို့ဖြစ်၍ အကောင်းဆုံးမှာ ဓာတ်ပြားသစ်တစ်ချပ် ဘိလပ်က အမြန်မှာယူ၍ ဖွင့်ပြစေချင်ပါသည်။ ထိုဓာတ်ပြားသစ်သည် သိချင်းမရှည်လျှင် ရှိပါစေ။ "မြန်မာပြည်၏ ကံကြမ္မာကို မြန်မာများသာလျှင် စီမံဖန်တီးခွင့် ပေးလိုက်ပြီ။ ယခုအချိန်မှစ၍ မြန်မာပြည်သည် ဒြတိသျှစီးပွားဘက် ပြည်ထောင်စုကြီးထဲတွင် တန်းတူညီမျှ ပါဝင်ခွင့်ရပြီဖြစ်၍ နှစ်ပြည့်တစ်ပြည် ချစ်ကြည်လေးမြတ်စွာ ရွှေလမ်းငွေလမ်း ဖောက်လုပ်ကြတော့မည်" ဟူ၍ ပါရှိလျှင် တော်ပါပြီ။ ထိုအသံ မကြားရသမျှ မြန်မာများသည် မည်သည့်နည်းနှင့်မျှ ကျေနပ်နိုင်ကြမည် မဟုတ်။ မည်မျှပင် မျက်လှည့်ဆရာ မိတ်ဆွေကြီး မန်းမှတ်စေကာမူ စက္ကူထန်းပလပ်စုပ်သည် နတ်ရုပ်ဖြစ်လာမည် မဟုတ်၍ အထက်တာဝတိ်က မာယိန်သိကြားထံမှ နတ်ရေစင်များ တောင်းယူသွန်းလောင်းမှ မိတ်ဆွေကြီး၏ ထန်းပလပ်စုပ်မှာ အဟုတ်

www.burmeseclassic.com

www.burmeseclassic.com

အမှန် နတ်မြန်မြန်ဖြစ်ဖို့ လမ်းရှိကြောင်း ကောင်းမြတ်သော စိတ်ထားဖြင့် အကြံပေးစကား ရေးသား ဖော်ပြလိုက်ရပေသတည်း။

ဂျာနယ်ကျော်

ထို့ပြင် ဂျာနယ်ကျော်ထဲမှ သူတို့ အပြောကဏ္ဍတွင် သတင်းစာကြီး သုံးစောင်၏ အာဘောကိုလည်း ကောက်နုတ်ဖော်ပြထားရာ မူရင်းအတိုင်း ဖော်ပြလိုက်ပါသည်။

ကျေနပ်သည် ထင်လျှင်မှားသည်

မြန်မာတို့သည် ၉၁ ဌာန အုပ်ချုပ်ရေးကိုပင် ကျင်လည်စွာ အုပ်ချုပ်နိုင်ခဲ့ပြီး ဂျပန်လက်ထက်က မဆလာ လွတ်လပ်ရေး ဆိုသည်ကိုပင် ကိုယ်တွေ့ ကြုံဖူးပြီဖြစ်ရာ ယခု ဗြိတိသျှတို့က စီမံသော စက္ကူဖြူစာတမ်းကို ကျေနပ်ကြလိမ့်မည်ဟု ထင်လျှင် များစွာမှားချေလိမ့်မည်။

မြန်မာ့အလင်း

မြန်မာပြည်သို့ လွှဲပေးတော့

မြန်မာပြည်အတွက် ရွှေငွေစက္ကူနှင့် ပတ်သက်သော စီမံခန့်ခွဲမှု အခွင့် အာဏာကို အိန္ဒိယပြည်လက်၌ ထားရှိခြင်းကို ရပ်စဲလျက်၊ တရားလမ်းမှန်ကျ စေရန် မြန်မာပြည်သို့ လွှဲပြောင်းပေးရန် အမြန် စီမံအပ်လှပေကြောင်း။

ဗမာ့ခေတ်

လွတ်လပ်ရေးဆိုသော စကား ၃ လုံး

လွတ်လပ်ရေး ဆိုသော စကားလုံးကို အကြောင်းပြု၍ ယခုစစ်ကြီးတွင် ကျွန်ုပ်တို့ ဝင်ခွဲခဲ့ကြရသည်ကို အစဉ်သတိရနိုင်မှသာ တော်ရုံကျချေမည်။ ထောင်ချခံရခြင်း၊ ပြည်နှင်ဒဏ်ခံရခြင်း၊ နောက်ဆုံး အသက်အသေခံရခြင်း တို့သည် လွတ်လပ်ရေးအတွက်ပင် ဖြစ်၏။ ဗမာ့လွတ်လပ်ရေး တပ်မတော်ခေတ်၊ ဗမာ့ကာကွယ်ရေး တပ်မတော်ခေတ်၊ မျိုးချစ်ဗမာ့ တပ်မတော်ခေတ်၊ ဤခေတ် သုံးခေတ်စလုံးတွင် ကျွန်ုပ်တို့ အမျိုးသားကလေးများသည် မည်သည့်အတွက် မိမိတို့အသက်ကို စွန့်လွှတ်ခဲ့ရကြောင်း ကောင်းကောင်းကြီး နဖူးလက်ဆင့် ဆင်ခြင်စဉ်းစားအပ်သည်ဟု သဘောရ၏။ ထိုအမျိုးသားကလေးများ၏ ရှုက်နာ

www.burmeseclassic.com

ကို ထောက်ထားကာ မြန်မာလူမျိုးတိုင်း၏ လွတ်လပ်စွာ ကြီးပွားတိုးတက်မှုကို ရရှိနိုင်ရန်အတွက် နိုင်ငံရေးသမား ပါတီများသည် လူတစ်ယောက်တည်း၏ အသံကဲ့သို့ ဖြစ်နိုင်အောင် အထူးကြိုးစားကြစေလိုသတည်း။

သူရိယ

ဂျာနယ်ကျော် ဦးချစ်မောင်ကို သာယာဝတီခရိုင် အုတ်ဖိုမြို့တွင် အဖ ဦးမြ၊ အမိ ဒေါ်စောယုတို့မှ ၁၂၇၄ ခု၊ ပြာသိုလဆန်း ၁၄ ရက် (၁၊ ၁၊ ၁၉၁၂) တနလာ်နေ့၌ ဖွားမြင်သည်။ လက်ပံတန်းမြို့ အစိုးရ ဟိုက်စကူးကျောင်းမှ ဆယ်တန်းအောင်မြင်ပြီး၊ ထိုကျောင်း၌ပင် ကျောင်းဆရာအဖြစ် ဆောင်ရွက်သည်။ ထို့နောက် အနော်ရထာသတင်းစာ၊ ဗျားန္နန်းသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့တွင် ဝင်ရောက်လုပ်ကိုင်သည်။ မြန်မာ့အလင်းတွင် တာဝန်ခံထုတ်ဝေသူ အယ်ဒီတာ (အယ်ဒီတာချုပ်) ဖြစ်ခဲ့သည်။

၁၉၃၉ ခုနှစ်တွင် မြန်မာ့အလင်း သတင်းစာမှ နုတ်ထွက်ပြီး ဂျာနယ်ကျော်ကို တည်ထောင်ထုတ်ဝေကာ ပြည်သူ့ဘက်မှ ရပ်တည်၍ ဗြိတိသျှအစိုးရအား ပြင်းထန်စွာ ဝေဖန်ရေးသားခဲ့သည်။

ရွှေလင်းယုန်ကလောင် အမည်ဖြင့် "ရှာရှာဖွေဖွေ" နှင့် "ကမ္ဘာကြီးပျက်စီးလုနီးပြီးလော" စသော နိုင်ငံရေးကျမ်းများအပြင် ရသစာပေ အဖြစ် "သူ" နှင့် "မိုင်းမှဲ့မှဲ့" စသော ဝတ္ထုရှည်ကြီးများလည်း ရေးသားခဲ့၍ လူကြိုက်အလွန်များခဲ့သည်။

ဒုတိယကမ္ဘာစစ်ကြီးပြီး၍ ဗြိတိသျှတို့ ပြန်ဝင်လာသောအခါ နိုင်ငံရေးဖြင့် ဖမ်းဆီးအရေးယူခံရသည်။ ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသော ဖဆပလအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင် ဖြစ်၍ မြန်မာနိုင်ငံ အုပ်ချုပ်ရေးအတွက် မြန်မာတို့အလိုကျ ဘုရင်ခံထံသို့ တင်ပြတောင်းဆိုချက်များ ရေးဆွဲရာတွင် ဦးချစ်မောင်၏ အကြံဉာဏ်များစွာ ပါဝင်သည်။

ဂျာနယ်ကျော် ဦးချစ်မောင်သည် ထိုနှစ်တွင် မြန်မာနိုင်ငံ စာရေးဆရာများအသင်းကြီး၏ ဥက္ကဋ္ဌလည်း ဖြစ်သည်။ အသက် ၃၃ နှစ်ကျော်အရွယ် ၁၃၀၇ ခု၊ နှောင်းတန်ခူးလဆန်း ၂ ရက်၊ (၃၊ ၄၊ ၁၉၄၆) နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်ခဲ့သည်။ စာပနအခမ်းအနားကို ဖဆပလအဖွဲ့ချုပ်မှ ကြီးမှူး၍ ရွှေတိဂုံဘုရားတောင်ဘက် ခြေတော်ရင်းရှိ သုမင်္ဂလာရပ်၌ ရပ်ကလာပ်ထားပြီး (၅၊ ၄၊ ၄၆) နေ့တွင် ကြံတောသုသာန်သို့ အခမ်းအနားဖြင့် ပို့ဆောင်၍

www.burmeseclassic.com

www.burmeseclassic.com

ဝံသာနုခေါင်းဆောင်ကြီး ဦးထွန်းရှိ (ဖေ၊ ပု၊ ရှိန်)၊ ဗိုလ်အောင်ကျော်ဟိုဏ်၏ ဂူဗိမာန်နှင့်ယှဉ်လျက် ဂူသွင်းမြုပ်နှံ သင်္ဂြိဟ်သည်။

ဗိုလ်ချုပ်အောင်ဆန်းစသော နိုင်ငံရေးခေါင်းဆောင်ကြီးများ စုံညီစွာနှင့် အဖွဲ့အစည်းပေါင်းစုံအပြင် လူထုပေါင်းများစွာ အထူးစည်ကားစွာ လိုက်ပါပို့ဆောင်ကြသည်။

မြန်မာ့အလင်း ဦးသန်းညွှန့်

[ရန်ကုန်သစ်၊ အမှတ် ၆၈၊ ၁၉၉၉]

❐

www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်ကျော်

ဂျာနယ်ကျော်ကို ၁၉၃၉ ခုနှစ်၊ မေလ ၂၇ ရက် (၁၃၀၁ ခုနှစ် နယုန်လဆန်း ၁၀ ရက်) စနေနေ့တွင် ရန်ကုန်၌ထုတ်သည်။ ယခုခေတ် ဂျာနယ်များ၏ အရွယ်အတိုင်း ၁၄ $\frac{1}{2}$" x ၁၀" ဖြစ်သည်။ The Weekly Tnunderer ဟူ၍ အင်္ဂလိပ်ဘာသာဖြင့် ခေါင်းစဉ်ထိုးသည်။ အတွဲ ၁၊ အမှတ် ၁ တွင် ပိုင်ရှင်မတင်လှိုင်အတွက် မောင်အုန်းမြင့်က ထုတ်ဝေသည်ဟု အင်္ဂလိပ်လို ဖော်ပြသည်။ အတွဲ ၁၊ အမှတ် ၄ ဂျာနယ်မှစ၍ ပိုင်ရှင်ဒေါ်တင်လှိုင်က တည်းဖြတ်ထုတ်ဝေသည်။ အတွဲ ၂၊ အမှတ် ၅ မှစ၍ အယ်ဒီတာမှာ ဦးချစ်မောင် ဖြစ်လာသည်။ ဦးချစ်မောင်ကိုယ်တိုင် ဤဂျာနယ်ကို လုံးဝဦးစီးလုပ်ပြီ ဖြစ်ကြောင်း စာမျက်နှာ ၂ တွင် ဖော်ပြထားသည်။ ၁၉၄၁ ခုနှစ် မေလ ၁ ရက်ထုတ် ဂျာနယ်မှစ၍ တွဲဖက်အယ်ဒီတာအဖြစ် ဦးစောဦးက တာဝန်ယူသည်။

ဂျာနယ်ကျော် မျက်နှာဖုံးတွင် **"မဟုတ်မခံ" ပြည်သူ့ဟစ်တိုင် ဂျာနယ်ကြီး"**ဟူ၍ ဖော်ပြခဲ့၏။ ၁၉၄၁ ခုနှစ် ဂျူလိုင်၊ သြဂုတ်လထုတ် ဂျာနယ် ၅ စောင်တွင် "ပြည်သူ့ရဲဘော်၊ ဂျာနယ်ကျော်"ဟု မျက်နှာဖုံးခေါင်းစည်း ထိုးခဲ့သေးသည်။ မူလဂျာနယ်နှုန်းမှာ ၃ ပဲ ဖြစ်၍ စာမျက်နှာ ၃၀ ကျော် ပါရှိသည်။ ၁၉၄၁ ခုနှစ် သြဂုတ်လ ၂၃ ရက်ထုတ် ဂျာနယ်မှစ၍ ၄ ပဲနှုန်း သတ်မှတ်သည်။

အတွဲ ၁၊ အမှတ် ၁ တွင် ဂျာနယ် ထွက်ပေါ်လာရခြင်း အကြောင်းရင်းကို အောက်ပါအတိုင်း ဖော်ပြသည်။

www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ ထွက်ပေါ်လာခြင်း အကြောင်းရင်း

ယခုအခါ အနောက်နိုင်ငံတို့ကို မဆိုထားဘိ၊ အိန္ဒိယပြည်တွင်ပင် အလွန်လှပသော ဆေးရောင်စုံမျက်နှာပုံးဖြင့် ရက်သတ္တတစ်ပတ်လျှင် တစ်ကြိမ်ကျထုတ်ဝေသည့် ဂျာနယ်များ ထွက်ပေါ်လျက် များစွာခေတ်စား တွင်ကျယ်နေကြပြီဖြစ်ရာ ကျွန်ုပ်တို့ မြန်မာပြည်တွင်ကား ဤသည့် ဘက်၌ များစွာ ပေါ်ပေါက်ထွန်းကားသည် ဟူ၍ မရှိသဖြင့် အနောက်နိုင်ငံများမှ ထုတ်ဝေသော ဂျာနယ်များ၏ အဆင့်အတန်းကို မီအောင် ဤဂျာနယ်ကို စီစဉ်ထုတ်ဝေလိုက်ရခြင်း ဖြစ်ပေသည်။

ယင်းသို့ စီစဉ်ထုတ်ဝေရာတွင် ကျွန်ုပ်တို့၏ ရည်ရွယ်ချက်မှာ မြန်မာပြည်အရပ်ရပ်၌ ဖြစ်ပွားလျက်ရှိသော အရေးကိစ္စ ဟူသမျှကို ပြည်ပိုင်အစိုးရတို့ အရေးမယူလျှင် မဖြစ်သော အခြေအနေသို့ ရောက်အောင် ပြင်းပြင်းထန်ထန် ရေးသားဖော်ညွှန်း တိုက်တွန်းနှိုးဆော်ခြင်း၊ နယ်သူနယ်သားများအား အရေးတစ်စုံတစ်ရာ ပေါ်ပေါက်လာသော် မည်သို့ အကြံဉာဏ်ထုတ်၊ အလုပ်လုပ်ရမည်ကို ထိရောက်သော အကြံဉာဏ်များပေး၍ ရေးသား လမ်းညွှန်ခြင်း၊ အခြားရေးရန်ရှိသမျှကို မျက်နှာမထောက်၊ မကြောက်မညာ၊ ချမ်းသာမပေး အမှန်အတိုင်း ရေးခြင်းတို့ကို ပြုလုပ်ရန်ပင် ဖြစ်သည်။

ဤသို့ ပြုလုပ်ရာ၌ ကျွန်ုပ်တို့သည် ခြောက်သော်လည်း မကြောက်၊ လှန့်သော်လည်း မလန့်၊ သွေးဆောင် ဖြားယောင်သော်လည်း မယောင်မှားဘဲ၊ တိုင်းပြည်အပေါ်၌ သတင်းစာ၊ ဂျာနယ်တို့က ထားရှိအပ်သော တာဝန်ဝတ္တရားများကို အမြဲမသွေ စောင့်ထိန်းသွားမည် ဖြစ်ပေသည်။

ထိုမှတဖြာ ကမ္ဘာပေါ်၌ ဖြစ်ပွားပေါ်ပေါက်လျက် ရှိသော သတင်းထူး၊ သတင်းဆန်း အရပ်ရပ်တို့သည် ကြည်လင်ပြတ်သားသော ရုပ်ပုံများဖြင့် တခမ်းတနား ဆန်းပြားတင့်တယ် ရှုချင်စဖွယ် ဖြစ်အောင် ဖော်ပြခြင်း၊ နိုင်ငံခြား အရေးတော်ပုံများမှ ကျွန်ုပ်တို့ မြန်မာအမျိုးသား အမျိုးသမီးတို့ သင်ခန်းစာသဖွယ် မှတ်ယူလုပ်ဆောင်ဖွယ် အဝဝတို့သို့ ရှင်းလင်းပြတ်သားစွာ ထုတ်ဖော်ပြသခြင်း၊ အခြားဖတ်ဖွယ်၊ မှတ်ဖွယ် အသွယ်သွယ် အခန်းကဏ္ဍတို့ဖြင့် တန်ဆာဆင်ယင်ခြင်း၊ စာဖတ်သူတို့ စိတ်လက်ရှင်ကြည်အောင်၊ တို့ရည်ဝတ္ထု အစုစုတို့ကို နိုင်ငံခြား ဂျာ

www.burmeseclassic.com

စာရေးဆရာကြီးများထံမှ ငွေကြေး အကုန်အကျခံကာ ဝယ်ယူထည့်သွင်း ဖော်ပြခြင်းတို့ကိုလည်း ပြုလုပ်မည် ဖြစ်ရကား၊ ဤဂျာနယ်မျိုး မြန်မာပြည်၌ ပေါ်ပေါက်ထွန်းကားခြင်းသည် မြန်မာပြည် မြန်မာအမျိုးသားတို့အဖို့ ဂုဏ်ယူဖွယ်ရာကြီးတစ်ရပ်ပင် ဖြစ်သည်ဟု ဆိုရပေလိမ့်မည်။

ဤဂျာနယ်ကျော်ကို အနောက်နိုင်ငံမှ ထုတ်ဝေလျက် ရှိသော ဂျာနယ်များထက် အဆင့်အတန်း မနိမ့်ကျစေရအောင် လုပ်ဆောင်ထုတ်ဝေရာ၌ ငွေကုန်ကြေးကျ အလွန်များမည်ကို ကျွန်ုပ်တို့ သိရှိသည်ပင် ဖြစ်လင့်ကစား၊ သတင်းစာ၊ ဂျာနယ်လုပ်ငန်းတွင် မြန်မာများ၏ အသိဉာဏ်သည် လည်းကောင်း၊ လက်စွမ်းလက်စွသည် လည်းကောင်း၊ ထင်ရှားပေါ်လွင်စေခြင်းဖြင့် တိုင်းပြည်ကြီးအား တစ်နည်းတစ်ဖုံ ဂုဏ်ကျက်သရေ လက်ဝေ့လျှံဖြိုး တိုးတက်စေလိုသော သဘောဖြင့် လည်းကောင်း၊ တိုင်းပြည်၏အရေးအရာ ပြဿနာ အထွေထွေတို့ကို ပြေလည်စေရန်၊ ထိထိရောက်ရောက် လမ်းညွှန်ပြသလိုသော သဘောဖြင့် လည်းကောင်း၊ ငွေကုန်ကြေးကျခံ၍ပင် တည်ထွင်စီစဉ် ထုတ်ဝေခြင်း ဖြစ်ရာ ကျွန်ုပ်တို့၏လုပ်ငန်းကို တိုင်းပြည်က ချီးမြှင့်အားပေးခြင်း ပြုလိမ့်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း ရေးသားဖော်ပြအပ်ပါသည်။

ဂျာနယ်၏ အာဘော်ကို ခေါင်းကြီးတွင်သာမက အောက်ပါ လေးချိုးကြီးဖြင့်လည်း တင်ပြသည်။



ဂျာနယ်ကျော်နှင့် မြန်မာပြည် ဇာတ်ခုံကြီးဘွဲ့ လေးချိုးကြီး

ဂိုဏ်း အလိုလို အလာလာ ကြခံရုံ မရှင်းသလို၊ တိုင်းပြည်မှာ နှပ်ပုံအခင်းတို့ကိုဖြင့် ဒလစပ် အကုန်လင်းအောင်ပ၊ ထုတ်လို့မညာ တကယ်ဆော် (မိတ်ဆွေတို့ရယ်) ဇာတ်စုံ ရှင်းရပေလိမ့်၊ ကျွန်ုပ်တို့ ဂျာနယ်ကျော်။

ဩော်... ကိုးဆယ်တစ်ရယ်ကြောင့် မျိုးချစ်တွေ မကြည်တုန်းတွင်မှ၊ ပြည်ဖုံးကို အသာမလိုက်တော့၊ ဌာနရယ် ဆိုင်ရာရာ၌၊ စတိုင်ပါဝါတံခွန်ထိုးလိုပ၊ ဝန်ကြီးတွင် အချုပ်မို့လို့ နှင်းရပါတဲ့၊ ပုဂ္ဂိုလ်အသင်းဆိုတာမှာ နဂို ဝါသနာအကျင့်ပေတင့်၊ အပေါင်းမြန်မာ ကောင်းရာ

www.burmeseclassic.com

www.burmeseclassic.com

အခွင့်ကိုတော့ ထုတ်ဖွင့်ကာ အတိုက်အခံ မလုပ်တဲ့အပြင် လက်အုပ်ကယ် တပြင်ပြင်ဟန်နှင့်၊ ဘုရင်ခံကို တင်ဆလဲထားရာမှာ မှန်ပဘုရားအပြင်၊ ကျန်သမျှ စကားအစဉ်ကို မမြွက်ပဲတာကြောင့်၊ သက်သက်ပင် ပိုသလောက်ပါပဲ၊ ထို့နောက် မှန်ရာလင်းရမှာဖြင့်၊ ကတိအညွှန်မှာ ပြည့်ဝန်မကင်းကြပါတဲ့၊ ငစောကျယ်ကျယ် အမတ်ငယ်တသင်းတို့မှာတော့ မျှော်ခင်းကို ပျော်ဖွယ်ဆင်၍ ဟိုတယ်တွင် မြားတစ်ချောင်းနှင့် ပလူးတဲ့ပြင် ဝီစကီပါ ဘီယာများရာမှ မြူးတူးကာ တရွှင်ရွှင်မေ့ပါလို့ တွေ့ရမလျော်အောင်၊ နော်ကွယ် ကလေးတမျှ တဆွေ့ဆွေ့ထပါလို့ မွေ့ကြသနော်။

BURMESE CLASSIC .com

ရက်စက်စွာ ဓနရှင် တသင်းမှာတော့၊ သက်သက် မညှာရလျှင် ညှဉ်းမည်ဟု၊ ဓားပြအသွင်တင်းပါလို့၊ မြို့က်စရာမျှော်၊ နှိုက်ကာ ကလော်တာကြောင့် ချိုကြရရှာပြီတကား (အိုဗျာ) အလိုက်ဘာသာ မပျော်နိုင်ရှာလေဘူး တို့ဗမာ့ ရွာနီတစ်လွှား။

ထို့အပြင် တစ်ချို့ကွယ်၊ လူငယ်လွင်တို့က ယူမယ်တမင်၊ စေတနာစောပါလို့၊ ထွေတစ်ရာ လေဝါဟောရယ်နှင့် အပြောမှာ ဉာဏ်စုံပွေလျက်၊ ရန်ပုံငွေကို ဤစာရင်းတွေနှင့်၊ တိုင်းပြည်ကို အလှိုင်းပလီနှင့် ညှဉ်းရှာကြ၊ ဘယ်သင်းရယ် ဘယ်အရာမှ တွယ်အတာ ကိုးစားဖို့ ဝေးတာကြောင့်၊ အမျိုးသားရေးဆိုတာ ဒါတွေလားရယ်လို့၊ ခရိုင် အတန်တန်၊ နိုင်ငံက ကြားအောင်ပ စကားရယ် ပေါ်လွင်စွာနှင့် ကြော်ငြာသလို၊ အော်ကာသာ မေးလိုက်ချင်တော့၊ ရှုပ်ထွေးပုံ သည်စနစ်တို့ကို ဖြင့်၊ ထုတ်လှစ်ကာ မတာမတွယ်ဆော်ဖို့၊ ဂျာနယ်ကျော် အသုံးခံထွက်ရပါပေါ့။ (အိုဗျာ) တက်ကပ်ကာလကဲ့သို့ ဗမာ့ဘဝဇာတ်အလာပွားရန်ဖို့ (မိတ်ဆွေတို့ရယ်) ရက်သတ္တ အကျကျတွင်ဖြင့်၊ အဆက်မပြတ်ထာဝရ၊ မရမက ဖတ်ပါ အများ။

ဘုရင်ခံကို ရှိခိုးနေသော ဝန်ကြီးချုပ်၊ ပြည်သူကို ခွစီး၍ ဓားဖြင့် ထိုးရန်ကြံသော ဓနရှင်နှင့် ရန်ပုံငွေခွဲသော အမျိုးသမီးနှင့် ပျော်သော အရက်မော့နေသည့် အမတ်များထံမှောက်သို့ ဂျာနယ်ကျော် ကြိုးလွှဲရောက်လာ၍ လန့်နေကြပုံကို ဦးဘချမ်းက ကာတွန်းရေးဆွဲသည်။ "ဒါတွေဟာ အမျိုးသားဖရိုးလား" ဟူ၍ စာတန်းထိုးထား၏။

www.burmeseclassic.com

www.burmeseclassic.com

ယင်းသို့သော မူဝါဒများဖြင့် စနေနွေတိုင်း သိုက်မြိုက် ခမ်းနားစွာ ထုတ်ဝေသည်ဟု ဆိုသော ဂျာနယ်ကျော်သည် ဂျာနယ်၏ အာဘော်အတိုင်း အဘက်ဘက်မှ ပြည့်စုံကောင်းမွန်အောင် ကြိုးပမ်းထားသည်ကို တွေ့ရသည်။

"နယ်များ၌ မည်သို့ ဖြစ်နေပြီနည်း" အခန်းတွင် ရေဘေးအတွက် စိုးရိမ်ရပြန်ပြီ။ ကျောင်းဆရာများ အလုပ်လက်မဲ့ ဖြစ်တော့မည်ဟူ၍ နယ်မှာ ဖြစ်ပျက်နေသော ပြဿနာများ၊ အခက်အခဲများကို ရှာကြံပြီး၊ ဂျာနယ်ကျော်က သက်ဆိုင်ရာသို့ တင်ပြပေးသည်။ မန္တလေး ရှင်လူများကို စစ်ပုလိပ်များက သေနတ်နှင့်ပစ်သော အရေးကို စုံစမ်းစစ်ဆေးရန် အဖွဲ့ဖွဲ့သော်လည်း ဘုရင်ခံက ကာကွယ်ရေးဌာနနှင့် စစ်ဘက် အမှုထမ်းများကို ၎င်း၏ ခွင့်ပြုချက် မရဘဲ ခေါ်ယူစစ်ဆေးခြင်း မပြုရ အမိန့်ထုတ်၍ မကျေမနပ်ဖြစ်ကြကြောင်း ဟူ၍ မန္တလေး လူထုဆန္ဒကို ဖော်ထုတ်ပေးခဲ့သည်။

"ဤအချက်များကို မကျေနပ်"ဟူသော အခန်းတွင် အရပ်ရပ်က မကျေနပ်ချက်များကို ပြည်သူ့အသံ သဘောမျိုး ဖော်ပြသည်။

"မကြောက်မည်၊ မျက်နှာမရွေး၊ မှန်တိုင်းရေးလိမ့်" ဟူသော ဆောင်ပုဒ်ဖြင့် ရဲရဲဝံ့ဝံ့ တင်ပြသည်။

BURMESE CLASSIC .com

မေးစမ်းပါရစေ အခန်းလည်း ဖွင့်သည်။ ပြည်ထဲရေးဝန်ကြီး ဦးဘဘေအား "မကြားမိဘူးလား ဦးဘဘေ" ဟု ခေါင်းစည်းတပ်ကာ ဂဠုန်တပ် မိုက်လုံးထွားပုံ ကြည့်နေမလား မေးစမ်းပါရစေဟု ဆိုသည်။

"အချေအတင်" အခန်းလည်း တွေ့ရသည်။ လူပျိုခွန် ကောက်သင့်၊ မကောက်သင့် အပြန်အလှန် ရေးသည်များကို ပူးတွဲဖော်ပြသည်။

"စာရေးများ တိုင်းပြည်အတွက် ဘာလုပ်နိုင်သနည်း" ဟူသော ဆောင်းပါးမျိုးဖြင့် စာရေးများ၏ တိုင်းပြည်အတွက် လုပ်ဆောင်သင့်သော တာဝန်များကို တင်ပြသည်။ အလွန်ပိန်လှီသော မြန်မာအမျိုးသမီးများ ကျန်းမာဖြိုးအလှတိုးအောင် ကြိုးစားဖို့ အကြံပေးချက်များလည်း ပါဝင်သည်။

ကျိုက်လတ်ဆရာချစ်၏ "ဟော့ဟော့ရမ်းရမ်း လွတ်တော်နှင့် သော့သော့သွမ်းသွမ်း ဝန်ကြီးများ" ဆောင်းပါးကိုလည်း ပင်တိုင်ဆောင်းပါးတစ်သွယ်လဆက် ဖတ်ရှုရသည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်း၏ လေးချိုးကြီးများလည်း အလျဉ်းသင့်သလို ဖော်ပြသည်။ လယ်တီပဏ္ဍိတ ဆရာဦးမောင်ကြီး ကွယ်လွန်၍ အသိမ်း

www.burmeseclassic.com

www.burmeseclassic.com

အမှတ်အဖြစ် လေးချိုးကြီး ရေးရာတွင် "ပဇ္ဈိတာ အသရေဆောင်တဲ့ ကဝေ အခေါင် 'ဦးမောင်ကြီး'မှာတော့ ဟိုနှစ်ကောင် 'ကိုမောင်ကြီး' တို့လို ရုံးပေါ်မှာ ဘုန်းတော်မကြီးသော်လည်း၊ အုံချိုးဖွယ် ဝသီလုပုံက၊ သီလ သမာဓိရယ်နှင့် မေတ္တာပါ သစ္စာကလည်းရှိတဲ့ပြင်၊ ဂတိတကယ်မဖိဘဲ၊ လက်တီနွယ် သူတော်ကောင်းရယ်နှင့်" ဟူ၍ ပါရှိသည်။ ဟိုနှစ်ကောင် ကိုမောင်ကြီး ဟူသည်မှာ ဆာဂျေအေ ဦးမောင်ကြီးနှင့် အမ်အေဦးမောင်ကြီးတို့ကို ဆိုလိုရင်း ဖြစ်သည်။

ပျဉ်းမနားမှ လူသူတော်၊ ကညွတ်ကွင်းမှ ဘုရားဆိုသူ နှစ်ဦးကို သတိထားရန်ဟူ၍ ပြည်သူလူထု အလိမ်မမိစေရန် လူလိမ်သတင်း ရှာဖွေတင်ပြသည် ကိုလည်း တွေ့ရသည်။

BURMESE CLASSIC

ဥရောပတိုက်လုံးကို သိမ်းယူရန် အကြံကြီး စစ်ဖြစ်လျှင် မည်သူ့တွင် နိုင်ခြေရှိသနည်းဟူ၍ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီ အခြေများကို တင်ပြသည်။ လင်းယုန်ငှက်ခေါင်းပုံကြီး ဖော်ထားသော ရွှေလင်းယုန်၏ စစ်အခြေအနေ ဝေဖန်ရေး ဆောင်းပါးများမှာ လူကြိုက် အလွန်များလှပေသည်။

ဂျာနယ်ကျော် အယ်ဒီတာ ဦးချစ်မောင် စာနယ်ဇင်း လုပ်ငန်းကို စိုက်လိုက်မတ်တတ် လုပ်သူဖြစ်၍ ဂျာနယ်လုပ်ငန်းကို ကျွမ်းကျင်သည်။ သတင်းစာ အတတ်ပညာဖြင့် မွမ်းမံပေးသောကြောင့် ဂျာနယ်မှာ လူကြိုက်များလာသည်။ မျက်နှာဖုံးကို အရောင်ဖြင့်သုံး၍ မျက်နှာပြည့်ဓာတ်ပုံ သို့မဟုတ် ပန်းချီဖြင့် တန်ဆာဆင်သည်။ အတွဲ ၁၊ အမှတ် ၁ မျက်နှာဖုံးမှာ ဂျပန်မကလေးများ၏ ပုံဖြစ်သည်။ မျက်နှာဖုံးမှာ အတွင်း အလယ်နေရာက ဆောင်းပါးနှင့်လည်း ဆက်စပ်နေတတ်သည်။ အတွဲ ၁၊ အမှတ် ၁ တွင် "အသက်ဆံဖျား စွန့်စား ပြီး ယောကျ်ားများအား လုပ်ကိုင်ကျွေးမွေးကြသော ဂျပန်ရေသူမယ်များ" ဟူသော ဆောင်းပါးကို နိုင်ငံခြားဗဟုသုတရအောင် အလယ်နှစ်မျက်နှာယူ၍ ဓာတ်ပုံများဖြင့် တခမ်းတနား တင်ဆက်သည်။

မျက်နှာဖုံးပြီး တစ်ရွက်တွင် ဓာတ်ပုံနှိုင်းယှဉ်ချက် အခန်းပါသည်။ အမျိုးသမီးကလေးများ သန်းရှာနေပုံနှင့် မျောက်နှစ်ကောင် သန်းရှာနေပုံ၊ ဟစ်တလာ ကြိုးဝါးသည့်ဟန်နှင့် မျောက်အော်ဟစ်ဟန် နှိုင်းယှဉ်ချက်များ ဖြစ်သည်။ အကြောင်းအရာ လေးနက်မှု မရှိသော်လည်း အဆန်းဖြစ်၍ ဆွဲဆောင်မှုကတော့ ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

"ရုပ်ရှင် ပညာသည်တို့ နေပုံထိုင်ပုံကို သိလိုသလား" ဟူ၍ ခေါင်းစည်းတပ်ကာ မေရှင်၊ ခင်ခင်ရီ၊ မေမေဝင်း၊ မေမြင့်၊ ခင်မေလေး၊ ခင်ခင်စန်းစသော ရုပ်ရှင်မင်းသမီးများ အပြင်လောကတွင် နေထိုင်ပုံများကို အပတ်စဉ် ဖော်ပြသည်။

နက္ခတ်ဗေဒအခန်းလည်း ပါဝင်သည်။ ပျဉ်းမနားဦးသန်းမောင်က တာဝန်ယူရေး၍ "ဟစ်တလာ မိန်းမယူလိုက်လျှင် ဒုက္ခတွေ့လိမ့်မည်" ဟူသော နိုင်ငံခြားသို့ပင် လှမ်း၍ ဟောပြောချက်များပင် ပါရှိသည်။

ဆရာဇဝန၏ "ဦးလေးပြောမယ်" အခန်းကို စတင်ဖတ်ရှုရသည်။ ၎င်းအခန်းသည် ယခုတိုင် လူကြိုက်များသောအခန်း ဖြစ်သည်။ ရှုထောင့်စုံကို ဟာသစွက်၍ ဖော်ပြသော ဆရာဇဝန၏ လက်ရာကို ဖတ်ရှုလို၍ အများတောင့်တချက်အရ ယခုအခါ ရှုမဝမဂ္ဂဇင်းတွင် ဆက်လက်ရေးသားဆဲ ဖြစ်သည်။

BURMESE CLASSIC .com

ရှေးခေတ်ဂျာနယ်များကို "တက်ခေတ်သတ်ပုံ" အခန်းလည်း ပါဝင်သည်။ "တရုတ်ဂျပန်၊ စစ်မက်ရန်၊ ခက်ထန်ကိုလည်း နသတ်မည်" "အင်္ဂျီပါးတွင်၊ ဇာပန်းဆင်၊ လာရှင်ကိုလည်း ငသတ်မည်" ဟူသော သံပေါက်များဖြင့် ခေတ်သရုပ်ကို ပြသည်။

"ရွှေမော်ဓောစေတီကို ဖူးမျှော်ကြရမည်လော" ဟူသော ဘာသာရေးဆိုင်ရာ ဆောင်းပါးများကိုလည်း တစ်ခါတရံ ဖတ်ရှုရသည်။ "သူတို့အပြော" အခန်းလည်း ဖွင့်သည်။ လူပုဂ္ဂိုလ်တို့ အဆိုအမိန့်၊ စာနယ်ဇင်းအချို့၏ အာဘော် အတိုအတွာများကို ဖော်ပြခြင်းဖြစ်သည်။ လေ့လာနိုင်ရန် ပုံစံအချို့ကို တင်ပြထားပါသည်။

အင်္ဂလိပ်ကျောင်းနှင့် မြန်မာကျောင်း ကွာခြားပုံ

အင်္ဂလိပ်ကျောင်းတွင် သင်သည် ငွေရအောင် မည်သို့လုပ်ရမည်ကို သင်ကြားရ၏။ မြန်မာကျောင်းတွင် သင်သည် ရသမျှနှင့် ရောင့်ရဲခြင်း၊ နှစ်သိမ့် ရွှင်ပျခြင်း ဖြစ်ဖို့ရန် သင်ကြားခြင်း ခံရလေသည်။

ရွှေရိုးအမည်ခံ ဆာဂျေစကော့

www.burmeseclassic.com

ထောင်ကိုပို့ခြင်းက ကောင်းသေးသည်

ကလေးများကို ယခုလက်ရှိ ကျောင်းများကို ပို့သည်ထက် ထောင်ကို ပို့သည်က သာ၍ကောင်း၏။ ထောင်ကထွက်လျှင် အနည်းဆုံး ကုလားထိုင် လုပ်တတ်သည်။

သခင်ကိုယ်တော်မှိုင်းဘွဲ့ခံ မြန်မာပညာရှိကြီး ဆရာလွန်း

လွတ်လပ်ရေး

အပြည်ပြည်ထောင်တို့၏ လွတ်လပ်ရေးသည် ညီညွတ်ရေး အပေါ်တွင် ရပ်တည်လျက် ရှိပေသည်။



ပုပ္ပါး ဦးကျော်ရင်

ပြည်ထောင်ပေါင်းဖို့အချိန်

အိန္ဒိယပြည်၊ မြန်မာပြည်၊ တရုတ်ပြည် သုံးပြည်ထောင် ပူးပေါင်းညှိနှိုင်း၍ နယ်ချဲ့သမားတို့ကို အကျဉ်းသား မကိုးဘဲ ထို ၃ ပြည် ထောင် အစွမ်းဖြင့် လုံးဝလွတ်လပ်ရေး ရရှိအောင် ကြိုးစားဆောင်ရွက် နိုင်ကြရန် အထူးတလည် စိမံစိုင်းပြင်းသင့်ကြပြီ။

ဒီးဒုတ်ဂျာနယ်

ဂျာနယ်ကျော်တွင် ဝတ္ထုတို၊ ဝတ္ထုရှည်များလည်း ဖော်ပြသည်။ ဝတ္ထုတို များကို မြမျိုးလွင်၊ ဇေယျ၊ ရွှေများ၊ ရွှဝံ စသော နာမည်ကျော် စာရေးဆရာ တို့ အရေးများသည်။ ဝတ္ထုရှည်များမှာမူ အခန်းဆက် ဝတ္ထုရှည်များ ဖြစ်သည်။ ၁၉၄၀ ခုနှစ်၊ မတ်လမှ ဩဂုတ်လအထိ ဖော်ပြသော ရွှေလင်းယုန်၏ "အိမ်ကြီး မာယာ"နှင့် ဆက်လက်ပါရှိသော စောဦး၏ "ခွေးတီရဏ္ဍာန်ကြီး" ဝတ္ထုရှည် ကြီးမှာ လူကြိုက်များလှပေသည်။

ကျွန်ုပ်တို့၏ ခေါင်းမာသော ရုပ်ပြောင်ရေးဆရာ ကာတွန်းအခန်းလည်း တွေ့ရသည်။ အထင်နှင့်အမြင် အလွဲဖြစ်အောင် ရေးဆွဲသည်။ "တက်ခေတ် သတ်ပုံ" ဆွဲခိုင်းရာ ကျောင်းသူကျောင်းသားတို့ကို မြင်းပေါမှ ဂေါရာ စာသင်နှင့် လမ်းမပေါ်က ကုလားပုလိပ်များက ဝါးရင်းတုတ်ဖြင့် ရိုက်သတ်ပုံ ရေးဆွဲခြင်းမျိုး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုမှ ဤမှ အယ်ဒီတာထံသို့ ပေးစာအခန်းလည်း ဖော်ပြသည်။

ဂျာနယ်ကျော်သည် ခေတ်မီသည်။ အဆင့်မြင့်သည်။ ပြည်သူလူထု၏ ဆန္ဒကို ဖော်ထုတ်သည်။ ကမ္ဘာ့ အရေးအခင်းကိုလည်း တင်ပြသည်။ ယနေ့ ခေတ် ဂျာနယ်များ အတုယူရသော ရှေ့ဆောင်ဂျာနယ်ကြီးဖြစ်၍ စောင်ရေ ၉၀၀၀ ခန့် ထုတ်ဝေရသည်။

ဦးခင်မောင်ထွန်း

မဟာဝိဇ္ဇာ၊ ဥပဒေဝိဇ္ဇာ၊ သတင်းစာပညာ ဒီပလိုမာ။



* ၁၉၇၄ ရန်ကုန်၊ နွေလုံးလွှာအုပ်တိုက်ထုတ်၊ (၁၉၁၉–၁၉၄၀) မြန်မာဂျာနယ်သမိုင်း၌ မြန်မာ့အလင်း၊ ဂျာနယ်ကျော်၊ ဂျာနယ်ကျော် ဦးချစ်မောင် အကြောင်းတို့ကို ကောက်နုတ်ဖော်ပြပါသည်။ (သီဟရတနာ)

www.burmeseclassic.com

www.burmeseclassic.com

တစ်နိုင်ငံလုံးချစ်တဲ့ ဦးချစ်မောင်

၁၉၁၂ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့ဆိုလျှင် မြန်မာနိုင်ငံ သတင်းစာလောကၭီ မှတ်တိုင်တစ်ခုအဖြစ် စိုက်ထူနိုင်ခဲ့သော ဂျာနယ်ကျော်ကို ထုတ်ဝေခဲ့သူ သတင်းစာဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင် နှစ်တစ်ရာပြည့်တော့မည် ဖြစ်သည်။ မြန်မာသက္ကရာဇ်နှင့် ဆိုလျှင်လည်း ၁၂၇၃ ခုနှစ် ပြာသိုလဆန်း ၁၃ ရက် တနင်္လာနေ့တွင် ဖွားမြင်ခဲ့သူဖြစ်ရာ ၁၃၇၃ ပြာသိုလဆန်း ၁၃ ရက် (၆-၁-၂၀၀၂) နေ့တွင် အသက် ၁၀၀ ပြည့်တော့မည် ဖြစ်လေသည်။

BURMESE CLASSIC စာရေးသူ၏ ဝန်ခံစကား

တစ်နေ့တွင် ဂျာနယ်ကျော်မျိုးဆက် သီဟရတနာ ကိုသိမ်းစိုးထံမှ ဂျာနယ်ကျော် ရာပြည့်ပွဲတွင် အထိမ်းအမှတ်စာအုပ် ထုတ်ဝေမည်ဖြစ်သဖြင့် စာမူချီးမြှင့်ပါရန် သူငယ်ချင်း ကိုစိုးဝင်း (ကဗျာဆရာကိုရွှေး)နှင့် လူကြုံပါးလိုက်လေသည်။

ကျွန်တော်သည် သတင်းဂျာနယ် တစ်စောင်တွင် အယ်ဒီတာ တာဝန်ထမ်းဆောင်နေစဉ်က 'နိုင်ငံရေးနယ်ပယ်ရောက် စာနယ်ဇင်း ပုဂ္ဂိုလ်ကျော်များ' အမည်တပ်လျက် နိုင်ငံရေးသမား စာရေးဆရာများ၏ အတ္ထုပ္ပတ္တိ အကျဉ်းကို ကြိုကြားကြိုကြား ရေးသားခဲ့ရာ စာရေးဆရာ သုံးဆယ်ခန့်ကို ရေးသားနိုင်ခဲ့ပေသည်။ ထိုအထဲတွင် သတင်းစာဆရာ၊ အယ်ဒီတာ ဂျာနယ်ကျော် ဦးချစ်မောင်၏ အကြောင်းလည်း ပါဝင်ပါသည်။

အားလုံးသိကြသည့်အတိုင်း သတင်းဂျာနယ်များတွင် ဖော်ပြရန် ရေးသားရသည့် ဆောင်းပါးအမျိုးအစားမှာ ရေးချင်သလောက် ရေးချင်တိုင်း ရေးလို့ မရဘဲ လွန်ရောကျွံရော အေဖိုးအရွယ် စာနှစ်မျက်နှာခန့်နှင့် အကျဉ်းချုံးရသည်

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ရာ မပြည့်မစုံဖြစ်ရ၊ သည်အထဲ အယ်ဒီတာမင်းများက စာမျက်နှာကိုက်လျှင် ပြီးရော မဖြတ်သင့်သည့် နေရာများတွင် ဖြတ်တောက် ခုတ်ထစ် ထည့်လိုက်သည့် များရှိရာ အမြီးအမောက် ရှေ့နောက်မညီသော ဆောင်းပါးများ အဖြစ်သို့ ရောက်ရလေတော့သည်။

ကျွန်တော်သည် ၂၀၁၁ ခုနှစ် မေလက 'အောင်ဆန်းဇာနည်' ဆောင်းပါးပေါင်းချုပ် စာအုပ်ကို ရေးသားထုတ်ဝေခဲ့ရာ ဆရာမြောင်းမြဘာဆွေ ကဲ့သို့သော နိုင်ငံရေးသမား စာရေးဆရာကြီးများ၊ အထူးသဖြင့် ဗိုလ်ချုပ်အောင်ဆန်းကို ကြည်ညိုလေးစားကြသော စာဖတ်သူများ၊ (အထူးသဖြင့် ဆရာတော်များ) က ဝေဖန်ချက်များ ပေးခဲ့သဖြင့် များစွာကျေနပ်ခဲ့ရသလို စာရေးခြင်းလည်း အလွန်တာဝန်ကြီးလှကြောင်း၊ အထူးသဖြင့် အထင်ကရ ပုဂ္ဂိုလ်ကြီးများအကြောင်းကို ရေးသားရာတွင် ပို၍ တာဝန်ကြီးကြောင်း ယခင်ကထက် ပို၍ သိလာရပါသည်။ ကိုယ်တိုင်ကလည်း သတင်းစာတိုက်များတွင် လုပ်ကိုင်ခဲ့သူ၊ သတင်းစာဆရာကြီးများကို လေးစားကြည်ညိုခဲ့သလို သူတို့၏ အကြောင်းချင်းရာများကိုလည်း လေ့လာနေသူဖြစ်ရာ ကိုသိမ်းစိုး၏ စာက ကျွန်တော့်ကို အထူးရင်ခုန်စေခဲ့ရပါသည်။

BURMESE CLASSIC .com

သို့နှင့် သတင်းစာဆရာကြီး (ဗိုလ်ချုပ်နှင့် လုပ်ဖော်ကိုင်ဖက်) ဖြစ်သူ ဂျာနယ်ကျော် ဦးချစ်မောင်အကြောင်း ရာပြည့်အမှတ်တရ ဆောင်းပါးရေးနိုင်ရန် အချက်အလက်များ ရှာဖွေစုဆောင်းရပါသည်။ ဦးချစ်မောင် နှစ်ပတ်လည် နေ့များက ထုတ်ဝေခဲ့သော ဂျာနယ်၊ မဂ္ဂဇင်းများ၊ ဦးချစ်မောင်၏ သားငယ် သားဂျာနယ်ကျော် ဦးမိုးဟိန်း ရေးသားခဲ့သော စာများ၊ အထူးထုတ်အဖြစ် ဖော်ပြခဲ့သော Cover Story ဆောင်းပါးများကို ရှာဖွေဖတ်ရှုခဲ့ရာ အချိန်အတော်ကြာသည့်တိုင် ဤမျှကြီးကျယ်လှသော ပုဂ္ဂိုလ်ကြီး၏ အကြောင်းကို မည်သည့် နေရာက စရေးရပါ့နှင့် အခက်ကြုံခဲ့ရပါသည်။ အချက်အလက်များကို ရှာဖွေရင်းနှင့်ပင် ဂျာနယ်ကျော်မမလေး၏ 'သူလိုလူ' စာအုပ်ကြီးကို အကြိမ်ကြိမ် ဖတ်ရှုလိုက်၊ ကိုးကားလိုတဲ့ နေရာများကို High Light ပေးလိုက်၊ စာရွက်ကလေးများနှင့် Slip ထိုး၍ မှတ်သားလိုက်နှင့် ရေးသည့်ဘက်ကို မရောက်နိုင်ဖြစ်ရပါတော့သည်။

ဤတွင် ဂျာနယ်ကျော်မမလေး၏ သူလိုလူ စာအုပ်သည် ဦးချစ်မောင်၏ ဘဝပုံရိပ်ကို အပြည့်စုံဆုံး ဖော်ပြနိုင်စွမ်းသောစာအုပ် ဖြစ်သော်လည်း အဋ္ဌမ

www.burmeseclassic.com

အကြိမ်ထုတ်တွင် စာမျက်နှာအားဖြင့် ၇၉၀ ကျော်ပါရှိပြီး ၂၀၀၃ ခုနှစ် ဩဂုတ်လက သီဟရတနာစာအုပ်တိုက်မှ ထုတ်ဝေသော စာအုပ်တွင် စာမျက်နှာ ၄၉၀ (၁၀ ချိုး ၄၉ ဖောင်မျှ) ရှိရာ ယခုခေတ် လူငယ်များအဖို့ ဖတ်ရှုရန် အချိန် အခက်အခဲ ရှိနိုင်သည်။ သည်စာအုပ်ကို အခြေခံလျက် ကိုယ်ရေးအတ္ထုပ္ပတ္တိ အကျဉ်းကို ပြန်ရေးပြလျှင် သင့်လေစွဟု အကြံထွက်လာသည်နှင့် အတ္ထုပ္ပတ္တိအကျဉ်း ပြန်ရေးရန် အာရုံရပြီး စတင်ရေးသားရပါတော့သည်။

ဤနေရာတွင် ဖော်ပြလိုသည်မှာ ဂျာနယ်ကျော် ဦးချစ်မောင်၏ ကိုယ်ရေးအတ္ထုပ္ပတ္တိ ဟူ၍ မသုံးဘဲ ဘဝဇာတ်ကြောင်းဟုသာ ဖော်ပြလိုပါသည်။ အတ္ထုပ္ပတ္တိ ဆိုပါက တိကျသေချာသော ရက်စွဲများနှင့် လုပ်ဆောင်ဖြစ်ပျက်ခဲ့သော အကြောင်းအရာများကို အသေးစိတ်ဖော်ပြရမည် ဖြစ်ပါသည်။ ယခု ဦးချစ်မောင်၏ ဘဝဇာတ်ကြောင်းကို ရေးသားရာတွင် မှီငြမ်းကိုးကားရန် အချက်အလက်များ ရှာဖွေရာ မွေးသက္ကရာဇ်၊ ကွယ်လွန်သည့် နေ့များမှအစ ကွဲလွဲမှုများကို တွေ့ရှိဖတ်ရှုရလေရာ အတော်လေး ခေါင်းခဲရပါတော့သည်။ အချို့က တန်ခူးလဆန်း ၂ ရက်၊ အချို့က နှောင်းတန်ခူးလဆန်း ၂ ရက်၊ အချို့က ကဆုန်လဆန်း ၂ ရက် စသည်ဖြင့် ဒွိဟဖြစ်ဖွယ် အလွဲများ တွေ့ရပါတော့သည်။ သို့နှင့် နှစ်တစ်ရာပြက္ခဒိန် စာအုပ်ငယ်ကို ဘေးချလျက် သက္ကရာဇ် အမှန်ရအောင် ရှာရသည်။ သည်တွင် အင်္ဂလိပ်နှင့် မြန်မာနေ့စွဲများ လွဲနေပြန်သည်။ ဆရာမကြီး (ဂျာနယ်ကျော် မမလေး)၏ သူလိုလူ စာအုပ်မှာပင် ဦးချစ်မောင် သေဆုံးသည့်နေ့ကို ၁၉၄၆ ခုနှစ်၊ ဧပြီလ ၂ ရက်၊ တန်ခူးလဆန်း ၂ ရက်ဟု ရေးထားလေရာ ထိုနှစ်ပြက္ခဒိန်ကို လှန်ကြည့်တော့ တန်ခူးလဆန်း ၂ ရက်သည် ဧပြီ ၃ ရက် ဖြစ်နေပြန်သည်။ သို့နှင့် သင်္ကြံဟ်သည့်ရက်ကို ဆက်ဖတ်ကြည့်မှ ဧပြီလ ၃ ရက် အမှန်ဖြစ်ကြောင်း သိရလေသည်။

ဤကား အထင်ကရ ပုဂ္ဂိုလ်များအကြောင်း ရေးသားရာတွင် တွေ့ရှိရင်ဆိုင်ရသော ပထမဆုံး အခက်အခဲပင် ဖြစ်ပါသည်။ ယခု ဤဆောင်းပါးကို ရေးသားရာတွင် စာရေးသူအနေဖြင့် ဝန်ခံလိုသည်မှာ မြန်မာစာပေ လောကတွင်ရော မြန်မာ့နိုင်ငံရေး သမိုင်းတွင်ပါ အထင်ကရရှိခဲ့သော ပုဂ္ဂိုလ်တစ်ဦး အကြောင်းကို လူငယ်များ အလွယ်တကူ ဖတ်ရှုနိုင်ရန်သာ ရည်ရွယ်ရေးသားရင်း ဖြစ်ပြီး အချက်အလက် အတော်များများမှာ ဆရာကြီး၏ဇနီး ဆရာမကြီး ဂျာနယ်ကျော်မမလေး၏ "သူလိုလူ" စာအုပ်မှ အချက်အလက်များကို ကောက်ချ

www.burmeseclassic.com

www.burmeseclassic.com

စဖွယ်ဖြစ် ပြန်လည်ရေးသားခြင်းသာ ဖြစ်ပါ၍ ရေးသားခြင်းမဟုတ်ဘဲ ပြုစုခြင်းသာ ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

ကျွန်တော်သည် ဗိုလ်ချုပ်အောင်ဆန်း ဘဝ ဇာတ်ကြောင်းကို လူငယ်များ ဖတ်ချင်စဖွယ် ဖြစ်အောင် ရေးသားခဲ့သော ဗိုလ်အေးမောင်၏ ရေးဟန်ကို နှစ်သက်သဘောကျသူ ဖြစ်ရာ ယခု ဆောင်းပါးကိုလည်း ဤရေးဟန်အတိုင်း ရေးသားထားခြင်း ဖြစ်ပါကြောင်း။

စာရေးသူ

၁၉၁၂ ခုနှစ်၊ ဧန်နဝါရီလ ၁ ရက်နေ့ဆိုလျှင် မြန်မာနိုင်ငံ သတင်းစာလောကဌ မှတ်တိုင်တစ်ခု အဖြစ် စိုက်ထူနိုင်ခဲ့သော ဂျာနယ်ကျော်ကို ထုတ်ဝေခဲ့သူ သတင်းစာဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင် နှစ်တစ်ရာပြည့်တော့မည် ဖြစ်သည်။ မြန်မာသက္ကရာဇ်နှင့် ဆိုလျှင်လည်း ၁၂၃၇ ခုနှစ် ပြာသိုလဆန်း ၁၃ ရက် တနလ်ာနေ့တွင် ဖွားမြင်ခဲ့သူဖြစ်ရာ ၁၃၇၃ ခုနှစ် ပြာသိုလဆန်း ၁၃ ရက် (၆-၁-၂၀၁၂) နေ့တွင် အသက် ၁၀၀ ပြည့်တော့မည် ဖြစ်လေသည်။

ရာဇဝင်ရှိတဲ့သူ

မြန်မာနိုင်ငံ သတင်းစာလောကတွင် သတင်းစာဆရာ အယ်ဒီတာ၊ မျိုးချစ်နိုင်ငံရေးသမားကြီး ဂျာနယ်ကျော် ဦးချစ်မောင်အဖြစ် ထင်ရှားလာမည့် မောင်ချစ်မောင်ကို ၁၂၃၇ ခုနှစ်၊ ပြာသိုလဆန်း ၁၃ ရက်၊ ခရစ်နှစ် ၁၉၁၂ ခုနှစ်၊ ဧန်နဝါရီလ ၁ ရက်နေ့ (တနလ်ာနေ့)တွင် သာယာဝတီခရိုင် အုတ်ဖိမြို့၌ အဖ ဦးမြနှင့် အမိ ဒေါ်စောယုတို့မှ ဖွားမြင်ခဲ့လေသည်။

မောင်ချစ်မောင်၏ အဘိုး (အဖွား၏ဖခင်)မှာ ဗြိတိသျှတို့ မြန်မာနိုင်ငံကို သိမ်းယူစဉ်က တော်လှန်တိုက်ခိုက်ရင်း ကျဆုံးခဲ့ရသည့် မျိုးချစ်ပုဂ္ဂိုလ်ကြီး ဖြစ်သော ရွှေကျင်ဝန်ကြီးဦးကြင် ဖြစ်သည်။ ဦးကြင်၏ သမီးဖြစ်သူ မောင်ချစ်မောင်၏ အဘွားမှာလည်း နန်းတော်ထဲတွင် စာတော်ဖတ် ဖြစ်ခဲ့ဖူးသည့်အပြင် ကိုယ်တိုင်ပင် ကဗျာလင်္ကာနှင့် ပိဋကတ်စာပေတို့ကို ၎င်း၏ဖခင် ရွှေကျင်ဝန်ကြီးကဲ့သို့ပင် တတ်မြောက်သူ ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာဝန် (သို့မဟုတ်) သတင်းစာဆရာ အယ်ဒီတာ ဖြစ်ချင်ခဲ့သည့် ကျောင်းဆရာ

မောင်ချစ်မောင် ငယ်စဉ်က လက်ပံတန်းမြို့ အစိုးရ အထက်တန်း ကျောင်းတွင် ပညာသင်ကြားခဲ့ရသည်။ ထိုကျောင်းတွင် ကျောင်းအုပ်ကြီး မစ္စတာ အိုး–အောင်ထွန်းက ကျောင်းထားပေးခဲ့သဖြင့် ဆယ်တန်းအောင်သည်အထိ ပညာသင်ကြားခဲ့ရပြီး ထိုကျောင်းမှာပင် ကျောင်းဆရာအဖြစ် ဝင်ရောက်အမှုထမ်းခဲ့သည်။

မောင်ချစ်မောင် ငယ်စဉ်က သူ့တွင် အဖြစ်ချင်ဆုံး ဆန္ဒနှစ်ခု ရှိခဲ့သည်။ ဆန္ဒတစ်ခုမှာ ဆရာဝန်တစ်ယောက် ဖြစ်လိုသော ဆန္ဒဖြစ်ပြီး နောက်တစ်ခုမှာ သတင်းစာဆရာ အယ်ဒီတာတစ်ယောက် ဖြစ်လိုခြင်းပင် ဖြစ်သည်။ အစောပိုင်းက ဆရာဝန်တစ်ယောက် ဖြစ်လိုရခြင်းမှာလည်း အကြောင်းတစ်ခု ရှိလေသည်။

မောင်ချစ်မောင်တို့ အိမ်နှင့် ကပ်လျက် တည်ရှိသော နေအိမ်တွင် ဦးဘကျော်ဆိုသူ ပုဂ္ဂိုလ်ကြီးတစ်ဦး ရှိလေသည်။ ၎င်းပုဂ္ဂိုလ်ကြီးသည် ၁၉၁၄–၁၈ ပထမ ကမ္ဘာစစ်ကြီးကာလက မက်ဆိုပိုတေးမီးယား စစ်မြေပြင်အထိ စစ်သားတစ်ဦးအဖြစ် လိုက်ပါတိုက်ခိုက်ခဲ့သူ ဖြစ်သည်။ စစ်ပြီး၍ အိမ်ပြန်လာသည့်အခါ ၎င်းတွင် အလုပ်အကိုင် အတည်တကျ မရှိသေးသည့်အတွက် မောင်ချစ်မောင်၏ ဖခင်ဖြစ်သူက မိတ်ဆွေတို့၏ ဝတ္ထုရှည်အတိုင်း ငွေပင်ငွေရင်း စိုက်ထုတ်ပေးလျက် ရန်ကုန်ဂျာနယ်၊ အာဇာနည်၊ လွတ်ငြိမ်းဖွယ်၊ ပညာအလင်း၊ သူရိယ၊ ဝံသာနု စသော သတင်းစာဂျာနယ်များ၊ ပညာအလင်း၊ သူရိယ၊ ဒဂုန်စသော မဂ္ဂဇင်းများ၊ အသုံးတော်ခံ၊ ကြည်တော်မူ၊ ပျော်တော်ဆက်၊ မနောမယ၊ ရွှေလိပ်ပြာစသော ဝတ္ထုစာစောင်များကို မြို့နယ်ကိုယ်စားလှယ်အဖြစ် ခံယူစေကာ အလုပ်အကိုင်တစ်ခု တည်ထောင်ပေးခဲ့သည်။ အစပထမပိုင်းတွင် မောင်ချစ်မောင်ကလေးမှာ စစ်မြေပြင်မှ ရရှိခဲ့သော ဦးဘကျော်၏ မျက်နှာပေါ်မှ အမာရွတ်ကြီးကို ကြည့်လျက် ကြောက်ရွံ့နေသောကြောင့် ဦးဘကျော်အိမ်သို့ မသွားရဲပေ။ သူ၏ မိခင်က ဦးဘကျော်၏ မျက်နှာပေါ်တွင် အမာရွတ်ကြီး ရှိသော်လည်း ကြောက်ရွံ့စရာ မဟုတ်ကြောင်း၊ သူသည် ရဲစွမ်းသတ္တိရှိစွာဖြင့် စစ်သားတစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ရင်း ရရှိခဲ့သည့် ဒဏ်ရာဖြစ်သောကြောင့် မြင့်မြတ်ကြောင်း၊ အမာရွတ်ကို မြင်တိုင်း ကြောက်ခမာ

www.burmeseclassic.com

www.burmeseclassic.com

မလိုကြောင်း ရှင်းလင်းပြောဆိုသဖြင့် နောက်ပိုင်းတွင် ဦးဘကျော်အိမ်သို့ သွား ဝံ့လာရာမှ အိမ်နီးချင်းဖြစ်သူ၏ အိမ်တွင် စာစောင်များကို သွားရောက်ဖတ်ရှု လေတော့သည်။ ထိုသို့ ဖတ်ရှုရာမှ တစ်ဆင့် စာဖတ်ချင်စိတ်၊ စာဖတ်လိုစိတ် များ တဖွားဖွား ပေါ်ပေါက်လာခဲ့လေရာ မောင်ချစ်မောင်၏ စာပေပါရမီမှာ လည်း ပိုမိုရင့်သန်လာလေတော့သည်။

မောင်ချစ်မောင်၏ မိသားစုများမှာ စာအလွန်ဖတ်သူများ ဖြစ်လေရာ မောင်ချစ်မောင်၏ညီ မောင်သန်းထွန်းသည်လည်း စာအလွန်ဖတ်လေသည်။ တစ်နေ့တွင် ဦးဘကျော် နေမကောင်းဖြစ်၍ ရောဂါသည်းလေရာ မောင်ချစ်မောင် အား ရင်းနှီးသူလေး ဖြစ်သည့်အတွက် ဦးဘကျော်၏ဇနီးက သူ့ကို ဆရာဝန် အပင့်ခိုင်းလိုက်လေသည်။ ဦးဘကျော်ကို ခင်မင်ရင်းနှီးရှိနေသည့် မောင်ချစ်မောင် မှာ ဆရာဝန်အိမ်သို့ နေပူကြီးထဲတွင် ဒုန်းစိုင်းပြေးလေတော့သည်။ ပထမတွင် ဆရာဝန် ဖွင့်လှစ်ထားသည့် ဆေးတိုက်သို့ လိုက်သွားရာ ထမင်းစားပြန်သွား သည်ဆို၍ ဆရာဝန်အိမ်သို့ ပြေးရပြန်သည်။ အိမ်ရောက်၍ လူနာဆီ လိုက်ခဲ့ ရန် ပြောသည့်အခါ ဆရာဝန်က 'ထမင်းစားပြီးရင် တအောင့်တနားနေပြီး လိုက်လာခဲ့မယ်'ဟု ဆိုလေသည်။

မောင်ချစ်မောင်ကလေးက 'ဟိုမှာသေမယ် ရှင်မယ်မသိ ဖြစ်နေပါတယ်။ အရေးကြီးလို့ အခုလိုက်ခဲ့ပါ။ နောက်မှ ထမင်းစားပါ"ဆိုသော်လည်း အရေး ကြီး၍ လာပင့်သည် ဖြစ်ပါလျက် ဆရာဝန်၏ အရေးမထားလေဟန် အေးစက် စက် အမူအရာကို လွန်စွာမနှစ်မြို့ ဖြစ်ရလေတော့သည်။ မောင်ချစ်မောင် ကိုလည်း အိမ်ကိုသာ ပြန်နှင့်ရန် မောင်းနှင်ထုတ်သဖြင့် ပြန်ခဲ့ရသည်။ ဦးဘကျော် ၏ အိပ်ရာဘေးသို့ ပြန်ရောက်သောအခါ သည်းနေသော လူမမာကို ကြည့်ရင်း ချက်ချင်းပင် ဆရာဝန်ဖြစ်ချင်သောစိတ် ပြင်းထန်လာလေသည်။ ဆရာဝန်မှာ လည်း နေစောင်းမှ ရောက်လာလေရာ လူနာမှာ အသက်မမီတော့ဘဲ သေဆုံး လေတော့သည်။ ထိုစဉ်မှစ၍ မောင်ချစ်မောင်ကလေးမှာ 'ငါကိုယ်တိုင် ဆရာဝန် ဖြစ်အောင် ကြိုးစားမယ်။ ငါ ဆရာဝန်ဖြစ်တဲ့အခါကျမှ အသက်တွေကို ကယ် ပြလိုက်ဦးမယ်။ ဝေဒနာသည်တွေကို ကုပြလိုက်ဦးမယ်'ဆိုသော ဆန္ဒမွန်တစ်ခု ကိန်းအောင်းခဲ့လေသည်။ သို့သော်လည်း ထိုဆန္ဒမှာ ကြာရှည်မခံလိုက်ရ၊

www.burmeseclassic.com

www.burmeseclassic.com

ဖြစ်ချင်သော နောက်ဆန္ဒတစ်ခု

မောင်ချစ်မောင် အသက် ၁၂ နှစ်ကျော်ကျော်တွင် အင်္ဂလိပ်မြန်မာ ၇ တန်းကို အောင်မြင်၍ မိဘများက လက်ပံတန်းမြို့ အစိုးရအထက်တန်းကျောင်း သို့ ကူးပြောင်းအပ်နှံရလေသည်။ ကျောင်းအပ်သည့်နေ့တွင် ဆရာကြီး ဦးအောင်ထွန်းက သူ့အား "မင်း ကြီးရင် ဘာလုပ်မလဲ"ဟု မေးလေရာ 'ဆရာဝန်ဖြစ်ဖြစ်၊ အယ်ဒီတာဖြစ်ဖြစ် လုပ်ချင်ပါတယ်'ဟု ဖြေဆိုခဲ့သည်။

"မင်း လူတစ်ယောက်ထဲကို ဘယ့်နယ့်လုပ်ပြီး အလုပ်နှစ်ခု လုပ်နိုင်မလဲ၊ တစ်ခုဆိုရင် တစ်ခုပဲ မင်းကြိုးစားရမှာပေါ့။ ဘယ်ဟာကိုပိုပြီး ဝါသနာပါတယ်ဆိုတာ မင်းပြောစမ်း"ဟု ဆိုလေရာ မောင်ချစ်မောင်က 'အယ်ဒီတာပိုဖြစ်ချင်ပါတယ်'ဟု မဆိုင်းမတွပင် ဖြေခဲ့လေသည်။

ဆရာကြီးက "ဒါဆိုရင် မင်း စာများများ ဖတ်ရမှာပေါ့၊ စာဖတ်ရမှာ ပျင်းသလား"ဟု ဆရာကြီးက ဆိုလေရာ 'မပျင်းပါဘူး' ဟု ဖြေသည်တွင် မောင်ချစ်မောင်၏ မိဘများကလည်း "ဆရာကြီးရယ် မောင်ချစ်မောင်က စာကျပိုး(ကြမ်းပိုး)လေးပါ။ မိုးလင်းက မိုးချုပ် စာအုပ်တစ်အုပ်မဟုတ် တစ်အုပ်တော့ ဖတ်နေတာပါ။ ထမင်းစားရင်းတောင် စာဖတ်နေလို့ ထမင်းစားအောင် မနည်းကြီး ပြောဆိုနေရတာပါ'ဟု ဝင်တောက်လေသည်။

ငယ်စဉ်ကပင် အင်္ဂလိပ်သတင်းစာ ဖတ်ခဲ့သူ

၁၉၂၃–၂၄ ခုနှစ်ခန့်က မောင်ချစ်မောင် ၆ တန်းသို့ ရောက်သောအခါ လေးမျက်နှာမြို့မှ ဆရာစိန်ဆိုသူ ကျောင်းဆရာတစ်ဦးသည် ဘီအေ နောက်ဆုံးနှစ်တွင် ကျောင်းမှထွက်၍ ကျောင်းဆရာအဖြစ်ဖြင့် မောင်ချစ်မောင်တို့ အတန်းတွင် သင်ပြရန် ရောက်ရှိလာသည်။ ထိုအချိန်က ပထမအကြိမ် ကျောင်းသားသပိတ်ကြီး မှောက်ပြီးစဖြစ်၍ တစ်နိုင်ငံလုံးတွင် အမျိုးသားရေး စိတ်ဓာတ်များလည်း တဖွားဖွားပေါ်ပေါက်နေချိန် ဖြစ်လေသည်။ နယူးဘားမား အင်္ဂလိပ်သတင်းစာမှလည်း အင်္ဂလိပ်တို့ကို ရေးသားခုခံ၍ ကောင်းနေချိန်လည်း ဖြစ်သည်။ ဆရာစိန်ကိုယ်တိုင်မှာ မျိုးချစ်စိတ် ထက်သန်သူဖြစ်သည့်အပြင် အင်္ဂလိပ်စာ တစ်ခုတည်းကို ဖိ၍ သင်ကြားပေးလေရာ နယူးဘားမား သတင်းစာကို အတန်းသုံးစာပေအဖြစ် သင်ကြားပို့ချလေတော့သည်။ နယူးဘားမား သတင်းစာမှာ တစ်ပတ်လျှင် သုံးကြိမ်ထုတ်ဝေသော သတင်းစာဖြစ်ပြီး ဆရာစိန်က

www.burmeseclassic.com

www.burmeseclassic.com

သူ့ကိုယ်ပိုင်ငွေဖြင့် ဝယ်ယူကာ တပည့်များအား သင်ကြားပေးလေသည်။ ဤသို့ဖြင့် မောင်ချစ်မောင်တို့ ကျောင်းသားလေးများမှာ အင်္ဂလိပ်အဘိဓာန် စာအုပ်အကူအပုံဖြင့် စမ်းဝါးဖတ်ရှုနိုင်သော အခြေဆိုက်ခဲ့လေသည်။

သို့နှင့် ဆရာစိန် အလုပ်မှ ထွက်သွားသော်လည်း တပည့်များ ဆက်လက်ဖတ်ရှုနိုင်စေရန် နေရပ်လွှဲပြောင်းမယူဘဲ ထားရစ်ခဲ့လေရာ ထိုသတင်းစာကို ဖတ်ရှုရင်းဖြင့် ကြီးကျယ်လှသော အမိနိုင်ငံ၏ ဒဏ်ရာဒဏ်ချက်များနှင့် ကျယ်ဝန်းလှသော နိုင်ငံရေးသဘောတရားများမှာ မောင်ချစ်မောင်၏ ငယ်ဘဝကို အရွယ်နှင့်မမျှအောင် စိုးမိုးလေတော့သည်။ သည်တွင် လောကကြီး၌ အမြီးအမောက်မတည့် မကျေနပ်ဖွယ်ရာ အပြုအမူ အဖြစ်အပျက်များကို ပြုပြင်ကုစားရန် အကောင်းဆုံးအလုပ်မှာ ကိုယ်တိုင်အယ်ဒီတာလုပ်၍ နိုင်ငံရေးဆောင်ရွက်ခြင်းပင် ဖြစ်သည်ဟု ခံယူဆုံးဖြတ်ပြီး အယ်ဒီတာ လုပ်ရန် ထိုစဉ်ကပင် ဆုံးဖြတ်ခဲ့လေတော့သည်။ (နောင်သောအခါ ယင်းဆုံးဖြတ်ချက်နှင့် ပတ်သက်၍ သူ၏နေ့စဉ်မှတ်တမ်းတွင်

'... ဆရာဝန် ဆိုသည်မှာ လူတစ်ဦး၏ ဝေဒနာကိုသာ သက်သာခွင့်ရစေနိုင်သည်။ လူတစ်ယောက်လျှင် ဝေဒနာ ၉၆ ပါးသာရှိသည်။ တိုင်းပြည်မှာ အင်္ဂလိပ်စနစ်ကြောင့် ဝေဒနာအမျိုးမျိုးခံနေရသည်။ လူ့ဝေဒနာနှင့် တိုင်းပြည်ဝေဒနာ ဤနှစ်ခုတွင် ကြီးရာကိုသာ ကုစားဖို့ ကောင်းသည်'ဟု အယ်ဒီတာလုပ်ရန် ဆုံးဖြတ်ခဲ့ရပုံကို မှတ်တမ်းတင် ရေးသားခဲ့သည်။)

မောင်ချစ်မောင်သည် လက်ပံတန်းကျောင်းတွင် ကျောင်းအပ်စဉ်က သူ၏ဆရာကြီး ဖြစ်မည့် ပုဂ္ဂိုလ်က ဘာဖြစ်ချင်သလဲဟုမေးရာ အယ်ဒီတာဖြစ်ချင်သည်ဟု ဖြေခဲ့ဖူးလေသည်။ အယ်ဒီတာလုပ်မယ် ဆိုရင်တော့ မင်းစာတွေအများကြီး ဖတ်ရမှာပေါ့ ဆိုသည့်စကားကို ကြားယောင်ခဲ့ရင်း ၆ တန်းနှစ်ကပင် စ၍ ကျောင်းစာကျက်မှတ်ချိန်၊ အိပ်ချိန်၊ စားချိန်တို့မှအပ နောင်တစ်ချိန် အယ်ဒီတာ လုပ်လျှင် အထောက်အပံ့ ဖြစ်နိုင်မည့် စာပေဗဟုသုတများ ရရှိသိမှီးနိုင်ရန် အသက် ၁၃ နှစ်သားမှ ၂၆ နှစ်အရွယ်တိုင်အောင် စာကို အပြင်းအထန် ဖတ်လေတော့သည်။ မည်မျှအထိ ဖတ်သနည်းဆိုလျှင် တစ်နေ့လျှင် ၂၄ နာရီအနက် သုံးလေးနာရီခန့်သာ အိပ်စက်လျက် ကျန်အချိန်များတွင် ဝမ်းစာအတွက် ကျောင်းဆရာလုပ်ကာ စာသင်ပေးချိန်မှအပ စာကိုသာ တွင်တွင်ကြီး ဖတ်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

မောင်ချစ်မောင် ကိုးနှစ်သားအရွယ်ကပင် ဇာတိနှင့် အစဉ်အလာကို ထိန်းသိမ်းနိုင်သော မျိုးချစ်စိတ်ကို သန္ဓေတည်ခဲ့ပြီးလည်း ဖြစ်လေသည်။ သူ၏ ဇာတိဇာစ်မြစ် မူလအစက ရွှေကျင်ဝန်ကြီး ဦးကြင်၏ မြစ်ဖြစ်ရကား၊ ရွှေကျင်ဝန်ကြီး ကျဆုံးသောအခါ ဝန်ကြီးဦးကြင်၏ မိသားစုမှာ ဟင်္သာတသို့ ထွက်အပြေး အင်္ဂလိပ်မျက်နှာဖြူ လက်ပါးစေများဖြစ်သော ဟင်္သာတဆိပ်ကမ်း စူရတီလူမျိုး အကောက်ဝန်က သူ့အဘွားကို အတင်းအဓမ္မ သိမ်းပိုက်၍ သူသည် မွတ်စလင်အနွယ်ထဲ၌ မျိုးဆက်ဖြစ်ပွားလာခဲ့ရသည်။ အသက် ကိုးနှစ်အရွယ်၌ သူ့ဖခင်က သူ့အား ပလီတက်၍ မွတ်စလင်ဘာသာသွင်းပြီး ရှင်ပြုရန် အစီအစဉ် ရှိသည်။ သူ့မိခင်သည် မှူးမတ်မျိုးအနွယ် ဗမာ့သွေးပါ၍ ဗုဒ္ဓဘာသာဖြစ်ခြင်းကြောင့် သားအမိနှစ်ယောက် ဘာသာသွင်းမခံရအောင် ကြိတ်၍ ကြိစည်ကြသည်။ ဖခင်၏ မွတ်စလင်ဘာသာသွင်းခြင်းကို မခံဘဲ ဘယ်တော့မှ ပလီမတက်ဘူးဟု ဆုံးဖြတ်ကာ မိခင်၏ ခွင့်ပြုချက်ဖြင့် စစ်ကိုင်းတောင်ရိုး၌ ရှိသော ဘွားအေမယ်သီလရှင်ထံသို့ သူတစ်ယောက်တည်း အိမ်မှထွက်ပြေးသွားလေသည်။ သူသည် ဖခင်နှင့် လုံးဝ အဆက်အဆံ မရှိဘဲ ကင်းဝေးခဲ့သည်မှာ ဇနီးသည်နှင့် လက်ထပ်သည့်အချိန် ၁၉၃၈ ခုနှစ်၊ အသက် ၂၅ နှစ်ကျော် ၂၆ နှစ်အထိ ဖြစ်လေသည်။ လက်ထပ်ပွဲ ဆင်နွှဲသည့်အခါမှသာ သားအဖနှစ်ယောက် ပြန်လည်ဆုံတွေ့ကြလေသည်။ အသက်ကိုးနှစ်မှ လူလားမြောက်သည်အထိ တစ်ကိုယ်တည်း ဘဝဖြင့် စာအုပ်များနှင့် မျက်လုံးမခွာ၊ စာအုပ်များသာလျှင် သူ့ဘဝအဖြစ် နေလာခဲ့ရာ လက်ပံတန်းအစိုးရ ဟိုက်စကူးကျောင်းမှ ၁၀ တန်း အောင်မြင်သောအခါကလည်း မြန်မာစာ၊ အင်္ဂလိပ်စာ အပြင် ရာဇဝင်တွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့လေသည်။ ငယ်စဉ်ကပင် စာဖတ်နာသူဖြစ်၍ စာပေဗဟုသုတ ကြွယ်ဝသည့်အလျောက် ၁၀ တန်းတွင် အသက် ၁၈ နှစ်အရွယ်ကပင် အင်္ဂလိပ်စာပြဆရာ အဖြစ် လုပ်ကိုင်နိုင်ခဲ့သူ ဖြစ်သည်။ အင်္ဂလိပ် သတင်းစာများတွင်လည်း အင်္ဂလိပ်ဆောင်းပါးများ ရေးသားနိုင်ခဲ့လေသည်။

ကွန်မြူနစ်စာပေများကို ကလေးဘဝကပင် ဖတ်ရှုသူ

မောင်ချစ်မောင်သည် ဗုဒ္ဓဘာသာကို လွန်စွာ ကြည်ညိုသက်ဝင် ယုံကြည်သူတစ်ယောက် ဖြစ်သော်လည်း ကွန်မြူနစ်စာပေများကို ငယ်စဉ်ကပင် ဖတ်ရှု

www.burmeseclassic.com

လေ့လာခဲ့သူလည်း ဖြစ်လေသည်။ မောင်ချစ်မောင် အသက် ၁၁ နှစ်သား အရွယ်လောက်က တစ်နေ့တွင် သူနေထိုင်ရာ လက်ပံတန်းမြို့ကလေးသို့ ကမ္ဘာလှည့် ဆပ်ကပ်ပွဲတစ်ခု ရောက်လာပြီး ကျောင်းနားတွင် ဆပ်ကပ်ရုံ ထိုးထားလေသည်။ မောင်ချစ်မောင်သည်လည်း ညနေညနေဘက်တွင် လမ်းလျှောက်ရင်း ဆပ်ကပ်ပွဲတွင် လိုက်ပါလာသူ ရုရှားလူမျိုး ဆပ်ကပ် လူပြက်ကြီးတစ်ဦးနှင့် ရင်းနှီးခင်မင်ခဲ့လေသည်။ မောင်ချစ်မောင်မှာ ငယ်စဉ်ကပင် စာအလွန်ဖတ်သူ ဖြစ်ရာ သူမရှင်းလင်းသည့် ကမ္ဘာနိုင်ငံရေး အခြေအနေများကို ထိုလူပြက်ကြီးအား မေးမြန်းလေရာ ရုရှားလူမျိုး လူပြက်ကြီးက မေးသမျှသော ကွန်မြူနစ် မေးခွန်းများကို စိတ်ရှည်လက်ရှည် ဖြေကြားပေးရုံမျှမက သူနေထိုင်ရာ ရုရှားသို့ ပြန်ရောက်သောအခါတွင်လည်း မောင်ချစ်မောင် ဖတ်ရှုရန် ကွန်မြူနစ် စာအုပ်စာတမ်းများကို အခြား စာစောင်များတွင် ညှပ်၍ ပို့ပေးခဲ့လေသည်။ မောင်ချစ်မောင်လည်း ထိုအချိန်ကပင် ကွန်မြူနစ်စာပေများကို ဖတ်ရှုလေ့လာခဲ့ရသည့်အတွက် "အခြေအနေကိုကြည့်၍ ပြောင်းလဲရမည်" ဆိုသော ကွန်မြူနစ် ဝါဒ၏ ညွှန်ကြားစဉ်တွေကို အလွန်နှစ်ခြိုက်ခဲ့လေသည်။

ကွန်မြူနစ်ဝါဒနှင့် ပတ်သက်သော စာအုပ်စာတမ်းများကို နှစ်ပေါင်းများစွာ မလွတ်တမ်း ဆည်းပူးခဲ့သူဖြစ်၍ မြန်မာပြည်တွင် မြန်မာများ လက်ခံသော ကွန်မြူနစ် တစ်ယောက်အဖြစ် ရှေးမဆွကပင် ဖြစ်နှင့်နေပြီး ဖြစ်လေသည်။ (နောင်သောအခါ ဂျာနယ်ကျော်အုပ်တွဲ ၂ တွင် သူ လက်ခံထားသော ကွန်မြူနစ်ဝါဒကို 'ရွှေလင်းယုန်' ကလောင်အမည်ဖြင့် 'လမ်းနှစ်ခွ' ဆောင်းပါးကို ရေးသားခဲ့လေသည်။)

အယ်ဒီတာမောင်ချစ်မောင်

မောင်ချစ်မောင်ကလေးသည် တစ်နေ့တွင် အယ်ဒီတာ ဖြစ်ရမည်ဟူသော ဆန္ဒအဟုန်ကို မီးဟုန်းဟုန်းတောက်အောင် ထိုးထားသူလည်း ဖြစ်လေသည်။ ကျောင်းသားဘဝမှာပင် အင်္ဂလိပ်ဘာသာဖြင့် ဆောင်းပါးများရေးကာ ကျောင်းမှ တစ်ဆင့် နယူးဘားမား သတင်းစာတိုက်သို့ ပေးပို့ခဲ့သည်။ တစ်နေ့နေ့ တစ်ချိန်ချိန်တွင် သတင်းစာတစ်စောင်ကို အုပ်စီး၍ အယ်ဒီတာ ဖြစ်ရမည်ဆိုသည့် ရည်မှန်းချက်ကိုလည်း ကျောင်းသားဘဝကပင် ချထားခဲ့ပြီး ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ကျောင်းဆရာ ကိုချစ်မောင်ဘဝမှာပင် နောင် အယ်ဒီတာ ဖြစ်လာလျှင် အထောက်အပံ့ ဖြစ်ရန် စာပေများကို သဲသဲမဲမဲ ဖတ်ရှုလေရာ သူ့ရုပ်ရည်မှာ လူရုပ်မပေါ်တော့ဘဲ ငါးဖောင်ရိုးခြောက်ပမာ ဖြစ်ကာ အရွယ်နှင့်မမျှအောင် ဆံပင်များပါ ဖြူလေတော့သည်။ ကျောင်းတွင်သာမက အပြင်အပတွင်ပါ စာပြပေးခဲ့သည်။ တစ်ခုသော နွေရာသီ ကျောင်းပိတ်ရက်တွင် ကျောင်းသားများအတွက် ရန်ကုန်တွင် စာအုပ်လာဝယ်စဉ် ရန်ကုန်မြို့မှ 'နော်ရထာ' သတင်းစာတိုက်တွင် အယ်ဒီတာလုပ်ရန် ခေါ်သဖြင့် နေရပ်သို့ မပြန်တော့ဘဲ သတင်းစာတိုက်တွင် အယ်ဒီတာဝင်လုပ်ခဲ့တော့သည်။

ထိုစဉ်က သူ စတင်ဝင်ရောက် လုပ်ကိုင်ခဲ့သော 'နော်ရထာ' သတင်းစာမှာ သတင်းစာရိုက်ရန် စက္ကူဖိုးပင် မရှိ၍ အင်္ဂျိုလ်ပေါင်ပြီး စက္ကူဝယ်၍ ထုတ်ရသော သတင်းစာဖြစ်လေရာ အယ်ဒီတာကိုချစ်မောင်မှာလည်း ညစာကိုပင် စားစရာမရှိ၍ ပဂိုးဒါးဘယာကြော် တစ်ပဲဖိုးဝယ်စား၍ ရေသောက်လုပ်ကိုင်ခဲ့ရလေသည်။ သို့သော်လည်း မကြာမီမှာပင် တိုက်ပိတ်လိုက်ရ၍ အယ်ဒီတာအလုပ်ပြုတ်လေတော့သည်။

မြန်မာ့အလင်း အယ်ဒီတာ ကိုချစ်မောင်

တစ်နေ့တွင် မြန်မာ့အလင်း အယ်ဒီတာ ယောဂီဦးတင်က သူကောင်းကောင်း မကျန်းမာသဖြင့် ဂျာမနီပြန် ဦးတင်ကြီးကို မြန်မာ့အလင်းတွင် အယ်ဒီတာလုပ်ပါရန် ဖိတ်ခေါ်လေသည်။ သို့သော်လည်း ဦးတင်ကြီး၏ မိသားစုများက မြန်မာ့အလင်းတွင် ဝင်ရောက်လုပ်ကိုင်ရန် သဘောမတူကြသည့်အလျောက် ဦးတင်ကြီးက ကိုချစ်မောင်ကို အယ်ဒီတာဝင်လုပ်ရန် တိုက်တွန်းရာမှ မြန်မာ့အလင်းတွင် အလုပ်ဝင်ရင်း ညအယ်ဒီတာဘဝသို့ ရောက်ခဲ့လေသည်။ ဤတွင် သူအနှစ်နှစ်အလလက သဲကြီးမဲကြီး ဖတ်ရှုခဲ့သော စာပေဗဟုသုတများနှင့် အလုပ်အပေါ် အာရုံစူးစိုက်ကာ တစ်ချောင်းတည်းသောစိတ်ဖြင့် ကြိုးစားခဲ့ခြင်းကြောင့် မြန်မာ့အလင်းသတင်းစာတွင် နာမည်ရလာခဲ့ရုံမျှမက သမိုင်းတွင်မည့် အဖြစ်အပျက်တစ်ခုကိုလည်း သူလုပ်ပြနိုင်ခဲ့လေတော့သည်။

ဗြိတိသျှဘုရင် အက်ဒွပ်နန်းစွန့်သည့်သတင်း

အယ်ဒီတာ ဦးချစ်မောင်ဘဝသို့ ရောက်သော အချိန်မှစ၍ ၁၉၃၀ ပြည့်လွန်တစ်ဝိုက်တွင် ဦးချစ်မောင်၏ အမည်မှာလည်း သတင်းစာမှလာက

www.burmeseclassic.com

www.burmeseclassic.com

တွင် ထင်ရှားလာခဲ့ပေသည်။ ဗြိတိသျှနေမဝင် အင်ပါယာဘုရင် နန်းစွန့်သည့် သတင်းကို မြန်မာ့အလင်းတွင် သတင်းဦးအဖြစ် ထည့်သွင်းဖော်ပြခဲ့သော ဖြစ်ရပ် တစ်ခု မြန်မာ့အလင်း သတင်းစာ သမိုင်းတွင် ပေါ်ပေါက်ခဲ့သည်။ ထိုစဉ်က မြန်မာ့အလင်း သတင်းစာတိုက်၏ တိုက်အုပ်အဖြစ် လုပ်ကိုင်နေသူ ဦးတင်သည် တက္ကသိုလ်ကျောင်းသား နိုင်ငံရေးသမားများနှင့် ရင်းနှီးခင်မင်သူ ဖြစ်လေရာ တို့ဗမာအစည်းအရုံးမှ ကိုနု၊ ကိုအောင်ဆန်း၊ ကိုသိန်းဖေ၊ ကိုဗဟိန်း၊ ကိုအုန်းတို့၏ နိုင်ငံရေးလှုပ်ရှားမှုများကို အကူအညီပေးသည့် အနေဖြင့် မြန်မာ့အလင်း သတင်းစာ၏ သတင်းထောက်၊ ညဘာသာပြန် အယ်ဒီတာ၊ သတင်းစာခေါင်းကြီး ရေးသူများအဖြစ် တာဝန်ပေးအပ်၍ ငွေကြေးထောက်ပံ့ခဲ့သည်။

၎င်းတို့အထဲမှ နောင်တစ်ချိန်တွင် နိုင်ငံရေးသမား စာရေးဆရာ သိန်းဖေမြင့်အဖြစ် ထင်ရှားလာမည့် ကိုသိန်းဖေသည် ၁၉၃၆ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် အိန္ဒိယသို့ မြန်မာ့အလင်းသတင်းစာ၏ နိုင်ငံခြား သတင်းထောက်အဖြစ် လက္ကနောင်းကွန်ဂရက် အစည်းအဝေးသို့ တက်ရောက်ခဲ့သည်။ အိန္ဒိယမှနေ၍ မြန်မာ့အလင်းသတင်းစာတိုက်သို့ သတင်းနှင့် ဆောင်းပါးများ ရေးသားပေးပို့ရာ ထိုစဉ်က အက်ဒွပ်မင်းသား နန်းစွန့်သည့်သတင်းကို မြန်မာ့အလင်းသို့ အစောဆုံးပို့နိုင်ခဲ့၍ သတင်းစာစောင်ရေများစွာ တက်ခဲ့လေသည်။ ထို သတင်းကို ဦးချစ်မောင်က သတင်းဦး သတင်းထူးအဖြစ် ထည့်သွင်းဖော်ပြပေးခဲ့ရာ မြန်မာနိုင်ငံကို အုပ်ချုပ်နေသော ဗြိတိသျှများပင်လျှင် ထိုသတင်းကို မသိရသေးမီ မြန်မာ့အလင်းသတင်းစာက ဦးစွာဖော်ပြခြင်း ဖြစ်သည့်အတွက် အင်္ဂလိပ်အရာရှိ အသိုင်းအဝိုင်းများပင် တုန်လှုပ်အံ့သြရသည်အထိ ဖြစ်ခဲ့ပေသည်။

အသိဉာဏ်ကြီးရုံနှင့်မပြီး၊ သတ္တိလည်းရှိဖို့လို

သတင်းစာအလုပ် ဆိုသည်က နေ့စဉ်နှင့်အမျှ လက်ရှိ ဖြစ်ပွားနေသော နယ်သတင်းများ၊ ရှုပ်ထွေးပွေလီလှသည့် နိုင်ငံရေးသတင်းများကို သတင်းစာသဘောအရ တစ်ရက်ကြို၍ လုပ်ကိုင်ရသည်ဖြစ်ရာ တစ်ရက်စောနေသော အလုပ်ကို အဖန်ဖန်အလေ့အထ ဖြစ်နေသောကြောင့်သာ ကြိုတင်တွေးဆ လုပ်ကိုင်ကြရသည်လည်း ရှိပေသည်။ သတင်းစာအလုပ်မှာ 'ဂန္ဒီ မကျန်းမာသော သတင်းရောက်လာလျှင် ဂန္ဒီသေသွားသော်' ဟူသော အတွေးဖြင့် သတင်း

www.burmeseclassic.com

www.burmeseclassic.com

စာတွင် ကြိုတင်၍ သူ့အတ္ထုပ္ပတ္တိကို ရှာဖွေလုပ်ကိုင် စီစဉ်ရသည်မျိုးလည်း ရှိပေသည်။ ကြိုတင်ချိန်ဆ၍ ခန့်မှန်းရေးသားလိုက်သော သတင်းမှာ နောက်တစ်နေ့တွင် အမှန်ဖြစ်ပျက်ပါက ပျော်စရာကောင်းလှသော်လည်း မှန်းသည့်အတိုင်း ဖြစ်မလာပါက ရင်ဖိုရ စိတ်မောရ ရှင်းရလင်းရသည့် အဖြစ်များလည်း ရှိတတ်ပေသည်။

ထောင်နှုတ်ခမ်းပေါ်က အယ်ဒီတာ

တကယ်တော့ အယ်ဒီတာအလုပ် ဆိုသည်မှာ ထောင်နှုတ်ခမ်းပေါ် လျှောက်နေရသော အလုပ်မျိုး ဖြစ်လေသည်။ ထိုစဉ်က ဦးချစ်မောင် ထည့်သွင်းဖော်ပြလိုက်သော နန်းစွန့်သည့်သတင်းမှာ ပေးပို့သူ၏ သတင်းရေးသားသည့် အသုံးအနှုန်းအရ 'စွန့်နေပြီ' သို့မဟုတ် 'နန်းစွန့်ပြီ'ဟု အဓိပ္ပာယ်နှစ်မျိုး သက်ရောက်နေသော်လည်း အယ်ဒီတာအလုပ်၏ သဘောသဘာဝအရ ရရှိထားသော သတင်းအချက်အလက်များအပေါ် ပိုင်းခြားသုံးသပ်၍ အရဲစွန့်ကာ 'နန်းစွန့်ပြီ' ဟု ထည့်သွင်းလိုက်ခြင်း ဖြစ်သည်။

သတင်းနှင့်အတူ အက်ဒွပ်ဘုရင်၏ ကြင်ရာတော် မစ္စက်ဆက်ပဆင်၏ ပုံကိုပါ ရှာဖွေပြီး သတင်းတွင် ဖော်ပြလိုက်ရာ မနက်မိုးလင်းသည်နှင့် အင်္ဂလိပ်သတင်းစာများတွင် မည်သည့်သတင်းစာတွင်မျှ မဖော်ပြနိုင်ခဲ့သော ဇြတိသျှ ဘုရင်နန်းစွန့်သည့် သတင်းမှာ မြန်မာ့အလင်း သတင်းစာတွင်သာ သတင်းဦးအဖြစ် ဖော်ပြပါရှိသည်အတွက် သတင်းစာစောင်ရေများ တက်သွားသည့်အပြင် သတင်းစာတိုက်သို့လည်း အနယ်နယ်အရပ်ရပ်မှ လူကိုယ်တိုင်တစ်မျိုး၊ ဖုန်းဖြင့်တစ်သွယ် ဆက်သွယ်မေးမြန်းကြလေတော့သည်။

မဟုတ်ရင် တရားစွဲမယ်

နန်းစွန့်သတင်း ဖော်ပြပါရှိသည့်နေ့မှာပင် ဤသတင်းကို အင်္ဂလိပ်အစိုးရပိုင်းက 'သူတို့ဘိလပ်က သတင်းမလာသေးမီ မြန်မာ့အလင်း သတင်းစာက ဖော်ပြရကောင်းလား' ဟူ၍ ရာဇမောန်ရှုတော်မူပြီး အတွင်းဝန်ချုပ်ကြီး မစ္စတာကော့ကရိမ်းက အတွင်းဝန်ရုံးသို့ ချက်ချင်းလာရောက်ရန် ဆင့်ခေါ်လိုက်တော့သည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့အလင်း တာဝန်ခံ အယ်ဒီတာ ဦးချစ်မောင်မှာ ခုဖိနပ်ကြီးကို တကျောက်ကျောက်စီးရင်း လာခေါ်သူ သူကြီးဂေဇက် ဦးခင်မောင်နှင့်အတူ အတွင်းဝန်ရုံးသို့ လိုက်သွားခဲ့ပြီး အတွင်းဝန်ချုပ်ကြီး အခန်းတွင်းသို့ ခုဖိနပ်ဖြင့် ဝင်သွားလေတော့သည်။ အခန်းတွင်း ရောက်တော့လည်း အတွင်းဝန်က နေရာမပေးသဖြင့် သူ့စားပွဲရှေ့က ကုလားထိုင်ကို ကျောခနဲ အသံမြည်အောင် ဆွဲထိုင်လိုက်မှ 'မင်းဘယ်သူလဲ' ဟု မျက်လုံးကြီးကို ဝင့်ကာ မေးလေသည်။

'ကျုပ်... မြန်မာ့အလင်း တာဝန်ခံ အယ်ဒီတာ ချစ်မောင်... ပဲ'

"ဒီနေ့ထည့်တဲ့ နန်းစွန့်တဲ့သတင်းဟာ ဘယ်ကရလို့ ထည့်သလဲ"

'ခင်ဗျားဆီကို ဘယ်ကရလို့ ထည့်တာပါလို့ ခိုင်လုံကြောင်းကို ကျုပ် အစစ်ဆေးခံဖို့လာတာ မဟုတ်ဘူး'

အတွင်းဝန်ချုပ်ကြီးက နဖူးကြောကြီးများ ထောင်ထလာအောင် စိတ်ဆိုးလာပြီး...

"ဒီသတင်းမမှန်ရင် မင်းဘယ်လိုဖြစ်သွားမယ် ဆိုတာ မင်း မထည့်ခင်က မင်းတာဝန်ကို သတိရပြီး စဉ်းကော စဉ်းစားမိရဲ့လား"

'ခင်ဗျား ကျုပ်ကို မြန်မာ့အလင်း သတင်းစာတိုက်က တာဝန်ခံ အယ်ဒီတာမှန်း သိတယ်မဟုတ်လား'

အတွင်းဝန် စိတ်ဆိုးမာန်ဆိုးဖြင့် စားပွဲကို လက်သီးဖြင့် ထုလိုက်ရင်း-

"ဒီသတင်းဟာ အခုမဟုတ်သေးဘူး။ ဘိလပ်က ဒီသတင်းနဲ့ ပတ်သက်လို့ ဘာမှ အတည်ပြုချက် မရသေးဘူး။ နက်ဖြန်သတင်းစာမှာ ဒီသတင်း အတည်မဟုတ်သေးဘူး ဆိုတာ မင်းပြန်ပြင်ပြီး ထည့်ပါ။ မထည့်ရင် မင်းကို တရားစွဲမယ်"

'ဒီမှာ အတွင်းဝန်ချုပ်ကြီး။ ဒီသတင်းကို ပြင်လိုက်ရအောင် ကျုပ်ဟာ ခင်ဗျားတို့ အစိုးရတစ်ဖွဲ့လုံးရဲ့ တာဝန်ခံပုဂ္ဂိုလ်တစ်ယောက် မဟုတ်ဘူး။ ကျုပ်ဟာ မြန်မာ့အလင်း သတင်းစာရဲ့ တာဝန်ခံအယ်ဒီတာ တစ်ယောက် ဆိုတာ ခင်ဗျားတို့ သိဖို့ကောင်းတယ်။ ခင်ဗျားတို့ အစိုးရ သတင်းအရ နောက်ကျနေတာကို တိုင်းသူပြည်သားတစ်ယောက် အနေနဲ့တော့ အများကြီး ဝမ်းနည်းမိပါရဲ့။ ဒါပေမယ့် ဒီသတင်းဟာ အမှန်သတင်း ဖြစ်နေပြီမို့ ကျုပ်ပြင်ပြီး မပေးနိုင်ပါဘူး။ အချိန်မကြာတော့ပါဘူး။ ဘိလပ်က ဒီသတင်းနဲ့ ပတ်သက်

www.burmeseclassic.com

www.burmeseclassic.com

ပြီး ခင်ဗျားတို့ဆီ အမြန်ရောက်လာတော့မှာပါ။ ခင်ဗျားတို့ အစိုးရအဖွဲ့ကြီး မကြာခင် လိမ္မာလာပါလိမ့်မယ်'

ဤသို့ဤနှယ် ဦးချစ်မောင်က ဗြိတိသျှအတွင်းဝန်ချုပ် မစ္စတာ ကော့က ရိမ်းကို တွယ်ခဲ့လေကြောင်း အပြင်မှာ စောင့်နေခဲ့သူ သူကြီးဂေဇက် ဦးခင်မောင်က ပတ်ဝန်းကျင်ကို ပြန်လည်ပြောပြလေရာ ဤသတင်းကို ကြားရသော လွတ်တော်အမတ် ဂန်ဂါဆင်ကြီးကပင် ဦးချစ်မောင်ကို မွေ့ရမ်းနှုတ်ဆက်ခဲ့ရလေသည်။ ထိုအဖြစ်အပျက်နှင့် ပတ်သက်၍ ရဲရဲတောက်ဦးချစ်မောင်၏ အာဂသတ္တိကို မိတ်ဆွေများက သူ့အား ဝိုင်းဝန်းချီးကျူးခဲ့လေသည်။

နိုင်ငံရေး အလှည့်အပြောင်းတစ်ခုမှာ

အချိန်ကား မြန်မာနိုင်ငံတွင် (၉၁) ဌာန အုပ်ချုပ်ရေးကို လက်ခံသင့်လက်မခံသင့် အချေအတင် ဖြစ်ပေါ်နေသည့် နိုင်ငံရေး အလှည့်အပြောင်း ကာလတစ်ခုသို့ ရောက်ရှိနေချိန် ၁၉၃၇ ခုနှစ် ဝန်းကျင်က ဖြစ်လေသည်။ ထိုစဉ်အခါက သတင်းစာဆရာများ အစည်းအရုံးမှ (၉၁) ဌာန အုပ်ချုပ်ရေးခွဲရာထူးလက်မခံရန် စိုင်းပြင်းကြသော အချိန်ဖြစ်၍ ခေါင်းဆောင်ကြီးများ၏ ထင်မြင်ချက်များကို ဆွေးနွေးမေးမြန်း ယူငင်ရန်အတွက် အမှုဆောင်အဖွဲ့ထဲမှ အထူးအမှုဆောင် ငါးဦးကို ရွေးထုတ်လိုက်ကြလေသည်။ ထိုပုဂ္ဂိုလ်တို့ကား-

(၁) ဒီးဒုတ်ဦးဘချို၊
(၂) တိုးတက်ရေး ဦးထွန်းသန်း၊
(၃) ကျာနယ်ကျော် ဦးချစ်မောင်၊
(၄) ရဲသတင်းစာ မဟာဆွေနှင့်
(၅) သခင်တင်မောင်တို့ ဖြစ်ကြလေသည်။

အထူးအမှုဆောင်များသည် ခေါင်းဆောင်တစ်ဦးစီ၏ အိမ်သို့ သွားရောက်ကာ ၎င်းတို့၏ ထင်မြင်ယူဆချက်များကို မေးမြန်းကြလေသည်။ ထိုသို့ မေးမြန်းကြရာ၌ စကားအပြောဆုံးမှာ ဦးထွန်းသန်းနှင့် ဦးချစ်မောင် ဖြစ်လေသည်။ ဒီးဒုတ် ဦးဘချိုသည် နှစ်ဖက်ပြောဆိုချက်များကို သေချာစွာ (စီးကရက် ရှူဖွာရင်း) နားထောင်နေသည်။ နိုင်ငံရေး အယူအဆနှင့်တကွ ပြောဆိုရာ၌ ဦးထွန်းသန်းနှင့် ဦးချစ်မောင်တို့သည် အရည်ပြည့်၍ နှုတ်စွာသူများ ဖြစ်ကြလေသည်။ သတင်းစာဆရာများဘက်မှ လိုနေ၊ ဟာနေသော အချက်များ

www.burmeseclassic.com

တွေ့သောအခါ ဝင်ရောက်ပြောဆိုတော့သည်။ အလွန်လျှင် ထိရောက်လေသည်။ ခေါင်းဆောင်ကြီးတစ်ဦး အိမ်သို့ ရောက်သောအခါ ထိုပုဂ္ဂိုလ်ကြီးသည် သတင်းစာ ဆရာများအား မလေးစားလောက်သည့် အမူအရာနှင့် ပြောဆိုနေသည်ကို တွေ့ရလေသည်။

ထိုခေါင်းဆောင်ကြီးက ၁၉၃၅ ခု၊ မြန်မာပြည် အက်ဥပဒေအရ ပုဒ်မ တိုင်းတွင် ဘုရင်ခံသဘောတူမှ ဆိုသော်လည်း ဘုရင်မင်းမြတ်၏ ညွှန်ကြားလွှာ၌ လူများစုဝန်ကြီးချုပ်အဖွဲ့၏ ဆန္ဒနှင့်ဆန့်ကျင်၍ မလုပ်ရ ဆိုထားသဖြင့် ရရှိသော အခွင့်အရေးကို လက်ခံပြီးလျှင် တစတစ တိုးတက်ဆောင်ရွက်ရမည်ဟု အကျယ်ရှင်းလင်းပြောပြရာ ဦးဘချို့က (၉၁) ဌာနရာထူး လက်ခံခြင်းအားဖြင့် အရင်းရှင်မျက်နှာဖြူများအပေါ် မည်သို့ထိရောက်စွာ အရေးယူနိုင်မလဲ စသောမေးခွန်းများ ဝင်ရောက်မေးမြန်းလိုက်သောအခါ ထိုပုဂ္ဂိုလ်ကြီး စိတ်ဆိုးသွားပုံရကာ မျက်နှာကြီးပါ နီလာလေသည်။ သို့ရာတွင် ကြာကြာ စိတ်မဆိုးဝံ့ရှာပေ။ အထူးအမူဆောင်အဖွဲ့တွင် ပါဝင်သော ပုဂ္ဂိုလ်များမှာ သခင်တင်မောင်မှအပ ကျန်လေးဦးမှာ သတင်းစာဆရာများ ဖြစ်သဖြင့် အင်္ဂလိပ်မြန်မာ နှစ်ဘာသာ လက်ရေးတိုသမားတစ်ယောက် ထိုအဖွဲ့တွင် ပါလာလေရာ သတင်းစာမှ ဝိုင်းဆော်ကြမည်ကို ကြောက်သောကြောင့် ဖြစ်၏။

ခေါင်းဆောင်ကြီးများအိမ်သို့ သတင်းစာဆရာများ ကားနှစ်စီးနှင့် သွားကြရာ အတော်ပျော်စရာကောင်းခဲ့၏။ အကြောင်းမူကား သူတို့နောက်မှ စုံထောက်ကားတစ်စီး အမြဲလိုက်နေ၍ ဘုရင်ခံ (အတွင်းဝန်ချုပ်ကြီး) ကော့ကရိမ်းနှင့် ဗြိုရိုကရက်တို့သည် သတင်းစာဆရာများ၏ လှုံ့ဆော်ချက် အထမြောက်က သူတို့အဖို့ အခက်ကြုံတော့မည်ကို စိုးရိမ်သောကြောင့် ဖြစ်ပေသည်။

သို့ရာတွင် သူတို့အကြံအစည်မှာ အထမမြောက်ခဲ့ပေ။ လက်ယာသမားစားဖားကြီးတို့သည် တစ်ဆင့်တက် စေ့စပ်ရေး ပေးသမျှယူဖြင့် လက်ခံကြလေတော့သည်။ ဤတွင် အင်္ဂလိပ်အစိုးရပေးသော အုပ်ချုပ်ရေးကို အလိုမရှိသဖြင့် ကန့်ကွက်ရန် ဦးချစ်မောင်အား အကြံတောင်းလေရာ ဦးချစ်မောင်က အင်္ဂလိပ်အလံကို မီးရှို့ပြရန် အကြံပေးလိုက်သည့်အပြင် အလံဖိုးအတွက်ပါ ဒကာခံမည် ဖြစ်ကြောင်း ပြောလိုက်သည်။ သို့နှင့် ဆူးလေဘုရားလမ်းရှိ ဟာတာကုမ္ပဏီတွင် ယူနီယံဂျက်အလံကို ဝယ်ယူသောအခါ ဟာတာသူဌေးက ဝယ်ခဲ့သည့် အကြောင်းကို မေးပြီး အလကား ပေးလိုက်လေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

စိတ်မြန်လက်မြန်ရှိလှသော သခင်နုသည် ကိုထိန်ဝင်းနှင့်အတူ ဟိုက်ကွတ်လွတ်တော် အနီးတွင် ၁၉၃၅ ခု မြန်မာပြည် အက်ဥပဒေနှင့် ယူနီယံ ဂျက်အလံကို ဆောင့်ကြောင့်ထိုင်ကာ မီးတင်ရှို့လိုက်ကြတော့သည်။

သတင်းစာနှင့် အယ်ဒီတာ

သတင်းစာသမား တစ်ယောက်ဖြစ်ရန် ငယ်စဉ်ကပင် အထုံပါရမီရင့်သန်ခဲ့သော ဦးချစ်မောင်သည် သတင်းစာအလုပ်ကို အသက်ထက်ဆုံး လုပ်ကိုင်သွားခဲ့သည့် ရှာမှရှား ပုဂ္ဂိုလ်ကြီးတစ်ဦးလည်း ဖြစ်သည်။ သူ့ဘဝ သက်တမ်း တစ်လျှောက်တွင် စာဖတ်ခြင်း၊ စာအန်ခြင်း (သူများကို ပြောပြဆွေးနွေးတိုင်ပင်ခြင်း)၊ စာရေးခြင်း၊ စာအုပ်အဖြစ် ထုတ်ဝေခဲ့ခြင်း စသည့် စာပေအလုပ်များဖြင့်သာ အချိန်ကုန်စေခဲ့သော တကယ့်စာပေသမားကြီးလည်း ဖြစ်သည်။ ငယ်စဉ်ကပင် လေ့လာခဲ့သဖြင့် သတင်းစာလုပ်ငန်းကိုလည်း ကျွမ်းကျင်ထဲဝင်တတ်မြောက်လေသည်။ သတင်းစာနှင့် အယ်ဒီတာတို့၏ ဘဝအကြောင်း တစေ့တစောင်းကို ကျာနယ်ကျော်မမလေးထံသို့ အင်္ဂလိပ်ဘာသာဖြင့် ဤသို့ ရေးပို့ခဲ့ဖူးလေသည်။

"It has long been a trite observation that no reader of any newspaper is so humble as not to be outspokenly confident that he could run that paper a great deal better than those who actually are running it. Every upstanding man who pays a cent for a daily journal considers that he buys the right to abuse it,nay, incurs the manly duty of abusing it. Every editor knows that the highest praise he can expect is silence. If his reader are pleased with his remarks, they nobly refrain from comment. But if they disagree with one jot or little of his high speed dissertations he must be prepared to have quarts of ink squirted at him forthwith."

ဤစာပိုဒ်၏ အဓိပ္ပာယ်မှာ...

"သတင်းစာဖတ်သူများ၏ စိတ်တွင် သတင်းစာအလုပ်ကို ၎င်းတို့သဘောကျလုပ်ကိုင်ရပါက ယခုလက်ရှိ လက်တွေ့လုပ်ကိုင်နေကြသူများထက် အဆရာထောင်မက သာလွန်ကောင်းမွန်အောင် လုပ်နိုင်လိမ့်မည်ဟု လင်တတ်

www.burmeseclassic.com

www.burmeseclassic.com

ကြမြဲ ဖြစ်၍ ဤအထင်မှာ ရိုးရှင်းနေချေပြီ။ ထိုသူများမှာ ၎င်းတို့၏ အထင်အမြင် ထင်မြင်ချက်ကို မျိုသိပ်၍ ထားနိုင်သည်အထိ နှိမ့်ချတတ်သူများလည်း မဟုတ်ကြပေ။ နေ့စဉ်သတင်းစာတစ်စောင် ပိုက်ဆံတစ်ပြားမျှဖြင့်ဖြစ်စေ ပေး၍ ဝယ်ရသူတိုင်း၏ စိတ်တွင် ထိုသတင်းစာကို ပြစ်တင်ဆဲရေးရန်ပါ ပေးလိုက်သည်ဟု ယူဆရုံမျှမက ပြစ်တင်ဆဲရေးမှုကိုလည်း ပြုကြလေသည်။ သတင်းစာဖတ်သူများထဲမှ သတင်းစာနှင့် ပတ်သက်၍ မည်သည့် ထင်မြင်ချက်ကိုမျှ မကြားရခြင်းသည်ပင်လျှင် ထိုသတင်းစာကို အထူးခြားဆုံး၊ အမြင့်မြတ်ဆုံးသော (၀၊) ထူးထူးခြားခြားကြီး ချီးကျူးသမှုကို ပြုကြခြင်းပင် ဖြစ်တော့သည်ဟု အယ်ဒီတာတိုင်းက ယူဆကြသည်။ သတင်းစာဖတ်သူသည် သတင်းစာတွင် ပါသော အယ်ဒီတာ့မှတ်ချက်နှင့် အရေးအသားများကို နှစ်ခြိုက်သဘောကျသည်ဖြစ်အံ့။ ထိုသူသည် တစ်စုံတစ်ခုသော ထင်မြင်မှုကိုမျှ မပြုဘဲ ဆိတ်ဆိတ်နေသည်သာလျှင် ဖြစ်တော့၏။ သို့သော် အယ်ဒီတာ၏ အချိန်မီ အပူတပြင်း ထင်မြင်ရေးသားချက်များနှင့် ပတ်သက်၍ အနည်းငယ်မျှကလေးကို ဖြစ်စေ၊ တစ်ကြောင်းတစ်စက်ကလေးကို ဖြစ်စေ ၎င်းတို့၏ စိတ်ကြိုက်နှင့် မတွေ့သည်ဖြစ်အံ့။ ထိုအယ်ဒီတာမှာ (မင်များဖြင့် အပက်ခံရသကဲ့သို့) မင်းအိုးနှင့် ဝိုင်းပေါက်ကြမည့် ဆဲစာ၊ အပြစ်တင်စာများဖြင့် ချက်ချင်းလက်ငင်း ကြုံတွေ့ရတော့မည်သာ ဖြစ်သည်ကို အသင့်ပြင်နေရပေမည်။" ဟူ၍ ဖြစ်လေသည်။

ဦးချစ်မောင် အကြိုက်ဆုံးစာအုပ်

ဦးချစ်မောင် ဖတ်ရှုသော စာအုပ်များမှာ စာရင်းအရ စာအုပ်ပေါင်းတစ်သောင်းကျော်အထိ ရှိလေရာ သူ့အိမ်သို့ ရောက်ရှိလာသော နိုင်ငံခြားသားဂျပန်ဧည့်သည်များပင် တအံ့တသြ ဖြစ်ကြရလေသည်။ ထိုစာအုပ်များထဲမှ ဦးချစ်မောင်၏ တစ်သက်တာတွင် အနှစ်ခြိုက်ဆုံးနှင့် အကြိုက်ဆုံးစာအုပ်မှာ Queed အမည်ရှိစာအုပ် ဖြစ်သည်။ ယင်းစာအုပ်နှင့် ပတ်သက်၍ လက်ဏပ် ပြီးစအချိန်က ဇနီးဖြစ်သူအား ဤသို့ ပြောပြခဲ့ဖူးသည်။

"ကိုကို့ တစ်သက်တာမှာ အနှစ်ခြိုက်ဆုံး စာအုပ်တွေထဲမှာ အကြိုက်တကာ့ အကြိုက်ဆုံး စာအုပ်ကလေးပဲ။ ဒီစာအုပ်ကို စာအုပ်ဗီရိုကြီး တစ်ဗီရိုနဲ့တောင် မလဲနိုင်ဘူး။ အင်္ဂလိပ်စာခက်လွန်းလို့ ဘယ်သူမှ ဖတ်ခိုင်းတာ မရဘူး။ ဒီစာအုပ်ကိုဖတ်ရင် အယ်ဒီတာကြီးတစ်ယောက် အောင်အောင်မြင်မြင်ကြီး ဖြစ်

www.burmeseclassic.com

မြောက်သွားနိုင်အောင် ပို့ဆောင်ပေးနိုင်တယ်။ လမ်းဘေးအဟောင်းဆိုင်ကလေး တစ်ဆိုင်က တွေ့လို့ ဝယ်ဖတ်ခဲ့တာ အကြိမ်ပေါင်း ၅၀ မကဘူး။ ဒါကို ဒီစာအုပ်ကို ဖတ်ပြီး ကိုကိုနဲ့ တစ်ထပ်တည်းတူနေတဲ့ အချက်တွေ အများကြီး သွားတွေ့ရတယ်။ ဒီစာအုပ်ထက် ပိုမိုပြီး အသည်းစွဲလောက်အောင် ခိုက်သွားတဲ့ စာအုပ်ကို ခုထိ မတွေ့ရသေးဘူး"ဟု ဆိုလေသည်။

ထိုစဉ်က ဦးချစ်မောင်သည် ဇနီးဖြစ်သူအား အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသော Queed စာအုပ်ကလေးကို လှန်လျက် မြန်မာလို ဘာသာပြန်ဖတ်ပြလေသည်။ ပထမ သုံးလေးရွက်လောက်တွင် ဇနီးသည်က စိတ်မဝင်စားသေးဘဲ ဖြစ်နေရခြင်းမှာ အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည့် စာအုပ်တစ်အုပ်ကို ဆီလျော်လိုက်ဖက်လှသော မြန်မာစာ အသုံးအနှုန်းများဖြင့် ချက်ချင်းလက်ငင်း မြန်မာလိုဖတ်ပြနေသည်မှာ မြန်မာဘာသာဖြင့် ရေးထားသော စာအုပ်အား ဖတ်ပြနေသည် ထင်ရလောက်အောင် မြင့်မားလှသော သူ၏ အင်္ဂလိပ်စာစွမ်းရည်ကို အံ့အားသင့်နေ၍ ဖြစ်လေသည်။ စာအုပ်ကို ဖတ်ပြနေစဉ် ဇနီးသည်က အလုပ်ရှိ၍ ထလုပ်ကိုင်နေလျှင်လည်း နောက်ကလိုက်၍ စာအုပ်ကို ဖတ်ပြလေသည်။ သို့နှင့် ဇနီးသည်ပါ စာအုပ်ကို စိတ်ဝင်စားလာပြီး အလုပ်မအား၍ ဖြတ်ထားခဲ့ရသော နောက်အခန်းများကို ဦးချစ်မောင် အလုပ်က ပြန်လာလျှင် ဆက်ဖတ်ပြစေလေတော့သည်။

စာအုပ်ပါ အကြောင်းအရာမှာ လူတွေနှင့် ထွေးရောယှက်တင် မရှိလှသည့် ပညာရှိ လူရိုးကြီးတစ်ယောက်နှင့် အဆင်ခြင်ဉာဏ်နှင့် ပြည့်စုံသော မိန်းကလေးတစ်ယောက် ထူးထူးဆန်းဆန်း သွားတွေ့ကြပြီး မိန်းကလေးက လူ့နယ်ထဲသို့ ဆွဲသွင်းပေးကာ လူဇာတ်သွင်းပေးပုံ၊ ထိုမှတစ်ဖန် အယ်ဒီတာကြီး တစ်ယောက် အောင်အောင်မြင်မြင် ဖြစ်မြောက်သွားပုံ ဇာတ်လမ်းဖြစ်ပြီး ဇာတ်ကွက်ဆင်ပုံမှာလည်း အံ့သြလောက်အောင် ထူးခြားလှပေသည်။ ဇာတ်လိုက် လူရိုးကြီး ကို၏ ပေါင်းသင်းဆက်ဆံရေး အကျင့်စိတ်ဓာတ် ရိုးသားပုံများမှာ သူမတူဘဲ မူတမူ ဖြစ်လောက်အောင် စံတင်မှတ်သားလောက်ပြီး ဇာတ်လိုက်မလေး ရှာလီဝေဟင်မှာလည်း ကို့နှင့်တွေ့ပြီး ကို ပြန်သွားလျှင် ပညာပါရဂူကြီးကို ပြောသွားသော စကားရပ်များကို နားမလည်သည့်အတွက် အဘိဓာန် စာအုပ်ကြီး လှန်ဖွင့်ကြည့်ရသည်ဟု ပါရှိလေသည်။

www.burmeseclassic.com

www.burmeseclassic.com

မူရင်း စာရေးသူ Henery Sydnor Harrison ၏ Queed စာအုပ်မှာ "စာမျက်နှာ ၄၀၀ ကျော်မျှရှိပြီး စာလုံးအရွယ်အစားမှာလည်း သေးလွန်းလှသည်ဖြစ်ရာ စာအုပ်ကို ဘာသာပြန်၍ ဖတ်ပြရာတွင် လေးငါးရက်၊ လေးငါးညတိုင်အောင် ဖတ်ပြခဲ့ရသည်ဟု ဆိုလေသည်။ ဦးချစ်မောင်အနေနှင့် ဤစာအုပ်ကို ဘာသာပြန်ဆို ရေးသားမည်ဆိုပါက အလုပ်များသူ ဖြစ်သဖြင့် ၁၀ နှစ်နေလို့မျှ ရေးဖြစ်နိုင်မည် မဟုတ်ပေ။ ရေးဖြစ်သည် တိုင်အောင်လည်း သူ့လောက်ကိစ္စများသူ မရှိ၍ မည်သည့်အခါမှ ပြီးမည်ကို မခန့်မှန်းနိုင်အောင် ဖြစ်ပေသည်။ ယခုသော် လေးငါးည၊ လေးငါးနေ့နှင့် ပြီးပါလျက် မည်သို့မျှ အရာထင်မသွားခြင်းအတွက် လက်ရေးတို့ မတတ်ရကောင်းလားဟု ကိုယ့်ကိုယ်ကိုယ်သာ ရိုက်ချင်ပေတော့သည်"ဟု ဇနီးသည် ဂျာနယ်ကျော်မမလေးက 'သူလိုလူ'တွင် မှတ်တမ်းတင်ခဲ့ပေသည်။

(ဤတွင် ဦးချစ်မောင်၏ ဘာသာပြန်စွမ်းရည်ကို အံ့သြဖွယ် တွေ့ကြရမည် ဖြစ်သည်။ ဤစာအုပ်ကို သတင်းစာ ဆရာကြီး ဟံသာဝတီဦးဝင်းတင်က ဘာသာပြန်ဆိုပြီး ထုတ်ဝေခဲ့ရာ ယခု ၂၀၁၁ တွင် တတိယအကြိမ်အဖြစ် ပုဂံစာအုပ်တိုက်မှ ပြန်လည်ထွက်ရှိနေပြီ ဖြစ်သည်။

စာရေးသူ)

ပါရမီဖြည့်ဖက်

၁၉၃၆ ဇန်နဝါရီလကုန်ပိုင်းတွင် မြန်မာ့အလင်း သတင်းစာတိုက်သို့ ဘိုကလေးမြို့မှ အမျိုးသမီး ကလောင်ရှင်တစ်ဦးက သူတို့မြို့က အသင်းအဖွဲ့တစ်ခုအကြောင်း ဆောင်းပါးတစ်ပုဒ် ရေပို့လိုက်လေသည်။ ထိုဆောင်းပါးမှာ အယ်ဒီတာ ဦးချစ်မောင်ထံ မရောက်မီ လက်ထောက် အယ်ဒီတာများ လက်ထဲမှာပင် အပယ်ဘုံ (အပယ်ပုံ-ပယ်ထားသော စာမူဘဝ)သို့ ရောက်ရှိခဲ့ရလေသည်။

သို့သော်လည်း ဤဆောင်းပါးကို ဦးချစ်မောင် တွေ့ရှိသွားပြီး ဖတ်ရှုရာမှ သတင်းစာတို့သဘောအရ အချိန်လွန်နေပြီ ဖြစ်သော်လည်း ဤအဖြစ်အပျက်များမှာ ယခုတိုင် ဆက်လက်ဖြစ်ပေါ်နေခြင်း ရှိ၊ မရှိ စာရေးသူထံသို့ ပြန်၍ အကြောင်းကြား မေးမြန်းခြင်းနှင့်အတူ အမျိုးသမီး ကဏ္ဍတွင် အသုံး

www.burmeseclassic.com

www.burmeseclassic.com

ပြုနိုင်ရန် စာမူများ ပေးပို့စေလိုပါကြောင်း (စာမူဖိတ်ခေါ်သည့်စာ) ကို စာရေးသူ မတင်လှိုင်ထံသို့ ပေးပို့ခဲ့လေသည်။

စာအိတ်ပေါ်တွင်...

ဘိုကလေးမြို့

ဒေါ်ဆင်ဘက်တိုက်မှတစ်ဆင့်

မတင်တင်ထံသို့... ဟု ပါရှိပြီး စာပါ အကြောင်းအရာများကတော့ ဤသို့ ဖြစ်သည်။

"စာရေး အကြောင်းကြားပါသည်။ ။

မတင်တင်ထံမှ ဇန်နဝါရီ ၂၂ ရက် နေ့စွဲဖြင့် ကျွန်တော်များထံသို့ ပေးပို့လိုက်သော စာမှာ ပယ်၍ထားသည့် စာများအကြားသို့ ရောက်ရှိနေသဖြင့် ယခုမှ ပြန်တွေ့ရပါသည်။

ထိုစာပါအချက်တို့သည် ယခုတိုင် ဖြစ်ရှိလျက်နေသည်၊ မနေသည်ကို ကျွန်တော်များ ဝေခွဲ၍မရပါ။ အချိန်လွန်ပြီဟူ၍ကား ယူဆမိပါသည်။ သို့သော် မတင်တင်မှပင် သေချာစွာ သိမည်ဖြစ်ပါ၍ ယခုကဲ့သို့ မေးမြန်းစုံစမ်းရခြင်း ဖြစ်ပါသည်။ အကယ်၍ အမျိုးသမီး ၁၅ ဦး အဖွဲ့သည် ယခုတိုင်ရှိ၍ အကျိုးဆောင်စာတွင် ပါရှိသော အချက်တို့သည်လည်း ယခုတိုင် အဓိပ္ပာယ်လေးနက်ထိရောက်သေးသည်ဆိုလျှင် ကျွန်တော်များ သတင်းစာ မောင်းသတင်းခန်းမဖြစ်စေ ထည့်နိုင်ပါ၏။ အကယ်၍ ထည့်ခြင်းဖြင့် အကျိုးမထူးတော့ပြီ ဆိုလျှင်လည်း ထိုအကြောင်းကို ကျွန်တော်များထံ ပြန်ကြားစေလိုပါကြောင်း။

မတင်တင်၏ စာကို ထိုစဉ်က လက်ထောက် အယ်ဒီတာတို့က အရေးမကြီးဟု ပယ်ထားသဖြင့် ရုတ်တရက် မပြန်ကြားရသည်ကို ခွင့်လွှတ်ရန်ပင် ဖြစ်ပါကြောင်း။

ချစ်မောင်

အယ်ဒီတာ မြန်မာ့အလင်း

မေလ ၁၇ ရက်။

၁၉၃၆ ခုနှစ် ဇန်နဝါရီလ ၂၂ ရက်နေ့က မြန်မာ့အလင်းသို့ ရေးပို့လိုက်သော မတင်တင်စာသည် လည်းကောင်း၊ ၁၉၃၆ ခုနှစ် မေလ ၁၇ ရက်က ပြန်ကြားလိုက်သော ဦးချစ်မောင်၏ စာသည်လည်းကောင်း ပါရှိ၍ ဦးချစ်မောင်နှင့် ပါရမီဖြည့်ဖက် ဒေါ်တင်လှိုင် (ဂျာနယ်ကျော်မမလေး)တို့၏

www.burmeseclassic.com

www.burmeseclassic.com

ဘဝခရီးအစဖြစ်ကြောင်း ကာယကံရှင်များအနေဖြင့် ထိုစဉ်က ၎င်းတို့ သိမှတ်ယူဆထားကြမည် မဟုတ်ပါချေ။ ဤသို့ဖြင့် ၁၉၃၈ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့တွင် သတင်းစာဆရာနှင့် သတင်းစာဆရာမတို့ ဖူးစာဆုံ၍ လက်ထပ်ခဲ့ခြင်းဖြင့် နောင်သောအခါ မြန်မာနိုင်ငံ သတင်းစာသမိုင်းတွင် ထင်ရှားသော သတင်းစာဆရာ မောင်နှံအဖြစ် မော်ကွန်းတင်ခဲ့ပေသည်။

မြန်မာနိုင်ငံ သတင်းစာလောကတွင် စစ်ကြိုခေတ် ဒုတိယကမ္ဘာစစ်ကြီး မဖြစ်ပွားမီခေတ်နှင့် စစ်ပြီးခေတ် တနည်းအားဖြင့် မြန်မာနိုင်ငံ လွတ်လပ်ရေးလှုပ်ရှားမှုခေတ်၊ (ဆရာသိန်းဖေမြင့်ကမူ ၁၉၃၈ ခုနှစ်မှသည် ၁၉၅၆ အထိကို တော်လှန်ရေးကာလဟု မှတ်ယူသင့်ကြောင်း ၎င်း၏ တော်လှန်ရေးကာလ နိဒါန်းရေး အတွေ့အကြုံ စာအုပ်တွင် ဖော်ပြထားလေသည်။) တစ်လျှောက်တွင် ထင်ရှားသော သတင်းစာဆရာ၊ စာရေးဆရာ ဇနီးမောင်နှံများ ပေါ်ပေါက်ခဲ့သည်။ ထိုအထဲတွင် ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ဂျာနယ်ကျော်မမလေး၊ လူထုဦးလှနှင့် လူထုဒေါ်အမာ၊ ဗိုလ်တထောင် (ဦး) သိန်းဖေမြင့်နှင့် ဆရာမဒေါ်ခင်ကြည်ကြည် စသည်တို့ ဖြစ်လေသည်။ ထိုအထဲမှ ထူးခြားချက်တစ်ခုမှာ ဂျာနယ်ကျော် ဦးချစ်မောင်တို့ ဇနီးမောင်နှံ နှစ်ဦးစလုံးမှာ မြန်မာနိုင်ငံ စာရေးဆရာအသင်းတွင် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ဂျာနယ်ကျော် (ဒေါ်)မမလေးမှာ မြန်မာနိုင်ငံစာပေ သမိုင်းတွင် တစ်ဦးတည်းသော စာရေးဆရာအသင်း အမျိုးသမီး ဥက္ကဋ္ဌလည်း ဖြစ်ခဲ့သည်။

ဦးချစ်မောင်နှင့် ရိုးဂုဏ်

နောင်တစ်ချိန်တွင် ဇနီးဖြစ်လာမည့် ဒေါ်တင်လှိုင် (ဂျာနယ်ကျော် မမလေး)နှင့် ဦးချစ်မောင်တို့ စကားလက်ဆုံကျခိုက် တစ်နေ့တွင် ဦးချစ်မောင်အား ဤသို့ မေးခဲ့သည်။

"ဦးချစ်မောင် လောကမှာ ဂုဏ်အမျိုးမျိုး ရှိတယ်။ ဘယ်ဂုဏ်ဟာ အကောင်းဆုံးလဲ။ ဘယ်ဂုဏ်ကို အနှစ်ခြုံက်ဆုံးလဲ။ ဘယ်ဂုဏ်ကို ရွေးချယ်ကျင့်နေသလဲ"

'ကျွန်တော်ကတော့ ရိုးဂုဏ်ကို ကြိုက်ပါတယ်။ မြန်မာများဟာ ရိုးဂုဏ် လိုနေပါတယ်။ ဘာသာကောင်းပါလျက်နဲ့ အကျင့်ပျက်နေကြပါတယ်။ လောကမှာ စိတ်ပျော်မွေ့ဖွယ်ရာ အကောင်းဆုံးသော လူရိုးလူကောင်း ဘဝ

www.burmeseclassic.com

www.burmeseclassic.com

ယောက် ဖြစ်အောင်လုပ်တာ ကြိုးစားတာဖြစ်တယ်လို့ ကျွန်တော် ထင်ပါတယ်။ ဒီလို လူရိုးလူကောင်း တစ်ယောက်ဖြစ်အောင် လုပ်တာ ထိန်းသိမ်းစောင့်စည်းရတာ မလွယ်လှကြောင်းကိုလည်း ကျွန်တော်သိပါတယ်။ မလွယ်သော်လည်း မဖြစ်နိုင်တာ မဟုတ်လို့ ကြိုးစားပြီး လူရိုးလူကောင်း တစ်ယောက်ဖြစ်အောင် ကျင့်မယ်လို့ ကြံပါတယ်။ ဘယ်လောက် အောင်မြင်မယ် ပျက်ကွက်မယ်ကို တော့ ကျွန်တော့်ရဲ့ ကျန်ရှိသေးတဲ့ သက်တမ်းက သက်သေခံပါလိမ့်မယ်။ ဒီသက်သေခံကို မတင်တင်လို့ ပုဂ္ဂိုလ်များက စစ်ဆေးဖို့ ဖြစ်ပါတယ်'ဟု သူ၏ ခံယူချက်ကို ပြောပြခဲ့လေသည်။

ဦးချစ်မောင်သည် တစ်ဖက်သားအပေါ်တွင် ညှာတာထောက်ထားသနားတတ်သည့် စိတ်အခံရှိသူဖြစ်ရာ ငယ်စဉ်ကပင် ဆင်းရဲနွမ်းပါးသူများကို ပေးချင်ကမ်းချင် လှူချင်တန်းချင်စိတ် ရှိသူလည်း ဖြစ်သည်။ ငယ်စဉ်ကပင် အရက်သမားကြီးတစ်ဦးကို သနားသဖြင့် ပေးကမ်းခဲ့ဖူးသူ ဖြစ်သလို သတင်းစာအယ်ဒီတာဘဝတွင်လည်း လက်အောက်ငယ်သားများနှင့် လက်ရေတပြင်တည်း စားသောက်နေထိုင်ခဲ့သည်သာမက စားစရာမရှိလျှင်ပင် သူများမသိအောင် ခြိုးခြံစားသောက်ကာ တစ်ဖက်သားကို စာနာတတ်သူတစ်ဦး ဖြစ်လေသည်။ တစ်နေ့တွင် နှင်းပန်းလမ်းရှိ သူ့အိမ်ရှိရာသို့အပြန် မိုးသဲနေ၍ လူတစ်ယောက်က သူ့ထီးအောက်သို့ ဝင်ခိုလာသဖြင့် သူလည်း ထိုသူ မိုးမစိုအောင် ထီးကို ထိုသူ့ဘက်သို့ ညွှတ်၍ မိုးပေးလာခဲ့သည်။ ထိုစဉ် မိုးကြိုး သည်းထန်လာသဖြင့် နှစ်ယောက်စလုံး စိုကုန်မည်ဖြစ်၍ ရန်ကုန်ဂေဇက် သတင်းစာတိုက် အောက်သို့ မိုးဝင်ခိုကြသည်။ ထိုအချိန်တွင် သူ့အိတ်ထဲမှ ပိုက်ဆံအိတ်ကို သူ့ထီးရိပ် ဝင်ခိုလာသူက တဖြည်းဖြည်း ဆွဲထုတ်ယူနေသည်ကို သူသိသော်လည်း သူသိသည်ကို ထိုသူမမြင်အောင် တစ်ဖက်သို့ ငေးပေးလိုက်လေရာ အိတ်ထဲမှ ပိုက်ဆံတစ်ကျပ်နှင့် ငါးပဲ ရသွားလေသည်။

တစ်နေ့တွင် နှင်းပန်းလမ်း သူ့အိမ်သို့ ပြန်လာရာ သတင်းစာတိုက်မှ ပြန်လာစဉ် လက်ထဲတွင် မုန့်လေပွေများ ပါလာလေသည်။ သူနေထိုင်ရာ အခန်းသို့ အရောက်တွင် သူနှင့်အတူ လာနေကြသောသူများ မကြားအောင် နောက်ဖေးခန်းသို့ ဝင်သွားပြီး မုန့်လေပွေများကို အသံမမြည်အောင် ကြိတ်ဝါးကာ ရေနှင့်မျိုချနေလေသည်။ မုန့်လေပွေ ဆိုသည်မှာ ဝါးလိုက်လျှင် တက္ကသိုလ် ကျတ် မြည်သည်မို့ သူနှင့်အတူနေသူများ မနိုးစေရန် အိပ်ရေးမပျက်စေရန်

www.burmeseclassic.com

www.burmeseclassic.com

တိတ်တိတ်စားခြင်း ဖြစ်လေသည်။ ဤအကြောင်းကို သူနှင့်ရင်းနှီးသူ ပန်းချီဆရာ ကိုအုန်းလွင်က ပြောပြခဲ့ခြင်း ဖြစ်လေသည်။

ဤမျှအထိ သဘောထားကြီးသော ဦးချစ်မောင်ပါပေ။

ထင်ပေါ်ကျော်ကြားမှုကို မလိုလားသူ

သူသည် သဘောထားကြီး၍ တစ်ဖက်သားအပေါ် စာနာနားလည်မှုရှိသူတစ်ဦး ဖြစ်သော်လည်း သတင်းစာဆရာ စိတ်ဓာတ်အပြည့်ရှိသူ တစ်ဦးဖြစ်ရကား သတင်းနှင့် ပတ်သက်၍ ခေါင်းမာသူ၊ တာဝန်ယူစိတ် ပြင်းထန်သူ တစ်ဦးလည်း ဖြစ်လေသည်။ သူ့အစွမ်းအစကြောင့် မြန်မာ့အလင်း သတင်းစာမှာ စောင်ရေများ တက်လာသော်လည်း သူ့အစွမ်းကြောင့်ဟု မည်သည့်အခါမျှ လက်မထောင်သူ မဟုတ်သလို အလုပ်နှင့် ပတ်သက်၍လည်း သူ့အထက် တာဝန်ရှိသူ အယ်ဒီတာချုပ် ဆရာစိန်းနှင့် အယူအဆ မတူကြဘဲ အမြဲလိုလို သဘောထားကွဲရုံသာမက သူ့ကိုလည်း ဦးစိန်းက လွန်စွာမုန်းတီးလေသည်။ သို့သော်လည်း ဦးချစ်မောင်၏ သဘောထားကို အစင်းသိသော ဆရာစိန်းက သူမိန်းမတောင်းရန်အတွက် ဧစ္စပ်ရေးခရီး ထွက်လာစဉ် ဒေါ်တင်လှိုင်၏ မိဘများရှိရာ ဘိုကလေးသို့ ရောက်စဉ်ကမူ ဦးချစ်မောင် အကြောင်းကို ရွှန်းရွှန်းဝေအောင် ချီးမွမ်းခန်းထုတ်လေရာ ဦးချစ်မောင်မှာ အံ့ဩတကြီး ဖြစ်ရတော့သည်။ ထိုစဉ်က ဦးစိန်းမှာ အယ်ဒီတာချုပ် ဟူသော နာမည်သာရှိကာ တိုက်သို့ မလာတော့ဘဲ ဦးချစ်မောင်သာလျှင် အယ်ဒီတာချုပ် အလုပ်ကို လုပ်ကိုင်သော်လည်း သတင်းစာ ရှေ့မျက်နှာစာတွင် အယ်ဒီတာချုပ် ဦးစိန်းဟု ဖော်ပြထားပြီး သတင်းစာကျောဘက်တွင် တာဝန်ခံထုတ်ဝေသူ မောင်ချစ်မောင်ဆိုသည့် စာတစ်ကြောင်းသာ ထည့်သွင်းဖော်ပြခြင်းဖြင့် ထင်ပေါ်ကျော်ကြားမှုကို မစုံမက်ဘဲ နေပြလေသည်။ ဦးစိန်းက အယ်ဒီတာချုပ်အလုပ် မလုပ်ပါဘဲလျက် ဘာကြောင့် အယ်ဒီတာချုပ်နေရာတွင် သူ့နာမည်ကို မတပ်ပါသလဲဟု သူ့ဇနီးက မြန်မာ့အလင်း တိုက်အုပ်ဦးတင်ကို မေးမြန်းရာ တိုက်အုပ်ဦးတင်က အယ်ဒီတာချုပ်နေရာတွင် သူ့နာမည်ကို ပြောင်းလဲပေးလိုပါသော်လည်း သူက ပြောင်းလဲရန် သဘောမတူကြောင်း၊ ဦးစိန်းမသေမချင်း ဦးစိန်းနာမည်ကိုသာ တပ်ထားရန် တောင်းပန်ခဲ့သောကြောင့် သတင်းစာတွင် ဤအတိုင်းသာ ထားခဲ့ရကြောင်း သိရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဦးချစ်မောင်နှင့်နောက်တစ်ကွေ့

ဦးချစ်မောင်သည် သူဖြတ်သန်းခဲ့သော သတင်းစာဆရာ ဘဝကို အမှတ်မထင် ရောက်လာသူတစ်ဦး မဟုတ်သလို ကွန်မြူနစ်တို့၏ ဝါဒလမ်းညွှန်ကြီး ဖြစ်သည့် **အခြေအနေကိုကြည့်၍ ပြောင်းလဲရမည်** ဆိုသော သဘောတရားကို လက်ခံသူလည်း ဖြစ်လေသည်။ မြန်မာ့အလင်း သတင်းစာသို့ ညအယ်ဒီတာ အဖြစ် ဝင်ရောက်လုပ်ကိုင်စဉ်အခါကပင် နိုင်ငံရေးသမား တို့ဗမာအစည်းအရုံး ဝင် လူငယ်များနှင့် ရင်းနှီးခဲ့သူဖြစ်ရာ နိုင်ငံရေးကို အထူးစိတ်ဝင်စားသူလည်း ဖြစ်လေသည်။

ထိုစဉ်က တို့ဗမာအစည်းအရုံးကြီး နှစ်ခြမ်းကွဲတော့မည့်အရေးနှင့် ကြုံရလေရာ သူ့အနေနှင့် အသင်းကြီး ပြိုကွဲမည့်အရေးကို များစွာ စိတ်မကောင်း ဖြစ်ရလေသည်။ သခင်သတင်းများကို မြန်မာ့အလင်းတွင် ထည့်သွင်းဖော်ပြစဉ်ကလည်း သတင်းစာတိုက်က မကျေမနပ် ဖြစ်နေကြသည်ကိုပင် လျစ်လျူရှု၍ ထည့်သွင်းဖော်ပြခဲ့သည်။ ဦးချစ်မောင်၏ ပင်ကိုစိတ်ရင်းမှာ တို့ဗမာ အစည်းအရုံးကြီး နှစ်ခြမ်းကွဲမည့်အရေးကို စိုးစဉ်းမျှ လိုလားသူ မဟုတ်ချေ။ အသင်းကြီး ကွဲသွားလျှင်လည်း အင်အားယုတ်လျော့ မသွားရအောင် တစ်မျိုးတစ်ဖုံ ကြံစည်လျက် ရှိနေလေသည်။ သို့သော်လည်း အသင်းကြီး ကွဲသွားလျှင်လည်း ကောင်းဖို့ ဖြစ်လာတာဟုသာ အကောင်းဘက်မှ တွေးမြင်ထားသူလည်း ဖြစ်လေသည်။

သခင်ကိုယ်တော်မှိုင်းကြီးက သခင်အစည်းအရုံးမှ ထွက်စာတစ်စောင် ရေး၍ မြန်မာ့အလင်းတွင် ထည့်သွင်းရန် လူလွှတ်ပေးခိုင်းလိုက်သောအခါ ညဘက်တွင် ဆရာကြီးအား အစည်းအရုံးကြီးမှ မထွက်ရန် ဆရာကြီးရှိရာ ကြည့်မြင်တိုင် (ယခု စမ်းချောင်းမြို့နယ် အောင်ချမ်းသာလမ်း၊ အမှတ်-၆) သို့ သွားရောက်ကာ တောင်းပန်လေသည်။ ထိုညမှာပင် ဗိုလ်တထောင် တံတားဦး သခင်သန်းထွန်းနှင့် ကိုနုကို စကားပြောရန် ချိန်းဆိုလိုက်သည်။ ကိုနုက အသင်းဝင်ရန်ကိစ္စတွင် သခင်အမည်ကို မတပ်ချင် ဖြစ်နေသည်။ ကိုအောင်ဆန်းကိုလည်း အသင်းထဲပါလာအောင် လုပ်ရန် တိုက်တွန်းကြိုးစားလေသည်။ ထိုညက ဗိုလ်တထောင်တံတားတွင် သခင်သန်းထွန်း၊ သခင်နု၊ သခင်သိန်းမောင်တို့နှင့်အတူ စကားပြောဆိုရင်း ကျောင်းသားများ နိုင်ငံရေးနယ်ထဲ ရောက်လာအောင် သူအား ထုတ်နိုင်ခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ထိုစဉ်က ဦးချစ်မောင်မှာ အယ်ဒီတာဘဝနှင့် နိုင်ငံရေးသမားဘဝ အား ပြိုင်နေသော ကာလလည်း ဖြစ်လေသည်။ သူသည် စာပေကို ဝါသနာပါလွန်း၍ အယ်ဒီတာလုပ်နေခြင်း မဟုတ်ပေ။ စာရေးခြင်းအလုပ်ကို လိုရာခရီး တစ်ခု သို့ ရောက်အောင် သွားနေစဉ် အသုံးပြုသော ယာဉ်လောက်သာ သဘော ထားလေသည်။ နိုင်ငံရေးစိတ်ဓာတ် ကြီးမားထက်သန် လွန်းသောကြောင့်သာ အယ်ဒီတာ လုပ်နေခြင်းဖြစ်ကြောင်း ဦးချစ်မောင်၏ သရုပ်အမှန်ကို တွေ့ရ တော့သည်။

ယုံကြည်ချက်ကြောင့် အလုပ်ကိုပင် စွန့်လွှတ်ခဲ့သူ

အုပ်ချုပ်သူ အစိုးရမင်းများကိုပင် မှန်တယ်ထင်လျှင် အာခံတုံသူ ဦးချစ်မောင်၊ မြန်မာ့အလင်းတွင် အလုပ်ကို ဇွဲနဲဘဲနှင့် ကြိုးစားလုပ်ကိုင်ခဲ့သူ၊ သတင်းဦး သတင်းထူးများကို သတ္တိရှိစွာ ရဲရဲတုံ့တုံ့ ဖော်ပြခဲ့သူ ဦးချစ်မောင် သည် ယုံကြည်ချက်ကို ထိပါးလာလျှင် အလုပ်ကိုပင် စွန့်ရဲသည့် သတ္တိထူး ရှိသည့် ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်ပေသည်။

သူ၏ ပင်ကိုစိတ်နေစိတ်ထား မြင့်မြတ်မှု၊ ရိုးသားဖြောင့်စင်းမှု၊ တိုင်း ပြည်နှင့် လူမျိုးအတွက် ကိုယ်ကျိုးစွန့်နိုင်မှု၊ အနစ်နာခံနိုင်မှု၊ စာနာညှာတာ မှုနှင့် သတင်းစာဆရာ တစ်ယောက်အဖြစ် ယုံကြည်ချက်ဖြင့် ခိုင်မာစွာ ရပ် တည်မှုတို့မှာ နှောင်းခေတ် သတင်းစာဆရာများအတွက် အတုယူစံထားပွယ် ဖြစ်လေသည်။

၁၉၃၉ ခုနှစ်က ဖြစ်လေသည်။ ထားဝယ်မြို့သို့ သွားသော အဒမ်ဆင် သင်္ဘောကြီးအနီးတွင် ဗုံးပေါက်ကွဲမှု ဖြစ်ပွားသောသတင်းကို မြန်မာ့အလင်း တွင် ဖော်ပြခဲ့ရာ ထိုသတင်းကို အစိုးရက မှားယွင်းကြောင်း ဖြေရှင်းချက် ပေးပို့ပြီး သတင်းစာတွင် အထည့်ခိုင်းခဲ့သည်။ အယ်ဒီတာ ဦးချစ်မောင်က 'ဖြေရှင်းချက်ထည့်ရတာ သတင်းစာ အနာဆုံးပဲ၊ အစိုးရ ဖြေရှင်းချက်များတော့ ဘယ်တုန်းကမှ အယုံအကြည်မရှိခဲ့ဘူး'ဟုဆိုကာ သတင်းစာတွင် အစိုးရက ပေးသော ဖြေရှင်းချက်ကို ထည့်ရန်မလိုဟုဆိုကာ ငြင်းပယ်ခဲ့သည်။

မန်နေဂျင်း ဒါရိုက်တာက ဤသတင်းဖြေရှင်းချက်ကို ထည့်သွင်းဖော် ပြရန် ညွှန်ကြားလေရာ သတင်းစာကို တိုက်ရှင်များ ပိုင်သည် မှန်သော်လည်း တိုင်းပြည်ကသာ ဆိုင်သဖြင့် ဤကဲ့သို့ သတင်းမှန်ပါလျက် သတင်းမှားဟု

www.burmeseclassic.com

www.burmeseclassic.com

ဖြေရှင်းချက်ပေးရလျှင် သူအလုပ်ဆက်မလုပ်နိုင်၊ ဤကဲ့သို့ ဟုတ်မှန်သော သတင်းမျိုးကို မြန်မာ့အလင်းသည် ဘယ်အခါကမျှ ဖုံးကွယ်ဖျောက်ဖျက်ခြင်း မရှိဟု အတိုက်အခံ လုပ်နေခဲ့သည်။

'မထည့်လျှင် ထွက်စာတင်ပါ'ဟု ဆိုသောအခါ

'စာမတင်နိုင်ဘူး။ သဘောမကျရင် ထုတ်ပစ်လိုက်ပါ' ဆိုပြီး အိမ်သို့ ပြန်လာခဲ့ပြီး သူ့ဇနီးသည်အား အကျိုးအကြောင်း ပြောပြလေသည်။ ထိုည မှာပင် အယ်ဒီတာ ချစ်မောင်အား အမိန့်မနာခံသဖြင့် အလုပ်မှ ထုတ်ပစ်လိုက် ကြောင်း မြန်မာ့အလင်း သတင်းစာတွင်သာမက အင်္ဂလိပ်သတင်းစာ၊ မြန်မာ သတင်းစာများတွင် ပါရှိလာလေသည်။

ဤတွင် မြန်မာ့အလင်း တာဝန်ခံ အယ်ဒီတာ ဦးချစ်မောင် ဘဝမှ ဂျာနယ်ကျော် ဦးချစ်မောင်ဘဝ ဆိုသော ဘဝတစ်ကွေ့ကို ချိုးကွေ့ရောက်ရှိ ခဲ့လေသည်။

ဂျာနယ်ကျော် ပေါ်ထွန်းလာခြင်း

၁၉၃၉ ခုနှစ် မေလ ၂၇ ရက် (စနေနေ့)တွင် စတင်ထုတ်ဝေသော 'ဂျာနယ်ကျော် သတင်းစဉ်သည် စနေနေ့တိုင်း အပတ်စဉ် ပုံမှန်ထွက်ရှိလာလေ သည်။ ဦးချစ်မောင်သည်လည်း မြန်မာ့အလင်းမှ ထုတ်ပယ်ခံခဲ့ရပြီးနောက် ဇနီးသည်က ထူထောင်ထားပြီးဖြစ်သော ဂျာနယ်ကျော်တွင် အယ်ဒီတာချုပ် ဦးချစ်မောင်ဟူ၍ ထင်ပေါ်ကျော်ကြားလာတော့သည်။ မူလကပင် မဟုတ်မခံ ပြည်သူများဘက်မှ ရပ်တည်ခဲ့သော ဦးချစ်မောင်၏ သတင်းစာဝိညာဉ်၊ သတင်း စာစိတ်ဓာတ်များကြောင့် လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေး၊ စစ်ရေးတို့ကို ပြတ်ပြတ်သားသား ဖော်ပြခဲ့ရာ သတင်းစဉ်မှာ နေ့ချင်းညချင်း ထင်ရှားလာ သလို ဂျာနယ်ကျော် ဦးချစ်မောင်ဆိုသည့် အမည်မှာလည်း သတင်းစာလောက တွင် ထင်ရှားလာခဲ့ပေသည်။ ထိုဂျာနယ်တွင် ဗြိတိသျှခေတ် တိုင်းပြည်လူထု ကို မျိုးချစ်စိတ်ဓာတ် ထက်သန်စေရန်နှင့် လွတ်လပ်ရေးဆန္ဒ ပြင်းထန်စေရန် အထူးတိုက်တွန်းရေးသား၍ ဆင်းရဲသားတို့၏ နစ်နာမှုများကို တင်ပြကာ နယ်ချဲ့ အစိုးရအား ပြင်းထန်စွာ ဝေဖန်ရေးသားခဲ့သည်။ ဂျာနယ်မျက်နှာဖုံးတွင်လည်း ဂျာနယ်၏ဝါဒအဖြစ် "မဟုတ်မခံ ပြည်သူ့ဟစ်တိုင်"ဟု ဖော်ပြခဲ့လေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်ကျော် ဦးချစ်မောင်သည် ရွှေလင်းယုန် ကလောင်အမည်ခွဲဖြင့်လည်း 'ရှာရှာဖွေဖွေ' အမည်ရှိ စာအုပ်နှင့် 'သူ'၊ 'မြိုင်းမှန်မှန်'၊ ဦးချစ်မောင် အမည်ဖြင့် 'ကမ္ဘာကြီး ပျက်စီးလုနီးပြီလော (၁၉၃၈)' ကို ရေးသားပြီး 'ဂျာနယ်ကျော် ဦးချစ်မောင်၏ နေ့စဉ်မှတ်တမ်း (၁၉၄၆)'စသည့် စာပုံအများအပြားကိုလည်း ရေးသားခဲ့သည်။

ဂျာနယ်ကျော် ဦးချစ်မောင်၏ နေ့စဉ်မှတ်တမ်းသည် ၁၉၄၃ ခုနှစ် နိုဝင်ဘာလ ၂၃ ရက်မှ ၁၉၄၄ ခုနှစ် ဩဂုတ်လ ၁၇ ရက်အထိ တစ်နှစ်နီးပါး ကာလအတွင်း ရေးသားခဲ့သော နေ့စဉ်မှတ်တမ်း ဖြစ်သည်။ ထိုမှတ်တမ်းကြီးတွင် ယင်းကာလအပေါ် စာရေးသူ၏ နိုင်ငံရေးနှင့် စာပေဆိုင်ရာ အတွေးအမြင်များ၊ သမိုင်းအမြင်များ၊ စာရေးသူ၏ အပေါင်းအသင်း စာရေးဆရာများ၊ နိုင်ငံရေးသမားများနှင့် စာရေးဆရာအသင်းများ အကြောင်းထိ ပါဝင်လေသည်။ ယင်းမှတ်တမ်းကြီးကို မူလက နေ့စဉ်မှတ်တမ်းအဖြစ်သာ ရေးသားခဲ့ခြင်း ဖြစ်သော်လည်း ဦးချစ်မောင် ကွယ်လွန်ပြီးချိန်တွင် အများပြည်သူတို့ ဖတ်ရှုနိုင်စေရန် စာအုပ်အဖြစ် (အုပ်ရေ–၁၀၀၀) သာ ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ (နောက်ပိုင်းတွင် သူလိုလူ စာအုပ်၌ နောက်ဆက်တွဲအဖြစ် ပူးတွဲရိုက်နှိပ် ထုတ်ဝေပါသည်။)

သူလို့ဦးချစ်မောင်

ဦးချစ်မောင်၏ ဘဝမှာ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် အချို့အကွေ့များက များပြားလှသည်။ သူ့ဘဝတွင် အယ်ဒီတာအဖြစ် လှုသိများစေခဲ့သည့် မြန်မာ့အလင်း သတင်းစာကြီးသည် အမိန့်မနာခံဟုဆိုကာ အလုပ်မှ ထုတ်ပယ်ပစ်ခဲ့သည်။ မကြာမီမှာပဲ ထိုသတင်းစာကြီးလည်း အပိတ်ခံလိုက်ရရှာသည်။ ဂျာနယ်ကျော် ဦးချစ်မောင်ဟူ၍ ကျော်ကြားစေခဲ့သည့် ဂျာနယ်ကျော် သတင်းစဉ်မှာလည်း စစ်ကြီးဖြစ်ပွားလာ၍ ဂျပန်များဝင်လာပြီး ခေတ်ပျက်ကြွေထဲတွင် ရပ်နားလိုက်ရပြန်သည်။ သည့်နောက်တော့ ဇနီးဖြစ်သူ၏ ဇာတိမြို့ဖြစ်သော ဘိုကလေးတွင် စစ်ဘေးကို ရှောင်နေခဲ့ရပြန်သည်။ နောက်ပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာပြီး တိုင်းပြည် လွတ်လပ်ရေးအတွက် ဆင်နွှဲနေသော လွတ်လပ်ရေးတိုက်ပွဲကြီးတွင် သံကန့်လန့်ကာ နောက်ကွယ်မှ အင်တိုက်

www.burmeseclassic.com

www.burmeseclassic.com

အားတိုက် ပါဝင်လာပြန်သည်။ သူကား သခင်လှဖေ (ရဲဘော် သုံးကျိပ်ဝင် ဗိုလ်လက်ျာ)နှင့် ညီအစ်ကိုတမျှ ရင်းနှီးသူဖြစ်သည်။

ဗိုလ်လက်ျာနှင့် ပတ်သက်၍ 'တိုင်းပြည်အပေါ်မှာ တကယ်သစ္စာရှိပြီး အရှည်ကြည့်တဲ့ လူဟာတော့ ကိုလှဖေပဲ။ ဒီလူဟာ ဘယ်တော့မှ ပေါ်ထင်မဲ့လူ မဟုတ်ဘူး။ အမြဲတမ်း သူ့အပေါ်မှာ တစ်ယောက်ရှိမှာပဲ။ တိုင်းပြည်ကောင်းရင်ပြီးရော၊ လူသိဖို့ မလိုဘူးလို့ သဘောထားတဲ့သူပဲ'ဟု ဦးချစ်မောင်က မှတ်ချက်ပြုသည်။

ဦးချစ်မောင်က နိုင်ငံရေးလုပ်တော့မည်ဟု ဗိုလ်လက်ျာကို ဖွင့်ပြောလိုက်သောအခါ 'အခု မလုပ်ပါနဲ့ဦး၊ အလုပ်တစ်လုပ်ပဲ လုပ်ပါဦး'ဟု တားသည်။ သို့နှင့် ဗိုလ်လက်ျာ ပေးလိုက်သော လူသိမခံရသည့် အလုပ်တစ်ခုကို သူလက်ခံခဲ့လေသည်။ ထိုအလုပ်ကား 'သူလျှို' အလုပ်ပင် ဖြစ်ပါသတည်း။

သည်စဉ်က ကမ္ဘာစစ်ကြီး ဖြစ်ပွားနေစဉ် ဖြစ်ရာ ကမ္ဘာစစ် အခြေအနေ၊ စစ်နှင့်သက်ဆိုင်သော သတင်းအချက်အလက်များ၊ အဖြစ်အပျက်များ၊ သုံးသပ်ချက်များ၊ ဖက်ဆစ်ဂျပန်တို့၏ ရမ်းကားရက်စက်မှုများ၊ စစ်ရေးလှုပ်ရှားမှု အခြေအနေများကို ထောက်လှမ်းရယူ ရေးသားပြီး ခေါင်းဆောင်များထံ ပို့ပေးရသည်။ မနက်လင်းသည်နှင့် လွယ်အိတ်တစ်လုံး လွယ်၍ ထွက်သွားပြီး လူစည်ကားရာ လက်ဖက်ရည်ဆိုင်များတွင် အချိန်ကုန်ထိုင်ကာ သတင်းစုဆောင်းလေသည်။ ယုံကြည်လက်ခံနိုင်လောက်သော သူများကိုလည်း အခကြေးငွေပေးကာ သတင်းစုဆောင်းပြီး ရရှိလာသည့် သတင်းတွေကို အိမ်၌ စာရွက်ပေါ်တွင်မှ မတေးမှတ်တော့ဘဲ လက်နှိပ်စက်တွင် ရောင်စုံစက္ကူတွေ တစ်ရွက်ပြီးတစ်ရွက် ထိုးထည့်လျက် လျင်မြန်စွာ ရိုက်လေသည်။ လက်နှိပ်စက် ရိုက်ရာတွင် အသုံးပြုရန် စာရွက်ကိုပင် သူ့မိသားစုပိုင် စက္ကူထုတ်များကို ဖြတ်၍ အသုံးပြုသည်။ အဝါရောင်၊ အစိမ်းရောင်၊ အပြာနရောင် စသည်ဖြင့် ပေးပို့မည့်နေရာဌာနအလိုက် အရောင်ခွဲခြား ရိုက်နှိပ်သည်။ ဤသို့ ရောင်စုံစက္ကူများသုံးရသည်မှာလည်း သခင်စိုး၊ သခင်သန်းထွန်းနှင့် ဗိုလ်ချုပ်အောင်ဆန်းထံသို့ သုံးဌာနခွဲ၍ ရောက်ရှိရန် အရောင်ခွဲခြားပို့ခြင်း ဖြစ်လေသည်။ ဂျပန်ခေတ်ကြီးတွင် ဂျပန်တော်လှန်ရေးအတွက် သူလျှိုလုပ်ပေးရသော အလုပ်မှာ မည်မျှအန္တရာယ်ကြီးသည်ကို ခန့်မှန်းကြည့်ရုံနှင့်ပင် သိနိုင်ပေရာ သူလုပ်နေသော

www.burmeseclassic.com

www.burmeseclassic.com

လုပ်ငန်းစဉ်ကိုသာ ဂျပန်တို့သိသွားပါက အသက်နှင့်ရင်းရမည့်အလုပ် ဖြစ်သည်။

ဦးချစ်မောင်က တိုင်းပြည်အတွက်ဆိုလျှင် သူပိုင်ငွေကြေးဖြင့် စိုက်ထုတ်လုပ်ကိုင်ပေးသည်။ ဗိုလ်လက်ျာက သူ့အား သတင်းထောက်လှမ်းရယူရန် လစဉ် ၁၅၀၀ ကျပ် ထောက်ပံ့သည် ဆိုသော်လည်း ထိုရရှိသောငွေမှာ သူသုံးရသည်မရှိ။ ခိုင်မာသော သတင်းများ ရရှိနိုင်ရန် ယုံကြည်စိတ်ချရမည့် သူများကို ရွေးချယ်တာဝန်ပေး၍ စရိတ်ထောက်ပံ့ကာ သတင်းစုဆောင်းရသည်။ ထိုစဉ်က နာမည်ဆိုးဖြင့် ကျော်ကြားလှသည့် ရက်စက်မှုကမ်းကုန်သော ဂျပန်ကင်ပေတိုင်ရုံးမှ သတင်းများကိုပင် မြန်မာဝန်ထမ်းများထံမှတစ်ဆင့် ရယူထောက်လှမ်းနိုင်ခဲ့လေသည်။ သူ၏ညီ ကိုသန်းထွန်းနှင့် သူ့တပည့်များက အထူးစိတ်ချရသည်။ သူပိုင်စက္ကူ အရောင်သုံးမျိုးဖြစ်သော အဝါ၊ အစိမ်း၊ အပြာနှ အရောင်သုံးမျိုးဖြင့် ဌာနသုံးခုသို့ နေ့စဉ်ဖြစ်ပျက်နေသော သတင်းများ၊ ဂျပန်တို့၏ လှုပ်ရှားမှုများကို မြန်မာခေါင်းဆောင်များထံ လျှို့ဝှက်ပို့ပေးရသည်။

'... ဦးချစ်မောင်သည် နိုင်ငံတော်၏ ပစ္စုပ္ပန်၊ အနာဂတ် အကျိုးကြီးကို တစ်ယောက်တည်း ခေါင်းနှင့်ရွက်ပြီးလျှင် နိုင်ငံရေးလုပ်နေကြသော ပုဂ္ဂိုလ်များအား ၎င်းတို့လုပ်ငန်းတွေတွင် အထောက်အပံ့ကြီး ရစေအံ့သောငှာ နောက်ပိုင်းမှနေ၍ ဂျပန်ကို တိုက်နေကြသော သူတို့အတွက် တစ်မျိုး၊ ဂျပန်နှင့် ရင်ဆိုင် မျက်မှောက်တွင် လုပ်နေရသော သူတို့အတွက် တစ်မျိုး၊ သက်ဆိုင်ရာများဆီသို့ ဂျပန်များ မရိပ်မိအောင် အသက်စွန့်လျက် သတင်းပေး လမ်းညွှန်စီမံခန့်ခွဲ လုပ်ကိုင်ပြင်ဆင် နိုင်းပြင်းပေးရှာသော သူတစ်ယောက် စိတ်ဒုက္ခရောက်လျက်ရှိပြီး ခေါင်းကိုမျှ မဖော်နိုင်အောင် ဖြစ်နေပုံမှာ နောက်ဆုံး၌ ကျန်မသာရှိသမျှ ပစ္စည်းတွေ အကုန်ချ၍ ပေးလိုက်ဖို့ရာ တာဝန်ကြီး ကျလာလေတော့သည်။ ... " ဟူ၍ ဂျာနယ်ကျော်မမလေးက 'သူလိုလူ'တွင် ဖော်ပြထားလေသည်။

သူသည် ဗိုလ်လက်ျာနှင့် တွဲဖက်ကာ နိုင်ငံရေး အလုပ်များကို လျှို့ဝှက်လုပ်ကိုင်နေသူဖြစ်ကြောင်း ထိုစဉ်က အိမ်ချင်းကပ်လျက် နေထိုင်သူ သခင်သန်းထွန်းပင် မသိအောင် ပိရိလှသည်။ ဂျပန်များကလည်း ဦးချစ်မောင်နှင့် နီးကပ်စွာ နေထိုင်ပါလျက် ဦးချစ်မောင် လုပ်ကိုင်နေသော အလုပ်ကို မသိကြ။

www.burmeseclassic.com

www.burmeseclassic.com

ဂျပန်တို့ကို အကူအညီပေးနေသူ တစ်ဦးအဖြစ်သာ ယူဆထားကြလေသည်။ သို့ကြောင့်လည်း ဗိုလ်စကြာက 'မြန်မာပြည် တောင်သူလယ်သမား အရေးတော်ပုံကြီး ဖြစ်ပွားရခြင်း အကြောင်းရင်း'ကို ဂျပန်တို့က တောင်း၍ နိုင်ငံရေးတွင် ဦးချစ်မောင် နားလည်သူ ဖြစ်သည့်အတိုင်း အကျိုးအပြစ် ဂျုနစွာ ဝေဖန်ပြီး အမြန်ရေးသားပေးရန် တောင်းပန်ခဲ့ရာ ဦးချစ်မောင်က အင်္ဂလိပ်ဘာသာဖြင့် ရှည်လျားစွာ ရေးသားပေးခဲ့လေသည်။

ဖဆပလနှင့် ဦးချစ်မောင်

ဂျပန်များ မြန်မာနိုင်ငံမှ ဆုတ်ခွာသွား၍ အင်္ဂလိပ်များ ပြန်အဝင်တွင် ဦးချစ်မောင်ကို ခေါ်ယူစစ်ဆေးကြပြီး စက္ကူဖြူစာတမ်းအပေါ် သူ့အမြင်ကို တောင်းဆိုလေသည်။ ဦးချစ်မောင်ကလည်း တောင်းဆိုသူများ ရှေ့မှောက်မှာပင် စက္ကူဖြူစာတမ်းကို မနှစ်သက်ကြောင်း အကိုးအထောက်များစွာဖြင့် ပြည့်စုံစွာ ရေးသားပေးလိုက်ရာ အင်္ဂလိပ်စစ်ဘက်အရာရှိ မြန်မာလူမျိုး ဦးအောင်သန်းဆိုသူက 'တယ်ကောင်းတဲ့ အင်္ဂလိပ်စာပါလား။ အင်္ဂလိပ်သတင်းစာ ထုတ်ဖို့ကောင်းတယ်ဗျာ'ဟုပင် ချီးကျူးခဲ့ရလေသည်။

အင်္ဂလိပ်တို့က ခေါ်ယူစစ်ဆေးစဉ် အင်္ဂလိပ်တို့ဝါဒ မပြောင်းပါက ဘယ်နည်းနှင့်မျှ မပေါင်းနိုင်ဟု ပြောဆိုခဲ့ခြင်းကြောင့် နောက်တစ်နေ့တွင် စုံထောက်များက လာရောက်ခေါ်ယူပြီး ရန်ကုန်ထောင်ကြီးတွင် တစ်နေ့နှင့် တစ်ည ချုပ်ထားခဲ့ပြီး အကျယ်ချုပ်နှင့် ပြန်လွှတ်ခဲ့လေသည်။

ဗိုလ်လက်ျာမှာလည်း ဂျပန်မပြေးမီကပင် ကိုယ်ဖျောက်သွားခဲ့ရာ အင်္ဂလိပ်ပြန်အဝင်တွင် ဦးချစ်မောင်အိမ်၌ ခေတ္တခဏ လာရောက် တိမ်းရှောင်နေခဲ့သည်။ ထိုအချိန်မှစ၍ ဗိုလ်လက်ျာတို့နှင့်အတူ နိုင်ငံရေးဘက်တွင် လုံးပန်းနေခဲ့သလို တစ်ဖက်မှလည်း ဂျာနယ်ကျော်ကို ပြန်လည်ထုတ်ဝေရန် ကြိုးစားခဲ့ရာ ၁၃၀၇ ခုနှစ် ဝါခေါင်လဆန်း ၁၀ ရက် (၁၈-၈-၁၉၄၅) စနေနေ့တွင် ပြန်လည် ထွက်ရှိလာလေသည်။

တစ်ညတွင် ဦးချစ်မောင်မြို့ထဲမှ ပြန်လာရာ ရောက်ရောက်ချင်းပင် ဇနီးဖြစ်သူကို ဖဆပလအဖွဲ့ကြီး ထူထောင်တော့မည် ဖြစ်ကြောင်း၊ သို့သော်လည်း ဤအဖွဲ့ကြီးတွင် သူ့ကို မည်သည့်နေရာတွင်မျှ ထည့်မထားကြောင်း ပြောပြသောအခါ ဇနီးဖြစ်သူ ဂျာနယ်ကျော်မမလေးမှာ ဒေါပွလေတော့သည်။

www.burmeseclassic.com

www.burmeseclassic.com

ဘာကြောင့် မထည့်သလဲ ဆိုသည့် အမေးကို ဦးချစ်မောင်က ဖြေကြားရာတွင် သခင်စိုးကြောင့်ဟု ဆိုလေသည်။

သခင်စိုးမှာ ဦးချစ်မောင် ဘိုကလေးသို့ စစ်ပြေးနေကြစဉ်က "ခင်ဗျားယောကျ်ားပဲ အေးတယ်၊ ဘာမှမလုပ်ဘူး'ဟု တရားမမြို့အုပ် ဦးမူအား ပြောပြလိုက်ကြောင်း စကားကြားခဲ့ရဖူးရာ ယခုအဖြစ်မှာ မဆန်းဟု သူက ယူဆသည်။

ဖဆပလဖွဲ့ရာတွင် သခင်စိုးကြီးက သူ့ကို "ဒီလူဟာ တိုင်းပြည်ကိစ္စဆိုရင် ဘာမှ ထိထိရောက်ရောက် ကူဖော်မရဘူး။ အနစ်နာခံတော့ ကျုပ်တို့က။ အဖွဲ့ဖွဲ့တော့ သူကပါမယ်ဆိုတာ မဖြစ်နိုင်ဘူး" စသည်ဖြင့် အဖွဲ့တွင် မထည့်ရန် အပြင်းအထန် ကန့်ကွက်လေသည်။ ထိုသို့ အသီးသီး ကန့်ကွက်ပြီးကြသည့်အခါ၌ ဗိုလ်လက်ျာက သခင်စိုးကို "ခင်ဗျား နေ့တိုင်းဖတ်နေရတဲ့ သတင်းတွေဟာ ဘယ်ကရတယ် ထင်လဲ"ဟု ပြောလိုက်မှ သခင်စိုးကြီးကလည်း "ဟာ သိပ်အဖိုးတန်တဲ့ အလုပ်ကြီးပဲ။ ဘာမှကန့်ကွက်စရာ မရှိတော့ပါဘူး"ဟု ပြောဆို၍ ငြိမ်သွားလေသည်။

သို့နှင့် ဖဆပလအဖွဲ့ကြီး ဖွဲ့စည်းပေါ်ပေါက်လာသည့်အခါတွင် အမှုဆောင် လူကြီးတစ်ယောက်အဖြစ် ပါဝင်ခဲ့ပြီး ဖဆပလအဖွဲ့ကြီး၏ ပထမဦးဆုံးအကြိမ် ထုတ်ပြန်လိုက်သော ကြေညာချက်ကို ဦးချစ်မောင်က အင်္ဂလိပ်ဘာသာဖြင့် ရေးသားခဲ့လေသည်။

ဗိုလ်ချုပ်အောင်ဆန်းနှင့် ဦးချစ်မောင်

ဖဆပလအဖွဲ့ကြီးတွင် အမှုဆောင်လူကြီးအဖြစ် ဝင်ရောက်လုပ်ကိုင်နေစဉ်တွင် ဂျာနယ်ကျော်ဦးချစ်မောင်၏ သတင်းစာအတတ်ပညာ ကြွယ်ဝမှု၊ နိုင်ငံရေးဘက်တွင် နှံ့စပ်မှုများကြောင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမှုဆောင်လူကြီးများကပါ သူ၏အကြံဉာဏ်များကို ရယူခဲ့သည်။

ဖဆပလတွင် အင်္ဂလိပ်တို့ပေးသော ရာထူးယူရေး မယူရေး ပြဿနာပေါ်စဉ်က ဦးချစ်မောင်မှာ ရာထူးမယူရေးကို လက်ခံသူတစ်ဦး ဖြစ်သော်လည်း ရာထူးလက်ခံသူများဘက်က အလေးသာနေသဖြင့် ဦးချစ်မောင်က ရာထူးယူလျှင် စည်းကမ်းကလနား သတ်မှတ်ပြီးမှသာ ယူသင့်ကြောင်း အကြံပြုခဲ့သည်။ ထိုအကြံပြုချက်ကို ဗိုလ်ချုပ်အောင်ဆန်းက လက်ခံပြီး "စည်းကမ်း သတ်မှတ်

www.burmeseclassic.com

www.burmeseclassic.com

ချက်နဲ့ ရာထူးလက်ခံရန် အစည်းအဝေးက ဆုံးဖြတ်ခဲ့သည်။ စည်းကမ်းသတ်မှတ်ချက်များ ရေးသားရန် ဒေါက်တာ ဦးဆက်နှင့် ကိုသိန်းဖေ (သိန်းဖေမြင့်) တို့ကို ဦးဘဘေက ပူးပေါင်း ရေးဆွဲစေခဲ့သည်။

ဗိုလ်ချုပ်သည် အမှုကိစ္စရှိ၍ ဆုံးဖြတ်ချက်ချသည့် အခါများတွင် 'ဦးချစ်မောင်ကော သဘောတူပါသလား' ဟု အမြဲ မေးတတ်သည်အထိ ဦးချစ်မောင်ကို ယုံကြည်အလေးထားခဲ့လေသည်။

တစ်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းသည် ဦးချစ်မောင်အိမ်သို့ ရောက်ရှိလာပြီး စကားစမြည် ပြောဆိုခဲ့ရာ ဗိုလ်ချုပ်ကသာ စကားကို အဆက်မပြတ် ပြောဆိုနေပြီး ဦးချစ်မောင်က ဗိုလ်ချုပ်ပြောသမျှကို အလေးထားနားထောင်နေခဲ့သည်။

ဗိုလ်ချုပ်မှာ အလွန်စကားပြောနိုင်သောပုဂ္ဂိုလ် ဖြစ်ရကား စက်သေနတ်ပစ်သလို တရစပ်ပြောဆိုနေရာ ကုလားထိုင်ကို မှီထိုင်ရင်း ပြောဆိုရာမှ တဖြည်းဖြည်း ကုလားထိုင်အစွန်းသို့ ရောက်ရှိလာလေသည်။

တစ်ချိန်လုံးလုံး ပြောသမျှ စကားများမှာလည်း ဦးစောအကြောင်း ဖြစ်လေသည်။ ဦးစော ဂျပန်ပြည်သွားခန်း၊ ဦးစော လုပ်ကိုင်ခဲ့သော နိုင်ငံရေးများအပေါ် ထင်မြင်ချက်များနှင့်တကွ တွင်တွင်ကြီး ပြောလေသည်။

ဗိုလ်ချုပ်မောသလောက်ရှိ၍ ပြန်ခါနီးမှ သူက 'ဖဆပလကြီးဟာ အဖွဲ့ပေါင်းစုံ၊ အသင်းပေါင်းစုံ စုစည်းပြီး ဖွဲ့ထားတာလို့ ကျွန်တော်တို့ ကြေညာပေမယ့် ဒီအဖွဲ့ထဲမှာ ဦးစော မပါရဘူး။ ဦးစောကို ထည့်လို့ မဖြစ်ဘူး။ ဒါကို ကျွန်တော်ပြောတယ်" ဟု ပြန်ပြောလိုက်ပြီး ဗိုလ်ချုပ်လည်း ခေါင်းတညိတ်ညိတ်ဖြင့် ကားပေါ်သို့ တက်သွားပြီး ထွက်ခွာသွားလေသည်။

ဦးချစ်မောင်သည် ဖဆပလအဖွဲ့ကြီး မပေါ်ပေါက်မီကပင် နိုင်ငံအတွက် မနေမနား လုပ်ကိုင်ပေးခဲ့သူဖြစ်ပြီး ပေါ်ပေါ်ထင်ထင် နေလေ့မရှိသူ ဖြစ်သည်။ နိုင်ငံရေးအလုပ် လုပ်ကိုင်ရာတွင် ကိုယ်ကျိုးကိုမကြည့်ရုံမျှမက ကိုယ့်အိတ်ထဲကပင် စိုက်ထုတ်အကုန်အကျခံ၍ မည်သည့်မျှော်လင့်ချက်မျှ မထားဘဲ လုပ်ကိုင်ခဲ့သူ ဖြစ်လေသည်။ အလုပ်လုပ်ကိုင်ရာတွင် မိမိ၏ ကျန်းမာရေးကိုပင် အလေးမထားဘဲ လုပ်ကိုင်သူဖြစ်ရကား ကျန်းမာရေးကို ဂရုစိုက်ရန် ဇနီးသည်က မကြာခဏ သတိပေးရလေသည်။

www.burmeseclassic.com

သို့သော်လည်း အသက်ရှည်ရှည်နေရန် ကံဇာတာမပါသော ဦးချစ်မောင်သည် ငယ်ငယ်ရွယ်ရွယ်နှင့် ကျန်းမာရေး ချူချာလာပြီး ၁၉၄၆ ခုနှစ် မတ်လ ၂၅ ရက်နေ့တွင် အပြင်းဖျားလေတော့သည်။ သူ၏ကျန်းမာရေး ဂရုမစိုက်မိပုံနှင့် ပတ်သက်၍ နောင်တရမိကြောင်းကို သူနှင့် ညီအစ်ကိုတမျှ ရင်းနှီးသော ဗိုလ်လက်ျာနှင့် ဒေါက်တာလှရွှေ (၎င်းတို့နှစ်ဦးမှာ ညီအစ်ကိုအရင်း ဖြစ်သည်။) တို့အား ပြောပြခဲ့သည်။

"ကျွန်တော် မှားခဲ့ပြီ။ ကျွန်တော်ဟာ ငယ်ငယ်ရွယ်ရွယ် ကလေးဘဝကတည်းက အရက်အကြောက် အလွန်ကြီးခဲ့တယ်။ ကျွန်တော် ဆီးသွားနေတုန်းများ မနီးမဝေးက လူသံကြားရင် ဆီးသွားလို့ မရတော့ဘူး။ ဆီးချုပ်အလွန်ခံခဲ့မိတယ်။ စာထိုင်ရေးနေရင်း၊ စကားထိုင်ပြောနေရင်း ကျွန်တော် ဆီးသွားဖို့ရာ လုံးလုံးပဲမေ့နေတယ်။ အခုတော့ ဒုက္ခဖြစ်ပြီ"ဟု ဆိုလေသည်။ ထို့အပြင် သူငယ်ချင်းဖြစ်သူ ဒေါက်တာ ဦးအောင်ခင်ကိုလည်း All are miserable (အားလုံးတော့ ဒုက္ခရောက်ကြပြီ၊ သောကပွေရပြီ)ဟု ပြောဆိုခဲ့သည်။

ဦးချစ်မောင်သည် သတင်းစာဆရာ အယ်ဒီတာတစ်ဦး အဖြစ်နှင့် နယ်ချဲ့သမားတို့ကို ပြတ်ပြတ်သားသား တိုက်ခိုက်ခဲ့သလို ဖက်ဆစ်တော်လှန်ရေး ကာလတွင်လည်း ကိုယ်တိုင်ကိုယ်ကျ ပါဝင်၍ ကျရာတာဝန်ကို ယူခဲ့ပါသည်။ သူလျှိုလုပ်ငန်းကို ဆောင်ရွက်ခဲ့ရသည်။ အန္တရာယ်များလှသော လုပ်ငန်းတာဝန် ဖြစ်စေကာမူ မငြင်းဆန်ဘဲ တာဝန်ကျေအောင် ဆောင်ရွက်ခဲ့သူ ဖြစ်သည်။

နိုင်ငံအတွက် ထိုမျှ များပြားလှသော လုပ်ဆောင်ချက်များကို သည်ပိုးဆောင်ရွက်သွားနိုင်ခဲ့သည် မှန်သော်လည်း ဦးချစ်မောင်မှာ အားရကျေနပ်မှု၊ တင်းတိမ်ရောင့်ရဲမှု မဖြစ်နိုင်ခဲ့ပါ။

ဦးချစ်မောင်သည် သူ၏မွေးနေ့ဖြစ်သော ၁၃၀၆ ခုနှစ် ပြာသိုလဆန်း ၁၃ ရက်နေ့က ရေးမှတ်ခဲ့သည့် နေ့စဉ်မှတ်တမ်းတွင်...

အသက်ခရီးမှာဖြင့်
တဝက်ကြီးကျော်ခဲ့ပြီ
ထိရောက်စွာ ဘယ်အလုပ်ကိုမှ
တယ်ဟုတ်စွာ နိုင်ငံကျိုးကို
သည်ပိုး မဆောင်ရွက်နိုင်လို့

www.burmeseclassic.com

www.burmeseclassic.com

စိတ်စက်မကြည်။
ပါရမီ
ကံလိုထင့်သည်တဝ
နိုင်ငံတော်မှုကုန်ထမ်းဘို့မှာ
ဉာဏ်စွမ်းမယိုင်မင့်သော်လဲ
ခွင်လှည့်မကျ။ ။

ဟု လေးချိုးကဗျာနှင့်အတူ

"နောက်ကို ပြန်ကြည့်လိုက်လျှင် အားရလောက်အောင် လုပ်ကိုင်ပြီးစီးခဲ့မှု မရှိသေး။ သက်တမ်းအတိုင်း ဆိုလျှင် ခရီးတဝက်ကျိုးခဲ့ပြီ။ ရည်ရွယ်ချက်များစွာပင် လုပ်ဆောင်ရန် ကျန်နေချေသေး၏။... "ဟု ရေးမှတ်ခဲ့သည်။

ဦးချစ်မောင်သည် နိုင်ငံအတွက် သူလုပ်ဆောင်ခဲ့သမျှကို အားရကျေနပ်မှုမရှိ၊ နိုင်ငံ့အတွက် သည့်ထက်ပို၍ ထမ်းဆောင်လိုပါသော်လည်း ထမ်းဆောင်ခွင့်မရ၊ ဤသို့ ဖြစ်ရသည်မှာလည်း တိုင်းပြည်ကာဝန် ထမ်းဆောင်ရန် ကံတရားက အလှည့်မပေး၊ ကံမကောင်းဟု ဆိုရပါမည်။

ဦးချစ်မောင်သည် ၁၃၀၇ ခုနှစ် နှောင်းတန်ခူးလဆန်း ၂ ရက် (၁၉၄၆ ခုနှစ် ဧပြီလ ၃ ရက်)နေ့တွင် ကွယ်လွန်ခဲ့သည်။

ဆရာကြီး သခင်ကိုယ်တော်မှိုင်းကလည်း ဂျာနယ်ကျော် ဦးချစ်မောင်ကို တမ်းတခဲ့ပါသည်။ "အင်္ဂလန်သို့ ဘုရင်ခံပြန်ပို့ရာ မေတ္တာစာလေးချိုးကြီး" တွင်

"... သွေးမကုန်၊ ညီသနဲ့သာပ
ရဲမနော် ရဲဘော်တပည့်တွေရဲ့ပြင်
ရဲမလေ ရဲမေအဖွဲ့တွေနဲ့
တကယ့်ကို မြိုင်မြိုင်ဆိုင်ဆိုင်ပေါ့
ဝိုင်ဝိုင်နိုင်နိုင် အပြိုင်ကြိရ နွဲ့ရမည်
ဒီပွဲသည်အခါနှယ် ပေါ်သဖြင့်
"ဂျာနယ်ကျော် တဗိုလ်ဟဲ့လို့
အိုဘဲ့ ဆိုမဲ့ ထိုတပည့်ဖြစ်သူ
"ချစ်မောင်"တို့
မရှိလေသကောရယ်လို့

www.burmeseclassic.com

www.burmeseclassic.com

တပည့်တွေ ပြောကာပြောကာ
တောအညာက လွမ်းမိရာမှ... "

ဟု ထည့်သွင်းရေးသားခဲ့ပါသည်။ နိုင်ငံလွတ်လပ်ရေး၊ နယ်ချဲ့ ဆန့်ကျင်ရေးနှင့် အမျိုးသားစည်းလုံး ညီညွတ်ရေးတို့ကို ဆောင်ရွက်ရာတွင် ဂျာနယ်ကျော် ဦးချစ်မောင်၏ စေတနာ၊ စွမ်းရည်သတ္တိနှင့် ဆောင်ရွက်ချက်များကို ဆရာကြီး သခင်ကိုယ်တော်မိုင်းက အသိအမှတ် ပြုခဲ့မည်၊ အားထားယုံကြည်ခဲ့မည်မှာ အမှန် ဖြစ်ပါသည်။

ဗိုလ်ချုပ်ကိုယ်တိုင် လိုက်ပါပို့ဆောင်ခဲ့

ဦးချစ်မောင်၏ ရုပ်ကလာပ်ကို ရွှေတိဂုံဘုရား ခြေတော်ရင်းရှိ စတုဒိသာ ဇရပ် (ဦးဘရီဇရပ်)သို့ သယ်ဆောင်သွားပြီး ဖဆပလအဖွဲ့ကြီးမှ အကုန်အကျ ခံကာ သင်္ဂြိဟ်ခဲ့သည်။

သူကား လူချစ်လူခင်ပေါများလှသော သတင်းစာဆရာ၊ နိုင်ငံရေး သမားကြီးပင် ဖြစ်လေသည်။ တစ်ခါက ရသေ့ဦးစံသိန်း သူနှင့်လမ်းမှာ တွေ့၍ "မောင်... မောင်၊ တစ်ပြည်လုံးချစ်တဲ့မောင်၊ တစ်နိုင်ငံလုံးချစ်တဲ့ ဦးချစ်မောင်"ဟု သူ့ကို ခေါ်ခဲ့သလို သူ၌ မေတ္တာစိတ်ဓာတ် ကြီးမားသည်နှင့် အမျှ တစ်ပြည်လုံးကလည်း သူ့ကို မေတ္တာဓာတ် တုံ့ပြန်ချစ်ခင်ကြသည်ကို သေသည့်အခါတွင် ဘွားဘွားကြီး တွေ့ရလေတော့သည်။

စတုဒိသာဇရပ်ကြီးတွင် ၃ ရက်ထားပြီး ၁၉၄၆ ခုနှစ် ဧပြီလ ၅ ရက်နေ့တွင် ရွှေတိဂုံခြေတော်ရင်းမှ ကြံတောသုသာန်သို့ ပို့ဆောင်ရာတွင် ကလေးသူငယ်မှအစ လူထုကြီးက ခြေကျင်လျှောက်၍ လိုက်ပါပို့ဆောင်ကြရာ ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်လည်း လိုက်ပါပို့ဆောင်ခဲ့လေသည်။

ကြံတောသုသာန်သို့ အရောက်တွင် ဂုမသွင်းမီ ဇရပ်ပေါ်၌ ခေါင်းကို ချထားပြီး ဗိုလ်ချုပ်က လိုက်ပါပို့ဆောင်သော လူထုကြီးအား တရားဟောလေ သည်။ ထိုသို့ ဟောပြောရာတွင် "သူများနိုင်ငံတွေလို မလွတ်လပ်လို့၊ ဆေး ဘက်မှာ အဆင့်အတန်းမမီဘဲ မတိုးတက် မထွန်းကားရတာကြောင့် ဒီလို ပုဂ္ဂိုလ်ကြီး သေရတယ်"ဟု ထည့်သွင်းပြောဆိုခဲ့လေသည်။

သူ့အလောင်းကို ပထမအကြိမ် ကျောင်းသားသပိတ်က ကျဆုံးခဲ့ရသော ဗိုလ်အောင်ကျော်၏ ဂူဘေးတွင် ဂူသွင်းသင်္ဂြိဟ်ခဲ့သည်။ ၁၉၉၇ ခုနှစ်က ကြံတော

www.burmeseclassic.com

www.burmeseclassic.com

သုသာန်ကို ဖျက်သိမ်းလိုက်သောအခါ ကျန်ရစ်သူ မိသားစုများက ဦးချစ်မောင်၏ အုတ်ဂူကို မြောက်ဥက္ကလာ ရေးသုသာန်သို့ ပြောင်းရွှေ့ခဲ့သည်။

ကံတူအကျိုးပေးလေလား

မြန်မာ့လွတ်လပ်ရေး လှုပ်ရှားမှုတွင် အတူတကွ ပူးပေါင်းဆောင်ရွက်ခဲ့ကြသော ဗိုလ်ချုပ်အောင်ဆန်းနှင့် ဂျာနယ်ကျော် ဦးချစ်မောင်တို့မှာ ကံတူအကျိုးပေးလေလားဟု ပြောရမည့်အချက်များ ရှိနေပေသည်။

ဂျာနယ်ကျော် ဦးချစ်မောင်၏ အသုဘကို ၁၉၄၆ ခုနှစ် ဧပြီလ ၅ ရက်နေ့က လိုက်ပါပို့ဆောင်ပေးခဲ့သော ဗိုလ်ချုပ်အောင်ဆန်းမှာလည်း ဦးချစ်မောင်ကို ပို့ဆောင်ပြီး နောက်တစ်နှစ် ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့တွင် အသက်ငယ်ငယ် ၃၂ နှစ် ၅ လ ၆ ရက်တွင် ကွယ်လွန်ခဲ့ရသည်။ ဗိုလ်ချုပ် ကွယ်လွန်စဉ်က သားအောင်ဆန်းဦး၊ အောင်ဆန်းလင်း၊ သမီးအောင်ဆန်းစုကြည်တို့ ကျန်ရစ်ခဲ့သလို ဦးချစ်မောင် ကွယ်လွန်စဉ်ကလည်း သား မောင်သိန်းတန်၊ မောင်မိုးဟိန်းနှင့် သမီးခင်လေးမြင့်တို့ ကျန်ရစ်ရာ သားနှစ်ဦး၊ သမီးတစ်ဦးစီ ကျန်ရစ်ခဲ့လေသည်။

ထို့အပြင် မျိုးချစ်ပုဂ္ဂိုလ်၊ စာရေးဆရာ၊ သတင်းစာဆရာများ ဖြစ်ခဲ့သည်မှာလည်း တူပေသည်။ မြန်မာတို့တွင် ဆိုရိုးစကားတစ်ခု ရှိပေသည်။

ဘုန်းကြီးလို့ အသက်မရှည်
သက်ရှည်လို့ ဘုန်းမကြီး ဟူ၍ ဖြစ်သည်။

ဗိုလ်ချုပ်နှင့် ဦးချစ်မောင်တို့ကား တိုင်းပြည်ကချစ်၍ တိုင်းပြည်ကကြည်ညိုခြင်းကို ခံရသူများ ဖြစ်ပါသော်လည်း ဘုန်းကြီးပါလျက် သက်မရှည်ခဲ့ကြသူများ ဖြစ်လေသည်။ တိုင်းပြည်အတွက် နှမြောတသမဆုံး ဖြစ်ကြရသူများပင် ဖြစ်လေသည်။

သူလိုလူ (သို့မဟုတ်) ဂျာနယ်ကျော် ဦးချစ်မောင်

'သူလိုလူ' စာအုပ်တွင် ဂျာနယ်ကျော်မမလေးက "... ဂျာနယ်ကျော် ဦးချစ်မောင်ဆိုလျှင် အယ်ဒီတာကြီး တစ်ယောက်ဟု အမှတ်ရကြသည်။ သူသည် အယ်ဒီတာကြီးတစ်ယောက် ဖြစ်သည်။ အယ်ဒီတာအလုပ်မှာ ပစ္စုပ္ပန် အနာဂတ် အတွက် ကိုယ်ပိုင်ဉာဏ်ကို စေစား၍ တွေးတောကြံဆ လမ်းပြရသော အလုပ်

www.burmeseclassic.com

အလုပ်ကြီးတစ်ခု ဖြစ်သည်။ သူ့ကို အယ်ဒီတာကြီး တစ်ယောက်ဟုသာ အမှတ်ရကြသူ များလေသည်။

ဂျပန်တို့ လက်အောက်သို့ ရောက်လျက်ရှိသော မြန်မာနိုင်ငံတော်ကို ပြန်လည်တိုက်ကြရာ၌ လွယ်ကူလမ်း ဖြောင့်ကြစေရန် လူသိမခံဘဲ ပုန်း၍ အနစ်နာခံကာ ကူညီတိုက်ခိုက်ပေးခဲ့သဖြင့် စစ်တိုက်နေချိန်တွင် ပကတိစစ်မှု ထမ်းကောင်းကြီး တစ်ယောက် ဖြစ်ခဲ့သည်။

လူတို့တွင် အဓိကလုပ်ရပ်ကြီး တစ်ခုဖြစ်သော ကိုယ်ကျင့်တရား ကောင်း မွန်ရေးရာနှင့် ပတ်သက်၍လည်း သူသည် တင်းပြည့်ကျပ်ပြည့် ကိုယ်ကျင့် တရားများနှင့် အံကျပုံသွန်းလောင်းထားသော ကျောက်ရုပ်တစ်ရုပ်ကဲ့သို့ စံနမူနာ ပြသွားရုံမက ကိုယ်ကျင့်တရား ကောင်းရာကောင်းကြောင်း ဖြစ်အောင် လမ်း ဆောင်သွန်ပြသွားသော စာရေးဆရာကြီး တစ်ယောက်လည်း ဖြစ်သည်။

သူသည် ပြည့်ဝသော သူတစ်ယောက် ဖြစ်သည်။ ကိုယ်ထိလက်ရောက် လက်တွေ့ပြသ ပြုလုပ်ရမည့် အလုပ်တွေကို လုပ်ဆောင်ရာ၌ 'သူလိုလူ'မှာ သူတစ်ယောက်သာ ဖြစ်တော့သည်။ မတစ်ထောင် တစ်ကောင်ဖွားသား ဟူ၍ ခေါ်ဆိုရမည်။

လူများနှင့် ပေါင်းသင်းဆက်ဆံမှုဌ်လည်း လူအပေါင်းတို့အား သူ၏ ပကတိ ထက်မြက်ပြည့်ဝလှသည့် အပြောကျယ်လှသော သူ့ပညာရပ်များကို အဘက်ဘက်မှ အလိုရှိသသူတို့အဖို့ အကျိုးဖြစ်ထွန်းသွားနိုင်အောင် အချိန် မရွေး ခပ်သောက်သုံးစွဲစေဖို့ရာ ဘယ်သောအခါမျှ မခန်းမခြောက်သော ရေ သောက်မြစ်ကြီးကဲ့သို့ အခါမလင့် ခပ်သုံးခွင့်ပေးခဲ့သည့် ပညာရှင်ကြီး ဖြစ် သည်။

လက်အောက်ခံနိုင်ငံတစ်ခုမှ လွတ်ထွက်ရာ လွတ်မြောက်ကြောင်း ဖြစ် သော လွတ်လပ်ရေးကြီးကို မျိုးစေ့ချ၍ ပေးသွားသော မျိုးချစ်ပုဂ္ဂိုလ်ကြီး တစ် ယောက်ဟုလည်း မမေ့သင့်ကြပေ။

ဂျာနယ်ကျော် ဦးချစ်မောင် အမည်သည် အဘက်ဘက်တွင် အသိဉာဏ် ကြီးသည့် ပုဂ္ဂိုလ်တစ်ဦးဟု လူအများ အဓိပ္ပာယ်ရှိအောင် ခံယူသွားသောအမည် ဖြစ်သည်။ အသိဉာဏ်၊ မေတ္တာ၊ သမာဓိတို့ကို တမယ်စီ ဖျော်စပ်ရေးထားသော ဂျာနယ်ကျော် ဦးချစ်မောင် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

လောကတွင် မိမိ၏ အစွန်းအထင်း တင်မကျန်ရစ်ခဲ့ရအောင် လုပ်သွားသည့် 'သူလိုလူ'တွေထဲတွင် သူလည်း 'သူလိုလူ' တစ်ယောက် ဖြစ်သည်။

ခေတ်သဘောဟာမို့၊
ပြစ်မပြောသာဘု၊
စစ်ကြောပါလိုက်လျှင်။ ။
တန်ခိုးပြ စိုးရကာ ကြိမ်မတော့၊
သမ္ဘာရိုန်ဝင့်ကာ မောက်ကြွပေသပေါ့၊
ကြောက်စရာ ပင်။ ။
ပြည်သဘောကိုလှ
မကြည် မောနိုင်တဲ့အင်၊
ကိုယ်ထင်ရာလုပ်တမ်း။ ။
သည်အတိုင်းသာဖြင့်၊
ပြည်တွင်းမှာ ဆာပူလို့၊
ညာသူသာ ဘုန်းရှိန်တောက်ပါလိမ့်၊
ကဲရောက်လျှင် အာဏာနှင့်နှိပ်မှာမို့၊
ပဏ္ဍိတ် သူတော်စင်တို့၊
ပွဲမဝင် ဘဲဘွင်ထိတ်လို့ရယ်၊
နှုတ်ဆိတ်မည်လမ်း။ ။

သူကား နိုင်ငံတော်၏ နိုင်ငံရေးရာနှင့် ပတ်သက်၍ မည်သို့ တင်ကြို့တွေးမြင်သွားသည် မသိ။ သူ၏ နောက်ဆုံးပိတ် ရေးစပ်ထားခဲ့သော ကဗျာလေးအတိုင်းပင် သူသည် နှုတ်ဆိတ်သွားပြီ ဖြစ်ပေသတည်း... "ဟု ရေးသားခဲ့လေသည်။

ဖဆပလခေတ်က ထင်ရှားခဲ့သော နိုင်ငံရေးခေါင်းဆောင်များတွင် ဂျာနယ်ကျော် ဦးချစ်မောင်သည် ၂၀၁၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့တွင် လည်းကောင်း၊ ဆရာသိန်းဖေမြင့်သည် ၂၀၁၄ ခုနှစ် ဇူလိုင်လ ၁၄ ရက်နေ့တွင် လည်းကောင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းသည် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် လည်းကောင်း အသက် ၁၀၀ ပြည့်မြောက်ကြတော့မည် ဖြစ်ပေသည်။ နှစ်ပေါင်းတစ်ရာ ပြည့်တော့မည် ဖြစ်ပါလျှက်လည်း

www.burmeseclassic.com

သူတို့ခေတ်သူတို့အခါက နိုင်ငံအတွက် ဆောင်ရွက်ချက်များကား ယနေ့ထက်တိုင် သတိတရ မော်ကွန်းရေးထိုးနေကြဦးမည်သာ ဖြစ်ပါသတည်း။ ။

ရည်ညွှန်းစာအုပ်များ

- သူလိုလူ (ဂျာနယ်ကျော်မမလေး) ဂျာနယ်ကျော်မမလေး စာပေ ၁၉၆၆ ခုနှစ် (ဆဋ္ဌမအကြိမ်)
- သူလိုလူ (ဂျာနယ်ကျော်မမလေး) သီဟရတနာစာပေ၊ ၂၀၀၃ ခုနှစ်၊ သြဂုတ်လ (ဒသမအကြိမ်)
- အနှစ်ချုပ် မြန်မာ့သမိုင်း အဘိဓာန် (ပထမတွဲ)၊ သန်းဝင်းလှိုင်၊ ပညာရွှေတောင် စာအုပ်တိုက် (ပအကြိမ်)၊ ၂၀၁၀ ခုနှစ် ဇန်နဝါရီလ
- စာဆိုတော်များ အတ္ထုပ္ပတ္တိ၊ မောင်သုတ အမည်ခံ ဗိုလ်မှူးဘသောင်း ရာပြည့်စာအုပ်တိုက် (ပဥ္စမအကြိမ်)၊ ၂၀၀၂ ခုနှစ်
- ဂျာနယ်ကျော် ဦးချစ်မောင်သို့တမ်းချင်း (တင်အောင်စိုး)၊ ၃၁-၃-၁၉၇၀ နေ့ထုတ် ရှုဒေါင့်ဂျာနယ်၊ အမှတ် (၂၅)၊ (၂၅) နှစ်မြောက် ဖက်ဆစ်တော်လှန်ရေး ငွေရတုသဘင်နှင့် နှစ်ပတ်လည် အထူးထုတ်
- အင်တာနေရှင်နယ် ဘာသာပြန်မဂ္ဂဇင်း၊ အမှတ် (၃၆) ၁၉၉၉ ခုနှစ်၊ ဒီဇင်ဘာလ (ဆုစာပေ)
- ကွို (ဝင်းတင်-မြန်မာပြန်)၊ ပုဂံစာအုပ်တိုက်၊ ၂၀၁၁ ခုနှစ် (တတိယအကြိမ်)
- ကျွန်ုပ်သိသော ဦးဘချို (မဟာဆွေ)၊ ၈-၉-၁၉၄၇ ရက်နေ့ထုတ် အတွဲ (၂၁)၊ အမှတ် (၁၂) ဒီးဒုတ်ဂျာနယ်
- တော်လှန်ရေးကာလ နိုင်ငံရေးအတွေ့အကြုံ၊ သိန်းဖေမြင့်၊ စိတ်ကူးချိုချို အနုပညာ (၂၀၁၁ တတိယအကြိမ်)
- ကိုယ်ပိုင်မှတ်စုများ

သိန်းအေး

www.burmeseclassic.com

www.burmeseclassic.com

နှစ် (၁၀၀) ပြည့် ဂျာနယ်ကျော် ဦးချစ်မောင်၏ သမိုင်းစာမျက်နှာများ

(၁)

၂၀ ရာစု မြန်မာစာပေလောကတွင် မြန်မာစာရေးဆရာ၊ ကဗျာဆရာ၊ သတင်းစာဆရာကြီးများ၏ ရာပြည့်ပွဲများသည် စီကာစဉ်ကာ အသီးသီး ကျင်းပသွားခဲ့ကြပါသည်။ စာရေးဆရာကြီးများထဲမှ ပီမိုးနင်း၊ မဟာဆွေ၊ ဇေယျ၊ ရွှေဥဒေါင်း၊ သိပ္ပံမောင်ဝ၊ ဒဂုန်ခင်ခင်လေး၊ ပုပ္ပါးဦးကျော်ရင်၊ ဦးသော်ဇင်တို့သည်လည်းကောင်း၊ ကဗျာဆရာကြီးများထဲမှ ဇော်ဂျီ၊ မင်းသုဝဏ်တို့သည် လည်းကောင်း စသဖြင့် ကျင်းပပြုလုပ်ခဲ့ကြသည်။

သတင်းစာဆရာကြီးများထဲမှ ထွန်းနေ့စဉ် ဦးထွန်းဖေ၊ မိုးကြိုးဦးအုန်းခင် စသဖြင့် ရာပြည့်သွားခဲ့သော်လည်း စာတစ်စောင် ပေတစ်ဖွဲ့ဖြင့်သာ မှတ်တမ်းတင်ခဲ့နိုင်ပါသည်။ စာရေးဆရာကြီးများထဲမှ ရဲသ၊ သခင်စောမူ၊ ရူဝံ၊ မောင်တင်၊ ဒဂုန်ဦးထွန်းမြင့်တို့သည်လည်း ထို့အတူပင် ဖြစ်သည်။ ယခုအခါ စာရေးဆရာ၊ သတင်းစာဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်၏ နှစ်တစ်ရာပြည့် အထိမ်းအမှတ်သည် အချိန်ကာလအားဖြင့်ဆိုလျှင် (၂၀၁၂) ခုနှစ်တွင် ကျရောက်တော့မည် ဖြစ်ပါသည်။

ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ဂျာနယ်ကျော်မမလေးတို့သည် မြန်မာစာပေလောကတွင် မောင်တစ်ထမ်း၊ မယ်တစ်ရွက်ဆိုသလို မြန်မာစာပေလောကတွင် အထင်ကရ စာရေးဆရာဆရာမကြီးနှင့် သတင်းစာဆရာ ဆရာမကြီးတို့ဖြစ်ပါသည်။ မှိုင်းပြည်၏ 'စတုတ္ထမဏ္ဍိုင်' (Fourth Estate) တွင် စစ်ကြို ခေတ်မှစ၍ ဂျပန်ခေတ်၊ ကက်စ်ဘီ (CAS-B) ခေတ်အထိ 'မြန်မာ့အလင်း'

www.burmeseclassic.com

www.burmeseclassic.com

သတင်းစာနှင့် 'ဂျာနယ်ကျော်' တို့တွင် အယ်ဒီတာအဖြစ် တာဝန်ယူထမ်းဆောင်ခဲ့သော ဂျာနယ်ကျော်ဦးချစ်မောင်သည် ၁၉၄၆ ခုနှစ် ဧပြီလ ၉ ရက်နေ့၌ ကွယ်လွန်ဆုံးပါးသွားခဲ့သော်လည်း ဇနီးဖြစ်သူ ဂျာနယ်ကျော်မမလေးသည် စစ်ပြီးခေတ်နှင့် လွတ်လပ်ရေးခေတ် နိဒါန်းကာလများအထိ 'ဂျာနယ်ကျော်'၊ 'ပြည်သူ့တစ်တိုင်'၊ 'ဂန္ဓဝင်'ဂျာနယ်များတွင် အယ်ဒီတာအဖြစ် တာဝန်ယူထမ်းဆောင်ခဲ့ပါသည်။

ဂျာနယ်ကျော်မမလေးသည် ခင်ပွန်းဖြစ်သူ ဂျာနယ်ကျော် ဦးချစ်မောင်၏ ဘဝကောက်ကြောင်းနှင့် စုတ်ချက်များကို ဆီဆေးပန်းချီကား တစ်ချပ်နှယ် ချယ်မှုန်းရေးဆွဲသကဲ့သို့ 'သူလိုလူ'ဆိုသော ဝတ္ထုဟန် အတ္ထုပ္ပတ္တိ စာအုပ်ဖြင့် ရေးသားမှတ်တမ်းတင်ခဲ့သည်။ ယခုအခါ အင်္ဂလိပ်ဘာသာဖြင့် (A Man like Him) ဆိုပြီး စာရေးဆရာမ 'မသီဂီ'က ပြန်ဆိုခဲ့ပါသည်။

ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်ပြီး (၁၅) နှစ်ပြည့်သောနေ့တွင် ရန်ကုန်မြို့၊ ဘောက်ထော်ရပ်၊ ပြည်သာယာလမ်း၊ အမှတ် (၈) နေ ဂျာနယ်ကျော် မမလေး နေအိမ်၌ အထိမ်းအမှတ်ပွဲကလေး ကျင်းပခဲ့သည်။[၁] မိခင် ဂျာနယ်ကျော်မမလေးနှင့် သားသမီးများ ဖြစ်ကြသော သမီး 'ဒေါက်တာ ခင်လေးမြင့်'၊ (ပြင်သစ်စာရေးဆရာ "ခန့်တက်ဇူမေရီ"၏ "မင်းသားလေး' ဝတ္ထုကို ဘာသာပြန်ဆိုခဲ့သည်။) သား 'မောင်သိန်းတန်' ('သည်အရွယ်' ဝတ္ထုတိုလုံးချင်းစာအုပ် ရေးသားခဲ့ပြီး 'နှမလက်လျှော့နေလေတော့' ရုပ်ရှင်ကား ရိုက်ကူးခဲ့သည်။ မင်းသားအဖြစ်လည်း သရုပ်ဆောင်ခဲ့သည်။) သား 'မိုးဟိန်း (သား–ဂျာနယ်ကျော်)' {Harmony of Head and Heart ကဗျာစာအုပ်၊ ပထမတစ်ဆစ်ချိုး (ပုံရိပ်လွှာ၊ အလင်္ကာမမွှစာစု) စာအုပ် ရေးသားထုတ်ဝေခဲ့သည်။) တို့သည် ဖခင်၏ မိတ်ဆွေသင်္ဂဟများကြားဝယ် ဂျာနယ်ကျော် ဦးချစ်မောင်၏ သတင်းစာဆရာ၊ စာရေးဆရာနှင့် နိုင်ငံရေးသမားဘဝများကို တမ်းတအောက်မေ့ သတိရသော နေ့တစ်နေ့ ဖြစ်ပါသည်။

* * *

(၂)

ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ပတ်သက်၍ သမိုင်းစာမျက်နှာများ

၁။ ဂျာနယ်ကျော်စီးဆင်းမှု၊ ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ...

www.burmeseclassic.com

www.burmeseclassic.com

အသီးသီးတွင် ကမ္ဘည်းတင် ရေးသားခဲ့ကြရာ အစောဆုံး ၎တွေ့မြင်ဖတ်ရှုရသော မြန်မာ့စွယ်စုံကျမ်းအတွဲ (၂) ၌ ဤသို့ မှတ်တမ်းတင်ထားပါသည်။

"ဦးချစ်မောင်သည် ဉာဏ်ထက်မြက်၍ အလုပ်ကို မနားမနေ ကြိုးစားလုပ်ကာ စာမပြတ်ဖတ်လေ့ ရှိသဖြင့် မြန်မာ့အလင်း သတင်းစာတိုက်တွင် ညအယ်ဒီတာဘဝမှ အယ်ဒီတာချုပ် အဖြစ်သို့ ရောက်အောင် အဆင့်ဆင့် တိုးတက်လာခဲ့သည်။ သတင်းစာ အယ်ဒီတာ အဖြစ်ဖြင့် မျိုးချစ်စိတ်အရင်းခံ ရှိပြီးဖြစ်သည့်အတိုင်း နိုင်ငံအကျိုးအတွက် အကျိုးရှိမည့် အရေးကိစ္စများတွင် ရဲရဲရင့်ရင့် ဖော်ပြလေ့ရှိသည်။ ထိုသို့ ရေးသားရင်း လွတ်လပ်စွာ ရေးသားခွင့်အတွက် တိုက်ရှင်နှင့် စိတ်သဘောချင်း မတူသဖြင့် ၁၃၀၁ ခုနှစ် (ခရစ် ၁၉၃၉ ခုနှစ်)တွင် အယ်ဒီတာ အဖြစ် နှုတ်ထွက်သည်။

ထိုသို့ နှုတ်ထွက်ပြီးနောက် မိမိကိုယ်တိုင် ဦးစီး၍ 'ဂျာနယ်ကျော်' အမည်ဖြင့် သတင်းစဉ်စာစောင်ကို ထုတ်ဝေလိုက်ရာ နိုင်ငံရေးစစ်ရေးတို့ကို ပြတ်ပြတ်သားသား ဝေဖန်ရေးသားသဖြင့် အလွန်လူကြိုက်များခဲ့သည်။"

စာအုပ်စာတမ်းအနေဖြင့် 'စံပြတင်ဦး'၏ 'မြန်မာစာရေးဆရာ အဘိဓာန် (သို့မဟုတ်) ၂၀ ရာစု ကျော်ကြားသော မြန်မာစာရေးဆရာများ' စာအုပ်တွင်လည်း မှတ်တမ်းတင် ရေးသားပြုစုထားပါသည်။ (၁၉၇၂ ခုနှစ်တွင် စံပြစာပေတိုက်မှ ထုတ်ဝေခဲ့သည်။)

"ဦးချစ်မောင်ကား သွေးကစကားပြောသူဟု ဆိုရပေမည်။ မျိုးချစ်စိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်၊ အလွန်ပြင်းထန်သူတစ်ဦးပင်၊ ထို့ကြောင့်လည်း မြန်မာ့အလင်း အယ်ဒီတာချုပ်အဖြစ်ဖြင့် နိုင်ငံနှင့်လူမျိုး အကျိုးရှိမည်ဆိုလျှင် မည်သည့်အရာမှ မဆောင်မရွက် ရက်ရက်ရဲရဲပင် ရေးသားတင်ပြလေ့ရှိသည်။ ဤသို့ ရေးသားချက်များကြောင့် အုပ်ချုပ်သူ လူတန်းစား နယ်ချဲ့နဂါး၏ မျက်စောင်းထိုးခြင်းကို မကြာခဏ ခံခဲ့ရသည်။"

ဂျာနယ်ကျော် ဦးချစ်မောင်၏ မိခင် ဒေါ်စောယုသည် ရွှေကျင်ဝန်းကြီး ဦးကျင်၏ သမီး ဖြစ်ပါသည်။ အင်္ဂလိပ် နယ်ချဲ့သမားတို့ မြန်မာပြည် သိမ်းယူ

www.burmeseclassic.com

www.burmeseclassic.com

ခဲ့စဉ်က တော်လှန်တိုက်ခိုက်ရင်း ကျဆုံးခဲ့သည်။[၂] ဂျာနယ်ကျော် ဦးချစ်မောင်၏ သတင်းစာဆရာဘဝ အနေအထားအပြင် တိုင်းရေးပြည်ရာ ကဏ္ဍများတွင် လည်း ပါဝင်ခဲ့သည်။

"ဖဆပလအစိုးရ ဖွဲ့စည်းရန် ဘုရင်ခံထံသို့ တောင်းဆိုချက် စည်းကမ်းများ ရေးဆွဲကြရာတွင် ဦးချစ်မောင်ကား အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့သူ ဖြစ်သည်။"

ဂျာနယ်ကျော်မမလေး၏ 'သူလိုလူ' စာအုပ်တွင် နောက်ဆက်တွဲ အနေဖြင့် ဖော်ပြခဲ့ပါသည်။

* * *

(၃)

ဂျာနယ်ကျော် ဦးချစ်မောင်သည် မြန်မာစာပေလောကတွင် ကမ္ဘာအသီးသီး၌ ဦးဆောင်ပါဝင်ခဲ့သည်။ ၁၉၆၀ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့သော 'မြန်မာပြည် စာရေးဆရာများ အစည်းအရုံး' (Burma Writer's Union) တွင် ဥက္ကဋ္ဌ ဒီးဒုတ်ဦးဘချို၊ ဒုတိယဥက္ကဋ္ဌ ဒဂုန်နတ်ရှင်တို့ ဦးဆောင်နေစဉ် အမှုဆောင်အဖွဲ့တွင် ဦးချစ်မောင်လည်း တစ်ယောက်အပါအဝင် ဖြစ်သည်။ ၁၉၃၉ ခုနှစ် ရန်ကုန်တက္ကသိုလ် လေ့လော်အသင်းတွင် စာရေးဆရာကြီး 'အိတ်ချ်ဂျီဝဲလ်' (H.G. Well) ဂုဏ်ပြုပွဲသို့ တက်ရောက်ခဲ့သည်။[၃]

၁၉၄၄ ခုနှစ် (ဂျပန်ခေတ်)တွင် ဒေါက်တာဘဟန် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော မြန်မာနိုင်ငံ ပညာတံခွန်အသင်း လက်အောက်ရှိ အဘိဓာန်ကျမ်းနှင့် စွယ်စုံကျမ်းပြုစုရေး ဌာနမှ ဝန်ထမ်းများ (ဦးဝန်၊ ဦးမာဃ၊ ဒေါ်မမကြီး၊ ဦးယုဆိုင်၊ တက်တိုး၊ ကက်သရင်းခင်ခင်... စသဖြင့်) ၏ 'ဦးပုညနေ့'ကို ကျင်းပပြုလုပ်ခဲ့ပြီးနောက် အဆိုတော်နေ့ ဖြစ်ပေါ်လာရန် အကြောင်းဖန်လာပါသည်။ အစည်းအဝေး တစ်ရပ် ကျင်းပရာ ဆရာကြီး ဦးဖေမောင်တင် အပါအဝင် စာပေပညာရှင် (၁၁) ဦး တက်ရောက်ခဲ့ကြသည်။

ယင်းအစည်းအဝေးတွင် ဦးပုညနေ့အစား မြန်မာစာဆိုတော်နေ့တစ်နေ့ ရွေးချယ်သတ်မှတ်ရန် ဆွေးနွေးကြသည်။ ဂျာနယ်ကျော် ဦးချစ်မောင်သည် အဆိုတစ်ရပ် တင်သွင်းခဲ့ပါသည်။

၂။ မြန်မာစာရေးဆရာ အဘိဓာန်၊ စံပြတင်ဦး

၃။ မြန်မာနိုင်ငံ စာရေးဆရာအသင်း ပေါ်ပေါက်လာခြင်း၊ မင်းကျော် (မိုးဂျာနယ်၊ ၂၀၁၄ ခုနှစ်၊ ဇန်နဝါရီလ)

www.burmeseclassic.com

www.burmeseclassic.com

"ရှေးမြန်မာဘုရင်များ လက်ထက်၌ နတ်တော်လတွင် စစ်ဖက်၊ စာပေဖက်တို့က ထူးချွန်သောပညာရှင်များနှင့် မင်းညီမင်းသား မှူးမတ်များအား ဘွဲ့ထူးဂုဏ်ထူးများ ချီးမြှင့်သည့် အစဉ်အလာ ရှိခဲ့ပါသည်။ ထိုအစဉ်အလာအတိုင်း နတ်တော်လ၏ နေ့တစ်နေ့ကို စာဆိုတော်နေ့အဖြစ် ရွေးချယ်သင့်ပါသည်ဟု အဆိုပြုသည်။ ထိုအဆိုကို သူရိယဦးသိမ်းမောင် (စာရေးဆရာအသင်းဥက္ကဋ္ဌ) က ထောက်ခံ၍ နတ်တော်လဆန်း (၁) ရက်နေ့ကို မြန်မာ့စာဆိုတော်နေ့အဖြစ် အစည်းအဝေးက တညီတညွတ်တည်း လက်ခံအတည်ပြုလိုက်ကြ၏"[၄]

စာဆိုတော်နေ့နှင့် ပတ်သက်၍ ဂျာနယ်ကျော် ဦးချစ်မောင်၏ နောက်ဆုံးရေးသားခဲ့သော "စာဆိုတော်နေ့ကြီး" တွင် ဤသို့ ရေးသားတင်ပြခဲ့ပါသည်။

"နတ်လသဘင်၊ ရောက်ပြန်လျှင်လည်း၊ ဖျင်မျှအုံထပ်၊ ဘွဲ့အပ်မည်ပေး၊ ဆုံရေးတိုက်ဘက်၊ နွယ်ရက်ခေါင်ခေါင်၊ ဆင်မြောင်မုန်ယု၊ နန်းရတုကို၊ ဇမ္ဗူသခင်၊ မရွှင်စောင့်တင်း၊ ရင်ညောင်းပင်နဲ့၊ သိငြားခံလို့၊ မင်ဝံရွှေတောင်၊ မြို့ရန်အောင်သည်၊ သာခေါင်မကျွန်း လှည့်လေတော့ ... ဟူ၍ လာရှိသောအရ နတ်တော်လတွင် ဘွဲ့အပ်ခြင်း၊ အမည်ပေးခြင်းတည်း ဟူသော မင်းပွဲသဘင် ဆင်ယင်ကျင်းပ ချီးမြှောက်ကြကြောင်း ထင်ရှားသည်။"

ဂျာနယ်ကျော် ဦးချစ်မောင်၏ သားငယ် 'မိုးဟိန်း (သား–ဂျာနယ်ကျော်)' သည် ကဗျာဆရာ၊ စာရေးဆရာ တစ်ယောက်အဖြစ် ရောက်ရှိလာသောအခါ ဖခင်ပုံရိပ်ကို "ပို၍ပို၍ သိလာရသော အုတ်ဖိုသားတစ်ယောက် အကြောင်း" ဆောင်းပါးဖြင့် တာမွေအဝိုင်းမှ ဂွတ္တလစ်ဈေးဘက်သို့ ဦးချစ်မောင်လမ်းအတိုင်း ဆိုက္ကားစီးလာရင်း (ဂွတ္တလစ် ဦးချစ်မောင်ကိုတော့ မသိ၊ ကျွန်တော်သိသော ဦးချစ်မောင်ကား...) ဆိုပြီး ဖခင် ဘဝအလျားအနံများကို ခံစားရေးဖွဲ့ထားခဲ့ပါသည်။

ယင်းဆောင်းပါး၏ နောက်ဆုံးအခန်း (စာပနတစ်ခု)တွင်...

"သေဆုံးချိန်၌ ဦးချစ်မောင်သည် အသက် ၃၅ နှစ်သာ ရှိသေး၏။ ဦးချစ်မောင်၏ စာပနအခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်းက 'ကျုပ်တို့တော့ လက်ရုံးတစ်ဖက် ပြတ်သွားပြီ'... အစချီ၍ ဦးချစ်မောင်

၄။ မြန်မာ့ရိုးရာ ရာသီပွဲတော်များ၊ ဦးအေးနိုင် (အစိုးရမူစစ်ရီယ–ဘီအေ)

www.burmeseclassic.com

www.burmeseclassic.com

အကြောင်းများနှင့် အဆုံးသတ်တွင် 'ဦးချစ်မောင်လို လူမျိုးကိုတော့ ခြေလျင်ပို့သင့်ပါတယ်'[၅] ဟု ပြောခဲ့သည်။

ဂျာနယ်ကျော် ဦးချစ်မောင်၏ စာပနတွင် ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ဖဆပလ အဖွဲ့ဝင်များ၊ နိုင်ငံရေးသမားများ၊ သတင်းစာဆရာ၊ ကဗျာဆရာ၊ စာရေးဆရာများ၊ ဆွေမျိုးမိတ်ဆွေသင်္ဂဟများနှင့် ကျန်ရစ်သူ ဇနီးသား သမီးများသည် ရွှေတိဂုံဘုရားတောင်ဘက်ရှိ ဦးဘရီဇရပ်မှ ကြွတောသုသာန် အထိ ခြေလျင်လျှောက်ကြ၍ ဂုဏ်သင်္ကြိဟ်ခဲ့ကြပါသည်။ ။

* * *

(၄)

ဂျာနယ်ကျော်မမလေး၏ 'သူလိုလူ' (သို့မဟုတ်) ဂျာနယ်ကျော် ဦးချစ်မောင်သည် ဘဝခရီးဖော်ကို မည်သို့ရွေးချယ်ခဲ့သည်များ ရှိသေးသည်။ ယနေ့ဆိုလျှင် 'သူလိုလူ' (A Man Like Him) ဆိုသော (စာအုပ်အား မြန်မာ-အင်္ဂလိပ် နှစ်ဘာသာအဖြစ် ထုတ်ဝေခဲ့ပြီးဖြစ်ရာ အမေရိကန်နိုင်ငံ၊ ကော်နယ်တက္ကသိုလ် စာပေအသိုင်းအဝန်းတွင် ဤသို့သော သတင်းစာဆရာ၊ ဤသို့သော အယ်ဒီတာ၊ ဤသို့သော စာရေးဆရာကြီး၏ ဘဝနောက်ခံ အကြောင်းများကို နှစ်ပေါင်းများစွာကြာမှ နားလည်သိမြင်ရသော်လည်း လွန်ခဲ့သော နှစ် ၅၀ ကျော်ကတည်းက နားလည်သိမြင်ရလျှင် ကောင်းလေစွဟု တုံ့ပြန်သံများပင် ကြားနေရပါသည်။

ကမ္ဘာစာပေရပ်ဝန်း ရောက်ရှိသွားပြီဖြစ်သော ဂျာနယ်ကျော် ဦးချစ်မောင်သည် ဘဝခရီးဖော် ဖြစ်သော ဂျာနယ်ကျော်မမလေးအား မည်သို့မည်ပုံ ရွေးချယ်သွားသည်ကို 'လှကွန့်'၏ 'ရှာလီဝေလင် (သို့မဟုတ်)... '[၆] ဆောင်းပါးတွင် ဖတ်ရှုတွေ့ရှိရပါသည်။

"ဂျာနယ်ကျော် ဦးချစ်မောင်သည် 'ကွိ'ဝတ္ထုကို အတော်နှစ်ခြိုက်သည်၊ 'ကွိ'ဝတ္ထုကို အခေါက်ခေါက်အခါခါ ဖတ်သည်။ 'ကွိ'လို သတင်းစာဆရာကောင်းတစ်ယောက် ဖြစ်လိုဟန်လည်း ရှိသည်။ 'ကွိ' ဝတ္ထုထဲက 'ကွိ'ရဲ့ချစ်သူ 'ရှာလီဝေဟင်'ကိုလည်း သဘောကျနေဟန် တူသည်။ 'ရှာလီဝေလင်'သည် 'ကွိ'ကို သတင်းစာဆရာကောင်းတစ်ဦး ဖြစ်လာစေရန် အဘက်ဘက်က အကူအညီပေးခဲ့သည်၊ 'ကွိ' စိတ်မငြိုငြင်ရအောင် စိတ်ရှိတိုင်း လုပ်နိုင်အောင် ပံ့ပိုးခဲ့သည်။

၅။ ရတနာမြေမဂ္ဂဇင်း၊ ၁၉၉၉ ခုနှစ်၊ ဇန်နဝါရီလ

www.burmeseclassic.com

ဦးချစ်မောင်သည် 'ကွဲ'ကို အားကျလေသလား မပြောတတ်၊ 'ရှာလီဝေလင်'လို မိန်းမစားကိုလည်း လိုလားတောင့်တဖြစ်မည်မှာ မလွဲဟု ယူဆရသည်။

အခုတော့ ဦးချစ်မောင် ရောက်လာခဲ့ပြီ။

တကယ်တော့ ဒေါ်တင်လှိုင်သည် ဦးချစ်မောင်၏ 'ရှာလီဝေလင်' ဖြစ်ခဲ့ပြီ၊ ဦးချစ်မောင် ကံကောင်းလေစွ။"

ဒဂုန်တာရာ၏ 'ရုပ်ပုံလွှာ' စာအုပ်တွင် 'မေတ္တာပန်းတစ်ပွင့်'... ဟူ၍ ဂျာနယ်ကျော်မမလေး ရုပ်ပုံလွှာကို ရေးသားဖော်ပြရာတွင်လည်း...

"ဂျပန်ခေတ် ရွှေတောင်ကြား ဗိုလ်လက်ျာအိမ်တွင် ဖြစ်၏၊ တစ်ညနေ ဦးချစ်မောင်နှင့် ဇနီး လာလည်ကြသည်။ ကျွန်တော်မှာ စန္ဒရားတီးလျက် ရှိ၏။ ထိုအခိုက် ဦးချစ်မောင်မှာ မူးသည်ဆိုကာ အန်လေသည်။ သူ၏ ဇနီးမှာ ဘေးမှပြုစုလျက်ရှိရာ ဝိုင်းအုံနေသော လူများထဲမှ ကျွန်တော့်အား ရေတစ်ခွက် ပေးပါဟု ခိုင်း၏။"

စင်စစ် မြန်မာနိုင်ငံ သမိုင်းစာမျက်နှာများတွင် မောင်တစ်ထမ်း မယ်တစ်ရွက်ဆိုသော ဂျာနယ်ကျော် ဇနီးမောင်နံ့တို့သည် နိုင်ငံ့လွတ်လပ်ရေး၊ နိုင်ငံ့ငြိမ်းချမ်းရေးနှင့် နိုင်ငံ့စာပေရေးရာ နယ်ပယ်များတွင် အထင်ကရများပင် ကျန်ရစ်တည်ရှိနေပါသည်။ ထို့ပြင် ဘဝ 'စာပေမိသားစုသစ်ပင်' (Family Tree) ဟု ဆိုရလောက်အောင် သားသမီးများသည်လည်း ကလောင်ကိုယ်စီဖြင့် မြန်မာစာပေ နယ်ပယ်တွင် ထင်ရှားခဲ့ကြပါသည်။

ယနေ့ နက်ဖြန်ဆိုလျှင် ယင်းမိသားစု သစ်ပင်ထဲမှ ပင်စည်ပင်မ တစ်ခုဖြစ်သော ဂျာနယ်ကျော် ဦးမောင်သည် နှစ်တစ်ရာပြည့် ဆိုသော ဘဝသက္ကရာဇ်တစ်ခုကို တည်ဆောက်ရတော့မည် ဖြစ်သည်။ ထိုအခါ ရာပြည့်ပွဲသဘင်တွင် မြေးဖြစ်သူ ကိုသိမ်းစိုး (သိဟရတနာ)စာပေတိုက်မှ စာအုပ်စာတမ်း ဒိုင်ယာရီတို့သည် ဘိုးဘွားအမွေအနှစ်ကို ချစ်မြတ်နိုးစွာ ဆင်ယင်ရတော့မည်လည်း ဖြစ်ပါသည်။

လေးကိုတင်

1st, AuG, 2011

❐

www.burmeseclassic.com

www.burmeseclassic.com

လေးစားကြည်ညိုဦးခိုက်မိပါသည်

သီဟရတနာ စာပေတိုက်မှ ဦးသိမ်းစိုးက အဘိုးဖြစ်သူ ဂျာနယ်ကျော် ဦးချစ်မောင်အတွက် နှစ်တစ်ရာပြည့် အထိမ်းအမှတ် စာအုပ်ထုတ်ဝေမည် ဖြစ်ရာ စာမူ တောင်းခံလာပါသည်။ သို့ဖြစ်၍ မိမိအမြဲထာဝစဉ် လေးစားကြည်ညိုဦးခိုက်နေမိသည့် ဂျာနယ်ကျော် ဦးချစ်မောင်အကြောင်းကို ဆောင်းပါး တစ်စောင်ဖြင့် ရေးသားဂုဏ်ပြုအပ်ပါသည်။

ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ပတ်သက်၍ လေးစားကြည်ညိုစိတ်ဝင်စားခဲ့မိသည်က ကျောင်းသားဘဝကပင် ဖြစ်ပါသည်။ ဤသည်မှာ ဂျာနယ်ကျော် ဦးချစ်မောင်၏ ဇာတိသာယာဝတီခရိုင် အုတ်ဖိုမြို့သည် မိမိတို့ဇာတိ အိုးသည်ကုန်းမြို့ကလေးနှင့် နယ်ချင်းထိစပ်နေမှုနှင့် ဂျာနယ်ကျော် ဦးချစ်မောင်တို့ အဘိုးမှာ ရွှေကျင်ဝန်ကြီး ဦးကျင်ဟူ၍ သိရသောကြောင့် ဖြစ်မည်ထင်ပါသည်။

စာရေးသူတို့ မွေးဖွားရာ အိုးသည်ကုန်းမြို့ကလေးနှင့် ကြီးပြင်းခဲ့ရာ ဂုံညင်းတန်း ကျေးရွာတို့က အုတ်ဖိုမြို့နယ်အတွင်း၌ တည်ရှိပါသည်။ ကျေးရွာကလေးတွင် အလယ်တန်းကျောင်းသာ ရှိပြီး လေးတန်းမင်္ဂလာစာမေးပွဲ၊ ရှစ်တန်းအစိုးရစစ် စာမေးပွဲ၊ လူရည်ချွန်စာမေးပွဲများကို အုတ်ဖိုမြို့ အထက်တန်းကျောင်းကြီး၌ သွားဖြေကြရသည်။ သို့ဖြစ်၍ အုတ်ဖိုမြို့က စာရေးသူတို့ ရွာကလေးနှင့် ဆိုလျှင် အိမ်ဦးနှင့်ကြမ်းပြင်လို ဖြစ်နေပါသည်။ အုတ်ဖိုတွင် အမျိုးများရှိသည်။ မြို့ပေါ်တွင်သာမက အနီးဝန်းကျင်ရှိ ကြက်ဆူတော၊ ထူးကုန်းစသည့် ကျေးရွာများ၌လည်း အမျိုးမရှိသည့် ရွာဟူ၍ မရှိသလောက် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဤစာရေးသူတို့ ဘွားကြီးဟုခေါ်သော (ဘေးမ) ဒေါ်မယ်ခင်သည် အသက် အလွန်ရှည်သူ ဖြစ်ပါသည်။ စာရေးသူတို့ ၆ တန်း ကျောင်းသားဘဝ အသက်တစ်ရာနီးမှ ကွယ်လွန်သွားသူ ဖြစ်သည်။ ဘွားကြီးက သူ၏အဘိုးဖြစ်သူ ဦးထွန်းအောင်က ရတနာပုံနန်းတွင်းမှ သီပေါမင်း၏ လက်သုံးတော် ငွေဓားကိုင်ကြီး ဖြစ်သည်။ သူ့ကို စာရေးသူတို့ ဘိုးဘွားများက ဘိုးထွန်းအောင် ဟူ၍ ရည်ညွှန်းပြောဆိုကြသည်။

ဘိုးထွန်းအောင်သည် အင်္ဂလိပ်မြန်မာ တတိယစစ်ပွဲအပြီး သီပေါမင်း ပါတော်မူသွားပြီးနောက် အခြားမိသားစု အချို့နှင့်အတူ ရုပ်ဖျက်ကာ အောက်ပြည်အောက်ရွာသို့ စုန်ဆင်းလာခဲ့သည်။ မင်းဘူးနယ်တွင် ခေတ္တခဏ နေခဲ့သည်။ ထို့နောက် သာယာဝတီခရိုင် အုတ်ဖိုနယ်အတွင်းသို့ ရောက်ရှိလာခဲ့ကြသည်။ စစ်ပွဲတွင် ကျဆုံးသွားသော ရွှေကျင်ဝန်ကြီး ဦးကျင်၏သမီး ဒေါ်စောယု (ဂျာနယ်ကျော် ဦးချစ်မောင်၏မိခင်) သည်လည်း ယင်းနန်းတွင်း အုပ်စုနှင့်အတူ အုတ်ဖိုသို့ ရောက်ရှိလာခဲ့ဟန် ရှိပါသည်။ ယခုမှ ဆက်စပ် စဉ်းစားကြည့်မိခြင်း ဖြစ်ပါသည်။ အုတ်ဖိုမြို့ ကြက်ဆူတောကျေးရွာတွင် ဘိုးထွန်းအောင်၏ အဆက်အနွယ်အချို့ ရှိသေးသော်လည်း ဤအကြောင်းများကို ပြောပြနိုင်မည့်သူက မရှိသလောက် ရှားသွားပေပြီ။

ဤစာရေးသူသည် မြန်မာသမိုင်းဘာသာရပ်ကို တစ်စတစ်စ စိတ်ဝင်စား လာမိသောအခါ ဂျာနယ်ကျော် ဦးချစ်မောင်၏ ဘိုးဘေးများ အကြောင်းကို ပိုမို သိချင်လာမိပါသည်။ ဤစာရေးသူ၏ ဘွားကြီး (ဘေးမ) ဒေါ်မယ်ခင်သာရှိ လျှင် မေးမြန်း၍ရဦးမည် ထင်ပါသည်။ ယခုတော့ ဘိုးထွန်းအောင်ကိုသာ ခပ်ရေးရေး မှတ်မိပါတော့သည်။ ဘွားကြီးသည် သူ၏အဘိုး ငွေဓားကိုင် ဦးထွန်းအောင်ကို ကောင်းစွာသိမိလိုက်သူ ဖြစ်သည်။ ယခုသိချင်စိတ် မေးချင် စိတ်များ ပြင်းပြလာချိန်တွင် ဘွားကြီး ဒေါ်မယ်ခင် သူ၏သမီး (အဘွား) ဒေါ်ထွား၊ သူ၏သမီး ဒေါ်တင်တင် (စာရေးသူတို့မိခင်) တို့သည် လူ့လောကၦ မရှိကြတော့ပြီ ဖြစ်ပါသည်။

ဤစာရေးသူ ကျောင်းသားဘဝ စာဖတ်ဝါသနာကြီးချိန်တွင် သူလိုလူ စာအုပ်ကို ဖတ်ဖြစ်ခဲ့ပါသည်။ စာကြည့်တိုက်မှ တစ်ကြိမ်ထက်မနည်း ငှားဖတ် ဖြစ်ခဲ့သည်ကိုလည်း အမှတ်ရမိပါသည်။ သူလိုလူစာအုပ်ထဲမှ ကောင်းနိုးဝှာရာ အချက်အလက်များကိုလည်း ဗလာစာအုပ်တွင် ရေးမှတ်ဖြစ်ခဲ့သေး၏။ ဘိုးတော်

www.burmeseclassic.com

www.burmeseclassic.com

ဘုရားလက်ထက်တွင် အီတလီနိုင်ငံ ရောမမြို့ပေါ်၌ မြန်မာဆေးဆရာ တစ်ဦး ဆေးဝါးကုသမှုထက် ခွဲစိတ်ကုသခြင်း အတတ်ကို လေ့လာတတ်မြောက်သူ ဖြစ်ကြောင်းများကို မှတ်စုထုတ်ဖြစ်ခဲ့သည်။ အဋ္ဌာရသ ၁၈ မျိုးကိုလည်း သူလိုလူစာအုပ်မှ ကူးယူဖြစ်ခဲ့သည်။

သူလိုလူစာအုပ်ကို အကြိမ်ကြိမ် ပြန်လည်ဖတ်ရှုဖြစ်သောအခါ ဂျာနယ်ကျော် ဦးချစ်မောင်အပေါ် ပိုမိုလေးစား ကြည်ညိုမိပါသည်။ ယခု ဂျာနယ်ကျော် ဦးချစ်မောင် အကြောင်း ဆောင်းပါးရေးသားမည် ဆိုတော့ အချက်အလက်များ ရှာဖွေရင်း ဆရာဇဝနဏ၏ ဆောင်းပါး ကောက်နုတ်ချက်ကို ဇော်တိသဝေဒ မဂ္ဂဇင်း အဟောင်းတစ်စောင်မှ တွေ့ရှိရပါသည်။ ဆရာဇဝနက ဆောင်းပါးကို ဗေဒင်ပညာ ရှထောင့်မှ ရေးသားဖော်ပြထားခြင်း ဖြစ်ပါသည်။ ဆောင်းပါး ကောက်နုတ်ချက်က အောက်ပါအတိုင်း ဖြစ်သည်။

"တင်လေးနှင့်ထား (ဆရာဇဝနဏ၏ ဇနီး) တို့မှာ အသက်ချင်း အားဖြင့် တစ်လခန့်မျှသာ ကွာခြားကြရာ သူတို့နှစ်ဦး၏ ဇာတာတွင် စနေ၊ အင်္ဂါ၊ ရာဟု၊ ကြာသပတေးတည်း ဟူသော ဂြိုဟ်ကြီးများ၏ အနေအထားမှာ ရာသီခွင်ချင်း တူညီကြသည်။ နှစ်ဦးစလုံး၏ စနေဂြိုဟ်သည် ကရကဋ်ရာသီ၌ ရှိကြသည်။

ထိုသို့ ကရကဋ်ရာသီ၌ စနေဂြိုဟ် ရပ်တည်ခဲ့လျှင် ဇာတာရှင်၏ မိဘများသည် ငယ်စဉ်က တစ်ကွဲတစ်ပြား ဖြစ်ရတတ်သည်။ (သို့မဟုတ်) လင်မယား ကြာကြာ မပေါင်းသင်းကြရဘဲ တစ်နည်းနည်းဖြင့် ကွဲရတတ်သည် ဟူသော ဟောဆိုချက်ကို အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော ဗေဒင်ကျမ်း တစ်စောင်တွင် ကျွန်တော် ဖတ်ရသည့်အတွက် ကျွန်တော်တို့အတွက်ရော သူတို့အတွက်ပါ စိတ်ပူပန်ခဲ့မိသည်။

သို့ဖြင့် ကျွန်တော်နှင့် ကိုချစ်မောင်တို့သည် ဗေဒင်အကျော် ကျွန်း ကလေး ဆရာတော်အား လျှောက်ထားကြည့်ကြရာ ဆရာတော်က ဆိုးသည် ကောင်းသည် မပြောဘဲ ကျွန်တော်တို့ ဇနီးမောင်နှံ ရာသက်ပန် ပေါင်းရအောင်ဟု ဆိုကာ ကျွန်တော် တနင်္ဂနွေသားနှင့် စနေသမီးတို့ အတွက် ထန်းလျက်နှင့်အုန်းယိုကို ဘုရား၌ မကြာမကြာ တင်ပေးပါဟု ယတြာပြုခိုင်းပါသည်။ ကိုချစ်မောင်ကိုတော့ ဆရာတော်က ဘာမှမပြော သဖြင့် ကိုချစ်မောင်မှာ တဖျစ်တောက်တောက်နှင့် ရှိနေသည်။

www.burmeseclassic.com

သို့နှင့် ဂျပန်ခေတ်သို့ ရောက်လာသည်။ ရန်ကုန်မြို့သူမြို့သား တို့လေကြောင်းရန်ကြောင့် မြို့ထဲမှာမနေရဲကြဘဲ ဗဟန်းရှိ ကျောင်းကန်ဇရပ်များသို့ ရွှေ့ပြောင်းမှီခိုနေထိုင်ကြရာ ကျွန်တော်တို့လည်း ဗဟန်းအလယ်တောရကျောင်းသို့ ပြောင်းရွှေ့နေခဲ့ကြသည်။

ကျွန်တော်သည် အချိန်ကို အလကားမထားဘဲ ဆရာတော် ဦးဓမ္မပိယထံမှ ယောအတွင်းဝန်၏ မဟာသုဇာတကကျမ်း အပါအဝင် ဗေဒင်ကျမ်းတို့ကို လေ့လာခဲ့သည်။

ကိုချစ်မောင်နှင့် မတင်လှိုင်တို့၏ ဇာတာများကို တွက်ချက်စစ်ဆေးကြည့်ရှုပေးခဲ့သည်။ မတင်လှိုင်၏ ဇာတာမှာ ကရကဋ်ရာသီတွင် စနေဂြိုဟ် တည်ရှိနေပြီး လင်၏ သမသတ်မထနိ အိမ်ရှင် ဖြစ်နေသည်။ ဒဿအလိုအားဖြင့် သူမခင်ပွန်း၏ ကျန်းမာရေးအညံ့ ပြနေသည်ကို တွေ့ရသည့်အတွက် ကျွန်တော် စိုးရိမ်မိသည်။ သို့သော် လူတစ်ဦးတစ်ယောက်အား သေမည်ရှင်မည်ကို ဘုရားမှတစ်ပါး မည်သူမှမသိနိုင်ဟု ဆိုထားသော ပါဠိတော်လာ စကားကို အမှတ်ရပြီး မယုံတစ်ဝက် ယုံတစ်ဝက်ဖြင့် ဟောစာတမ်းတွင် အရိပ်အမြွက်လောက်သာ ရေးပေးလိုက်မိသည်။ ဂျပန်ပြေး၍ မဟာမိတ်တပ်များ ဝင်လာပြီးနောက် ကိုချစ်မောင်တို့ ကျောက်ကုန်းသို့ ပြောင်းရွှေ့နေထိုင်ကြသည်။ ထိုအချိန်တွင် ကိုချစ်မောင်၏ ကျန်းမာရေး အခြေအနေမှာ တစ်စတစ်စ ယိုယွင်းလာပြီး တဖြည်းဖြည်း ဆိုးလာသည်။ သူသည် ဖျားခဲနာခဲသူ ဖြစ်သည်။ သို့သော် တစ်ခါ နေမကောင်း တစ်ခါတည်းနှင့်ပင် သူ့ဘဝပြောင်းသွားခဲ့သည်။ သို့ဖြင့် ကျွန်တော် ဗေဒင်ပညာကို ပိုမိုယုံကြည် အားထားလာမိသည်" ဟူ၍ ဖြစ်ပါသည်။

ဂျာနယ်ကျော် ဦးချစ်မောင်အကြောင်းကို သိမိသူများ၊ လုပ်ဖော်ကိုင်ဖက် အပေါင်းအသင်းများ၊ ပညာရှင်များက ရှုထောင့်အမျိုးမျိုးမှ ရေးသားခဲ့ကြသည်။ ရေးသားခဲ့သမျှက ဤစာရေးသူအတွက် စိတ်ဝင်စားစရာ အကြောင်းအရာများသာ ဖြစ်ပါသည်။ ဇနီးဖြစ်သူ ဂျာနယ်ကျော်မမလေးက "သူလိုလူ" အမည်ဖြင့် ခင်ပွန်းသည်အကြောင်း အနီးကပ်လေ့လာ ရေးဖွဲ့ခြယ်မှုန်းထားသောအခါ ဂျာနယ်ကျော် ဦးချစ်မောင်၏ အကြောင်းက ပိုမို စိတ်ဝင်စားဖွယ်၊ လေးစားကြည်ညိုဖွယ် ဖြစ်လာပါသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်ကျော် ဦးချစ်မောင်ကို ရိုးသား၍ မျိုးချစ်စိတ်ဓာတ် ပြင်းထန်သော စာရေးဆရာ၊ သတင်းစာဆရာ တစ်ဦးအဖြစ် လူသိများကြသည်။ ဗိုလ်ချုပ် အောင်ဆန်းကိုယ်တိုင်က "ဒီလူဟာ လူရိုးလူတော် တစ်ယောက်ဗျ" ဟု မှတ်ချက် ချခဲ့ဖူးသည်။ ဂျာနယ်ကျော် ဦးချစ်မောင်က ဝန်ကြီးဝန်ကလေးစသော ရာထူး ဂုဏ်ထူးများကို မမျှော်မှန်း၊ ပါလီမန်အမတ် ဖြစ်ဖို့ရန် သူ့တွင် စိတ်ကူးမရှိ။ တိုင်းပြည်အကျိုးကို တတ်နိုင်သည့်ဘက်မှ ဆောင်ရွက်ရလျှင် ကျေနပ်နေတတ် သူဖြစ်သည်ဟု ဆိုကြသည်။

ဦးချစ်မောင်သည် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သော ဖဆပလတွင် ဦးစီးအဖွဲ့ဝင်တစ်ဦး အဖြစ် ပါဝင်ရင်း တိုင်းပြည်လွတ်လပ်ရေး လုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့သည်။ ယင်းသို့ နေ့မအား၊ ညမအား ကြိုးပမ်း ဆောင်ရွက်ရင်းပင် ဆီးချုပ်ဝမ်းချုပ်ခံလွန်း၍ ရောဂါရကာ အပြင်းဖျားပြီး မကျန်း မမာ ဖြစ်ခဲ့ရသည်။ ရောဂါ အသည်းအသန်ဖြစ်၍ ရန်ကုန်ဆေးရုံကြီးသို့ တက် ရောက်ကုသခဲ့ရသည်။ ဆရာဝန်ကြီး ကာနယ်မင်းစိန်နှင့် လက်ထောက်ဆရာဝန် များက အမျိုးမျိုးအဖုံဖုံ ကြိုးစားကုသခဲ့ကြသည်။ သို့သော် စစ်ပြီးခေတ် ဆေးဝါး က မပြည့်စုံ၊ အစစအရာရာ အလွန် ရှားပါးနေသောခေတ်တွင် ဆရာဝန်များ ကိုယ်တိုင် လက်လျှော့လိုက်ရသည်။

၃ ဧပြီ ၁၉၄၆ တွင် ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်သွားပါသည်။ ပြည်သူတစ်ရပ်လုံး မြန်မာ့လွတ်လပ်ရေးအတွက် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက် နေကြချိန်တွင် ကွယ်လွန်ခဲ့ရခြင်း ဖြစ်သည်။ ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်ခဲ့ရခြင်းအတွက် လုပ်ဖော်ကိုင်ဖက်များသာမက ပြည်သူတစ်ရပ်လုံးက ဝမ်းနည်းကြေကွဲကြရသည်။ ဂျာနယ်ကျော် ဦးချစ်မောင်ကို သတင်းစာကြီးများက သတင်းဆောင်းပါးများဖြင့် ရေးသားဂုဏ်ပြုခဲ့ကြသည်။ ကျိုက်လတ်ဆရာချစ်က လေးချိုးတစ်ပုဒ်ဖြင့် မှတ်တမ်းတင် ဂုဏ်ပြု၏။

ဂျာနယ်ကျော် ဦးချစ်မောင်၏ စာပန္နကို ဖဆပလအဖွဲ့ချုပ်မှ လုံးဝတာဝန် ယူ အကုန်အကျခံခဲ့ကြသည်။ ဦးချစ်မောင်၏ ရုပ်ကလာပ်ကို ဆေးရုံကြီးမှ ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ စတုဒိသာ ဧရပ်ကြီးအတွင်း (ယခု အင်းလေးမွှာရုံနေရာ) တွင် သုံးရက်ထားသည်။ ယင်းနောက် ကြံတောသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com

အသုဘအခမ်းအနားသို့ ဗိုလ်ချုပ်အောင်ဆန်း အပါအဝင် ဖဆပလ ဗဟိုဦးစီး အဖွဲ့ဝင်များ အစုံအညီ ခြေလျင်လိုက်ပါ ပို့ဆောင်ခဲ့ကြသည်။ ဂျာနယ်ကျော် ဦးချစ်မောင်က စစ်ပြီးခေတ် ၁၉၄၆ ခုနှစ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဖြစ်၍ စာရေးဆရာ အသင်းဝင်များကလည်း လိုက်ပါပို့ဆောင်ကြသည်။ စာရေးဆရာများကိုယ်တိုင် ပခုံးထက်တွင်ထမ်း၍ မြုပ်နှံမည့် နေရာအရောက် သယ်ပို့ပေးခဲ့ကြသည်။ လူထုတစ်ရပ်လုံးက မြုပ်နှံသင်္ကြိုဟ်မည့် နေရာအရောက် လိုက်ပါခဲ့ကြပြီး ဝမ်းနည်းကြေကွဲစွာ သင်္ကြိုဟ်ခဲ့ကြသည်။

ဆရာပြည်သန်းနွယ်က ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ပတ်သက်၍ "တိုင်းပြည်အတွက် သူလုပ်ခဲ့သမျှတွင် သူသည် လူမြင်ကွင်းသို့ ဘယ်အခါမျှ မထွက်ခဲ့။ နိုင်ငံရေးဇာတ်ခုံ ကန့်လန်ကာနောက်ကွယ်မှ နေ၍ ငွေအား၊ လူအား၊ အကြံဉာဏ်အားဖြင့် စွမ်းစွမ်းတမံ လုပ်အားပေးခဲ့သူ ဖြစ်သည်" ဟု မှတ်ချက်ပြုခဲ့သည်။

ကိုယ်ကျိုးမဖက် တိုင်းပြည်အတွက် ကြိုးပမ်းဆောင်ရွက်ခဲ့သူ ဂျာနယ်ကျော် ဦးချစ်မောင်အား လည်းကောင်း၊ ခင်ပွန်းသည်အတွက် ပါရမီဖြည့်ရင်း ဘဝလောကဓံကို ကြံ့ကြံ့ခံခဲ့သူ ဂျာနယ်ကျော်မမလေးအား လည်းကောင်း အမြဲထာဝစဉ် လေးစားကြည်ညိုဂုဏ်ယူနေမိပါတော့သည်။

တင်နိုင်တိုး

အကိုးအကား

၁။ စာဆိုတော်များ အထွေပွတ္တိ (မောင်သုတ)

၂။ "ရေးခေတ်ဟောင်း အောက်မေ့ဖွယ်" (ဒေါ်မြင့်မြင့်ဝင်း)
ဓောတိသဝေဒမဂ္ဂဇင်း၊ ၁၉၈၇ ဖေဖော်ဝါရီလ

၃။ "ဂျာနယ်ကျော် ဦးချစ်မောင်" (ပြည်သန်းနွယ်)
စာပေလုပ်သားမဂ္ဂဇင်း၊ ၁၉၈၂ ဖေဖော်ဝါရီ

❐

www.burmeseclassic.com

www.burmeseclassic.com

မျိုးစေ့

ကျွန်တော် စာဖတ်တတ်ခါစ အရွယ်၊ ခြောက်နှစ်ကျော် ခုနှစ်နှစ်ထဲ ရောက်သည်နှင့် အဖေက သူအနှစ်နှစ်အလလ စုဆောင်းထားသော ဂျာနယ်တွေ တစ်ထပ်ကြီးကို ထုတ်ပေးပါသည်။ စစ်ကြိုခေတ် တိုးတက်ရေး ဂျာနယ်မှအစ၊ ဂျာနယ်ကျော်အလယ်၊ စစ်ပြီးခေတ် လူထု၊ လင်းယုန်နှင့် ပြည်သူ့ဂျာနယ်တို့ အထိ ဖြစ်သည်။ ပွင့်ပွင့်လင်းလင်း ဝန်ခံရလျှင် အဖေဂျာနယ်တွေက ကျွန်တော့်ကို မဖမ်းစားနိုင်ခဲ့ပါ။ ကျွန်တော်ကြိုက်သော ရောင်စုံရုပ်ပုံတွေ မပါ။ စာတွေက လည်း ဘာတွေရယ်မသိ။ ဟိုလှန်သည်လှန်လုပ်ရင်း ကြာတော့ ပျင်းလာသည်။

သို့နှင့်တိုင် စာရွက်များပင် ဝါကျင်စပြုနေပြီဖြစ်သော ဂျာနယ်တစ်စောင်ကိုမူ ဖျတ်ကနဲ ကောက်ကိုင်ကြည့်မိသည်။ ဂျာနယ်ကျော်။ အဖေ့မျက်နှာချက်ချင်းဝင်းပသွားပြီး ဂျာနယ်ကျော်အကြောင်း၊ တစ်သီတစ်တန်းကြီး ပြောပါလေတော့သည်။ 'ဂျာနယ်ကျော် ဦးချစ်မောင်' ဟုခေါ်သော အယ်ဒီတာကြီး အကြောင်းလည်း ပါသည်။ 'ရွှေလင်းယုန်' အမည်ခံ ထိုပုဂ္ဂိုလ်ကြီးရေးသော 'သူ' ဝတ္ထုအကြောင်းလည်း ပါသည်။ ကျွန်တော့်မှာ အဖေ့စကားတွေကို ကြားတစ်ချက်၊ မကြားတစ်ချက်။ ကျွန်တော့်အာရုံကို သိမ်းပိုက်ထားသည်က ဂျာနယ်ကျော် မျက်နှာဖုံးမှ ကျွန်တော်နှင့် သက်တူရွယ်တူ ကလေးငယ် တစ်ယောက်၏ ဓာတ်ပုံ။ ထိုကလေးငယ်က သူ့အရွယ်နှင့် ဘယ်လိုမှ မအပ်စပ်လှသော စာအုပ်ကြီးတစ်အုပ်ကို သဲကြီးမဲကြီး ဖတ်နေသည်။ ကျွန်တော့်မှာ အံ့သြလို့ မဆုံး။ အားကျသလိုလိုလည်း ဖြစ်မိသည်။

အဆိုပါ ကလေးငယ်မှာ နောင်တွင် စပါးလုံးကို 'မျိုးစေ့'ဟု ပြောလျှင် သူ့ဖခင် ဦးချစ်မောင် ကိုယ်တိုင်က 'ဒီကောင်ကြီးရင် အယ်ဒီတာ ဖြစ်မယ်'

www.burmeseclassic.com

www.burmeseclassic.com

ဟု ဝမ်းသာအားရ နိမိတ်ဖတ်ခဲ့သော 'မောင်ချစ်ရှိန်' ဆိုသည်ကို ထိုစဉ်က ကျွန်တော်မသိ။ သို့သော် 'မောင်ချစ်ရှိန်' တဖြစ်လဲ 'မောင်သိန်းတန်' ကိုမူ နောင်သုံးလေးနှစ်ခန့် အကြာတွင် တွေ့ခွင့်မြင်ခွင့် ကြည့်ခွင့်ရလိုက်သည်။ စာမျက်နှာပေါ်တွင်ကား မဟုတ်။ ရုပ်ရှင်ပိတ်ကားထက်မှာ ဖြစ်သည်။

နှမလက်လျှော့

ကျွန်တော်ငယ်ငယ်က ရုပ်ရှင်ကျပိုးဟု ဆိုနိုင်လောက်အောင် မြန်မာကား၊ နိုင်ငံခြားကား၊ တစ်ကားမှ မလွတ်။ ကားသစ်လဲတိုင်း ကြည့်ဖြစ်သည်။ ကျွန်တော်တို့အိမ်မှာ မုဆွာရှိ ရုပ်ရှင်ရုံ သုံးရုံလုံး၏ အလယ်တွင် ရှိသောကြောင့်လည်း ဖြစ်ပါလိမ့်မည်။ ကျွန်တော်တို့အိမ် အမြဲအဝင်အထွက်ရှိသော ရုပ်ရှင်ပါသနာအိုး၊ အစ်ကိုဝမ်းကွဲကြောင့်လည်း ဖြစ်သည်။ တစ်နေ့ ထိုအစ်ကိုက ကျွန်တော့်ကို လာခေါ်သည်။ 'ဟေ့ကောင်... လာ၊ ဘိုင်စကုပ် သွားမယ်..."

ထိုစဉ်က ရုပ်ရှင်ကို 'ရုပ်ရှင်'ဟု မခေါ်ကြပါ။ အဖေတို့အမေတို့လို လူကြီးတွေက 'ဓာတ်ရှင်'ဟု ခေါ်သည်။ အစ်ကိုတို့လို တက္ကသိုလ်ကျောင်းသားတွေက 'ဘိုင်စကုပ်'ဟုခေါ်သည်။ ဘယ်လိုပဲခေါ်ခေါ် ရုပ်ရှင်ဆိုလျှင် ကြိုက်ပြီးသားမို့ ဘာမှ အထူးအထွေ မေးမနေဘဲ အစ်ကိုခေါ်ရာ လိုက်ခဲ့သည်။ လမ်းကျမှ ဘာကားလဲ မေးရသည်။ 'နှမလက်လျှော့နေလေတော့'... ။ မကြားဖူး၍ နည်းနည်းတော့ အုံသြသွားသည်။ 'မင်းသားက ဘယ်သူလဲဗျ' မေးတော့ 'မောင်သိန်းတန်'။ ကျွန်တော် တစ်ခါမှ မကြားဖူး။ ပိုအုံသြသွားသည်။ (ထိုစဉ်က အဆိုကျော် ရုပ်ရှင်မင်းသားကြီး၊ တွံတေးသိန်းတန် မပေါ်သေး။)

ရုံထဲရောက်တော့မှ အကြီးအကျယ် အုံသြရတော့သည်။ တစ်ရုံလုံး၊ ကျွန်တော်တို့ ညီအစ်ကို အပါအဝင် ဆယ်ယောက်ထက် ပိုမည်မထင်။ 'အစ်ကို့ ဓာတ်ကားကြီးက စွဲမထင်ပါဘူးဗျာ၊ လူလည်းမရှိဘူး" ပြောမိတော့ အစ်ကိုက ခပ်ကြွားကြွား တုန့်ပြန်သည်။ 'လူတွေက အဆင့်အတန်း နိမ့်သေးတယ်ကွ။ ဒီဓာတ်ကားက အဆင့်ရှိတဲ့သူမှ ကြည့်တာ၊ ဒို့လိုပေါ့ကွာ– ဟဲ... ဟဲ၊" ကျွန်တော် နည်းနည်းတော့ ဘဝင်မြင့်သွားသည်။ အဆင့်မြင့်ဓာတ်ကား ဆိုတာကြီး တကယ်ပြတော့မှ စိတ်ညစ်ရတော့သည်။

နှင်းတွေဝေနေသော နံနက်ခင်းနှင့် ဓာတ်ကိုဖွင့်သည်။ ဘာသံမှမကြား၊ ဘာအရုပ်မှမထင်။ မနည်းကြည့်တော့မှ တရွေ့ရွေ့ လှုပ်နေသော အခဲတက်လေး

www.burmeseclassic.com

www.burmeseclassic.com

တစ်စက်ကို မြင်ရသည်။ အမဲစက်လေး တဖြည်းဖြည်း ကြီးလာရာမှ ပိတ်ကား ပြည့် ပေါ်လာသည်။ ထန်းကောက်တောင်းကြီး ရွက်ထားသော မိန်းမတစ် ယောက်။ ပထမဆုံး အသံထွက်လာသည်။ 'ပဲပြုတ်'...။ ဒါပဲ၊ နောက်ထပ် ဘာသံမှ မကြားရတော့။ ဇာတ်ကားသာ ဆုံးသွားသည်။ ဘယ်သူကမှ ဘာ စကားမှ မပြောကြတော့...။ မင်းသား၊ မင်းသမီး ဘယ်သူဆိုတာကိုပင် သဲသဲ ကွဲကွဲ မသိလိုက်။ အစ်ကို့ကို မေးယူရသည်။

အစ်ကိုကတော့ အပြန်လမ်းတစ်လျှောက်လုံး 'နှမလက်လျှော့' ချိုးမွမ်း ခန်း ဖွင့်လာသည်။ 'ဒီလိုဇာတ်ကားမျိုး အရင်ကလည်း မပေါ်ဖူးဘူး၊ နောင် လည်း ပေါ်ဖို့ မလွယ်ဘူး၊' ကြာတော့ ကြားပြင်းလာ၍ အငေါ်တူးမိသည်။ "မနိပ်ပါဘူးဗျာ၊ အစ်ကို့မင်းသားက ဇာတ်လိုက်ရုပ်ကို မပေါက်ဘူး၊ စုတ်စွေ့ စွေ့နဲ့...။ "အစ်ကိုက အားရပါးရ ရီရင်း ပြန်ပြောသည်။ "အေး... အဲဒီ စုတ်စွေ့စွေ့မင်းသားဆိုတာ မင်းသဘောကျလို့ သိမ်းထားတဲ့ ဂျာနယ်ကျော် မျက်နှာဖုံးက ကလေးလေး မောင်ချစ်ရှိန်ဗျ၊ သိရဲ့လား...၊ ဟား ဟား ဟား...။"

သူလိုလူမှ သွေးသို့

ကျွန်တော် ကိုးတန်းနှစ်ရောက်တော့ ဆရာ ဗန်းမော်တင်အောင်၏ ဝတ္ထုများကို တရှိုက်မက်မက် ဖတ်ဖြစ်နေပါပြီ။ အထူးသဖြင့် ဆရာ၏ 'မုန်တိုင်း ထဲကလူ' ဆိုလျှင် အကြိမ်ကြိမ် အထပ်ထပ် ဖတ်နေဖြစ်သည်။ ဆရာ့ဇာတ်လိုက် 'ကိုတင်ဦး'မှာ သတင်းစာဆရာ၊ အယ်ဒီတာဘဝကို အိပ်မက်မက်နေခဲ့သော ကျွန်တော့်အတွက် 'ရိုးမော်ဒယ်' တစ်ယောက် ဖြစ်နေခဲ့သည်။ ထိုစဉ်ခိုက်မှာပင် အစ်ကိုဝမ်းကွဲတစ်ယောက် (ရုပ်ရှင်ဝါသနာအိုး အစ်ကိုမဟုတ်၊ နိုင်ငံရေး ဝါသနာ ကဲသူအစ်ကို ဖြစ်သည်) မိတ်ဆက်ပေး၍ 'သူလိုလူ'ကို စဖတ်ရသည်။

"ဒီစာအုပ် ဖတ်ကြည့်ကွ၊ မင်းအကြိုက် ဗန်းမော်တင်အောင် လေးစား ရတဲ့ သတင်းစာဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်အကြောင်း။ သူ့ဇနီး ဂျာနယ်ကျော် မမလေးက ရေးထားတာ...။ မင်းကြိုက်မှာ သေချာတယ်..."

ဖတ်ကြည့်တော့ ကြိုက်ရုံမက စွဲသွားသည်။ ထိုအချိန်မှစ၍ ယခု အချိန်ထိ အခါအားလျော်စွာ ပြန်ပြန်ဖတ်ဖြစ်သော မရိုးနိုင်သည့် ဝတ္ထုရှည်ကြီး ဖြစ်သည်။ ဤသို့ပြန်ဖတ်ဖြစ်တိုင်း တစ်ကြိမ်နှင့်တစ်ကြိမ် အာရုံဖြန့်ကြက် ပုံခြင်း မတူ။ ပထမဆုံးအကြိမ် ဖတ်ရစဉ်က နှလုံးသားလှုပ်ခတ်ခါစ အပျိုဆယ်

www.burmeseclassic.com

www.burmeseclassic.com

မိုလား မသိ၊ ကလောင်ရှင် မတင်တင်နှင့် အယ်ဒီတာ ကိုချစ်မောင်တို့၏ အချစ်ဇာတ်တွင်သာ တစ်ဝဲဝဲ၊ တလည်လည် ရှိနေခဲ့သည်ကို ဝန်ခံရမည်။ ဘယ်လောက်များ စွဲလန်းခဲ့သနည်းဆိုလျှင် ပထမဆုံး ရေးဖူးသော ရည်းစားစာကို "My dear..." ဆိုသော သိုးဆောင်းဘာသာနှင့် စခဲ့ဖူးသည်။

တက္ကသိုလ်ကျောင်းသားဘဝ ဖတ်ဖြစ်သောအခါတွင်ကား စာရေးဆရာ အယ်ဒီတာ ဦးချစ်မောင်ဘဝကို ပိုအာရုံထားမိသည်။ 'စကားပြေနိုင်ဖို့ ဦးဩဘာသရဲ့ ဇာတ်ကြီးဆယ်ဘွဲ့ကို ဖတ်ပါ'ဟု ဆိုသော ဦးချစ်မောင်၏ အကြံပြုစကားဆိုလျှင် ယခုထက်တိုင် တသက်သက် စွဲနေတော့သည်။ နောင် ကိုယ်တိုင် နိုင်ငံရေး မိုးသက်မုန်တိုင်များကြား ရောက်သွားသောအခါတွင်မူ နိုင်ငံရေးသမား ဦးချစ်မောင်ကို ပိုဂရုစိုက်မိသည်။ ကျွန်တော်တို့ခေတ်က တရားဝင်နိုင်ငံရေး လုပ်ခွင့်မရှိ။ 'ယူဂျီ' (UG) ဆိုပြီး၊ 'အိုဗာစကိုင်း' (Over Sky) လုပ်နေကြသူတွေကို မတွေ့ချင်အဆုံး ဖြစ်နေ၍ ဦးချစ်မောင်၏ ကန့်လန့်ကာ နောက်ကွယ်မှ နိုင်ငံရေးသမားဘဝကို လေးစားအားကျမိခြင်း ဖြစ်ပါလိမ့်မည်။ ထားတော့...။

ဂျာနယ်ကျော်မမလေးကိုလည်း 'သူလိုလူ'နှင့်ပင်၊ 'ညီ'သွားခဲ့ခြင်း ဖြစ်သည်။ သူမ၏ 'သူမ'ဆိုလျှင် ထိုစဉ်က ကျွန်တော် ကြည်ညိုလေးစားသော (ကိုးကွယ်သည် ဟူ၍ပင် ဆိုနိုင်သော) နိုင်ငံရေးခေါင်းဆောင် တစ်ယောက် အကြောင်းဟု ကြားဖူး၍ တခုတ်တရ ရှာဖတ်ရသည်။ သူမ၏ 'သွေး' သည်ကား မှတ်မှတ်ထင်ထင် ဖြစ်ခဲ့ရသော ဝတ္ထုတစ်ပုဒ်ဟု ဆိုရလိမ့်မည်။ 'သွေး'ကို အကြောင်းပြုပြီး ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက် ရန်ဖြစ်လုမတတ် ငြင်းခုံခဲ့ခဲ့ရသောကြောင့် ဖြစ်သည်။ မှတ်မိကြပါလိမ့်ဦးမည်။ တရုတ်ပြည် ယဉ်ကျေးမှု တော်လှန်ရေး၏ အဆက်ဆိုလား၊ ဂယက်ဆိုလား မသိ။ ထိုစဉ်က ဆရာအချို့ မြန်မာစာပေလောကမှ 'ကြီးလေးကြီး'ကို ဌာနချုပ် အမြောက်နှင့် ပစ်ခဲ့ကြသည်။ ဒဂုန်တာရာ၏ 'မေ'၊ ဗန်းမော်တင်အောင်၏ 'မြစ်ဧရာပေါ်ဝယ်' မြသန်းတင့်၏ 'ဒါးတောင်'၊ ပြီးတော့ ဂျာနယ်ကျော် မမလေး၏ 'သွေး'။ ကျွန်တော့်အနေနှင့်မူ 'သွေး'မှာ ကြမ်းကြမ်းရှရှ တိုးထိုးထောင်ထောင် ကြွေးကြော်သံ စကားလုံးတွေ မပါသော အနုပညာမြောက်သည့် ဖက်ဆစ်ဆန့်ကျင်ရေး ဝတ္ထုဟု ယခုထက်တိုင် စွဲနေသည်။ ရှိစေတော့... ။

www.burmeseclassic.com

www.burmeseclassic.com

သား ဂျာနယ်ကျော်

တစ်နေ့ စံပယ်ဖြူ အယ်ဒီတာ စားပွဲတွင် ထိုင်နေစဉ် ကဗျာဆရာကို ဇော်နောင်က မိတ်ဆွေတစ်ဦးကို ခေါ်လာသည်။ ကျွန်တော့်မှာ ဘာစကားမှ မဆိုနိုင်။ မိတ်ဆွေသစ်ကို သတိလက်လွတ် ငေးနေမိသည်။ ပိန်ပိန်ရှည်ရှည်၊ ကိုင်းကိုင်း၊ ဆံပင်တိုတို၊ မျက်မှန်ထူထူ။ ဓာတ်ပုံထဲတွင် မြင်ဖူးသော၊ ဂျာနယ်ကျော် ဦးချစ်မောင် အတိုင်းပင်... ။ ကဗျာဆရာက သူနှင့် မိတ်ဆက်ပေးသည်။ "ဒါ-ကိုမိုးဟိန်း-လေ၊ သား-ဂျာနယ်ကျော်ပေါ့... ။"

ကျွန်တော် စာရေးခါစက စာပေလောက မိတ်ဆွေများက အားမပေးကြပါ။ "ကြာကြာခံမည့် ကလောင်မဟုတ်" ဟု ရှေ့တွင်ရော ကွယ်ရာတွင်ပါ အကဲဖြတ် သုံးသပ်ကြသည်။ 'ကျွန်တော့်စာတွေမှာ ပျင်းစရာကောင်း' ဆိုသလို ကိုး။ ဤမျှ သြဘာပေးခံရသော ပျင်းစရာစာလေးကြီးတွေကို ကိုမိုးဟိန်းက စိတ်ဝင်တစား ပြောပြနေ၍ ကျွန်တော့်မှာ အားတက်ရသည်။ စံပယ်ဖြူကို ဂုဏ်ပြုသော ကဗျာလေးတစ်ပုဒ် လက်ဆောင်ပေးတော့ အားတက်ရုံမျှမက ပျော်သွားသည်။ သည်လိုနှင့် စံပယ်ဖြူ ကာလတစ်လျှောက်လုံး (၂၀၀၁-၀၃) သူနှင့် မကြာမကြာ ဆုံဖြစ်သည်။ လက်ဖက်ရည်ဆိုင် ထိုင်ကြသည်။ စကားတွေ အများကြီး ပြောဖြစ်သည်။ ကျွန်တော့်အတွက်မူ ပျောက်ဆုံးသွားသော ဂျာနယ်ကျော် ဦးချစ်မောင်၏ ဝိညာဉ် သား-ဂျာနယ်ကျော်တွင် တွေ့လိုက်ရသလို ရှိသည်။

အကြောင်းတစ်ခုကြောင့် စံပယ်ဖြူမှ ခွာလိုက်ရသောအခါ သူနှင့်အတွေ့ ကျဲသွားသည်။ လုံးဝမဆုံ ဖြစ်သည်တော့ မဟုတ်။ တစ်နေ့ 'ခေတ်ဆန်း' ဒယ်ဒီတာစားပွဲသို့ သူရောက်လာသည်။ ခရီးရောက်မဆိုက် ဆိုသလိုပင် စာအုပ်ကြီးတစ်အုပ် ထိုးပေးသည်။ "ဘာသာပြန်မလား ဆိုပြီး အမေရိကန် စင်တာက ယူလာတာဗျ။ ခင်ဗျားနဲ့ ပိုကိုက်တယ်၊ ခင်ဗျားဘာသာပြန်... " ကြည့်လိုက်တော့ ပီတာအုပ်ကာ စာပေါင်းစု "The Essential Drucker"။ ကျွန်တော် ဘာမှတော့ ကတိမပေး။ လက်ခံထားလိုက်သည်။ သူက 'ပြန်ဖြစ်အောင်ပြန်နော်' ဟု အထပ်ထပ် မှာသွားသည်။ သူ့စာအုပ်ကို ကျွန်တော် ကြိုက်ပါသည်။ ဘာသာပြန်ရှိသင့်သော စာအုပ်ဟုလည်း သဘောရသည်။ သို့သော် ဘာသာမပြန်ဖြစ်။ ဘာရယ်မဟုတ်။ ကျွန်တော့်စာတွေကို သံရုံးတစ်ခုက ထုတ်သည်မျိုး မဖြစ်စေချင်၍ပင်။ သူနှင့်တွေ့တိုင်း 'ပြီးပြီလား' ဟု

www.burmeseclassic.com

www.burmeseclassic.com

မေးနေတော့ရာ ကျွန်တော့်မှာ အားတောင့်အားနာ ဖြစ်ရတော့သည်။ နောက်တော့ သူကိုယ်တိုင် အားနာလို့ပဲလား မသိ။ ဘာမှမပြောတော့ပါ။

ကိုမိုးဟိန်းနှင့် နောက်ဆုံး ဆုံဖြစ်သည်မှာ ကျွန်တော် 'အိုင်အိုးဝါး' မသွားမီလေးက ဖြစ်သည်။ အကြောင်းက သည်လို။ အမေရိကန် ပြည်ထောင်စု အိုင်အိုးဝါး တက္ကသိုလ်က International Writing Program (IWP) တက် ရန်၊ ကျွန်တော့်ကို ဖိတ်ကြားခဲ့ရာ ဖိတ်စာက ကျွန်တော့်ဆီမရောက်။ စာပေ လောကထဲမှာပင် တဝဲလည်လည် အတော်ကြာသွားသည်။ ကျွန်တော့်လက်ထဲ ဖိတ်စာရောက်တော့ သွားရမည့်ရက်မှာ ရက်ပိုင်းသာလိုတော့သည်။ မတတ် နိုင်၊ ကိုမိုးဟိန်းကို ပြေးတွေ့ရသည်။ မေးမြန်းစုံစမ်းရသည်။ သူက အားတက် သရော ကူညီသည်။ သူနှင့် ကိုထင်အောင်ကျော်၏ အကူအညီသာ မပါလျှင် ကျွန်တော်၏ အိုင်အိုးဝါး ခရီးစဉ်မှာ ဘယ်လိုမှ အဆင်ပြေနိုင်ဖွယ် မရှိ။ (ကိုမိုးဟိန်းမှာ ကျွန်တော့်အရင် IWP တက်ခဲ့သူ ဖြစ်သည်။)

ကျွန်တော် ပြန်ရောက်တော့ သူနှင့်တွေ့ဖို့ ကြိုးစားပါသေးသည်။ သူ ပြင်ဦးလွင် ရောက်နေ၍ မတွေ့ဖြစ်။ နောက်တော့ သူ့သတင်းကို ကြားရ သည်။ ကျန်းမာရေးမကောင်း၊ 'ကင်ဆာ'ဟု သိရရော၊ ရင်ထဲမှာ ဆို့သွားသည်။ သိပ်မကြာလိုက်။ သူကွယ်လွန်ပြီဟု သိလိုက်ရသည်။ နောက်ဆုံး အချိန်အထိ သေခြင်းတရားကို တည်တည်ငြိမ်ငြိမ် ရင်ဆိုင်သွားကြောင်း၊ ကြားရသောအခါ မအံ့သြတော့ပါ။ ကျွန်တော်နှင့် သိကျွမ်းစဉ်ကတည်းက ကိုမိုးဟိန်းမှာ ရုစ်ပါး သီလကို ကွယ်လွန်သည်အထိ စောင့်ထိန်းသွားသူ ဖြစ်သည်။ ကျွန်တော် ထိ တွေ့ဆက်ဆံရသရွေ့ သူတော်စင်တစ်ဦး၏ ပကတိဖြူစင်မှုကို သူ့ထံတွင် မြင်သိနေရရာ သူလိုလူမျိုးအတွက် အပါယ်တံခါး ပိတ်နေမည်မှာ သေချာ ပါသည်။

မြေး–ဂျာနယ်ကျော်

မကြာသေးမီက မိတ်ဆွေကြီး ကိုနေမျိုးသူရ (တကောင်းစာပေ)မှ တစ်ဆင့် စာတစ်စောင် ရောက်လာသည်။ "၂၀၁၂ ခုနှစ် ဇန်နဝါရီလတွင် ကျရောက်မည့် ဂျာနယ်ကျော် ဦးချစ်မောင်၏ နှစ်တစ်ရာပြည့်အတွက် အထိမ်း အမှတ် စာစုတစ်အုပ် ထုတ်ဝေလိုပါသဖြင့်"... အစချီသော စာမူတောင်းသည့်စာ ဖြစ်သည်။ စာအဆုံးမှာ လက်မှတ်ရေးထိုးထားသူမှာ သီဟရတနာ စာပေဘိုက်မှ

www.burmeseclassic.com

www.burmeseclassic.com

ကိုသိမ်းစိုး။ ကိုသိမ်းစိုးမှာ အခြားသူမဟုတ်။ ဂျာနယ်ကျော် ဦးချစ်မောင်၏ မြေး၊ မောင်ချစ်ရှိန်ခေါ် ဦးသိန်းတန်၏သား (ဟုထင်သည်)။ မိတ်ဆွေကြီး ကိုမိုးဟိန်း၏တူ။ တကယ့်ဂျာနယ်ကျော် မျိုးဆက်။ ပြီးတော့ ကျွန်တော့်စာတစ်အုပ် (လူများ၊ ဖြစ်ရပ်များနှင့် တူရူချက်များ)ကို ထုတ်ဝေပေးဖူးသူ။ ဘယ်မှာ ငြင်းလို့ ဖြစ်ပါမည်နည်း။

တစ်ခုပဲ ခက်နေသည်။ ဂျာနယ်ကျော် ဦးချစ်မောင်နှင့် ကျွန်တော်မှာ မြင်းမိုရ်တောင်နှင့် ဆီးစေ့ပမာ အဟပ်ကွာလွန်းနေခြင်းပင်။ ရှေ့နှစ် ဧပြီဆိုလျှင် ဦးချစ်မောင် အသက်တစ်ရာ ပြည့်တော့မည်။ ကျွန်တော့်အသက် ခြောက်ဆယ်ပြည့်မည် ဖြစ်ရာ၊ အသက်လေးဆယ်တိတိ ကွာသည်။ အသက်အရွယ်၊ ပညာအရွယ်၊ ဖြတ်သန်းမှု အတွေ့အကြုံအရပါ ကွာခြင်တိုင်းကွာ၊ မြင့်ချင်တိုင်း မြင့်မားလှသော ဟိမဝန္တာတောင်တန်းကြီးကို နွားခြေရာခွက်ထဲမှ ကျွန်တော်လို လူမျိုးက ဘယ်ပုံဂုဏ်ပြုရပါမည်နည်း။ ယောအတွင်းဝန်ကို မအပ်မရာ ချီးကျူးသော မြင်းထိန်းငတာ ကိန်းဆိုက်မှာ စိုးမိသည်။ ဤစိုးရိမ်စိတ်ကြောင့်ပင် တော်တော်နှင့် မရေးဖြစ်၊ ဖင့်နွေးနေမိသည်။

သို့နှင့်တိုင် ကိုသိမ်းစိုး ဆိုသည်က မငြင်းအပ်၊ မငြင်းသင့်သောလူဖြစ်နေပြန်ရာ မိမိကိုယ်တိုင်ကလည်း ဂျာနယ်ကျော် အစွဲကြီးသူပီပီ 'မရဲတရဲနှင့် ကျွဲပြိစီးချင်' နေလေရာ မိမိတစ်သက်တာ၊ သိခဲ့၊ ထိခဲ့၊ ငြိခဲ့သမျှ ဂျာနယ်ကျော် သံယောဇဉ်ကို အကွာရာနှင့်လိုက်ရပါသည်။

ကျော်ဝင်း

၅၊ သြဂုတ်၊ ၂၀၁၁

❐

www.burmeseclassic.com

www.burmeseclassic.com

နှစ်တစ်ရာမှသည်... ကမ္ဘာတည်သရွေ့

ဂျာနယ်ကျော် ဦးချစ်မောင် နှစ် (၁၀၀) ပြည့်အတွက် ကိုသိမ်းဦး (သီဟရတနာ) က စာမူတောင်းထားသည်မှာ ကြာပြီ။

သို့သော် မိမိစိတ်၌ အမှတ်မှားနေသည်မှာ အတော်ပင် လိုသေးသည်ဟု ထင်နေသည်၊ သူက အောက်တိုဘာလတွင် စာမူတွေ့ စတင်တောင်းခဲ့ပြီး (၂၀၁၂ ဧပြီ) ကျမှ စာအုပ်ထုတ်ဖြစ်မည် ထင်နေသည်။ ထို့ကြောင့် ခုအထိ ဘာမှမရေးဖြစ်သေး။ စိတ်ကူးထဲတွင်ကား ဦးချစ်မောင်၏ ဝတ္ထုတွေကို ဖတ်ပြီး ထိုအထဲမှ 'အလှဗေဒ'ကို ထုတ်နုတ်၍ မိမိ၏ ခံစားမှုကို ရေးမည်ဟု တေးမှတ်ထားသည်။ သို့သော် ဦးချစ်မောင် ဝတ္ထုတွေက မိမိတွင်မရှိ။ သီဟရတနာမှ ထုတ်ဝေပြီးဖြစ်သည်ဟု သိရ၍ ကိုသိမ်းစိုးထံ ထိုစာအုပ် (ဦးချစ်မောင် ဝတ္ထုတိုများ) စာအုပ်ကို သွားယူဖို့ရာလည်း မယူဖြစ်သေး။ ယခု ကိုသိမ်းစိုးက ဖုန်းဆက်ပြီး စာမူတောင်းမှ "ဟောဗျ၊ အဲဒါမှ ဒုက္ခပါပဲ" ဖြစ်ရတော့သည်။ သူကလာမည့် တနလ်ာနေ့ စာမူရမှ ဖြစ်သည်ဟု ဆိုသည်။ အမှန်က ဦးချစ်မောင် နှစ်တစ်ရာပြည့်မှာ (၂၀၁၂-ဇန်နဝါရီ)။ "ဒူးလောက်တင်မှ ရင်လောက်ကျ" ဆိုသည့် မြန်မာစကားအတိုင်း ခုအချိန်မှ စလုပ်မှ ဇန်နဝါရီ (သို့မဟုတ်) ဇန်နဝါရီမတိုင်မီ ထုတ်နိုင်မည်။ ထုတ်ဝေသူဘက်ကကြည့်လျှင် သည်လိုမလုပ်၍မဖြစ်။ သည်လိုလုပ်မှကို ဖြစ်မည်။ သည်တော့ "ဆရာဇန်းမော်တင်အောင်" စကားအတိုင်း (ကျွန်တော်ကကော ဘာများ တတ်နိုင်ဦးမည်နည်း)ဟုပင် ဆိုရပါတော့မည်။ မရေးမဖြစ် ရေးရပေတော့မည်။

ဂျာနယ်ကျော် ဦးချစ်မောင် အကြောင်းကို ရေးမည်ဆိုတော့ ဆရာဒဂုန်တာရာကို ချက်ချင်းပဲ သွား၍ သတိရမိသည်။ ဆရာဒဂုန်တာရာကို ဟဗျာဆရာ၊

www.burmeseclassic.com

www.burmeseclassic.com

စာရေးဆရာအဖြစ်သာ လူသိများသည်။ သူကိုယ်တိုင်က သူသည် သူ့ကိုယ်သူ နိုင်ငံရေးသမားတစ်ယောက် အဖြစ် မခံယူသော်လည်း မြန်မာ့လွတ်လပ်ရေး သမိုင်းတစ်လျှောက်လုံး ကန့်လန့်ကာ နောက်ကွယ်မှ ပါဝင်ခဲ့သူ ဖြစ်၏။ ထို့ကြောင့်လည်း မြန်မာ့လွတ်လပ်ရေး ဗိသုကာကြီး ဖြစ်သည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ တော်လှန်ရေးခေါင်းဆောင် အားလုံးနှင့် သူရင်းနှီးခဲ့ခြင်း ဖြစ်သည်။

ဂျာနယ်ကျော် ဦးချစ်မောင်သည်လည်း ထိုအတိုင်းပင် ဖြစ်သည်။ သူ့ကို သတင်းစာဆရာ၊ စာရေးဆရာအဖြစ်သာ လူသိများသည်။ သူ့ကို နိုင်ငံရေးသမားအဖြစ် သိသူနည်းသည်။ သမိုင်းကို သေသေချာချာ ပြန်လေ့လာကြည့်သောအခါတွင်မှ သူသည် (ဖ.ဆ.ပ.လ အဖွဲ့ချုပ်ကြီး၏ အတွင်းလူ)၊ (အရေးကြီး ပုဂ္ဂိုလ်တစ်ယောက်) ဖြစ်မှန်း သိရသည်။ သူသည် များပြားလှသော သတင်းစာဆရာ တစ်ယောက်၏ တာဝန်တွေကြားမှပင် ဖဆပလ အဖွဲ့ချုပ်ကြီးက ပေးအပ်သော တာဝန်နှင့်ဝတ္တရားများကို မငြင်းမဆန် လက်ခံလုပ်ဆောင်ပေးခဲ့သူ ဖြစ်သည်။ ဖဆပလ အဖွဲ့ချုပ်မှ ထုတ်ဝေဖြန့်ချိသော အချို့ကြေညာစာတန်းများ၊ အချို့မိန့်ခွန်းများကို သူရေးပေးခဲ့ခြင်း ဖြစ်သည်။ ထို့ကြောင့်လည်း သူကွယ်လွန်၍ အသုဘချသော အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း ကိုယ်တိုင်က ချေလျင်လျှောက်၍ လိုက်ပါပို့ဆောင်ခဲ့သည်။ ဦးချစ်မောင်ဆိုသော ပုဂ္ဂိုလ်ကား ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ လွတ်လပ်ရေး ဗိသုကာကြီး ကိုယ်တိုင်က လေးစားခန့်ညားရသော ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်ပေသည်။

တစ်လောက မိတ်ဆွေဆရာဝန်တစ်ယောက်နှင့် ဂျာနယ်ကျော် ဦးချစ်မောင်အကြောင်းကို ပြောဖြစ်သည်။ အသက်ငယ်ငယ်ရွယ်ရွယ်နှင့် ကွယ်လွန်သွားသည့် ဂျာနယ်ကျော် ဦးချစ်မောင်အတွက် နမြောတသ ဖြစ်မိကြသည်။ ဗိုလ်ချုပ်အောင်ဆန်းတို့လို ဂျာနယ်ကျော် ဦးချစ်မောင်တို့ကို ပုဂ္ဂိုလ်များသာ စောစောစီးစီး မကွယ်လွန်ဘဲ ယခုထက်ပို၍ အသက်ရှင်နေခဲ့လျှင် မြန်မာနိုင်ငံ၏ သမိုင်းသည်လည်း တစ်မျိုးတစ်ဖုံ ပြောင်းလဲသွားနိုင်သည်ဟု ခံစားမိကြသည်။ ယခုတော့ ဂျာနယ်ကျော် ဦးချစ်မောင်တို့ ဗိုလ်ချုပ်အောင်ဆန်းတို့ ကဲ့အကြောင်း မလှသကဲ့သို့ မြန်မာပြည်သူပြည်သား အပေါင်းတို့သည်လည်း ကြမ္မာညှိုးကဲ့ကဲ့ဆိုးခဲ့ကြရလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်ကျော် ဦးချစ်မောင် စောစောစီးစီး ကွယ်လွန်ရခြင်းနှင့် ပတ်သက်၍ မိတ်ဆွေဆရာဝန်က ဆေးပညာရှုထောင့်၊ ကျန်းမာရေး ရှုထောင့်မှ နေ၍ သုံးသပ်ပြသည်။ ဦးချစ်မောင် အသေစောရသည်မှာ လူတိုင်းအတွက် လိုအပ်သော "အိပ်ချိန်" မရ၍ဖြစ်သည်ဟု ဆိုသည်။ အမှန်တကယ်လည်း ဦးချစ်မောင်သည် အလုပ်များများလုပ်ကာ အိပ်ချိန်အလွန်နည်းခဲ့သူ ဖြစ်သည်။ လူတစ်ယောက်အတွက် မရှိမဖြစ်လိုအပ်သော အိပ်ချိန်မှာ (၈) နာရီဟု ဆရာဝန်က ပြောသည်။ ဦးချစ်မောင်သည် တစ်နေ့မှ (၈) နာရီပြည့်အောင် အိပ်ခဲ့ရသည် မရှိ။ အအိပ်ပျက်တော့ အစားပျက်သည်။ အစားပျက်တော့ ကိုယ်ခံအားနည်းသွားသည်။ ကိုယ်ခံအားနည်းသွားလျှင် ရောဂါတစ်ခုမဟုတ် တစ်ခု ဝင်လာတတ်မြဲ။ သည်ကျန်းမာရေး အခြေခံ သဘောတွေကို ဦးချစ်မောင်ကဲ့သို့ ပညာတတ်ပုဂ္ဂိုလ်ကြီး တစ်ယောက်က မသိပဲ နေပါမည်လား။ သိလျက်နှင့်ပင် အလုပ်လောဘကြီးခဲ့၍ ဖြစ်သည်။ ထိုအလုပ်လောဘ ဆိုသည်မှာ ကိုယ်ကျိုးစီးပွားအတွက် မဟုတ်။ တိုင်းပြည်နှင့် လူမျိုးအတွက် လုပ်ခဲ့သော အလုပ်မျိုးကို ဆိုလိုပေသည်။ ဦးချစ်မောင်၏ "အလုပ်စိတ်ဓာတ်" မျိုးကား ယေဘုယျအားဖြင့် ချီးကျူးအားကျဖွယ်ရာ၊ အဟုယူဖွယ်ရာ စိတ်ဓာတ်မျိုး။ သို့သော် ကိုယ်လုပ်သင့်သလောက် လုပ်နိုင်သလောက်သာ လုပ်ရပေမည်။ အလုပ်လောဘကြီးလွန်းလျှင် ကိုယ်ရည်မှန်းရာ ပန်းတိုင်သို့မရောက်ဘဲ လေလှော်ရင်း တက်ကျိုးတတ်သည်ကို သတိချပ်ရပေမည်။

ကျွန်တော်သည် ဦးချစ်မောင်ကို သိမှီလိုက်သူ မဟုတ်။ ဦးချစ်မောင်၏ သားအငယ်ဆုံး မိုးဟိန်း (သားဂျာနယ်ကျော်) နှင့်မှ သက်တူရွယ်တူ။ ဦးချစ်မောင်၏ ပုံရိပ်များကို ကိုမိုးဟိန်းနှင့် မသိခင်ကတည်းက သူ့အဖေ ဂျာနယ်ကျော် မမလေး၏ အကောင်းဆုံးလက်ရာဖြစ်သော "သူလိုလူ" တွင် တွေ့ဖူးထားသည်။ သို့သော် စိတ်ကူးဖြင့် ပုံဖော်ကြည့်ရသဖြင့် အားမလိုအားမရ။ ကြည့်ရသည်မှာ ဝိုးတိုးဝါးတား။ ဤသို့ ဆိုသော်လည်း သတင်းစာဆရာကြီး စာရေးဆရာကြီး ဦးချစ်မောင်သည် ကျွန်တော်တို့အတွက် ရှေ့ဆောင်လမ်းပြ ပုဂ္ဂိုလ်၊ ကျွန်တော်တို့ စံပြုရာ ပုဂ္ဂိုလ်ကြီးတစ်ယောက် ဖြစ်နေခဲ့သည်။ ဖြစ်ချင်တော့ ကျွန်တော်တို့ ဇာတ်လိုက်ကြီး ဦးချစ်မောင်၏ အငယ်ဆုံးသား (မိုးဟိန်း သားဂျာနယ်ကျော်)နှင့် တစ်နေရာတွင် မမျှော်လင့်ပဲ တွေ့ဆုံမိရာမှ နေ့အဆုံး သူကွယ်လွန်ချိန်အထိ အခင်မင်ဆုံးမိတ်ဆွေများ၊ ရေးဖော်ရေးဖက်နှင့် ရဲဘော်

www.burmeseclassic.com

www.burmeseclassic.com

ရဲဘက်များ ဖြစ်သွားခဲ့ကြသည်။ ကိုမိုးဟိန်းနှင့် ထဲထဲဝင်ဝင် ရင်းရင်းနှီးနှီး ပေါင်းဖော်မိသောအခါတွင်မှ အရင်က စာထဲ၌ ဝိုးတဝါးသာ တွေ့ခဲ့ရသော ဦ ချစ်မောင်၏ ပုံရိပ်တို့သည် ကိုမိုးဟိန်း၏ ဗဟိဒ္ဓသဏ္ဌာန်၌ လည်းကောင်း၊ အဇ္ဈတ္တသဏ္ဌာန်၌ လည်းကောင်း လာရောက်ထင်ဟပ်နေသည်ကို ဝမ်းမြောက်စွာ တွေ့ရှိရသည်။ ထို့ကြောင့်ပင် တခြားသော မိတ်ဆွေများထက် ကိုမိုးဟိန်းကို ပို၍ ခင်မင်မိခဲ့သည်လား။ ဖြစ်ကောင်းဖြစ်နိုင်ပေသည်။ ကိုမိုးဟိန်းကား အဖေ့ခြေရာတွေ နင်းနိုင်အောင် အစွမ်းကုန်ကြိုးစားအားထုတ်သူ မိုးဟိန်း (သား ဂျာနယ်ကျော်)ဟု အမည်ခံထိုက်သူ သားကောင်းတစ်ယောက် ကျောက်ကောင်း တစ်စေ့ ဖြစ်ခဲ့သူပါပေ။ ယခုနေ သူသာရှိနေသေးခဲ့လျှင် သူ့အဖေ၏ နှစ် တစ်ရာပြည့် အထိမ်းအမှတ် အခမ်းအနားအတွက် သူ့တူ မောင်သိမ်းစိုး (သီဟ ရတနာ)နှင့်တွဲ၍ ဘယ်လောက်များ လုံးပမ်းလိုက်မည်မသိ။ သူ့အဖေ၏ ရာပြည့် ပွဲကို မှီနိုင်ပါလျက်နှင့် မမျှော်လင့်ဘဲ ကင်ဆာရောဂါ၏ ထိုးနှက်ချက်ကြောင့် အသေစောသွားရသည့် သူငယ်ချင်း ကိုမိုးဟိန်း (သားဂျာနယ်ကျော်) အတွက် ရင်ထုမနာ ဖြစ်မိပါသည်။

ဂျာနယ်ကျော် ဦးချစ်မောင် အကြောင်း စဉ်းစားမိတိုင်းမှာ သူ၏ ဇာတ် လိုက်ကြီး ကိုမြင့်မောင်ကို အမြဲသတိရသည်။ ရှားရှားပါးပါး ဖြစ်သော်လည်း ကိုမြင့်မောင်လို ဆရာဝန်မျိုးကို တွေ့ကြုံရလျှင် ညော့ ဒါ စာရေးဆရာကြီး ရွှေလင်းယုန် အမည်ခံ ဂျာနယ်ကျော်ဦးချစ်မောင် အလွန်ဖြစ်စေချင်သည့် ဆရာဝန်မျိုးပဲဟု အောက်မေ့ကာ ဆရာ့ကိုခေါ်၍ ပြလိုက်ချင်သည်။ သည်လို ဆရာဝန်မျိုးကို မြင်လျှင် ဆရာဘယ်လောက်များ ဝမ်းသာပီတိ ဖြစ်လိမ့်မည်မသိ။ တစ်ဖက်ကပြန်၍ စဉ်းစားကြည့်မိပြန်တော့လည်း ရှားပါးလှသည့် သည်လို ပုဂ္ဂိုလ်မျိုးကို ဆရာလာရောက် မတွေ့စေချင်တော့ပါ။ အဘယ့်ကြောင့် ဆိုသော် သည်ခေတ်ကြီး၌ စေတနာဆရာဝန်က ရှားပြီး အသပြာဆရာဝန်တွေက ကြီးစိုးနေသောကြောင့် ဖြစ်ပေသည်။ အထူးကု ဆရာဝန်ဆိုသူ တစ်ချို့ကား လူနာထု၏ အိတ်တွင်းမှ ငွေများကို အထူးလုယူနေကြသည်တကား။

ဦးချစ်မောင် ဆိုသည်ကား အထူးသဖြင့် အားနာတတ်သူ ဖြစ်သည်။ အားနာခြင်း ဆိုသည်မှာ တစ်ဖက်လူအား ထောက်ထားညှာတာတတ်ခြင်းပင် ဖြစ်၏။ အိတ်ကပ်တွင်းမှ ပိုက်ဆံကို ခါးပိုက်နှိုက်က နှိုက်ယူနေမှန်း သိလျက် ဒီအတိုင်း မသိချင်ဟန်ဆောင်နေခဲ့သူ။ အိပ်နေသူများ နိုးသွားမည်ကို ကြိ၍

www.burmeseclassic.com

www.burmeseclassic.com

နောက်ဖေးချောင်သို့ သွားကာ မုန့်လေပွေကို အသံမထွက်အောင် ကျိတ်၍ စားခဲ့သူ။ သူသည် ဤကဲ့သို့သော အသေးအဖွဲကလေးများက စ၍ ဂရုတစိုက် ရှိခဲ့သူ ဖြစ်သည်။

ဦးချစ်မောင်၊ ဒေါ်မမလေး မသားစုသည် ထူးချွန်သော မိသားစု တစ်ခုပင် ဖြစ်သည်။ မိဘနှစ်ပါးကတော့ အထူးပင် ပြောစရာမလိုအောင် တိုင်းသိပြည်သိ ကမ္ဘာသိ ဖြစ်ခဲ့သူများ ဖြစ်သည်။ သားသမီးတွေကလည်း သူ့အတိုင်းအတာ နှင့်သူ ထူးချွန်သူများ ဖြစ်ခဲ့ကြသည်။ ဒေါ်ခင်လေးမြင့်လည်း သူ့အတိုင်းအတာ နှင့်သူ "မင်းသားလေး" ဖြင့် ထင်ရှားခဲ့သူ။ ကိုသိန်းတန်လည်း သူ့အတိုင်း အတာနှင့်သူ "သည်အရွယ်" "နှမလက်လျှော့နေလေတော့" ဖြင့် ထင်ရှားခဲ့ သူ။ အငယ်ဆုံး ကိုမိုးဟိန်းကတော့ သူ့အစ်ကိုအစ်မတွေထက် ပို၍ လုပ်နိုင် ခဲ့သူဟု ဆိုရမည် ထင်ပါသည်။ စာပေအနုပညာ ဘာသာရေး၊ ပရဟိတ လုပ် ငန်းများကို သေချာသည့်အချိန်အထိ လုပ်ကိုင်သွားခဲ့သူ ဖြစ်၏။ ထိုအကြောင်း တွေကို ဖခင်ဖြစ်သူ ဂျာနယ်ကျော် ဦးချစ်မောင်သာ သိရှိခဲ့ပါလျှင် သူ့သားသမီး တွေအတွက် ဘယ်လောက်များ ဝမ်းသာဂုဏ်ယူလိမ့်နည်းနည်း။ ဘယ်လောက် များ ဝမ်းသာဝမ်းမြောက် ဖြစ်လိမ့်မည်နည်း။ သို့သော် ကံကြမ္မာက သူ့ကို မျက်နှာသာမပေးခဲ့။ သားသမီးတွေ လူလားမမြောက်ခင်မှာပင် သူကွယ်လွန် ခဲ့ရရှာသည်။

သိပ်မကြာသေးမီက ဦးချစ်မောင်၏ဇာတိ အုတ်ဖိုမြို့တွင် ကိုမိုးဟိန်းက ဦးဆောင်ဦးရွက်ပြုပြီး "ဦးချစ်မောင် စာကြည့်တိုက်" ဟူ၍ တည်ထောင်ဖြစ် ခဲ့သည်။ စာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားတွင် ကိုမိုးဟိန်း စကားပြောသည်။ စာကြည့်တိုက် ဖွင့်လှစ်ရသော အကြောင်းရင်းကို ရှင်းပြသည်။ သူ့အဖေကို တိုင်တည်၍ ပြောသည်။ စကားမပြောခင် "အဖေရေ" ... "အဖေ"ဟု သူ မြည်ကြွေးလိုက်သော အသံ အဖေ့ဆေါ်သံသည် တောတစ်ခုလုံး ဟိန်းသွား အောင် အော်လိုက်သည့် ခြင်္သေ့တစ်ကောင်၏ မြည်ဟိန်းသံမျိုး။ အုတ်ဖိုမြို့သား အားလုံးသည် တစ်ခါတည်း "ငြိမ်"ကျသွားသည်။ "ယခုစကားပြောနေသော သူသည် သူတို့အင်မတန် ချစ်ခင်လေးစားရသော အုတ်ဖိုမြို့သားကြီး ဂျာနယ် ကျော် ဦးချစ်မောင်၏ သားပါကလား" ဟူသော အသိနှင့် ခံစားမှုသည် သူတို့၏ ဦးနောက်တွင်း အသည်းနှလုံးအတွင်းသို့ ချက်ချင်း စီးဝင်ပျံ့နှံ့သွားတန် တူသည်။ အုတ်ဖိုမြို့သားတို့သည် ဦးချစ်မောင်ကို ချစ်သကဲ့သို့ ဦးချစ်မောင်၏

www.burmeseclassic.com

www.burmeseclassic.com

သားဖြစ်သူ ကိုမိုးဟိန်းကိုလည်း ချစ်ခင်ကြ၏။ တစ်ခါတစ်ခါတွင် လောကကြီးကို အတော်စိတ်နာမိသည်။ လောကကြီးကား မတရားဟု ထင်သည်။ ဘက်လိုက်သည်ဟု ထင်ကာ နာကျည်းမိသည်။ ထိုအခါ စိတ်အချဉ်ပေါက်ပေါက်ဖြင့် ကဗျာတစ်ပုဒ် ရေးဖွဲ့ပစ်လိုက်သည်။

လူ့အဖိုးတန်
အသေမြန်လည်း
ဆန်ကုန်မြေလေး
အသေဝေးသည်
တွေးတိုင်းဇောကြွ
အို! လောက–
ဒေါသဟုန်းဟုန်း ငါထ၏။

လူ့အဖိုးတန်တွေ၊ လူ့လောကအတွက် အမှန်တကယ် အကျိုးပြုပေးနိုင်သည့် သူများသည် အသေစောကြသည်။ သို့သော် သူတို့သည် လူသာ သေသွားသည်။ သူတို့၏ အကျိုးပြုချက်များနှင့် သူတို့၏ အမည်ကိုမူ မည်သူကမှ ဖျောက်ဖျက်ပစ်၍မရ။ သူတို့၏ အမည်ကို ပြည်သူက (သမိုင်းက) မော်ကွန်းထိုးပေးခဲ့ပြီး ဖြစ်၏။ ထို့ကြောင့် "ဂျာနယ်ကျော် ဦးချစ်မောင်" ဆိုသော အမည်သည်လည်း နှစ် ၁၀၀ မှသည် ကမ္ဘာတည်သ၍ တည်ရှိနေလိမ့်မည် ဖြစ်ပါသည်။

ဇော်နောင်

www.burmeseclassic.com

www.burmeseclassic.com

ဆရာဂျာနယ်ကျော် ဦးချစ်မောင် ကျေးဇူးဂုဏ်

ဆရာမကြီး ဂျာနယ်ကျော် မမလေး၏ ဝတ္ထုများဖြင့် ကျွန်တော်တို့ ကြီးပြင်းလာရသည်။ "မုန်း၍မဟူ"တို့ "ရင်နင့်အောင်မွေး" တို့ "သွေး" ဝတ္ထုရေးချိန်ကတော့ ကျွန်တော် ဆရာမကြီးနှင့် ရင်းနှီးခင်မင်ခွင့်ရပြီ။ ဆရာမကြီး၏ သား ကိုမိုးဟိန်းနှင့် ကျွန်တော်က တက္ကသိုလ်မှကတည်းက ခင်မင်သူတွေ။

ကျွန်တော်က သိပ်ကျောင်းသား ဆိုပေမယ့် ရာမညဆောင်၊ တောင်ဥဆောင်တစ်ဝိုက်က မြန်မာစာကျောင်းသားမတွေ၊ သမိုင်းကျောင်းသားတွေနှင့် ပိုရင်းနှီးသည်။ ကိုမိုးဟိန်းက သမိုင်းကျောင်းသား။ ပို၍ တိတိပပ ပြောရလျှင် ကိုမိုးဟိန်းနှင့် သိကျွမ်းရသည်က တက္ကသိုလ်ရောက်မှ မဟုတ်။ သူတို့ အင်းစိန်ထောင်မှ လွတ်လာကာစ ကတည်းကဟု ဆိုရမည်။ အောင်ချိမ့်တို့၊ သခွပ်နီတို့၊ လင်းသူတို့၊ ကျော်စိုးတို့နှင့်အတူ သူ့ကိုသိခဲ့သည်။ ထိုအချိန်က ကျောင်းသားလှုပ်ရှားမှု ပြင်းထန်နေချိန်တွင် တိုးတက်တက်ကြွသော တပ်ဦးကျောင်းသားများဖြစ်သော သူတို့ကို ကျွန်တော် လေးစားခင်မင်ခဲ့သည်။ သူတို့ထောင်မှ လွတ်လာပြီး တစ်နှစ်အကြာတွင် ကျွန်တော်လည်း အထိန်းသိမ်းခံရပြန်သည်။ သူတို့နှင့် ကျွန်တော်က အဝင်အထွက်။ အပြင်ပြန်ရောက်တော့ သူတို့နှင့် ကျွန်တော် အတော်တွဲမိသွားကြသည်။

ကျောင်းပြီးချိန်တွင် ကျွန်တော်တို့သည် ကိုမိုးဟိန်းရှိရာ အနော်ရထာလမ်းရှိ သီဟရတနာတိုက်တွင် ညနေတိုင်း ဆုံမိကြ၏။ ထို့ကြောင့် ဆရာမကြီး ဂျာနယ်ကျော်မမလေးနှင့်လည်း နေ့တိုင်းလိုလို ဆုံမိသည်။ ထိုစဉ်က ကျွန်တော်က

www.burmeseclassic.com

www.burmeseclassic.com

မိုးဝေမဂ္ဂဇင်းတွင် "ဟိန်းလတ် ကလောင်အမည်နှင့် စာတွေ တော်တော် ရေးဖြစ်နေပြီ။ ကိုမိုးဟိန်းကတော့ ဟိုဟာရေးမယ် ဒီဟာရေးမယ်နှင့် လက်တွေ့ ဘာမှမရေးဖြစ်သေး။ ကိုမိုးဟိန်း၏အစ်ကို ကိုသိန်းတန်ကတော့ စာတွေ အတော် ရေးပြီးနေပြီ။ သူ့ရေးသော အိမ်ပြေးဝတ္ထုတွေက ကျွန်တော်တို့ လူငယ်တွေကို တော်တော် လွှမ်းမိုးခြင်းသက်ရောက်သည်။ အစ်မကြီး ဒေါ်ခင်လေးမြင့်ကတော့ ပြင်သစ်ဘာသာမှ တိုက်ရိုက်မြန်မာပြန်သော "မင်းသားလေး" ဝတ္ထုဖြင့် တော်တော် နာမည်ကြီးနေပြီ။

ဆရာ ဂျာနယ်ကျော် ဦးချစ်မောင်ကို ကျွန်တော် မမီလိုက်။ သို့သော် ဆရာ ဦးချစ်မောင်၏ဇနီး ဆရာမကြီး ဂျာနယ်ကျော်မမလေးရော သူတို့ သားသမီးတွေ ဖြစ်ကြသော ဒေါ်ခင်လေးမြင့်၊ ဦးသိန်းတန်၊ ဦးမိုးဟိန်းတို့နှင့် အတော် ရင်းရင်းနှီးနှီး ခင်မင်ခွင့်ရ၍ ဤလိုမိသားစု အသိုင်းအဝိုင်းကို သိကျွမ်းခွင့်ရ၍ အလွန်ပင် ဂုဏ်ယူမိသည်။

ဆရာဂျာနယ်ကျော် ဦးချစ်မောင်ကို လူချင်း မသိကျွမ်းမိသော်လည်း ဆရာ "ရွှေလင်းယုန်" ကလောင်အမည်နှင့် ရေးသော "သူ" ဝတ္ထုမှစ၍ စွဲလမ်းနှစ်ခြိုက်မိသည်။ "သူ" ဝတ္ထုထဲမှ ဇာတ်လိုက် "ဒေါက်တာမြင့်မောင်" သည် ကျွန်တော်တို့အတွက် စံပြဇာတ်ကောင်ပင် ဖြစ်သည်။ နောင်အခါ "တရုတ်ပြည်သူ့သမ္မတနိုင်ငံ" မှ "ခြေဗလာဆရာဝန်များ" (Barefort Doctors) အကြောင်းများ ဖတ်ရသောအခါ "ဒေါက်တာရွှိုက်ဇာ"တို့ "ဒေါက်တာနော်မန် ဗက်အွန်း"တို့ အကြောင်းများ ဖတ်ရသောအခါ ဆရာ၏ "ဒေါက်တာမြင့်မောင်" ကို ပိုသတိရမိသည်။ ဆရာ၏ "သူ" ဝတ္ထုကို ရုပ်ရှင်ပြန်ရိုက်သောအခါတွင်လည်း စာရေးဆရာ ဆရာဝန် "မောင်သင်" ၏ သရုပ်ဆောင် ပီပြင်မှုများသည် "ဒေါက်တာမြင့်မောင်"၏ ရုပ်လုံးကို ပိုပီသလာ၏။

ဆရာ ဂျာနယ်ကျော် ဦးချစ်မောင် အကြောင်းကို ပိုသိရ၊ ပိုလေးစားရသော စာအုပ်ကတော့ ဆရာမကြီး ဂျာနယ်ကျော် မမလေး၏ 'သူလိုလူ' စာအုပ်ကျမှ ဖြစ်သည်။ ဆရာမကြီး၏ အရေးအသားကြောင့် ဆရာဦးချစ်မောင်၏ ရုပ်လုံးက ပိုပြီး ကြွလာသည်။ လွတ်လပ်ရေး ကြိုးပမ်းမှုကာလ တစ်လျှောက်တွင် နယ်ချဲ့ဗြိတိသျှတို့အား ကလောင်လက်နက်ဖြင့် ပြတ်သားရဲရင့်စွာ တိုက်ခိုက်ခဲ့သော စာရေးဆရာ၊ သတင်းစာဆရာ၊ နိုင်ငံရေးသမား ဦးချစ်မောင်သည် ဘက်စုံ စံနမူနာ ယူအပ်သော ရှားမှရှားသည့် ပုဂ္ဂိုလ်ထူးပုဂ္ဂိုလ်မြတ် ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com

ဆရာဦးချစ်မောင်က ငယ်စဉ်က ဆရာဝန်ဖြစ်ချင်သည်။ "သို့သော် နောက်ပိုင်းတွင် မကျေနပ်ဖွယ်ရာ အပြုအမူမျိုးကို ပြုပြင်ရန် အကောင်းဆုံး အလုပ်မှာ အယ်ဒီတာအလုပ်ဖြစ်ကြောင်း သဘောပေါက်၍ ကိုယ်တိုင်အယ်ဒီတာ အဖြစ် နိုင်ငံရေး ဆောင်ရွက်ရန် စိတ်ကူးမိလာလေပြီ" ဟု နေ့စဉ်မှတ်တမ်း ရေးကာ သတင်းစာလောကသို့ ရောက်လာသည်ဟု သိရ၏။ ဆရာဦးချစ်မောင်က မြန်မာ့အလင်းသတင်းစာကို စတင်၍ အယ်ဒီတာလုပ်၏။ ထို့နောက် ဂျာနယ်ကျော် ဖြစ်လာမည်။ သတင်းစာဆရာအနေဖြင့် ဦးချစ်မောင်၏ အရည်အချင်းမှာ နိုင်ငံရေးကို ကြိုတင်ဟောကိန်းထုတ်နိုင်ခြင်း ဖြစ်သည်။ ဦးချစ်မောင်က အမှန်တရားနှင့် ပတ်သက်၍ မည်သူ့ကိုမှ မငဲ့။ လက်ရှိအစိုးရပင် ဖြစ်စေ ပြည်သူ၏ လိုလားချက်ကို သူက ရဲရဲဝံ့ဝံ့ တင်ပြတတ်သည်။ ပြည်သူ့ဝေဒနာသည် သူ့ဝေဒနာပင် ဖြစ်သည်။ ပြည်သူ၏ လိုလားတောင့်တမှုကို သူက သတင်းစာက တောင်းဆိုပေးတတ်သည်။ ဆရာ ဦးချစ်မောင် အယ်ဒီတာအဖြစ် ဖြတ်သန်းရသော ကာလများမှာ နိုင်ငံအတွက် အလွန်အရေးကြီးသော အချိန်ဖြစ်၏။ ထို့ကြောင့် ဦးချစ်မောင်၏ သတင်းစာဆရာ အနေဖြင့် ကလောင်ကို အသုံးချခြင်းသည် အလွန်ပင် လေးနက်တန်ဖိုးရှိလှသည်။ အထူးသဖြင့် ပြည်သူလူထုကို နိုင်ငံရေးအသိပညာ လှုံ့ဆော်ပေး၊ မျက်လုံးဖွင့်ပေးပြီး မြန်မာတွေ နိုးကြားလာရန် သတင်းစာပညာဖြင့် အလံကုန်ရွက်ခို အသုံးချခဲ့၏။ နိုင်ငံရေး၊ စစ်ရေး၊ လူမှုရေး စသည့် သတင်းများကို ဝေဖန်ရေးသားရာတွင် ဦးချစ်မောင်၏ လက်သံက အလွန်ပြောင်၏။ မြန်မာပြည်၏ နိုင်ငံရေး လှုပ်ရှားမှုများနှင့် ပတ်သက်ပြီး လက်ညှိုးခန်း၊ မျက်လုံးခန်း၊ ပေးစာအခန်း မေးပါရစေအခန်း စသည့် အခန်းများ ဖွင့်လှစ်ကာ စကားလုံးပြောင်ပြောင်ဖြင့် တင်ပြထားသည်မှာ ဦးချစ်မောင်၏ အရည်အသွေးတစ်ခု ဖြစ်၏။

မြန်မာ့သမိုင်းတွင် ချန်လှပ်၍ မရပေ။ သတင်းစာလှုပ်ရှားမှု အနေဖြင့် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလအဖွဲ့ကြီး ပြည်လုံးကျွတ်ညီလာခံ ကျင်းပသည်ကို ပြည်သူလူထု လမ်းမှာ မရောက်စေရန် ဂျာနယ်ကျော်က တင်ဆက်မှုမှာ အရေးပါလှ၏။ အထူးသဖြင့် ဖဆပလနှင့် ပြည်သူတို့ကို တစ်သားတည်း ဖြစ်အောင် ပေါင်းစည်းပေးနိုင်သော တာဝန်ကို ဦးချစ်မောင်က ကျေပွန်စွာ ထမ်းဆောင်ခဲ့သည်။ ထို့ကြောင့် ဆရာကြီး သခင်

www.burmeseclassic.com

www.burmeseclassic.com

ကိုယ်တော်မှိုင်းကပင် မေတ္တာစာ လေးချိုးကြွေးတစ်ပုဒ် ရေးပြီး ချီးကျူးဂုဏ်ပြုဖူးသည်။

"ပိုင်ပိုင်နိုင်နိုင် အပြိုင်ကြရ နွဲ့ရမည့်၊ ဒီပွဲ သည်အခါနှယ် ပေါသဖြင့် ဂျာနယ်ကျော် တစ်ဗိုလ်ကဲ့သို့ အိုဘယ်ဆိုမယ့် တပည့်ဖြစ်သူ 'ချစ်မောင်'သို့..."

ဆရာ ဦးချစ်မောင်သည် အစိုးရမှအစ မတရားမှုများကို ရဲရဲဝံ့ဝံ့ မထောက်မညာ ဝေဖန်ထိုးနှက်သည့် နေရာတွင် ပြတ်သားသလောက်ပင် ကိုယ်စရိုက်ကမူ အလွန်ရိုးသား အလွန်အားနာတတ်သည်။ အိတ်ကို ခါးပိုက်နှိုက်နေမှန်း သိပါလျက်နှင့် ခါးပိုက်နှိုက်ကို အားနာ၍ သိသိကြီး ခါးပိုက်အနှိုက်ခံခဲ့သည့် အကြောင်း၊ အိမ်မှာ မုန့်လေပွေ ဝယ်လာပြီး စားရာ၌ပင် မုန့်လေပွေစားသံကြောင့် အိမ်သားတွေ နိုးမှာစိုး၍ မီးဖိုချောင်တွင် အသံမမြည်အောင် ခိုးကြောင်ခိုးဝှက် စာ.ပုံတို့ကို 'သူလိုလူ'တွင် ဖတ်ရသည်။

ဆရာဦးချစ်မောင်၏ ရိုးသားမှု၊ အားနာတတ်မှုတို့ကို 'သူလိုလူ'တွင် ဖတ်ပြီး၊ ကျွန်တော် ဆရာ့သား ကိုမိုးဟိန်းကို ပိုသတိရမိသည်။ ကိုမိုးဟိန်းက ဆဲပင်တွေ မဖြီးမသင်၊ အင်္ကျီလုံချည်တွေ အမြဲတွန့်ကြေမွလျက် ဖြစ်သလို နေတတ်သည်။ ပေါင်းသင်းသမျှ လူတကာကို ညှာတာလွန်း၊ အားနာလွန်းသည်။ တစ်ခါက မိတ်ဆွေတစ်ဦးက သူ့ကို ကျောက်ရောင်စုံတွေ ရောင်းရန် အပ်သွား၏။ သူက တိုက်ပုံအင်္ကျီအိတ်ထဲ ထည့်ထားသည်။ သူ့တိုက်ပုံအင်္ကျီအိတ်က ပေါက်နေသည်။ ထို့ကြောင့် ထိုကျောက်ထုပ် ဘယ်နေရာ ကျသွားမှန်းမသိလျက် သွားသည်။ ကျောက်ထုပ် အပ်သွားသော မိတ်ဆွေက သူ့ကို အလျော်တောင်း၏။ တကယ်တမ်း တန်ဖေးမဟုတ်သော ဈေးမျိုးတွေ ပါးစပ်ထဲရှိရာ ပြောတောင်းရာ သူကလည်း သုံးလေးနှစ်စာ လစာ အပြုတ်ခံပြီး အလျော်ပေးခဲ့သည်။ လူလတ်ပိုင်းတုန်းက စာရေးပျင်းခဲ့သော ကိုမိုးဟိန်းက အသက်ငါးဆယ်ကျော်ပိုင်းကျမှ စာတွေ ဟောတစ်ပုဒ် ဟောတစ်ပုဒ် စက်နှင့်လှည့်လိုက်သလို ရေးခဲ့သည်။ အထူးသဖြင့် လေးနက်သော ဒဿနနှင့် ရသခံစားမှုများပါသည့် သူ၏ အင်္ဂလိပ်ဘာသာဖြင့် ရေးသော ကဗျာများမှာ အလွန်ပင် တန်ဖိုးရှိသည်။ ရာသက်ပန် သတ်သတ်လွတ် စားကာ ဘာသာရေးအသိကို ကွယ်လွန်ချိန်အထိ သတိမပြတ် ကပ်သွားခဲ့သူလည်း ဖြစ်၏။ ကင်ဆာရောဂါကို သတိအသိဖြင့် မတုန်မလှုပ် ရင်ဆိုင်ရင်း သေခြင်းတရားကို သာမာန်

www.burmeseclassic.com

www.burmeseclassic.com

ကောင်းကောင်းဖြင့် ကြိုတင်၍ စာရေးသားသွားရဲသည့် ပါရမီရှင်ကြီးလည်း ဖြစ်၏။

ဆရာဂျာနယ်ကျော် ဦးချစ်မောင်၏ ဘဝသည်လည်းကောင်း၊ စာရေးဆရာ၊ သတင်းစာဆရာ လှုပ်ရှားမှုသည် လည်းကောင်း ကျွန်တော့်အတွက် စံပြအတုယူစရာတွေ မကုန်မခန်းနိုင်ပင် ရှိသည်။ မှတ်မှတ်ရရ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကျေးဇူးတစ်ခုကိုကား ဤနေရာတွင် မပြောမဖြစ် ပြောလိုပါသေးသည်။ ၁၉၇၀ ခုနှစ်တွင် ကျွန်တော် ဘွဲ့ရပြီးနောက် စာကြည့်တိုက်ပညာ ဒီပလိုမာဘွဲ့လွန် သင်တန်း တက်ရောက်ရန် လျှောက်လွှာတင်သည်။

ဤသင်တန်းသည် မြန်မာပြည်တွင် ပထမဆုံး ဖွင့်လှစ်သော စာကြည့်တိုက်ပညာသင်တန်း ဖြစ်သည်။ စာဖတ်ခြင်းကို ဝါသနာပါပြီး စာကောင်းပေသန့်များကို အများပြည်သူ ဖတ်ရှုနိုင်ရန် လုပ်ဆောင်ပေးရေးတွင် စာကြည့်တိုက်ကဏ္ဍက အလွန်အရေးကြီးသည်။ ထို့ကြောင့် စာကြည့်တိုက်မှူးအဖြစ် ပြည်သူ့တာဝန် ထမ်းဆောင်နိုင်သော ကျွန်တော့်အဖို့ ဤသင်တန်းတက်ခွင့်ရရေးက သေရေးရှင်ရေးပင် ဖြစ်သည်။ ဤသင်တန်း တက်ရောက်ခွင့်ရရန် မဟာဝိဇ္ဇာသိပ္ပံ တက်ရောက်နိုင်ခွင့် အမှတ်မှိရမည့် အပြင် ရေးဖြေစာမေးပွဲနှင့် နှုတ်ဖြေစာမေးပွဲလည်း ဝင်ဖြေပြီး အောင်မြင်ရဦးမည် ဖြစ်သည်။ လျှောက်ထားသူဦးရေ ၂၀၀ ကျော်ထဲမှ သင်တန်းသား ၂၀ သာ ရွေးချယ်မည်ဖြစ်၍ အသည်းအသန် ကြိုးစားဖို့လည်း လိုသေးသည်။

ရေးဖြေစာမေးပွဲတွင် ကျွန်တော် ကောင်းစွာ ဖြေနိုင်သည်က "ဂျာနယ်ကျော် ဦးချစ်မောင်"၏ ကျေးဇူးပင် ဖြစ်မည်ဟု ဆိုလျှင် လွန်အံ့မထင်။ စာမေးပွဲမေးခွန်းတွင် "သင်အနှစ်သက်ဆုံး စာအုပ်တစ်အုပ်နှင့် သင် အလေးစားဆုံး ပုဂ္ဂိုလ်အကြောင်း" ရေးပါဆိုသော မေးခွန်းပါ၏။ ကျွန်တော်က ဆရာမကြီး "ဂျာနယ်ကျော်မမလေး"၏ "သူလိုလူ" စာအုပ်နှင့် ဆရာဂျာနယ်ကျော် ဦးချစ်မောင်တို့ အကြောင်း တကယ်ပင် အားရပါးရ ဖြေချလိုက်သည်။ "အားရပါးရ ဆိုသော စကားမှာ တင်စားပြောဆိုခြင်း မဟုတ်။

"သူလိုလူ" စာအုပ်ကို ကျွန်တော် ဘယ်နှစ်ကြိမ် ဘယ်နှစ်ခါ ဖတ်ခဲ့သည်မသိ။ စာပိုဒ်တော်တော်များများကို အလွတ်ရမိနေသည်။ အလွတ်ရနေသော စာပိုဒ်များကို ချရေးသော "ဂျာနယ်ကျော် ဦးချစ်မောင်" ကို ဘာကြောင့် ကြည်ညိုလေးစားမိသည်ကို ရေးလိုက်မိသည်။

www.burmeseclassic.com

www.burmeseclassic.com

ရေးဖြေစာမေးပွဲ အောင်မြင်ပြီးတော့ လူတွေ့ အင်တာဗျူး ဖြေရမည်။ အင်တာဗျူးလုပ်မည့် ဆရာကြီးတွေက နှယ်နှယ်ရရ ပုဂ္ဂိုလ်ကြီးတွေ မဟုတ်။ ဆရာဦးသိန်းဟန် (ဆရာဇော်ဂျီ) ဆရာဦးသန်းထွတ် (တိုက်စိုး) ဆရာ ဦးကျော်ဆွေ (မင်းကျော်)၊ ဆရာဦးမောင်မောင် (စိုးရိန်)နှင့် ဆရာ ဦးသော်ကောင်းတို့ ဖြစ်ကြသည်။

"ခင်ဗျားက ကိုချစ်မောင်ကို တော်တော် အားကျတယ် ထင်တယ်။ ရေးဖြေစာမေးပွဲမှာ ကိုချစ်မောင်အကြောင်း ရေးလိုက်တာ ညွှန့်လို့ပါပဲလား"

ဆရာဇော်ဂျီက ထိုသို့ မှတ်ချက်ချပြီး ဆရာတိုက်စိုးကမူ "ကိုချစ်မောင်နဲ့ ပတ်သက်ပြီး အကိုးအကားတွေက အတိအကျပါပဲလား။ ခင်ဗျား ဒီစာအုပ် တော်တော်ဖတ်ထားတယ်နဲ့ တူတယ်"ဟု ချီးကျူးသည်။

ဆရာ မင်းကျော်ရော၊ ဆရာ ဦးသော်ကောင်းတို့ကပါ ကျွန်တော့် ဘ့ကြောင့် ဂျာနယ်ကျော် ဦးချစ်မောင်ကို အားကျသလဲ ဆိုတာတွေ မေးလို့ ကျွန်တော်ကလည်း သူ့တို့ အားရကျေနပ်သည်အထိ ပြည့်ပြည့်စုံစုံ ဖြေနိုင်ခဲ့သည်။

တစ်ခုထူးခြားသည်မှာ ကျွန်တော့်အင်တာဗျူးသည့် အစမှာအဆုံး "ဆရာ ဂျာနယ်ကျော် ဦးချစ်မောင်"အကြောင်းနှင့်သာ ပြီးသွားသည်။ တခြား ဘာ အကြောင်းမှ မဖြေရတော့"

"အေးဗျာ။ တော်လောက်ပါပြီ။ ခင်ဗျားလည်း အရွယ်ရောက်လာရင် ကိုချစ်မောင်လို ဖြစ်အောင် ကြိုးစားပေါ့။ စာကြည့်တိုက်ပညာ သင်တန်းထဲ အတည်ပြုလိုက်ပါပြီ"ဟု ဆရာဇော်ဂျီက နောက်ဆုံးပြောသည်။ ကျွန်တော်လည်း ဆရာတွေအားလုံးကို လက်စုံမိုး ရှိခိုးဦးတင်ပြီး ပြန်ခဲ့သည်။

ဆရာဇော်ဂျီ၏ ဆုပေးစကားကို ယခုတိုင် ကျွန်တော် ကြားယောင်မိနေဆဲ။

ဆရာ ဦးချစ်မောင် ကွယ်လွန်ချိန်တွင် ဆရာ့ အသက်က ၃၄ နှစ်သာ ရှိသေးသည်။ အသက်အရွယ်နှင့် မမျှအောင် တိုင်းပြည်ချစ်စိတ်နှင့် တိုင်းပြည် အရေး ဦးစားပေးမှုမှာ ကြီးကျယ်လှသည်။ ကျွန်တော် စာပေနယ်နှင့် စာနယ်ဇင်း လောကတွင် ကျင်လည်ခဲ့သည်မှာ အချိန်အတော်ကြာပြီ။ ယခုသော်လည်း ၆၀ စွန်းနေပြီ။ ဆရာဇော်ဂျီပေးခဲ့သော "ကိုချစ်မောင်လို ဖြစ်အောင် ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com

ပေါ့"ဆိုသော ဆုတောင်းကား ပြည့်ဖို့ဝေးစွ။ ဆရာ ဂျာနယ်ကျော် ဦးချစ်မောင်နှင့် နှိုင်းလျှင် မြင်းမိုရ်တောင်နှင့် ဆီ.စေ့မျှပင် ရှိမည်မဟုတ်။ ထိုသို့ အမှန်တရားကို ဆင်ခြင်မိလေ ဆရာဂျာနယ်ကျော် ဦးချစ်မောင်ကို ကြည်ညိုမှုတွေ အဆရာထောင်မက တိုးပွားလာလေပင်။

ဟိန်းလတ်

❐

www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်ကျော် ဦးချစ်မောင်ထံမှ ရခဲ့သော လက်ဆောင်မွန်များ

ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်သော ၁၉၄၅ ခုနှစ်တွင် ကျွန်တော်မှာ ၅ နှစ်သားအရွယ်မျှသာ ရှိပါသေးသည်။ သို့ဆိုလျှင် ဤဆောင်းပါးခေါင်းစဉ်မှာ ဖော်ပြထားသလို ဂျာနယ်ကျော် ဦးချစ်မောင်ထံမှ လက်ဆောင်ရသည် ဆိုသည်မှာ ဖြစ်နိုင်ပါ့မလားဟု မေးစရာ ရှိပါသည်။

မှန်ပါသည်။ ထိုပုဂ္ဂိုလ်ကြီးကို ကျွန်တော် မြင်ပင် မမြင်ဖူးပါ။ နောက်မှ စာအုပ်တွေထဲက ဓာတ်ပုံကို မြင်ဖူးခြင်း ဖြစ်ပါသည်။ သို့သော် ထိုပုဂ္ဂိုလ်ကြီးထားရစ်ခဲ့သော မွန်မြတ်သည့် လက်ဆောင်ကောင်းများကို ကျွန်တော် ရလိုက်သည်ကတော့ အမှန်ဖြစ်ပါသည်။

ကျွန်တော်တို့ မိသားစု ရန်ကုန်ရောက်လာသည်။ ၁၉၅၀ ဝန်းကျင်ကာလ ကျွန်တော့် အသက် ၁၀ နှစ် ၁၁ နှစ်လောက်မှာ စာဖတ်ရှိန်ကောင်းစဝတ္ထုတွေကို ထမင်းမေ့ဟင်းမေ့ဖတ်ခွင့် ကြုံရပါသည်။ ထိုအချိန်မှာ 'သူ' ဝတ္ထုကြီးကို တရှိုက်မက်မက် ဖတ်လိုက်ရပါသည်။ ဝတ္ထုရေးဆရာကို စာအုပ်မှာပါသည့်အတိုင်း 'ရွှေလင်းယုန်'ဟုသာ သိပါသေးသည်။ ဂျာနယ်ကျော် ဦးချစ်မောင်၏ ကလောင်အမည်မှန်း မသိသေးပါ။ အိမ်နီးချင်း အစ်ကိုတော် တစ်ယောက်ဆီက ငှားဖတ်သော 'သူ'ကို မပြီးမချင်း လက်ကမချနိုင် ဖြစ်ခဲ့သည်ကို မှတ်မိနေပါသည်။ အထူးသဖြင့် ဆရာဝန် ကိုမြင့်မောင်နှင့် လဲ့လဲ့ကို

www.burmeseclassic.com

www.burmeseclassic.com

ရင်ထဲမှာ စွဲသွားသည်။ သူတို့လူပ်ရှားပုံ၊ ပြုမူပုံတွေကို မျက်စိထဲမှာ ဓာတ်ပုံရိုက်ထားသလို မြင်ယောင်နေသည်။ ဓာတ်လမ်းကလည်း သွက်လက်လူပ်ရှားသော ဖြစ်ရပ်များနှင့် ဆွဲဆောင်အားကောင်းသည်။ ဓာတ်လမ်း ခေါ်ဆောင်ရာသို့ လိုက်ပါရင်း ကိုမြင့်မောင်နှင့် လဲ့လဲ့ကို စိတ်ထဲမှာ လေးစားခင်မင်သွားသည်။ ကိုမြင့်မောင်၏ အစွမ်းကုန် အနစ်နာခံနိုင်သောစိတ်၊ အများအကျိုးကို ကိုယ်ကျိုးမငဲ့ဘဲ ဆောင်ရွက်လိုသောစိတ်၊ သည်းခံခွင့်လွှတ်သောစိတ်တို့သည် လေးစားကြည်ညိုစရာ ဂုဏ်ရည်အဖြစ် ပေါင်းဖွဲ့၍ ကျွန်တော့် နှလုံးသားထဲသို့ တစ်ထောင့်မှ ဝင်သွားသလို လဲ့လဲ့၏ တည်ကြည်ဖြောင့်မတ်သောစိတ်၊ မတရားမှုကို ရွံမုန်းသောစိတ်၊ တကယ့်တန်ဖိုးကို သိသောစိတ်၊ မိမိ၏ မျှတသော ဆုံးဖြတ်ချက်အတိုင်း ရဲရဲဝံ့ဝံ့ရင်ဆိုင်သောစိတ်၊ တည်ကြည်သော မေတ္တာ၊ ကရုဏာ စိတ်တို့သည်လည်း လေးစားကြည်ညိုစရာ ဂုဏ်ရည်အဖြစ် ပေါင်းဖွဲ့၍ ကျွန်တော့်နှလုံးသားထဲသို့ အခြားတစ်ထောင့်မှ ဝင်သွားပါပြီ။ ဤသို့ လေးစားကြည်ညိုထိုက်သူကို လေးစားကြည်ညိုသော စိတ်ကောင်းစိတ်မြတ်သည် ဂျာနယ်ကျော် ဦးချစ်မောင်ထံမှ ကျွန်တော်ရသော လက်ဆောင်မွန်တစ်ခု ဖြစ်ပါသည်။ ဆယ်ကျော်သက်အရွယ် နုနယ်သော နှလုံးသားမှ စွဲထင်သော ခံစားမှုဖြစ်၍ တစ်သက်လုံး စွဲမြဲနေပါသည်။

ကိုမြင့်မောင်လို လောကမှာ တကယ်မရှိနိုင်သော စိတ်ကူးယဉ် ဓာတ်ဆောင်ဟု ဘယ်သူတွေက ဘယ်သို့ဆိုစေ၊ ထိုအဆိုများသည် ကျွန်တော်၏ မူလခံယူချက်ကို ထိပါးလွှမ်းမိုးနိုင်စွမ်း မရှိပါ။ ယခုတိုင် ထိုလက်ဆောင်ကို လေးစားတန်ဖိုးထားနေဆဲ ဖြစ်ပါသည်။

ပြောရပါဦးမည်။ ကျွန်တော့်အာရုံထဲမှာ စွဲထင်နေသော ကိုမြင့်မောင်နှင့် လဲ့လဲ့တို့၏ ရုပ်ပုံလွှာမှသည် 'သူ'ကို ရုပ်ရှင်ရိုက်သောအခါ မင်းသားမောင်သင်နှင့် မင်းသမီး စံရှားတင်တို့၏ ရုပ်ပုံလွှာများကပါ အားဖြည့်ပေးလိုက်သည့် အတွက် ပို၍ပင် အလုံးအထည် ပေါ်လာရပါသည်။

'သူ'ကို ဖတ်ပြီး ၂ နှစ်အကြာ 'ကျွန်တော့်အသက် ၁၇ နှစ်မှာ 'သူလို လူ'ကို ဖတ်ရသည်။ 'သူ'ကို ဖတ်ရစဉ်ကကဲ့သို့ပင် ထမင်းမေ့ဟင်းမေ့ လက်ကမချတမ်း ဖတ်မိသည်။ 'သူ'ထဲက ကိုမြင့်မောင်နှင့် လဲ့လဲ့တို့ ပုံပေါ်သလို သူလိုလူထဲက ဦးချစ်မောင်နှင့် ဒေါ်မမလေးသည်လည်း စိတ်ထဲမှာ အသေးစိတ် ပုံပေါ်လာသည်။ လူပုဂ္ဂိုလ်အနေဖြင့် တည်ကြည်ဖြောင့်မတ်ပြီး အလွန်

www.burmeseclassic.com

www.burmeseclassic.com

ရုက်ကြောက် အားနာငဲ့ညှာတတ်သူ၊ စာဖတ်နာပြီး အသိအမြင် အတွေးအခေါ် စူးရှထက်မြက်သော သတင်းစာဆရာ၊ စာရေးဆရာ၊ လွတ်လပ်ရေး ကြိုးပမ်းမှု ဆိုင်ရာ လှုပ်ရှားမှုများတွင် နောက်ကွယ်က လှုံ့ဆော်ကွပ်ကဲသူ မိသားစုအတွက် ခင်ပွန်းကောင်း၊ ဖခင်ကောင်းစသည့် ဂုဏ်ရည်များ ဖြင့် ရုပ်လုံးကြွနေသော ဂျာနယ်ကျော် ဦးချစ်မောင်နှင့်အတူ ထက်မြက်သော ပါရမီဖြည့်ဘက် ဇနီးကောင်း၊ သားသမီးများကို ပျိုးထောင်ပေးသော မိခင်ကောင်းအဖြစ် ဂျာနယ်ကျော် ဒေါ်မမလေးမှာလည်း ရုပ်လုံးကြွနေပါသည်။

ဒဂုံပဉ္စရင် နန်းစွန့်သည့်သတင်းကို သတင်းစာထဲသို့ ဦးဦးဖျားဖျား ထည့်သည်ကို ထည့်ရကောင်းလားဟု ခေါင်းခြိမ်းသော အင်္ဂလိပ် အတွင်းဝန် ချုပ်ကြီးကို တင်းတင်းမာမာ ပြန်ပြောခဲ့သော ဦးချစ်မောင်၏ သတင်းစာ ဆရာသတ္တိကို လေးစားအားကျဖွယ် ဖတ်ရသည်။ အသက် ၃၀ ဝန်းကျင်တွင် သူဖတ်ပြီးသော စာအုပ်အရေအတွက် တစ်သောင်းကျော်နေပြီ ဆိုတော့ ကြက်သီး ထသွားသည်။

ခင်ပွန်းက ရောဂါဝေဒနာ အပြင်းအထန် ခံစားနေစဉ် ဇနီးက မျက်နှာ ချင်းအပ်၍ ပရိတ်ရွတ်ပေးနေဆဲမှာ ခင်ပွန်းသည် အသက်ထွက်သွားသောအခါ နာကျင်ခံစားရပုံကို 'သူလိုလူ'မှာ ဆရာမကြီး သရုပ်ဖော်ထားပုံက ထိထိခိုက် ခိုက် ရှိလှပါသည်။ ဤသို့ ဖြစ်ပါသည်။

> "သံပတ်ကုန် တင်းရစ်ထားသည်ကို လက်လွတ်ပစ်လိုက်၍ အခွေ အပတ်တွေ တစ်ခွေနှင့်တစ်ခွေ ရိုက်ပြီး တစ်ရှိန်ထိုး ပြေးထွက်သွားသလို အသက်ထွက်သွားသည်နှင့် တစ်ပြိုင်နက် တစ်လျှောက်လုံး တင်းထား သည့် စိတ်များလည်း တအားလျော့ကျသွားကာ ရင်ထဲ၌ ထိမိခိုက်မိ နာကျင်လှမိသည့် ဒဏ်နှင့်တကွ သူ့ရင်ခွင်ထဲသို့ ဇက်ကျိုးကျသွားလေ သည်"

ကျန်ရစ်ရှာသူ၏ နာကျင်ခံစားမှုကို ကွင်းကွင်းကွက်ကွက် သရုပ်ဖော် ထားခြင်း ဖြစ်ပါသည်။ သတင်းစာဆရာကြီး၏ ဘဝနိဂုံး မြင်ကွင်းကို စိတ် ထဲမှာ စွဲနေပါသည်။

'သူလိုလူ'သည် စာအုပ်အဖွင့်မှ ရည်ညွှန်းချက်ကလေးကလည်း အဓိ ပ္ပာယ်လေးနက်လှပါသည်။ 'မယ့်လင်သူမြတ်၊ ယောကျ်ားထွတ်ကား၊ မည်မှတ် လင်သာ၊ မဟုတ်စွာတည်း၊ လိမ္မာပဲ့ပြင်၊ သင်စပေသည်၊ ဆရာမည်၏။ လင်ရည် ကောင်းဘိ၊ ပညာရှိနှင့်၊ ပေါင်းမိတော်လှ၊ ရွှေထက်ပြသို့၊ နှမအင်္ဂဖြိုး၊ တုမ်မိုး

www.burmeseclassic.com

www.burmeseclassic.com

ရှင့်၊ ဟူ၍ ဖြစ်သည်။ ရှင်မဟာရဋ္ဌသာရသည် စတုဓမ္မသာရ ကိုးခန်းပျို့မှ ပုဏ္ဏေးမကြီးက သူ့ခင်ပွန်း ပုဏ္ဏားကြီး၏ ဂုဏ်ကိုဖော်ကျူးသောအဖွဲ့ ဖြစ်သည်။ ဆရာမကြီး ဂျာနယ်ကျော် မမလေးသည် ကွယ်လွန်သွားသော ခင်ပွန်းဖြစ်သူ ဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်ကို မိမိအား လိမ္မာအောင် ပဲ့ပြင်သင်ကြားပေးသော ဆရာဟု ဆိုအပ်သော လင်ယောကျ်ားအဖြစ် လေးစားမြတ်နိုးစွာ ဤအဖွဲ့ကလေးဖြင့် ဖော်ကျူးလိုက်ခြင်း ဖြစ်ပါသည်။ လူလည်းမမြင်ဖူးမီကကပင် ကိုးခန်းပျို့စသော မြန်မာပျို့ကဗျာများကို ခင်ပွန်းဖြစ်လာမည့်သူက မိမိအား စာဖြင့် သင်ကြားပို့ချပေးခဲ့သော ဖြစ်ရပ်ကလေးကစ၍ ဆရာမကြီးစိတ်ထဲမှာ အမှတ်ထင်ထင် ရှိနေရာလိမ့်မည်ဟု တွေးမိပါသည်။

ဆရာမကြီး ပုံဖော်ပေးသော ဆရာကြီး ဦးချစ်မောင်၏ ကိုယ်နှုတ်နှလုံး အမူအရာတို့ကို မြင်ယောင်ကြားယောင်လာရပြီး အစားထိုးမရနိုင်သော ပုဂ္ဂိုလ်တစ်ဦး၏ ကြည်ညိုလေးစားဖွယ် စိတ်ဓာတ်နှင့် ဆောင်ရွက်ချက်များကို တစိမ့်စိမ့် ကြည်ညိုလေးစားမှု ဖြစ်ပေါ်လာရခြင်းသည်လည်း ကျွန်တော် ရထိုက်သော လက်ဆောင်မွန်တစ်ခု ဖြစ်ပါသည်။

နောက်လက်ဆောင်တစ်ခု ရှိပါသေးသည်။ ဆရာကြီး ဦးချစ်မောင် အလွန်နှစ်သက်သော ဝတ္ထုတစ်ပုဒ် အကြောင်းကို ဆရာမကြီး ဒေါ်မမလေးက 'သူလိုလူ' ထဲမှာပင် လွမ်းစဖွယ်ဖော်ကျူးသည့်အတွက် ထိုဝတ္ထုကို ဖတ်ချင်စိတ်တွေ နိုးကြွလာရသည်နှင့်အတူ 'အကြား'နှင့်ပင် တကယ်လွမ်းမိသော 'ကွဲ'ပင် ဖြစ်ပါသည်။ ဆရာကြီးက အင်္ဂလိပ်လို ရေးထားသော 'ကွဲ'ကို ကြည့်ပြီး မြန်မာစာအုပ် ဖတ်ပြနေသလို တောက်လျှောက်ဘာသာပြန်ကာ ဆရာမကြီးကို ပြောပြသွားသည် ဆိုသည့်အတွက် ပို၍ စိတ်ဝင်စားမိပါသည်။ ဖတ်ချင်စိတ် ထက်သန်သော်လည်း စာအုပ်ကို လက်လှမ်းမမီပါ။ လက်လှမ်းမီလျှင်လည်း အပြည့်အဝ နားလည်မည် မထင်ပါ။

သို့သော် ကျွန်တော့်ဆန္ဒ ပြည့်ရသည့်အကြောင်း ပေါ်ပေါက်လာပါသည်။ ၁၉၇၅ ခုနှစ်တွင် ဆရာဦးဝင်းတင်က 'ကွဲ'ကို မြန်မာပြန်လိုက်သောကြောင့် ဖြစ်သည်။ 'ကွဲ'ကို ဖတ်ရတော့မှ သတင်းစာဆရာကြီး ဦးချစ်မောင် နှစ်သက်စွဲလမ်းသော သတင်းစာဆရာဘဝ သရုပ်ဖော် ဝတ္ထုပါကလားဟု သဘောပေါက်လာပါသည်။ ရိုးသားဖြောင့်မတ်၍ စွန့်လွှတ်အနစ်နာခံသော သတင်းစာဆရာကလေးကွဲနှင့် သွက်လက်ထက်မြက်သော အမှုန်တရားကို လေးစားသော အမျိုးသမီးကလေး ရာလီဝေလင်တို၏ ပုံရိပ်များသည် ဦးချစ်မောင်နှင့် ဒေါ်မမလေး

www.burmeseclassic.com

တို့၏ ပုံရိပ်များနှင့် တစ်သားတည်း ပေါင်းဖွဲ့သွားသကဲ့သို့ စိတ်ထဲမှာ ခံစား ရပါသည်။

ဦးချစ်မောင်နှင့် ဒေါ်မမလေးတို့၏ သားငယ် ကိုမိုးဟိန်းက ကျွန်တော် နှင့် ထီးတန်းကောလိပ် အတူတူရောက်သည်။ စာအကြောင်း ပေအကြောင်း ပြောသည်။ သူနှင့် ငယ်ငယ်ကတည်းက ခင်မင်သည်။ ကိုမိုးဟိန်းကလွဲ၍ ဂျာနယ်ကျော် မိသားစုဝင် ကျန်ပုဂ္ဂိုလ်များနှင့် ကျွန်တော် စကားမပြောဖူးပါ။ ဆရာမကြီး ဒေါ်မမလေးကိုလည်း မြင်ဖူးတွေ့ဖူးရုံသာ ရှိပါသည်။ သို့သော် 'သူ'နှင့် 'သူလိုလူ'ကို အကြောင်းပြု၍ ဂျာနယ်ကျော် မိသားစုကို စိတ်ထဲမှာ ခင်မင်ရင်းနှီးနေပါသည်။ ဆရာမကြီး မကြာခဏ ရေးလေ့ရှိသော သမီးနှင့် သားတွေအကြောင်းကိုလည်း အသေးစိတ် မှတ်မိနေပါသည်။ ဦးဝင်းတင်၏ 'ကို'မှ ဆရာမကြီး၏ အမှာအရ 'ကို'ကို ကိုမိုးဟိန်း ဘာသာပြန်ဖို့ ကြိုးစား ခဲ့ကြောင်း သိရသည်။

ကိုမိုးဟိန်းက 'ကို' အကြောင်းကို အဖြူရောင်အိပ်မက် ဆိုသော သူ့စာအုပ်ကလေးမှာ ရေးပြသည်။ အမေရိကန် ပြည်ထောင်စု၊ အိုင်အိုဝါ စီးတီးမှာ ကျင်းပသော စာပေဆွေးနွေးပွဲသို့ တက်ရောက်စဉ် 'ကို' စာအုပ်ကို အသည်းအသန် ရှာဖွေခဲ့သည့်အကြောင်း ဖြစ်သည်။ ညီဖြစ်သူက ကွန်ပျူတာ မှတစ်ဆင့် ဆက်သွယ်ရှာဖွေသည့်အတွက် 'ကို'ကို ရလာသောအခါ ကိုမိုးဟိန်း မှာ ဝမ်းသာလွန်းသည့်အတွက် 'ငါတို့အဖေကို ပြန်ခေါ်လာသလိုပါပဲကွာ' ဟု ညီကိုပြောမိကြောင်း ဖတ်ရသည့်အခါ ကိုကို ပြန်တွေ့ရ၍ ကိုမိုးဟိန်း ဝမ်းသာသလို ကျွန်တော်လည်း ဝမ်းသာသွားပါသည်။ ယခုတော့ ကိုမိုးဟိန်း လည်း ကွယ်လွန်သွားရှာပါပြီ။

ယခုဆိုလျှင် 'သူ' ဝတ္ထုလည်း အကြိမ်ကြိမ် ပြန်ထွက်ပြန်ပါပြီ။ 'သူ လိုလူ'လည်း အကြိမ်ကြိမ် ပြန်ထွက်နေပါသည်။ 'ကို'သည်လည်း ဒုတိယ အကြိမ် ပုံနှိပ်သော စာအုပ်အဖြစ် စာအုပ်ဆိုင်များမှာ နေရာယူနေပါပြီ။

သတင်းစာဆရာကြီး၊ စာရေးဆရာကြီး၊ ဂျာနယ်ကျော် ဦးချစ်မောင်ထံမှ စိတ်အလှလက်ဆောင်မွန်များကို ကျွန်တော် ရခဲ့သလို ယနေ့လူငယ်များလည်း ရပေလိမ့်မည်ဟူသော အတွေးဖြင့် ကြည်နူးနေပါသည်။

မောင်ခင်မင် (ခနုဖြူ)

www.burmeseclassic.com

www.burmeseclassic.com

မမီလိုက်သော ဂျာနယ်ကျော် ဦးချစ်မောင်ကို သိခြင်း

အရပ်ပြတ်ပြတ်၊ နဖူးကျယ်ကျယ် မျက်မှန်ထူထူ လူတစ်ယောက်က ပုံနှိပ်တိုက် မျက်နှာစာရှိ ခုံတစ်လုံးတွင် ထိုင်နေ၏။ သူ့မျက်နှာပေါ်မှာ တက်ကြွသော အပြုံးတစ်ခု။ သူက ခုံတွင်ထိုင်လိုက်၊ ထသွားပြီး အထဲဝင်လိုက်၊ ပြန်ထွက်လာပြီး ပြန်ထိုင်လိုက်ဖြင့် တစ်နေရာတည်းမှာ စွဲစွဲမြဲမြဲ မနေနိုင်အောင်ပင် သူ့ပိတ်များက သူ့ကို လှုပ်လှုပ်ရှားရှား ဖြစ်နေစေသည်။ သူ့အမည်ကက ကိုထွန်းဝင်းမြင့်ခြံတောင်သာ သား။ 'မြေလတ်သားစာပေ' အမည်ဖြင့် စာအုပ်မှ မထွက်သေးသော စာပေတိုက်တစ်ခု တည်ထောင်ထားသူ ထုတ်ဝေသူ အသစ်ကျပ်ခွတ်။

ပုံနှိပ်တိုက်အတွင်းမှ စားပွဲဝယ်တစ်လုံးတွင် စာမူပရ (Proof) များကို သဲကြီးမဲကြီး ဖတ်နေသူ တစ်ယောက်ရှိသေး၏။ သူဖတ်နေသည့် စာမူပရများထက်မှ ပုံနှိပ်စာလုံးများကို ကြည့်ရင်း ရင်ဖိုလှိုက်ခုန်နေသည့် အကြောင်းမှာ ထိုစာလုံးများသည် သူရေးထားသော ဝတ္ထုစာသားများ ဖြစ်နေသောကြောင့်ပင်။ သူသည်လည်း လုံးချင်းစာအုပ်မှ မထွက်ဖူးသေးသည့် စာရေးဆရာ အသစ်ကျပ်ခွတ်။

"ပရတွေ ထပ်ကျလာပြန်ပြီ"

စာစီခုံများရှိရာ ထပ်ခိုးမှ ကလစ်နှင့် ညှပ်ထားသော ဝါကြန်ကြန် စာရွက်ခေါက်လေးများ၊ ကြိုးဖြင့်ကျလာသည်။ ဖတ်ပြီးပြင်ပြီးသား ပရများကို ကလစ်မှာ ညှပ်၊ ကြိုးက အပေါ်တက်သွား။ အသစ်ကျလာသော ပရများကို ကလစ်မှ ဖြုတ်။ ဖတ်။

www.burmeseclassic.com

www.burmeseclassic.com

"ဒီနေ့... အလုပ်တွင်တယ်ဗျို့"

ထုတ်ဝေသူက ဟစ်ကြွေးသည်။

"ဖောင် မပိတ်သေးဘူးလား၊ ထုတ်ဝေသူကြီး"။ စာစီသမားများအသံ။

"ပိတ်မယ် ပိတ်မယ် ဆင်းခဲ့ကြလေဗျာ"

'ဖောင်ပိတ်' ဆိုသည်မှာ ပုံနှိပ်ထုတ်ဝေ လောကသားများ၏ အသုံးအနှုန်း တစ်ခု ဖြစ်သည်။ စာပေစိစစ်ရေးရုံး မတင်မီ စာအုပ်တစ်အုပ်လုံး စီရိုက်ပြီးသွားချိန်ကို ဆိုလိုသည်။ မဂ္ဂဇင်းဆိုလျှင် တစ်လတစ်ကြိမ် ဂျာနယ်ဆိုလျှင် တစ်ပတ်တစ်ကြိမ်၊ 'ဖောင်ပိတ်ပွဲ'ဆိုတာ ဆင်နွှဲလေ့ရှိသည်။ ပုံနှိပ်တိုက်ရှိ စာစီသမားများ၊ စက်ရိုက်သမားများ၊ အယ်ဒီတာများ တစ်စုတစ်ဝေးကြီး ဖောင်ပိတ်ပွဲနွှဲကြသည်။ သောက်သောက်စားစားလေးပေါ့။ အလုပ်တစ်ခု အောင်မြင်အထမြောက်သွားခြင်း အထိမ်းအမှတ် သဘောမျိုး။

ယခု မြေလတ်သားစာပေ ကိုထွန်းဝင်းကမူ နေ့တိုင်း ဖောင်ပိတ်ပါသည်။ ညနေ ၃ နာရီလောက်တွင် ပုံနှိပ်တိုက်နှင့် ကပ်လျက်ရှိသော လက်ဖက်ရည်ဆိုင်မှ လက်ဖက်ရည်နှင့် မုန့်များမှာယူကာ စာစီစက်ရိုက်သမားများကို ပြုစုလေသည်။

ပုံနှိပ်တိုက်အခန်းတွင် ဤသို့ရှိနေကြသည်။

ပုံနှိပ်တိုက်နှင့်တွဲလျက် ဟိုတယ်ခန်းမကြီးထဲမှာတော့ ဧည့်သည်များ ဝင်ထွက်မစဲ ရှိသည်။ ဧည့်သည်များမှာ လူနာများ လူနာရှင်များ ဖြစ်ပြီး သူတို့ကို တွေ့ဆုံမေးမြန်း ကုသပေးသူမှာ ဆရာမကြီး ဂျာနယ်ကျော်မမလေး ဖြစ်လေသည်။ အိုင်ကလောင် ဆရာကြီး ဆရာလှိုင်၏ နေလ မြန်မာ့ရိုးရာ ဆေးပညာဖြင့် ဆရာမကြီးက ဆေးကုပေးနေခြင်း ဖြစ်သည်။

ဆေးခန်း၏ အပြင်ဧည့်ခန်းထဲမှ ပက်လက်ကုလားထိုင်တွင် အသားဖြူဖြူ၊ ဥပဓိရုပ်ကောင်းကောင်း လူကြီးတစ်ယောက် ထိုင်နေသည်။ သူကား ဦးအောင်ဇေယျ။ ဧည့်ခန်းနှင့် ပုံနှိပ်တိုက်အကြား ခုံတစ်ခုံမှာလည်း အသားညိုညို မျက်လုံးမျက်ခုံးကောင်းကောင်း လူညိုချောဟု ဆိုရမည့် လူရွယ်တစ်ယောက် ရှိနေသည်။ သူက ကိုသိန်းတန် (နှမလက်လျှော့နေလေတော့)။ သူ့ဘေးနားမှာ ပိန်ပိန်ပါးပါး ဆံပင်ပွယောင်းယောင်း၊ စူးရှတောက်ပနေသည့် မျက်လုံးအစုံဖြင့် ကိုမိုးဟိန်း (မိုးဟိန်း သားဂျာနယ်ကျော်)။

www.burmeseclassic.com

www.burmeseclassic.com

ကိုသိန်းတန်က ပရဖတ်နေသူကို လှမ်းပြောလိုက်သည်။

"ကိုချစ်ဦးညို ခင်ဗျားရဲ့ လက်ာဒီပချစ်သူကို စက်ပရထွက်တိုင်း ကျုပ် ဖတ်တယ်။ အခုထိ ထွက်သမျှ ဖောင်တိုင်းကို ဖတ်ပြီးပြီ။ ခင်ဗျား ပွဲဦးထွက် ဒီဝတ္ထုတစ်အုပ်တည်းနဲ့ စာရေးဆရာဖြစ်ပြီလို့ ကျုပ် အတပ် ဟောလိုက်မယ်"

သူ့ကိုယ်သူ ယုံကြည်မှုအပြည့်ရှိပြီး ဘာမဆို ပြောရဲဆိုရဲ လုပ်ရဲကိုင်ရဲ ရှိသော ပွင့်လင်းပြတ်သားသည့် ယောကျ်ားသဲ ဖြစ်မယ်၊ ကိုမိုးဟိန်းက ဖတ် လက်စ အင်္ဂလိပ်စာအုပ် တစ်အုပ်၏ စာမျက်နှာအကြား လက်ညှိုးလျှိုသွင်း အမှတ်အသားပြုရင်း

"ခင်ဗျားဝတ္ထု ထွက်ပြီးရင် ဂယက်တွေ ထလာလိမ့်မယ်"ဟု ပြောသည်။

ဦးလေး ဦးအောင်ဇေယျကမူ

"စာရေးဆရာကြီး... ဘယ်လိုများ စိတ်ကူးရပြီး ဒီဝတ္ထု ရေးလိုက်ပါ လိမ့်" ဟု ချိုမြသောအပြုံးဖြင့် ပြောလေသည်။

လက်ာဒီပချစ်သူ ဝတ္ထုကို ပထမအကြိမ်အဖြစ် ၁၉၇၇ နိုဝင်ဘာလတွင် အုပ်ရေ ၂၀၀၀ ပုံနှိပ်ဖြန့်ချိခဲ့သည်။ အဖုံးပန်းချီ–ဝသုန်၊ ဘလောက်–သောင်းလှ၊ အဖုံးရိုက်–ချင်းတွင်း၊ တန်ဖိုး–တစ်ဆယ့်ခြောက်ကျပ် ယူ၍ ပုံနှိပ်မှတ်တမ်းတွင် ဖော်ပြခဲ့ပါသည်။ ပုံနှိပ်မှတ်တမ်း အောက်ခြေတွင်

"ဦးသိန်းတန် (မြ ဝဝ၁၉)၊ သီဟရတနာပုံနှိပ်တိုက်၊ ၁၄၄၊ အနော်ရထာ လမ်း ရန်ကုန်မြို့က ရိုက်နှိပ်ပြီး ဦးအောင်ဇေယျ (မြ ဝ၆ဝ၁)၊ သပြေဦး စာပေ၊ ၄၄–အနော်ရထာလမ်း၊ ရန်ကုန်မြို့က ထုတ်ဝေသည်"

ဟုလည်း ပါရှိခဲ့လေသည်။

ကျွန်တော်၏ ပထမဆုံး လုံးချင်းဝတ္ထုမှာ သို့နှယ်ပင် 'ဂျာနယ်ကျော်' မိသားစု၏ ရင်ငွေ့ကို လှုံခွင့်ရခဲ့သည်ဟု ဆိုရပါမည်။

ဦးအောင်ဇေယျ ဂျာနယ်ကျော်မမလေး၊ ကိုသိန်းတန် ကိုမိုးဟိန်း။ ဂျာနယ် ကျော်မိသားစု။

လက်ာဒီပချစ်သူ ဝတ္ထုထွက်ချိန်တွင် ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်ခဲ့သည်မှာ ၃၂ နှစ် ရှိချေပြီ။ ဂျာနယ်ကျော် ဦးချစ်မောင် ကွယ်လွန်သည့် နှစ် (၁၉၄၅) တွင် ကျွန်တော် လူ့လောကထဲသို့ ဝင်မရောက်သေး။ သို့သော်

www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်ကျော် ဦးချစ်မောင်၏ 'ဓာတ်'က ဂျာနယ်ကျော် မိသားစုတွင် လွင့်ပြယ်ပျောက်ပျက်ခြင်းမရှိပဲ အမြဲထာဝရ 'စီး'နေသည်။ ယုတ္တိဗေဒနည်းအရ ပထမဆုံး လုံးချင်းဝတ္ထု ပုံနှိပ်စာလုံးများဖြင့် စာအုပ်အဖြစ် ရောက်ရှိခဲ့သည်ကို အစွဲပြုလျက် ကျွန်တော့်အပေါ်မှာလည်း ဂျာနယ်ကျော် ဦးချစ်မောင်၏ 'ဓာတ်' 'စီး'နေသည်ဟု ကောက်ချက်ဆွဲချင်ပါသည်။

* * *

မမီလိုက်သော်လည်း မိနေသည့် အရာများစွာထဲမှ နှစ်ချက်ကိုသာ ကျွန်တော် ပြောလိုပါသည်။

ဂျာနယ်ကျော် ဦးချစ်မောင်ဟူသော အနွတ္တသည် အပ်သည့် သတင်းစာဆရာ၊ စာရေးဆရာ အယ်ဒီတာချုပ် ဗိုလ်ချုပ်အောင်ဆန်း ခေါင်းဆောင်သော ဖဆပလ ဗဟိုဦးစီးအဖွဲ့ဝင် မြန်မာနိုင်ငံတော် စာရေးဆရာ အသင်းဥက္ကဋ္ဌ အစရှိသည့် အလုပ်တာဝန်များကို စွမ်းစွမ်းတမံ ရွပ်ရွပ်ခွံခွံ ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်ကြီး၏ သန္ဓာန်ကို မျှော်ခေါ်စဉ်းစားမိလေတိုင်း ကျွန်တော့် ရင်ထဲဝင်လာသည့် စကားလုံးနှစ်လုံး ရှိပါမည်။

သန္ဓေသ။ စာဆိုတော်နေ့။

သန္ဓေသ

သန္ဓေသ၏ အဓိပ္ပာယ်က ရောင့်ရဲခြင်း။

သန္ဓေသကို သုံးမျိုးခွဲသည်။

(၁) ယထာလာဘ သန္ဓေသ – ရနိုင်သလောက် မယူပဲ ရသင့်သလောက်သာ ယူခြင်း။

(၂) ယထာဗလ သန္ဓေသ – ရသင့်သလောက်ထဲကမှ လိုအပ်သလောက်သာ ယူခြင်း

(၃) ယထာသာရုပ္ပ သန္ဓေသ – လိုအပ်သလောက်ထဲကမှ မိမိ အခြေအနေနှင့်ထိုက်လောက်ကိုသာ ယူခြင်း။

ဆရာကြီး ဂျာနယ်ကျော်မမလေး၏ စာများမှ တစ်ဆင့် မြင်ရသော စကားချီချို၊ ဆဲပင်တိုတို၊ ချက်မှန်ထူထူ၊ အရပ်အမောင်းကောင်းကောင်း၊ ပင်နီအင်္ကျီကြမ်း ယောလုံချည်အနက်၊ သားရေဖိနပ်၊ လွယ်အိတ်၊ အိပ်တော်ရာဝန်း၊

www.burmeseclassic.com

တို့ဖြင့် တန်ဆာဆင်အပ်သော ပုဂ္ဂိုလ်တစ်ယောက်၏ အသွင်ကို ပုံဖော်မိပါသည်။

အိမ်တော်ရာထီးကို မဖွင့်ပဲ ပခုံးပေါ်၌ တင်၍ဆောင်၊ လက်တစ်ဖက်က စာအုပ်များပိုက်ထား။ ထိုသူသည် သန္တောသ တရားသုံးမျိုးအနက်မှ အမှတ် (၃)၊ ယထာသာရုပ္ပ သန္တောပ (လိုအပ်သလောက်ထဲကမှ မိမိ အခြေအနေနှင့် လိုသလောက်ကိုသာ ယူတတ်သောသူ ဖြစ်လေသည်။ ဗုဒ္ဓဓမ္မ စာအုပ်စာပေများ၌ အပွဇ္ဈီစွော၊ အမှုကိစ္စ ပလိဗောစ နည်းနိုင်သမျှ နည်းခြင်း အတောင်သာလျှင် ဝန်ရှိသောငှက်ကဲ့သို့ ကျင့်ခြင်း၊ ခေါင်းပါးခြိုးခြံစွာ နေထိုင်ခြင်း ဟူသော စကားလုံးများ ရှိသည်။ ဂျာနယ်ကျော် ဦးချစ်မောင်ရေ့တွင် ထိုဝိသေသများကို တွဲလျက်တွေ့ရပါသည်။ သို့သော်...

[ဂျာနယ်ကျော် ဦးချစ်မောင် နှစ် (၉၀) မြောက် မွေးနေ့နှင့်၊ ဂျာနယ်ကျော်မမလေး နှစ် (၂၀) မြောက် ကွယ်လွန်နေ့နှင့် ဂျာနယ်ကျော် စီးဆင်းမှုအထိမ်းအမှတ်ပြပွဲ (၂၀၀၅) ခုနှစ်] အခမ်းအနားတွင် ဆရာပါရဂူ ပြောခဲ့သော အမှတ်တရ စကားများ၌-

"... တစ်ဖက်က ရွေးဆန်နေပေမယ့် ကျန်တဲ့တစ်ဖက်မှာ ရွေးဆန်မှုရဲ့ ဆန့်ကျင်ဘက်ဖြစ်တဲ့ ခေတ်မီတယ်ဆိုဝဲ့ အချက်တွေလည်း သူ့မှာ အပြည့်အစုံ ရှိပါတယ်" ဟူ၍ ပါရှိခဲ့သည်။

ဆရာပါရဂူ၏ သုံးသပ်ချက်အတိုင်း ပြောရမည်ဆိုပါက-

သူ့တစ်ကိုယ်အတွက် ယထာသာရုပ္ပသန္တောသ တရားနှင့် ပြည့်စုံသော ဂျာနယ်ကျော် ဦးချစ်မောင်သည် တိုင်းပြည်အတွက် လူမျိုးအတွက် စာပေအတွက် အနုပညာအတွက် ဆိုရင်တော့ ရောင့်ရဲမှု လုံးဝမရှိသော ပုဂ္ဂိုလ် ဖြစ်နေပြန်ပါသည်။ ဤအဆိုကို သူလုပ်သွားခဲ့သော အလုပ်များက အထင်အရှား သက်သေပြပြီး ဖြစ်ပါသည်။ ကျွန်တော် အကျယ်ဆိုရန် မလိုတော့ပါ။

စာဆိုတော်နေ့

ကျောင်းအုပ်ကြီး ဦးဖေမောင်တင် ဦးလှလမ်း၊ ဆရာသင်း စသော ပုဂ္ဂိုလ်ကြီးများ ပါဝင်သည့် အစည်းအဝေးသို့ ဂျာနယ်ကျော် ဦးချစ်မောင် နောက်ကျရောက်သွားခဲ့သည်။ (ထိုအစည်းအဝေးသို့ နောက်ကျရောက်သွား

www.burmeseclassic.com

ခြင်းမှာ ထိုအစည်းအဝေးမတိုင်မီ သခင်မြ၊ ဘဏ္ဍာရေးဝန်ကြီး ဦးဆက်၊ အခွန်တော်ဝန်ကြီး ဦးအေး၊ ဦးမြတို့ ပါဝင်သော တိုင်းပြည်ငွေဖောင်းပွမှု ပြဿနာအစည်းအဝေးသို့ တက်ရောက်ခဲ့ရသောကြောင့် ဖြစ်သည်)။

'စာဆိုတော်နေ့' ဟူသော စကားရပ်ကို ဆွေးနွေးဖွင့်ဆိုကြပြီးချိန်မှ ဂျာနယ်ကျော် ဦးချစ်မောင် ရောက်သွားသည်။ လ၊ နေ့ရက် ရွေးကြရာတွင် ဦးချစ်မောင်က 'နတ်တော်လကို ရွေးသင့်ကြောင်း၊' စတင်အကြံပေးလိုက်သည်။ သူရိယ ဦးသိန်းမောင်က ထောက်ခံပြီး ကန့်ကွက်သူမရှိ အတည်ပြုကြပြီး နောက် ရက်ကို ရွေးဖို့ ဆွေးနွေးကြရာတွင် ဦးချစ်မောင်ကပင်

"လဆန်းကောင်းတယ် လဆန်းမှာလည်း လဆန်းတစ်ရက်ဟာ ဦးဦးဆုံးရယ်ဖြစ်လို့ ဒီရက်ကိုသာ ရွေးသင့်တယ်'ဟု ပြောလိုက်သည်။ အားလုံးက ကြိုက်ကြသည်။

အမှုဆောင်အဖွဲ့ ဖွဲ့ကြရာတွင် ဦးလှမင်းက ဦးချစ်မောင်ကို ဥက္ကဋ္ဌ အဖြစ် အဆိုပြုခဲ့သည်။ ဆရာဇော်ဂျီက ထောက်ခံသည်။ ဦးသိန်းမောင်က လူကြီးထဲကထားမှ ပိုသင့်သည် ဆိုပြီး ဦးဖေမောင်တင်ကို ထားရန် အကြံပြုသည်။ ဦးချစ်မောင်ကလည်း ဥက္ကဋ္ဌ မလုပ်ပါရစေနှင့်၊ ဦးဖေမောင်တင်ပဲ ထားပါဟု တောင်းပန်ခဲ့ရာ အဖွဲ့ဝင်များက ဆော်သြသူ (စည်းရုံးရေးမှူး) အဖြစ် အတင်းလုပ်ခိုင်းကြသဖြင့် လက်ခံခဲ့ရလေသည်။

(ဂျာနယ်ကျော် ဦးချစ်မောင်၏ ဘဝပုံရိပ်များစာအုပ်မှ စာဆိုတော်နေ့ ဆောင်းပါးကို ကိုးကားပါသည်)

ကျွန်တော်တို့ စာပေဟောပြောပွဲတွေ ထွက်ကြပါသည်။ အတော်များများ နေရာများတွင် စာဆိုတော်နေ့ ဆိုတာဘာလဲ ဘယ်လိုဖြစ်ပေါ်လာမလဲ ဆိုသည့် နောက်ခံကို ကျွန်တော် ဟော်ပါသည်။ ဟောတိုင်းလည်း နတ်တော်လဆန်းတစ်ရက် စာဆိုတော်နေ့နှင့် ဂျာနယ်ကျော်ကို ကျွန်တော့် အတင်းဇွတ်ထိုးကာ ကျေးဇူးတရားကို အော်မေ့ပူဇော်ရပါသည်။

* * *

အသက် ၃၅ နှစ်တွင် ကွယ်လွန်ခဲ့သော ဂျာနယ်ကျော် ဦးချစ်မောင်သည် ကျွန်တော့်အာရုံရိပ်တွင်မူ ဧရာမ ရဏဝယတို့ဖြင့် ပြည့်စုံသော ပုဂ္ဂိုလ်ကြီး ဖြစ်နေလေသည်။

www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်ကျော် ဦးချစ်မောင်ကို မမီလိုက်သော်လည်း ကျွန်တော် သိပါသည်။

သူ့စာများမှတစ်ဆင့် ဆရာမကြီး ဂျာနယ်ကျော်မမလေး၏ စာများမှတစ်ဆင့် ထို့နောက် 'ဆင့်၍ဆင့်၍ ဆက်၍ဆက်၍' ဂျာနယ်ကျော် မိသားစုများမှတစ်ဆင့်... ။

ချစ်ဦးညို

၁၈ အောက်တိုဘာ ၂၀၁၁

www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်ကျော်လိုလူ

ကျွန်တော်သည် ဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်ကို မသိမမီလိုက်ပါ။ ဆရာမကြီး ဂျာနယ်ကျော် မမငေးကိုတောင် အပြင်မှာ မမြင်ဖူးခဲ့။ (ဓာတ်ပုံထဲမှာတော့ တော်တော်ချောသည်။)

ဆရာကြီးနှင့် ပတ်သက်ပြီး စာတွေ့ မဖတ်ဖူးခင် သူ့ဓာတ်ကောင်ကို အရင်မြင်ဖူးခြင်း ဖြစ်၏။ ကျွန်တော်တို့ ငယ်စဉ်အခါက မြန်မာရုပ်ရှင်ဓာတ်ကားများသည် ရုံမတင်ခင် တစ်နှစ်လောက်လိုတဲ့ အချိန်ကထဲက စာနယ်ဇင်းတွေမှာ ကြော်ငြာထည့်လေ့ ရှိကြသည်။ ဒီထဲမှာ 'သူ' ဆိုသော ဓာတ်ကားလည်း ပါသည်။ ဆရာဝန် ရုပ်ရှင်မင်းသား မောင်သင်က ချိုင်းထောက်ကြီးနဲ့ ပုံကို အသားပေး ဖော်ပြထားသောကြော်ငြာ ဖြစ်၏။ အမေက ထိုကြော်ငြာကို ကြည့်ပြီး ...

"ဒီဓာတ်ကားရဲ့ မူရင်းဝတ္ထုကို ရေးတဲ့ ရွှေလင်းယုန်ဆိုတာ ဂျာနယ်ကျော် ဦးချစ်မောင်ပေါ့"

ဆိုပြီး ဆရာကြီး ဦးချစ်မောင်အကြောင်း ပြောပြသည်။ ဦးချစ်မောင် အကြောင်း ဆိုကထဲက ဆရာမကြီး ဂျာနယ်ကျော်မမလေး အကြောင်းလည်း ပါလာရတာပေါ့။ ဆရာမကြီး၏ ဝတ္ထုတွေကို အမေက သဘောကျသည်။ သူအကြိုက်ဆုံးကတော့ 'သူမ'။

ကျွန်တော် လူလားမြောက်ချိန်တွင် ဆရာမကြီးက စာမရေးတော့။ တိုင်းရင်းဆေး ဆရာမကြီး လုပ်နေသည်။ သူဆေးကုပုံကလည်း ခပ်ဆန်းဆန်းပဲ။ လူနာတွေကို နေဂိုဏ်းနှင့် လဂိုဏ်းဆိုပြီး ခွဲခြားထားသည်ဟု ဆို၏။ အပူများလွဲလူနဲ့ အအေးကဲတဲ့လူကို ဆိုလိုဟန်ရှိသည်။ အမေ့သူငယ်ချင်း တစ်ယောက်

www.burmeseclassic.com

www.burmeseclassic.com

သွားပြတော့ ဘာဆေးမှ မပေးဘဲ မြို့ပါတ်ရထားကို ခုနစ်ရက်တိတိ ဆက်ပြီး စီးခိုင်းတာ ရောဂါအလျှင်း ပျောက်သွားသည်ဟု ကြားဖူးသည်။

ကျွန်တော်သည် 'သူ' ဝတ္ထုကို ကိုးတန်းဆယ်တန်းလောက်မှာ ဖတ်ရသည်။ စာပေဆိုင်ရာ ဆောင်းပါးတွေ အဖတ်များသဖြင့် နည်းနည်းပါးပါးတော့ ဆန်းစစ်တတ်နေပြီ။ 'သူ' ဝတ္ထုတွင် ဇာတ်ရှိန်အမြင့်ဆုံးအခန်းနှင့် စဖွင့်ထားတာ ဖတ်ရတော့ အတော်ဖြုံသွားသည်။ ဒါမျိုးက ခုခေတ်မှာတောင် ရှားရှားပါးပါးပဲ။ ကလောင်ကို တော်ရုံနိုင်နင်းရုံနဲ့ ဒီလိုမရေးနိုင်။ ပြီးတော့ သတင်းစာဂျာနယ် အလုပ်တွေ နေ့မအား ညမအား လုပ်နေတဲ့ကြားက လုံးချင်းဝတ္ထုကြီး တစ်ပုဒ်ကို ရေးနိုင်တာကိုလည်း အံ့သြချီးကျူးမိ၏။

'သူလိုလူ' စာအုပ်ကိုတော့ တော်တော်နဲ့ ဖတ်ခွင့်မကြုံခဲ့။ သို့ရာတွင် အမေပြောပြတာကြောင့်ရော စာဖတ်သက်ရင့်သော အစ်ကိုကြီးတွေ ဖောက်သည် ချတာကြောင့်ရော စာအုပ်ပါအကြောင်းအရာ တော်တော်များများကို သိပြီးသား ဖြစ်နေ၏။ တကယ်ဖတ်ခွင့် ကြုံလာတော့လည်း ထိုစာအုပ်သည် အကြိမ်ကြိမ် ပြန်ဖတ်ရမည့် စာရင်းထဲ သွင်းထားလိုက်ရလေသည်။

ကျွန်တော်သည် TEEN (ဖူးငုံဆယ်ကျော်သက်) မဂ္ဂဇင်းတွင် ကလောင် အမည်ခွဲ တစ်ခုဖြင့် စာအုပ်အညွှန်းကဏ္ဍလေးတစ်ခု ရေးနေသည်။ လူငယ်များ ဖတ်ကြည့်သင့်သော စာအုပ်တွေကို ညွှန်းထားခြင်း ဖြစ်၏။ စာအုပ်အကြောင်း သာမက စာရေးဆရာရဲ့ အရည်အသွေးကိုပါ ခန့်မှန်းလို့ ရသလောက် တို့ထိ ထားပါသည်။ ကျွန်တော့်ရဲ့ ထင်မြင်ချက်ကလေးတွေကိုလည်း ဖြည့်စွက်ထားပါ သည်။

ဒီအညွှန်းတွေထဲမှာ 'သူလိုလူ' စာအုပ်လည်းပါသဖြင့် ပူးတွဲတင်ပြ လိုက်ပါသည်။

ဂျာနယ်ကျော် မမလေး
(သူလိုလူ)

ဆရာမကြီး ဂျာနယ်ကျော်မမလေးဟာ မြန်မာစကားပြေ အရေးအသား အကောင်းဆုံးဆိုတဲ့ စာရေးဆရာကြီးတွေထဲမှာ တစ်ဦးအပါအဝင် ဖြစ်ပါတယ်။ ဆရာမကြီး ရေးသားခဲ့တဲ့ ရင်နှင့်အောင်မွေး၊ မုန်း၍မဟူ၊ သူမ၊ သွေး စတဲ့ လုံးချင်းဝတ္ထုတွေဟာ ထင်ရှားကျော်ကြားပါတယ်။ ဆရာမကြီးက 'လူမှုဘဝ

www.burmeseclassic.com

www.burmeseclassic.com

သရုပ်ဖော် ဇာတ်လမ်းမျိုးတွေကို ရေးလေ့ရှိပါတယ်။ ဇာတ်ကွက်ဆင်ပုံ၊ တင်ဆက်ပုံတွေဟာ ဟိုတစ်ချိန်က ခေတ်ရှေ့ပြေးနေခဲ့ပြီး ခုထိခေတ်မီနေပါသေးတယ်။ နောက်ပိုင်း ပေါ်ပေါက်နေလာတဲ့ အမျိုးသမီး စာရေးဆရာ တစ်ချို့အပေါ်မှာ ဆရာမကြီးရဲ့ သြဇာလွှမ်းမိုးမှု ရှိခဲ့တာ တွေ့ရပါတယ်။ ဆရာမကြီးရဲ့ စကားပြေ နိုင်နင်းပုံကတော့ ဝတ္ထုတိုတစ်ပုဒ်မှာ စာကြောင်းရေ ၁၂ ကြောင်းလောက်ကို ဝါကျတစ်ခုတည်းနဲ့ ဖွဲ့ထားတာ ဖတ်ဖူးလိုက်ပါတယ်။ အခုညွှန်းတဲ့ စာအုပ်ကတော့ ဆရာမကြီးရဲ့ ခင်ပွန်းဖြစ်သူ ဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင် အကြောင်း ရေးထားတာပါ။ အတ္ထုပ္ပတ္တိ ဆိုပေမယ့် လုံးချင်းဝတ္ထုတစ်ပုဒ်လို ပုံစံမျိုးနဲ့ ရေးထားပါတယ်။ ဦးချစ်မောင် အကြောင်းကို အရင်မပြောသေးဘဲ မိမိ စာပေဝါသနာကြီးပုံကို အရင်ပြောပြီးမှ ရန်ကုန်ကို တက်လာရင်း ဦးချစ်မောင်နဲ့ အမှတ်မထင် ဆုံမိပုံကို ရေးပြီး ဆွဲဆောင်ဖမ်းစားလိုက်ပါတယ်။ ဦးချစ်မောင်နဲ့ ရင်းနှီး၊ လက်ထပ်၊ စာပေမောင်နှံအဖြစ် ဘဝတစ်ခုကို အတူလက်တွဲဖြတ်သန်း၊ ဦးချစ်မောင် ကွယ်လွန်တဲ့အထိ ဝတ္ထုပ္ပာန်နဲ့ ရေးထားတဲ့အတွက် လက်ကမချချင်လောက်အောင် စိတ်ဝင်စားစရာ စာအုပ်တစ်အုပ် ဖြစ်လာခဲ့ပါတယ်။ ဆရာကြီး ဂျာနယ်ကျော် ဦးချစ်မောင်ဟာ အလွန်ရိုးသား တည်ကြည်ဖြောင့်မတ်သူ ကိုယ်ကျိုးစွန့်အနစ်နာခံတတ်သူ မိဘအကျိုး၊ မိသားစုအကျိုးထက် နိုင်ငံ့အကျိုးကို ပိုပြီး ဦးစားပေးတတ်သူအဖြစ် မြင်တွေ့ကြရပါမယ်။ စာနယ်ဇင်းသမားပီပီ သတင်းကို အိမ်ကမိန်းမထက် ပိုချစ်တဲ့သူပဲ။ သတင်းနဲ့ ပတ်သက်ပြီး အစွဲအလမ်းကြီးတဲ့နေရာမှာ သူ့ခေါင်းပေါ်တည့်တည့်ကို အဏုမြူဗုံးကြီး ကျလာရင်တောင် ထွက်မပြေးဘဲ ဗုံးမပေါက်ကွဲခင်အချိန်ထိ မလွတ်တမ်း မှတ်တမ်းတင်နေမယ့် ပုဂ္ဂိုလ်မျိုး၊ စံပြဇာတ်ကောင်ပေါ့။ တချို့ကတော့ ဂျာနယ်ကျော် ဦးချစ်မောင်ကို ဆရာမကြီး ပုံဖော်ရာမှာ ခြောက်ပြစ်ကင်းသဲလဲစင်တဲ့ ဟီးရိုးတစ်ယောက်လို ဖြစ်နေလို့ စရိုက်သေဆန်တယ်။ ဒီလောက်အထိ အဘက်ဘက်က ပြည့်စုံတဲ့လူမျိုး ရှိပါ့မလားလို့ ဝေဖန်ထောက်ပြကြတာလည်း ရှိပါတယ်။ ဒီနေရာမှာ တစ်ခုထည့်စဉ်းစားစရာ ဖြစ်လာပါတယ်။ ဆရာမကြီးဟာ ဆရာကြီးပေါ်မှာ ခင်ပွန်းတစ်ယောက်လို ချစ်တဲ့အပြင် ဆရာသမားတစ်ယောက်လို လေးစားတယ်။ ကျေးဇူးရှင်တစ်ယောက်လို ကြည်ညိုတယ်။ သူရဲကောင်း တစ်ယောက်လို ကိုးကွယ်တယ်။ ဒါကြောင့် ချို့ယွင်းချက်၊ အားနည်းချက်ရယ်လို့ တစ်ခုမျှ မကလေးမှ မြင်မိမှာ မဟုတ်ဘူး။ အားသာချက်တွေကို ဖော်ထုတ်ပြီး ကြံတဲ့အခါ

www.burmeseclassic.com

www.burmeseclassic.com

မှာလည်း နည်းနည်းပိုပိုသာသာလေး အရောင်တင်ပေးမယ် ဆိုရင်တောင် သဘာဝကျတယ်လို့ နားလည်ပေးရမှာပါပဲ။ ဘာပဲဖြစ်ဖြစ် ဒီစာအုပ်ထဲမှာ ဂျာနယ်ကျော် ဦးချစ်မောင်ကို အမှတ် ၁၀၀ အပြည့် ပေးထားတယ်ဆိုရင် အပြင်မှာ တကယ် ရှိခဲ့တဲ့ ဂျာနယ်ကျော် ဦးချစ်မောင်ဟာ ၇၅ မှတ်ထက်တော့ ကျော်မှာပါ။

ဂုဏ်ထူးရတာကတော့ သေချာပါတယ်။

မင်းလူ

၂၀၁၀၊ နိုဝင်ဘာ၊ ပူးငံ့ ဆယ်ကျော်သက်မဂ္ဂဇင်း။

❐

www.burmeseclassic.com

www.burmeseclassic.com

ပေးပို့သူက သိန်းဖေမြင့် ဘာသာပြန်သူက ဇဝန
တာဝန်ခံအယ်ဒီတာက မြန်မာ့အလင်းချစ်မောင်

'ကျွန်ုပ်မှန်သည်ဟု ယူဆ၍လိုက်ခဲ့သော လမ်းစဉ်သည် ပြည်သူလူထု၏ ပျော်ရွှင်ရေးနှင့်တကွ အင်္ဂလန်ထီးနန်းနှင့် အင်ပါယာ ခိုင်မြဲရေးအတွက် အကောင်းဆုံးဖြစ်လိမ့်မည်ဟု ယုံကြည်မှော်လင့်မိပါသည်' ဟူ၍ အက်ဒွပ်ဘုရင်သည် ထီးနန်းစွန့်သဝဏ်လွှာကို ကမ္ဘာသို့ ဖတ်ကြားအသိုလွှင့်ပြီး ၁၉၃၆ ခုနှစ်၊ ဒီဇင်ဘာ ၁၀ ရက်နေ့တွင် ညီတော်ဖြစ်သူ ယောနယ်စား (ယခု အဲလစ်ဇဘက် ဘုရင်မကြီး၏ဖခင်) အား ဆင့်မမြောက် ဂျော့ဘုရင်အဖြစ် ထီးနန်းကို လွှဲအပ်ပေးခဲ့သည်။ အက်ဒွပ်ဘုရင်သည် ဝင်ဆာမြို့စားကြီး အဖြစ် ခံယူကာ အမေရိကန်နိုင်ငံသူ အင်္ဂလိပ်လူမျိုး၊ ဘော်တီမိုးမယ် မစ္စဝေါလစ်ဖီဆင်ပဆင်ကို လက်ထပ်ယူခဲ့လေသည်။

ထိုအရေး ပေါ်ပေါက်ခဲ့စဉ်က အက်ဒွပ်ဘုရင်အား ထီးနန်းစည်းစိမ်ကို စွန့်လွှတ်မသွားစေရန်အတွက် ဘိလပ်အစိုးရမှ မနေမနား ကြိုးစားဖေ့စပ်လျက်ရှိနေရာမှ နောက်တစ်နေ့မနက် သတင်းစာများ ထွက်လာခဲ့သောအခါ အခြားသတင်းစာတို့၌ ထီးနန်းစွန့်လွှတ်မည့် အကြောင်းကို မတင်မကျ ရေးသားခဲ့ပြီး ဗြိတိသျှအစိုးရနှင့် ရိုက်တာသတင်းဌာနတို့က တရားဝင် မကြေညာမီ ၂၄ နာရီခန့်စောလျက် မြန်မာ့အလင်း သတင်းစာတစ်စောင်ထဲက ထိုသတင်းထူးကြီးကို သတင်းစာ မျက်နှာဖုံးတွင် အက်ဒွပ်ဘုရင် ထီးနန်းစည်းစိမ်ကို စွန့်လွှတ်လိုက်ပြီဟု ခြောက်လိုင်း စာလုံးမည်းကြီးဖြင့် ခေါင်းစဉ်တပ်၍ ဖော်ပြလိုက်ရာ မြန်မာနိုင်ငံမှ ဘုရင်ခံနှင့်တကွ အစိုးရတစ်ဖွဲ့လုံး မျက်လုံးပြူးဖြစ်သွားကာ မြန်မာနိုင်ငံ မျက်နှာဖြူ အင်္ဂလိပ်များလောကၟ၌ ဂယက်ပြင်းထန်စွာ ရိုက်ခတ်သွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

မြန်မာပြည်အစိုးရ အတွင်းဝန်ချုပ် မစ္စတာဘုသ်ဂရေဗလီကိုယ်တိုင် မြန်မာ့အလင်းသတင်းစာ အယ်ဒီတာကိုခေါ်၍ ထိုသတင်းရပုံကို မေးမြန်းစုံစမ်းခဲ့ရသည်။

ထိုသတင်းပါသည့်နေ့က မြန်မာ့အလင်း သတင်းစာသည် တစ်စောင်လျှင် ၅ ပြားသာ ရောင်းရသည့်အဖြစ်မှ နံနက် ၇ နာရီအချိန်တွင် ၁၀ ပြား၊ နံနက် ၉ နာရီ အချိန်ခန့်တွင် ၃ ပဲ၊ နံနက် ၁၀ နာရီ အချိန်ခန့်တွင် ၆ ပဲအထိ ဈေးတက်သွားခဲ့သည်။

ထိုသတင်းကို မြန်မာလူမျိုးထဲမှ ပထမဆုံးသိရသူမှာ အိန္ဒိယနိုင်ငံ ကာလကတ္တားမြို့ ကာလကတ္တား တက္ကသိုလ်တွင် ကျောင်းတက်ရင်းနှင့် မြန်မာ့အလင်းသတင်းထောက် လုပ်နေသူ တက်ဘုန်းကြီး သိန်းဖေမြင့် ဖြစ်သည်။ အိန္ဒိယတွင် အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေသော (Amrita Bazar Patrika) အမရစ်တာ ဘာဇာပတ်ထရိကာ၏ လန်ဒန်မြို့ သတင်းထောက်က ဘက်ကင်ဟမ် နန်းတော်တွင် အက်ဒွပ်ဘုရင်သည် သူနန်းစွန့်သည့် စာချွန်ကို ညီတော်များ၏ ရှေ့မှောက်တွင် လက်မှတ်ရေးထိုးလိုက်ပြီ ဖြစ်ကြောင်း သိရသည်နှင့် တပြိုင်နက် ကာလကတ္တားမြို့ရှိ သူ၏ သတင်းစာတိုက်သို့ ဝိုင်ယာလက်ဖြင့် သတင်းပေးပို့ခဲ့သည်။ ထိုသတင်းကို ဇြတိသျှအစိုးရထက် ၃၆ နာရီစောပြီး သိခဲ့ရသော အမရစ်တာ ဘာဇာပတ်ထရိကာ သတင်းစာက အထူးသတင်းစာ အဖြစ် ထုတ်ဝေပြီး ထိုသတင်းဦးကို ဖြန့်လိုက်သည်။ ထိုသတင်းကို ဖတ်လိုက်ရသော သိန်းဖေမြင့်က ယင်းသတင်းစာမှ ထိုသတင်းကို ဖြတ်ယူလိုက်ကာ လေကြောင်းဖြင့် မြန်မာ့အလင်းသတင်းစာသို့ ပေးပို့ခဲ့သည်။

သိန်းဖေမြင့်သည် ထိုစာကို နံနက် ၁၁ နာရီလောက်တွင် ထည့်လိုက်သည်။ ကာလကတ္တားမှ ရန်ကုန်သို့လာသော လေယာဉ်ပျံသည် မွန်းလွဲ (၂) နာရီတွင် ထွက်လာခဲ့ရာ ရန်ကုန်သို့ ဒေသစံတော်ချိန် ၄ နာရီလောက်တွင် ရောက်ရှိလာခဲ့သည်။

ထိုအချိန်က စာအိတ်ပေါ်တွင် အမြန်ဟုရေးပြီး တံဆိပ်ခေါင်း အပိုကပ်ပေးလိုက်လျှင် အခြားစာရိုးရိုးများနှင့် မရောဘဲ သီးသန့်အမြန် လိုက်လံပေးပို့လေသည်။

အမရစ်တာ ဘာဇာပတ်ထရိကာ သတင်းစာကြီးကလည်း ယင်းတို့သတင်းစာတွင် ထိုသတင်းကို ထည့်သွင်းဖော်ပြပြီးနောက် ထိုသတင်းစာတို့ကို

www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်မြို့ရှိ သတင်းစာတိုက်ကြီး အသီးသီးတို့ ခါတိုင်းကဲ့သို့ ပေးပို့လိုက်လေသည်။

မြန်မာသတင်းစာတိုက်တိုင်းပင် အက်ဒွပ်ဘုရင်၏ သတင်းနှင့် ဓာတ်ပုံများကို သူ့ထက်ငါ ဦးအောင်၊ ရအောင် စုဆောင်း ရှာဖွေနေကြလေရာ သတင်းအယ်ဒီတာထံသို့ ရောက်လာသော ထိုသတင်းစာထုပ်မှာ အထုပ်တိုင်းသာ ချောင်ထိုးခံနေရသည်။

မြန်မာ့အလင်း အယ်ဒီတာ ဦးချစ်မောင်မှာ ရိုက်တာကြေးနန်းမှ ပေးပို့သော သတင်းတို့ဖြင့် မကျေနပ်နိုင်ဘဲ အခြားနိုင်ငံခြားမှ ပေးစာထုပ်များကို ဖောက်ဖတ်ခဲ့ရာမှ သိန်းဖေမြင့် ပေးပို့လိုက်သော စာကို ဖတ်ရှုရပြီး ထိုသတင်းကို ရခဲ့ပြီးနောက် ထည့်သွင်းဖော်ပြခဲ့ခြင်း ဖြစ်သည်။

ထိုသတင်းကို အယ်ဒီတာ တစ်ဦးဖြစ်သူ ဦးသန်းတင် (ရူပဝ်) က ဖတ်ကြည့်ပြီးလျှင် မြန်မာ့အလင်း ညနေအထူးသတင်းစာ တစ်စောင် ထုတ်ဝေရန် တိုက်အုပ်ဦးတင်နှင့် တိုင်ပင်စီစဉ်ခဲ့ကြသေးသည်။ သို့သော်လည်း အချိန်မရတော့၍ ညနေ သတင်းစာ မထုတ်လိုက်ရဟု ဆိုပါသည်။

၁၉၃၆–မှစ၍ မြန်မာ့အလင်း ဘာသာပြန်နှင့် လက်ထောက် အယ်ဒီတာ ဖြစ်ခဲ့သော ဆရာဇဝနက ညနေဘက်အလုပ်ဝင်ရန် မြန်မာ့အလင်းသို့ သွားရောက်ရာ လက်ထောက် အယ်ဒီတာ ကိုသောင်းညွှန့် (ရွှေပိန်သောင်း) က စားပွဲတင်စာခြင်းထဲက စာတစ်စောင်ကို ထုတ်၍ လက်ကမ်းလိုက်လေသည်။

'သူငယ်ချင်း ဟောဒီမှာ ကိုချစ်မောင်ပေးသွားတဲ့ စာ၊ ခင်ဗျားလက်ထဲကို ဆက်ဆက်ထည့်လိုက်ပါတဲ့၊ ဘယ်သူ့ကိုမှ မပြန့်လို့ မှာသွားတယ်'

ထိုစာမှာ ကိုသိန်းဖေပို့လိုက်သော ဝေလမင်းသား နန်းစွန့်သည့် သတင်းစာဖြတ်ပိုင်း ဖြစ်သည်။ ကိုချစ်မောင်က သတင်းစာဖြတ်ပိုင်းကို ဖတ်ရပြီး သူဘာမှမလုပ်ဘဲ ပေးထားခဲ့ခြင်းမှာ ဇဝနသည် နိုင်ငံခြား သတင်းများကို တာဝန်ယူရသည့်အတွက် တာဝန်ပိုင်းအရ လုပ်ဆောင်ရန် ထားခဲ့ခြင်း ဖြစ်ပေသည်။ ဇဝနသည် အယ်ဒီတာ မှာကြားသွားခဲ့သည့်အတိုင်း ထိုသတင်းကို ဘာသာပြန်ပြီး စာစီရန် ချပေးလိုက်သည်။

ထိုသတင်းမှာ အခြား သတင်းစာများတွင် မပါဘဲ မြန်မာ့အလင်း သတင်းစာ တစ်စောင်တည်းမှာသာ ပါရှိသည့်အတွက် မယုံကြည်နိုင်အောင် ဖြစ်သွားခဲ့သည်။ မြန်မာ့အလင်းတိုက်သားများထဲကပင် ထိုသတင်းသည် ဟုတ်မှ

www.burmeseclassic.com

www.burmeseclassic.com

ဟုတ်ပါ့မလားဟု သံသယဖြစ်နေကြ၍ လက်ရေးကော်ပီကို ရှာကြည့်ရာ ဇဝနလက်ရေး ဖြစ်နေသည်ကို တွေ့ကြ၍ ဇဝနတစ်ယောက် ညက အရက်မူးမူးနှင့် တွေ့ကရာ လျှောက်လုပ်သွားပြီနဲ့ တူတယ်။ ဒုက္ခပဲဟု ထင်ကြေးနှင့် ပြောဆိုခဲ့ကြလေသည်။

ဂျာနယ်ကျော် ဦးချစ်မောင်ကလည်း "အက်ဒွပ်နန်းစွန့်တုန်းက ရတဲ့သတင်းမှာ သုံးထားတဲ့စကားက စွန့်နေပြီလို့လည်း ကောက်နိုင်သည်။ နန်းစွန့်ပြီလို့လည်း ယူဆနိုင်သည်။ အဓိပ္ပာယ်က နှစ်မျိုး ဖြစ်နေတယ်။ ဒါပေမဲ့ မစ္စဆင်ပဆင်ရဲ့ပုံကို လိုက်ရှာပြီး နန်းစွန့်ပြီလို့ ရက်မဆိုင်းဘဲ နက်ဖြန် သတင်းစာမှာ ပါအောင် ဘစ်ခါတည်း ချိန်ထည့်လိုက်တယ်" ဟု ဇနီးဖြစ်သူကို ပြောပြခဲ့သည်။

ထိုသတင်းကြောင့် မြန်မာ့အလင်းအယ်ဒီတာ ဦးချစ်မောင်သည် သတင်းပါပြီး နံနက် ၁၀ နာရီ ကျော်ကျော်လောက်တွင် မစ္စတာဂရေစလီက ခေါ်ယူတွေ့ဆုံခဲ့ရာ ဦးချစ်မောင်က ဤသို့ ဆိုခဲ့သည်။

"အဲဒီနေ့က ချည်လုံချည်ဝတ်၊ ခုံဖိနပ်ကြိုးစီးပြီး တကျောက်ကျောက်နဲ့ သူ့အခန်းထဲကို ဝင်သွားတယ်။ သူကြီးဂေဇက် ဦးခင်မောင်က ခေါ်သွားတယ် ထိုင်ပါလို့ နေရာမပေးတာနဲ့ သူ့ရှေ့က ကုလားထိုင်ကို အသံမြည်အောင် ဆွဲထိုင်လိုက်တော့ မျက်လုံးကြီးကို လှန်ကြည့်လိုက်ပြီး 'မင်း ဘယ်သူလဲ' ဟု မေးလိုက်သောအခါ 'ချစ်မောင် မြန်မာ့အလင်းအယ်ဒီတာ' လို့ ပြောလိုက်တယ်။

'ဒီနေ့ထည့်တဲ့ နန်းစွန့်တဲ့သတင်းက ဘယ်ကရလို့ ထည့်သလဲ' လို့ မေးတယ်။ 'ခင်ဗျားဆီကို ဘယ်ကရလို့ ထည့်တာပါလို့ ခိုင်လုံကြောင်းကို ကျုပ် အစစ်ဆေးလာခံတာ မဟုတ်ဘူး' လို့ ပြောလိုက်တော့ နဖူးကြောကြီးကို ထောင်ထသွားတာပဲ။ 'ဒီသတင်းမမှန်ရင် မင်း ဘယ်လိုဖြစ်မယ် ဆိုတာ မင်းမထည့်ခင်ကတည်းက မင်းတာဝန်ကို သတိရပြီး စဉ်းစားမိရဲ့လား' လို့မေးတယ်။ ဒီတော့ 'ခင်ဗျား ကျုပ်ကို မြန်မာ့အလင်းသတင်းစာ တာဝန်ခံ အယ်ဒီတာမှန်း သိတယ် မဟုတ်လား' လို့ ပြန်ဖြေလိုက်တယ်။ ဒီတော့ စားပွဲကို လက်သီးနဲ့ထုပြီး 'ဒီသတင်းက အခု မမှန်သေးဘူး။ ဘိလပ်က ဒီသတင်းနဲ့ ပတ်သက်လို့ ဘာမှမရသေးဘူး။ နက်ဖြန်သတင်းစာမှာ ဒီသတင်းအတည် မဟုတ်သေးဘူး ဆိုတာ မင်းပြန်ပြင်ပြီး ထည့်ပါ။ မထည့်ရင် မင်းကို တရားစွဲရလိမ့်မယ်။ အချိန်မီ အမြန်ဆုံးထည့်ပါ ဆိုပြီး ဒေါသနဲ့ ပြောတယ်။

www.burmeseclassic.com

'ဒီမှာ အတွင်းဝန်ချုပ်ကြီး ခင်ဗျား၊ ဒီသတင်းကို ပြင်လိုက်ရအောင် ကျုပ်ဟာ ခင်ဗျားတို့အစိုးရ တစ်ဖွဲ့လုံးရဲ့ တာဝန်ခံပုဂ္ဂိုလ် တစ်ယောက် မဟုတ်ဘူး၊ ကျုပ်ဟာ မြန်မာအလင်းသတင်းစာရဲ့ တာဝန်ခံပုဂ္ဂိုလ် တစ်ယောက် ဆိုတာ ခင်ဗျားတို့သိဖို့ ကောင်းပါတယ်။ ခင်ဗျားတို့အစိုးရ သတင်းအရ နောက်ကျနေတာကို ကျုပ်က တိုင်းသူပြည်သား တစ်ယောက် အနေနဲ့တော့ အများကြီး ဝမ်းနည်းပါတယ်။ ဒီသတင်းဟာ အမှန်သတင်း ဖြစ်နေပြီမို့ ကျုပ် ပြင်ပြီး ထည့်မပေးနိုင်ဘူး၊ အချိန်မကြာတော့ပါဘူး။ ဘိလပ်က ဒီသတင်းနဲ့ ပတ်သက်ပြီး ခင်ဗျားတို့ဆီ အမြန်ရောက်လာတော့မှာမို့ ခင်ဗျားတို့ အစိုးရ အဖွဲ့ကြီး မကြာခင် လိမ္မာလာပါလိမ့်မယ်' ဆိုတဲ့ စကားကို အင်္ဂလိပ်လို Wiser ဆိုပြီး ပြောခဲ့လို့ ဆတ်ဆတ်ခါ ကျန်ရစ်ခဲ့တယ်" လို့ ပြောခဲ့တယ်။

ဘုရင်နန်းစွန့်သည့် သတင်းသည် နေ့လယ်ကျမှ မြန်မာပြည် အစိုးရထံသို့ တရားဝင် ရောက်ရှိလာခဲ့ရာ ထိုအခါမှ အတွင်းဝန်ချုပ်က မြန်မာ့အလင်း တာဝန်ခံ အယ်ဒီတာကို ခေါ်သည့်ကိစ္စမှာ အလိုအလျောက် ပြေလည်သွားခဲ့သည်။

ထိုသတင်းကို မြန်မာ့အလင်း သတင်းစာက ဦးဆုံး ဖော်ပြလိုက်နိုင်ခဲ့ပြီး စောင်ရေ တစ်ဟုန်ထိုးတက်လာခဲ့တာ ကြော်ငြာတဲ့သူ များလာခဲ့၍ ထိပ်တန်း သတင်းစာတစ်စောင် အဖြစ်သို့ ရောက်ရှိခဲ့သည်။

နေမင်းသိမ်း

စာကိုး

၁။ လက်ရေးတို မောင်ချစ်မောင်၊ ဒါမှသတင်းထောက်

၂။ ဇဝနဓ၏ ဇဝန

၃။ သိန်းဖေမြင့် – သူတို့ခေတ်၊ သူတို့အတိတ်၊ သူတို့အရိပ်

၄။ ဂျာနယ်ကျော်မမလေး – သူလိုလူ

၅။ ချစ်ကြည်ရေးကြည်ညွှန့် – သမိုင်းဝင်သူရိယ၊ မြန်မာ့အလင်းနှင့် မြန်မာ့နိုင်ငံရေး

ရုပ်ရှင်တေးကဗျာမဂ္ဂဇင်း
တွဲ (၂၇)၊ အမှတ် (၅)၊ ၂၀၁၁ မေလ

www.burmeseclassic.com

www.burmeseclassic.com

ဂျာနယ်ကျော်နှင့် တပေါင်းလ

အပွေးနုပျစ်၊ အကြေးသစ်နှင့်
ပုရစ်ဖူးပို့၊ အညောက်စို့၏
ပြာညို့ရီဝေ၊ တောထွေထွေလည်း
မျှော်လေတိုင်းလျှင်၊ မြူမင်းလွင်လည်း
မှုန်မင်ပျံ့ပျူး၊ တပေါင်းကူးသည်
နွေဦးပန်းချီ ခြယ်ပြန်ပြီ။

မလွတ်လပ်မီ၊ ယခင်ဆီက
နီရဲသွေးစက်၊ သွန်းလောင်းပက်၍
ဖက်ဆစ်ဂျပန်၊ ပြည်သူ့ရန်ကို
တော်လှန်မာသ၊ သည်လိုလသည်
လတပေါင်းသာ ဖြစ်ခဲ့၏။

သည် တပေါင်းဝယ်
အိုဟောင်းရင့်ရော်၊ ဂျာနယ်ကျော်ကို
ညှိုးလျော်စိတ်က၊ အမှတ်ရ၍
စ, ဆုံး လှန်လှော၊ ရင်မောမောနှင့်
ဖတ်သောငါ့မှာ၊ အတွေးဖြာခဲ့
သူစာရေးစဉ်၊ မှတ်မထင်ဘဲ
သူလျှင်ပြောကြား၊ သူ့ဆောင်းပါးကို
ရေးသားနောက်ဆုံး၊ ဆိုစဉ်တုန်းက
နှလုံးမဆူ၊ ငါမမူလည်း
ခုမူငါ့တွက်၊ အဖြေဆက်သော်
သွေးထွက်အောင်ပင် မှုန်ခဲ့၏။

www.burmeseclassic.com

www.burmeseclassic.com

စစ်ကျပန်ကို

တော်လှန်တိုက်ခိုက်၊ ရန်မျိုးဖြုတ်၍
ဗိုလ်ချုပ်ရည်မှန်း၊ လွတ်လပ်ပန်းကို
နှမ်းစေလိုကြ၊ နောင်ကာလဝယ်
ဝါဒထွက်ပြူ၊ နယ်ချဲ့မူအား
သူမသေမီ
တိုင်းပြည်အတွက်၊ သွေးမင်စက်နှင့်
လက်နက်ကလောင်၊ သူကြွေဆောင်ခဲ့
ထင်ယောင်ထင်မှား၊ နယ်ချဲ့စကားကို
ငြင်းပွားထပ်ဆင့်၊ မဖြစ်လင့်အောင်
သူ့စာစောင်၌
အမှောင်ခွဲဖျက်၊ အလင်းပြက်ခဲ့
ဖက်ဆစ်ကျပန်၊ ဖက်ဆစ်ရန်ကို
တော်လှန်ရာတွင်၊ မှတ်တမ်းတင်လည်း
ရင်ဝယ်မမျှ၊ ခံစားရသည့်
အုံကြွယိုဖိတ်၊ မျိုးချစ်စိတ်ကို
မမှိတ်မသုန်၊ အစွမ်းကုန်သို့
သူယုံသမျှ၊ သူရေးချ၍
တောက်ပထွန်းပြောင်၊ သူ့ကလောင်သည်
ရှေ့ဆောင်လမ်းပြ ပြုခဲ့၏။

ဖက်ဆစ်တော်လှန်၊ လမ်းသာမှန်ဟု
ဖန်ဖန်စဆုံး၊ တစ်အုပ်လုံးကို
သိမ်းကျုံးရေးသွား၊ သူ့စိတ်ထားကြောင့်
သူအားတခေါ်၊ မျက်ရည်ပျော်ခဲ့
မဖော်ပြနိုင်၊ ငါ့သည်းစိုင်ဝယ်
ရေဆိုင်ဝဲသို့၊ ဗျာပါတို့သည်
ပိတ်ဆို့တင်းကျပ်၊ မနေတတ်ခဲ့
ကြွေပြတ်လုနီး၊ ငါ့အသည်းလည်း
ညီညီးမီးလျှံ၊ ငရဲခံသို့

www.burmeseclassic.com

www.burmeseclassic.com

တော်လှန်ရေးတွက်၊ ဂျာနယ်ထွက်ပြီး
တဆက်တည်းတွင်၊ သေပွဲဝင်၍
သူလျှင်တိမ်းပါး၊ ဘဝခြားသော်
နွမ်းပါးငါ့တွက်၊ ကမ္ဘာပျက်သို့
စိတ်လက်ညှိုးငယ်၊ မျက်စိကွယ်သို့
တွယ်ရာငါ့မှာ မဲ့ခဲ့၏။

သည်တပေါင်းဝယ်

မဟောင်းနိုင်သေး၊ ငါပြန်တွေးခဲ့
ငါ့သွေးဆူကြွ၊ အနယ်ထ၍
စိတ်ကနာကျည်း၊ ဝမ်းလည်းနည်း၏။
မီးဒေါသပွင့်၊ ရင်လည်းနင့်၏။
သွေးနှင့်ချွေးနှင့်၊ အဆင့်ဆင့်တည့်
မြှင့်ခဲ့ရည်ချင်း၊ အသက်သွင်း၍
ရင်းနှီးသူစိုက်၊ ပုံနှိပ်တိုက်ကို
လူမိုက်အားပေး၊ လက်သပ်မွေး၍
သွေးထိုးပင့်မြှောက်၊ စိတ်နောက်ကိုယ်ပါ
လူမသမာတို့
လက်မှာစူးဆောက်၊ တွေ့ရာကောက်လျက်
ပေါက်ဆိန်ဓားတုတ်၊ လက်၌ဆုပ်လျက်
ညှာပြုတ်ရွက်ညောင်း၊ သည်တပေါင်းဝယ်
သောင်းသောင်းပဲ့တင်၊ တိုက်သို့ဝင်၍
မြင်မြင်သမျှ၊ ဝိုင်းဖျက်ကြ၏။
သွန်ချခဲသား၊ စာလုံးများကို
ပြားချပ်အောင်ပြု၊ တူဖြင့်ထု၏
စုယူမြောင်းထဲ၊ သွန်မှောက်ကြ၏။
လက်ရဲကြုပုံ၊ ပြောမကုန်ရှင့်
စာခုံစာခွက်၊ ရိုက်ထုနှက်၍
ကျိုးပျက်ကောက်ခွေ၊ ထောင်းထောင်းချေ၍
ကြွေမွှာအားလုံး၊ အစတုန်းအောင်

www.burmeseclassic.com

www.burmeseclassic.com

သုံးစွဲမဖြစ်၊ ဖျက်ဆီးပစ်လျက်
အော်ဟစ်ဆူညံ၊ ထွက်သွားသံသည်
မိုးယံပဲ့တင်လျှံခဲ့၏။

သိမ်းကျုံးထုနှက်၊ ဝိုင်းဝန်းဖျက်၍
ပျက်စီးပက်လက်၊ ပုံနှိပ်စက်သည်
အဆက်မပြတ်၊ လက်နက်တင်၍
လွတ်လပ်ရေးပွဲ၊ ဝင်ရောက်နွဲသည့်
ရဲဘက်ရဲဘော်၊ ဂျာနယ်ကျော်ဟု
မမြော်ထောက်လှမ်း၊ ကျေးဇူးကန်းသည်
ရဲစွမ်းရှိပေ့ ငါမမေ့။

နှစ်လရာသီ၊ စက်ဝန်းတည်၍
ရာသီပြောင်းရွေ့၊ အိုဟောင်းမြေ့လာည်း
မမေ့ရက်နိုင်၊ တပေါင်းတိုင်လျှင်
သည်းဆိုင်ရင်ဝ၊ မိုးကြိုးကျသို့
ညှိုးလျငါ့မှာ၊ ဖြေမသာခဲ့
ဗျာပါဝဋ်ကြွေး၊ မကုန်သေး၍
ရှည်ဝေးအတိတ်၊ ဟောင်းဇာတ်ရိပ်သည်
ရွှင်လိပ်ပြေစ၊ တပေါင်းလဝယ်
ချီမြဲသံအေး၊ ဥဩတေးနှင့်
ရောထွေးအတူ၊ ကျန်ရစ်သူအား
ကလူနှိပ်စက် ရောက်ဘိ၏။

မောင်သင်းမွန် (သံတွဲ)

ဂျာနယ်ကျော်ဦးချစ်မောင် ကွယ်လွန်သည့် ၁၅ နှစ် မြောက် အထိမ်းအမှတ်ပွဲတွင် ဆုရကဗျာ၊ ကဗျာဆရာ မောင်သင်းမွန် (သံတွဲ)၏ ကဗျာကို ပြန်လည်ဖော်ပြလိုက်ပါသည်။ *(သီဟရတနာ စာပေတိုက်)*

❐

www.burmeseclassic.com

www.burmeseclassic.com

အပိုင်း (၂)

ဂျာနယ်ကျော် ဦးချစ်မောင် စာစုစာရင်း

(၁) ကဗျာနှင့် တေးတပ်များ

ကဗျာ (၈) ပုဒ် ရှိပါသည်။

၁။ "ခါတော်သကြိန်"၊ ရေးသူ ကျိုက်လတ်ဆရာချစ်၊ နက္ခတ်ဗေဒင်ဆရာဦးသိန်းမောင်နှင့် ရွှေလင်းယုန်၊ **ဂျာနယ်ကျော်** တွဲ ၄၊ မှတ် ၁၁ (၁၃ ဖေဖြေလ ၁၉၄၀) စာ ၂၄-၂၅။ ဓာတ်ပုံ။

၂။ "စဉ်းစားကြည့်"၊ ရေးသူ ရွှေလင်းယုန်၊ **ဂျာနယ်ကျော်** တွဲ ၆၊ မှတ် ၁၀ (၂၁ စက်တင်ဘာ ၁၉၄၀) စာ ၃။

၃။ "စိတ်ပျက်မိတော့တည်း"၊ ရေးသူ ရွှေလင်းယုန်၊ **ဂျာနယ်ကျော်**၊ တွဲ ၆၊ မှတ် ၈ (၇ စက်တင်ဘာ-၁၉၄၀) စာ ၃။

ကိုးဆယ်တစ်ဌာန အုပ်ချုပ်ရေးကို စိတ်ပျက်မိပုံ ရေးထားသည်။

၄။ "ဖက်ဆစ်ကိုလူပျို၊ မဟာမိတ်ကညာပျို"၊ ရေးသူ ရွှေလင်းယုန်၊ **ဂျာနယ်ကျော်**၊ တွဲ ၁၊ မှတ် ၂ (၂၈ ဩဂုတ် ၁၉၄၅) စာ ၈။

၅။ "ဘုန်းပန်ဖို့ပါ"၊ ရေးသူ ရွှေလင်းယုန်၊ **ဂျာနယ်ကျော်**၊ တွဲ ၁၁ အထူးထုတ် (နှစ်သစ်ကူး ၁၃၀၃) စာ ၅။

တန်ခူးလပန်း ပိတောက်ပွင့်ချိန်ကို စပ်ထားသည်။

၆။ "မြန္မာညီမောတ်ကား ကောင်းချီးဘွဲ့ တေးထပ်"၊ ရေးသူ မြန်မာ့အလင်း အယ်ဒီတာ ဦးချစ်မောင်၊ **ဒဂုန်မဂ္ဂဇင်း**၊ တွဲ ၁၇၊ မှတ် ၁၃၊ (ဩဂုတ်လ ၁၉၃၆) စာ ၂၂၅။

www.burmeseclassic.com

www.burmeseclassic.com

၇။ "လိမ်နိုင်ကြပါပေ့"၊ ရေးသူ ရွှေလင်းယုန်၊ **ဂျာနယ်ကျော်၊** တွဲ ၆ မှတ် ၉ (၁၄ စက်တင်ဘာ ၁၉၄၀) စာ ၃။

၈။ "လဝါဆို ခါအလိုမူ"၊ ရေးသူ ရွှေလင်းယုန်၊ **ဂျာနယ်ကျော်၊** တွဲ ၆ မှတ် ၁၊ (၂၀ ဇူလိုင် ၁၉၄၀) စာ ၁၅။

(၂) ခေါင်းကြီးပိုင်း

ဂျာနယ်ကျော်ရှိ ခေါင်းကြီးပိုင်းပေါင်း (၁၄၂) ပုဒ်ကို ဖော်ပြထားပါသည်။

၉။ "ကာကွယ်ရေး ၂၆ နှင့် ဖမ်းဆီးမှုများ"၊ **ဂျာနယ်ကျော်၊** တွဲ ၁၁၊ မှတ် ၅၊ (၁၈ အောက်တိုဘာ ၁၉၄၁) စာ ၃-၄။

ကာကွယ်ရေး ပုဒ်မ ၂၆ ကို ဖော်ပြပြီး ယင်းပုဒ်မဖြင့် ဖမ်းဆီးထားသူများ အချိန်အပိုင်းအခြား မရှိ ဖမ်းမထားဘဲ ရုံးတင်စစ်ဆေးပြီးမှ ထိုက်သင့်သလို အရေးယူရန် ဖော်ပြထားသည်။

